# ဘူးသီးတောင်မြို့နယ်

# ဖြစ်စဉ်သမိုင်း

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | |
| | အပိုင်း(၁) | | |
| | ပထဝီဝင်အနေအထား | | |
| ၁ | (က) တည်နေရာနှင့်အကျယ်အဝန်း | - | ၁ |
| | (ခ) မြေမျက်နှာသွင်ပြင် | - | ၁ |
| | (ဂ) ရာသီဥတု | ၁ | ၂ |
| | (ဃ) မြစ်ချောင်းအင်းအိုင်များ | | |
| | (၁) မြစ်များ | - | ၂ |
| | (၂) ချောင်းများ | - | ၃ |
| | (၃) အင်းအိုင်များ | - | ၃ |
| | (င) တောင်များ | | |
| | (၁) မေယုတောင်တန်း | ၃ | ၄ |
| | (၂) စိုင်းဒင်(စိန်ဒင်)တောင်တန်း | - | ၄ |
| | (၃) မင်းကြီးတောင်တန်း | - | ၄ |
| | (စ) လွင်ပြင်များ | - | ၄ |
| | (ဆ) မိုးရေချိန် | - | ၅ |
| | (ဇ) ဘူမိဗေဒ | ၅ | ၆ |
| | (ဈ) မြေဆီလွှာ | - | ၆ |
| | (ည) သဘာဝပေါက်ပင်များ | ၆ | ၇ |
| | (ဋ) တွေ့ရှိရသောတိရစ္ဆာန်များ | | |
| | (၁) ငှက်များ | - | ၇ |
| | (၂) တွားသွားသတ္တဝါများ | ၇ | ၈ |
| | (၃) ငါးများ | - | ၈ |
| ၂ | အခန်း (၂) | | |
| | သမိုင်းကြောင်းနှင့်အစဉ်အလာ | | |
| | (က) သမိုင်းအစဉ်အလာ | ၉ | ၂၁ |
| | (ခ) ဘူးသီးတောင်မြို့ဖြစ်တည်လာပုံနှင့် တိုးတက်ပြောင်းလဲပုံများ | ၂၂ | ၂၄ |
| | (ဂ) ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများ | ၂၅ | ၂၇ |
| ၃ | အခန်း (၃) | | |
| | လူမျိုးများနှင့် လူဦးရေ | | |
| | (က) ကိုးကွယ်ယုံကြည်မှု | ၂၈ | ၃၆ |
| | (၁) ဗုဒ္ဓဘာသာ | ၃၆ | ၃၇ |
| | (၂) အစ္စလာမ်ဘာသာ | ၃၇ | ၃၈ |
| | (၃) ဟိန္ဒူဘာသာ | - | ၃၈ |
| | (၄) ခရစ်ယန်ဘာသာ | - | ၃၈ |
| | ဘာသာစကား | ၃၈ | ၃၉ |
| | အလုပ်အကိုင် | - | ၃၉ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | |
| | <u>နောက်ဆက်တွဲများ</u> | | |
| | <u>နောက်ဆက်တွဲ(က-၁)</u> ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများ | ၄၀ | ၅၀ |
| | <u>နောက်ဆက်တွဲ(က-၂)</u> ၁၉၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ဘင်္ဂါလီလူမျိုးကျေးရွာများ | ၅၁ | ၅၂ |
| | <u>နောက်ဆက်တွဲ(ခ)</u> ၁၉၄၂ ခုနှစ်ကုလား၊ ရခိုင်အဓိကရုဏ်း နောက်ပိုင်း ရခိုင်နှင့် တိုင်းရင်းသားကျေးရွာများတွင် ဘင်္ဂါလီလူမျိုးများ ဝင်ရောက်နေထိုင်မှု ကျေးရွာများ | ၅၃ | ၅၄ |
| | <u>နောက်ဆက်တွဲ(ဂ)</u> ဖဆပလအစိုးရလက်ထက် တိုးပွားလာသော ဘင်္ဂါလီကျေးရွာများနှင့် အသစ်တည်ကျေးရွာများ | ၅၅ | ၅၆ |
| | <u>နောက်ဆက်တွဲ(ဃ-၁)</u> ဘူးသီးတောင်မြို့နယ်အတွင်းရှိ လူမျိုးများစာရင်း (၁၉၉၄)ခုနှစ် | - | ၅၇ |
| | <u>နောက်ဆက်တွဲ(ဃ-၂)</u> ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရခိုင် လူမျိုးများ စာရင်း (၁၉၉၄)ခုနှစ် | ၅၈ | ၆၁ |
| | <u>နောက်ဆက်တွဲ(ဃ-၃)</u> ဘူးသီးတောင်မြို့နယ်အတွင်းရှိ ခမီးလူမျိုးများ စာရင်း (၁၉၉၄)ခုနှစ် | ၆၂ | ၆၄ |
| | <u>နောက်ဆက်တွဲ(ဃ-၄)</u> ဘူးသီးတောင်မြို့နယ်ရှိ မြိုလူမျိုးများ စာရင်း (၁၉၉၄)ခုနှစ် | ၆၅ | ၆၆ |
| | <u>နောက်ဆက်တွဲ(ဃ-၅)</u> ဘူးသီးတောင်မြို့နယ်ရှိ ဒိုင်းနက်လူမျိုးများ စာရင်း (၁၉၉၄)ခုနှစ် | ၆၇ | ၆၈ |
| | <u>နောက်ဆက်တွဲ(ဃ-၆)</u> ဘူးသီးတောင်မြို့နယ်ရှိ သက်လူမျိုးများ စာရင်း (၁၉၉၄)ခုနှစ် | - | ၆၉ |
| | <u>နောက်ဆက်တွဲ(ဃ-၇)</u> ဘူးသီးတောင်မြို့နယ်ရှိ ဘင်္ဂါလီလူမျိုးများ စာရင်း (၁၉၉၄)ခုနှစ် | ၇၀ | ၇၇ |
| | <u>နောက်ဆက်တွဲ(င)</u> ၁၉၄၁-၄၂ ခုနှစ် မတိုင်းမီက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် တည်ရှိခဲ့ကြသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အဦး၊ အမျိုးအစားနှင့် ဦးရေအခြေပြဇယား | ၇၈ | ၈၄ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | |
| | <u>အပိုင်း (က)</u> | | |
| | <u>နောက်ဆက်တွဲ၊</u> ၁၉၄၁-၄၂ ခုနှစ် မတိုင်မီက ရပ်ကွက်/ကျေးရွာ အုပ်စု အလိုက်တည်ရှိခဲ့ကြသော ဗုဒ္ဓသာသနာဆိုင်ရာ သာသနိက အဆောက်အဦးနှင့် ဦးရေအခြေပြဇယား | | |
| | <u>အပိုင်း (ခ)</u> | | |
| | (၁) ဓာတ်တောင်စေတီ(ခေါ်) လက်ဆစ်တော်ဓာတ် | - | ၈၅ |
| | (၂) ကျောင်းတောင်စေတီတော် | - | ၈၆ |
| | (၃) တံခွန်စေတီတော် | - | ၈၆ |
| | (၄) ကင်းတောင်စေတီတော် | - | ၈၆ |
| | (၅) သိမ်တောင်စေတီတော် | - | ၈၇ |
| | (၆) ကွန်တိုင်ချောင်းစေတီတော် | - | ၈၇ |
| | (၇) ရွက်ညိုတောင်ဖိုခနောက်စေတီတော်များ | - | ၈၇ |
| | (၈) နားလိပ်တော်စေတီတော်များ | - | ၈၈ |
| | (၉) စိုင်းဒင်ရေတံခွန်အနီးစေတီ | ၈၇ | ၈၈ |
| | (၁၀) နန်းရာကုန်းစေတီ | - | ၈၈ |
| | (၁၁) ဒုံးချောင်စေတီ | - | ၈၈ |
| | (၁၂) မြစ်နားစေတီ | ၈၈ | ၈၉ |
| | (၁၃) မခိုတစေတီ | - | ၈၉ |
| | (၁၄) ပေါ်တော်မူဘုရား | - | ၉၀ |
| | *<u>နောက်ဆက်တွဲ (စ)</u>ဘူးသီးတောင်မြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ ကျောင်းများ (၁၉၉၄)ခုနှစ် | | |
| | *<u>နောက်ဆက်တွဲ (ဆ)</u>ဘူးသီးတောင်မြို့နယ်ရှိ ပုထိုးများနှင့် ဘုရားများ အခြေပြစာရင်း(၁၉၉၄)ခုနှစ် | ၉၀ | ၉၃ |
| | (က) <u>စေတီပုထိုးတော်များ</u> | | |
| | (၁) အောင်မင်္ဂလာစေတီတော် | ၉၄ | ၉၅ |
| | (၂) တုတ်သိမ် (ဒုံးသိမ်) ပုထိုးတော်ကြီး | ၉၅ | ၉၆ |
| | (၃) ငှက်ပျောချောင်းစေတီတော် | - | ၉၆ |
| | (၄) သုံးဆယ့်တစ်ပုံရုပ်စုံစေတီတော် | - | ၉၇ |
| | (၅) မင်္ဂလာဦးစေတီတော် | - | ၉၇ |
| | (၆) မင်္ဂလာထူပါရာမစေတီတော် | - | ၉၈ |
| | (၇) အောင်သိဒ္ဓိစေတီတော် | - | ၉၈ |
| | (၈) သပြေတောစေတီတော် | - | ၉၈ |
| | (၉) ဇေယျသဂီစေတီတော် | - | ၉၉ |
| | (၁၀) သပိတ်တောင်စေတီတော် | - | ၉၉ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | |
| | (၁၁) ကျွန်းပေါက်စေတီတော် | ၉၉ | ၁၀၀ |
| | (၁၂) အေးစေတီတော် | - | ၁၀၀ |
| | (၁၃) အောင်သိဒ္ဓိစေတီတော် | - | ၁၀၀ |
| | (၁၄) တပ်ဦးကိုးနဝင်းစေတီတော် | - | ၁၀၀ |
| | (၁၅) ရန်အောင်ဇေယျမွသုခစေတီတော် | - | ၁၀၀ |
| | (၁၆) လေးမျက်နှာစေတီတော် | - | ၁၀၀ |
| | (၁၇) ရတနာအောင်သိဒ္ဓိစေတီတော် | - | ၁၀၀ |
| | (၁၈) ရန်အောင်မြေမွသုခစေတီတော် | - | ၁၀၀ |
| | (၁၉) ရန်အောင်မြင်စေတီတော် | - | ၁၀၀ |
| | (၂၀) မြတ်စေတီတော် | - | ၁၀၀ |
| | (၂၁) မြတောင်စေတီတော် | - | ၁၀၀ |
| | (၂၂) နွှတောင်ကျောင်းတိုက်သာသနာကျောက်တိုင် | ၁၀၂ | ၁၀၃ |
| | (၂၃) သပြေကုန်းစေတီတော် | - | ၁၀၃ |
| | (၂၄) ကွမ်းတောင်စေတီတော် | - | ၁၀၃ |
| | (၂၅) စေတီတောင်စေတီတော် | - | ၁၀၃ |
| | (၂၆) စက်ခေါ်စေတီတော် | - | ၁၀၄ |
| | (၂၇) ပြိုင်းတောင်ရွာစေတီများ | - | ၁၀၄ |
| | (၂၈) လေးမျက်နှာညီနောင်စေတီ | - | ၁၀၄ |
| (ခ) | <u>ဘုရားဆင်းထုတော်များ</u> | | |
| | (၁) ဇေယျာမုနိဘုရား | - | ၁၀၅ |
| | (၂) မင်္ဂလာမြို့ဦးကျောင်းဘုရား | - | ၁၀၅ |
| | (၃) လမ်းမကျောင်းရွှေသာလျောင်းဘုရား | - | ၁၀၆ |
| | (၄) မြတောင်ကျောင်းတိုက်ကပ်ကျော်ဘုရားကြီး | - | ၁၀၆ |
| | (၅) သပြေကုန်းစေတီတော်တောင်ကုန်းပေါ်ရှိဘုရား | - | ၁၀၆ |
| | (၆) ယင်းမဘုရား | - | ၁၀၆ |
| | (၇) လေးမျက်နှာဘုရား | - | ၁၀၇ |
| | (၈) အေးစေတီကျောင်းရှိဘုရား | - | ၁၀၇ |
| | (၉) အောင်မင်္ဂလာဓမ္မာရုံရှိဘုရား | - | ၁၀၇ |
| | (၁၀) အောင်မင်္ဂလာဓမ္မာရုံရှိဘုရား | - | ၁၀၈ |
| | (၁၁) သိမ်တောင်ကုန်းဘုရား | - | ၁၀၈ |
| | (၁၂) တောင်မော်ရွာရှိဘုရား | - | ၁၀၈ |
| | (၁၃) ဓမ္မရုံသိဘုရားရှင် | - | ၁၀၉ |
| | (၁၄) စေတောင်ရွာရှိဘုရား | - | ၁၀၉ |
| | (၁၅) ဩရမရွာရှိဘုရား | - | ၁၀၉ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | |
| | *နောက်ဆက်တွဲ (ဇ)ဘူးသီးတောင်မြို့နယ်ရှိ ဗလီများစာရင်း | ၁၁၀ | ၁၁၂ |
| | *နောက်ဆက်တွဲ (ဈ)ဘူးသီးတောင်မြို့နယ်အတွင်း နေထိုင်သည့်လူမျိုး ကိုးကွယ်သည့် ဘာသာနှင့် အလုပ်အကိုင်အခြေပြစာရင်း | - | ၁၁၃ |
| | အခန်း (၄) | | |
| | **စီးပွားရေး** | | |
| | (၁) လယ်ယာကဏ္ဍ | | |
| | (က) ရခိုင်ဘုရင်များ ခေတ်မြေယာစနစ် | ၁၁၄ | ၁၁၇ |
| | (ခ) မြန်မာဘုရင်များခေတ် | - | ၁၁၈ |
| | (ဂ) ကိုလိုနီခေတ်မြေယာစနစ် | ၁၁၈ | ၁၂၃ |
| | (ဃ) လွတ်လပ်ရေးရပြီးမြေယာစနစ် | - | ၁၂၃ |
| | (င) တော်လှန်ရေးကောင်စီခေတ်မြေယာစနစ် | ၁၂၃ | ၁၂၄ |
| | (၂) မြေယာတိုင်းတာပုံနည်းစနစ် | - | ၁၂၅ |
| | (၃) စိုက်ပျိုးရေးလုပ်ငန်း | | |
| | (က) စပါးစိုက်ပျိုးခြင်း | ၁၂၆ | ၁၃၀ |
| | (ခ) ရောင်းဝယ်ဖောက်ကားခြင်း | - | ၁၃၁ |
| | (ဂ) အစိုးရမှ စပါးဝယ်ယူခြင်း | ၁၃၁ | ၁၃၅ |
| | (ဃ) အခြားသီးနှံစိုက်ပျိုးခြင်း | ၁၃၂ | ၁၅၀ |
| | (င) လက်ဘက်စိုက်ပျိုးခြင်း | ၁၅၀ | ၁၅၁ |
| | (စ) စိုက်ပျိုးစရိတ်နှင့် အခြားချေးငွေများ | ၁၅၁ | ၁၅၄ |
| | (ဆ) ခိုင်းကျွဲ၊ ခိုင်းနွားနှင့် လယ်လုပ်ကရိယာ | ၁၅၄ | ၁၅၅ |
| | (ဇ) ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာသုံးစွဲမှုအခြေအနေ | ၁၅၅ | ၁၆၁ |
| | (ဈ) အင်းဆက်ပိုးများနှင့် အခြားသီးနှံဖျက်သတ္တဝါများ | - | ၁၆၁ |
| | (ည) ဆည်မြောင်းတာတမံများ | - | ၁၆၂ |
| | (ည) မွေးမြူရေးလုပ်ငန်းများ | ၁၆၂ | ၁၆၂ |
| | ကိုးကားချက်များ | ၁၆၂ | ၁၆၃ |
| | အခန်း(၅) | | |
| | **သစ်တောလုပ်ငန်း** | | |
| ၅ | (က) သစ်လုပ်ငန်း | - | ၁၆၄ |
| | (၁) တည်ထောင်မှုအခြေအနေ၊ဘူးသီးတောင်မြို့နယ်ရှိ ထည်ထောင်ပြီး သစ်တောစိုက်ခင်းများအခြေအနေ | - | ၁၆၅ |
| | (၂) ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေ၊ ၁၉၉၄ ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ သစ်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုအခြေအနေ | - | ၁၆၅ |

မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ မှ | ထိ |
|---|---|---|---|---|
| ၁ | | ၂ | ၃ | |
| | (ခ) | ဝါးလုပ်ငန်း | ၁၆၆ | ၁၆၈ |
| | (ဂ) | တောဆင်ရိုင်းများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဖမ်းဆီးရေးလုပ်ငန်း | ၁၆၉ | ၁၇၀ |
| | | အခန်း(၆) | | |
| | | လျှပ်စစ်၊ စက်မှု၊ သတ္တု | | |
| ၆ | (က) | လျှပ်စစ်ကဏ္ဍ | ၁၇၁ | ၁၇၂ |
| | (ခ) | စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း | ၁၇၂ | ၁၇၄ |
| | (ဂ) | စက်မှုကဏ္ဍ | | |
| | | (၁) ထွန်စက်နှင့် ရေစုပ်စက်များ | ၁၇၅ | ၁၇၆ |
| | | (၂) ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ | - | ၁၇၆ |
| | | (၃) အစိုးရဆန်စက်(ဆန်စက်အနမှတ်- ၀၃၆) | ၁၇၇ | ၁၇၈ |
| | (ဃ) | ရေနံနှင့်ဓာတ်သတ္တု | - | ၁၇၉ |
| | (င) | ရွှံ့စေးမြေ | - | ၁၇၉ |
| | | အခန်း(၇) | | |
| | | လျှပ်စစ်၊ စက်မှု၊ သတ္တု | | |
| ၇ | (က) | ရေကြောင်းလုပ်ငန်း | ၁၈၀ | ၁၈၃ |
| | | ဘူးသီးတောင်သင်္ဘောဆိပ် | - | ၁၈၃ |
| | | ပုဂ္ဂလိကရေယာဉ်များ | - | ၁၈၃ |
| | (ခ) | ကုန်းလမ်းခရီး | | |
| | (၁) | မီးရထားလမ်း | ၁၈၄ | ၁၈၅ |
| | (၂) | မော်တော်ကားလမ်းများ | | |
| | | (က) ဘူးသီးတောင်၊ မောင်တောကားလမ်း | ၁၈၅ | ၁၈၈ |
| | | (ခ) ဘူးသီးတောင်၊ တောင်ဘဇာကားလမ်း | - | ၁၈၈ |
| | | (ဂ) လက်ဝဲဒက်၊ ကျောဉ်တောက်ကားလမ်း | - | ၁၈၈ |
| | | (ဃ) ဘူးသီးတောင်၊ ကျောက်တော်ကားလမ်း | ၁၈၈ | ၁၈၉ |
| | (ဂ) | စာတိုက် | - | ၁၈၉ |
| | (ဃ) | ကြေးနန်း | ၁၉၀ | ၁၉၁ |
| | (င) | ရေဒီယိုတယ်လီဖုန်း | - | ၁၉၁ |
| | (စ) | စကားပြောကြေးနန်း(တယ်လီဖုန်း) | ၁၉၁ | ၁၉၂ |
| | (ဆ) | ဂြိုလ်ထုဆက်သွယ်ရေးလုပ်ငန်း | - | ၁၉၂ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | |
| | အခန်း(၈) | | |
| ၈ | သမဝါယမလုပ်ငန်း | ၁၉၃ | ၁၉၄ |
| | <u>မြို့နယ်သမဝါယမအသင်း</u> | | |
| | (၁) ပွဲရုံလုပ်ငန်း | - | ၁၉၄ |
| | (၂) စာချုပ်စာတမ်းများဖြင့် ဆောင်ရွက်ခြင်း | - | ၁၉၄ |
| | (၃) သမဝါယမဆေးပေးခန်းလုပ်ငန်း | - | ၁၉၅ |
| | (၄) ငွေစုငွေချေးသမဝါယမအသင်း | - | ၁၉၅ |
| | (၅) သယ်ယူပို့ဆောင်ရေးသမဝါယမအသင်း | - | ၁၉၅ |
| | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် သမဝါယမလုပ်ငန်းများ | - | ၁၉၅ |
| | ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း | - | ၁၉၆ |
| | အခန်း(၈) | | |
| | <u>အုပ်ချုပ်ရေး</u> | | |
| ၉ | (က) ရခိုင်ဘုရင်များခေတ် | ၁၉၇ | ၁၉၈ |
| | (ခ) မြန်မာဘုရင်များခေတ် | ၁၉၈ | ၁၉၉ |
| | (ဂ) အင်္ဂလိပ်ခေတ် | ၁၉၉ | ၂၀၂ |
| | (ဃ) ဂျပန်ခေတ် | ၂၀၃ | ၂၀၇ |
| | (င) နယ်ချဲ့ဆန့်ကျင်ရေးလွတ်လပ်ရေးကြိုးပမ်းမှုကာလ | ၂၀၇ | ၂၀၉ |
| | (စ) စစ်ပြီးခေတ် | ၂၁၀ | ၂၁၂ |
| | (ဆ) ပါလီမန်ခေတ် | ၂၁၃ | ၂၂၀ |
| | (ဇ) မေယုနယ်ခြားခရိုင်အုပ်ချုပ်ရေးခေတ် | ၂၂၁ | ၂၂၅ |
| | (ဈ) တော်လှန်ရေးကောင်စီခေတ် | ၂၂၆ | ၂၂၇ |
| | (ည) ပြည်သူ့ကောင်စီခေတ် | ၂၂၇ | ၂၃၃ |
| | (ဋ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ် | ၂၃၄ | ၂၃၈ |
| | <u>အုပ်ချုပ်ရေးဆိုင်ရာအထောက်အကူပြုအဖွဲ့အစည်းများ</u> | | |
| | (က) ရဲစခန်း | ၂၃၉ | ၂၄၀ |
| | (ခ) တရားရုံး | ၂၄၀ | ၂၄၃ |
| | ပြစ်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများ | - | ၂၄၃ |
| | အခန်း(၁၀) | | |
| | <u>အခွန်ကောက်ခံရေး</u> | | |
| ၁၀ | (က) လယ်မြေအခွန်တော် | - | ၂၄၄ |
| | (ခ) တောင်ယာခွန် | - | ၂၄၄ |
| | (ဂ) မြို့မြေခွန် | ၂၄၅ | ၂၄၆ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | |
| | အခန်း(၁၁) | | |
| ၁၁ | <u>စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ</u> | | |
| | (က) မြို့ပြစီမံကိန်းရေးဆွဲခြင်းလုပ်ငန်း | - | ၂၄၇ |
| | (ခ) မြို့ရေပေးရေးလုပ်ငန်း | ၂၄၇ | ၂၄၈ |
| | (ဂ) ကျန်းမာသန့်ရှင်းရေးလုပ်ငန်း | ၂၄၈ | ၂၄၉ |
| | (ဃ) လမ်းမီးပေးရေးလုပ်ငန်း | - | ၂၄၉ |
| | (င) <u>ဈေးလုပ်ငန်း</u> | ၂၄၉ | ၂၅၀ |
| | ဘူးသီးတောင်မြို့မဈေး | ၂၅၀ | ၂၅၂ |
| | (စ) သားသတ်လုပ်ငန်း | - | ၂၅၂ |
| | (ဆ) ကုတိုးလုပ်ငန်း | ၂၅၂ | ၂၅၃ |
| | (ဇ) အပေါင်ဆိုင်လုပ်ငန်း | - | ၂၅၃ |
| ၉ | (ဈ) အနေ့ယာဉ်ကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်း | - | ၂၅၃ |
| | (ည) တည်းခိုးခန်းများ ဖွင့်လှစ်ခြင်းကို ကြီးကြပ်ခြင်း | - | ၂၅၄ |
| | အခွန်စည်းကြပ်ကောက်ခံခြင်းလုပ်ငန်း | - | ၂၅၄ |
| | အခန်း(၁၂) | | |
| ၁၂ | <u>ပညာရေး</u> | ၂၅၅ | ၂၆၀ |
| | ဘူးသီးတောင်မြို့နယ်စာစစ်ဌာန | ၂၆၀ | ၂၆၁ |
| | နှစ်စဉ်ပညာရေးတိုးတက်မှုအခြေအနေ | ၂၆၁ | ၂၆၃ |
| | အာရ်ဗီစာပေသင်ကြားမှုအခြေအနေ | - | ၂၆၃ |
| | ဘူးသီးတောင်မြို့နယ်ရှိ အာရ်ဗီစာသင်ကျောင်းများစာရင်း | ၂၆၃ | ၂၆၅ |
| | ဘူးသီးတောင်မြို့နယ်မှ လူရည်ချွန်များ | ၂၆၅ | ၂၆၇ |
| | ဘူးသီးတောင်မြို့နယ်မှ ပညာရေးမှူးများ | - | ၂၆၇ |
| | အခန်း (၁၃) | | |
| ၁၃ | <u>ကျန်းမာရေး</u> | ၂၆၈ | ၂၆၉ |
| | (၁) မိခင်နှင့်ကလေးကျန်းမာရေးဌာန | - | ၂၆၉ |
| | (၂) ကျေးလက်ကျန်းမာရေးဌာန | - | ၂၆၉ |
| | (၃) တောင်ဘဇာတိုက်နယ်ဆေးရုံ | ၂၆၉ | ၂၇၁ |
| | (၄) အဆုတ်ရောဂါတိုက်ဖျက်ရေးဌာန | - | ၂၇၀ |
| | (၅) ရောဂါပိုးသယ်သောပိုးမွှားကောင်မှတဆင့် ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့ (ငှက်ဖျားဌာန) | - | ၂၇၀ |
| | (၆) တိုးချဲ့ကာကွယ်ဆေးထိုးလုပငန်းအစီအစဉ် | ၂၇၀ | ၂၇၁ |
| | အဖြစ်များသောရောဂါများ | - | ၂၇၁ |
| | စရိတ်မျှပေးကျန်းမာရေးဓာတ်ခွဲခန်း | ၂၇၁ | ၂၇၂ |
| | ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုနှင့် စစ်ဆေးခနှုန်းများ | - | ၂၇၃ |

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | |
| | အခန်း(၁၄) | | |
| | <u>ထူးခြားချက်</u> | | |
| | ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီလူမျိုးများ | ၂၇၄ | ၂၈၃ |
| | <u>ဒုတိယကမ္ဘာစစ်ကုလား၊ ရခိုင်အဓိကရုဏ်း</u> | | |
| ၁၄ | (က) ဖြစ်ပွားရခြင်းအကြောင်းရင်းများ | ၂၈၃ | ၂၈၅ |
| | (ခ) ရုတ်တရက်ဖြစ်ပွားရခြင်းအကြောင်းရင်း | - | ၂၈၅ |
| | (ဂ) အဓိကရုဏ်းဖြစ်ပွားပုံ | ၂၈၅ | ၂၈၈ |
| | မူဆလင်သီးခြားပြည်နယ်တောင်းဆိုခြင်း | ၂၈၉ | ၂၉၅ |
| | ရခိုင်ပြည်နယ်နှင့် ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီများ လှုပ်ရှားမှု | ၂၉၅ | ၂၉၇ |
| | ၁၉၇၈ ခုနှစ် နဂါးမင်းစီမံချက်နှင့် မူဆလင်တို့၏အခြေအနေ | ၂၉၇ | ၂၉၈ |
| | ဟင်္သာစီမံချက်နှင့် မူဆလင်တို့အခြေအနေ | ၂၉၉ | ၃၀၀ |
| | မူဆလင်မြေအောက်လှုပ်ရှားမှု | - | ၃၀၁ |
| | အရေးအခင်းကာလအတွင်း မူဆလင်တို့ လှုပ်ရှားမှုအခြေအနေ | ၃၀၁ | ၃၀၂ |
| | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ရိုဟင်ဂျာဆိုင်ရာ သုံးနှုန်းမှုများ | ၃၀၂ | ၃၀၈ |
| | <u>မေယုဒေသရှိ ဘင်္ဂလီများ၏ ထူးခြားချက်</u> | | |
| | (၁) အမျိုးသားများ၏ ဝတ်စားဆင်ယင်မှု | - | ၃၀၈ |
| | (၂) အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု | ၃၀၉ | ၃၁၂ |
| | ရိုဟင်ဂျာဟူသော ဝေါဟာရ၏ အဓိပ္ပါယ် | ၃၁၂ | ၃၁၄ |
| | ကိုးကားချက်များ | ၃၁၄ | ၃၁၅ |
| | <u>*နောက်ဆက်တွဲ</u> <u>(က)</u> ဗြိတိသျှခေတ် ရခိုင်ပြည် လူဦးရေ အထူ အကျဲပြဇယား | - | ၃၁၆ |
| | <u>*နောက်ဆက်တွဲ</u> <u>(ခ)</u> စစ်တွေခရိုင်အတွင်း ပျံ့နှံ့နေထိုင်သော အိန္ဒိယတိုင်းရင်းသား အမျိုးအနွယ်စာရင်း | - | ၃၁၇ |
| | အခန်း (၁၅) | | |
| | <u>အထွေထွေ</u> | | |
| ၁၅ | (က) <u>ဌာနဆိုင်ရာမဟုတ်သော အဖွဲ့အစည်းများ</u> | | |
| | (၁) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း | ၃၁၈ | ၃၁၉ |
| | (၂) မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ | - | ၃၁၉ |
| | (၃) မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ | ၃၁၉ | ၃၂၂ |
| | (၄) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ | - | ၃၂၃ |
| | (ခ) <u>လူမှုဝန်ထမ်းလုပ်ငန်း</u> | | |
| | (၁) အစိုးရအသိအမှတ်ပြု ကိုယ်ထူကိုယ်ထ မူကြိုကျောင်း | ၃၂၃ | ၃၂၄ |
| | (၂) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ | ၃၂၄ | ၃၂၅ |

မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | ၂ | ၃ | |
| | (ဂ) ဘူးသီးတောင်မြို့နယ်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများ | | |
| | (၁) ခရိုင်အဆင့် ရုံးဖွင့်လှစ်ထားသော ဌာနဆိုင်ရာများ | ၃၂၅ | ၃၂၆ |
| | (၂) မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားရှိသော ဌာနဆိုင်ရာများ | ၃၂၆ | ၃၂၉ |
| | (ဃ) ဘူးသီးတောင်မြို့နယ်ရှိနိုင်ငံရေးပါတီများ | ၃၂၉ | ၃၃၀ |
| | (င) ဖြေဖျော်ရေးလုပ်ငန်းများ | | |
| | (၁) လူငယ်ဘင်ခရာတပ်ဖွဲ့ | - | ၃၃၁ |
| | (၂) ရုပ်ရှင်ရုံများ | | |
| | (က) မြို့မေတ္တာရုပ်ရှင်ရုံ | ၃၃၀ | ၃၃၁ |
| | (ခ) ခေတ်သစ်ရုပ်ရှင်ရုံ | - | ၃၃၁ |
| | (၃) ဗွီဒီယိုရုံများ | - | ၃၃၁ |
| | (၄) ခေတ်ပေါ်အပျော်တမ်းတီးဝိုင်း | - | ၃၃၂ |
| | (စ) ပညာပေးရေးလုပ်ငန်းများ | | |
| | (၁) အစိုးရစာကြည့်တိုက် | - | ၃၃၂ |
| | (၂) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပိုင် ရုပ်မြင်သံ | - | ၃၃၂ |
| | (၃) ပုဂ္ဂိကစာအုပ်အငှားဆိုင်များ | - | ၃၃၂ |
| | (၄) သတင်းစာများ | - | ၃၃၂ |
| | (ဆ) ရခိုင်ရိုးရာယဉ်ကျေးမှုဆိုင်ရာအဖွဲ့များ | | |
| | (၁) စည်တော်အဖွဲ့များ | - | ၃၃၄ |
| | (၁) ရိုးရာစပ်ပန်းချီလုပ်ငန်း (ခေါ်) သင်္ဖာလုပ်ငန်း | - | ၃၃၄ |

အခန်း(၁)

# ပထဝီဝင်အနေအထား

## (က) တည်နေရာနှင့်အကျယ်အဝန်း

ဘူးသီးတောင်မြို့နယ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း မေယုတောင်တန်းနှင့် စိုင်းဒင်တောင်တန်းနှစ်သွယ်ကြား မေယုမြစ်တစ်လျှောက်တွင် တည်ရှိသည်။ မြောက်လတ္တီကျူး(၂၀. ၁၅. ၀၀" မှ ၂၀. ၂၃. ၀၁")နှင့် အရှေ့လောင်ဂျီကျူး (၉၂. ၂၁. ၀၁ မှ ၉၂. ၄၅. ၀၀)အကြားတွင် တည်ရှိသည်။[၁]

မြို့နယ်အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း (၇၈၀)ရှိသည်။ နယ်နိမိတ်မှာ အရှေ့ဘက်တွင် ရသေ့တောင် မြို့နယ် ကျောက်တော်မြို့နယ်နှင့် ချင်းပြည်နယ်၊ အနောက်ဘက်တွင် မောင်တောမြို့နယ်၊ တောင်ဘက်တွင် ရသေ့တောင် မြို့နယ် မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တည်ရှိကြသည်။

## (ခ)မြေမျက်နှာသွင်ပြင်

ဘူးသီးတောင်မြို့နယ်မြေမျက်နှာသွင်ပြင်မှာ မြောက်ဘက်တွင်မြင့်၍ တောင်ဘက်တွင် ဆင်ခြေလျှောနိမ့်ဆင်း သွားသည်။ မြို့နယ်၏မြောက်ပိုင်းတွင် ညီညာပြန့်ပြူးသော မြေမျက်နှာပြင်နှင့် မြစ်ချောင်းများ ပွားများသည်။ မြို့နယ်၏ ဧရိယာအကျယ်အများစုမှာ တောင်များနှင့် ပြည့်နှက်နေ၏။ ကုလားပန်းဇင်း(ခ) မေယုမြစ်အထက်ပိုင်းမှာ မြောက်မှတောင်သို့ စီးဆင်းနေ၏။ တောင်ထူထပ်ရာဒေသတွင် လူနေကျဲပြီး၊ ကုလားပန်းဇင်းမြစ်ဝှမ်းလွင်ပြင်မှာ မြေဩဇာထက်သန်၍ လူနေထူထပ်၏။ မြောက်ဘက်တွင် မြေမျက်နှာပြင် ကျဉ်မြောင်း၍ ၎တောင်ဘက်တင် ကျယ်ပြန့်၏။ သို့ရာတွင် အကျယ်ဆုံး နေရာ၌ (၉)မိုင်ထက်မပိုချေ။

## (ဂ) ရာသီဥတု

ဘူးသီးတောင်မြို့နယ်၏ရာသီဥတုမှာ နွေဥတု၌ ပူပြင်း၍ ဆောင်းဥတုတွင် အလွန်ချမ်းအေး၏။ မိုးဥတုတွင်လည်း မိုးသည်ထန်စွာ ရွာသွန်းသည်။ ဧပြီလတွင် အပူဆုံးဖြစ်၍ အမြင့်ဆုံးအပူချိန်မှာ (၁၀၀)ဖာရင်ဟိုက်ရှိ သည်။ ဇန်နဝါရီလမှာ အအေးဆုံးဖြစ်၍ အပူချိန်မှာ (၄၀) ဖာရင်ဟိုက်ရှိသည်။ ဤမြို့နယ်၏ ရာသီဥတုမှာ "ဆောင်းရာသီ ခြောက်သွေ့၍ မိုးရာသီအပူဆုံးလရှိသော အပူပိုင်းဇုံမုတ်သုံရာသီဥတု"ပင်ဖြစ်၏။ တနှစ်လုံးပျမ်းမျှအပူချိန်မှာ (၇၄) ဖာရင်ဟိုက်ရှိသည်။

## (ဃ) မြစ်ချောင်းအင်းအိုင်များ

(၁) မြစ်များ

ဘူးသီးတောင်မြို့နယ်တွင် မေယုမြစ်သည် အကြီးဆုံးဖြစ်သည်။ ရခိုင်၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်(စိုင်းဒင်)တောင်နှင့် မိုးထိတောင်များမှ မြစ်ဖျားခံသည်။ စစ်တွေကျွန်းအနီးတွင် ဘင်္ဂလားပင်လယ်အော်သို့ စီးဝင်သည်။ စိုင်းဒင်(စိန်ဒင်)တောင် ၏ အနောက်ဖျားမှ မြစ်ဖျားခံသော ကုလားပန်းဇင်းချောင်းနှင့် အရှေ့ဖျားမှ မြစ်ဖျားခံသော စိုင်းဒင်ချောင်းတို့သည် ဤမြစ်၏မြစ်ဖျားပိုင်း ဖြစ်သည်။ တောင်ကမ်းပါးယံများ မတ်စောက်သောကြောင့် တောင်ကြား၊ တောင်ကြောမှ မိုးရေတဟုန်ထိုးလိမ့်ဆင်းကျလာတတ်သည်။ ရေစီးကြမ်းတတ်သည်။ ငါးများမျှောချရန် အသုံးဝင်သည်။ ဒီရေသည် ဘူးသီးတောင်အထက်မိုင်(၂၀)ခန့်ထိ ရောက်သော်လည်း မော်တော်နှင့်သင်္ဘောအလတ်စား သွားလာမှုအတွက် ဘူးသီးတောင်အတွက်သာ အသုံးဝင်သည်။ ဘူးသီးတောင်မြို့နယ်မှစ၍ အောက်ပိုင်းမြစ်ဝှမ်းလွင်ပြင်သည် မြစ်၏တစ်ဘက် တစ်ချက်(၅)မိုင်ခန့်ထိ ကျယ်ဝန်းသည်။ မြေဩဇာကောင်းမွန်၍ စိုက်ပျိုးရေးအတွက် ကောင်းမွန်တေသာ်လည်း ကမ်းပါးပြိုကျခြင်းကြောင့် မြစ်ကြောင်းမကြာခဏ ပြောင်းလဲနိုင်သည်။ မြစ်ဝသည် (၃)မိုင်ကျယ်၍ အရှည်မှာ စိုင်းဒင် (စိန်ဒင်)ချောင်းဖျားအထိ (၈)မိုင်ခန့်ရှိသည်။

ခွဆုံအထက် မေယုမြစ်ညာပိုင်းကို ပြလားပန်းဇင်းမြစ်ဟု ခေါ်တွင်၏။

---

၁။ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဘူးသီးတောင်မြို့။

ထိုသို့ခေါ်ခြင်းမှာ ပန်းဇင်းငှက်(ပန်ညင်း)ငှက်များသောမြစ်ဖြစ်ပြီး ဖြစ်ဝဲယာတွင် ကုလားများ မောင်တောမြို့နယ်မြောက်ပိုင်းမှ အလွယ်တကူ ခိုးဝင်လာပြီး အခြေချနေထိုင်ကြသည်ကို အစွဲပြု၍ ခေထါခြင်းဖြစ်၏။ တချို့ကလည်း ပန်းဇေမှ ပန်းဇင်းဖြစ်လာသည်ဟု ဆိုကြ၏။

## (၂) ချောင်းများ

ဘူးသီးတောင်မြို့နယ်ရှိ မြစ်ငယ်၊ ချောင်းငယ်များမှာ မေယုမြစ်မှ ဖြာထွက်သွားသော ချောင်းလက်တက်များ ဖြစ်ကြသည်။ မေယုမြစ်၏အနောက်ဘက်နှင့် တောင်ဘက်တွင် ပြားချောင်း၊ နက်ချောင်း၊ ခွေးတောက်ချောင်း၊ ကံပြင်ချောင်း၊ ခမောက်တုံးချောင်း၊ ကင်းချောင်း၊ သပေါက်ချောင်း၊ အလယ်ချောင်း၊ ကကျဘက်ချောင်း၊ ကျောင်းတောင်ချောင်း၊ ဖရုံချောင်း၊ စိမ့်ညှင်းပြားချောင်း၊ လက်ဝဲဒက်ချောင်း၊ ငကျဉ်တောက်ချောင်း၊ ဘဒနာချောင်းနှင့် ပြင်ခေါင်းချောင်းများ ရှိကြပြီး အရှေ့ဘက်တွင် ငစံဘော်ချောင်း၊ စေတီတောင်ချောင်း၊ စိုင်းဒင်ချောင်း၊ ကွန်တိုင်ချောင်း၊ မျောချောင်းနှင့် ပီရွက်ချောင်းတို့ တည်ရှိသည်။[၂]

## (၃) အင်းအိုင်များ

ဘူးသီးတောင်မြို့နယ်၏ ဂုပ္ပိကျေးရွာအုပ်စု တန်ဖူးခမီးရွာ မြောက်ဘက်ပျရတောအမည်ရှိ အင်းတစ်ခုမှာ အလျား (၁)ဖာလုံ၊ အနံ(၈)သံကြိုး၊ ရေဝပ်ဧရိယာဧက(၁၀၀)ခန့်ရှိသည်။ ၎င်းအိုင်မှာ မိုးရာသီ၌ ရေအနက် (၉)ပေမှ (၁၀)ပေအထိ ရှိသည်။[၃]

## (၄) တောင်များ

(၁) မေယုတောင်များ

ရခိုင်ပြည်၏ အနောက်ဘက် မောင်တောမြို့နယ်ခြားတွင် ရှိ၍ တည်နေရာအားဖြင့် အရေးကြီးသော တောင်တန်းပင်ဖြစ်သည်။ မေယုမြစ်နှင့် နတ်မြစ်အကြားတွင် တည်ရှိသည်။ စစ်တကောင်းတောင်တန်း၏အဆက်ဖြစ်သည်။ မြောက်၊ အနောက်မြောက်မှ အရှေ့တောင်ဘက်တို့ထိ သွယ်တန်းနေပေသည်။ မြောက်ဘက်တွင် "မင်္ဂလာဂီရိ"အမည်တွင်၍ ၎င်းတောင်တန်း၏ အမြင့်ဆုံးအပိုင်းသည် ပေ(၂၁၇၄)မြင့်သည်။ ၎င်းတောင်နှင့် မေယုတောင်၏အစပ်တွင် မတ်စောက်၍ ပြတ်တောက်နေသလို ရှိသည်။ နောက်ပိုင်းတွင် မေယုတောင်တန်းအမည်ဖြင့် မေယုမြစ်ဝတိုင်အောင် (၅၂)မိုင်ခန့်ရှည်လျားသွယ်တန်းနေပေသည်။ အကျယ်အဝန်းအားဖြင့် မြောက်ဘက်တွင် (၆)မိုင်ခန့်ကျယ်၍ တောင်ဘက်တွင် သွယ်လျက်သွားသကဲ့သို့ မတ်စောက်ပြီး အချို့နေရာများတွင် မိုင်ဝက်ခနဖ့်သာ ကျယ်ဝန်းသည်။ မေယုတောင်တန်းသည် မြောက်ဘက်မှတောင်ဘက်သို့ အောက်ပါအတိုင်း အဆင့်ဆင့် တောင်ထိပ်များရှိနပြီး ပေ "၂၁၅၅၊ ၁၉၇၅၊ ၁၄၄၀၊ ၁၁၇၁၊ ၇၂၇၊ ၄၃၆"ဖောလ်ဂျိုင့်မယုကျွန်းနှင့် မျဉ်းပြိုင်များ အသွင်ဖြင့် ကမ်းအနီးတွင် ပေါ်နေသည်။

(၂) စိုင်းဒင်(စိန်ဒင်)တောင်တန်း

မေယုမြစ်နှင့် စိုင်းဒင်ချောင်းတို့၏ ရေဝေကြောပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ရခိုင်ကိုဖြတ်၍ ဒေါင်လိုက်တည်ရှိသည်။ ရခိုင်နယ်ဘက်တွင် အဖျားဆုံးပါဝင်၍ အမြင့်ဆုံးအပိုင်းသည် (၂၄၉၄)ပေခန့်မြင့်သည်။ ရခိုင်နယ်ဘက်တွင် တောင်၊ မြောက်မိုင်(၄၀)ခန့် ရှည်လျှားသော်လည်း အရှေ့နှင့်အနောက်မှာမူ (၃)မိုင်ခန့်ရှိ၍ သေးသွယ်ရှည်လျားကာ တောင်ကမ်းပါးယံများ မတ်စောက်သည်။ သို့ဖြစ်၍ ရေတံခွန်များကို တွေ့ရှိရသည်။

(၃) မင်းကြီးတောင်တန်း

မေယုမြစ်နှင့် ကုလားတန်မြစ်ကြားတွင် မြစ်ဖျားနှင့်ပြိုင်၍ တည်ရှိသည်။ ဤတောင်တန်းနှင့် ပြိုင်၍အခြားတောင်

---

၂။ ဘူးသီးတောင်မြို့နယ် ပါတီယူနစ် မျက်နှာစုံညီ အစည်းအဝေးတွင် တင်သွင်းသည့် မြို့နယ်ပါတီယူနစ် အမှုဆောင်ကော်မတီ၏ စည်းရုံးရေးအစီရင်ခံစာ၊ စာ-၄(၁၉၇၁ ခုနှစ် ဇန်နဝါရီလ(၂၉)ရက်)

၃။ မြို့နယ်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့၊ ဘူးသီးတောင်မြို့၏ ဘူးသီးတောင်မြို့နယ်မှတ်တမ်း၊ စာ-၂

စဉ် တောင်တန်းငယ်များ တောင်စွယ်များ ပေါများစွာ ရှိသည်။ မင်းကြီးတောင်တန်း၏ အရှေ့ကမ်းပါးယံများမှာ အနောက်ဘက်တောင်ခြေထက် ပို၍မတ်စောက်သည်။ အမြင့်ဆုံးတောင်ထိပ်မှာ (၃၀၃၁)ပေမြင့်သည်။

## (စ) လွင်ပြင်များ

မေယုလွင်ပြင်ဒေသသည် မေယုမြစ်၏တဘက်တစ်ချက် မေယုတောင်တန်းနှင့် စိုင်းဒင်(စိန်ဒင်) တောင်တန်းအကြားတွင် တည်ရှိသော မြေနိမ့်လွင်ပြင်ဖြစ်သည်။ ဘူးသီးတောင်မြို့အထက်ဘက် ကုလားပန်းဇင်းချောင်းဖျားမှစ၍ ရသေ့တောင်အောက်ဘက် မေယုမြစ်ဝထိ ရှည်သည်။ အထက်ပိုင်းတွင်(၂)မိုင်ခန့်သာ ကျယ်ဝန်းသော်လည်း ဘူးသီးတောင်အောက်ပိုင်းမှစ၍ (၁၀)မိုင်ခန့်ထိ ကျယ်ဝန်းသော မြေဩဇာကောင်းမွန်သည့် လွင်ပြင်ဖြစ်သည်။

## (ဆ) မိုးရေချိန်

ဘူးသီးတောင်မြို့နယ်သည် ပင်လယ်ရေပြင်မှ မိုင်(၅၀)ခန့်ကွာဝေးပြီး တောင်ထူထပ်သောကြောင့် အပူအအေးကွာခြားမှုရှိသည်။ အနောက်တောင်ရာသီလေ ရှေးဦးစွာ တိုက်ခတ်ခြင်း ခံရသောကြောင့် မိုးအများဆုံး ရွာသွန်းသည်။ တစ်နှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် မိုးရေချိန် (၂၀၀)လက်မကျော်ခန့်ထိ ရွာသွန်း၏။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးအများဆုံး ရွာသွန်းသည်။ မိုးဦးနှင့် မိုးနှောင်းတွင် မုန်တိုင်းဖြစ်ပေါ်၍ မိုးသည်းထန်ပြီး ရေလွှမ်းတတ်သည်။

## (ဇ) ဘူမိဗေဒ

လွန်ခဲ့သောနှစ်သန်း (၁၃၀)ခန့်တွင် ခရီးတေးရှပ်အဆုံးတွင် ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်သော အယ်လ်ပိုင်တောင်တန်းဖြစ်စဉ်သည် ကျွန်ုပ်တို့၏ ရခိုင်ရိုးမတောင်တန်းကြီးကို ပေါ်ပေါက်စေခဲ့သည်။ ထို့ကြောင့် ရခိုင်ရိုးမတွင်တွေ့ရှိရသောအချက်များမှာ (၁၈၇၁)ခုနှစ်တွင် ဘူမိတိုင်းတာရေးလုပ်ခဲ့သော မစ္စတာသီအိုဘဲ( )၏တိုင်းတာမှုအရလည်းကောင်း၊ အိန္ဒိယဘူမိတိုင်းတာရေးအဖွဲ့၏ ( )စာမျက်နှာ (၃၉)အရလည်းကောင်း အောက်ပါကျောက်ပြားများဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရသည်။

(မအီ) သန်း-၁၃၅-သန်း

(ရိုးမ)သန်း-၁၈၀ မှ ၂၂၅-သန်း

ရခိုင်ရိုးမတောင်တန်းကြီး၏ အနောက်ဘက်ခြမ်းတွင် ရခိုင်အာသံပင်လယ်ခေါ်သော ပင်လယ်ပြင်ကြီး ရှိနေသည်။ ဤပင်လယ်ပြင်တွင် နောင်ရခိုင်ပြည်နယ်ဟု ခေါ်တွင်လာမည့် ကုန်းမြေကြီးမှာ ပင်လယ်အောက်တွင် ရှိသည်။ ဤရခိုင်ပြည်နယ် ဖြစ်ပေါ်လာသည့် ကုန်းမြေကြီးကို ဘူမိသက်တမ်းအားဖြင့် နှစ်သန်းပေါင်း (၁၀၀)ခန့် ယုဂ်အားဖြင့် ပလီယိုဆင်၊ အီယိုဆင်၊ အီလီရိုးဆင်၊ မိုင်ယိုဆင်း ပလီအိုဆင်း စသော ဘူမိခေတ်ကြီးများ ဖြတ်သန်းခဲ့ပေသည်။

ဤသို့နှစ်သန်းပေါင်း(၁၀၀)မျှ ပင်လယ်အောက်တွင် အနယ်ထိုင်တည်ဆောက်ခဲ့သော ရခိုင်ပြည်နယ်ဖြစ်ပေါ်လာမည့် ကုန်းမြေကြီးသည် လွန်ခဲ့သောနှစ်သန်း(၃၀)ခန့်တွင် ပင်လယ်ရေဆုတ်ယုတ်လာမှုကြောင့် မြေပေါ်သို့ ပေါ်တက်လာခဲ့သည်။ ပင်လယ်ရေဆုတ်ယုတ်မှုမှာ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်သော မြေလွှာလှုပ်ရှားမှု၏ရလဒ်ပင် ဖြစ်သည်။ လွန်ခဲ့သော နှစ် (၁၅)သန်းခန့်တွင် ဒုတိယအကြိမ်မြေလွှာလှုပ်ရှားမှု ဖြစ်ပြန်သည်။ ၎င်းမြေလွှာလှုပ်ရှားမှုမှာ ဟိမဝန္တာတောင်ဖြစ်လှုပ်ရှားမှုပင် ဖြစ်သည်။ ဤလှုပ်ရှားမှုပင်လျှင် ယခုတွေ့မြင်တေနရသည့် ရခိုင်မြေကို အာသံကမ်းအကြီးနှင့်ဆက်၍ ပင်လယ်ပေါ်သို့ လုံးဝဉဿုံပေါ်တက်မွေးဖွားလာခြင်း ဖြစ်ပေသည်။ မေယုတောင်တန်း၊ စစ်တွေ ဗုဒ္ဓါအမော်ကျောက်တန်း၊ ဖရုံကာကျွန်း၊ ရမ်းဗြဲကျွန်းတို့မှာ လွှာတွန့်ခုံးတစ်ခုတည်းဖြစ်သည်။ ဤတောင်တန်း ကျောက်တန်းပေါ် အခြေခံ၍ ရခိုင်မြေပေါ်လာသည်။ ကုန်းမြေမြင့်ပေါ်ပြီးနောက်တွင် ၎င်းတို့၏ သွယ်တန်းပုံကိုလိုက်၍ မြစ်ချောင်းများထပ်မံပေါ်ပေါက်လာပြန်သည်။ မြစ်ချောင်းများအနယ်ထိုင် ပို့ချယင်းဖြင့် ရေမြေတောတောင်၊ ချိုင်းဝှမ်းဖြင့် ယခုကဲ့သို့ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ဘူးသီးတောင်မြို့နယ်သည် ရခိုင်ပြည်နယ်အတွင်း တည်ရှိ၍ ဘူမိဗေဒအခြေအနေမှာလည်း အလားတူပင်ဖြစ်သည်။

## (ဈ) မြေဆီလွှာ

ဘူးသီးတောင်မြို့နယ်သည် အပူပိုင်းဇုံ၊ မုတ်သုန်ရာသီဥတုရှိသောဒေသဖြစ်၍ မြေဆီလွှာအမျိုးအစားမှာ အပူပိုင်းမြေဆီလွှာ အမျိုးအစားဖြစ်သည်။ သို့သော် ပင်လယ်နှင့်ထိစပ်လျက်ရှိသောကြောင့် ဆားငန်ပေါ် မြေဆီလွှာများကို ပါ တွေ့ရသည်။ ထို့အပြင် တောတောင်ပွားများ၍ သစ်တောထူထပ်သဖြင့် တောင်မြင့်မြေဆီလွှာ၊ နီညိုတောမြေဆီလွှာ၊ ဝါညိုတောမြေဆီလွှာတို့ကိုပါ တွေ့ရ၏။ မေယုမြစ်ကြောင်းတစ်လျှောက် ရေလျှံ၍ ရေဖုံးလွှမ်းခြင်းခံရသောနေရာများတွင် နုန်းမြေများကိုတွေ့ရပြီး မြေဩဇာထက်သန်ကောင်းမွန်သည်။

## သဘာဝပေါက်ပင်များ

ဘူးသီးတောင်မြို့နယ်သည် တောတောင်ပွားများသည့်အပြင် မိုးများပြီး စိုစွတ်သောကြောင့် ဒေဝထက်ဝက်မျှသည် ရွက်ပြတ်သစ်တောများနှင့် ပြည့်နှက်လျှက်ရှိပေ၏။ မိုးများသောဒေသ၌ ပေါက်ရောက်သော သဘာဝပေါက်ပင်များသည် အပူပိုင်းအမြဲစိမ်းသစ်တောများပင်ဖြစ်၏။ ဤမြို့နယ်အနောက်တောင်ခြမ်းတစ်ဝိုက် ဒေသတွင် ဒီရောက်တောများလည်း ပေါက်ရောက်သည်။ ထို့ကြောင့် ဖက်သန်း၊ ထောက်အန်၊ ရုံး၊ နဘဲ၊ သစ်ချိန်၊ ပျဉ်းကတိုး၊ ခမောင်း(ပျဉ်းမ) သစ်ပုတ်၊ သင်္ဂနက်၊ သက်န်း၊ ပိန္နဲ၊ ကြက်ရိုး၊ စံကား၊ ကံ့ကော်၊ မျောက်၊ သစ်ကတိုး၊ စသည့်သစ်ပင်မျိုးများ ပေါက်ရောက်ပြီး ကရင်ဝါး၊ ကြိမ်၊ ဓနိ၊ နန်း၊ ပဲ၊ စွန်ပလွန်၊ သလူပင်များလည်း ပေါက်ရောက်သည်။

## (ည) တွေ့ရှိရသောတိရစ္ဆာန်များ

ဘူးသီးတောင်မြို့နယ်တွင် ဆင်၊ ဆတ်၊ ချေ၊ တောခွေး၊ ဝက်ဝံ၊ ခွေးတူဝက်တူ၊ ဒရယ်၊ တောကြောင်၊ ပြောင်၊ ခဲဝါ (ခွေးအ) မွေးညို၊ ရစ်၊ ဖြူ၊ မျောက်၊ တောဝက်၊ တောကြက်၊ ဒေါင်း၊ မွေး၊ ရှဉ့်တို့ကို တွေ့နိုင်သည်။

(၁) ငှက်များ

ဘူးသီးတောင်မြို့နယ်တွင် တွေ့ရှိရသောငှက်များမှာ ဇရက်မောက်တင်၊ ဇရက်ချီးစား၊ ဇရက်ရင်နီ၊ ပြားဇရက်၊ ချိုးလင်းပြာ၊ ချိုးညို၊ ချိုးဖြူ၊ ချိုးပုတီး၊ ချိုးသိမ်း၊ အိမ်စာ၊ စာဘုန်းကြီး၊ စာပတောင်း၊ တောစာ၊ တောကျီးကန်း၊ ဗျိုင်းအောက်၊ ကျွဲစီးဗျိုင်း၊ ခြံထိုးဗျိုင်း၊ ကျီးကုလား၊ ကျီးသန္တာ၊ ကျွဲမြီတုံး၊ ဗွတ်တေ၊ အင်းစားကွဲ၊ ငှက်တော်၊ သစ်တောက်ငှက်၊ ပန်ဇင်၊ သတ်တယ်၊ စွန်၊ သိမ်း၊ အောက်ချင်း၊ ဒေါင်းရန်၊ ဝဘုတ်၊ ရေကြက်၊ ကတွတ်(ပြောက်မ) တောက်လုံးမ (ပြာမ)၊ ဇင်္ဂယော် နားပင်း)ကုလားတောက်၊ ဥသြ၊ ဝက်သားခြောက်ကောင်၊ (ယောက်ဖခွေးခေါ်)ငုံး၊ ငှက်ဘီလူး၊ ငှက်ကြီးဝံပို၊ ကြိုးကြာ၊ ရုံးပတီ၊ အူ၊ ငှက်ခါး၊ ငှက်ဝါ၊ ဝဲစုပ်၊ ဂွမ်းခိုးချေ(ပျောင်ချေ) ပုံလွှား(မိုးစွယ်)၊ ဇီးကွက်၊ ဝါးယောက်မ၊ သာလီကာ၊ ဖင်လှုပ် ငှက်(ဗွက်တလုံ)၊ ကျီးပေါင်းငှက်၊ နှံစုတ်ကေ၊ ရောင်ရင်၊ ခို၊ တလီတွတ်(တစ်တီးတူး)ခြေခင်စွပ်၊ ငှက်ကုလား၊ ဗျိုင်းနက်၊ တောငန်းတို့ကို တွေ့နိုင်သည်။

(၂) တွားသွားသတ္တဝါများ

ဘူးသီးတောင်မြို့နယ်တွင် တွေ့ရှိရသော တွားသွားသတ္တဝါများမှာ လိပ်စွန်၊ တောင်လိပ်၊ သဘောက်စာလိပ်၊ ဖွတ်၊ သံချီ၊ (သင်ခွေချပ်)၊ စပါးကြီးမြွေ၊ စပါးအုံးမြွေ၊ မြွေပြတ္တား၊ လင်းမြွေ၊ ရေမြွေ၊ မြွေဟောက်၊ မြတ်လျှော့မြွေ၊ ငန်းတော်ကျား၊ ငန်းသံကွင်းစွပ်၊ ငန်းပေါက်ပေါက်၊ ငန်းပုတ်၊ မြွေစိမ်း၊ ပိုက်မြွေ၊ ဂျပ်မြွေ၊ နတ်သမီးခါးကြိုး၊ ငန်းဇောင်း၊ အိမ်ရှင်မမြွေ၊ ငန်းရွှေဝါ၊ မြွေပုပ်၊ ပြားငန်း၊ မြွေသူတော်၊ ကြက်ဥခိုးမြွေ၊ ငန်းကြောင်၊ မြွေပတုံး၊ ဖားပြုပ်၊ ဖားပြုပ်အာနီ၊ စားဖား(ဖားသော်)၊ ဖားပု(ဖားအုံ)၊ ဖားကြွပ်၊ ဖားကပ်၊ ကင်း၊ ကင်းမြီးကောက်၊ မီးကျောင်း၊ တောက်တဲ့၊ ဂျင်လိပ်(ကင်းလိပ် ချော)၊ ပင့်ကူ၊ ပင့်ကူကျား၊ ကြယ်ပင့်ကူ၊ ပုတ်သင်ညို၊ အိမ်မြှောင်တို့ကို တွေ့နိုင်ပါသည်။

(၃) ငါးများ

ဘူးသီးတောင်မြို့နယ်တွင် တွေ့ရသောငါးများမှာ ငါးဇရိုင်း၊ ငါးခူ၊ ငါးပုတ်သင်၊ ရိုးရှည်၊ စံလှမေ၊ ငါးလိပ်ကျောက်၊ ငါးမန်း၊ ငါးသတစ်(ကကစ်တစ်)ငါးသလောက်၊ ငါးတန်၊ ငါးအောက်စဖို့၊ ငပြေမ၊ ငရန့်၊ ငရန့်မ၊ ငရန့်တောင်ကျော်၊

ငရန့်အောက်၊ ငါးကြေး၊ ငါးဟောက်၊ ငါးရှဉ့်၊ ငါးပတုံး၊ ငါးဖယ်ပုံ၊ ငါးကန့်သား၊ ငါးညှိနီ၊ ငါးသန်း၊ ငါးပါး၊ ငါးနုသန်း၊ ငါးရှုရှားရံ၊ ငါးကြောင်း၊ ငါးပြောင်း၊ ငါးမြင်း၊ ငါးစုတ်၊ ငါးရင်းကုန်း၊ ငါးကြင်း၊ ပုဇွန်တက်၊ ပုဇွန်ဖြူနု၊ ပုဇွန်ပြား၊ ပုဇွန်ထုတ်၊ ပုဇွန်ကျား၊ ပုဇွန်လက်မကြီး၊ ကုလားပုဇွန်၊ ငါးယက်၊ ငါးဖေ၊ ငါးတိမ်း၊ ငါးမျက်ဆံကျယ်၊ ငါးကန့်ဗျိုင်၊ ငါးစင်း၊ ငါးစလုံး၊ ငါးစခတ်၊ ငါးခုံးမ၊ ငါးနံ့ကြောင်၊ ငါးမြေစုတ်၊ အနောက်ငါး၊ ငါးဝက်၊ ငါးဝက်ပါးမဲ့၊ ငါးမွေလျှာ၊ ငါးလဝါ၊ ပင်လယ်ငါးစလုံး၊ ငါးဝန်း၊ ငါးဘီချပ်တရာ(ငါးပသုံ)ငါးဝန်းပူ၊ ငါးပင်လယ်ကိုင်၊ ငါးတောက်တူ၊ ငါးပူတင်း၊ ငါးသားချေ(မောင်ဖြူချေ)၊ ငါးဒေါင်းပြောက်၊ ငါးသရွေး၊ ငါးသရွေးမြင်းကျား၊ ငါးသရွေးလည်လိမ်၊ ငါးကျွဲ(ငါးပြင်းခတ်)၊ ငါးမတေးရွက်၊ ငါးတုံးပိုင်၊ ဝါကြီးမ(ငါးအိုမ)၊ ငါးစွယ်၊ ငါးသလောက်ယောက်ဖ၊ ငါးရိုင်းမတို့ကို တွေ့နိုင်ပါသည်။

## ကိုးကားချက်များ


၁။ ထွန်းရွှေခိုင်(စစ်တွေကောလိပ်)ရခိုင်ပြည်နယ် ပထဝီအနေအထား

၂။ မြို့နယ်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့၊ ဘူးသီးတောင်မြို့၏ ဘူးသီးတောင်မြို့နယ်မှတ်တမ်း(၁၉၈၁)

၃။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဘူးသီးတောင်မြို့နယ် ပါတီယူနစ်၏ ပါတီမျက်နှာစုံညီအစည်းအဝေးတွင် တင်သွင်းသည့် စည်းရုံးရေးအစီရင်ခံစာ(၂၉-၁-၁၉၈၁)။

## အခန်း(၂)

# သမိုင်းကြောင်းနှင့်အစဉ်အလာ

## (က) သမိုင်းအစဉ်အလာ

ဘူးသီးတောင်မြို့နယ်သည် ရခိုင်ပြည်နယ်သမိုင်းနှင့် တဆက်တည်း ပေါက်ဖွားလာသော နယ်မြေဖြစ်သည့်အားလျော်စွာ လူနေမှု၊ အုပ်ချုပ်မှုရှည်ကြာခဲ့လေပြီ။ မေယုတောင် လက်ဝဲလက်ယာတွင် ရှေးကျသော ခေတ်ကာလကပင် လူနေဌာန၊ မြို့ပြရပ်ရွာများ တည်ရှိခဲ့လေ၏။ ဒဏ္ဍာရီခေတ်ဦး ကပူရန္တပ္ပမြို့၊ ဥပကာရမြို့များ တည်ရှိခဲ့သည်ဆို၏။ ရောမ၊ ခေါမတို့၏ မှတ်တမ်း၌ ဂင်္ဂါမြစ်အလွန်တွင် ရှိသော ခရိုင်စေ° (ရွှေမြေ)၊ အာရ်ဂျရေ^ (ငွေမြေ)ကျွန်းတို့တွင် လူမဲများနှင့် ရက္ခသျှခေါ် ရှေးဦးရခိုင်လူမျိုးများ နေထိုင်လျက်ရှိကြောင်း တွေ့ရ၏။ အာရ်ဂျရေမှာ ရခိုင်ကမ်းမြောင်ပင် ဖြစ်သည်။[၃]

အေဒီ(၁၅၀)ခန့်က ရေးခဲ့သော တော်လမီ (tolemy) ၏ ပထဝီအရလည်း ရခိုင်ကမ်းမြောင်ဒေသ၌ မြို့ပြဌာနများ စည်ပင်ခဲ့ကြောင်း တွေ့ရ၏။ တနည်းအားဖြင့် ထိုမှတ်တမ်းမှာ တတိယဓညဝတီခေတ်နှောင်းကာလ အချိန်ကို ထင်ဟပ်စေ၏။ သူရိယမင်းဆက်ခေတ် (ဓညဝတီခေတ်)တွင် ရသေ့တပသီများသည် တိုင်းပြည်နယ်မြေချက်ချာဌာနကို ရွေးပေးခဲ့ကြသော ပညာရှင်များဖြစ်ကြ၏။ ဂေါတမဘုရားရှင် မွေးဖွားရာ ကပ္ပိလဝတ်ပြည်ကို ကပ္ပိလရှင်ရသေ့သည် ညွှန်ပြခဲ့၏။ ရခိုင်ဓညဝတီမြို့ရာကို အရှင်နဂိန္ဒရသေ့သည် ညွှန်ပြခဲ့၏။ ထိုတွင် တိုင်းပြည်ပြု၍ လူနေမှု ဖြစ်ထွန်းခဲ့ရ၏။ ဘူးသီးတောင်မြို့နယ်သည်လည်း သမိုင်းဦးခေတ်က ရှေးမှီနောက်မြင် ရသေ့အရှင်မြတ်တို့၏ ကျက်စားနေခဲ့ရာဌာနပင် ဖြစ်၏။ ထို့ကြောင့် မင်္ဂလာကြီးတောင်အရပ်ဆိုလျှင် အာလံကပ္ပရသေ့ မျှော်မွေ့ရာတည်း။ ဝေလာတောင်ကား ဝေလာကပ္ပရသေ့ကြီး၏ အချက်အချာနေရာဖြစ်သည်။

ထိုရသေ့ကြီးတို့သည် ထိုနယ်မြေ၌ မိုး၊ လေမုန်တိုင်း၊ ကျရောက်သောသဘာဝရာသီဥတု၊ ဘေးအန္တရာယ်ကို လည်းကောင်း ရင်ဆိုင်တွန်းလှန်ကာ လူသားတို့အတွက် နယ်မြေသာယာဖွံ့ဖြိုးမှု၊ စည်ပင်မှုတို့ကို တစ်ဘက်တစ်လမ်းမှ နေ၍ ကူညီခဲ့ကြလေ၏။

မလ္လာမင်း ရေသွန်းသဘင် မင်္ဂလာပြုသောအခါ နေခဲ့ဘူး၍ မလ္လာယုတွင်သည်ဆိုသော မလ္လာယု မာယု-မေယုအခေါ်သည် သက္ကဋ သုံးစွဲသောခေတ်ဦးပိုင်းတွင် ဤဒေသသည် ပို၍လေပြင်းမုန်တိုင်းထန်ခဲ့ပေရာ၏။ ထို့ကြောင့် လေပြင်းထန်ရာဌာနကို အစွဲပြု၍ "မာယု"ဟု ခေါ်မှုပြုလာခဲ့ကြ၏။ မာယုကား ပါဠိဘာသာ၌လည်း လေကိုဆို၏။ သက္ကဋဘာသာ၌လည်း လေကိုခေါ်ကြောင်း ဇောတိတက္ကစသော သင်္ကရိုက်ကျမ်းတို့၌လာ၏။ မူရင်းရခိုင်လူမျိုးတို့သည် ကစ္ဆပနဒီနှင့် အဥ္စနနဒီမြစ်ကို အခြေခံ၍ လူနေမှုဆင်းသက်ခဲ့ပေရာ ပင်လယ်ကွေ့ကို တွေ့သောအခါ အနောက်မြောက်သို့ ရွှေ့ရှုလျက် နေလာခဲ့ကြလေ၏။ အိန္ဒိယပင်လယ်နှင့် ဆက်စပ်နေသည့်အလျောက် ထိုဒေသတောင်ပိုင်း၊ အနောက်ပိုင်းနှင့် ဂင်္ဂါမြစ်ကမ်းခြေတစ်ဝှမ်းတို့မှ လူဝင်မှုဆက်နွယ်မကင်းသည်လည်း ရှိခဲ့ပေ၏။ ထို့ကြောင့် ထိုဒေသမလ္လာယုကျွန်းတို့မှ လူများဆက်နွယ်ဝင်ရောက်နေထိုင်ခြင်းဖြစ်၍ မိမိတို့ဒေသအမည်တွင် မှည့်ဖြစ်လာရန်လည်း အကြောင်းတစ်ရပ်ရှိပေ၏။ မလ္လာယုကျွန်းကို ထိုစာပေတို့၌ မဇ္ဈိမဒေသတောင်သမုဒ္ဒရာအတွင်း၌ တည်ရှိသည်ဆို၏။

မယုတောင်အဆုံးထိပ်ပိုင်း၌ "ပဘာဂူ"ဟူ၍ အမည်တွင်ရှိသောနေရာရှိ၏။ သုဝဏ္ဏပဘာ မင်းသမီးကို ထိုတွင် သလင်းဖြူကျောက်ဂူနန်းပြု၍ထားရှိခဲ့ဘူးသည်ဆို၏။ ထိုပဘာအကြောင်းကို ရခိုင်စာဆိုတန်းခိုး ဆရာထွန်းက ဓမ္မဝိဇီရ သာခြင်း၌ "ကျွန်းမာလ္လာယု၊ သဲသောင်ခွေလေ၊ ရေကမ်းနီးမှာ၊ မယ်သုဝဏ္ဏ၊ ယခုခါလေ၊ ဇာတောမှောက်ကေ၊ ရောက်လှာရလို့"ဟု စပ်ဆိုခဲ့၏။ ဗာရာဏသီက သူရိယမင်းသားသည် သံတွဲသူ အဥ္စနဒေဝီမင်းသမီးကို ငှက်ဆင်ဖြင့် တင်ဆောင်လာရာ ကမ္ဘဇလေလှုပ်၍ မီးဖွားလိုသဖြင့် မီးယူရန် ဆင်းသက်ခဲ့သည့်အတွက် မီးယူကျွန်းဟု တွင်ခဲ့ကြောင်း၊ ထိုသို့ မာလ္လာယုကျွန်း၏ ကူးလူးဆက်သွယ်မှုသည်သာခြင်း၊ ဝတ္ထု၊ ဒဏ္ဍာရီ ပုံပြင်တို့အရလည်း ထောက်ငဲ့စရာ ဖြစ်နေ၏။ ဤကျွန်းအရှေ့ဘက်တွင် မုံစဲကျွန်း ဦးကင်းတောင်ရှိ၏။ ထိုတွင် ဗုဒ္ဓလောင်းလျာကျင်လည်ခဲ့ရာ အကြောင်းနှင့် ရခိုင်ပြည် ဘုရားသမိုင်းစဉ်လာရှိ၏။ ဗျာဒိတ်ခန်းဖွဲ့ လင်္ကာတို့၌လည်း "မလ္လာယုမြစ်၊ နားရယ်တည်ထား၊ ရုပ္ပဗ္ဗတတောင်ထိပ်မှာထား၊ ဆန္ဒန္တရာဇာဖြစ်ခါ ရှေးဦး၊ ကျင်လည်ဖူး၍ ဦးကင်းတော်မြတ်၊ လူနတ်ကိုးရာ၊ တည်ရစ်ပါခဲ့"ဟူ၍ ရှေးဆုံးရခိုင်ရာဇဝင် လင်္ကာတွင် ဖွဲ့ဆိုခဲ့ကြ၏။ မယူမြစ် အနောက်ဘက်ကမ်း မယူတောင်ခြေရင်း လောင်းချောင်းရွာအနီး လည်ရိုးတော်ဓာတ်မှာလည်း အလားတူ ဘုရားဗျာဒိတ်ဝင်ကာ သီရတောင်၊ ဗွီထိပ်ခေါင်ထက်၊ ရွှေရောင်မောင်းမောင်း၊ ဥဒေါင်းမင်းကျော်၊

ဖြစ်ဘူးသော်တည်း၊ ရုံးတော်စေတီ အမည်ခန့်လာ၊ နောင်တွင်ရာသား ဟူ၍ တွေ့ရ၏။ မယူအငူဓာတ်မှာလည်း ထို့အတူ သမိုင်းဝင်ဖြစ်သည်။ ဗုဒ္ဓဂေါတမလက်ထက် စူဠပုဏ်၊ မဟာပုဏ် စသောကုန်သည်များ၏ မာလ္လာယုကျွန်းသို့ ကုန်ကူး ရောက်ရှိခဲ့ရာ စန္ဒကူး၊ နံ့သာကို တောင်းယူရရှိခဲ့ကြသည်ဆို၏။ ထိုနံ့သာတို့ဖြင့် စန္ဒကူးမဏ္ဍာပ်ထိုး၍ ဂေါတမရှင်ပင်ကို ပင့်ဖိတ်ကာ အလှူကြီးပေးခဲ့ကြ၏။ ထိုအလှူပွဲကြွစဉ် ဘုရားရှင်သည် သူနာပရန္တတိုင်း နမ္မဒါမြစ် (ယခုနရမဒါ)ကမ်းခြေတွင် နဂါးတောင်းပန်၍ ခြေတော်ရာချထားခဲ့လေ၏။ ဤဗုဒ္ဓဝင်သမိုင်းဖြစ်ရပ်သည် မယူကျွန်းပထဝီ အခြေပြသကဲ့သို့ ဖြစ်ရှိနေ၏။

မေယုခုံဝခေါ် မေယုမြစ်ဝတွင် နံ့သာကျွန်းရှိ၏။ မေယုမြစ်ဝအရှေ့ဘက်ကမ်းစပ်ရှိ မုံစေကျွန်းတွင် နဂါးမောက်ကျွန်းရှိ၏။ ထိုသို့ သမိုင်းကြောင်း ဆက်နွယ်မှုသည် အထောက်အထားမဲ့ မဟုတ်ရာချေ။ မာလ္လာယုကျွန်းသားများ လူဝင်ရောက်ဆက်နွယ်မှုနှင့် မကင်းရာကြောင်းလည်း မာလ္လာယုကျွန်းအမည် ခေါ်လာရပေနိုင်၏။ မာလ္လာယုမှ မာယု မယူ ဟု သုံးစွဲခေါ်ဝေါ်ပြောင်းလဲစရာ ရှိနိုင်ပေ၏။

ကမ္ဘာ့ပထဝီသမိုင်းအရ အိန္ဒိယကျွန်းဆွယ်ကြီး၏ လူနေမှုသမိုင်းနှင့် ဆက်စပ်လျက် ခရစ်မတိုင်မီ နှစ်ပေါင်း(၂၀၀၀)(လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ခန့်ကပင် ဤဒေသသို့ အရိယန်များ စတင်ဝင်ရောက်နေထိုင်ခြင်း ပြုနိုင်ခဲ့ရာ၏။ အဘယ်ကြောင့်ဆိုသော် ဂင်္ဂါမြစ်၏အနောက်ဘက်ကမ်း နယ်နိမိတ်ဖြစ်သော ဂင်္ဂါမြစ်ဝှမ်းသည် မာဂဓ တိုင်းပြည် မည်၏။ ထိုဒေသသည် အရိယန်လူမျိုးတို့၏ အခြေစိုက်ရာဒေသဖြစ်၍ ဒေသကိုလိုက်ပြီး အရိယန်တို့အား မာဂဓပြည်သား၊ မာဂဓလူမျိုးဟုလည်း ခေါ်စမှတ်ပြုကြသည်ဆို၏။ ထိုမာဂဓပြည်သား အရိယန်တို့သည် ဂင်္ဂါမြစ်အရှေ့ဘက်နယ်နိမိတ်ဖြစ်သော ရခိုင်ပြည်နယ်ဘက်သို့ ကူးလူးလာပြီး ဝင်ရောက်ခဲ့ကြကြောင်း၊ ၎င်းတို့ကို မာဂ်ဟူ၍ ခေါ်ဟန်ရှိသည်ဟု ရှေးခေတ်အိန္ဒိယရာဇဝင်တွင် အဆိုပြုထားသည်။ ထိုမာဂ်မှ မောဂ်ဟူ၍ ရွှေ့ပြောင်းလျက် ယခုတိုင် မူစလင်ကုလားများက ရခိုင်လူမျိုးကို မောဂ်ဟုခေါ်လာခဲ့ခြင်းဖြစ်၏။ အရိယန်များမတိုင်မီ ဟိမဝန္တာတောင်ခြေရင်း (စိန့်ကိုလ်သား)နေ ရှေ့ဦးအိန္ဒိယ အယူဝါဒ ဖိန်လူမျိုးများလည်း စစ်တကောင်းတောင်တန်းတစ်လျှောက် နေထိုင်မှုပြုခဲ့လေသည်ဆို၏။[၁]

ရခိုင်ပြည်နယ်သည် ဝေသာလီခေတ်တွင် တကယ်ပင် ဖွံ့ဖြိုးခဲ့လေပြီဟု ယူဆနိုင်ပေ၏။ မယူတောင်ဖျားတွင် ထိုခေတ်က နတ်ကွန်း၊ ဂူလှိုဏ်များ မင်္ဂလာကြီးတောင်ခြေအနီးတဝိုက်၌ ဝန္တိနတ်ကွန်းများ၊ ထိုခေတ် ဇမ္ဗူပတိခေါ် မင်းတကာမင်းဘုရားဆင်းတုများ၊ မင်းဝတ်ဘုရာများ၊ ရှိနေခြင်းက သက်သေခံလျှက် ရှိနေသည်။

ဓညဝတီခေတ်တွင် ဘီစီ (၃၃၂၆)မှ အေဒီ (၃၂၅) ထိ နှစ်ပေါင်း (၃၆၀၀)ကျော် ရှည်ကြာကာ မင်းဆက်ပေါင်း (၁၀၀)ကျော်စိုးစံခဲ့လေ၏။ ထိုခေတ် မြို့နည်ကာလသည် ဆူမာရိယန်တို့ပေါ်ချိန်ကာလဖြစ်၍ မြို့ဟုဆိုသော်လည်း သာမန်ရပ်စုလောက်နှင့် စတင်ခဲ့သည်ဟုသာ ယူဆကြချေ၏။ ထို့ကြောင့် မြို့ဟောင်းများကို ခေတ်မီသုတေသနပြုကြမှသာလျှင် အတိအကျသိရှိပေရာ၏။

ရှေးအခါက ရခိုင်ပြည်နယ်ကို ရခိုင်ဘုရင်များက တိုင်းကြီး(၁၂)တိုင်းခွဲခြားပြီး ပဒေသရာဇ်များ၊ ဘုရင်ခံများ၊ မြို့စားနယ်စားများ ခန့်အပ်၍ အုပ်ချုပ်စေခဲ့သည်။ ယင်းတိုင်းကြီး (၁၂)တိုင်းမှာ-

(၁) နာဂသျှန္တတိုင်း၊ (၂) မဟိံသကတိုင်း၊ (၃) ကမ္ဗရူပတိုင်း၊ (၄) ဖလံတိုင်း၊ (၅) သက်တိုင်း၊ (၆) ဘိုမင်းတိုင်း (၇) ဘူညာကြီးတိုင်း၊ (၈) ဥသလင်းတိုင်း၊ (၉) ရက္ခပူရတိုင်း၊ (၁၀) ရမ္မပူရတိုင်း၊ (၁၁) မေဃဝတီတိုင်း၊ (၁၂) ဒွါရကတိုင်းတို့ ဖြစ်ကြသည်။[၂]

ထိုဒေသတိုင်းခွဲတို့၌ နာဂသျှန္တတိုင်း၊ ပုညာကြီးတိုင်း၊ မဟိံသကတိုင်း၊ ကမ္ဗရူပတိုင်းတို့ကား ဘင်္ဂလားနယ်တြိပူရ နယ်များ ဖြစ်ကြလေသည်။[၃]

ဘင်္ဂလားနယ်သည် ရခိုင်ရာဇဝင်မှတ်တမ်းအရ ခရစ်အေဒီ (၄)ရာစုမှစ၍ ခရစ် (၁၆၆၆) ခုနှစ်ထိ ရခိုင်နယ်မြေအဖြစ် တည်ရှိခဲ့ကြောင်း သိမှတ်ရ၏။ ထိုနယ်မှာ အလွန်ရှေးကျသော ခေတ်ကပင် ရခိုင်သမိုင်းအရ ရခိုင်နယ်မြေ

---

၁။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ရခိုင်) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စာ ၁၃၈-၁၃၉။

၃။ အသျှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်) စစ်တကောင်းတောင်တန်းနယ် ရခိုင်အမျိုးသားပွဲတော်သို့ တင်သွင်းစာ၊ စာ-၄၊ ရခိုင်ယဉ်ကျေးမှုများ (၃) စာ ၁၃၄။

ဖြစ်ကြောင်း၊ ရခိုင်ရှေးဦးလူတို့ဖြစ်သော အာရိယန်လူမျိုးများ မှီတင်းနေထိုင်ရာ ဒေသဖြစ်သော ရခိုင်အနောက်မြောက် နယ်နိမိတ်ကို ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းရှိ မဇ္ဈိပူရပြည်နယ်ကို အစွန်အဖျားထားရာ ရခိုင်ဝေသာလီအနန္တစန္ဒြား ကျောက်စာ၌ သတ်မှတ်ထားကြောင်း တွေ့ရသဖြင့် ဘင်္ဂလားနယ်မြေသည် ရခိုင်ပိုင်နယ်နိမိတ်ဖြစ်ကြောင်း ထင်ရှားပေသည်။

ရခိုင်မင်းတို့သည် ဘင်္ဂါနယ်ကို အုပ်ချုပ်ရာ၌ နယ်မြေအလိုက်(တောင်ကုန်းဒေသများကိုပါ) ခွဲခြားကာ အုပ်ချုပ်ခဲ့ကြ၏။ အုပ်ချုပ်ရေး(၁၂)ရပ်သတ်မှတ်လျက် အုပ်ချုပ်ကြသောကြောင့် ဘင်္ဂါ(၁၂)နယ်၊ ဘင်္ဂါ(၁၂)မြို့ဟူ၍ မှတ်တမ်းလာသည်။ တစ်နယ်ကို မြို့စားနယ်စားတစ်ယောက်ကျစီဖြင့် လွှဲအပ်ပေးခဲ့၏။ ထို(၁၂)ယောက်တို့၏ အကြီးအမှူးကို အနောက်ဘုရင်ဟုခေါ်၏။ ရခိုင်ပြည်၏နောက်ပိုင်းအုပ်ချုပ်ရေးဌာနခွဲ ဘုရင်ခံပင်ဖြစ်သည်။

ရခိုင်မင်းများလက်အောက်ခံ ဘင်္ဂါနယ်တွင် အုပ်ချုပ်ရေးမှူးများ ချထားပေးခြင်းကို ရခိုင်ရာဇဝင်မှ ကောက်နုတ်ပြရလျှင် ဓညဝတီခေတ်မှစ၍ တွေ့ရသည်။

(၁) ဓညဝတီခေတ် သူရိယကေတုမင်းလက်ထက် ခရစ် အေဒီ(၃)ရာစုကုန်ခါနီးမှ (၄)ရာစုခေတ်အစပိုင်းအထိ သောင်းတီး(စန္ဒီ)ကျွန်းကို အမတ်ကြီး ဥတ္တမသီရိကျော်သီလည်းကောင်း၊
(၂) ဝေသာလီခေတ်၌ သီရိစန္ဒြားမင်းသည် သားတော်သင်္ဂစန္ဒြားမင်းသားကို အေဒီ(၇)ရာစုအလယ်ပိုင်းတွင် မောက်သူဇာမြို့(မူရ်ရှေဒဗဒ်)ကို ဘုရင်ခံအဖြစ်လည်းကောင်း၊
(၃) ဝေသာလီခေတ်နောက်ဆုံးမင်း စန္ဒြားမင်းလက်ထက် အေဒီ(၇)ရာစုကုန်ခါနီးတွင်သ် စစ်တကောင်းမြို့ ကို ဝိဓူရအမတ်ကြီးအားလည်းကောင်း၊
(၄) ဒသရာဇာမင်း(အေဒီ ၁၁၀၀)လက်ထက် မောက်သူဇာမြို့သို့ ကဝိကျော်အမတ်ကြီးအားလည်းကောင်း၊
(၅) မင်းထီး(အေဒီ-၁၂၈၃)လက်ထက် စစ်တကောင်းမြို့သို့ ဝိမလသည် ပင်းဝါ(ရာမူ)မြို့သို့လည်းကောင်း၊
(၆) မင်းပါကြီး(အေဒီ-၁၅၃၁)လက်ထက် မဟာပညာကျော်အား စစ်တကောင်းမြို့ကိုလည်းကောင်း၊ကိုယ်ရံ တော်အမတ်ကြီး ဝိမလသည် ပင်းဝါ(ရာမူ)မြို့သို့လည်းကောင်း၊
(၇) မင်းဖလောင်း(အေဒီ-၁၅၇၇)လက်ထက် ကောင်းညွှန့်သူနှင့် ရဲအောင်နိုင်အမတ်များကို ဒက္ကားမြို့၊ ပညာဝံသအမတ်ကြီးကို ရောင်ဖြူမြို့၊ ဥတ္တမသီရိကျော်ကို သောင်းတီးကျွန်း၊ ပြည်စိုးကြီးအမတ်ကြီးကို မဟာစိုး(မော်ဟိရှိခါလီ)တို့ကိုလည်းကောင်း အသီးသီးခန့်အပ်ပေးခဲ့ကြောင်း သိရှိရ၏။

ရခိုင်ပြည်နယ် နယ်နိမိတ်ပထဝီ အပိုင်းအခြားမှာ အနောက်တောင်သို့ ဟူဂလီမြစ်ဖျား(ဘာဂီရနဒီ)ရေရိုးခြား(မောက်သူဇာမြို့၊ ကာလကတ္တား သဘော်ဆိပ်ထိ၊ အနောက်မြောက်ရောင်ဖြူမြစ်တလျှောက်၊ အနောက်သို့ ကုမ္မိလာမြို့၊ ရောင်ဖြူမြို့၊ သျှီလက်မြို့တို့ဖြင့် သတ်မှတ်ထားလေသည်။

သျှီလက်မြို့၊ ရောင်ဖြူမြို့၊ ကံသာမြို့၊ ကုမ္မိလာမြို့တို့သည် ဝင်းမှူးကြီးလေးဦးတို့၏အုပ်ချုပ်ခဲ့ရာမြို့ ဖြစ်ကြောင်းဖြင့် ပြဆိုထားသည်။

ဖော်ပြပါ ရာဇဝင်အထောက်အထားများအရ ဘင်္ဂါနယ်သည် ရှေးဓညဝတီခေတ်၊ ဝေသာလီခေတ်တို့ကပင် ရခိုင်ပြည်အပါအဝင် ဖြစ်ကြောင်း ထင်ရှားသည်။

ရခိုင်မြို့ပြပြည်ရွာတည်ထောင်ခန်း၌ဆိုလျှင်-

(၁) စူဠစန္ဒြားမင်း၏အမတ်ကြီး ဓမ္မဇေယျသည် သောတ်ပူရတောင်(တိပူရ)ခေါ် မြို့ပြည်ကို တည်ထောင်ခဲ့ကြောင်း။
(၂) ၎င်းဓမ္မဇေယျ၏သားတော်ကြီး မဇ္ဈိဒက္ကသည် မဇ္ဈိပူရတောင်ကို တည်ထောင်ခဲ့ကြောင်း။
(၃) ၎င်းဓမ္မဇေယျ၏သားငယ် အသခ်သည် အာသံတောင်(အာသံရ်)ကို တည်ထောင်ခဲ့ကြောင်း။
(၄) ရခိုင်မင်းများ၏တပ်မင်း (ဗိုလ်မင်းများသည် ဗိုလ်မင်ထောင် (ဘန္ဒရာဘန်)ကို တည်ထောင်ခဲ့ကြောင်း၊ ကံသာရီကြည်ထောင်ဟုလည်း ရာဇဝင်၌ သုံးလေ့ရှိသေးကြောင်း၊
(၅) ဆင်ပြောင်ငါးစီးအားနှင့် ပြည့်စုံသော အမတ်ဗလကြီးတစ်ဦးသည် မလန်တောင်(မနီကဆော်ရီ)ကို တည်ထောင်ခဲ့ကြောင်း၊
(၆) သကျအနွယ်ဝင်များဖြစ်သောသက်(ဆက္ကမ)များသည် သက်ထောင်ကို တည်ထောင်ခဲ့ကြောင်း(ဂုဏ်မတီ)
(၇) စန္ဒာဒေဝီ (စူဠစန္ဒြားမင်း၏မိဖုရား)၏ အပြစ်တင်နှင်ထုတ်ခံရသော မှူးမတ်အိမ်တော်သည်များ တည်ထောင်ခဲ့ကြသော မြို့ထောင်(ယခု တြိပူရနယ်ခေါ်၏)တည်ခဲ့ကြောင်း တွေ့ရ၏။

ယင်းသို့ ရခိုင်ပြည်မှာ ပြည်ထောင်စုကြီး ခုနစ်ပြည်ထောင်ဖြစ်ထွန်းခဲ့ကြောင်း၊ ဒသရာဇာမင်းလက်ထက် ဆတ်ရုပ်တံဆိပ် ရိုက်နှိပ်၍ ထိုတောင်တို့တွင် အသုံးပြုစေခဲ့ကြောင်း၊ မော်ကွန်းကြော်ငြာပေးခဲ့ရကြောင်းဖြင့် အဆိုရှိလေသည်။

ရခိုင်မင်းများလက်ထက် ဘင်္ဂါ(၁၂)မြို့၊ (၁၂)နယ်ပိုင်နက် သတ်မှတ်အုပ်ချုပ်မှုပြုခဲ့ကြသည်ကို နယ်လုကျူးကျော်လျက် အတင်းစိပြုအုပ်ချုပ်လိုကြသော မဂိုမင်း ဆူလတန်မင်းတို့ကလည်း မဂိုအင်ပါယာ၏ ဒေသန္တရအုပ်ချုပ်ရေးအတွက် ဘင်္ဂါ(၁၂)နယ်ကို ခွဲခြားထားသည်ဟု သိရ၏။

ထို(၁၂)နယ်ကို ဘင်္ဂလားတွင် နန်းစိုက်ခဲ့ကြသော ဘင်္ဂလားဘုရင်၏ပိုင်နက်အဖြစ် သတ်မှတ်လိုရိပ်၊ သတ်မှတ်နိုင်မှု၊ လုပ်ကြံဖန်တီးခြင်းလည်း ဖြစ်နိုင်ပါသည်။[၇]

၎င်းတို့ကို သံယောင်လိုက်ကာ ရခိုင်အမျိုးသားပညာတတ်များကပင် ဤသို့ရေးသားလာကြောင်း တွေ့ရသည်။

"ရခိုင်ရာဇဝင်များတွင် မြောက်ဦးခေတ်မတိုင်မီကပင် ဘင်္ဂါဆယ့်နှစ်မြို့ကို ရခိုင်တို့ပိုင်ကြောင်း ဆိုသည်။ ရခိုင်အထောက်အထားများအရ ဘင်္ဂါဆယ်နှစ်မြို့သည် မည်သည့်ဒေသများပါဝင်သည်ဟု အတိအကျပြောရန်ခဲ့ယဉ်း၏[၁]။ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဘူးသီးတောင်မြို့။၁။ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဘူးသီးတောင်မြို့

သို့ရာတွင် ဂင်္ဂါမြစ်အရှေ့ဘက်ကမ်းရှိ အရှေ့ဘင်္ဂလားနယ်ခေါ်(ယခုဘင်္ဂလားဒေ့ရှ်နိုင်ငံ)အပါအဝင် ဘင်္ဂါနယ်မြေကို အိန္ဒိယရှေးခေတ်သမိုင်း အစောင်စောင်တို့နှင့် အိန္ဒိယရာဇဝင်စာအုပ် မြေပုံစာအုပ် (ဘီစီ(၃)ရာစုခေတ် အသောကအင်ပါယာ)၊ (အေဒီ(၄)ရာစုခေတ် ဂုပ္ပတနိုင်ငံတော်မြေပုံ)၊ (အေဒီ (၁၄)ရာစုကုန်ခါနီးနှင့် (၁၅)ရာစု ဆန်းစအချိန်တစ်ဝိုက်၌ ဒေလီဆူလတန်မင်းတို့၏ နိုင်ငံတော်မြေပုံ)တို့၌ အိန္ဒိယမှပိုင်စိုးကြောင်း ဖော်ပြထားခြင်းမတွေ့ရချေ။[၉]

ရခိုင်မင်းများလက်ထက် သတ်မှတ်ခဲ့ကြသော အုပ်ချုပ်ရေးဌာန(၁၂)ရပ် ဘင်္ဂါ(၁၂)မြို့၊ (၁၂)နယ်ကို ရခိုင်မင်းရာဇာကြီး စာတမ်း၌ အတိအကျ ပြဆိုထားရှိလေသည်။

(၁) မောက်သူဇာ (မော်ရှိဒဗဒ်)၊
(၂) ရောင်ဖြူ (ရောင်ပူရ်)
(၃) ဒက္ကား၊
(၄) ကုမ္မီလာ(တန်ဘိလာ)
(၅) သျှီလတ်(သိလတ်)၊
(၆) ပဋိက္ကရား (ကုမ္မီလာနှင့် သျှီလတ်နယ်အောက်ပိုင်း)
(၇) ဂင်္ဂါသာရ (ဘြာင်္ဂလားခုလ်နာတလျောက်)၊
(၈) စစ်တကောင်း
(၉) ဘာရိဆာလ်၊
(၁၀) တိလက်ာ(သောင်းတီး၊ ဟတ္တိယာ၊ ဗက္ကလာကျွန်းစု)၊
(၁၁) ဝေါ်တော်ပလ္လင်
(၁၂) ကံသာ ဟူ၍ ဖြစ်ကြသည်။[၁၀]

မြောက်ဦးခေတ်နှောင်းပိုင်းမင်းများသည် နန်းတွင်းရေး မငြိမ်သက်မှုဖြစ်ပေါ်သည်ကို အခွင့်ကောင်းယူကာ ဘင်္ဂလားဘုရင်ခ်ရှာယစ္စတာခန် (ပေလဂျအင်ဒူဥ) က စစ်တကောင်းကို ဝင်ရောက်သိမ်းပိုက်ခဲ့လေသည်။

(၁၈)ရာစုအလယ်ထိ မြောက်ဦးခေတ်မင်းများသည် စစ်တကောင်းကို ပြန်လည်ရရှိရန် အစဉ်ကြိုးပမ်းခဲ့ကြသေး၏။ သို့သော်လည်း ဘင်္ဂလားနယ်သည် ခရစ်(၁၇၀၀)နှင့် (၁၈၀၀)အကြားတွင် အရှေ့အိန္ဒိယကုမ္ပဏီလက်တွင်း မှတဆင့် ဗြိတိသျှဘုရင် အစိုးရလက်သို့ ကျရောက်ခဲ့ကြသည်။

ခရစ်(၁၈၅၈) ခုနှစ်တွင် ဗြိတိသျှအင်ပါယာ ဖြစ်လာခဲ့ကြ၏။ ခရစ်(၁၈၆၅) ခုနှစ်လောက်ကပင် ဗြိတိသျှတို့က အနယ်တကျ အုပ်ချုပ်မှုဖြစ်လာခဲ့၏။ ယခုကား ဒေသခံလူမျိုးများရာအလိုက် သီးခြားလွတ်လပ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ်သို့ ရောက်သွားခဲ့ရလေပြီဖြစ်သည်။[၁၁]

ရခိုင်ပြည်နယ်ကို ရှေးအခါက အုပ်ချုပ်မှုနယ်ပယ်သည် ခွဲခြားရာတွင် ဝတီ(၇)ရပ်သတ်မှတ်ခဲ့ပေသည်။ မယူကမ်းတစ်လျှောက်ဆိုလျှင် မောရဝတီနယ်ပယ်အတွင်းကျရောက်ပြန်သည်။ ရခိုင်ပြည်နယ်ဒေသနယ်ပယ်၌ မြို့ပြများ၊ ကျေးလက်တောရွာများထိ ကျယ်ပြန့်စွာ တည်ထောင်ခဲ့သည်ကို တွေ့ရ၏။ ကစ္ဆပနဒီ၊ ကုလားတန်မြစ်၏အနောက်ဘက်လက်ဝဲ (၉၉)မြို့စာရင်းတွင် ယခုဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တို့၌လည်း အတော်အသင့်ပါရှိနေကြောင်း တွေ့ရပေ

သည်။ ဥပမာ- မယူမြစ်ကြောင်းတစ်လျှောက် ကုလားပန်းဇင်းမြို့၊ ငါးကြည်းတောင်မြို့၊ သပိတ်တောင်မြို့၊ စိမ့်ညှင်းပြားမြို့၊ စစ်တန်းတင်မြို့၊ ညောင်ချောင်းမြို့များကို ယခုထိကျေးရွာအမည်တွင် ရှိနေသေးသည်။

ဘူးသီးတောင်မြို့အမည်နှင့် ပတ်သက်၍ ဘူးသီးတောင်မှာ မူလရွာပတ်ဝန်းကျင်ရှိ တောင်ငယ်(၉၉)လုံးအနက် အနောက်တောင်ဘက်ရွာအနီးရှိတောင်တွင် ရွှေဘူးသီးကြီးတစ်လုံးရှိကြောင်း၊ ထိုရွှေဘူးသီးကြီး၏အစေ့များမှာ ကျောက်မျက်ရတနာများဖြစ်ကြောင်းကို သိုက်ဆရာများ၏ သိုက်ကျမ်းအရ ဖော်ထုတ်တွေ့ရှိရသည့်အတွက် ရှေ့လူကြီးများက မိမိတို့ရွာကို ဘူးသီးတောင်ကို အစွဲပြု၍ ဘူးသီးတောင်ဟုခေါ်ကြောင်း၊ ထိုတောင်သည် ယခုဘူးသီးတောင်ရွာမ ၏ အရှေ့တောင်ဘက်နှင့် ဘူးသီးတောင်မြို့လမ်းမဘုန်းတော်ကြီးကျောင်းတိုက်ရှိရာ တောင်၏အရှေ့မြောက်တွင် တည်ရှိသည်။[၁၂] တချို့ကလည်း ၎င်းရွှေဘူးသီးသိုက်မှာ ယခု ရွာမရွာဘုန်းတော်ကြီးကျောင်း တည်ဆောက်ထားသည့် တောင်ပူဇာမှာ ဘူးသီးပုံသဏ္ဍာန်တည်ရှိခြင်း၊ ထိုတောင်တနေရာရာ၌ ရွှေဘူးသီးရှိနိုင်သည်ဟု အစွဲအမှတ်ပြုကြပြီး ဘူးသီးတောင်ဟုခေါ်တွင်သည်ဟု ဆိုကြသည်။

လက်ဝဲ (၉၉)မြို့စာရင်းတွင် ဘုန်းပြင်မြို့၊ ယင်ပေါင်တင်မြို့၊ အင်ကြင်တောင်မြို့၊ ဟူသောမြို့အမည်များသည် ငါးကြည်းတောင်မြို့၊ သပိတ်တောင်မြို့တို့နှင့် ဆက်လျှက်ဖော်ပြပါရှိ၏။ ထို့ပြင် ပဲလွှန်း[၁၃]မြို့ဆိုလျှင် ရခိုင်မင်းများလက်ထက်က မြို့စားများထားရှိခဲ့ရာ မြို့ပင်တည်း။ ယခု ဘူးသီးတောင်မြို့အနီးတဝိုက်တွင် မင်းဘာကြီးလက်ထက် သီရိဝတီမြို့ဟူ၍ အမည်တွင်ခဲ့သည်။ နန်းရာအမည်များ ရှိနေသေးရာ ရှေးကမြို့စားများ နေခဲ့ရာဌာနပင် ဖြစ်ချေရာ၏။ မာလွှာမြို့နှ၊ တပ်မြို့ဟူသောအမည်များကို (၉၉)မြို့စာရင်းတွင် တွေ့ရှိပေသေး၏။ ထို့ကြောင့် အခြေအနေနှင့် ခေတ်ကာလအရ မယူမြစ်ကြောင်းတစ်လျှောက် မာလွှာမြို့၊ တပ်မြို့များကား အစီအရီသည်တွင် တည်ချနိုင်ခဲ့ပေရာသည်။ ပဲလွှန်းမြို့၊ ဥဒေါင်းပြင်(ကြက်သရေကြီးမြို့)များလည်း နေရာဌာန အပြောင်းအလဲရှိကြောင်း ရှိပေမည်။ ပဲတောင်းမြို့အမည်ကိုလည်း (၉၉)မြို့စာရင်းတွင် တွေ့ရသေးသည်။

မယူမြစ်တလျှောက်တပ်မြို့များမှာ ရခိုင်ပြည်နယ်၏ အနောက်ဘက်တံတိုင်းကို အကာအကွယ်ပြုခဲ့ကြပေမည် သာတည်း။ မယူတောင်တန်းသည် မယူမြစ်ဖျားမှ သွယ်လျားကာ စစ်တကောင်းတောင်တန်းသို့ ဆက်သွယ်လာခဲ့သည်။ ရခိုင်ပြည်နယ်၏ အနောက်ရိုးမတောင်ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ဤတောင်တန်းကား မိုးထိလုပါး မြင့်မားပေရာ နေရာတိုင်းမှ ကျော်ဖြတ်ရန် မလွယ်ကူချေ။ ထို့ကြောင့် ဖြတ်ကျော်သွားလာရသော တောင်ကျော်လမ်းများ၊ သတ်မှတ်ခဲ့ပေသည်။ ဥပမာ- မယူဝအငူမော်မှသည် ကျောက်ပန်းဒူ၊ အလယ်သံကျော်၊ ဥဒေါင်းပြင်မှ ကမ်းမြောင်လမ်းဖြင့် လည်းကောင်း၊ လောင်းချောင်းကျော်လမ်း၊ သံချောင်းကျော်လမ်း၊ မင်းဖူးကျော်လမ်း၊ ပန်းတောပြင်ကျော်လမ်း၊ အာကာပျံကျော်လမ်း၊ လက်ဝဲဒက်ကျော်လမ်း၊ ကျော်တောက်ကျော်လမ်း၊ ပဲလွှန်းကျော်လမ်း၊ စသည်ဖြင့် ထင်ရှားသော ကျော်လမ်းများရှိနေသည်။ ထိုကျော်လမ်းများမှ ကျော်ဖြတ်လျက် ရခိုင်ဘုရင်များသည် အနောက်ဘင်္ဂါ(၁၂)မြို့သို့ အုပ်ချုပ်ရေး စစ်ရေးများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုကျော်လမ်းများမှာည မယူတောင်တန်းကို ရှေးနောက်ကျော်ဖြတ်သွားလာရသော လမ်းများဖြစ်ချေ၏။ အထူးသဖြင့် ကျော်တောက်ကျော်လမ်းဆိုလျှင် မယူတောင်တန်း၏ ခလယ်လောက်တွင် ကျ၍ သမိုင်းခေတ်တစ်လျှောက် ထင်ရှားခဲ့ပေသည်။ ကျော်လမ်းတစ်ဘက်တစ်ချက်တွင် ရပ်ရွာများ ရှိခဲ့ပေ၏။ အရှေ့ဘက်တောင်ခြေရင်းတွင် ကျော်တောက်မြို့ (ငါးကြည်းတောင်မြို့)သည် တပ်စခန်းမြို့အဖြစ် ရှည်ကြာခဲ့ပေသည်။ စစ်ရေးစစ်ဦးစခန်း စစ်အောင်နိုင်ရေး အောင်တပ်ဦး မင်္ဂလာလမ်းအဖြစ် အသုံးပြုခဲ့ကြ၏။ ထိုတပ်မြို့အပိုင်းကို မင်္ဂလာကြီး (မင်္ဂလာဂီရိ) တောင်၊ မင်းကြီးတောင်ဟူ၍ အမည်တွင်ခဲ့ကြပေသေး၏။ ထိုမြို့မှကျော်လေသော် ယခုမောင်တောမြို့နယ်သို့ ရောက်လေသည်။ ကျော်လမ်းထွက်ဝတွင် ဝပိတ်၊ ပုဏ္ဏားဆိပ်စသော ရပ်ရွာများ တည်ရှိခဲ့၏။

ရခိုင်ရာဇဝင်တွင် ငါးကြည်းတောင်မြို့ဟု တွေ့ရသော်လည်း ကျော်လမ်းကိုကား ကျော်တောက်ကျော်လမ်းဟုပင် ခေါ်တွင်ရှိနေကြသေး၏။ ငပိကျော်တောက်ခေါ်သော ငုံးပင်တစ်မျိုးပေါက်ရောက်ခဲ့ရာ ထိုအပင်ကို အစွဲပြု၍ ခေါ်ဆိုခြင်းလည်း ဖြစ်၏။ အပင်မှာ အရောင်ဝင်းဝါ၍ အညှာရိုးတံရှည်၊ အဆုတ်ဆုတ် ပွင့်ဖူးတတ်၏။ အသီးမှာ ကျော်ထောက်သဖွယ် ရှည်လျားသွယ်တန်းနေ၏။ အသီးမှည့်လျှင် ငပိနံ့ နံစော်သည်။ ထို့ကြောင့် ကျော်တောက်ပင်ဟု ခေါ်တွင်ခဲ့ကြ၏။ သကြၤန်လွန် တံခူး၊ ကဆုန်လတွင် ပွင့်သော ငုံးတစ်မျိုးဖြစ်၏။ ငုံးရွှေ ငုံးစပ်၊ ငုံးသိမ်သုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်၏။ ငပိကျော်ထောက်မှလွဲပြောင်း၍ ကျော်တောက်ဟု ခေါ်လာနိုင်၏။ သို့သော် ရခိုင်တို့က ထိုသစ်ပင်ကို ယခုထိ ငပိကျော်တောက်ဟုသာ ခေါ်နေကြ၏။ ကျော်လမ်းကိုသာ ကျော်တောက်ကျော်လမ်းဟူ၍ ခေါ်ဆိုပြုနေကြ၏။ ကျော်တောက်ပင်ကို စွဲ၍ ထိုနေရာတွင် တည်ရှိခဲ့သောမြို့ကိုလည်း ကျော်တောက်မြို့ဟူ၍ အမည်တွင်ခဲ့ခြင်းသာ ဖြစ်ရာ၏။ စာပေမှတ်

တမ်းတင်သူများက ဒေသန္တရဝေါဟာရကို လေ့လာမှုမရှိခဲ့၍ ကျည်(ကျိုင်)ကို ကြည်ဟု ရေးမှတ်ခြင်းလည်း ဖြစ်နိုင်၏။ သို့မဟုတ် မယူမြစ်ဖျားတွင် ငါးကြည်ဟူသော ငါးရှိနိုင်သောကြောင့် ငါးကြည်းငါးအမည်ကို တင်စား၍ ရေးမှတ်ခြင်းလည်း ဖြစ်နိုင်၏။ ကျေည်တောက်မြို့တစ်မြို့၊ ငါးကြည်းတောင်မြို့တစ်မြို့အားဖြင့် မြို့နှစ်မြို့ မနီးမဝေး တည်ချခဲ့ခြင်းလည်း ဖြစ်နိုင်၏။

သိုက်ဆရာများ၏ သိုက်ကျမ်းအလိုအရ ကျေည်တောက်ချောင်းဖျားတွင် ရတနာကျိုင်တောက် ငါးရာရှိသည် ဆိုသည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းလည်း ဖြစ်နိုင်သည်။

ရခိုင်ပြည်နယ်မှ အနောက်ပြည်သို့ ကျော်လမ်းများကို စာပေတို့၌ ရေးဖွဲ့ခဲ့ကြရာ ဖိုးခေါင်တောင်ရိုးကို ကျော်၍ တစ်လမ်းအပြင် "ကစ္ဆပတောင်စဉ်၊ စိုင်းဒင်တောင်တန်း၊ အလယ်လျှောက်မှာ ကံသာကျွန်း၊ မယူတောင်ထိပ်၊ ရခိုင်လားကော၊ ဒေတရပ်"ဟူ၍ ပန်းတန်မင်းသားနှင့် သံတွဲသူမင်းသမီးဘွဲ့ ဧခြင်းတွင် လမ်းခရီးစဉ်ကို စပ်ဆိုထား၏။

မယူတောင်ကျော်လမ်းတွင် ကျေဉ်တောက်မြို့၊ အောင်ဆိပ်ပြင်မြို့ (ယခုကြိမ်ချောင်း)၊ ဂေါ်တောပလ္လင်မြို့၊ ပန်းဝါမြို့တို့သည် ခရီးစဉ်ပြမြို့များဖြစ်၏။ ထိုပြင် ဝေလာတောင်တဘက်အနီးရှိ သလူတောင်ရင်းတွင် စစ်တလင်းအောင်မြေမြို့၊ သမိုးတောင်ဆီမီးတောက်မြို့၊ ဝံတောင်ရေချမ်းဝတီမြို့စဉ်အလိုက် စစ်တကောင်းတောင်တန်းတလျှောက် ကန်ဘီမြို့သို့ရောက်၏။

ဤမြို့ပြများ ချထားရခြင်းမှာ အုပ်ချုပ်ရေးအတွက် အရေးပါသော အရေးဌာနဖြစ်ကြောင်း သက်သေပြခြင်းပင် ဖြစ်ပေသည်။

**ကိုးကားချက်များ**


၁။ အသျှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်) မောင်းတောကမ်းယောင်မှတ်တမ်း (လက်နှိပ်စက်မူ)

၂။ အသျှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်)၏ ကျေည်တောက်ကျော်လမ်းဝ၌ တည်ရှိသောခုံချင်တော်ဓာတ် မင်္ဂလာဦး စေတီတော်သမိုင်း (လက်ရေးမူ)

၃။ ဦးစန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ် (ဒုတိယအုပ်)

၄။ M.A. Smith; The Early History of India: 4th Edition Reprinted.

၅။ Suniti Bhusan Qanungo; A History of Chittagong: Volume (one) [illegible] မှာဆိုရှယ်လစ်လမ်းစဉ်ပါတီ

၆။ Padre Maestre Fray Seb. Manrique in Arakan (1929-1635) [illegible]

၇။ အသျှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်) [illegible]

ရခိုင်ယဉ်ကျေးမှုများ(၃)စာ ၁၃၄။

၄။ နတ်မြစ်စန်းအောင်၊ ခရိယာန်မှသက်-ရခိုင်မျိုးနွယ်များ ဆင်းသက်လာရခြင်းများ၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း စာ၊ ၂၇-၂၉။

၅။ မောင်အေးချမ်း (သမိုင်းဌာန)မြောက်ဦးခေတ် အနောက်ဘက်နယ်ခြား ပြဿနာ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ စာ-၆၁။

၆။ နတ်မြစ်စန်းအောင်၊ အရိယာန်မှသက်- ရခိုင်မျိုးနွယ်များ ဆင်းသက်လာရခြင်းများ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ စာ-၂၇။

၇။ အသျှင်စက္ကိန္ဒ(ရခိုင်ပြည်နယ်) စစ်တကောင်းတောင်တန်းနယ် ရခိုင်အမျိုးသားပွဲတော်သို့တင်သွင်းစာ

၈။ ယနေ့ခေတ်အချိန်တွင် ရခိုင်လူမျိုး ပညာတတ်အများစုသည် ဘင်္ဂလားနယ်ကို ရခိုင်ပြည်နယ်၏ ပိုင်နက်အစိတ်အပိုင်းဖြစ်သည်ဆိုခြင်းထက် ရခိုင်ဘုရင်များက နယ်ချဲ့ကျူးကျော်ခဲ့သောနယ်မြေအဖြစ် ထင်မှတ်သူကများကြလေသည်။ မိမိလူမျိုးတို့၏ ခိုင်မာသောသမိုင်းကြောင်းဆိုင်ရာ၊ ရာဇဝင်မှတ်တမ်းများကို မျက်ကွယ်ပြုကာ ပြောဆိုရေးသားလာကြရာမှ နောင်မကြာမီသော အနာဂတ်ကာလအရောက်တွင် ဘင်္ဂလီလူမျိုးများ အများစုနေထိုင်ရာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များကိုလည်း အလားတူထင်မှတ်ရေးသား လာကြဦးမည်ကို မြင်ယောင်မိပေသေးသည်။ (ပြုစုသူများ၏စကားချပ်)

၉။ ဦးစံထွန်းအောင်၊ ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်-၁၀

၁၀။ Paire Maestro Fray Seb. Manrique in Arakan (1629-1635)chapter xiv; The Governor of Paroem; p-106

## (စ) ဘူးသီးတောင်မြို့ ဖြစ်တည်လာပုံနှင့် တိုးတက်ပြောင်းလဲမှုများ

ဘူးသီးတောင်မြို့ကို မြို့အဖြစ် မသတ်မှတ်မီက ရွာမဟုတ်သော ရွာအမည်ဖြင့် တည်ရှိခဲ့သည်။ ဤရွာမှာ ခရစ်(၁၈၄၀-၅၀)ခန့်က ယခု ရွာမရွာ၏ အရှေ့ဘက်မိုင်ဝက်ခန့်အကွာ မူလရွာမရွာဟောင်း တည်ရှိခဲ့သည်။

၁၉၀၈ ခုနှစ် ဒီဇင်ဘာလ(၂၉)ရက်စွဲပါ အခွန်ဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၀၀)ဖြင့် ဘူးသီးတောင်မြို့ကို မြို့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ (၁၉၁၁)ခုနှစ်တွင် မြို့ပေါ်၌အိမ်ခြေ (၂၈၁)အိမ်၊ လူဦးရေ (၁၁၂၃)ဦးရှိခဲ့ရာမှ ဘူးသီးတောင်၊ မောင်းတောမီးရထားလမ်း ဖောက်လုပ်ပြီးနောက် မြို့မှာစည်ကားလာကာ အရေးပါလာ၏။ ထိုစဉ်က မြို့ပေါ် လူဦးရေ၏ (၃)ပုံ (၁)ပုံမှာ အိန္ဒိယတိုင်းရင်းသားများဖြစ်ကြ၍၊ ကျန်လူမျိုးများမှာ ရခိုင်လူမျိုးများ ဖြစ်ကြသည်။ ရခိုင်အများစုသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြ၏။ မြို့ပေါ်တွင် နယ်ပိုင်ဝန်ထောက်ရုံး၊ တရားမနှင့် ရာဇဝတ်တရားရုံး၊ စစ်ပုလိပ်စခန်း၊ စာတိုက်နှင့်ကြေးနန်းရုံး၊ နေ့စဉ်ဈေး၊ ရပ်ကွက်တစ်ခု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဘန်ဂလိုတစ်ခု၊ တိုင်းရင်းမြန်မာအလယ်တန်းကျောင်းတစ်ကျောင်း၊ အတွင်းလူနာ(၁၀)ထိ တက်ရောက်ကုသနိုင်သော ဆေးပေးခန်းတစ်ခု တည်ရှိခဲ့သည်။ အာရကန်ဖလိုတီလာကုမ္ပဏီပိုင် မီးသင်္ဘောများသည် စစ်တွေမှ ဘူးသီးတောင်သို့ ပုံမှန်ပြေးဆွဲ၍၊ ထိုမှတဆင့် ကုန်းလမ်းဖြင့် အိန္ဒိယသို့ သွားလာကြသည်။ မယူတောင်ကို ဖြတ်၍ ဖောက်လုပ်ထားသောလမ်းမှတဆင့် အာရကန်ဖလိုတီလာကုမ္ပဏီပိုင် မီးရထားက ဘူးသီးတောင်မြို့နှင့် မောင်းတောမြို့ကို ပြေးဆွဲသည်။

ဘူးသီးတောင်မြို့နယ်သည် ဘူးသီးတောင်ခရိုင်ခွဲရှိ မြို့နယ်(၂)ခုအနက် အရှေ့ဘက်ကျသောမြို့နယ်ဖြစ်၍ မောင်တောမြို့နယ်နှင့် မယူတောင်တန်းက ပိုင်းခြားထားသည်။ ထိုစဉ်က မြို့နယ်ဧရိယာမှာ စတုရန်းမိုင်ပေါင်း(၇၉၆)မိုင်ရှိပြီး လူဦးရေ (၆၃၆၇၉)ဦးရှိသည်။ စတုရန်းတစ်မိုင်လျှင်(၈၀)ဦးကျ နေထိုင်သည်ဟု ဆိုနိုင်၏။

ကုလားပန်းဇင်း ခေါ် မေယုမြစ်ညာပိုင်းမှာ ဤမြို့နယ်အား မြောက်မှတောင်သို့စီးဆင်း၏။ မြို့နယ်၏ အစိတ်အပိုင်း အများစုမှာ တောင်များနှင့် ပြည့်နှက်နေ၏။ တောင်ထူထပ်သောနေရာများ၌ လူနေကျဲ၏။ စိုက်ပျိုးဖြစ်ထွန်းရာ၊ လူနေထူထပ်ရာဒေသမှာ ပန်းဇင်းဖြစ်ဝှမ်းတစ်လျှောက်သာဖြစ်၏။

ခရစ် (၁၈၇၀-၈၀)ခန့်တွင် ကြာညိုပြင်ကျေးရွာမှ ကျွန်းသူဌေး ဆွေမျိုးတစ်စုသည် ဘူးသီးတောင်မြို့သို့ ပြောင်းရွှေ့လာကြပြီး လမ်းမဘုန်းတော်ကြီးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ကြ၏။ ၎င်းသူဌေးများ နေထိုင်ရာရွာကိုလည်း သူဌေးကုန်းဟု ခေါ်ဝေါ်ကြ၏။

မြို့ပုံစံအဖြစ် ဆောက်ကာ အကွက်ချပြီး ရပ်ကွက်ပေါ်ပေါက်လာ၍ မြို့မရပ်ကွက်အဖြစ် ခေါ်ဝေါ်ခြင်းဖြစ်သည်။ ထိုမြို့မရပ်ကွက်ကို အခြေခံပြီး မြို့သစ်၊ မြို့သစ်တောင် စသည်ဖြင့် ရပ်ကွက်များလည်း တိုးချဲ့သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။

၁၉၄၁-၄၂ ခုနှစ် အရောက်တွင်က မြို့ပေါ်၌ ရခိုင်အိမ်ခြေ (၃၄၆)အိမ်၊ ဘင်္ဂလီအိမ်ခြေ (၁၇)အိမ်၊ ဟိန္ဒူအိမ်ခြေ (၅)အိမ်၊ မဏိပူရအိမ်ခြေ (၃၀)အိမ်၊ တရုပ်အိမ်ခြေ (၆)အိမ် ရှိခဲ့သည်။ ထိုစဉ်က တည်ရှိခဲ့သော ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများမှာ လမ်းမကျောင်း၊ သပြေကုန်းကျောင်း၊ မြတောင်ကျောင်းတို့ဖြစ်၏။ အမှတ်(၃)ရပ်ကွက်တွင် ဗလီတစ်ခုရှိသည်။ အမှတ်(၁)ရပ်ကွက်တွင် မဏိပူရကသေးများ ကိုးကွယ်ရာ ဘုရားရှိခိုးကျောင်းတစ်ခု ရှိခဲ့၏။ ယခုအခါ ဦးကာလ်မာလ်နေအိမ်ရာ ပြုလုပ်ရှိ၏။ ဟိန္ဒူလူမျိုး ဘုရားရှိခိုးကျောင်းမြေနေရာတွင် ယခုအခါ ဦးစောမောင် ဗလီအဖြစ်ခေါ်တွင်နေသော ဗလီနေရာတွင် ဖြစ်၏။ ဖဆပလအစိုးရလက်ထက်တွင် ယခုအမှတ်(၄)သပြေကုန်းရပ်ကွက်အနီးတွင် ပြည်တော်သာရွာဟူ၍ တိုးချဲ့ပေးခဲ့သည်။

၁၉၉၀-၉၁ ခုနှစ်တွင် အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်ကို တိုးချဲ့ပြီး မြို့သစ်ချခဲ့သည်၊ (၁၉၉၄)ခုနှစ်သန်းခေါင်စာရင်းအရ ဘူးသီးတောင်မြို့ပေါ်တွင် အိမ်ထောင်စုပေါင်း (၂၇၄၈)ခုနှင့် လူဦးရေသန်းပေါင်း (၁၆၁၇၅)ဦးရှိသည်။ ဘူးသီးတောင်မြို့မှ မောင်းတောမြို့သို့ ကတ္တရာလမ်း (၁၆)မိုင်၊ ဘူးသီးတောင်-တောင်ဘဇာမြေသားလမ်း (၁၂)မိုင်၊ ဘူးသီးတောင်-ကျောက်တော်မြေသားလမ်း(၅၈)မိုင်၊ လက်ဝဲဒက်-ငကျဉ်တောက်မြေသားလမ်း (၆)မိုင်(၄)ဖာလုံကို ဖောက်လုပ်ထားရှိပြီးဖြစ်သည်။ မြို့တွင်းရှိ အဓိကလမ်းများတွင် ကတ္တရာခင်းပြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၀-၁၂-၉၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ဘူးသီးတောင်ခရိုင်ကို ဖွဲ့စည်းခဲ့ရာမှ ဘူးသီးတောင်မြို့သည် ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်လာ၏။ ဘူးသီးတောင်ခရိုင်တွင် ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ ပါဝင်သည်။

**ဘူးသီးတောင်မြို့နယ်ဖြစ်စဉ်သမိုင်း** 

ဘူးသီးတောင်မြို့ပေါ်တွင် ဝန်ကြီးဌာန(၁၉)ခု လက်အောက်ရှိ ဌာနဆိုင်ရာပေါင်း(၃၉)ခုဖြင့် အစိုးရ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် ရှိနေပါသည်။

**ကိုးကားချက်များ**

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဘူးသီးတောင်မြို့နယ်၏ ပါတီမျက်နှာစုံညီ အစည်းအဝေးသို့ တင်သွင်းသည့် မြို့နယ်ပါတီ ယူနစ်အမှုဆောင်ကော်မတီ၏ စည်းရုံးရေးအစီရင်ခံစာ (၂၉-၁-၇၁)

၂။ မြို့နယ်ဖြစ်စဉ်သမိုင်း ပြုစုရေးအဖွဲ့၊ အဖွဲ့ဝင် ဦးဘိုးထွန်းဦး၏ ကိုယ်ပိုင်မှတ်စုများ

၃။ ဘူးသီးတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ အခြေခံကိန်းဂဏန်းများ (၁၉၉၄ ခုနှစ်)

၄။ ဘူးသီးတောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၄-ခုနှစ် အခြေခံကိန်းဂဏန်း စာရင်းဇယားများ ဖော်ပြချက်။

၅။ Burma Gazetteer Akyab Distriet Volume A.

၁။ ဘူးသီးတောင်မြို့နယ် ပါတီယူနစ်၏ ပါတီမျက်နှာစုံညီ အစည်းအဝေးတွင် တင်သွင်းသည့် မြို့နယ်ပါတီယူနစ် အမှုဆောင်ကော်မတီစည်းရုံးရေးအစီရင်ခံစာ၊ စာ-၇

၂။ Burma Gazetteer Akyab District Volume A. P-230-231

## (ဂ) ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများ

ဘူးသီးတောင်မြို့နယ်၏ ကိုးကွယ်ယုံကြည်မှုသည် ရခိုင်ပြည်နယ်၏ ကိုးကွယ်မှုနှင့် ဆက်စပ်နေသည်။ ရခိုင်ရှေးဦးလူအဖွဲ့အစည်းသည် နတ်ကို ကိုးကွယ်ခဲ့ကြ၏။ နေနတ်နှင့်လနတ်တို့သည် အဓိကပင်ဖြစ်၏။ ထို့ကြောင့် အုပ်စိုးသောမင်းတို့သည်လည်း နေမင်း၏အနွယ်တော်၊ လမင်း၏အနွယ်တော်ဟူ၍ ယုံကြည်ကြ၏။ ရခိုင်တတိယဓညဝတီခေတ်တွင် သူရိယနှင့် အနွယ်တော်များကို သူရိယဝံသနေမင်း၏ အနွယ်တော်ဟူ၍လည်းကောင်း၊ ယင်းမှတဆက်တည်းဖြစ်သော ဝေသာလီကျောက်လှေကားခေတ် မဟာတိုင်းစန္ဒြားမင်းနှင့် အနွယ်တော်များ (ကျောက်စာ၌ ဒွေင်စန္ဒြားမင်းနှင့် အနွယ်တော်များ)သည် စန္ဒြဝံသလမင်း၏အနွယ်တော်ဟူ၍လည်းကောင်း တွေ့နိုင်၏။[1]

ရခိုင်တတိယ ဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက် (ဘီစီ ၆၀၅-၅၂၈)လက်ထက်တွင် ကိုယ်စားတော်မဟာမုနိကို သွန်းလုပ်ကိုးကွယ်ခဲ့ရာမှ ရခိုင်လူမျိုးတို့သည် ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်လာကြ၏။ ဓညဝတီရခိုင်ပြည်သို့ မြတ်စွာဘုရားသခင်ကြွလာတော်မူစဉ်က ရခိုင်ပြည်တွင် နောင်တည်လတ္တံ့သော ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ အရပ်ဒေသများကို ဗျာဒိတ်မြွက်ဟခဲ့ပေ၏။ ဗုဒ္ဓ၏ဗျာဒိတ်တော်လာအတိုင်း ရခိုင်ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီး (ဘီစီ ၃၁၆-၂၇၂)လက်ထက်တွင် သိရိဓမ္မမင်းကြီး (အသောက)၏လျှောက်ထားချက်အရ အရှင်မဟာတိဿနှင့် အရှင်ဗာကုလ ရဟန္တာမထေရ်နှစ်ပါးတို့သည် ဗုဒ္ဓ၏ကြွင်းကျန်ရစ်သော ဓာတ်တော်(၂၄၇)ဆူကို ရခိုင်ပြည်သို့ ပင့်ဆောင်လာကြ၏။ ထို့နောက် သူရိယစက္ကမင်းကြီးနှင့် မိဖုရားကြီး ရုပီယာတို့က ဘုရားရှင်၏ ဗျာဒိတ်တံဆိတ်ခတ်နှိပ်ရာ အရပ်ဒေသအသီးသီးတွင် ဗျာဒိတ်ဝင်ဓာတ်တော်(၂၄၇)ဆူကို တည်ထားကိုးကွယ်ခဲ့လေ၏။ ထိုဓာတ်တော်ပေါင်း(၂၄၇)ဆူအနက် ဘူးသီးတောင်မြို့နယ်တွင် နားမွေးရင်းတော်ဓာတ်၊ နားလိပ်တော်ဓာတ်၊ (စိုင်းဒင်၊ လောင်းယုံအနီး)လက်ဝဲလက်ဖန်တော်ဓာတ်(အောင်မင်္ဂလာ၊ လက်ဝဲဒက်) ခုံချင်တော်ဓာတ်(ငကျဉ်တောက်) ခါးဆစ်တော်ဓာတ် (ငှက်ပျောချောင်း) လက်ဆစ်တော်ဓာတ်(ကင်းချောင်းအုပ်စု၊ လက်ပံခမီးရွာအနီး) လည်ရိုးတော်ဓာတ် (လောင်းချောင်း)တို့မှာ အပါအဝင်ဖြစ်၏။[2]

ဘုရင်သူရိယစက္ကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဘုရားပုထိုးများကို ရခိုင်ဘုရင် အဆက်ဆက်တို့က ထပ်မံပြုပြင် မွမ်းမံကိုးကွယ်ခဲ့ကြသည်။ သို့ရာတွင် ဗုဒ္ဓ၏တရားတော်လာ သင်္ခါရသဘောကို မလွန်ဆန်နိုင်ရာကား နှစ်ပရိစ္ဆေဒကြာညောင်းခြင်းနှင့်အတူ အချို့ကား အစရှာမရအောင်ပင် ပျက်စီးယိုယွင်းခဲ့လေပြီတည်း။

ရခိုင်လူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များပီပီ ပျက်စီးယိုယွင်းလာသော ဘုရားပုထိုးများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့်အတူ အသစ်အသစ်သောဘုရားပုထိုးများကိုလည်း ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြသည်။ သို့ရာတွင် ၁၉၄၁-၄၂ ခုနှစ် ကုလားရခိုင်အဓိကရုဏ်း ကာလ ဘင်္ဂါလီများ၏ ဖျက်ဆီးမှုကို ခံခဲ့ကြရလေသည်။ အမျိုးဘာသာ၊ သာသနာထွန်းကားတည်တံ့ရေးအတွက် ဗုဒ္ဓဘာသာဝင်တိုင်း ဖော်ထုတ်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ပင် ဖြစ်၏။

ဘူးသီးတောင်မြို့ အရှေ့ဘက် စိုင်းဒင်ချောင်းအနီးရှိ ထုတ်သိမ်(ယခုခေါ် ဒုံးသိမ်)မှာ အမျိုးဘာသာ၊ သာသနာအတွက် အရေးပါလှသည့်အပြင် ဗိသုကာလက်ရာပြောင်မြောက်လှပေသည်။ ဤသိမ်ကား "အိမ်အိုလျှင် ကျားကန်၊ ပြည်အိုလျှင် ထုတ္တန်"ဟူသော နိမိတ်တဘောင်အရ အနောက်ဘက်အကာအဖြစ် ထုတ်သိမ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ သိမ်တော်၏မူလကုသိုလ်ရှင်မှာ ရခိုင်ဘုရင်မင်းဘာကြီး (အေဒီ ၁၅၃၁-၁၅၅၃)ဖြစ်သည်ဆို၏။ ထို့နောက် တန္တဗိုလ်စန္ဒဝိဇယရာဇာ(အေဒီ ၁၉၃၁-၁၆၃၄)လက်ထက် ထပ်မံပြုပြင်မွမ်းမံခဲ့သည်။ တန္တဗိုလ် စန္ဒဝိဇယရာဇာအား ဘုရင်မဖြစ်မီက "ဒုံးညို"ဟူသော အမည်တွင်ခဲ့၏။ ဒုံးညိုက ထပ်မံပြုပြင်ခဲ့ရာမှ "ဒုံးသိမ်"ဟူ၍ အမည်တွင်လာ၏။

ထုတ်သိမ်(ဒုံးသိမ်)၏ ပြိုပျက်ရာမှ ထွက်ကျလာသော ရခိုင်အနုပညာလက်ရာ ဗျာလ်အရုပ်အပိုင်းအစများ၊ ဘုရားဆင်းထုအကျိုးအပဲ့များ၊ နတ်ရုပ်များ၊ ဘီလူးရုပ်များမှာ ရင်ပြင်တော်၌ မြင်မကောင်းအောင် ပြန့်ကြနေ၏။ ထိုသိမ်မှ သိမ်းဆည်းရရှိသောကျောက်စာ(၂)ချပ်ကို မူလက ဘူးသီးတောင်မြို့၊ မြို့မပရိယတ္တိစာသင်တိုက်ကျောင်းဝင်းတွင် သိမ်းဆည်းထားရှိခဲ့၏။ ရခိုင်၊ မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း (ကွယ်လွန်)က သက်ဆိုင်ရာသို့ သိမ်းဆည်းယူဆောင်သွားကြောင်း သိရသည်။

ထိုပြင် ဘူးသီးတောင်မြို့နယ် ဆင်အိုးပြင်ရွာအနီးမှ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်က ရောင်ခြည်တော်ကွန့်မြူးသော ဓာတ်တော်များ တူးဖော်ရရှိခဲ့သည် ဘူးသီးတောင်မြို့ အရှေ့ဘက်(၅)မိုင်အကွာ ကွန်တိုင်ချောင်းဖျားတွင် ရခိုင်ဘုရင်များလက်ထက်က ကျောက်စာများ ရရှိခဲ့သည်။[3] ဘူးသီးတောင်မြို့နယ် စံဂိုးတောင်ကျေးရွာရှိ သုံးဆယ့်တစ်ဘုံစေတီ

တော်မှာ အလွန်ထင်ရှား၏။ မယူမြစ်အနောက်ဘက်ကမ်းရှိ ငှက်ပျော့ချောင်းစေတီ (ခါးဆစ်တော်ဓာတ်)မှာ ထူးခြားသော တန်ခိုးရှိသည်။[၄]

ထိုပြင် သိမ်တောင်၊ သပိတ်တောင်၊ ဘုရားပြင်၊ စေတီတောင်၊ စသောအခေါ်အဝေါ်များသည်လည်း ဘာသာရေးဆိုင်ရာ အထောက်အထားများနှင့် မကင်းဘဲ ဆက်နွယ်ပတ်သက်ကြောင်း တွေ့နိုင်ပေသည်။

**<u>ကိုးကားချက်များ</u>**

၁။ ဦးစံထွန်းအောင်၊ ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်

၂။ ဦးအောင်သာဦး၊ ရခိုင်ရာဇဝင်ယဉ်ကျေးမှုနှင့် သုတေသီတို့၏အတွေးအမြင်

၃။ ဦးစက္ကိန္ဒ၊ ပြည်တွင်းမကိုဋ်ဓာတ်ဦးရာဇ်ဘုရားသမိုင်း

၄။ ဘူးသီးတောင်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ ဘူးသီးတောင်မြို့နယ်မှတ်တမ်း(၁၉၈၁)ခုနှစ်၊

---

၁။ ဦးအောင်သာဦး၊ ရက္ခိုင်ရာဇဝင်ယဉ်ကျေးမှုနှင့် သုတေသီတို့၏ အတွေးအမြင် စာ-၇

၂။ ဦးစက္ကိန္ဒ၊ ပြည်တွင်းမကိုဋ်ဓာတ်ဦးရာဇ် ဘုရားသမိုင်း၊ စာ-၆၃-၇၂

၃။ ဦးစံထွန်းအောင်၊ ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်၊ စာ-၁၁

၄။ မြို့နယ်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့၊ ဘူးသီးတောင်မြို့နယ်မှတ်တမ်း (၁၉၈၁)၊ စာ-၄။

# အခန်း(၃)
# လူမျိုးများနှင့် လူဦးရေ

ဘူးသီးတောင်မြို့နယ်သည် ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်လူနေမှုအဖွဲ့အစည်း အခြေချနေထိုင်ခဲ့ရာ ဒေသဖြစ်သည်။ စစ်တန်းတင်မြို့၊ ကျောဉ်တောက်မြို့၊ စိမ့်ညှင်းပြားမြို့၊ ညောင်ချောင်းမြို့ စသည်ဖြင့် မြို့ပြများတည်ထောင်ခဲ့ပြီး ရပ်ရွာများစွာ ဖြစ်ထွန်းခဲ့သည်။ ရခိုင်များနှင့်အတူ ဒိုင်းနက်၊ မြို၊ သက်၊ ခမီး၊ မရာမာကြီး၊ စသောတိုင်းရင်းသားမျိုးနွယ်များသည် ဤမြို့နယ်တွင် အေးအတူ ပူအမျှ နေထိုင်ခဲ့ကြသည်။

ခရစ်(၁၇၈၄)ခုနှစ်တွင် အမရပူရပြည်ရှင် ဘုရင်ဘိုးတော်ဘုရားသည် ရခိုင်ပြည်ကို သိမ်းပိုက်ပြီးနောက် မြန်မာဘုရင်များလက်ထက်တွင် မြို့ဝန်များ၊ အုပ်ချုပ်မှု နှစ်ပေါင်း(၄၀)ကြာညောင်းခဲ့ရ၏။ ထိုကာလအတွင်း ပြည်တွင်းမငြိမ်သက်မှု၊ ဆူပူသောင်းကျန်းမှု၊ နှိမ်နင်းမှုများကြောင့် လူအများအပြား သေဆုံးခြင်း၊ အရှေ့အိန္ဒိယကုမ္ပဏီပိုင်စိုးရာဒေသသို့ ထွက်ပြေးတိမ်းရှောင်ခြင်းများ ရှိခဲ့ကြသည်။ ထို့ကြောင့် မြို့များ၊ ရပ်ရွာများ၊ အများအပြား ပျက်ပြားခဲ့ရသည်။

ခရစ်(၁၈၄၀)ခန့်တွင် "ခေတ်ပျက်ကာလ၌ မိမိတို့နိုင်ငံ(ရခိုင်ပြည်နယ်)မှ ထွက်ပြေးခဲ့ကြပြီး စစ်တကောင်းခရိုင်တောင်ပိုင်း၊ စစ်တကောင်းကမ်းခြေကျွန်းများနှင့် ဘင်္ဂလားအဝကျွန်း၌ နေထိုင်ခဲ့ကြသူတို့၏ အဆက်အနွယ်များစွာတို့သည် ရခိုင်ပြည်နယ်သို့ တဖြည်းဖြည်း ပြန်လာကြသည်။ အရှေ့မုတ်သုန်လေတိုက်ခတ်ချိန်တွင် လှေကြီးများသည် မိမိတို့၏ ရှိစုရှိမြဲဝန်စည်စလယ်များနှင့်အတူ လိုက်ပါလာကြသော ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များ ပြည့်လျှက်လာကြသည်ကို မြင်နိုင်ပါသည်။ ၎င်းလှေတို့သည် ဘင်္ဂလားအော်အရှေ့ဘက်ကမ်းခြေတလျှောက် တောင်ဘက်သို့ ဦးတည်၍ လွန်ခဲ့သော နှစ်ပေါင်း သုံးလေးဆယ်က မိဘများ စွန့်ခွာခဲ့သော ဇာတိမြေသို့ ပြန်လာကြသူများကို ပို့ရန်လာကြခြင်း ဖြစ်ပေသည်"။ ဟူ၍ ဆာအာသာဖေယာ(Sir Arthar Fhayre)က မှတ်တမ်းတင်ခဲ့သည်။[၁]

ထိုမှတဆင့် ကျေးရွာများ ပြန်လည်အခြေချနေထိုင်ခဲ့ကြရာ ဘူးသီးတောင်မြို့နယ်၏ဧရိယာ (၉၀၈)စတုရန်းမိုင်တွင် (၁၉၀၁)ခုနှစ်က လူဦးရေ (၆၀၀၇၈) ဦးရှိလာရာမှ (၁၉၁၁)ခုနှစ်အရောက်တွင် မြို့နယ်ဧရိယာ(၇၉၆)စတုရန်းမိုင်တွင် လူဦးရေ (၆၁၆၇၉)ဦးထိ တိုးတက်လာခဲ့သည်။[၂]

၁၉၀၅ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်၌ ဘင်္ဂလီလူမျိုးများ ဝင်ရောက်နေထိုင်သော ရွာပေါင်း(၁၁)ရွာရှိသည်။ ၎င်းတို့မှာ-

(၁) ခြင်းသမား
(၂) တပ်မင်းချောင်း
(၃) လက်ဝဲဒက်ပြင်ရှည်
(၄) ကကျဘက်
(၅) နန်းရာကုန်း
(၆) မောင်နှမ
(၇) လက်သာရွာ
(၈) စိမ့်ညှင်းပြား
(၉) ဒိုးတန်း (ဘုရားပြင်)
(၁၀) ဂူတာပြင်
(၁၁) သိမ်တောင် တို့ဖြစ်ကြသည်။[၃]

စစ်ဒဏ်ကြောင့် ရခိုင်ပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့သော ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာသည့်အခါ မိမိတို့၏ မိဘဆွေမျိုးများ အခြေစိုက်ရာ မူရင်းအရပ်ဒေသများသို့ မရောက်ကြတော့ဘဲ ရေကြည်ရာမြက်နုရာတွင်သာ အခြေချခဲ့ကြသည်။ အထူးသဖြင့် ရမ်းဗြဲကျွန်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသူများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နီးစပ်ရသာမြို့နယ်အသီးသီးတွင် နေထိုင်ခဲ့ကြ၏။ မယူကမ်းတလျှောက်တွင် ရမ်းဗြဲကျွန်းသား အဆက်အနွယ်များစွာကို တွေ့နိုင်သည်။ ထို့အတူ မူရင်းရခိုင်ရပ်ရွာများတွင်လည်း ဘင်္ဂလီလူမျိုးများက အခြေချခဲ့သည်ကို တွေ့ရ၏။ မူရင်း ရခိုင်ကျေးရွာများဖြစ်ကြောင်း ထိုရွာများရှိ ဘုရားစေတီ ပုထိုး၊ သိမ်၊ ကျောင်းများတည်ရှိနေခြင်းက သက်သေခံလျှက်ရှိသည်။

ဘူးသီးတောင်မြို့နယ်တွင် ဘင်္ဂလီလူမျိုးများ ဝင်ရောက်နေထိုင်ပြီး ရွာကို အခြားမှတ်တမ်းတစ်ခု၌ ဤသို့ဖော်ပြထားသည်ကို တွေ့ရပြန်သည်။[၄] ၎င်းတို့မှာ

(၁) ဘဒကား
(၂) ခွဆုံ
(၃) မီးကျောင်းဈေး
(၄) ဖောင်တော်ပြင်
(၅) ဘုရားပြင် (ဒိုးတန်း)
(၆) ဖုံညိုလိပ်
(၇) စံဂိုးထောင်
(၈) စိမ့်ညှင်းပြား
(၉) စူးတောင်
(၁၀) တပ်မင်းချောင်း
(၁၁) သိန်တောင်
(၁၂) စေတီတောင် တို့ဖြစ်ကြသည်။

ဘူးသီးတောင် မြို့နယ်တွင် (၁၉၂၂)ခုနှစ် သန်းခေါင်းစာရင်းအရ ရွာပေါင်း(၉၄)ရွာ၊ အိမ်ခြေ(၆၄၃၀၀)အိမ်၊ လူဦးရေ (၇၈၄၉၇)ဦးရှိသည်။ လူဦးရေများအနက် ဗုဒ္ဓဘာသာ (၂၉၅၄၉)ဦးရှိပြီး မူဆလင်ဘာသာ(၄၂၈၅၄)ဦးရှိကြောင်း၊ ဖော်ပြထားသည်။[၅] မူဆလင်ဘာသာဝင် ဘင်္ဂလီများမှာ ဘူးသီးတောင်မြို့နယ်၌ အတည်တကျ အခြေစိုက်နေထိုင်ကြသူများ မဟုတ်ဘဲ လယ်ကူလီလုပ်ရန် လာရောက်သူများကို သန်းခေါင်စာရင်း ကောက်ယူရာ၌ ထည့်သွင်းပါဝင်သွားခြင်းဖြစ်သည်။[၆] သန်းခေါင်စာရင်းကောက်ယူရာတွင် ရွာသိမ်ရွာငယ်များကို ထည့်သွင်းရေတွက်ခဲ့ဟန် မတူပေ။

ဘူးသီးတောင်မြို့နယ်တွင် ဒုတိယကမ္ဘာစစ်မတိုင်မှီက ကျေးရွာအုပ်စု (၇၈)အုပ်စုနှင့် ကျေးရွာပေါင်း(၃၁၈)ရွာရှိခဲ့သည်။ သို့သော် အချို့ကျေးရွာများမှာ အခြေအနေအမျိုးမျိုးကြောင့် ပြိုပျက်ခဲ့ပြီးနောက် (၁၉၄၂)ခုနှစ် ပတ်ဝန်းကျင်စစ်ကြိုခေတ်တွင် တိုင်းရင်းသား ရခိုင်ရွာ (၂၂၄)ရွာနှင့် နိုင်ငံခြားသား ဘင်္ဂလီကျေးရွာပေါင်း (၄၂)ရွာ ရှိခဲ့သည်။[၇]

သို့ရာတွင် တခြားမှတ်တမ်းတစ်ခု၌မူ ၁၉၄၁-၄၂ ခုနှစ်ဝန်းကျင်က ရခိုင်နှင့်တိုင်းရင်းသားမျိုးနွယ်ရွာပေါင်း (၃၂၄)ရွာ၊ ဘင်္ဂလီရွာပေါင်း(၄၂)ရွာရှိကြောင်း ဖော်ပြထားသည်။[၈] ထိုမှတ်တမ်းအရ ရခိုင်နှင့်တိုင်းရင်းသားမျိုးနွယ်စုဝင်ကျေးရွာများ၊ ဘင်္ဂလီကျေးရွာများစာရင်းကို နောက်ဆက်တွဲ(က)တွင် ပူးတွဲဖော်ပြထားပါသည်။

၁၉၄၀-၄၁ ခုနှစ်တွင် ဘူးသီးတောင်မြို့ကို ရပ်ကွက်များအဖြစ် ခွဲခြားသတ်မှတ်ခဲ့ရာ ရပ်ကွက်တစ်ခုစီတွင် လူမျိုးအလိုက် အိမ်ခြေအလိုက် နေထိုင်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့နိုင်သည်။

| စဉ် | ရပ်ကွက်အမည် | အိမ်ခြေပေါင်း | | | | | |
|---|---|---|---|---|---|---|---|
| | | ရခိုင်လူမျိုး | ဘင်္ဂလီလူမျိုး | ဟိန္ဒူလူမျိုး | မဏိပူရကသည်း | တရုပ် | မှတ်ချက် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | အမှတ်(၁)အနောက်ရပ်ကွက် | ၂၅ | ၇ | - | - | - | အောက်တွင် အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။ |
| ၂ | အမှတ်(၂)မြို့မရပ်ကွက် | ၁၀၀ | ၂ | ၃ | ၃၀ | - | |
| ၃ | အမှတ်(၃)မြို့သစ်ရပ်ကွက် | ၈၀ | - | ၂ | - | ၆ | |
| ၄ | အမှတ်(၄)သပြေကုန်းရပ်ကွက် | ၅၀ | ၈ | - | - | - | |
| ၅ | အမှတ်(၅)တောင်ခြေရပ်ကွက် | ၁ | - | - | - | - | |
| ၆ | အမှတ်(၆)မြို့သစ်တောင်ရပ်ကွက် | ၅၀ | - | - | - | - | |
| ၇ | အမှတ်(၇)မီးရထားဆိပ်ရပ်ကွက် | ၄၀ | - | - | - | - | |
| | မြို့ပေါ်အိမ်ခြေစုစုပေါင်း | ၃၄၆ | ၁၇ | ၅ | ၃၀ | ၆ | |

**မှတ်ချက်**

(၁) **အမှတ်(၁)ရပ်ကွက်ရှိ ဘင်္ဂလီအိမ်ထောင်စုများမှာ-**

၁။ ယာကုပ်(ဘ) ဟူဆဖန်နာလီ(ယခုအနောက်ပြင်ပိုက်ဆိပ်)၊ ၂။ ဟူဆပန်နာလီ(ဘ)မသိ(ယခုအနောက်ပြင်ပိုက်ဆိပ်) ၃။ ရှော့မူလုပ်(ဘ)မသိ(ယခုစစ်တွေကုတင်ပိုက်ရွာ) ၄။ မဟာမတ်(ဘ) ဂူရာများ၊ နယ်ပိုင်ရုံးပျာတာ (ဦးမောင်ကြီး၊ သ/မဦးစီး၄၁၁န၏ဖခင်)၊ ၅။ အဒူလာကိန်း(ဘ) မသိ၊ စစ်တကောင်းသို့ပြန်၊ ၆။ အဒူဇော်လီ(ဘ)မသိ၊ တရားရုံးပျာတာ(ဦးစောမောင်အဘိုး)။ ၇။ အဒူရော်ရှိတ်(ဘ) မသိ၊ မြေတိုင်းရုံးပျာတာ(နော်ဇီအာမတ်ဖခင်)၊

(၂) **အမှတ်(၂) မြို့မရပ်ကွက်ရှိ ဘင်္ဂလီအိမ်ထောင်စုများမှာ-**

၁။ ယာဆောင်းနာလီ(ဘ)မသိ၊ ဗိုလ်တဲစောင့်(ရှုနာများ၊ ပျာတာ၏ဖခင်)၊ ၂။ ဟာမိဒါလီ(ဘ)၊ အုတ်ပန်းရံ အလုပ်သမား၊ ဟိန္ဒူလူမျိုးများမှာ၊ ၁။ ဒေါ်ရာကာ(ဘ)မသိ၊ ၂။ ဆာဒူး (ဘ)မသိ။ ၃။ ဇာမာကီ(ဘ) မသိ (စစ်တကာင်းသို့ပြန်)။

(၃) **အမှတ်(၃) မြို့သစ်ရပ်ကွက်တွင်း ဘင်္ဂလီအိမ်ထောင်စုမရှိပါ။**

ဟိန္ဒူအိမ်ထောင်စုမှာ ၁။ နော်ဘိန်စန္ဒရော(ဘ)မသိ၊ ၂။ ဘိရှိနော်(ဘ)မသိ (စစ်တကောင်းသို့ပြန်)။

(၄) **သပြေကုန်းရပ်ကွက်၊ အမှတ်(၄) ရှိ ဘင်္ဂလီအိမ်ထောင်စုများမှာ-**

၁။ လာလ်ဇင်(ဘ)မသိ(ယခုစစ်တွေ)၊ ၂။ ရှော့မူလုပ်(ဘ) မသိ၊ လျှောက်လွှာစာရေး (ဦးထွန်းတင်အဘိုး)၊ ၃။ ဆွေဒေါ်ရော်မန်(ဘ)မသိ၊ (အလကကျောင်းပျာတာ)၊ (သေပြီး)၊ ၄။ မော်နီအူလာ (ဘ)မသိ၊ သဘော်ဆိပ်ရပ်ကွက်၊ (သေပြီ)၊ ၅။ ရှားရှာ(ဘ)မသိ၊ သဘော်ဆိပ်ရပ်ကွက် (သေပြီး) ၆။ အီမာန်ရှော်ရီ(ဘ) မသိ(စစ်တကောင်းသို့ပြန်)၊ ၇။ လော်ချောတာလီလီ(ဘ)မသိ(စစ်တကောင်းသို့ပြန်)၊ ၈။ ဇော်တော်ရာလီ(ဘ)မသိ။ (သေပြီ)။

(၅) **အမှတ်(၅) တောင်ခြေရပ်ကွက်ရှိ ဘင်္ဂလီအိမ်ထောင်စုများမှာ**- မရှိပါ။

(၆) **အမှတ်(၆) မြို့သစ်တောင်ရပ်ကွက်ရှိ ဘင်္ဂလီအိမ်ထောင်စုများမှာ**- မရှိပါ။

(၇) **အမှတ်(၇) သဘော်ဆိပ်ရပ်ကွက်ရှိ ဘင်္ဂလီအိမ်ထောင်စုများမှာ**- မရှိပါ။

ထိုပြင်မိသားစု (အိမ်ထောင်စုမပါဘဲ တကိုယ်တည်းလာရောက်ကာ ဈေးဆိုင်ရောင်းခြင်းဖြင့် စီးပွားရှာနေကြသည့် ဟိန္ဒူလူမျိုးများမှာ အမှတ်(၂)ရပ်ကွက်တွင် (၁၀၀)ဦးခန့်၊ အမှတ်(၃)ရပ်ကွက်တွင် (၂၀)ဦးခန့်နှင့် အမှတ်(၇)ရပ်ကွက်တွင် (၁၀)ဦးခန့် စုစုပေါင်း(၁၃၀)ခန့် နေထိုင်ခဲ့ကြပါသည်။ ၎င်းတို့သည် ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီ (၁၉၄၁)ခုနှစ်ကပင် စစ်တကောင်းသို့ ပြန်ခဲ့ကြပါသည်။[၉]

၁၉၄၂ ခုနှစ်တွင် ကုလားရခိုင်အဓိကရုဏ်း ဖြစ်ပွားခဲ့ရာ ဘူးသီးတောင်မြို့နယ်ရှိ ရခိုင်နှင့်တိုင်းရင်းသားမျိုးနွယ် စုဝင် ကျေးရွာအားလုံးနီးပါးလိုလို ဖျက်ဆီးခံခဲ့ရသည်။ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးအားလုံး မြေလှန်ဖျက်ဆီးခြင်း ခံခဲ့ရသည်။ ရခိုင်နှင့်တိုင်းရင်းသားမျိုးနွယ်များ၊ များစွာအသတ်ခံခဲ့ကြရသည်။ အသက်ဘေးကို ကြောက်လန့်၍ ဘူးသီးတောင်မြို့နယ်မှ နီးစပ်ရာ မြို့နယ်များဖြစ်ကြသော ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြို့နယ်များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

စစ်ပြီးခေတ် နောက်ပိုင်းတွင် ဗြိတိသျှအစိုးရက ရခိုင်နှင့်တိုင်းရင်းသားတို့အား ဘူးသီးတောင်မြို့နယ်တွင် ပြန်လည်နေရာချထားပေးခဲ့သည်။ သို့ရာတွင် ရခိုင်နှင့်တိုင်းရင်းသားမျိုးနွယ်အားလုံး မိမိတို့ရပ်ရွာများသို့ ပြန်လည်အခြေချနိုင်ခြင်းမရှိကြတော့ချေ။

ထို့ကြောင့် ရခိုင်နှင့်တိုင်းရင်းသားလူမျိုးနွယ်များ မူလနေထိုင်ခဲ့ရာ ကျေးရွာများတွင် ဘင်္ဂလီလူမျိုးများသာ ဝင်ရောက်နေထိုင်လာကြောင်း တွေ့ရသည်။ ရခိုင်နှင့် တိုင်းရင်းသားမျိုးနွယ်များ၏ မူလနေထိုင်ရာကျေးရွာများတွင် ဘင်္ဂလီများဝင်ရောက် အခြေစိုက်ပြီးစာရင်းကို နောက်ဆက်တွဲ(ခ)တွင် ပူးတွဲဖော်ပြထားပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အား ဖဆပလအဖွဲ့က အုပ်ချုပ်ခဲ့၏။ ဘူးသီးတောင်မြို့နယ်တွင် ဖဆပလဥက္ကဋ္ဌအဖြစ် ဦးစံထွန်းအောင်က ဆောင်ရွက်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲတွင် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ရွာသား ဘင်္ဂလီလူမျိုး မစ္စတာဘော်ရှော်တမာလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထိုသို့ ဖဆပလအင်အားတောင့်တင်းချိန်တွင် (၁၉၅၅-၅၆)ခုနှစ်တွင် ဘူးသီးတောင်မြို့ပေါ်၌ ရတည အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရတညအဖွဲ့သည် ရခိုင်ပြည်နယ်ရရှိရေးကို အကြောင်းပြု၍ စည်းရုံးရာမှ အင်အားတောင့်တင်းလာခဲ့သည်။

ထို့ကြောင့် ဖဆပလအဖွဲ့နှင့် ရတညအဖွဲ့တို့အကြား နိုင်ငံရေးစည်းရုံးမှုတွင် ထိပ်တိုက်တိုးခဲ့ဟန် တူပေသည်။ ဖဆပလအဖွဲ့က ရတနညအဖွဲ့အပေါ် သဘောထားခံယူချက်နှင့်ပတ်သက်၍ ဦးစံထွန်းအောင်က ဤသို့ဖော်ပြခဲ့သည်။

"ထို့ပြင် (၁၉၅၂)ခု နောက်ပိုင်းတွင် ပြည်နယ်လိုလားသော လူစုပါလီမန်ရွေးကောက်ပွဲ၌ ဝင်ရောက်အရွေးခံစဉ် နေရာအတန်ငယ်အသာဖြင့် စစ်တွေခရိုင်အတွင်း လှည့်လည်စည်းရုံးလေသည်။ ဘူးသီးတောင်မြို့နယ်သို့လည်း ရောက်ခဲ့ကြလေသည်။ ဤအမတ်တစ်စုသည် နောင်ကို ပြည်နယ်ရရှိရေးကို ပြ၍ စည်းရုံးရာအင်အားတောင့်လာသည်။ ဖဆပလအဖွဲ့နှင့် ယှဉ်ပြိုင်အရွေးခံရာ ဖဆပလရှုံးသည်အထိ ထောင်လာသည်။ သို့အတွက် သူတို့သည် နိုင်ငံရေး ပါတီတစ်ရပ်အနေဖြင့် ထူထောင်လာကြလေသည်။ သို့သော် သူတို့တွင် နိုင်ငံရေးဝါဒလုံးဝမရှိ၊ လုပ်ငံ့ခြင်း မရှိ၊ ပြည်နယ်လိုလားမှုသက်သက်ဖြင့် ဖွဲ့စည်းထူထောင်လာလေသည်။ ထို့ကြောင့် ရခိုင်အနည်းငယ်နှင့်သာ ဖွဲ့စည်းရပေသည်။ မူဆလင်များကိုမူ လုံးဝလက်မခံကြချေ။ တနေ့၌ စစ်တွေမြို့မှ ရတညခေါင်းဆောင် လူချမ်းသာကြီးများ ရောက်လာကြ၍ ပြည်နယ်လိုလားကြောင်း ဆန္ဒပြကြလေသည်။ ထိုသူတို့နှင့်တချိန်တည်း အရင်းရှင်၊ မြေပိုင်ရှင်အုပ်စိုးသော ပြည်နယ်အလိုမရှိဟု ဖဆပလနှင့် ဗတလစအဖွဲ့တို့က တန်ပြန်ဆန္ဒပြကြလေသည်။ သို့ရာတွင် ရန်ဖြစ်ပွားဆူပူခြင်းမရှိ၊ မိမိလိုအင်ဆန္ဒကို မိမိတို့ ပြကြလေသည်။

ရတညသည် နောက်ပိုင်းတွင် ထင်ထင်ပေါ်ပေါ် ဖဆပလနှင့် ဆန့်ကျင်ဝါဒဖြန့်မှုကို မပြုတော့ပဲ ငြိမ်ငြိမ်သက်သက် စည်းရုံးကြလေသည်။ ရတညအဖွဲ့တွင် နိုင်ငံရေးသမားလုံးဝမပါ။ ပြည်နယ်လိုလားသူ၊ အရင်းရှင် ဓနရှင်များကို ကပ်ခိုလိုသူ၊ အရင်းရှင်လယ်ပိုင်ရှင်ကိုယ်စားလှယ်များသာလျှင် ခေါင်းဆောင်ခဲ့ကြလေသည်။"[၁၀]

ထိုစဉ်က အာဏာရ ဖဆပလအဖွဲ့တွင် ဦးခင်မောင်လတ်(အဒူလတစ်)နှင့် ဦးရာရှစ်တို့မှာ ဝန်ကြီးများ ဖြစ်ကြသည်။ ဦးခင်မောင်လတ်သည် တရားရေးဝန်ကြီးအဖြစ်ဖြင့် နိုင်ငံသားကိစ္စ၊ လူဝင်မှုကိစ္စများ၏ အပြီးသတ်အဆုံးအဖြတ်ပေးနိုင်သော အာဏာပိုင်ဖြစ်လေသည်။

ထို့ကြောင့် ဖဆပလအစိုးရသည် ရတညအဖွဲ့တွင် ပါဝင်ခွင့်မရှိနိုင်သော စစ်တကောင်းသား ဘင်္ဂါလီလူမျိုးအမြောက်အများကို ရခိုင်ပြည်နယ်သို့ ဝင်ရောက်စေခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသား တိုင်းရင်းသားများသာ ရပိုင်ခွင့်ရှိသော ဆန္ဒမဲပေးပိုင်ခွင့် ရှိစေရန် မှတ်ပုံတင်ကပ်ပြားနှင့်အိမ်ထောင်စုစာရင်းကို ချက်ချင်းထုတ်ပေးစေခဲ့သည်။

၁၉၄၂ ခုနှစ် ကုလားရခိုင် အဓိကရုဏ်း ကာလတွင် တွေ့ကြုံခံစားကြရသော တိုင်းရင်းသားတို့အား ဘင်္ဂါလီလူမျိုးများ အစုလိုက် အပြုံလိုက် ဝင်ရောက်လာသည်ကို အထိတ်တလန့်ဖြစ်စေကာ "ရခိုင်ပြည်နယ်" ရရှိရေးအတွက် ဦးဆောင်စည်းရုံးနေသော ရတညအဖွဲ့အား အဟန့်အတား ဖြစ်စေရန်နှင့် မိမိပါတီ အနိုင်ရရှိရေးအတွက် ဆန္ဒမဲပေးနိုင်ရန် ရည်ရွယ်ခဲ့ဟန် တူပေသည်။

ထို့ကြောင့် ဘူးသီးတောင်မြို့နယ်တွင် ဖဆပလ အစိုးရလက်ထက်၌ ဘင်္ဂါလီလူမျိုးများ ဝင်ရောက်အခြေစိုက်ခဲ့ကြပါသည်။ ဖဆပလအစိုးရလက်ထက် ဝင်ရောက်ခဲ့ကြသော ဘင်္ဂါလီကျေးရွာများကို နောက်ဆက်တွဲ(ဂ)တွင် ပူးတွဲဖော်ပြထားပါသည်။

ဤသို့ဖြင့် ဘင်္ဂါလီလူမျိုးများသည် ဘူးသီးတောင်မြို့နယ်တွင် တစတစ လူဦးရေတိုးပွားလာရာ မြို့ပေါ်နှင့် ကျေးလက်တောရွာများ၌ ဖွားသေစာရင်းကို ပြုလုပ်ထားမှုမရှိခြင်း ၎င်းတို့၏ဆန္ဒအတိုင်း မြို့နယ်တစ်မြို့နယ်မှ တစ်မြို့နယ်သို့သော်လည်းကောင်း၊ တစ်ရွာမှတစ်ရွာသို့သော်လည်းကောင်း၊ သွားလာနေထိုင်လှုပ်ရှားခွင့်ရရှိခြင်း၊ မြို့နယ်၏နယ်နိမိတ်မှာလည်း တစ်ဘက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ နှစ်စဉ်လိုလိုပင် ဘင်္ဂါလီကျေးရွာများ ရွာသစ်တည်ထောင်ခြင်းတို့ ရှိခဲ့ကြပေသည်။

ထိုမှတဆင့် ဘင်္ဂါလီလူမျိုးများသည် ဖဆပလအစိုးရက ထုတ်ပေးခဲ့သော အမျိုးသားမှတ်ပုံတင်အမှတ်ကို ကိုင်ဆောင်ကာ မြန်မာနိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိသွားကြလေသည်။ မြန်မာနိုင်ငံ၊ ရန်ကုန်၊ မန္တလေး၊ ပြည်၊ တောင်ကြီး၊ မော်လမြိုင်စသော မြို့ကြီးများတွင် အခြေစိုက်နေထိုင်လျက်ရှိသည့် မူဆလင်ဘာသာဝင်များမှာ ဘူးသီးတောင်မြို့နယ်နှင့် မောင်းတောမြို့နယ်များရှိ ဘင်္ဂါလီလူမျိုးများနှင့် ဆက်နွယ်မှုမကင်းကြောင်း သိသာနိုင်ပေသည်။

ထို့ကြောင့် လက်ရှိ (၁၉၉၄)ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်၌ နေထိုင်ကြသည့် ရခိုင်နှင့် တိုင်းရင်းသားမျိုးနွယ် အိမ်ထောင်စု၊ လူဦးရေများ၊ ဘင်္ဂါလီအိမ်ထောင်စု၊ လူဦးရေများကို ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် နှိုင်းယှဉ်လေ့လာနိုင်ရန် နောက်ဆက်တွဲ (ဃ)တွင် ပူးတွဲဖော်ပြထားပါသည်။

## ကိုးကွယ်ယုံကြည်မှု

### (၁) ဗုဒ္ဓဘာသာ

ဘူးသီးတောင်မြို့နယ်သည် ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်နှင့် တိုင်းရင်းသားမျိုးနွယ်ဝင် လူမျိုးများ အခြေစိုက်နေထိုင်ခဲ့ကြသည်။ တတိယဓညဝတီခေတ်ကပင် ဗုဒ္ဓ၏ဗျာဒိတ်တော်လာ ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပါယ်လျက်ရှိခဲ့သည်။ ဤမြို့နယ်တွင် ဗုဒ္ဓသာသနာတော်သည် နေလပမာ ထွန်းပြောင်ခဲ့သည်။ မြို့နယ်အနှံ့အပြား၌ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ ပြည့်နှက်လျက်ရှိခဲ့သည်။

၁၉၄၁-၄၂ ခုနှစ် ဖြစ်ပွားခဲ့သော ကုလားရခိုင်အဓိကရုဏ်းနှင့် (၁၉၅၀)ဝန်းကျင်က ပေါ်ပေါက်ခဲ့သော မူဂျာဟစ်သောင်းကျန်းမှုကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းရင်းသား ကျေးရွာအများအပြား ပျက်ပြားခဲ့ရ၏။ ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်အားလုံးလိုလို ဖျက်ဆီးခံခဲ့ကြရသည်။

ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ကုလားရခိုင် အဓိကရုဏ်းမတိုင်မီကာလက တည်ရှိခဲ့ကြသော ဘုရား၊ ကျောင်းကန်၊ စေတီ၊ သိမ်၊ စာရင်းများကို နောက်ဆက်တွဲ (င)တွင် ပူးတွဲဖော်ပြထားပါသည်။

နယ်မြေအေးချမ်းသာယာပြီး နောက်ပိုင်းတွင်လည်း ဘူးသီးတောင်မြို့နယ်အတွင်း ပျက်စီးခဲ့ရသော တိုင်းရင်းသားကျေးရွာများ၊ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများကို အပြည့်အဝ ထပ်မံပြုပြင်တည်ဆောက်နိုင်မှု မရှိသေးကြောင်းတွေ့ရပါသည်။

လက်ရှိ ၁၉၉၄ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်အတွင်း တည်ရှိကြသော ဘုန်းတော်ကြီးကျောင်းများ၊ ရဟန်း၊ သာမဏေများစာရင်းကို နောက်ဆက်တွဲ(စ)တွင် ပူးတွဲဖော်ပြထားပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ဘူးသီးတောင်မြို့နယ်သည် နယ်မြေလုံခြုံမှုပိုမိုကောင်းမွန်လာခဲ့သည်။ ဗုဒ္ဓသာသနာတော်ကို အားပေးချီးမြှောက်မှုပြုခဲ့ရာမှ ပျက်စီးခဲ့ရသော ရှေးဟောင်းစေတီပုထိုးများကို အသစ်ထပ်မံတည်ထား ကိုးကွယ်မှုများ ရှိခဲ့သည်။ ထို့ကြောင့် ဘူးသီးတောင်မြို့နယ်ရှိ ပြန်လည်တည်ထားကိုးကွယ်နိုင်သော ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓသာသနိက အဆောက်အဦးများ၊ စာရင်းကို နောက်ဆက်တွဲ(ဆ)တွင် ပူးတွဲဖော်ပြထားပါသည်။

### (၂) အီစ္စလာမ်ဘာသာ

ဘူးသီးတောင်မြို့နယ်သည် အီစ္စလမ်ဘာသာဝင် ဘင်္ဂလီလူမျိုးများ အများစုနေထိုင်ရာ မြို့နယ်တစ်ခုဖြစ်၏။ ဘင်္ဂလီလူမျိုးများ၏ အီစ္စလာမ်ဘာသာဆိုင်ရာ ကိုးကွယ်ဝပ်ပြုရာ ဗလီများစွာရှိသည်။ မြို့နယ်တစ်ခုလုံးရှိ ဗလီအရေအတွက် စုစုပေါင်းစာရင်းကို နောက်ဆက်တွဲ(ဇ)တွင် ပူးတွဲဖော်ပြထားပါသည်။

ထို့အပြင် အီစ္စလာမ်ဘာသာ အဆုံးအမကို သင်ကြားပို့ချရာ အာရ်ဘီစာသင်ကျောင်းကြီး*(၂၂)ကျောင်းနှင့် ကျောင်းငယ်*(၁၇၉)ကျောင်း၊ စုစုပေါင်း (၂၀၁)ကျောင်းရှိ၏။ အာရ်ဘီစာသင်ပြဆရာပေါင်း (၁၄၉)ဦး ရှိကြောင်း သိရသည်။[၁]

ဗလီများကို ဗလီကြီး၊ ဗလီငယ်ဟူ၍ ခွဲခြားသတ်မှတ်ထားရှိသည်။ ဗလီကြီးဆိုသည်မှာ သောကြာနေ့ မွန်းလွဲချိန်စုပေါင်းဝပ်ပြုခွင့်ရှိသော (ဂျမာ)ဗလီဖြစ်ပြီး ဗလီငယ်ဆိုသည်မှာ နေ့စဉ်(၅)ကြိမ်ဝပ်ပြုပြီး သောကြာနေ့ မွန်းလွဲချိန်ဝပ်ပြုခွင့်မရှိသော ဗလီပင်ဖြစ်သည်။

*အာရ်ဘီစာသင်ကျောင်းကြီးဆိုသည်မှာ အီစ္စလာမ်ဘာသာရေး အခြေခံပညာနှင့် အထက်တန်းပညာသင်ပြသော ကျောင်းဖြစ်၍ ကျောင်းငယ်မှာ အီစ္စလာမ်ဘာသာရေးကလေးသူငယ်များအား သင်ပြသော မူလတန်းကျောင်းပင်ဖြစ်သည်။[၂]

ထို့ပြင် ဘူးသီးတောင်မြို့နယ်၌ အာရ်ဘီစာ (၁၂)တန်းထိ သင်ကြားပေးနိုင်သော တက္ကသိုလ်(၃)ခုရှိကြောင်း သိရသည်။ ၎င်းတို့မှာ ဘူးသီးတောင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ အာရ်ဘီတက္ကသိုလ်၊ ရကျွန်း(ဒိုးတန်း)ရှိ အာရ်ဘီတက္ကသိုလ်၊ မီးကျောင်းဈေးအာရ်ဘီတက္ကသိုလ်တို့ ဖြစ်ကြသည်။ ထိုတက္ကသိုလ်များမှာ အာရ်ဘီစာ(၁၂)တန်းအောင်လျှင် မော်လဝီဆရာအဖြစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း သိရသည်။

(၃) ဟိန္ဒူဘာသာ

ဘူးသီးတောင်မြို့နယ်တွင် ဟိန္ဒူဘာသာဝင်ပေါင်း (၈၂၉)ဦးနေထိုင်လျက်ရှိသည်။ ဟိန္ဒူအများစုမှာ စီးပွားရေး အဆင့်အတန်းနိမ့်ကျကြ၏။ အထူးသဖြင့် ဆံသလုပ်ငန်း၊ အိမ်ဖော်အလုပ်သမားများ ဖြစ်ကြသည်။ ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်ဝပ်ပြုရာ ဘုရားရှိခိုးကျောင်းဟူ၍ သတ်သတ်မှတ်မှတ် မရှိနိုင်သလောက် အခြေအနေတွင် ရှိသည်။ ၁၉၄၁-၄၂ ခုနှစ် မတိုင်မီက အမှတ်(၁)ရပ်ကွက်တွင် ဟိန္ဒူလူမျိုးများ ကိုးကွယ်ဝပ်ပြုခဲ့ရာ ဟိန္ဒူဘုရားရှိခိုးကျောင်း တစ်ခုရှိခဲ့သည်။ ၎င်းမှာ ပြိုပျက်သွားပြီးနောက် ယခုအခါ ဦးစောမောင်ဗလီ အဖြစ် အသွင်ပြောင်းလျက် တည်ရှိနေသည်။

ဟိန္ဒူလူမျိုးများသည် ပွဲလမ်းသဘင် ကျင်းပကြရာတွင် ဘူးသီးတောင်မြို့ အမှတ်(၇)ရပ်ကွက်ရှိ အခန်းတစ်ခုနှင့် အမှတ်(၂)ရပ်ကွက်ရှိ အဆောက်အဦးငယ်တစ်ခုကိုသာ ယာယီဘုရားရှိခိုးကျောင်းအဖြစ် ကိုးကွယ်ဝပ်ပြုကြောင်း တွေ့ရသည်။

(၄) ခရစ်ယာန်ဘာသာ

ဘူးသီးတောင်မြို့နယ်တွင် ခရစ်ယာန်ဘာသာဝင်တို့ ကိုးကွယ်ဝပ်ပြုရာ ဘုရားရှိခိုးကျောင်းတစ်ခုကို အမှတ်(၄) တိုးချဲ့ရပ်ကွက်ရှိ နေအိမ်တစ်ဆောင်ကို သတ်မှတ်ထားကြောင်း တွေ့ရပါသည်။

ဘာသာစကား

ဘူးသီးတောင်မြို့နယ်တွင် နေထိုင်လျက်ရှိကြသော ရခိုင်၊ ဗမာ၊ မြို၊ သက်၊ ခမီး၊ ဒိုင်းနက်၊ ရှမ်း၊ ချင်း၊ ကရင်၊ မွန်၊ ဘင်္ဂလီလူမျိုးများတွင် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားများ အသီးသီးရှိကြသည်။ ဟိန္ဒူများမှာ ကိုယ်ပိုင်ဘာသာစကား ကို ပြောဆိုတတ်မြောက်ခြင်း မရှိကြတော့ဘဲ ဘင်္ဂလီစကားကိုပင် ပြောဆိုလျှက် ရှိကြသည်။ မိမိတို့လူမျိုးအချင်းချင်း ဆက်သွယ်ပြောကြားရာ၌ ကိုယ်ပိုင်ဘာသာစကားကို သုံးစွဲကြသည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုးဆက်သွယ်ရာတွင် ရခိုင် စကားကို ဘုံဘာသာစကားအဖြစ် သုံးစွဲကြသည်။ ရခိုင်စကားနားမလည်သော ဘင်္ဂလီများအတွက် ဘင်္ဂလီဘာသာစကား ဖြင့် ပြောဆိုကြသည်။

ယခုအခါ ဗမာစကားမှာ ဘုံဘာသာစကားအဖြစ် ဆက်သွယ်သုံးစွဲမှု စတင်လာပြီးဖြစ်ကြောင်း တွေ့ရသည်။

အလုပ်အကိုင်

ရခိုင်ပြည်နယ် ဘူးသီးတောင်ခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ နေထိုင်လျက်ရှိကြသော လူမျိုး၊ ကိုးကွယ်သည့် ဘာသာနှင့် အလုပ်အကိုင် အခြေပြစာရင်းဇယားကို နောက်ဆက်တွဲ(ဈ)တွင် ဖော်ပြအပ်ပါသည်။

**<u>ကိုးကားချက်များ</u>**


၁။ ဦးစံထွန်းအောင် ကိုယ်တွေ့မေယုမြေနှင့် ရိုဟင်ဂျာစာတမ်း(လက်နှိပ်စက်မှု) နောက်ဆက်တွဲ မြေပုံကြမ်း-၁။

၂။ ဦးစံထွန်းအောင် ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်

၃။ ဘူးသီးတောင်မြို့နယ်ပါတီယူနစ်။ ဘူးသီးတောင်မြို့နယ်တွင်းသို့ အနောက်ဘက်နယ်စပ်နိုင်ငံများမှ နိုင်ငံခြားသား ဘင်္ဂလီလူမျိုးများ အခြေစိုက်နေထိုင်လာမှုအပေါ် သုံးသပ်ချက်စာတမ်း(၁၉၇၂ ခုနှစ်)။

၄။ ဘူးသီးတောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ အခြေခံကိန်းဂဏန်းများ၊

၅။ ဘူးသီးတောင်မြို့နယ် သာသနာရေးဦးစီးဌာန၏ အခြေခံကိန်းဂဏန်းများ။

၆။ ဘူးသီးတောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အခြေခံကိန်းဂဏန်းများ

၇။ ဘူးသီးတောင်မြို့နယ် သံဃနာယကအဖွဲ့၏ တင်ပြချက်စာတမ်း။

၈။ ဘူးသီးတောင်မြို့နယ်ဖြစ်စဉ်သမိုင်းပြုစုရေးအဖွဲ့ဝင်၊ ဦးဖိုးထွန်းဦး၏ ကိုယ်ပိုင်မှတ်စုများ။

<u>နောက်ဆက်တွဲ(က-၁)</u>

<u>ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း</u>

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| ၁ | ဘဒကား | ၁ | မောက်လုံး | ခမီး | ရွာပျက် | |
| | | ၂ | မွီးပန်းအောင် ငရန့်ချောင်း | ရခိုင် | ။ | |
| | | ၃ | မြတ်သာအောင် | ရခိုင် | ။ | |
| | | ၄ | ရွှေထွန်း | ရခိုင် | ။ | |
| | | ၅ | အောင်ဘန်း | ရခိုင် | ။ | |
| | | ၆ | မောင်စိန် | ရခိုင် | ။ | |
| | | ၇ | ဘိုကလေး | ရခိုင် | ။ | |
| | | ၈ | ပေါ်ထွန်းအောင် | ရခိုင် | ။ | |
| | | ၉ | အထက်ဘိုကလေး | ရခိုင် | ။ | |
| | | ၁၀ | ကြောင်စား | ခမီး | ။ | |
| | | ၁၁ | ထုံးချောင်း | ခမီး | ။ | |
| | | ၁၂ | ကြောင်စား | ရခိုင်+ သက် | ။ | |
| | | ၁၃ | အိုးဇခြမ်း | ရခိုင် | ။ | |
| | | ၁၄ | ကျီးနွတ်သီး | ရခိုင် | ။ | |
| | | ၁၅ | သရက်ပေါက်ကျပ် | ရခိုင် | ။ | |
| | | ၁၆ | တင်းခွန်တိုင် | ရခိုင် | ။ | |
| | | ၁၇ | ဘဒကား | ရခိုင် | ။ | |
| | | ၁၈ | ငါးမြင်းဘော် | ရခိုင် | ။ | |
| | | ၁၉ | ခြင်သေ | မြို | ။ | |
| | | ၂၀ | ပန်ဇီ | မြို | ။ | |
| | | ၂၁ | ဘဒကား | ခမီး | ။ | |
| | | ၂၂ | ငါးမြင်းဘော် | ခမီး | ။ | |
| ၂ | အထက်ကျောင်းတောင် | ၂၃ | ကျောက်ကွဲ | မြို | ကုလားရွာ | |
| | | ၂၄ | ကျောင်းတောင် | ရခိုင် | ။ | |
| | | ၂၅ | သဲနီ | ခမီး | ။ | |
| ၃ | တင်းမေ | ၂၆ | တင်းမေ | ရခိုင် | ။ | |
| | | ၂၇ | ကန္ဒရူး | ရခိုင် | ။ | |
| | | ၂၈ | ကန္ဒရူး | ခမီး | ။ | |
| | | ၂၉ | ငါးမြင်းဘော် | ခမီး | ။ | |
| | | ၃၀ | ငန်းတော်ပတ် | ရခိုင် | ရွာပျက် | |
| ၄ | ဂုပ္ပိ | ၃၁ | စဟုံး(ရွှေလှဦး) | ရခိုင် | ။ | |
| | | ၃၂ | သာဇံဦး | ရခိုင် | ။ | |

နောက်ဆက်တွဲ(က-၁)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| | ဂုပ္ပိ | ၃၃ | ဖတော်အင်းဖား | ရခိုင် | ရွာပျက် | |
| | | ၃၄ | ရွှေပန်းဦး(တောင်မော်) | ရခိုင် | ။ | |
| | | ၃၅ | ထွန်းအောင်ကျော်(လိပ်ရ) | ရခိုင် | ။ | |
| | | ၃၆ | ရွှေထွန်း(လမ်းတောင်) | ရခိုင် | ။ | |
| | | ၃၇ | မောင်နီ | ရခိုင် | ။ | |
| | | ၃၈ | မန်းမြအောင် | ရခိုင် | ။ | |
| | | ၃၉ | ကျော်ထွန်း | ခမီးတောင် | ။ | |
| | | ၄၀ | ရွှေဖြူ-ပဲသတူ | ရခိုင် | ။ | |
| | | ၄၁ | ဇမ္ဗူဏီ | ဒိုင်းနက် | ။ | |
| | | ၄၂ | တင်းမေ | ဒိုင်းနက် | ။ | |
| | | ၄၃ | ဇမ္ဗူဏီ | ခမီး | ။ | |
| | | ၄၄ | လှထွန်းအောင်မြင်ရှည် | | ။ | |
| | | ၄၅ | ပန်းမ-ဘခင်အင်းချောင်း၊ | ရခိုင် | ။ | |
| | | ၄၆ | ကြာထွန်းအောင် | ရမ်းဗြဲ | ။ | |
| | | ၄၇ | တော်ရှို၊ အိုဖြူဖား | | ။ | |
| | | ၄၈ | ဘုတ်ကို၊ စဟုန်းအိုဖြူ | ခမီး | ။ | |
| ၅ | ကွန်းပေါက် | ၄၉ | အောင်ခ | ခမီး | ။ | |
| | | ၅၀ | ငမဲအောင်ကျောက်ကွဲ | | ။ | |
| | | ၅၁ | ယိအောင် | ခမီး | ။ | |
| | | ၅၂ | မျောက်ရဲ | ရခိုင် | ။ | |
| | | ၅၃ | ဖဝန်း | ခမီး | ။ | |
| | | ၅၄ | စံထွန်း | မြို | ။ | |
| | | ၅၅ | ဇနီဦးဝဲလွန်း | ရခိုင် | ရခိုင်ရွာ | |
| | | ၅၆ | ကြို့ချောင်း | ရခိုင် | ။ | |
| | | ၅၇ | ကြို့ချောင်း(အထက်အောက်) | ခမီး | ခမီးရွာ | |
| | | ၅၈ | ဆည်ခုံ | ရခိုင် | ရွာပျက် | |
| | | ၅၉ | လုံဘွယ် | ရခိုင် | ။ | |
| | | ၆၀ | ပဲလွန်း | ခမီး | ကုလားရွာ | |
| | | ၆၁ | ရှို့ထွန်း(သိုင်တပုတ်) | ခမီး | ရွာပျက် | |
| | | ၆၂ | ဇရစ်တက်(တောင်ပေါက်) | ရခိုင် | ။ | |
| | | ၆၃ | ကျော်ဇံ | ရခိုင် | ။ | |
| | | ၆၄ | မင်းလောင်း | ရခိုင် | ။ | |

နောက်ဆက်တွဲ(က-၁)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| ၆ | ကျွန်းပေါက် | ၆၅ | နန်းအိုး | ခမီး | ရွာပျက် | |
| | မျောက်ရဲ(ခ)ပန်းဖဲချောင်း | ၆၆ | ပန်းဖဲချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၆၇ | တောင်ကုလား(ခေါ်)လှအောင် | | ရွာပျက် | |
| | | ၆၈ | မျောက်ရဲ | ရခိုင် | ။ | |
| | | ၆၉ | မျောက်ရဲ | ခမီး | ။ | |
| | | ၇၀ | ပိန္နဲပင်ဆိပ် | ရခိုင် | ။ | |
| | | ၇၁ | ငန်းနား(ခ) ခထီးလှ | | ရခိုင်ခမီး စံပြရွာ | |
| ၇ | ဇီးတုံ | ၇၂ | ဇီးတုံ | ရခိုင် | ရခိုင်ရွာ | |
| | | ၇၃ | တောင်ကြီးရင်း | ရခိုင် | ။ | |
| | | ၇၄ | မျောက်ရဲ | ရခိုင် | ရွာပျက် | |
| | | ၇၅ | ဇီးတုံကြီး | ရခိုင် | ။ | |
| | | ၇၆ | ဇီးတုံချေ | ရခိုင် | ။ | |
| | | ၇၇ | ပြင်ခေါင်ချေ | ရခိုင် | ။ | |
| | | ၇၈ | သာစည် | မြို | မြိုရွာ | |
| ၈ | ဘဒနာ | ၇၉ | ပြင်ခေါင်ကြီး | ရခိုင် | ရခိုင်ရွာ | |
| | | ၈၀ | လိပ်ပုတ် | | ရွာပျက် | |
| | | ၈၁ | ဘဒနာ | ဒိုင်းနက် | ။ | |
| | | ၈၂ | ယင်ဘောင် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၈၃ | ဘဒနာဖျား | ဒိုင်းနက် | ရွာပျက် | |
| | | ၈၄ | ခယင်ချောင်း | ဒိုင်းနက် | ။ | |
| | | ၈၅ | ဘဒနာ | ရခိုင် | ရခိုင်ရွာ | |
| | | ၈၆ | ပြင်ခေါင်အထက် | ခမီး | ရွာပျက် | |
| | | ၈၇ | ပြင်ခေါင်အောက် | ခမီး | ရွာပျက် | |
| ၉ | မီးချောင်းခေါင်းဆွဲ | ၈၈ | မီးကျောင်းခေါင်းဆွဲ | ဒိုင်းနက် | မောင်နှမ ကုလားရွာ | |
| | | ၈၉ | ကုန်တန်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| ၁၀ | အင်းချောင်း | ၉၀ | အင်းချောင်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၉၁ | တောင်မော် | ရခိုင် | ရွာပျက် | |
| | | ၉၂ | အင်းချောင်းချီးကိုင်ပြင် | | ရွာပျက် | |
| | | ၉၃ | စေတီတပြင် (ခ)အောင်ကျော်ခိုင် | | ကုလားရွာ | |

နောက်ဆက်တွဲ(က-၁)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| | | ၉၄ | ချီးကိုင်း | ရခိုင် | ရွာပျက် | |
| ၁၁ | ငရန့်ချောင်း | ၉၅ | ယင်းမ | ရခိုင်ဈေး | ရခိုင်ရွာ | |
| | | ၉၆ | ငရန့်ချောင်း | | ကုလားရွာ | |
| ၁၂ | ယင်းမကျောင်းတောင် | ၉၇ | မောင်နှမ | ရခိုင် | ရွာပျက် | |
| | | ၉၈ | ကြိမ်ချောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၉၉ | နဂါးရာ | ရခိုင် | ရွာပျက် | |
| | | ၁၀၀ | ကယင်ချောင်း | ဒိုင်းနက် | ရွာပျက် | |
| | | ၁၀၁ | ဆင်အိုး | ဒိုင်းနက် | ရွာပျက် | |
| ၁၃ | တရဂူ | ၁၀၂ | တရဂူ | ရခိုင် | ရွာပျက် | |
| | | ၁၀၃ | ငဟိတ်ချောင်း | ရခိုင် | ရခိုင် | |
| | | ၁၀၄ | ပီရွက် | ရခိုင် | ရခိုင် | |
| | | ၁၀၅ | ဗဟိုပြင်ရွာသစ် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၀၆ | မှိုင်းဇရ | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၀၇ | သံပုရာ | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၀၈ | ပန်းကုံးမ | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၀၉ | ပေါက်ကျပ် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၁၀ | အင်းချောင်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၁၁ | ဒိုးတန်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၁၂ | စိတ္တရ | ခမီး | ခမီး | |
| | | ၁၁၃ | ချောင်းသွယ် | ခမီး | ခမီး | |
| | | ၁၁၄ | ရေချမ်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၁၅ | ဆင်မဦးကိုင် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၁၆ | ပေါက်ကျပ်ဝ | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၁၇ | ဗဟိုပြင်ရွာဟောင်း | | ဒိုင်းနက်ရွာ | |
| | | ၁၁၈ | လက်ပံကိုင်း | ခမီး | ခမီးရွာ | |
| | | ၁၁၉ | လောင်းချောင်း | | ခမီးရွာ | |
| | | ၁၂၀ | နတ်သရွေး | | ခမီးရွာ | |
| | | ၁၂၁ | ဘောထီကိုင်း | | ခမီးရွာ | |
| | | ၁၂၂ | အဝပြင် | | ခမီးရွာ | |
| | | ၁၂၃ | ချောင်းပေါက်ဖျား | | ခမီးရွာ | |
| | | ၁၂၄ | ကတင်ကြီး | | ခမီးရွာ | |

နောက်ဆက်တွဲ(က-၁)

## ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| ၁၄ | ခမောင်းချောင်း | ၁၂၅ | ဘဲတက် | | ခမီးရွာ | |
| | | ၁၂၆ | ချောင်းပေါက် | | ခမီးရွာ | |
| | | ၁၂၇ | ရိုးနီချေ | | ခမီးရွာ | |
| | | ၁၂၈ | ဒို့ကျ | | ခမီးရွာ | |
| | | ၁၂၉ | လက်ပံ | | ခမီးရွာ | |
| | | ၁၃၀ | လက်ပံဖျား | | ခမီးရွာ | |
| | | ၁၃၁ | ကုလားခေါင်း | | ခမီးရွာ | |
| | | ၁၃၂ | သဘော်မှောက် | | ခမီးရွာ | |
| | | ၁၃၃ | ဆင်ဖြူတောင် | | ခမီးရွာ | |
| | | ၁၃၄ | အရိုင်းထွက်ကြီး | | ခမီးရွာ | |
| | | ၁၃၅ | မောင်နှမ | | ခမီးရွာ | |
| | | ၁၃၆ | သစ်ပေါက်ချောင်း | | ခမီးရွာ | |
| ၁၅ | အုတ်တောင် | ၁၃၇ | အုတ်တောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၁၃၈ | မြောချောင်း (ခွဆုံ) | | ရွာပျက် | |
| | | ၁၃၉ | မြောချောင်း | ခမီး | ရွာပျက် | |
| | | ၁၄၀ | မြောချောင်း | ခမီး | ခမီးရွာ | |
| | | ၁၄၁ | ဝက်ချေရ | ရခိုင် | ရွာပျက် | |
| ၁၆ | လောင်းချောင်း | ၁၄၂ | လောင်းချောင်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၄၃ | ဆင်စွယ်ရ | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၄၄ | ပိန်းချောင်း | ဒိုင်းနက် | ခမီးရွာ | |
| | | ၁၄၅ | ချီးစား | ဒိုင်းနက် | ရွာပျက် | |
| | | ၁၄၆ | ငရန့် | ဒိုင်းနက် | ရွာပျက် | |
| | | ၁၄၇ | ဘောက်ခင် | ဒိုင်းနက် | ရွာပျက် | |
| ၁၇ | တပ်မင်းချောင်း | ၁၄၈ | ကြိမ်ချောင်း | ရခိုင် | ရွာပျက် | |
| ၁၈ | ကျောဉ်တောက် | ၁၄၉ | ကျောဉ်တောက် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၅၀ | သရီကုန်းတန်း | ဒိုင်းနက် | ရွာပျက် | |
| | | ၁၅၁ | အော်လံပြင် | ရခိုင် | ရွာပျက် | |
| | | ၁၅၂ | ဒါးပိုင်ဆရာ (ခ) စဉ့်အောင်ရွာဟောင်း | | ကုလားရွာ | |
| | | ၁၅၃ | ဖွတ်ကိုက်ချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၁၅၄ | ဖလောင်း (ခ) ဖောင်တော်ပြင် | | ကုလားရွာ | |
| ၁၉ | ပြင်ရှည်(ခ)ကျောက်တောင် | ၁၅၅ | ဝက်ကျိမ်း | | ရွာပျက် | |

နောက်ဆက်တွဲ(က-၁)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| ၂၁ | ပြင်ရှည်(ခ)ကျောက်တောင် | ၁၅၅ | ဝက်ကျိမ်း | ရခိုင် | ရွာပျက် | |
| | | ၁၅၆ | ပြင်ရှည် | ရခိုင် | ရခိုင်ရွာ | |
| | | ၁၅၇ | ကျောက်တောင် | ရခိုင် | ရွာပျက် | |
| | | ၁၅၈ | ကံပိုင်ချောင်း | ရခိုင် | ရွာပျက် | |
| ၂၂ | စံညွှင်းဝေ | ၁၅၉ | ကံပိုင်ချောင်း | ခမီး | ခမီးရွာ | |
| | | ၁၆၀ | ခမွေးချောင်း | ခမီး | ရွာပျက် | |
| | | ၁၆၁ | ကွန်တိုင် (ခ)စည်ပင်သာယာ | | ခမီးရွာ | |
| | | ၁၆၂ | စံညွှင်းဝေ | ခမီး | ခမီးရွာ | |
| | | ၁၆၃ | ဝမ်းတွင်း | ရခိုင် | ရွာပျက် | |
| | | ၁၆၄ | ကံပိုင်ချောင်း | ရခိုင် | ရွာပျက် | |
| | | ၁၆၅ | အောက်ဝင်းတွင်း | ရခိုင် | ရွာပျက် | |
| | | ၁၆၆ | တောင်ရင်း | ရခိုင် | ရွာပျက် | |
| | | ၁၆၇ | ခမွေချောင်း | ရခိုင် | ရွာပျက် | |
| ၂၃ | လောင်းယုံ | ၁၆၈ | လောင်းယုံ | ခမီး | ခမီးရွာ | |
| | | ၁၆၉ | လူခေါင်းဆွဲ | ခမီး | ရွာပျက် | |
| | | ၁၇၀ | ညောင်ဝိုင်း | ခမီး | ရွာပျက် | |
| | | ၁၇၁ | ကြိမ်နီ(အင်းချောင်း) | | ရွာပျက် | |
| ၂၄ | ရီချောင်းပြင်လှ (ခ) ဩရမ | ၁၇၂ | သောင်းချေ | ခမီး | ခမီးရွာ | |
| | | ၁၇၃ | တူးမြောင်းလေး | ခမီး | ခမီးရွာ | |
| | | ၁၇၄ | နတ်ဆိပ် | ခမီး | ခမီးရွာ | |
| | | ၁၇၅ | သလူပြား | မြို | မြိုရွာ | |
| | | ၁၇၆ | တောင်ချေယ် | ခမီး | ခမီးရွာ | |
| | | ၁၇၇ | တောင်ချောင်းကြီး | ခမီး | ခမီးရွာ | |
| | | ၁၇၈ | ဩရမ | မြို | မြိုရွာ | |
| | | ၁၇၉ | ရှောင်မရှီး | ခမီး | ခမီးရွာ | |
| | | ၁၈၀ | တောင်းတိမ် | ခမီး | ခမီးရွာ | |
| | | ၁၈၁ | ခါလာဦး | မြို | မြိုရွာ | |
| | | ၁၈၂ | ပိန္နဲချိုင် | ခမီး | ခမီးရွာ | |
| | | ၁၈၃ | မင်းကိုင်း | ခမီး | ခမီးရွာ | |
| ၂၅ | ရောသျှ | ၁၈၄ | သလူကိုင်း | ခမီး | ခမီးရွာ | |
| | | ၁၈၅ | အထက်ကျွဲကိုင်း | ခမီး | ခမီးရွာ | |

နောက်ဆက်တွဲ(က-၁)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| | | ၁၈၆ | ဒါးဆောက်ပိုင် | ခမီး | ခမီးရွာ | |
| | | ၁၈၇ | အောက်ကွဲရိုင်း | ခမီး | ခမီးရွာ | |
| | | ၁၈၈ | ရေသွှ | ခမီး | ခမီးရွာ | |
| | | ၁၈၉ | ယင်းချောင်း | ခမီး | ခမီးရွာ | |
| | | ၁၉၀ | လေဝေမြို့ | မြို | မြိုရွာ | |
| | | ၁၉၁ | မရမိ | ခမီး | ခမီးရွာ | |
| | | ၁၉၂ | ပိန္နဲကြီး | ခမီး | ခမီးရွာ | |
| | | ၁၉၃ | ချမ်းသာ | ခမီး | ခမီးရွာ | |
| ၂၆ | ကညင်ချောင်း | ၁၉၄ | မင်းလှကိုင်း(ခ)ကညင်ချောင်း | | ရခိုင်ရွာ | |
| | | ၁၉၅ | တမန်းသား | ခမီး | ခမီးရွာ | |
| | | ၁၉၆ | ရေပေါ် | ရခိုင် | ရခိုင်ရွာ | |
| | | ၁၉၇ | ကျောက်ပြင်ချောင်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၁၉၈ | ဒိုင်းကျပ် | ရခိုင် | ရခိုင်ရွာ | |
| | | ၁၉၉ | ကညင်ချောင်း | ခမီး | ခမီးရွာ | |
| | | ၂၀၀ | ကင်းချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၀၁ | ရေပူဇာ | ခမီး | ခမီးရွာ | |
| ၂၇ | နန်းရာကုန်း | ၂၀၂ | သံခြေရွာ | ရခိုင် | ရခိုင်ရွာ | |
| | | ၂၀၃ | ကျောက်ရစ် | | ရခိုင်ရွာ | |
| | | ၂၀၄ | တောင်ချောင်း | | ရခိုင်ရွာ | |
| ၂၈ | မြို့မ | ၂၀၅ | ရွာမ | ရခိုင် | ရခိုင်ရွာ | |
| ၂၉ | လက်ဝဲဒက်ပြင်ရှည် | ၂၀၆ | လေးဆောင်စု | | ရခိုင်ရွာ | |
| | | ၂၀၇ | အင်းဖောက် | | ရခိုင်ရွာ | |
| | | ၂၀၈ | သုံးဆောင်စု | | ရခိုင်ရွာ | |
| ၃၀ | ကျောက်ဖြူတောင် | ၂၀၉ | မြိုတောင် | ရခိုင် | ရွာပျက် | |
| ၃၁ | လက်ဝဲဒက် | ၂၁၀ | လက်ဝဲဒက် | ရခိုင် | ရွာပျက် | |
| | ပုဏ္ဏန်ချောင်း | ၂၁၁ | ပုဏ္ဏန်ချောင်း | ရခိုင် | ရွာပျက် | |
| | | ၂၁၂ | ကင်းဆိပ် | ရခိုင် | ရွာပျက် | |
| | | ၂၁၃ | ထိမ်တော | ရခိုင် | ရွာပျက် | |
| | | ၂၁၄ | ကန်ပိုင်ရွာ သာယာကုံး | | ရွာပျက် | |
| | | ၂၁၅ | မဦးဘရွာ | ရခိုင် | ရွာပျက် | |
| ၃၂ | ဘကုံးနား | ၂၁၆ | ဒုံးချောင် | ရခိုင် | ရခိုင်ရွာ | |

<u>နောက်ဆက်တွဲ(က-၁)</u>

<u>ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း</u>

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| | | ၂၁၇ | လွန်ထောင် | ဒိုင်းနက် | ရွာပျက် | |
| | | ၂၁၈ | ညောင်ခြုံ (ခ) ကျောက်တန်း | ခမီး | ခမီးရွာ | |
| | | ၂၁၉ | ဆင်အိုး | ခမီး | ရွာပျက် | |
| ၃၃ | ကကျာဘက်ကံပြင် | ၂၂၀ | စေတီတောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၂၁ | တပ်ရာ | ရခိုင် | ရခိုင်ရွာ | |
| | | ၂၂၂ | ပြေဖြူရွာ | ရခိုင် | ရွာပျက် | |
| ၃၄ | ကကျာဘက် | ၂၂၃ | အုန်းတပင် | ရခိုင် | ရွာပျက် | |
| ၃၅ | အလယ်ချောင်း | ၂၂၄ | အလယ်ချောင်း | ရခိုင် | ကုလားရွာ | |
| ၃၆ | ကင်းချောင်း | ၂၂၅ | ကင်းချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၂၆ | ကင်းချောင်းရွာသစ် | | ရွာပျက် | |
| | | ၂၂၇ | ကျွန်းသာယာ | ဒိုင်းနက် | ရွာပျက် | |
| | | ၂၂၈ | သပေါက်ချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၂၉ | အာကာပုံ | ရခိုင် | ရခိုင်ရွာ | |
| | | ၂၃၀ | ပြင်ရှည် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၃၁ | ပြင်ရှည် | ဒိုင်းနက် | ရွာပျက် | |
| | | ၂၃၂ | လက်ပန် | ရခိုင် | ရွာပျက် | |
| | | ၂၃၃ | ဒုကင်းချောင်း | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| ၃၇ | အတွင်းငှက်သေ | ၂၃၄ | သိမ်တောင် | ရခိုင် | ကုလားရွာ | |
| | | ၂၃၅ | ငှက်သေ | ရခိုင် | ကုလားရွာ | |
| | | ၂၃၆ | တောင်မွေးချ | ရခိုင် | ကုလားရွာ | |
| ၃၈ | ပြင်ချောင်း | ၂၃၇ | ကွမ်းချိုင် | ရခိုင် | ရွာပျက် | |
| | | ၂၃၈ | ပြင်ချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၃၉ | ရွှေသီး | ခမီး | ခမီးရွာ | |
| | | ၂၄၀ | သရွှေချောင်း | ခမီး | ရွာပျက် | |
| | | ၂၄၁ | လက်ပံ | ရခိုင် | ခမီးရွာ | |
| | | ၂၄၂ | မြို့မချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၄၃ | တောင်လှ | ရခိုင် | ရွာပျက် | |
| | | ၂၄၄ | ပြိုင်းချောင်း | ခမီး | ခမီးရွာ | |
| ၃၉ | သရက်ပြင် | ၂၄၅ | သရက်ပြင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၄၆ | မြောချောင်း | ခမီး | ရွာပျက် | |
| ၄၀ | လေးမြို့ပျာရည် | ၂၄၇ | ပျာရည် | ရခိုင် | ရခိုင်ရွာ | |

နောက်ဆက်တွဲ(က-၁)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| | | ၂၄၈ | လေးမြို့ (ခ) ကြာညိုပြင် | | ရခိုင်ရွာ | |
| ၄၁ | ဖုံညိုလိပ် | ၂၄၉ | ဖုံညိုလွင် | ရခိုင် | ရခိုင်ရွာ | |
| ၄၂ | သပိတ်တောင် | ၂၅၀ | သပိတ်တောင် | ရခိုင် | ကုလားရွာ | |
| ၄၃ | စိမ့်ညှင်းပြား | ၂၅၁ | စိမ့်ညှင်းပြား | ရခိုင် | ကုလားရွာ | |
| | | ၂၅၂ | သပြေတော | ရခိုင် | ကုလားရွာ | |
| | | ၂၅၃ | ကံသေ | ရခိုင် | ရွာပျက် | |
| | | ၂၅၄ | ငှက်ပျော့ချောင်း | | ရွာပျက် | |
| | | ၂၅၅ | ဂူတာပြင် | ရခိုင် | ကုလားရွာ | |
| | | ၂၅၆ | ကျောက်စာတိုင် | ရခိုင် | ရွာပျက် | |
| | | ၂၅၇ | မစုံတော | ခမီး | ရွာပျက် | |
| | | ၂၅၈ | ကျောက်စာတိုင် | ဒိုင်းနက် | ရွာပျက် | |
| ၄၅ | ဖိုးခေါင်ချောင်း (ခ)ကံပြင် | ၂၅၉ | ဖိုးခေါင်ချောင်း (ခ)ကံပြင် | ရခိုင် | ကုလားရွာ | |
| ၄၆ | သာစည် (ခ)ဦးကျော် | ၂၆၀ | လိုင်ရှည်ပြင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၆၁ | ဦးကျော် | ရခိုင် | ရခိုင်ရွာ | |
| ၄၇ | ဘုရားပြင်သိန်းတန်း | ၂၆၂ | ပြင်လှရွာသစ် | ဒိုင်းနက် | ကုလားရွာ | |
| | | ၂၆၃ | ပြင်လှရွာဟောင်း | ရခိုင် | ကုလားရွာ | |
| | | ၂၆၄ | သိန်းတန် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၆၅ | သိန်းတန်ရွာသစ် | | ရွာပျက် | |
| ၄၈ | ဆေးအိုးကျ | ၂၆၆ | ဝရကျွန်း | ရခိုင် | ကုလားရွာ | |
| | | ၂၆၇ | သဇင်တော | ရခိုင် | ကုလားရွာ | |
| ၄၉ | ကျောက်ရန် | ၂၆၈ | ကျောက်ရန် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၆၉ | နန္ဒင်းတူး | ရခိုင် | ရခိုင်ရွာ | |
| | | ၂၇၀ | ထိပ်ထူးပေါက် | ရခိုင် | ကုလားရွာ | |
| | | ၂၇၁ | တောင်ရွာ | ရခိုင် | ကုလားရွာ | |
| ၅၀ | စံဂိုးထောင် | ၂၇၂ | နွားရုံတောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၇၃ | စံဂိုးတောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၇၄ | သျှစ်သွားတောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၇၅ | ဥယျာဉ်သာ | ရခိုင် | ရခိုင်ရွာ | |
| | | ၂၇၆ | ဥယျာဉ်သာ | ခမီး | ခမီးရွာ | |
| | | ၂၇၇ | ငါးဖတုံး | ရခိုင် | ရွာပျက် | |
| ၅၁ | ဥယျာဉ်သာ (ခ)စပါးထား | ၂၇၈ | စပါးထား | ရခိုင် | ရခိုင်ရွာ | |

<u>နောက်ဆက်တွဲ(က-၁)</u>

<u>ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း</u>

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| | | ၂၇၉ | ကွမ်းတောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၈၀ | အသဲချောင်း | ခမီး | ခမီးရွာ | |
| ၅၂ | စေတီတောင် | ၂၈၁ | စေတီတောင် (ခ)တောင်မော် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၈၂ | ကံပြင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၈၃ | ဘုရားချ | ခမီး | ခမီး၊ မြို | |
| | | ၂၈၄ | အသဲချောင်း | ရခိုင် | ရွာပျက် | |
| | | ၂၈၅ | ချင်းရွာ | ရခိုင် | ရွာပျက် | |
| | | ၂၈၆ | ပြင်ချောင်းဝ | ခမီး | ခမီးရွာ | |
| | | ၂၈၇ | ပြင်ချောင်းဖျား | ခမီး | ရွာပျက် | |
| ၅၃ | သိုင်းတပုတ် | ၂၈၈ | သိုင်းတပုတ် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၈၉ | သပြေကုန်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၉၀ | ကျောက်ပြင်ဆိပ် | ရခိုင် | ရခိုင်ရွာ | |
| ၅၄ | အလယ်ဝက်မကျ (ခ)စေတီတောင် | ၂၉၁ | စေတီတောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၉၂ | ဘော်လီ | ရခိုင် | ရခိုင်ရွာ | |
| ၅၅ | သေကံ | ၂၉၃ | ခွဆုံ | ရခိုင် | ရခိုင်ရွာ | |
| | | ၂၉၄ | ခေါင်းကြီး | ရခိုင် | ကုလားရွာ | |
| | | ၂၉၅ | ဝက်မကျ | ရခိုင် | ကုလားရွာ | |
| ၅၆ | ကျောက်ဖြူသားသေကံ | ၂၉၆ | ကျောက်ဖြူသားသေကံ | | ရခိုင်ရွာ | |
| ၅၇ | ဖရုံချောင်း | ၂၉၇ | ဒိုးတန်း | ရခိုင် | ကုလားရွာ | |
| | | ၂၉၈ | ဖရုံချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၂၉၉ | ဒိုးတန်းရွာသစ် | | ကုလားရွာ | |
| ၅၈ | ဘုရားပြင်အောင်ယ | ၃၀၀ | အတွင်းပြင် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| ၅၉ | အထက်ကျွဲကြိုမော် | ၃၀၁ | ညောင်ချောင်း | ရခိုင် | ရခိုင်ရွာ | |
| | | ၃၀၂ | ကျွဲကြိုမော် | ရခိုင် | ရခိုင်ရွာ | |
| | | ၃၀၃ | ညောင်ချောင်း | ရခိုင် | ရွာပျက် | |
| ၆၀ | သိန်တောင်ပြင် | ၃၀၄ | သိန်တောင်ပြင် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၃၀၅ | ငရန့်ချောင်း | ရခိုင် | ရွာပျက် | |
| ၆၁ | ပြိုင်းတောင် | ၃၀၆ | ပြိုင်းတောင် | ရခိုင် | ကုလားရွာ | |
| | | ၃၀၇ | သာစည်ကုံး | ရခိုင် | ကုလားရွာ | |
| | | ၃၀၈ | တောင်ချောင်း | ရခိုင် | ကုလားရွာ | |
| | | ၃၀၉ | တောင်မော် | ဒိုင်းနက် | ဒိုင်းနက်ရွာ | |
| | | ၃၁၀ | ရှောက်ခုံချောင်း | ဒိုင်းနက် | ရွာပျက် | |

နောက်ဆက်တွဲ(က-၁)

## ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၁-၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့ကြသော ရခိုင်နှင့် တိုင်းရင်းသားလူမျိုးကျေးရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | | ကျေးရွာအမည် | | လက်ရှိ အခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | | | | ၄ | ၅ |
| ၆၂ | ကျိန်ကျေတင် (ခ)ဒုပြင်ရှည် | ၃၁၁ | ကျိန်ကျောင်းဒုပြင်ရှည် | ရခိုင် | ရခိုင်ရွာ | |
| ၆၃ | ကွဲရိုင်းခတ် | ၃၁၂ | အာကျိတ် (ခ)စက်တော် | | ရခိုင်ရွာ | |
| | | ၃၁၃ | ဒိုးဝေ (ခ)ကွဲရိုင်းခတ် | | ရခိုင်ရွာ | |
| | | ၃၁၄ | သာစည် | ရခိုင် | ရခိုင်ရွာ | |
| | | ၃၁၅ | မန်အောင် | ရခိုင် | ရခိုင်ရွာ | |
| | | ၃၁၆ | ထိန်ဇင် | ရခိုင် | ရွာပျက် | |
| ၆၄ | ကအိုဒစ်မ | ၃၁၇ | မောင်နှမ | | ရွာပျက် | |
| | | ၃၁၈ | အိုးသည်မ | ရခိုင် | ရခိုင်ရွာ | |
| ၆၅ | ဒုအိုးသည်မ | ၃၁၉ | အောင်ဘာလေအတွင်းပြင် | ရခိုင် | ရွာပျက် | |
| | | ၃၂၀ | ငွေတောင် | ရခိုင် | ကုလားရွာ | |
| ၆၆ | ပေါက်တော | ၃၂၁ | ပေါက်တော | ရခိုင် | ရခိုင်ရွာ | |
| | | ၃၂၂ | အတွင်းပြင် | ရခိုင် | ရခိုင်ရွာ | |
| | | ၃၂၃ | အောင်ဇေယျ | ရခိုင် | ရာပျက် | |
| ၆၇ | လှေမ်းပြင် | ၃၂၄ | လှေမ်းပြင် | ရခိုင် | ရခိုင်ရွာ | |

နောက်ဆက်တွဲ(က-၂)

## ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၂ ခုနှစ် ဝန်းကျင်က တည်ရှိခဲ့သော ဘင်္ဂလီလူမျိုးကျေးရွာများစာရင်း

| | | | |
|---|---|---|---|
| ၁ | ဘိုကလေ | ၂၂ | နန်းရာကုန်း |
| ၂ | ပန်းဇေဈေး | ၂၃ | ဇီးပင်တောင်(ကွန်တိုင်) |
| ၃ | ဘဒကား | ၂၄ | ရွက်ညိုတောင် |
| ၄ | စာတိုင် | ၂၅ | ဆူးတောင် |
| ၅ | ကျောင်းတောင်ချေ | ၂၆ | ကကျဘက် |
| ၆ | တင်းမေ | ၂၇ | ကျောက်ဆိတ် |
| ၇ | ကျွန်းပေါက် | ၂၈ | သိမ်တောင် |
| ၈ | ပန်းဖဲချောင်း | ၂၉ | အတွင်းငှက်သေ |
| ၉ | မောင်နှမ | ၃၀ | ကြာညိုပြင် (ကင်းတောင်) |
| ၁၀ | ငရန့်ချောင်း | ၃၁ | ဖိုညိုလိပ် |
| ၁၁ | ဒုံးပိုင် | ၃၂ | ဒိုးတန်း(ဝရကျွန်း) |
| ၁၂ | မီးကျောင်းချောင်း | ၃၃ | ဝရကျွန်း |
| ၁၃ | ခြင်းသမား | ၃၄ | စိမ့်ညှင်းပြာ |
| ၁၄ | ဖောင်တော်ပြင် | ၃၅ | ဂူတာပြင် |
| ၁၅ | အော်လံပြင် | ၃၆ | ဖိုးခေါင်ချောင်း |
| ၁၆ | မောင်ကြီးထောင့် | ၃၇ | အတွင်းပြင် |
| ၁၇ | ဆင်အိုးပြင် | ၃၈ | ဘုရားပြင် |
| ၁၈ | တပ်မင်းချောင်း | ၃၉ | ဒိုးတန်း(ဘုရားပြင်) |
| ၁၉ | ကျောက်ဖြူတောင် | ၄၀ | စေတီတောင် |
| ၂၀ | ကံကြီးပြင် | ၄၁ | လက်သာရွာ |
| ၂၁ | လက်ဝဲဒက်ပြင်ရှည် | ၄၂ | ခွဆုံ |

<u>နောက်ဆက်တွဲ(ခ)</u>

<u>ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ၁၉၄၂ ခုနှစ် ကုလားရခိုင် အဓိကရုဏ်း နောက်ပိုင်း ရခိုင်နှင့်တိုင်းရင်းသားကျေးရွာများတွင် ဘင်္ဂလီလူမျိုးများ ဝင်ရောက်နေထိုင်မှု ကျေးရွာများစာရင်း</u>

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ရွာပေါင်း | မူလရွာအမည် | | လက်ရှိ ကုလားရွာ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကျောင်းတောင် | ၁ | ကျောက်ကွဲ | မြို | ကျောက်ကွဲချောင်း | |
| | | ၂ | ကျောင်းတောင် | ရခိုင် | ကျောင်းတောင် | |
| | | ၃ | သဲနီ | ရခိုင် | သဲနီချောင်း | |
| ၂ | တင်းမေ | ၄ | တင်းမေ | ရခိုင် | တင်းမေ | |
| | | ၅ | ဂန္ဒရှူး | ရခိုင် | တင်းမေ | |
| | | ၆ | ဂန္ဒရှူး | ခမီး | တင်းမေ | |
| | | ၇ | ငမြင်းပေါ | ခမီး | တင်းမေ | |
| ၃ | ကျွန်းပေါက် | ၈ | ပဲလွန် | ခမီး | ဂုပ္ပဲဈေးကုလားရွာ | |
| ၄ | မီးကျောင်းခေါင်းဆွဲ | ၉ | မီးကျောင်းခေါင်း<br>မောင်နှမ(ခ)လပ်ဆွဲ | ဒိုင်းနက် | ဘာဆလီ | |
| ၅ | အင်းချောင်း | ၁၀ | အောင်ကျော်ခိုင် | ရခိုင် | ဘဒနာကုလား | |
| ၆ | ဒါးပိုင်ဆရာ | ၁၁ | စနဲအောင် | ရခိုင် | ဒါးပိုင်ဆရာ | |
| ၇ | မောင်ကြီးထောင့် | ၁၂ | ဖားလောင်း | ရခိုင် | ကုလားရွာ | |
| | | ၁၃ | တောင်ချောင်း | ရခိုင် | ရခိုင်ရွာ | |
| ၈ | လက်ဝဲဒတ်ပြင်ရှည် | ၁၄ | လေးဆောင်စု | ရခိုင် | ရခိုင်ရွာ | |
| ၉ | အလယ်ချောင်း | ၁၅ | အလယ်ချောင်း | ရခိုင် | ကုလားရွာ | |
| ၁၀ | အတွင်းငှက်သေ | ၁၆ | သိမ်တောင် | ရခိုင် | ကုလားရွာ | |
| | | ၁၇ | ငှက်သေ | ရခိုင် | ရခိုင်ရွာ | |
| | | ၁၈ | တောင်မွေးချ | ရခိုင် | ရွာပျက် | |
| ၁၁ | စိမ့်ညှင်းးပြား | ၁၉ | စိမ့်ညှင်းပြား | ရခိုင် | ကုလားရွာ | |
| | | ၂၀ | သပြေတော | ရခိုင် | ကုလားရွာ | |
| ၁၂ | ဂူတာပြင် | ၂၁ | ဂူတာပြင် | ရခိုင် | ရခိုင်ရွာ | |
| | | ၂၂ | သရက်တောင် | ရခိုင် | ရခိုင်ရွာ | |
| ၁၃ | ဖိုးခေါင်ချောင်း | ၂၃ | ကံပြင် | ရခိုင် | ကုလားရွာ | |
| ၁၄ | ဘုရားပြင်သိန်းတန် | ၂၄ | ပြင်လှရွာဟောင်း | ရခိုင် | ကုလားရွာ | |
| | | ၂၅ | ပြင်လှရွာသစ် | ရခိုင် | ကုလားရွာ | |
| ၁၅ | ဆေးအိုးကျ | ၂၆ | ဝရကျွန်း | ရခိုင် | ကုလားရွာ | |
| | | ၂၇ | သဇင်တော | ရခိုင် | ကုလားရွာ | |
| ၁၆ | သေကံခွဆုံ | ၂၈ | ဝက်မကျ | ရခိုင် | ကုလားရွာ | |
| | | ၂၉ | ခေါင်းကြီး | ခမီး | ကုလားရွာ | |
| ၁၇ | ဖရုံချောင်း | ၃၀ | ဒိုးတန်း | ရခိုင် | ကုလားရွာ | |
| | | ၃၁ | ဒိုးတန်းရွာသစ် | ရခိုင် | ကုလားရွာ | |
| ၁၈ | ပြိုင်းတောင် | ၃၂ | ပြိုင်းတောင် | ရခိုင် | ကုလားရွာ | |
| | | ၃၃ | သာစည်ကုန်း | ရခိုင် | ကုလားရွာ | |
| | | ၃၄ | တောင်ချောင်း | ရခိုင် | ကုလားရွာ | |
| ၁၉ | ဒု-အိုးသည်မ | ၃၅ | ငွေတောင် | ဒိုင်းနက် | ကုလားရွာ | |

နောက်ဆက်တွဲ(ဂ)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဖဆပလအစိုးရလက်ထက် တိုးပွားလာသော ဘင်္ဂလီကျေးရွာများနှင့် အသစ်တည်သောရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ရွာ ပေါင်း | ကျေးရွာအမည် | ရွာတည်ခုနှစ် | | တိုးပွားမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | အိမ်ခြေ | လူဦးရေ | |
| ၁ | ၂ | ၃ | ၄ | ၅ | | ၆ | ၇ | ၈ |
| ၁ | ဂုပ္ပိကျေးရွာ | ၁ | အိုပြုနှင့် ပဲသတူ | ၁၉၅၂ | ခုနှစ် | ၅၂ | ၂၈၆ | |
| ၂ | ကျွန်းပေါက် | ၂ | ကျောက်ဆည်ရွာ | ၁၉၅၃ | ခုနှစ် | ၆၀ | ၃၂၄ | |
| ၃ | ဇီးတုံ | ၃ | ယင်းမဇီးတုံ | ၁၉၅၀ | ပြည့်နှစ် | ၈၀ | ၄၄၄ | |
| ၄ | မီးကျောင်းခေါင်းဆုံ | ၄ | ကူမီခါလီ | ၁၉၅၀ | ပြည့်နှစ် | ၆၀ | ၃၅၁ | |
| ၅ | မီးကျောင်းဈေး | ၅ | ဖော်တေအာလီ | ၁၉၅၀ | ပြည့်နှစ် | ၁၄၀ | ၈၉၃ | |
| | | ၆ | ခိုက်မူရ | ၁၉၅၀ | ပြည့်နှစ် | ၈၇ | ၅၀၈ | |
| | | ၇ | မာဇိ | ၁၉၅၀ | ပြည့်နှစ် | ၅၃ | ၃၁၄ | |
| | | ၈ | ရွာသစ် | ၁၉၅၃ | ခုနှစ် | ၃၂၀ | ၂၁၈၀ | |
| ၆ | ဒါးပိုင်ဆရာ | ၉ | မြစ်နား | ၁၉၅၀ | ပြည့်နှစ် | ၅၀ | ၃၁၅ | |
| | | ၁၀ | ဂေါင်နီ | ၁၉၅၂ | ခုနှစ် | ၄၆ | ၃၀၀ | |
| ၇ | ကွန်တိုင် (ခ)ဇီးပင်တောင် | ၁၁ | နန်းရာကုန်း | ၁၉၄၉ | ခုနှစ် | ၄၅ | ၃၅၄ | |
| ၈ | ရွာမ | ၁၂ | သစ်ရင်း | ၁၉၅၂ | ခုနှစ် | ၁၉ | ၁၃၆ | |
| ၉ | ကကျဘက်ကံပြင် | ၁၃ | ကံကြီးပြင် | ၁၉၅၀ | ပြည့်နှစ် | ၄၀ | ၃၀၃ | |
| ၁၀ | မြောင်းနား | ၁၄ | ဒေလီရွာ | ၁၉၅၀ | ပြည့်နှစ် | ၅၇ | ၃၂၀ | |
| ၁၁ | သရက်ပြင် | ၁၅ | သရက်ပြင်ရွာသစ် | ၁၉၅၀ | ပြည့်နှစ် | ၆၇ | ၄၄၇ | |
| ၁၂ | လေးမြို့ (ခ)ပျာရည် | ၁၆ | ကြာညိုပြင် | ၁၉၅၀ | ပြည့်နှစ် | ၄၇ | ၂၈၂ | |
| | | ၁၇ | ချောင်းပေါက် | ၁၉၅၀ | ပြည့်နှစ် | ၄၅ | ၃၀၁ | |
| ၁၃ | ဖုံညိုလိပ် | ၁၈ | ကန်ဒူ(ကန်တက်) | ၁၉၅၀ | ပြည့်နှစ် | ၂၆ | ၂၀၉ | |
| ၁၄ | ဝရကျွန်း | ၁၉ | ဇော်ဘော် | ၁၉၅၀ | ပြည့်နှစ် | ၅၀ | ၂၈၈ | |
| | | ၂၀ | ဝရကျွန်းရွာသစ် | ၁၉၅၀ | ပြည့်နှစ် | ၂၇ | ၁၅၈ | |
| ၁၅ | သပိတ်တောင် | ၂၁ | သပိတ်တောင်ကုလား | ၁၉၅၀ | ပြည့်နှစ် | ၃၀၁ | ၁၉၉၁ | |
| ၁၆ | စိမ့်ညှင်းပွား | ၂၂ | ရက်ချောင်း | ၁၉၅၀ | ပြည့်နှစ် | ၁၅၀ | ၉၉၁ | |
| ၁၇ | ဖိုးခေါင်ချောင်း | ၂၃ | ကံတက်(ကန္ဒ) | ၁၉၅၂ | ခုနှစ် | ၁၂၇ | ၈၇၉ | |
| | | ၂၄ | ကံပြင် | ၁၉၅၅ | ခုနှစ် | ၁၀၀ | ၅၃၀ | |

နောက်ဆက်တွဲ(ဂ)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဖဆပလအစိုးရလက်ထက် တိုးပွားလာသော ဘင်္ဂလီကျေးရွာများနှင့် အသစ်တည်သောရွာများစာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ရွာ ပေါင်း | ကျေးရွာအမည် | ရွာတည်ခုနှစ် | | တိုးပွားမှု | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | အိမ်ခြေ | လူဦးရေ | |
| ၁ | ၂ | ၃ | ၄ | ၅ | | ၆ | ၇ | ၈ |
| ၁၈ | ဘုရားပြင် | ၂၅ | သိန်းတံ | ၁၉၅၂ | ခုနှစ် | ၁၀၀ | ၅၁၆ | |
| | | ၂၆ | မာမတ်ဒါလီ | ၁၉၅၂ | ခုနှစ် | ၆၂ | ၃၅၅ | |
| | | ၂၇ | အဒူလာကိန်း | ၁၉၅၂ | ခုနှစ် | ၁၂၀ | ၃၅၄ | |
| | | ၂၈ | ပြင်လှ | ၁၉၅၂ | ခုနှစ် | ၁၃၀ | ၅၄၀ | |
| ၁၉ | ဆေးအိုးကျ | ၂၉ | ဆေးအိုးကျ | ၁၉၅၂ | ခုနှစ် | ၁၁၇ | ၈၀၀ | |
| ၂၀ | စေတီတောင် | ၃၀ | ဘော်လီရွာ | ၁၉၅၃ | ခုနှစ် | ၂၀၀ | ၅၄၀ | |
| | | ၃၁ | စေတီတောင် | ၁၉၅၆ | ခုနှစ် | ၆၀ | ၃၃၅ | |
| ၂၁ | ကျောက်ဖြူသား သေကံ | ၃၂ | သေကံ | ၁၉၅၅ | ခုနှစ် | ၁၀၂ | ၆၄၄ | |
| ၂၂ | ဖရုံချောင်း | ၃၃ | ဖရုံချောင်း | ၁၉၅၅ | ခုနှစ် | ၆၅ | ၂၉၁ | |
| | | ၃၄ | ပြိုင်းတောင် | ၁၉၅၅ | ခုနှစ် | ၁၃၅ | ၈၉၁ | |
| | | ၃၅ | ဒိုးတန်း (၁) | ၁၉၅၅ | ခုနှစ် | ၂၀၀ | ၄၈၀ | |
| | | ၃၆ | ဒိုးတန်း (၂) | ၁၉၅၅ | ခုနှစ် | ၅၆ | ၃၂၀ | |
| ၂၃ | အထက်ကွဲကြိုမော် | ၃၇ | သာစည် | ၁၉၅၅ | ခုနှစ် | ၁၅၀ | ၉၅၅ | |
| ၂၄ | သေကံခွဆုံ | ၃၈ | ဝက်မကျ | ၁၉၅၅ | ခုနှစ် | ၁၃၀ | ၄၇၀ | |
| | | ၃၉ | မော်စတော်ဖီ | ၁၉၅၅ | ခုနှစ် | ၂၀၀ | ၈၃၅ | |
| | | ၄၀ | ခွဆုံရွာသစ် | ၁၉၅၅ | ခုနှစ် | ၁၀၀ | ၄၃၀ | |
| | | ၄၁ | သုံးဆောင်ရွာ | ၁၉၅၅ | ခုနှစ် | ၆၀ | ၂၃၀ | |
| ၂၅ | ကျောက်ရံ | ၄၂ | ထိပ်ထူးပေါက် | ၁၉၅၅ | ခုနှစ် | ၂၀၀ | ၈၀၀ | |
| | | ၄၃ | နန္ဒင်းတူး | ၁၉၅၅ | ခုနှစ် | ၂၁၀ | ၈၅၀ | |
| | | ၄၄ | တောင်ရွာ | ၁၉၅၅ | ခုနှစ် | ၁၄၀ | ၅၃၀ | |
| | | ၄၄ | | | | ၄၅၈၆ | ၂၄၂၇၀ | |

အသစ်တည်သော ဘင်္ဂလီကျေးရွာများ၏စာရင်း

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ရွာ ပေါင်း | ကျေးရွာအမည် | ရွာတည်ခုနှစ် | တိုးပွားမှု | | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | | | | အိမ်ခြေ | လူဦးရေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | အင်းချောင်း | ၁ | ဘဒနာကုလားရွာသစ် | ၁၉၆၅ ခုနှစ် | ၄၉ | ၃၀၄ | |
| ၂ | စံညွှင်းဝေ | ၂ | ပြင်ရှည်ကုလားရွာသစ် | ၁၉၆၅ ခုနှစ် | ၁၅ | ၆၆ | |
| ၃ | နန်းရာရုံး | ၃ | မျှော်ချောင်းကုလားရွာသစ် | ၁၉၇၀ ခုနှစ် | ၂၄ | ၁၄၃ | |
| ၄ | လက်ဝဲဒက်ပြင်ရှည် | ၄ | အန်ပလာကုလားရွာသစ် | ၁၉၆၄ ခုနှစ် | ၆၇ | ၄၆၀ | |
| ၅ | ကကျဘက်ကံပြင် | ၅ | ထင်ဒါများကုလားရွာသစ် | ၁၉၆၉ ခုနှစ် | ၃၀ | ၂၀၀ | |
စေတီတော်မှာ ဆစ်ကျောက်များဖြင့် ပြန်လည်တည်ထားခြင်း ဖြစ်၏။ အတိုင်းအတာမှာ ဥာဏ်တော်အမြင့် (၂၇)တောင်၊ အချင်း(၂၇)တောင်နှင့် ပတ်လည်(၈၁)တောင်ရှိသော ဂြိုလ်ကြီး(၈)လုံးပါဝင်သည့် (၈)မြှောင့်ပုံသဏ္ဌာန်ဖြစ်သည်။ ကာလတန်ဘိုးမှာ (၇)သိန်းကျော် ကုန်ကျခဲ့သည်။ မြောက်ဦးမြို့မှ ပန်းရံဆရာဦးကျော်အေး၏ လက်ရာမွန်ပင်ဖြစ်သည်။

### (၂) ထုတ်သိမ်(ဒုံးသိမ်)ပုထိုးတော်ကြီး

ထုတ်သိမ်(ခေါ်)ဒုံးသိမ်ပုထိုးတော်ကြီးမှာ ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာအုပ်စု၊ ဒုံးသိမ်ရွာတွင် တည်ရှိသည်။ မြောက်ဦးမြို့ဘုရင်မင်းဘာကြီး (အေဒီ ၁၅၃၁-၁၅၅၃)က အနောက်အကာအဖြစ် အစီအမံဖြင့် တည်ထားကိုးကွယ်ခဲ့သည်ဆို၏။ မူလအမည်မှာ ထုတ်သိမ်ဟူ၍ တွင်ခဲ့သည်။ အရန်စေတီပေါင်း (၁၂)ဆူပါရှိ၏။

ထိုနောက် တန္တဗိုလ်စန္ဒဝိဇယရာဇာ(အေဒီ ၁၆၃၁-၁၆၃၄)က ထပ်မံပြုပြင်မွမ်းမံခဲ့သည်။ တန္တဗိုလ် စန္ဒဝိဇယရာဇာ၏ ငယ်နာမည်"ဒုံးညို"ကို အစွဲပြု၍ ဒုံးသိမ်အဖြစ် ပြောင်းလဲခေါ်လာကြသည်။ ၁၉၄၁-၄၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ကုလားရခိုင်အဓိကရုဏ်းကာလတွင် ပုထိုးတော်ကြီး ဖျက်ဆီးခံခဲ့ရသည်။ ပုထိုးတော်ကြီးနှင့် အရန်စေတီငယ်များ၊ ဘုရားဆင်းထုတော်များ ပျက်စီးခဲ့သည်။ မဟာရံတံတိုင်းကြီးနှင့် ရင်ပြင်တော်မှာ ကျယ်ဝန်းလှသဖြင့် သိမ်အဖြစ် သမုတ်ခဲ့ကြောင်းလည်း သိသာနိုင်သည်။ မဟာရံတံတိုင်းအတွင်းတွင် ပျက်စီးပြန့်ကြဲနေသော ဘုရားဆင်းထုတော် အကျိုးအပဲ့များ၊ အနုပညာပန်းလက်ရာများ၊ ဘီလူးရုပ်၊ ဗျာလ်အရုပ်အပိုင်းအစများကို ဝမ်းနည်းကြေကွဲဘွယ်ရာ တွေ့မြင်နိုင်ပေသည်၊

ခရစ်(၁၉၉၀)ပြည့်နှစ် မေလ(၁၀)ရက်နေ့က ဘူးသီးတောင်မြို့ စစ်ဗျူဟာမှူး၊ မဝတတို့မှ ကြီးမှူး၍ လုပ်သားပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ပြန်လည်မွမ်းမံခဲ့သည်။ ပုထိုးတော်ကြီးနှင့် အရန်စေတီတော်(၄)ဆူကို ပြုပြင်ပြီး ဖြစ်သော်လည်း အရန်စေတီတော် (၈)ဆူနှင့်မဟာရံတံတိုင်းကြီးကို ပြုပြင်မွမ်းမံရန်နှင့် ပြန့်ကြဲနေသော ရှေးဟောင်းပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျှက်ရှိပါသည်။

### (၃) ငှက်ပျောချောင်းစေတီတော်

ဤစေတီတော်သည် ဘူးသီးတောင်မြို့နယ် ဂူဒါပြင်ကျေးရွာအုပ်စု ငှက်ပျောချောင်းကျေးရွာအနီး မယူမြစ်၏ အနောက်ဘက်ကမ်း မလ္လနန္ဒစူဠပဗ္ဗတတောင်ကုန်းပေါ်၌ တည်ရှိသည်။

ရခိုင်ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီး (ဘီစီ ၃၁၆-၂၇၂)နှင့် မိဖုရားကြီး ရုပိယာတို့က သာသနာတော်သက္ကရာဇ် (၂၂၂)ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့တွင် စတင်တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓ၏ဗျာဒိတ်တော်လာ"ခါးဆစ်တော်ဓာတ်"ကိန်းဝပ်စံပါယ်တော်မူရာ စေတီတော်မြတ်တစ်ဆူဖြစ်သည်။

ဤစေတီတော်ကြီးမှာ နှစ်ပရိစ္ဆေဒကြာညောင်းလာသည်နှင့်အမျှ ပြုပြင်မည့်သူကင်းမဲ့၍ ပျက်စီးယိုယွင်းခဲ့ရသည်။ စေတီတော်မှ ဓာတ်တော်များ ကွန့်မြူးတောက်ပသည်ကို မကြာခဏမြင်ရ၏။ ကောဇာသက္ကရာဇ်(၁၂၈၈)ခုနှစ်ဝန်းကျင်က ငှက်ပျောချောင်းကျေးရွာနေ ဦးမောင်ထွီးနှင့် ဒေါ်မရွှေညိုတို့ ဇနီးမောင်နှံက တောင်ယာခုတ်၍ မီးရှို့စဉ် စေတီ၏ဖိနပ်တော်ကို စတင်တွေ့ရှိခဲ့သည်။ ထို့နောက်၎င်းတို့ဇနီးမောင်နှံက ထပ်မံတည်ထားကိုးကွယ်ခဲ့ကြသည်။ စေတီတော်၌ "၁၂၈၈ ခုနှစ် တပေါင်းလပြည့်ကျော်(၇)ရက်နေ့ ဒေါ်မရွှေညို ကောင်းမှု"ဟူ၍ ကမ္ပည်းရေးထိုးခဲ့ကြောင်း သိရသည်။ ယခုအခါ ကမ္ပည်းစာမှာ ပျက်ပြယ်သွားပြီဖြစ်၏။

စေတီတော်မှာ ထူးခြားသော တန်ခိုးပြာဋိဟာရှိကြောင်း သိရ၏။ ရင်ပြင်ပေါ်တွင် မဖွယ်မရာပြုမူပါက ချက်ချင်း ဒုက္ခရောက်တတ်သည်ဆို၏။ ကုလားရခိုင်အဓိကရုဏ်းကာလတွင် ဘင်္ဂလီများ မဖျက်ဆီးရဲသော တစ်ဆူတည်းသော စေတီတော်ပင်ဖြစ်သည်။ အတိုင်းအတာမှာ ဉာဏ်တော်(၂၇)တောင် ပတ်လည်(၅၄)တောင်၊ အချင်း(၂၇)တောင်ခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ စေတီတော်တည်ရှိနရာ တောင်ခြေ၏ အရှေ့မြောက်ဘက်တွင် ကျောက်ဂူအတွင်း၌ ကျောက်ဆင်းထုတော်တစ်ဆူ ရှိ၏။ ယခုအခါ ဖျက်ဆီးခံရ၍ ဦးခေါင်းတော် လက်တော်များ ကျိုးပဲ့လျက်ရှိနေသည်။

## (၄) သုံးဆယ့်တစ်ဘုံရုပ်စုံစေတီတော်

ဤစေတီတော်သည် ဘူးသီးတောင်မြို့နယ် စံကိုးတောင်ကျေးရွာအုပ်စု၊ စံကိုးထောင်ရွာဟောင်းတွင် တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၂၆၄)ခုနှစ် နတ်တော်လဆန်း(၅)ရက်နေ့က ဦးဦးကျော်ခိုင်နှင့် ဒေါ်လှဝန်းတို့မိသားစုက စတင်အုတ်မြစ်ချ တည်ထားခဲ့ရာ (၁၂၆၈)ခုနှစ်တွင် အပြီးသတ်ခဲ့ကြောင်း သိရသည်။

စေတီတော်၏အောက်ပစ္စယံအမြင့်(၁၅၀)ပေ၊ ပတ်လည်(၁၅၀၀)ပေရှိသည်။ အရန်စေတီတော်ပေါင်း (၁၀၀)ဆူ၊ ငြိုဟ်တိုင်ရှစ်ခု၊ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး၊ ဂူပေါက်(၇၀၀)ပါရှိသည်။ ဂူပေါက်တစ်ခုစီ၌ ပိဋကတ် ကျောက်စာချပ် (၃) ချပ်စီဖြင့် အချပ်ရေပေါင်း (၂၁၀၀)ပါရှိခဲ့သည်။ စေတီတော်မှာ ရှစ်မြောင့်ပုံသဏ္ဌာန်ဖြစ်၍ ဇာတ်ကြီး(၁၀)ဘွဲ့ကို ရုပ်လုံးရုပ်ကြွများဖြင့် ထုလုပ်ထားရှိခဲ့သည်။ ကာလတန်ဘိုး ငွေလေးသိန်းရှစ်သောင်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

ကုလားရခိုင်အဓိကရုဏ်းကာလက စေတီတော်မှာ ဖျက်စီးခံခဲ့ရသဖြင့် အသစ်မွမ်းမံပြုပြင်ရန် လိုအပ်နေပြီဖြစ်၏။

## (၅) မင်္ဂလာဦးစေတီတော်

ဤစေတီတော်သည် ဘူးသီးတောင်မြို့နယ်၊ ကျည်တောက်ကျော်လမ်းလက်ယာဖက်တောင်ခြေအနီးတွင် တည်ရှိသည်။ ရခိုင်ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီး (ဘီစီ ၃၁၆-၂၇၂)နှင့် မိဖုရားကြီး ရူပီယာတို့က သာသနာသက္ကရာဇ် (၂၂၂)ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့သည်။ ဗုဒ္ဓ၏ဗျာဒိတ်တော်လာ ဒူးဆစ်တော်(ခုံချင်တော်)ဓာတ်ကိန်းဝပ်စံပါယ်တော်မူရာစေတီတော်မြတ်တစ်ဆူဖြစ်သည်။

ကုလားရခိုင်အဓိကရုဏ်းကာလတွင် အဖျက်ဆီးခံခဲ့ရပြီး ပြုပြင်သူမရှိဘဲ ရှိနေခဲ့၏။

ကောဇာသက္ကရာဇ် (၁၃၅၄)ခုနှစ် တန်ခူးလပြည့်ကျော်(၅)ရက် (ခရစ်၁၉၉၂ ခုနှစ် ဧပြီလ(၂၂)ရက်)နေ့တွင် ဘူးသီးတောင်မြို့နယ် သံဃနာယကအဖွဲ့၊ တပ်ရင်းတပ်နယ်မိသားစုများ၊ လုပ်သားပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် အသစ်တဖန်တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။ စေတီတော်အတိုင်းအတာမှာ အချင်း(၁၈)တောင်၊ ဉာဏ်တော်အမြင့် (၁၈)တောင်၊ အဝိုင်းပတ်လည်(၅၄)တောင်ရှိသည်။

## (၆) မင်္ဂလာထူပါရာမစေတီတော်

မင်္ဂလာထူပါရာမစေတီတော်မှာ ဘူးသီးတောင်မြို့နယ် နန်းရာကုန်းကျေးရွာအုပ်စု သံခြေရွာတွင် တည်ရှိသည်။ ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလ ကုလားရခိုင်အဓိကရုဏ်းတွင် အဖျက်ဆီးခံခဲ့ရသည်။

ခရစ် ၁၉၉၂ ခုနှစ် မေလ(၁၄)ရက်နေ့က ဘူးသီးတောင်မြို့နယ် သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး၊ ဂေါပကအဖွဲ့ဝင်များ၊ လုပ်သားပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ပြန်လည်တည်ထားကိုးကွယ်ခဲ့ကြသည်။

စေတီတော်၏အတိုင်းအတာမှာ ဉာဏ်တော်အမြင့် (၁၈)တောင်၊ အချင်း(၁၈)တောင်၊ ပတ်လည်(၅၄)တောင် ရှိ၏။

## (၇) အောင်သိဒ္ဓိစေတီတော်

အောင်သိဒ္ဓိစေတီတော်မှာ ဘူးသီးတောင်မြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု ဇင်းခါမ တောင်မော်၌ တည်ရှိသည်။ ဆစ်ကျောက်များဖြင့် တည်ထားကိုးကွယ်ခဲ့ကြသော ရှေးဟောင်းသမိုင်းဝင် စေတီတော်တစ်ဆူပင် ဖြစ်သည်။ ၁၉၄၁-၄၂ ခုနှစ် ကုလားရခိုင်အဓိကရုဏ်းကာလတွင် အဖျက်ဆီးခံခဲ့ရသည်။ ကောဇာသက္ကရာဇ် (၁၃၅၃)ခုနှစ်တွင် ဘူးသီးတောင်မြို့နယ် သံဃာနာယကအဖွဲ့မှ ကြီးမှူးလျှက် ဂေါပကအဖွဲ့၊ မြို့သူမြို့သားများ၊ လုပ်သားပြည်သူများ၏ထည့်ဝင် လှူဒါန်းငွေဖြင့် အသစ်ထပ်မံတည်ထားခဲ့၏။ အုတ်စေတီတော်ဖြစ်သည်။

## (၈) သပြေတောစေတီတော်

ဘူးသီးတောင်မြို့ အနောက်ဘက် သပြေတောရွာအနီးတွင် တည်ရှိသည်။ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်၍ (၁၉၄၁-၄၂)ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော ကုလားရခိုင်အဓိကရုဏ်းကာလက ဖျက်စီးခံခဲ့ရသည်။

ခရစ်(၁၉၉၁)ခုနှစ် ဧပြီလ(၂၇)ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် သံဃာနာယကအဖွဲ့မှ ကြီးမှူး၍ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး၊ ဂေါပကအဖွဲ့ဝင်များ၊ နယ်သူနယ်သားများ၏အလှူတော်ထည့်ဝင်ငွေဖြင့် ပြန်လည်တည်ထားကိုးကွယ်ခဲ့သည်။

စေတီတော်၏အတိုင်းအတာမှာ ဉာဏ်တော်အချင်း(၉)တောင်၊ အမြင့်(၉)တောင်၊ (ပန်းတင်ခထုံမပါ)၊ ပတ်လည်(၂၇)တောင်ရှိသည်။

## (၉) ဇေယျသင်္ဂီစေတီတော်

ဘူးသီးတောင်မြို့နယ် ကျွန်းပေါက်ကျေးရွာအုပ်စု၊ ကြီးချောင်းရွာအနီး တောင်ကုန်းပေါ်၌ တည်ရှိသည်။ ရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြားမင်း (အေဒီ ၅၉၀-၆၆၇)၏သားတော် သင်္ဂစန္ဒြားမင်းသား အိမ်ရှေ့မင်းသားဘဝက သူရတန်ပြည်သို့ စစ်ချီရန် အသွားတွင် အောင်နိမိတ်စေတီအဖြစ် တည်ထားကိုးကွယ်ခဲ့သည်။ မူလက နွားလားဥသဘတမော့အရွယ်ရှိခဲ့သည်ဆို၏။"ဇေယျသင်္ဂီစေတီတော်"ဟူ၍ အမည်တွင်ခဲ့၏။

မြောက်ဦးဘုရင်မင်းဘာကြီး(အေဒီ ၁၅၃၁-၁၅၅၃)လက်ထက်တွင် အနောက်ဘင်္ဂါ(၁၂)မြို့သို့ စစ်ချီတက်စဉ် အောင်နိမိတ်စေတီအဖြစ် ပြန်လည်မွမ်းမံခဲ့သည်။ ထိုနောက် ခရစ်(၁၈၂၄)ခုနှစ်တွင် မြန်မာဘုရင်၏ စစ်သူကြီး မဟာဗန္ဓုလက ပင်းဝါသို့ စစ်ချီရန်အသွား "အောင်နိမိတ်"စေတီတော်ကို ထပ်မံမွမ်းမံခဲ့၏။ ၁၉၄၁-၄၂ ခုနှစ် ကုလားရခိုင်အဓိကရုဏ်းကာလက အဖျက်ဆီးခံခဲ့ရသည်။ ၁၉၅၀ ခုနှစ်တွင် မူဂျာဟစ်သောင်းကျန်းသူမျှနားကလည်း ဖျက်စီးခဲ့ပြန်၏။

ခရစ် ၁၉၉၁ ခုနှစ် မတ်လအတွင်းက ကြီးချောင်းဆရာတော် ဦးမေဒဒေဝက ဦးဆောင်၍ နယ်သူနယ်သားတို့၏ အလှူတော်ငွေဖြင့် ထပ်မံတည်ထားကိုးကွယ်ခဲ့ကြ၏။ စေတီတော်အတိုင်းအတာမှာ ဉာဏ်တော်အမြင့် (၉)တောင် အချင်း (၉)တောင်၊ ပတ်လည်(၂၇)တောင်ရှိပြီး ထီးတော်မတင်ရသေးချေ။

## (၁၀) သပိတ်တောင်စေတီတော်

ဘူးသီးတောင်မြို့နယ် သပိတ်တောင်ရွာအနီး တောင်ကုန်းပေါ်၌ တည်ရှိသည်။ ထိုတောင်ကုန်းပေါ်တွင် မူလက ရှေးဟောင်းစေတီတော်နှစ်ဆူရှိခဲ့သည်ဟု သိရသည်။ ၎င်းစေတီတော်များအား ၁၉၄၁-၄၂ ခုနှစ် ကုလားရခိုင် အဓိကရုဏ်းကာလတွင် ဘင်္ဂလီများ၏ ဖျက်ဆီးမှုခံခဲ့ရသည်။

ခရစ်(၁၉၇၂)ခုနှစ်တွင် ဘူးသီးတောင်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ ဗိုလ်ကြီးဘထွေး ဦးဆောင်၍ စေတီတော်နှစ်ဆူအနက် တစ်ဆူကို ပြန်လည်တည်ထားကိုးကွယ်နိုင်ခဲ့၏။

(၁၁) ကျွန်းပေါက်စေတီတော်

ဘူးသီးတောင်မြို့နယ် ကျွန်းပေါက်ကျေးရွာအုပ်စု၊ ပဲလွန်းရွာ၌ တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၁၇)ခုနှစ် တပေါင်းလဆန်း(၅)ရက်နေ့က ပဲလွန်းဆရာတော် ဦးခန္တီ၊ ဂေါပက ဦးမောင်သောင်း၊ ဦးထွန်းသာ၊ ဦးအောင်ကျော်ဇံတို့ တည်ထားကိုးကွယ်ခဲ့ကြသည်။ စေတီတော်၏ အတိုင်းအတာမှာ ဥာဏ်တော်အမြင့်(၁၃)တောင်၊ အချင်း(၁၀)တောင်၊ ပတ်လည်(၃၀)တောင်ရှိသည်။

**ဖတ်မရပါ**

(၁၃) အောင်သိဒ္ဓိစေတီတော်

ဤစေတီတော်မှာ ဘူးသီးတောင်မြို့ အမှတ်(၂)ရပ်ကွက်၊ လမ်းမဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက် တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ကောဇာသက္ကရာဇ်(၁၃၉၇) ခုနှစ် ကဆုန်လတွင် လမ်းမဆရာတော် ဦးကုဏ္ဍလမှ ကြီးမှူး၍ ပန္နက်ချတည်ထားကိုးကွယ်ခဲ့ရာ (၁၃၂၈)ခုနှစ်တါင် ထီးတော်တင်ခဲ့သည်။ ထီးတော်၏အတိုင်းအတာမှာ ဥာဏ်တော်အမြင့် (၁၅)တောင်၊ အချင်း(၁၅)တောင်၊ ပတ်လည်(၄၅)တောင်ရှိသည်။

(၁၄) တပ်ဦးကိုးနဝင်းစေတီတော်

ဤစေတီတော်မှာ ဘူးသီးတောင်မြို့ အမှတ်(၁၈)ထောက်လှမ်းရေးတပ်အနီး တောင်ကုန်းပေါ်၌ တည်ရှိသည်။ မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူး၍ အမှတ်(၁၈)ထောက်လှမ်းရေးတပ်မှူး၊ တပ်ရင်း၊ တပ်ဖွဲ့မိသားစုမားက စုပေါင်းလှူဒါန်းငွေဖြင့် ကောဇာသက္ကရာဇ် (၁၃၅၀)ခုနှစ်တွင် တည်ထားကိုးကွယ်သည်။ စေတီတော်အတိုင်းအတာမှာ ဥာဏ်တော်(၁၂)တောင်၊ အချင်း(၁၂)တောင်၊ ပတ်လည်(၃၆)တောင်ရှိသည်။

(၁၅) ရန်အောင်ဇေယျမေ့သုခစေတီတော်

ဤစေတီတော်မှာ ဘူးသီးတောင်မြို့နယ် ဂုပ္ပိကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာတွင် တည်ရှိသည်။ ကောဇာ သက္ကရာဇ် (၁၃၅၄)ခုနှတစ် တပိုတွဲလဆန်း(၃)ရက်နေ့က အောင်ဇေယျကျေးရွာဆရာတော် ဦးဂုဏဝံသကြီးမှူး၍ ကျေးရွာသူ ကျေးရွာသားများ စုပေါင်းလှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။ စေတီတော်၏အတိုင်းအတာမှာ ဥာဏ်တော် အမြင့် (၉)တောင်၊ အချင်း(၉)တောင်ရှိသည်။ **ဖတ်မရပါ။**

(၁၆) လေးမျက်နှာစေတီတော်

ဘူးသီးတောင်မြို့၊ မြို့မစေတီတောင်ကျေးရွာအနီး တောင်ကုန်းပေါ်၌ တည်ရှိသည်။ ခရစ်သက္ကရာဇ် (၁၉၉၂)ခုနှစ် နိုဝင်ဘာလ(၇)ရက်နေ့တွင် မြို့နယ်သံဃာနာယကအဖွဲ့မှ ကြီးမှူး၍ စစ်ဗျူဟာမှူး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဦးထွန်းစိန်၊ ဂေါပကအဖွဲ့ဝင်များ၊ လုပ်သားပြည်သူများ၏ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်၏အတိုင်းအတာမှျာ ဥာဏ်တော်အမြင့် (၂၇)တောင်၊ အချင်း(၁၇)တောင်၊ စေတီတော်အဝိုင်းပတ်လည် (၆၈)တောင်ရှိသည်။ လေးမျက်နှာပုံသဏ္ဍာန်ဖြစ်၏။

(၁၇) ရတနာအောင်သိဒ္ဓိစေတီတော်

ဘူးသီးတောင်မြို့အမှတ်(၃၅၂)ခြေမြန်တပ်ရင်းအနီးတွင် တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၅၄) ခုနှစ် နယုန်လဆန်း(၇)ရက် ကြာသပတေးနေ့တွင် မြို့နယ်သံဃာနာယကအဖွဲ့မှ ကြီးမှူး၍ တပ်ရင်းမှူး၊ တပ်ရင်းတပ်ဖွဲ့မိသားစု များ၏ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်အတိုင်းအတာမှာ ဥာဏ်တော်အမြင့်(၁၂)တောင်၊

အချင်း(၁၂)တောင် ပတ်လည်(၃၆)တောင်ရှိသည်။

(၁၈) ရန်အောင်မြေဓမ္မစကြာစေတီတော်

ဘုးသီးတောင်မြို့ ကံကြီးပြင်ကျေးရွာအနီးတောင်ကုန်းပေါ်တွင် တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၃၈) ခုနှစ် တပိုးတွဲလပြည့် အင်္ဂါနေ့တွင် ကမ္ဘာ့သာသနာပြုဆရာတော် ဦးဣန္ဒာစရိက ကြီးမှူး၍ ဂေါပကအဖွဲ့ဝင်များ၊ နယ်သူ နယ်သားများ၏အလှူတော်ငွေဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်၏အတိုင်းအတာမှာ ဉာဏ်တော်အမြင့် (၁၆)ပေ၊ ဖိနပ်တော်မှ ပန်းတင်ခုံအထိအကျယ်(၈)ပေ၊ ပန်းတင်ခုံပတ်လည်အနား (၉၄)ပေ၊ ပန်းတင်ခုံအမြင့် (၃)ပေ၊ (၁)လက်မ၊ ရင်ပြင်အကျယ်(၆)ပေ၊ ပတ်လည်အနား(၁၃၂)ပေရှိသည်။ စေတီတော်၌ ဂြိုဟ်ကြီး(၈)လုံး၊ ကကုသံ၊ ဂေါဏဂုဏ်၊ ကဿပ၊ ဂေါတမ၊ ဘုရားလေးဆူပါရှိ၏။ ဘုးသီးတောင်မြို့နယ် နွားရုံတောင်ကျေးရွာမှ ပန်းရံဆရာကြီး ဦးဆိုးထွန်း(ကွယ်လွန်)က တည်ဆောက်ခြင်းဖြစ်သည်။ ကာလတန်ဘိုးငွေကျပ်(၂)သိန်းနီးပါးကုန်ကျကာ လုပ်ခ(၆)သောင်း ကျပ်ပေးရ၏။ ဘုးသီးတောင်မြို့အမှတ်(၆)မှ ရွှေပန်းထိမ်ဆရာကြီး ဦးဦးကျော်သာက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

(၁၉) ရန်အောင်မြင်စေတီတော်

ဘုးသီးတောင်မြို့အမှတ် (၂၆၃)ခြေလျင်တပ်ရင်းအတွင်း၌ တည်ရှိသည်။ ကောဇာသက္ကရာဇ်(၁၃၅၄)ခုနှစ် နတ်တော်လဆန်း(၁၅)ရက်နေ့က မြို့နယ်သံဃာသာယကအဖွဲ့မှကြီးမှူး၍ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသန်းမြင့် တပ်ရင်း တပ်ဖွဲ့မိသားစုများ ပါဝင်လှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်၏အတိုင်းအတာမှာ ဉာဏ်တော် အမြင့် (၁၂)ပေ၊ အချင်း(၁၂)ပေ၊ ပတ်လည်(၃၆)ပေရှိသည်။

(၂၀) မြတ်စေတီတော်

ဘုးသီးတောင်မြို့အမှတ်(၃၄၅) ခြေမြန်တပ်ရင်းအနီးတွင် တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၅၄)ခုနှစ် ပြာသိုလဆန်း(၁၁)ရက်နေ့က မြို့နယ်သံဃာနာယကအဖွဲ့မှ ကြီးမှူး၍ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း တပ်ရင်းတပ်ဖွဲ့မိသားစုများ တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်အတိုင်းအတာမှာ ဉာဏ်တော်အမြင့် (၁၂)တောင်၊ အချင်း(၁၂)တောင်၊ ပတ်လည်(၃၆)တောင်ရှိသည်။

(၂၁) မြတောင်စေတီတော်

ဘုးသီးတောင်မြို့၊ မြို့မစေတီတောင်ကျေးရွာ၊ မြတောင်ကျောင်းတိုက်၏တောင်ဘက် တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၁၅)ခုနှစ်က မြတောင်ဆရာတော်ကြီး ဦးကုန္ဒာစရိယဝံသအမှူးပြု၍ လုပ်သား ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခဲ့သည်။

စေတီတော်၏အတိုင်းအတာမှာ ဉာဏ်တော်အမြင့် (၁၇)တောင်၊ အချင်း(-)တောင်၊ ပတ်လည်(-) တောင် ရှိသည်။ စေတီတော်ကို "မြစေတီ"ဟူ၍ အမည်တွင်၏။ ပန်းရံဆရာကြီးမှာ ဒေါ်အေးမြဦး ဘခင် ဦးစိန်သာထွန်းက တည်ဆောက်ပေးခဲ့သည်။

(၂၂) မြတောင်ကျောင်းတိုက် သာသနာကျောက်တိုင်

ဤသာသနကျောက်တိုင်ကို ကောဇာသက္ကရာဇ် (၁၃၃၁)ခုနှစ်က မြတောင်ဆရာတော်ကြီး ဦးဣန္ဒာစရိယဝံသ ကြီးမှူး၍ စိုက်ထူခြင်းဖြစ်သည်။ အမြင့်(၅၂)ပေရှိပြီး မြေဝင်အနက်(၃)တောင်ရှိသည်။ ထိုကျောက်တိုင်တွင် အရန်စေတီ (၄)ဆူနှင့် ဘုရားရှစ်ဆူပါဝင်သည်. အဝိုင်း(၃၇)တောင်ရှိသည်။ ပန်းအိုးလေးလုံးနှင့် နတ်မင်းကြီးလေးပါးပါဝင်သည်။ နတ်တို့လက်တွင် မီးကွင်းများကိုင်ဆောင်ထား၏။

(၃၇)တောင်အတိုင်းအတာမှာ ဗောဓိပက္ခိယတရား(၃၇)ပါး စေတီလေးဆူမှာ သစ္စာလေးပါး၊ ဘုရားရှစ်ဆူမှာ မဂ္ဂင်ရှစ်ပါး၊ ပန်းအိုးလေးလုံးမှာ ပွင့်တော်မူပြီးသော ကကုသန်၊ ဂေါဏဂုဏ်၊ ကဿပ၊ ဂေါတမတည်းဟူသော ဘုရား(၄)ပါး၊ ကျောင်းတိုင်မှာ ပွင့်ရန်ကျန်သေးသော အရိမေတ္တယျဘုရား၊ နတ်မင်းကြီးလေးပါးမှာ စတုမဟာရာဇ်နတ်မင်းလေးပါး၊ လက်ထဲရှိမီးကွင်းများမှာ နတ်တို့လက်နက် "မီးကွင်းစက်"ဟူသောအဓိပ္ပါယ်များဖြင့် တည်ထားခြင်းဖြစ်သည်။ ရခိုင်အလို

သာသနာသက္ကရာဇ်(၂၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မြတောင်ဆရာတော်ဘုရားကြီးက အိပ်မက်အရ တည်ထားခဲ့ခြင်း ဖြစ်သည်။

(၂၃) သပြေကုန်းစေတီတော်

ဘူးသီးတောင်မြို့ အမှတ်(၄)ရပ်ကွက် သပြေကုန်းကျောင်းဝင်းအတွင်း တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၂၉)ခုနှစ်က လမ်းမကျောင်းဆရာတော် ဦးကုဏ္ဍလက ကြီးမှူး၍ လုပ်သားပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ရမ်းပြေမြို့နယ်၊ လေးတောင်တိုက်နယ် သရက်ချိုရွာမှ ပန်းရံဆရာကြီး ဦးမောင်ကျော်နု က တည်ဆောက်ပေးခဲ့သည်။

စေတီတော်၏အတိုင်းအတာမှာ ဥာဏ်တော်အမြင့် (၂၄)တောင်၊ အချင်း(၂၄)တောင်၊ ပတ်လည်(၇၂)တောင်ရှိ သည်။

(၂၄) ကွမ်းတောင်စေတီတော်

ဘူးသီးတောင်မြို့နယ် စပါးထားကျေးရွာအုပ်စု၊ ကွမ်းတောင်ကျေးရွာ၌ တည်ရှိသည်။ စေတီတော်တည်ထား ကိုးကွယ်ခဲ့သည့် ခုနှစ်အတိုင်းအတာကုသိုလ်ရှင်အမည်ကို လက်လှမန်းမမှီ၍ မဖော်ပြနိုင်ပါ။

(၂၅) စေတီတောင်စေတီတော်

ဘူးသီးတောင်မြို့နယ် စေတီတောင်ကျေးရွာအုပ်စု၊ စေတီတောင်ကျေးရွာတွင် တည်ရှိသည်။ ခရစ်(၁၉၈၅)ခုနှစ် က စေတီတောင်ဆရာတော် ဦးသောပိတ(ပုံလွန်)က ကြီးမှူး၍ ရွာသူရွာသားများ၏အလှူတော်ငွေဖြင့် တည်ထားကိုးကွယ် ခဲ့ခြင်းဖြစ်သည်။ အတိုင်းအတာမှာ ဥာဏ်တော်အမြင့် (၁၂)တောင်၊ ပတ်လည်(၃၆)တောင်ခန့် ရှိကြောင်းသိရသည်။ စေတီတော်၏ ကြာလှန်၊ ကြာမှောက်များတွင် ဖန်သက်န်းကပ်လှူထားကြောင်း သိရသည်။

(၂၆) စက်ခေါ်စေတီ

ဘူးသီးတောင်မြို့နယ် ကျွဲရိုင်းခတ်အုပ်စု၊ စက်ခေါ်ရွာ၌ တည်ရှိသည်။ စေတီတော်တည်ထားကိုးကွယ်သည့်ခုနှစ် အတိုင်းအတာကုသိုလ်ရှင်အမည်ကို လက်လှမ်းမမှီ၍ မဖော်ပြနိုင်ပါ။

(၂၇) ပြိုင်းတောင်ရွာစေတီများ

ဘူးသီးတောင်မြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု ပြိုင်းတောင်ရွာတွင် ရှေးဟောင်းစေတီ(၃)ဆူရှိကြောင်း သိရ၏။ သို့ရာတွင် စေတီဆိုင်ရာအချက်အလက်များကို လက်လှမ်းမမှီ၍ မဖော်ပြနိုင်ပါ။

(၂၈) လေးမျက်နှာညီနောင်စေတီ (သဗ္ဗသုခရှစ်မျက်နှာ ညီနောင်စေတီ)

ဘူးသီးတောင်မြို့ မြို့မစေတီတောင် ကျေးရွာအနီးရှိ လေးမျက်နှာစေတီတော်၏ အရှေ့မြောက်ဘက်တွင် တည်ရှိ သည်။ ဗြိတိသျှခေတ်က ရခိုင်သူဌေးများဖြစ်ကြသော မောင်ဖြူနှင့် မောင်နီညီအစ်ကိုက တည်ထားကိုးကွယ်ခဲ့ကြသည်။ မောင်ဖြူရွာ၊ မောင်နီရွာဆိုသည်မှာ ၎င်းတို့ညီအစ်ကိုကို အစွဲပြု၍ခေါ်ခြင်းဖြစ်သည်။ ယခုအခါ မောင်နီရွာ၌ ဘင်္ဂလီလူမျိုး များ နေထိုင်လျက်ရှိကြသည်။

စေတီတော်နှစ်ဆူမှာ ကုလားရခိုင်အဓိကရုဏ်းကာလတွင် ဖျက်ဆီးခံခဲ့ရသည်။ ၁၃၅၄ ခုနှစ် နယုန်လဆန်း (၂)ရက်နေ့က သက်ဆိုင်ရာတို့မှ စေတီတော်နေရာများကို တူးဖော်ကြည့်ရှုရာ တောင်ဘက်မှစေတီမှာ ပတ်လည်(၅၁)ပေ (၆)လက်မ၊ အချင်း(၁၅)ပေ (၆)လက်မရှိပြီး၊ အောက်ခြေပတ်လည် အုတ်ထုမှာ (၃)ပေရှိသည်။ ဌာပနာပစ္စည်းအဖြစ် ခဲဘုရား(၂၂)ဆူ၊ ငွေလက်စွပ်(၁)ကွင်းရရှိသည်။ မြောက်ဘက်စေတီမှ ဌာပနာတွင် ဘုရား(၂၄)ပါးတွေ့ရသည်။ စေတီနှစ်ဆူအကွာအဝေးမှာ (၅)ပေ (၆)လက်မရှိသည်။ အုတ်တစ်ချပ်လျှင် အလျား(၁၃)လက်မ၊ အနံ(၆)လက်မခွဲ၊ ထု(၂)လက်မရှိသည်။ ဌာပနာတိုက်နှစ်ခုစလုံးမှာ ပုံစံတူပင်ဖြစ်၏။ စေတီနှစ်ဆူကို မူလက မောင်ဖြူ မောင်နီစေတီဟူ၍ အမည်တွင်ခဲ့သည်။

ခရစ်(၁၉၉၄)ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့က ဘူးသီးတောင်မြို့ အမှတ်(၁)အခြေချစစ်ဗျူဟာမှူး၊ ဗိုလ်မှူးကြီး ဝင်းစိန်၊ သက်ဆိုင်ရာခဝတ မဝတနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များက အသစ်ထပ်မံအုတ်မြစ်ချခဲ့သည်။ စစ်ဗျူဟာမှူးနှင့် တပ်နယ်မိသားစုများက စေတီတစ်ဆူ ခဝတ၊ မဝတမိသားစုများက စေတီတစ်ဆူ၊ တည်ထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ စေတီတော်အမည်များကို သဗ္ဗသုခရှစ်မျက်နှာညီနောင်စေတီတော်များဟုအမည်ပေး ထားသည်။

## (၈) ဘုရားဆင်းထုတော်များ

(၁) ဇေယျာမုနိဘုရား

ဘူးသီးတောင်မြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ဂန္ဓာရီတောရကျောင်းအနီး တောင်ကုန်းပေါ်၌ တည်ရှိသည်။ ရခိုင်မြောက်ဦးဘုရင် မင်းပါကြီး(အေဒီ ၁၅၃၁-၁၅၅၃)လက်ထက်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရားတစ်ဆူ ဖြစ်သည်။ မူလက မြောက်ဦးမြို့ ဘောင်းဒွတ်ကျေးရွာအနီးတွင် ကိန်းဝပ်စံပါယ်တော်မူခဲ့၍ နှစ်ပရိစ္ဆေဒကြာညောင်းလာ သည်နှင့်အမျှ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သူ ကင်းမဲ့ခဲ့ရသည်။

**ဖတ်မရပါ။**

(၂) မင်္ဂလာမြို့ဦးကျောင်းဘုရား

ဘူးသီးတောင်မြို့ အမှတ်( )ရပ်ကွက် မင်္ဂလာမြို့ဦးကျောင်းဝင်းအတွင်း တောင်ကုန်းမြင့်ငယ်ပေါ်တွင် တည်ရှိ သည်။ ခရစ် ၁၉၉၃ ခုနှစ် ဇွန်လ(၂၈)ရက်နေ့က ဘူးသီးတောင်မြို့ အမှတ်(၆)ရပ်ကွက်နေ ရွှေပန်းထိမ်ဆရာကြီး ဦးဦးကျော်သာနှင့် ဇနီးဒေါ်သာခိုင် မိသားစုက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော် မူခန်းဖြစ်၏။ ဆင်းထုတော်မှာ ဥာဏ်တော်အမြင့် (၅)ပေ၊ ပလ္လင်အမြင့် (၃၄)လက်မ ရှိသည်။ ပန်းပုဆရာကြီး ဦးသက်က ကျောက်ကို ထွင်းထုခြင်းဖြစ်သည်။ ကာလတန်ဘိုးအားဖြင့် သုံးသောင်းငါးထောင်ကုန်ကျပြီး ထုလုပ်ခ ငွေတစ်သောင်း နှစ်ထောင် ကျပ်ပေးရသည်။

(၃) လမ်းမကျောင်းရွှေသာလျောင်းဘုရား

ဘူးသီးတောင်မြို့ အမှတ်(၂)ရပ်ကွက် လမ်းကျောင်းဝင်းအတွင်း သိမ်တော်၌တည်ရှိသည်။ ကောဇာ ၁၂၉၅ ခုနှစ်က လမ်းမကျောင်းဆရာတော် ဦးဥတ္တမက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၁-၄၂ ခုနှစ် ကုလားရခိုင်အဓိ ကရုဏ်းကာလက ဖျက်ဆီးခံခဲ့ရ၏။ ထို့နောက်ကောဇာ ၁၃၂၀ ခုနှစ်ဝန်းကျင်က ထပ်မံမွမ်းမံခဲ့သည်။ ပန်းရံဆရာကြီးမှာ ဘူးသီးတောင်မြို့ အမှတ်(၆)ရပ်ကွက်မှ ဦးစိန်သာထွန်းဖြစ်သည်။ ဉာဏ်တော်မှ ခြေဖဝါးတော်ထိ (၂၀)ပေရှိသည်။

(၄) မြတောင်ကျောင်းတိုက် ကပ်ကျော်ဘုရားကြီး

ဘူးသီးတောင်မြို့နယ် မြို့မစေတီတောင်ကျေးရွာ၌ တည်ရှိသည်။ ကောဇာ ၁၃၁၈ ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော်(၉)ရက်နေ့တွင် မြတောင်ကျောင်းတိုက်ဆရာတော် ဦးက္ကန္ဒာစရိယဝံသက ကြီးမှူး၍ တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။ အတိုင်းအတာမှာ ဉာဏ်တော် (၆)တောင်၊ (၁)မုတ်၊ ပလ္လင်အမြင့် (၂)တောင်ရှိသည်။

ဘုရားပရဝုဏ်ရှိ ရုပ်လုံးရုပ်ကြွများမှာ ဝိဒူရအမတ်က ပုဏ္ဏကဘီလူးကို တရားဟောခန်းဖြစ်သည်။

(၅) သပြေကုန်းစေတီတောင်ကုန်းပေါ်ရှိဘုရား

ဤဘုရားမှာ ဘူးသီးတောင်မြို့ အမှတ်(၄)ရပ်ကွက် သပြေကုန်းစေတီတောင်ကုန်းပေါ်၌ တည်ရှိသည်။ ကောဇာ ၁၃၅၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၇)ရက်နေ့က ဘူးသီးတောင်မြို့ အမှတ်(၆)ရပ်ကွက်နေ ဦးစောလှဖြူ ဒုရဲအုပ် (စခန်းမှူး အငြိမ်းစား)(ကွယ်လွန်)နှင့်ဇနီး ဒေါ်ကြာဇံလှ၊ ရွာသူရွာသားများက စုပေါင်းတည်ထားကိုးကွယ်ခဲ့ကြသည်။ ပုံတော်မှာ ဇမ္ဗူပတိမင်းချွတ်ခန်းဖြစ်၏။ ဉာဏ်တော်အမြင့်(၃)တောင်တစ်ထွာ၊ ပလ္လင်အမြင့် (၃)ပေခွဲရှိ၏။ ပန်းရံဆရာမှာ

ရသေ့တောင်မြို့နယ် စေတီပြင်ရွာသား ဦးထွန်းစိန် ဖြစ်သည်။

### (၆) ယင်းမဘုရား

ဘူးသီးတောင်မြို့နယ် ယင်းမဈေး ဘုန်းတော်ကြီးကျောင်းတွင် တည်ရှိသည်။ ကောဇာ ၁၃၅၆ ခုနှစ် နယုန်လတွင် လမ်းမဆရာတော် ဦးကုဏ္ဍကကြီးမှူး၍ ရွာသူရွာများ၏အလှူတော်ငွေဖြင့် တည်းထားကိုးကွယ်ခဲ့သည်။ အတိုင်းအတာမှာ ဥာဏ်တော်(၃)တောင် ပလ္လင်(၂)တောင်ရှိသည်။ အင်္ဂတေသွန်းဆင်းထုတော်ဖြစ်ပြီး ပန်းပုဆရာ ဦးသက်လှက တည်ဆောက်ပေးခဲ့သည်။

### (၇) လေးမျက်နှာဘုရား

ဘူးသီးတောင်မြို့၊ မြို့မစေတီတောင်ရွာရှိ လေးမျက်နှာစေတီတော်အနီး ဓမ္မာရုံ၌တည်ရှိသည်။ ကောဇာ ၁၃၅၆ ခုနှစ် နယုန်လပြည့်နေ့က လမ်းမဆရာတော် ဦးကုဏ္ဍလက ကြီးမှူး၍ တည်ထားကိုးကွယ်ခဲ့သည်။ ပဥ္စဝဂ္ဂီ(၅)ဦးအား တရားဟောနေပုံဖြစ်သည်။

အတိုင်းအတာဥာဏ်တော် (၃)တောင်တစ်ထွာ၊ ပလ္လင်(၂)တောင်ရှိသည်။

### (၈) အေးစေတီကျောင်းရှိဘုရား

ဤဘုရားကို ကောဇာသက္ကရာဇ် ၁၃၃၄ ခုနှစ်တွင် ဘူးသီးတောင်မြို့ အမှတ်(၆)ရပ်ကွက်နေ ဦးမောင်လှနှင့် ဇနီး ဒေါ်မစောသာမိသားစုက တည်းထားကိုးကွယ်ခြင်းဖြစ်သည်။ ဥာဏ်တော်အမြင့် ၃ပေ ၁၀လက်မ ပလ္လင်အမြင့် ၂ပေ ၅လက်မရှိသည်။ "ဘူမိဖဿမုဒြာ"ပုံစံဖြစ်သည်။ ပန်းရံဆရာမှာ လေးတောင်တိုက်နယ်သား သရက်ချိုရွာသား ဦးမောင်ကျော်နုက စတင်ထုလုပ်ပြီး လက်စမသတ်ခဲ့ဘဲ ရှိနေခဲ့ရာ ၎င်း၏အစ်ကိုဖြစ်သူ ဦးမောင်သာနို့က အပြီးသတ်ခဲ့ကြောင်း သိရသည်။

### (၉) စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်ရှိဘုရား

ဤဘုရားကို ဘူးသီးတောင်မြို့ အမှတ်(၃)ရပ်ကွက်နေ ဦးရွှေမြအောင်(ကွယ်လွန်)နှင့် ဇနီး ဒေါ်ဦးစိန်သာတို့က ကောဇာသက္ကရာဇ် ၁၃၅၄ ခုနှစ်က စတင်တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။ ဥာဏ်တော်အမြင့် ၃တောင်တထွာခန့်ရှိသည်။ ပလ္လင်အမြင့် တတောင့်တထွာရှိသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူခန်းဖြစ်သည်။ ပန်းရံဆရာမှာ ဦးသက်လှဖြစ်သည်။

### (၁၀) အောင်မင်္ဂလာဓမ္မာရုံရှိဘုရား

ဤဘုရားမှာ အောင်မင်္ဂလာစေတီကျော်ဓမ္မာရုံတွင် ကိန်းဝပ်စံပါယ်လျက်ရှိသော ကြေးသွန်းဆင်းတုတော်တစ်ဆူဖြစ်သည်။ ၁၉၉၀ပြည့်နှစ် ဖေဖော်ဝါရီလခန့်တွင် ကျောက်ပန်းတောင်းဆရာတော်၊ ဂေါပကဥက္ကဋ္ဌ ဦးထွန်းစိန်က မန္တလေးမြို့မှ ပင့်ဆောင်ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ဥာဏ်တော် ၃တောင်တထွာရှိသည်။ ဘူမိဖဿမုတဒြာဖြစ်သည်။ ပလ္လင်တော်မှာ တံကဲအမှီအပါအဝင် အမြင့် (၉)ပေခန့်ရှိသည်။

### (၁၁) သိမ်တောင်ကုန်းဘုရား

ဤဘုရားမှာ အောင်မင်္ဂလာစေတီတော်၏ သိမ်တော်ကုန်း၌ တည်ရှိသည်။ ၁၉၉၃ ခုနှစ် ကဆုန်လတွင် စတင်တည်ထားကိုးကွယ်ခဲ့သည်။ ဂေါပကဥက္ကဋ္ဌ ဦးထွန်းစိန်နှင့် မြို့သူမြို့သားများ၏ ထည့်ဝင်လှူဒါန်းငွေနှင့် တည်ထားခြင်းဖြစ်သည်။ ဥာဏ်တော်မှာ ၃တောင်တထွာ ပလ္လင်တော်မှာ တံကဲအမှီ အပါအဝင် ၉ပေခန့်ရှိသည်။ ဘုးမိဖဿမုတဒြာဖြစ်၏။ ပန်းရံဆရာဦးသက်လှ၏ လက်ရာဖြစ်သည်။

(၁၂) တောင်မော်ရွာရှိဘုရား

ဤဘုရားမှာ ဘူးသီးတောင်မြို့နယ် ပြိုင်းတောင်ကျေးရွာ အုပ်စု တောင်မော်ရွာတွင် တည်ရှိသည်။ ၁၉၉၁-ခုနှစ်က ဘုရားတကာ ဒေါ် ဒေါ်လာဘီနှင့် မိသားစုတို့က တည်ထားကိုးကွယ်ခဲ့ကြသည်။ ဉာဏ်တော်အမြင့် ၃တောင်တထွာ၊ ပလ္လင်အမြင့် ၃တောင်ရှိသည်။ စိန္တမုဒြာ(ခေါ်)ပြကဗြက္ခာချွတ်ခန်းဖြစ်သည်။ ပန်းရံဆရာ ဦးသက်လှ၏လက်ရာဖြစ်ပြီး တန်ဘိုးငွေ ၅၀၀၀ိ/-ကျပ်ကုန်ကျခဲ့သည်။

(၁၃) ဓမ္မရံသီဘုရားရှင်

ဤဘုရားမှာ ဘူးသီးတောင်မြို့ ကကျဘက်ကံပြင်ကျေးရွာအုပ်စုတပ်ရာရွာတောင်ကုန်းပေါ်တွင် တည်ရှိသည်။ ကောဇာသက္ကရာဇ် (၁၃၂၄)ခုနှစ်တွင် မြတောင်ကျောင်းတိုက် ဆရာတော်ကြီး ဦးက္ကန္ဒာစရိယဝံသက ကြီးမှူးတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

(၁၄) စေတောင်ရွာရှိဘုရား

ဘူးသီးတောင်မြို့နယ် စေတောင်ကျေးရွာအုပ်စု၊ စေတောင်ရွာတွင် ကောဇာ(၁၃၅၃)ခုနှစ်က ဒေါ်ဖွဲးခိုင်၏ဘခင် ဦးစံကျော်ဖြူ မိသားစုတို့က တည်ထားကိုးကွယ်ခဲ့ကြခြင်းဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ (၃-)တောင်ရှိ ထိုင်တော်မူဆင်းထု ဖြစ်သည်။

(၁၅) သရမရွာဘုရား

ဤဘုရားမှာ ဘူးသီးတောင်မြို့ သရမကျေးရွာ၌ တည်ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ခရစ်(၁၉၄၂)ခုနှစ် ခန့်တွင် ကာညိုပြင်ကျေးရွာမှ ဦးပဥ္စင်း တည်ထားကိုးကွယ်ခဲ့သည်ဟု သိရသည်။

ဉာဏ်တော်အမြင့်(၂)တောင် (၁)ထွာရှိသည်။ ပလ္လင်ကို ရွှံ့ဖြင့် ပြုလုပ်ထားသည်။ ပလ္လင်အပါအဝင် အမြင့်(၅)ပေ ခန့်ရှိသည်။

ထူးခြားချက်မှာ လက်တော်(၆)ချောင်း ပါရှိခြင်းပင်ဖြစ်သည်။ ကျောင်းထိုင်ဘုန်းကြီးတွင် လက်ခြောက်ချောင်းပါ သည်ကို မှတည်၍ ပန်းရံဆရာက တည်ထားသည်ဟု ပြောကြသည်။

နောက်ဆက်တွဲ (ဇ)

## ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဗလီများစာရင်း

| စဉ် | ကျေးရွာ အုပ်စုရပ်ကွက်အမည် | အရေအတွက် | ဧရိယာ | | လိုင်စင်ရှိ/ မရှိ |
|---|---|---|---|---|---|
| | | | ဧက | ဒသမ | |
| ၁ | ဘဒကား | ၁၀ | ၁ | ၂၀ | မရှိ |
| ၂ | ကျောင်းတောင် | ၄ | - | ၄၀ | ״ |
| ၃ | တင်းမေ | ၅ | - | ၅၀ | ״ |
| ၄ | ဂုပ္ပိ | ၃ | - | ၂၀ | ״ |
| ၅ | ကျွန်းပေါက် | ၂ | - | ၁၀ | ״ |
| ၆ | ပန်းဖဲချောင်း | ၁ | - | ၀၅ | ״ |
| ၇ | ယင်းမကျောင်းတောင် | ၆ | ၁ | ၂၀ | ״ |
| ၈ | သင်္ဂနက် | ၉ | ၁ | ၈၀ | ״ |
| ၉ | စံညွှင်းဝေ | ၂ | - | ၄၀ | ״ |
| ၁၀ | ဇီးတို | ၂ | - | ၄၀ | ״ |
| ၁၁ | လောင်းချောင်း | ၂ | - | ၃၀ | ״ |
| ၁၂ | မီးကျောင်းခေါင်းဆွဲ | ၃ | - | ၅၅ | ״ |
| ၁၃ | အင်းချောင်း | ၄ | - | ၇၀ | ״ |
| ၁၄ | ငရန့်ချောင်း | ၂၇ | ၄ | ၀၅ | ״ |
| ၁၅ | ကျော်တောက် | ၇ | ၁ | ၉၀ | ״ |
| ၁၆ | မီးကျောင်းဈေး | ၁၅ | ၃ | ၄၂ | ״ |
| ၁၇ | ဒါးပိုင်ဆရာ | ၇ | ၁ | ၁၀ | ״ |
| ၁၈ | မောင်ကြီးထောင့် | ၁၀ | ၁ | ၈၅ | ״ |
| ၁၉ | ခြင်းသမား | ၈ | ၂ | ၀၅ | ״ |
| ၂၀ | ဒပြုချောင်း | ၄ | ၁ | ၀၀ | ״ |
| ၂၁ | သရက္ကင်းမနူး | ၅ | - | ၇၀ | ״ |
| ၂၂ | ကွန်တိုင် | ၁၂ | ၃ | ၄၀ | ״ |
| ၂၃ | နန်းရာကုန်း | ၉ | ၁ | ၉၀ | ״ |
| ၂၄ | ဦးလှဖေ | ၈ | ၁ | ၃၀ | ״ |
| ၂၅ | ရွှက်ညိုတောင် | ၃ | - | ၈၀ | ״ |
| ၂၆ | တပ်မင်းချောင်း | ၁၀ | ၂ | ၄၅ | ״ |
| ၂၇ | ရွာမ | ၃ | | ၄၀ | ״ |
| ၂၈ | လက်ဝဲဒက်ပြင်ရှည် | ၁၁ | ၂ | ၀၀ | ״ |
| ၂၉ | လက်ဝဲဒက်ပုဇွန်ချောင်း | ၉ | ၁ | ၃၀ | ״ |
| ၃၀ | ကျောက်ဖြူတောင် | ၂ | - | ၃၀ | ״ |
| ၃၁ | ကကျဘက်ကံပြင် | ၅ | - | ၅၅ | ״ |
| ၃၂ | အမှတ်(၁)ရပ်ကွက် | ၂ | - | ၃၅၃ | ״ |
| ၃၃ | အမှတ်(၂)ရပ်ကွက် | ၁ | - | ၀၉၅ | ״ |
| ၃၄ | အမှတ်(၃)ရပ်ကွက် | ၁ | - | ၄၉၄ | ״ |
| ၃၅ | အမှတ်(၄)ရပ်ကွက် | ၁ | - | ၁၁၄ | ״ |
| ၃၆ | အမှတ်(၅)ရပ်ကွက် | ၁ | - | - | ״ |
| ၃၇ | အမှတ်(၆)ရပ်ကွက် (ဈေးတွင်းဆိုင်ခန်း) | ၁ | - | ၉၂ | ״ |

နောက်ဆက်တွဲ (၈)

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဗလီများစာရင်း

| စဉ် | ကျေးရွာ အုပ်စုရပ်ကွက်အမည် | အရေအတွက် | ဧရိယာ | | လိုင်စင်ရှိ/မရှိ |
|---|---|---|---|---|---|
| | | | ဧက | ဒသမ | |
| ၃၈ | ဘကုံးနား | ၆ | - | ၆၀ | မရှိ |
| ၃၉ | ကကျဘက် | ၅ | - | ၅၀ | ။ |
| ၄၀ | မြောင်းနား | ၄ | - | ၄၀ | ။ |
| ၄၁ | အလယ်ချောင်း | ၇ | - | ၇၀ | ။ |
| ၄၂ | သပိတ်တောင် | ၃ | - | ၃၀ | ။ |
| ၄၃ | အတွင်းငှက်သေ | ၁၄ | ၂ | ၅၀ | ။ |
| ၄၄ | ကင်းတောင် | ၄ | - | ၆၀ | ။ |
| ၄၅ | သရက်ပြင် | ၃ | - | ၅၀ | ။ |
| ၄၆ | ဖုံညိုလိပ် | ၇ | ၁ | ၀၀ | ။ |
| ၄၇ | ဝရကျွန်း | ၆ | ၁ | ၀၀ | ။ |
| ၄၈ | လေးမြို့ | ၂ | - | ၃၀ | ။ |
| ၄၉ | ဘုရားပြင်သိန်းတန် | ၇ | ၅ | ၁၀ | ။ |
| ၅၀ | ဆေးအိုးကျ | ၆ | ၃ | ၅၀ | ။ |
| ၅၁ | ကျောက်ရန် | ၆ | ၃ | ၅၀ | ။ |
| ၅၂ | စွံဂိုးတောင် | ၂ | ၁ | ၅၀ | ။ |
| ၅၃ | စေတီတောင်/အလယ်ဝက်မကျ | ၂ | ၁ | ၀၀ | ။ |
| ၅၄ | စိမ့်ညင်းပြား | ၉ | ၁ | ၂၀ | ။ |
| ၅၅ | ဂူတာပြင် | ၄ | - | ၅၀ | ။ |
| ၅၆ | ဖိုးခေါင်ချောင်း | ၅ | - | ၅၀ | ။ |
| ၅၇ | သေကံခွဆုံ | ၇ | - | ၈၀ | ။ |
| ၅၈ | ကျောက်ဖြူသားသေကံ | ၃ | - | ၃၀ | ။ |
| ၅၉ | ဖရုံချောင်း | ၁၁ | - | ၉၀ | ။ |
| ၆၀ | ဘုရားပြင်အောင်ပ | ၆ | ၁ | ၂၀ | ။ |
| ၆၁ | ကွဲကြိုမော် | ၂ | - | ၅၀ | ။ |
| ၆၂ | သိန်တောင်ပြင် | ၂ | - | ၄၀ | ။ |
| ၆၃ | ပြိုင်းတောင် | ၄ | - | ၅၀ | ။ |
| ၆၄ | ဒူအုံးသည်မ | ၃ | - | ၄၀ | ။ |
| | စုစုပေါင်း | ၃၅၅ | ၆၉ | ၄၁၈ | |

ဘူးသီးတောင်ခရိုင်၊ ဘူးသီးတောင်မြို့နယ်အတွင်း နေထိုင်သည့်လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် အလုပ်အကိုင်အခြေပြစာ

| စဉ် | လူမျိုး | ကိုးကွယ်သည့်ဘာသာဦးရေ | | | | အလုပ်အကိုင် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဗုဒ္ဓ | အီစ္စလင် | ခရစ်ယာန် | ဟိန္ဒူ | ဝန်ထမ်း | လယ်သမား | ကုန်သည်/ပွဲစား | ကျွန်းလုပ်သား | ယာလုပ်သား | ရေ လုပ်သ |
| ၁ | ဗမာ | ၁၀၂ | - | - | - | ၅၀ | - | - | - | - | - |
| ၂ | ရခိုင် | ၂၂၄၅ | - | - | - | ၈၄၈ | ၇၉၈ | ၁၉၄၆ | ၈၆၂ | ၇၈ | |
| ၃ | ရှမ်း | - | - | - | - | - | - | ၄၀ | - | - | - |
| ၄ | ချင်း | - | - | ၆ | - | ၁ | - | ၇၀ | - | - | - |
| ၅ | ကရင် | - | - | ၆ | - | ၁ | - | ၃၀ | - | - | - |
| ၆ | ဒိုင်းနက် | ၆၈၆ | - | - | - | ၂၀ | ၂၀၂ | ၈၇၈ | ၁၆၃ | ၁၈ | ၁ |
| ၇ | မြို | ၂၇၄၂ | - | - | - | ၄ | - | ၈၀၉ | - | - | - |
| ၈ | ခမီး | ၅၄၂၉ | - | - | - | ၁၂ | ၁၆ | ၁၀၆၂ | ၁၀ | - | - |
| ၉ | သက် | ၂၈၀ | - | - | - | ၂ | - | ၅၀ | - | - | - |
| ၁၀ | မရာမာကြီး | ၂၂ | - | - | - | - | - | ၁၀ | - | - | - |
| ၁၁ | ဟိန္ဒူ | | - | - | ၈၂၉ | ၄ | - | ၂၀၄ | - | ၁၀ | - |
| ၁၂ | ဘင်္ဂါလီ | | ၁၈၃၁၉၆ | - | - | ၄၄၆ | ၁၇၉၀၉ | ၆၁၉၅ | ၁၀၉၀၉ | ၁၇၀၂ | ၆၈၀ |
| | စုစုပေါင်း | ၃၆၉၀၆ | ၁၈၃၁၉၆ | ၁၂ | ၈၂၉ | ၁၃၈၉ | ၁၇၉၂၅ | ၁၀၂၅၄ | ၁၂၉၃၅ | ၁၈၀၉ | ၆ |

# စီးပွားရေး

## (၁) လယ်ယာကဏ္ဍ

(က) ရခိုင်ဘုရင်များခေတ် မြေယာစနစ်

ဘူးသီးတောင်မြို့နယ်သည် ရခိုင်သမိုင်းနှင့် တဆက်စပ်တည်း ပေါက်ပွားလာခဲ့ရာကား မြေယာစနစ်နှင့်ပတ်သက်၍ ဖော်ပြရလျှင် ရှေးအခါက ဘုရင်သည် တိုင်းပြည်၏အကြီးဆုံးသော မြေပိုင်ရှင်ကြီးဖြစ်သည်။ ရေမြေသနင်း ပြည့်ရှင်မင်းဟူသော ဘွဲ့အမည်ကို ခံယူသည်။ ရေမြေကို ပိုင်သည်ဟူသော သဘောပင်ဖြစ်သည်။ လက်တွေ့အားဖြင့် တွေ့ရသည်မှာ ဘုရင်သည် ရေမြေများ အရှင်သခင်အဖြစ် တိုင်းပြည်ကိုယ်စား အုပ်ချုပ်မှုသာ ရှိကြောင်းတွေ့ရသည်။

ရခိုင်ဘုရင်များလက်ထက်တွင် လယ်ယာပိုင်ဆိုင်မှုအခြေအနေမှာ

(၁) ဘုရင့်မြေ

(၂) အများပြည်သူမြေ

(၃) ဝတ္တကမြေ

(၄) သတ်မှတ်မြေ ဟူ၍ မြေယာပိုင်ဆိုင်ခွင့်ကို လေးမျိုးလေးစား ခွဲခြားထားကြောင်း တွေ့ရသည်။

ရခိုင်ဘုရင်များလက်ထက် မြေခွန်ကောက်ခံရာ၌ မြေအမျိုးအစားအလိုက် ကောက်ခံထံခြင်းဖြစ်သည်။ ဥပမာ တောင်ယာတွင် စိုက်ပျိုးသည့်သီးနှံဖြစ်သော စပါးနှင့်ဝါများကို အခင်းအလိုက် တစ်ခင်းလျှင် (၁. ၂၅)အသပြာ၊ သို့မဟုတ် တစ်အသပြာ တစ်မတ်ကောက်ခံသည်။ လယ်မြေကို စိုက်ပျိုးမှုများတွင် တစ်ဆယ်နှစ်တောင်ဝါးဖြင့် တိုင်းတာလျက် ကောက်ခံသည်။ အကောင်းဆုံးမြေအမျိုးအစား ဝါးတစ်ရာလျှင် စပါးငါးတောင်းကောက်ခံသည်။ သီးနှံများကို ကောက်ခံရာ၌ တပြေးညီနှုန်းဖြင့် ကောက်ခံခြင်းမျိုး မဟုတ်ဘဲ အမျိုးအစားညံ့လျှင်၊ ညံ့သည့်အလျောက်၊ ကောင်းလျှင် ကောင်းသည့် အလျောက် ကောက်ခံသည်။

ကိုင်း၊ ကျွန်းမြေစိုက်ပျိုးသည့် ဆေးခင်းများကိုလည်း တစ်ဆယ့်နှစ်တောင် ဝါးအတိုင်းအတာဖြင့် ဝါးတစ်ရာလျှင် တစ်ထောင့်တစ်ထွာ သီအပ်သော ဆေးပျစ်ဝါးပျစ်စီကောက်ခံသည်။ ရာသီဥတုနှင့်အခြားသောအကြောင်းများကြောင့် သီးနှံများပျက်စီး၍ ယုတ်လျော့ဘွယ်ရှိကြောင်း ဒိုင်းသား၊ လမိုင်းသား၊ တို့ကပြည်စိုးကြီး(ယခုခေတ်အခေါ် အခွန်ကောက်ခံရာ၌ တာဝန်ရှိသူ)ထံ အစီရင်ခံလျှင် ပြည်စိုးကြီးမှ အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

တိုင်းပြည်အတွင်း နေ့ထူးနေ့မြတ်များနှင့် ကြုံကြိုက်သည့်အခါများမှာလည်း အထိမ်းအမှတ်အဖြစ် အခွန်ကောက်ခံခြင်းများကို လွတ်ငြိမ်းခွင့်ပြုသည်။ အခွန်ထမ်းဆောင်ရသောနှစ်များ ကြာလာသောအခါ မိမိပေးဆောင်ခဲ့ရသော အခွန်တော်တန်ဘိုးသည် မိမိလုပ်ကိုင်နေသောလယ်မြေ၏ တန်ဘိုးထက် ပိုမိုလာပြီဖြစ်ကြောင်းကို သက်ဆိုင်ရာတို့က လျှောက်ထားတင်ပြလာပါက စီစစ်၍အခွန်လျှော့ကောက်ခြင်းနှင့် လွတ်ငြိမ်းခွင့်ပေးခြင်းများ ရှိသည်။ အခွန်ကောက်ခြင်း စာရင်းဇယားများကို ရပ်ကွက်၊ ကျေးရွာ၊ စာတိုင် (ရပ်ကွက်ကျေးရွာ၌ မြေခွန်ကောက်ခံရန် စာရင်းပြုစုသူ)တို့က ပြုစုဆောင်ရွက်ရသည်။

မြောက်ဦးခေတ် အလယ်ပိုင်းတွင် လယ်ယာမြေထုတ်ကုန်များနှင့် ပတ်သက်၍ ရွှေမှဉ်းဓမ္မသတ်တော်အတိုင်းသာ စီမံလုပ်ကိုင်ခဲ့ကြသည်။ တောင်သူလယ်သမားများအား လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် ပြည်ကျိုးဆောင်ဘဏ္ဍာတော်မှ ကြွေးမြီးချ(ငွေချေး)ခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းသို့ ကြွေးမြီးချရန်အတွက် ဘာဘူစာရလွှတ်တော် ပြည်စိုးကြီးက ခရိုင်မင်းနှင့် အချုပ်သူကြီး၊ ရပ်ကွက်၊ ကျေးရွာစာတိုင်များထံသို့ လယ်သမားများစာရင်းနှင့် အချုပ်သူကြီး၊ ရပ်ကွက်၊ ကျေးရွာစာတိုင်များထံသို့ လယ်သမားများစာရင်းနှင့် လယ်မြေအကျယ်အဝန်း စာရင်းများကို ကောက်ယူရန် အမိန့်စာများ ထုတ်ရသည်။ ထိုအမိန့်စာများရရှိလျှင် ခရိုင်မင်းကြီးနှင့် အချုပ်သူကြီး၊ ရပ်ကွက်စာတိုင်တို့သည် ကွင်းဆင်းပြီး လယ်သမားများနှင့် တွေ့ဆုံလျက် ယခုနှစ်လယ်မည်မျှလုပ်မည်၊ စပါးမည်မျှထွက်မည် လယ်လုပ်ရာ၌ စပါးမည်မျှကုန်ကျမည် စသည်တို့ကို မေးမြန်းစီစစ်ရမည်။

ယင်းသို့စုံစမ်းမေးမြန်းခြင်းအရ ရပ်ကွက်၊ ကျေးရွာ စာတိုင်တို့သည် ရပ်ကွက်၊ ကျေးရွာများတွင် လယ်လုပ်သူမည်မျှ၊ လယ်မြေအကျယ်အဝန်းမည်မျှ၊ ကုန်ကျစရိတ် မည်မျှကုန်ကျမည်တို့ကို စာရင်းပြုစုပြီး အချုပ်သူကြီးထံပေးပို့ရသည်။ အချုပ်သူကြီးက ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးစေပြီး ၎င်းစာရင်းပေါ်တွင် မိမိ၏ထင်မြင်ချက်ကို မှတ်ချက်ပြုကာ ပြည်စိုးကြီးထံ တင်ပြရသည်။ ပြည်စိုးကြီးကလည်း သက်ဆိုင်ရာ ဒေသရှိ ခရိုင်မင်း၊ ရပ်ကွက်၊ ကျေးရွာစာတိုင်များနှင့်

လယ်သမားများထံ စာရင်းပါအချက်အလက်များ မှန်၊ မမှန်ပြန်လည်ချပြသည်။

ယင်းသို့အဆင့်ဆင့် စုံစမ်းစစ်ဆေးပြီးမှ ပြည်စိုးကြီးက ခရိုင်မင်းနှင့် အချုပ်သူကြီးတို့အား ဘဏ္ဍာတော်တိုက်မှ ငွေများထုတ်ပေးရသည်။ ၎င်းတို့က တဖန် စီစစ်အတည်ပြုထားသော စာရင်းဇယားအတိုင်း မိမိတို့သက်ဆိုင်ရာဒေသရှိ တောင်သူလယ်သမားများအား ကြွေးမြီးချရသည်။ ယင်းသို့လယ်သမားများအား ကြွေးမြီးချရာ၌ အတိုးစနစ် လုံးဝမရှိပေ။ သို့ရာတွင် ပြည်ကျိုးဆောင်ရာကဏ္ဍအတွက် အသပြာတစ်ရာလျှင် ငါးအသပြာကျနှုန်းဖြင့် ဖြတ်တောက်ထားလိုက်သည်။

စပါးရိတ်သိမ်းပြီးသောအခါ အချုပ်သူကြီး၊ ခရိုင်မင်း၊ ရပ်ကွက်စာတိုင်တို့က မိမိတို့သက်ဆိုင်ရာ နယ်မြေအတွင်းရှိ တောင်သူလယ်သမားများထံ သွားရောက်ပြီး ထွက်သည့်စပါးများကို တောင်း၊ မောင်းစသည်တို့ဖြင့် ချိန်တွယ်ရသည်။

စပါးမည်မျှထွက်သည်၊ တန်ဘိုးမည်မျှရှိသည်၊ ဘုရင့်ဘဏ္ဍာတော်ငွေမှ ချေးယူငွေမျှည်မျှရှိသည်၊ ဘဏ္ဍာတော်အတွက် အခွန်ငွေမည်မျှကုန်ကျမည်၊ လယ်သမားအိမ်ထောင်စု၏ တစ်နှစ်ဝမ်းစာရိက္ခာမည်မျှထားရမည်၊ နိုင်ငံခြားသို့ မည်မျှရောင်းချမည် စသည့်စာရင်းဇယားများကို ပြုစုရသည်။

ယင်းသို့ပြုစုထားသည့် စာရင်းဇယားများကို ပြည်စိုးကြီးထံ တင်ပြရောင်းချရန် သက်ဆိုင်ရာ ရပ်ကွက်စာတိုင်များက ကြီးကြပ်လျက် မိမိတို့ရပ်ကွက်ရှိ စပါးကျီများသို့ ပြောင်းရွှေ့သိုလှောင်ထားရသည်။ အခွန်အဖြစ် ပေးဆောင်ရသည့် စပါးများကို ဘုရင့်ဘဏ္ဍာတော်အဖြစ် ဘုရင့်ကျီတော်များသို့ ပေးသွင်းရသည်။

တစ်နှစ်အတွင်း ဝမ်းစာများအဖြစ် ပိုလျှံသောစပါးများကို နိုင်ငံခြားသားကုန်သည်ကြီးများအား ရောင်းချရန် ဈေးနှုန်းသတ်မှတ်ရသည်။ ဈေးနှုန်းသတ်မှတ်ရန်အတွက် ပြည်စိုးကြီးက တစ်နိုင်ငံလုံးရှိ အချုပ်သူကြီး၊ ခရိုင်မင်းများအား ဘုရင့်နန်းစိုက်ရာသို့ အစည်းအဝေးခေါ်ယူရသည်။ (ပြည်စိုးကြီးမှာ စပါးလုပ်ငန်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို ဆောင်ရွက်ရန် အာဏာကုန်လွှဲအပ်ခြင်းခံရသူလည်း ဖြစ်သည်)

ယင်းအစည်းအဝေးတွင် ကုန်သည်တို့က တစ်နှစ်အတွင်း စပါးအထွက်နှုန်း၊ ကုန်ကျစရိတ်၊ ယခင်နှစ်များက ဈေးနှုန်းများကို အခြေခံ၍ဆွေးနွေးညှိနှိုင်း တိုင်ပင်ကြသည်။ ထို့နောက် ကမ္ဘာ့ဈေးကွက်အခြေအနေအရ စပါးဈေးနှုန်းများကို ချင့်ချိန်ပြီး စပါးဈေးနှုန်းများကို အများသဘောတူ အစည်းအဝေးမှ ဆုံးဖြတ်ကြသည်။

အဆိုပါအစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ပေးလိုက်သည့် စပါးဈေးနှုန်းကို ပြည်စိုးကြီးက နိုင်ငံတဝှမ်းလုံးသို့ ကြေငြာရသည်၊ ပြည်တွင်းစပါးဈေးနှုန်းကိုမူ နှစ်စဉ်နှစ်တိုင်းပင် ပုံသေသတ်မှတ်ထားကြောင်း သိရသည်။

အထက်ဖော်ပြပါ ရခိုင်ဘုရင်များခေတ် မြေယာစနစ်၊ မြေခွန်စနစ်၊ စပါးစာရင်းကောက်ယူခြင်း၊ ရောင်းဝယ်ခြင်း စနစ်များမှာ လက်ရှိတိုးတက်နေသော တိုင်းပြည်များတွင် ကျင့်သုံးနေသည့် စနစ်ကဲ့သို့ပင် ဖြစ်ကြောင်း တွေ့နိုင်၏။ ဤသို့စနစ်တကျ ဆောင်ရွက်နိုင်မှုကြောင့်လည်း နိုင်ငံခြားတိုင်းပြည်များနှင့် ကူးသန်းရောင်းဝယ်ရာတွင် အဆင်ပြေဆက်ဆံနိုင်ခဲ့ခြင်း ဖြစ်စေသည်။

## (ခ) မြန်မာ့ဘုရင်များခေတ်

ခရစ်(၁၇၈၄)ခုနှစ်အရောက်တွင် အမရပူရပြည့်ရှင် ဘိုးတော်ဘုရားက ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူ၏။ ထို့နောက်မြို့ဝန်အုပ်ချုပ်ရေးခေတ် စတင်ခဲ့၏။ ထိုကာလအတွင်း ပြည်တွင်းမငြိမ်မသက်မှု၊ ဆူပူမှုတို့ကြောင့် ရခိုင်ပြည်နယ်မှ လူအများသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီစိုးမိုးလျက်ရှိရာ အနောက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ လူနေရပ်ရွာများ အခြေပျက်ကာ လယ်မြေများ တောဖြစ်ခဲ့ရသည်။ လယ်လုပ်သူမရှိဖြစ်ခဲ့သည်။ မြို့ဝန်အုပ်ချုပ်ရေးကာလမှ ခရစ်(၁၇၈၄)မှ (၁၈၂၄)ခုနှစ်ထိ နှစ်ပေါင်း(၄၀)ကြာညောင်းခဲ့ချေ၏။

## (ဂ) ကိုလိုနီခေတ်မြေယာစနစ်

ဗြိတိသျှအစိုးရသည် ခရစ်(၁၈၂၄)ခုနှစ် မတ်လ(၅)ရက်နေ့တွင် မြန်မာဘုရင်အစိုးရအား စစ်ကြေညာပြီး ရခိုင်နှင့် တနင်္သာရီကို စတင်တိုက်ခိုက်လေ၏။ (၁၈၂၄)ခုနှစ် ဖေဖော်ဝါရီလ(၂၄)ရက်နေ့တွင် ဗြိတိသျှနှင့်မြန်မာဘုရင်အစိုးရတို့ ချုပ်ဆိုသော ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီမှာ ဗြိတိသျှအစိုးရလက်အောက်သို့ ကျရောက်ခဲ့ရ၏။ ဘူးသီးတောင်မြို့နယ်သည် အရှေ့အိန္ဒိယကုမ္ပဏီနှင့် နီးကပ်သောကြောင့် စောစီးစွာပင် ဗြိတိသျှတို့၏ သိမ်းပိုက်ခြင်းခံခဲ့ရသည်။ ရခိုင်ပြည်နယ်ကို ဗြိတိသျှတို့သိမ်းယူလိုက်သောအခါ အုပ်ချုပ်ရသည့်စရိတ် ကာမိစေရန်နှင့် ၎င်းတို့၏အကျိုးစီးပွားအတွက်

အခွန်အကောက်များစွာ ရရှိစေရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်စေခဲ့သည်။

တောင်သူလယ်သမားများအား မြေလွတ်မြေရိုင်းများကို တိုးချဲ့လုပ်ကိုင်လာစေရန် (၁၈၃၉)ခုနှစ် ရခိုင်ပြည်ဂရံကြီး(ရခိုင်အခေါ်ပြုစု)နည်းဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့၏။ ဤဂရံကြီးနည်းဥပဒေမှာ ဗြိတိသျှတို့ ပထမဆုံး ပြဋ္ဌာန်းခဲ့သည့် ဂရံကြီးနည်းဥပဒေပင်ဖြစ်သည်။ ဖော်ပြပါဂရံကြီးနည်းဥပဒေအရ ချမှတ်ထားသည့် နယ်မြေအမြောက်အများပေါ်ပေါက်ခဲ့သည်။ ဗြိတိသျှအစိုးရသည် မိမိနှင့်သင့်မြတ်သူများလည်းကောင်း အမှုထမ်းကောင်းသဖြင့် ဆုအဖြစ် ပေးအပ်ခြင်းဖြင့်လည်းကောင်း ဂရံကြီးများထုတ်ပေးခဲ့ကြသည်။

ဂရံရယူသည့်မြေများမှာ မူလက မြေလွတ်မြေရိုင်းများသာဖြစ်သည်။ ဂရံရရှိသူများက တောများကို ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးနိုင်သည့် မြေများဖြစ်လာစေရန် ပြုစုပျိုးထောင်လာရခြင်းကြောင့် ယင်းဂရံမြေများကို ပြုစုဟု ခေါ်ဝေါ်သုံးစွဲကြခြင်းဖြစ်သည်။ ပြုစုအားကြီးကြပ်အုပ်ချုပ်သူကို ပြုစုခေါင်းဟု ခေါ်သည်။ ပြုစုခေါင်းမှာ ပြုစုပိုင်ရှင်၏အမှုထမ်းဖြစ်ပြီး ပြုစုတွင် နေထိုင်လျက်ပြုစုအား စီမံအုပ်ချုပ်သူဖြစ်သည်။

ခရစ်(၁၉၁၃-၁၇)စစ်တွေခရိုင် ကြေးတိုင်အစီရင်ခံစာအရ ဘူးသီးတောင်မြို့နယ်တွင် ပြုစုပေါင်း(၉)ခုရှိသည်။ ဘူးသီးတောင်မြို့ တည်နေရာ၊ ထိုမြေနှင့်တဆက်တည်းရှိသောမြေတို့သည် ထင်ရှားပြင်ပြုစုနှင့် ကကျဘက်ပြုစုအတွင်း ပါဝင်ခဲ့ကြသည်။ ထိုမြေကို မူလက ရခိုင်လူမျိုးမောင်ဖြူနှင့် မောင်နီဆိုသူ မြေပိုင်ရှင် ညီအစ်ကိုနှစ်ဦးက ပိုင်ဆိုင်ခဲ့ကြသည်။ ၎င်းညီအစ်ကိုနှစ်ဦးမှာ ကုလားများ၏ လိမ်လည်လှည့်ဖျားခံရကာ စီးပွားကျပြီး ဒေဝါလီခံခဲ့ရသည်။ထို့ကြောင့် ၎င်းတို့ပိုင်ဆိုင်သောမြေများကို အင်္ဂလိပ်လူမျိုး မစ္စတာဝီလိုဘီက ဝယ်ယူပိုင်ဆိုင်ခဲ့ပြန်၏။ ထိုအပြင် ဘူးသီးတောင်မြို့နယ်ဖောင်တော်ပြင်ကျေးရွာနယ်မြေ အပါအဝင် ဧက(၁၂၀၀၀)ကျော်ကို ဂျာမန်လူမျိုးမစ္စတာဂျေဆီစမိစ်(. ယ. ၂၁ငအ့)က ပိုင်ဆိုင်ခဲ့ဘူးသည်။ မစ္စတာဝီလိုဘီမှာ ၎င်းပိုင်ဂရံမြေများကို မစ္စတာဂျေဆီစမစ်အား ရောင်းချခဲ့ကြောင်း သိရပြန်၏။[၁]

ထိုနောက် ဂရံမြေများကို ပိုင်ရှင်အဆင့်ဆင့်သို့ လွှဲပြောင်းသးရောင်းချခဲ့ကြပြန်သည်။ ပိုင်ရှင်အဆက်ဆက်မည်သို့ပြောင်းလဲလာသည်ကို အသေးစိတ်ဖော်ပြရန်မှာ ယခုအခါ များစွာအခက်အခဲ ရှိနေပေသည်။ သို့ရာတွင် ဘူးသီးတောင်မြို့နယ် မြေစာရင်းဦးစီးဌာနမှ ကောက်ခံရရှိသော စာရင်းအရ ဂရံပိုင်ရှင်၊ မြေဧက၊ တည်နေရာအရပ်ဒေသဖော်ပြချက်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

ပြုစုပိုင်ရှင်မှာ ငွေကြေးချမ်းသာသူများဖြစ်ကြပြီး တိုင်းရင်းသားများအပြင် နိုင်ငံခြားသားများလည်း ပါဝင်ကြ

**ဘူးသီးတောင်ခရိုင်၊ ဘူးသီးတောင်မြို့နယ်ရှိ ဂရံကြီး (ပြုစု)ကွင်းများ၊ မြေဧရိယာအခြေအနေပြဇယား**

| စဉ် | ကျေးရွာအမည် | ကွင်းနံပါတ် | | ကွင်းရှိဧက | လက်ရှိဧက | စိုက်ဧက | ပိုင်ရှင်အမည် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | | ၄ | ၅ | ၆ | ၇ |
| ၁ | စေတီတောင် | ၂၆၉ | ဘီ | ၅၅၀ | ၄၄၄ | ၄၀၀ | ဂေါ်ဘင် |
| | စေတီတောင် | ၂၆၉ | စီ | ၃၀၀ | ၁၃၆ | ၃၀ | ။ |
| | စေတီတောင် | ၂၆၉ | ဒီ | ၃၅၁ | ၂၆၉ | ၁၂၀ | ။ |
| ၂ | ရွာမ | ၂၆၉ | အီး | ၂၆၁ | ၂၀၉ | ၁၈၀ | ။ |
| | ရွာမ | ၂၆၉ | အက်ဖ် | ၆၄၀ | ၃၃၅ | ၂၄၀ | ။ |
| ၃ | လက်ဝဲဒက်ပြင်ရှည် | ၂၆၉ | ဂျီ | ၈၅၈ | ၁၈၈ | ၁၀၀ | ။ |
| | လက်ဝဲဒက်ပြင်ရှည် | ၂၇၀ | အေ | ၂၅၀ | ၈၃ | ၃၀ | ။ |
| | လက်ဝဲဒက်ပြင်ရှည် | ၂၇၀ | ဘီ | ၄၀၇ | ၂၇၉ | ၂၅၀ | ။ |
| | လက်ဝဲဒက်ပြင်ရှည် | ၂၇၀ | စီ | ၄၉၉ | ၃၂၄ | ၂၈၀ | ။ |
| | လက်ဝဲဒက်ပြင်ရှည် | ၂၇၀ | ဒီ | ၆၅၀ | ၅၈၅ | ၄၀၀ | ။ |
| | လက်ဝဲဒက်ပြင်ရှည် | ၂၇၀ | အီး | ၃၇၂ | ၂၆၁ | ၁၀၀ | ။ |
| | လက်ဝဲဒက်ပြင်ရှည် | ၂၇၆ | အက်ဖ် | ၅၅၀ | ၃၉၅ | ၃၂၀ | ။ |
| ၄ | မောင်ကြီးထောင့် | ၂၇၆ | အေ | ၁၂၃ | ၇၈ | ၆၇ | ဂျေဒီဝီလဆင် |
| | မောင်ကြီးထောင့် | ၂၇၆ | ဘီ | ၃၃၁ | ၁၅၅ | ၁၃၈ | ။ |
| | မောင်ကြီးထောင့် | ၂၇၆ | စီ | ၁၆၀ | ၁၂၆ | ၁၁၅ | ။ |

ဘုားသီးတောင်ခရိုင်၊ ဘုားသီးတောင်မြို့နယ်ရှိ ဂရုံကြီး (ပြုစု)ကွင်းများ၊ မြေဧရိယာအခြေအနေပြဇယား

| စဉ် | ကျေးရွာအမည် | ကွင်းနံပါတ် | | ကွင်းရှိဧက | လက်ရှိဧက | စိုက်ဧက | ပိုင်ရှင်အမည် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | | ၄ | ၅ | ၆ | ၇ |
| | မောင်ကြီးထောင့် | ၂၇၆ | ဒီ | ၅၈၉ | ၂၂၉ | ၁၉၃ | ။ |
| | မောင်ကြီးထောင့် | ၂၇၆ | အီး | ၄၀၂ | ၂၃၇ | ၂၂၈ | ။ |
| | မောင်ကြီးထောင့် | ၂၇၆ | အက်ဖ် | ၃၂၁ | ၂၁၇ | ၁၇၇ | ။ |
| | မောင်ကြီးထောင့် | ၂၇၆ | ဂျီ | ၆၆၀ | ၃၀၄ | ၂၆၇ | ။ |
| ၅ | စေတီပြင် | ၂၇၆ | အမ် | ၄၉၉ | ၂၄၃ | ၂၃၇ | ။ |
| | စေတီပြင် | ၂၇၆ | အိုင် | ၃၇၇ | ၂၆၀ | ၂၃၁ | ။ |
| | စေတီပြင် | ၂၇၆ | ဂျေ | ၁၇၀ | ၁၂၀ | ၁၁၈ | ။ |
| | စေတီပြင် | ၂၇၆ | ကေ | ၃၉၂ | ၂၇ | ၂၃၈ | ။ |
| ၆ | ငကျဉ်တောက် | ၂၇၆ | အယ်လ် | ၆၆၀ | ၅၂၄ | ၂၇၂ | ။ |
| | ငကျဉ်တောက် | ၂၇၆ | အမ် | ၃၆၀ | ၃၇၀ | ၃၃၆ | ။ |
| | ငကျဉ်တောက် | ၂၇၆ | အန် | ၃၀၃ | ၂၈၃ | ၂၆၃ | ဦးရွှေသာ |
| ၇ | ဘဒနာ | ၂၈၁ | အေ | ၄၅၁ | ၃၂၀ | ၂၇၅ | ။ |
| | ဘဒနာ | ၂၈၁ | ဘီ | ၂၅၀ | ၁၃၁ | ၇၄ | ။ |
| | ဘဒနာ | ၂၈၃ | စီ | ၃၆၅ | ၃၅၃ | ၂၁၀ | ။ |
| | ဘဒနာ | ၂၈၃ | အက်ဖ် | ၃၄၄ | ၂၄၄ | ၂၃၃ | ။ |
| | ဘဒနာ | ၂၈၃ | ဂျီ | ၃၆၃ | ၂၈၃ | ၂၇၃ | ။ |
| ၈ | ငရန့်ချောင်း | ၂၈၃ | အေ | ၄၄၀ | ၄၂၅ | ၄၀၃ | ။ |
| | ငရန့်ချောင်း | ၂၈၃ | ဘီ | ၃၉၂ | ၃၇၄ | ၃၆၇ | ။ |
| | ငရန့်ချောင်း | ၂၈၃ | စီ | ၁၇၀ | ၁၅၅ | ၁၄၉ | ။ |
| | ငရန့်ချောင်း | ၂၈၃ | ဒီ | ၃၁၅ | ၂၆၂ | ၂၀၅ | ။ |
| | ငရန့်ချောင်း | ၃၁၇ | အေ | ၂၇၃ | ၂၁၆ | ၂၀၅ | ။ |
| | ငရန့်ချောင်း | ၃၁၇ | ဘီ | ၁၇၄ | ၁၄၃ | ၁၂၉ | ။ |
| ၈ | ငရန့်ချောင်း | ၃၁၇ | ဃ | ၅၄၂ | ၄၉၄ | ၄၂၉ | ဦးရွှေသာ |
| | ငရန့်ချောင်း | ၃၁၇ | စ | ၁၇၁ | ၁၄၂ | ၁၄၂ | ။ |
| ၉ | ယင်းမကျောင်းတောင် | ၃၁၇ | ဒီ | ၅၀၀ | ၃၄၉ | ၃၂၈ | ။ |
| | ယင်းမကျောင်းတောင် | ၃၁၇ | အီး | ၇၀၀ | ၅၄၅ | ၄၂၀ | ။ |
| ၁၀ | မီးကျောင်းဈေး | ၃၁၇ | ဂျေ | | ၁၂၆ | ၁၁၈ | မိသန္တာဖြူ |
| | မီးကျောင်းဈေး | ၃၁၇ | ကေ | ၇၀၃ | ၉၈ | ၈၃ | ။ |
| | မီးကျောင်းဈေး | ၃၁၇ | အယ်လ် | | ၂၁၆ | ၂၀၁ | ။ |
| | မီးကျောင်းဈေး | ၃၁၇ | အမ် | ၅၄၂ | ၃၈၄ | ၃၆၆ | ။ |
| | မီးကျောင်းဈေး | ၃၁၇ | အန် | ၄၇၂ | ၃၅၆ | ၃၃၂ | ။ |
| | မီးကျောင်းဈေး | ၃၁၇ | အို | ၄၃၉ | ၂၇၇ | ၂၄၆ | ။ |
| | မီးကျောင်းဈေး | ၃၁၇ | ကျူ | ၃၀၀ | ၂၁၇ | ၁၉၅ | ။ |

<u>ဘူးသီးတောင်ခရိုင်၊ ဘူးသီးတောင်မြို့နယ်ရှိ ဂရံကြီး (ပြုစု)ကွင်းများ၊ မြေဧရိယာအခြေအနေပြဇယား</u>

| စဉ် | ကျေးရွာအမည် | ကွင်းနံပါတ် | ကွင်းရှိဧက | လက်ရှိဧက | စိုက်ဧက | ပိုင်ရှင်အမည် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၁ | သင်္ဂနက် | ၃၁၇ အက်ဖ် | ၂၀၀ | ၁၇၅ | ၁၂၀ | ။ |
| | သင်္ဂနက် | ၃၁၇ ဂျီ | ၂၅၀ | ၁၈၀ | ၁၅၈ | ။ |
| | သင်္ဂနက် | ၃၁၇ အိတ် | ၁၅၀ | ၁၃၀ | ၈၀ | ။ |
| | သင်္ဂနက် | ၃၁၇ အိုင် | ၂၅၀ | ၂၀၅ | ၁၈၅ | ။ |
| ၁၂ | ခြင်းသမား | ၃၂၄ အေ | ၅၀၈ | ၃၂၅ | ၃၀၇ | ။ |
| | ခြင်းသမား | ၃၂၄ ဘီ | ၂၃၃ | ၁၀၅ | ၉၇ | ။ |
| | ခြင်းသမား | ၃၂၄ စီ | ၂၂၉ | ၁၉၁ | ၁၇၀ | ။ |
| ၁၃ | ကွန်တိုင် | ၃၃၂ ကျူ | ၃၉၀ | ၃၈၃ | ၃၈၃ | ။ |
| | ကွန်တိုင် | ၃၃၂ ခ | ၆၂၀ | ၄၆၀ | ၃၇၇ | ။ |
| | ကွန်တိုင် | ၃၃၂ ဃ | ၅၄၀ | ၄၁၆ | ၄၂၀ | ။ |

သည်။ ပြုစုပိုင်ရှင်များသည် အစိုးရထံမှ ၎င်းတို့၏ အမည်ဖြင့် ဂရံယူပြီးပြုစုသတ်မှတ်ထားသည့်မြေအတွက် မြေခွန်ကို တစ်နှစ်လျှင် တစ်ကြိမ်ကျ တစ်လုံးတစ်စည်းတည်း ဗြိတိသျှအစိုးရထံ ပေးရသည်။

ပြုစုခေါင်းများမှာ ပြုစုတွင် နေထိုင်ကြပြီး မြေခွန်ကောက်ခြင်း သီးစားချထားခြင်း၊ လူနေအိမ်များ တည်ထောင်ခြင်း၊ စိုက်ပျိုးရန်ငွေ မလုံလောက်သူများအား ငွေချေးခြင်းနှင့် အခြားပြုစုနှင့် ပတ်သက်သည့်ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ရသူဖြစ်သည်။ ပြုစုခေါင်းဆောင်မှာ ၎င်းအုပ်ချုပ်ရသည့် ပြုစုတွင် နယ်စား၊ ပယ်စားအသွင်အခွင့်အရေး ရရှိသည်ဟုဆိုနိုင်၏။

ပြုစုခေါင်းဆောင်တို့က သဘောကျနှစ်သက်သူသာ ပြုစုအတွင်း လုပ်ကိုင်ခွင့်ပြုသည်။ ပြုစုခေါင်းဆောင် သဘောမကျသည့် လယ်လုပ်နေသူ တောင်သူလယ်သမားများအား မြေမှချက်ချင်းနှင်ထုတ်နိုင်သည်။ တခါတရံတွင်မူ ပြုစုအတွင်း လယ်များကို သီးစားချရာ၌ လေလံစနစ်ဖြင့် သီးစားခအများဆုံးပေးနိုင်သူကိုသာ သီးစားချပေးလေသည်။

ပြုစုခေါင်းဆောင်အား သီးစားခအဖြစ် တစ်ဧကလျှင် ပျမ်းမျှနှစ်ဆယ်တောင်းမျှ ပေးရသည့်အပြင် မြေခွန်တစ်ဧကလျှင် ခုနှစ်ကျပ်ခွဲအထိ လယ်လုပ်သူများက ပေးရသည်။ သီးစားခနှင့်မြေခွန်ပေးရန် ပျက်ကွက်လျှင် ပြုစုမှ နှုတ်ပယ်ခြင်းခံရသည်။ အချို့ပြုစုများတွင် သီးစားခကို စပါးအတွက်ပေါ်မူတည်၍ စပါးတင်း(၁၀၀)လျှင် (၄၀)တောင်းပေးရသည်။ မိုးမြေပဲစိုက်ပါက တင်း(၁၀၀)လျှင် (၁၅)တင်းပေးရသည်။ ကွမ်းခြံမြေအတွက်(၀. ၀၅)ဧကအတွက် တစ်နှစ်လျှင်(၁၅)ကျပ်ပေးရသည်။ ထို့ပြင် ပြုစုအတွင်း နှစ်ရှည်သီးနှံပင်များမှာ သီးထွက်များကို ဆွတ်ခူးရောင်းချသူများ အနေဖြင့် ရောင်းချရငွေ (၁၀၀)လျှင် (၁၅)ကျပ်နှုန်းဖြင့် ပြုစုခေါင်းဆောင်သို့ ပေးသွင်းရသည်။

ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ၎င်းတို့၏အကျိုးစီးပွားအတွက် တံခါးမရှိ ဓားမရှိ လူဝင်လူထွက်ပေါ်လစီကို အသုံးပြုခဲ့သည်။ အိန္ဒိယအရှေ့ဘင်္ဂလား၊ စစ်တကောင်းမှ ဘင်္ဂလီကုလားများ၊ မဒရပ်နယ်မှ ဆူရီယာလူမျိုးများ၊ ရခိုင်ပြည်နယ်သို့ အတားအဆီးမဲ့ ဝင်ခွင့်ထွက်ခွင့်ပြုခဲ့သည်။ သာမန်အားဖြင့် တစ်နှစ်လျှင် စစ်တကောင်းဒေသမှ ကူလီပေါင်း၊ ၄၀၀၀၀(လေးသောင်း)စစ်တွေခရိုင်သို့ ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

## (ဃ) လွတ်လပ်ရေးရပြီးမြေယာစနစ်

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြုစုစနစ်များ၊ သီးစားစနစ်များကို ဖျက်သိမ်းပြီး လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ လယ်မလုပ်သူ လယ်ပိုင်ရှင်ကြီးများ၏ မြေယာများကို သိမ်းယူပြီး တောင်သူလယ်သမားသို့ ခွဲဝေပေးခဲ့သည်။ မိမိပိုင်မြေကို ကိုယ်ပိုင်လုပ်ကိုင်သူ တောင်သူလယ်သမားများအား လယ်မြေ (၅၀)ဧက ယာမြေ(၂၅)ဧက၊ ကိုင်းမြေ(၁၀)ဧက၊ ကြံစိုက်မြေ (၁၀)ဧက စသည်ဖြင့် သိမ်းဆည်းခြင်းမပြုဘဲ ကင်းလွတ်ခွင့်

ပြုခဲ့သည်။

(င) တော်လှန်ရေးကောင်စီခေတ် မြေယာစနစ်

တော်လှန်ရေးကောင်စီတက်လာသောအခါ တောင်သူလယ်သမားများ၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရန်အတွက် စနစ်ဟောင်းကို ဖျက်သိမ်း၍မြေယာတော်လှန်ရေး လုပ်ငန်းကြီးကို အကောင်အထည်ဖော်အောင် ကြိုးပမ်းခဲ့၏။

တောင်သူလယ်သမားများ ဆွေးနွေးပွဲများကို ကျင်းပပြီးနောက် တောင်သူလယ်သမားကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့သည်။ တောင်သူလယ်သမားအခွင့်အရေးကို ကာကွယ်ကြသည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၁၉၇၀ ခုနှစ် သမဝါယမစီမံကိန်းအရ ဖွဲ့စည်းသော ရွေးပြေးသမဝါယမ လယ်ယာများကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ ၁၉၇၇-၇၈ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်၌ (၅၃)သင်း ဖွဲ့စည်းခဲ့သည်။ ဘူးသီးတောင်မြို့နယ်တွင် ဟသ်ာစီမံချက်ပြန်လည်ဝင်ရောက်လာသူများအား အသင်းသားများအားအဖြစ် ပါဝင်စေလျက် ကုလသမဂ္ဂအဖွဲ့မှ ပံ့ပိုးကူညီသည့် လယ်ထွန်စက်(၁၉၈)စီးဖြင့် လယ်ယာကုန်ထုတ်မှုလုပ်ငန်းနှင့် သမဝါယမအခန်းမှ အကောင်အထည် ဖော်ခဲ့သည်။

**<u>ကျမ်းကိုးကားစာရင်း</u>**

ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ တတိယတွဲ၊ စီးပွားရေးကဏ္ဍ၊ စာ-၁၄၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဘူးသီးတောင်မြို့နယ် မှတ်တမ်းအချက်အလက်များ။

## (၂) လယ်မြေတိုင်းတာပုံနည်းစနစ်

ရခိုင်ပြည်နယ်ရှိ လယ်မြေတိုင်းတာနည်းစနစ်မှာ (၆. ၄၀)ဧကနှင့် အကြမ်းဖျင်းညီမျှသော "ဒုန်း"အတိုင်းအတာကို သုံးစွဲကြသည်။ "တန်းဒုန်း"မှာ ကျွဲနှစ်ကောင်(သို့မဟုတ်) နွားနှစ်ကောင်၏လုပ်အားပမာဏနှင့် ညီမျှ၏။ "ဒုန်"မှာ အိန္ဒိယမူရင်းစကားဖြစ်၍ မြန်မာလို "ရှဉ့်"နှင့်တူညီ၏။ ဤအတိုင်းအတာနှစ်မျိုးစလုံးကို ရခိုင်ပြည်နယ်တွင် သုံးကြပြီး မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်းမြို့နယ်များတွင် "ရှဉ့်"၊ "ဒုန်"အစား "ကျင်"ကို သုံးစွဲကြ၏။

"ဒုန်"၊ "ရှဉ့်"နှင့်"ကျပ်"တို့၏အတိုင်းအတာဆက်စပ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။[၁]

| | | | | | |
|---|---|---|---|---|---|
| (၃) ကော်ရ = | (၃) ကရန့် | = | (၁) ကောင်ရိ | (5 Kranta = 1 Cowri) |
| | (၄) ကောင်ရိ | = | (၁) ဂွန်ဒါ | (4 Coris= 1 Gunda) |
| (၁၀) ကော်ရ = | (၅) ဂွန်ဒါ | = | (၁) ကူနီ | (5 Gundas=1 Kuni) |
| | (၄) ကူနီ | = | (၁) ကာနီ | (4 Kunis= 1 Kuni) |
| | (၁၆) ကာနီ | = | (၁) ဒုန် | (16 Kunis= 1 Doon) |
| | (၁၆) ကာနီ | = | ၆. ၄၀ ဧက | |
| | (၁) ကာနီ | = | ၀. ၄၀ ဧက | |

ရှဉ်း (သို့မဟုတ်) ကျပ်စနစ်

| | | | |
|---|---|---|---|
| ၁၂ စတုရန်းအတောင် | = | ၁ ဝါးပြန် | (12 hanns Quare=1 Wa) |
| (၁၈)ပေစတုရန်း | = | ၁ ဝါးပြန် | (18 feet square=1 banboo) |
| ဝါး(၈၀၀) | = | တစ်ရှဉ်း(သို့မဟုတ်)တစ်ကျပ် | |

(800 Was=1=hin or Kyat)

ဘူးသီးတောင်မြို့နယ်တွင် "ရှဉ်း"၊ "ကျပ်"စနစ်အစား "ဒုန်း"စနစ်ဖြစ်သော ကာဒုံဖြင့် တိုင်းတာသတ်မှတ်ကြောင်း တွေ့နိုင်၏။

### (၃) စိုက်ပျိုးရေးလုပ်ငန်း

ဘူးသီးတောင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်းပင်ဖြစ်၏။ မြို့နယ်တစ်ခုလုံးရှိ လူဦးရေအများစုမှာ တောင်သူလယ်သမားများ ဖြစ်ကြ၏။ တောင်သူလယ်သမားများသည် စပါးသီးနှံကို အဓိကထားကာ စိုက်ပျိုးကြသည်။

ဤမြို့နယ်၏ စပါးစိုက်ပျိုးမှုမှာ (၁၈၈၅-၈၈)ခုနှစ်များအတွင်းက စိုက်ဧက (၅၂၅၆၃)ရှိခဲ့သည်။ (၁၉၁၅-၁၆)ခုနှစ်အရောက်တွင် စိုက်ဧက(၆၈၁၀၉)ထိ တိုးတက်လာသည်ကို တွေ့ရ၏။[၂]

ထို့နောက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ နှစ်စဉ်နှစ်တိုင်း တိုးတက်လာခဲ့သည်။ သို့ရာတွင် နှစ်အလိုက်စိုက်ဧက တိုးပွားမှုကို လက်ရှိအထောက်အထားများအရ အသေးစိတ်ဖော်ပြရန် အခက်အခဲရှိကြောင်း တွေ့ရပါသည်။

### (က) စပါးစိုက်ပျိုးခြင်း

ဘူးသီးတောင်မြို့နယ်၏ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဘူးသီးတောင်မြို့မှ ပေးပို့သော ကိန်းဂဏန်းအချက်အလက်များမှာ (၁၉၇၈-၇၉)ခုနှစ်မှ (၁၉၉၃-၉၄)ခုနှစ်အထိ အောက်ပါအတိုင်း တွေ့ရသည်။

**ဘူးသီးတောင်မြို့နယ်၏ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

| စဉ် | သီးနှံအမျိုးအမည် | စိုက်ဧက | အောင်ဧက | အထွက်တင်းပေါင်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | စပါး(၁၉၇၈-၇၉) | | | |
| | (က) အထူးအထွက်တိုး | ၃၃၀ | ၃၁၀ | ၁၇၇၀၈ |
| | (ခ) အထွက်ကောင်းမျိုး | ၂၀၉၃ | ၂၀၆၉ | ၁၂၀၂၇၁ |
| | (ဂ) ပြည်တွင်းအထွက်တိုး | ၁၁၈၂၈ | ၁၁၈၀၂ | ၄၅၃၈၄၂ |
| | (ဃ) ရိုးရိုးစပါး | ၃၃၉၉၂ | ၃၃၉၀၇ | ၁၀၉၅၁၁၉ |
| | (င) နွေစပါး | - | - | - |
| ၂ | ၁၉၇၉-၈၀ | | | |
| | (က) အထူးအထွက်တိုး | ၄၀၀ | ၃၉၉ | ၂၆၉၉၃ |
| | (ခ) အထွက်ကောင်းမျိုး | ၁၆၇၇ | ၁၆၇၀ | ၁၀၈၅၅၀ |
| | (ဂ) ပြည်တွင်းအထွက်တိုး | ၂၂၃၇၄ | ၂၂၃၆၂ | ၈၀၃၂၁၄ |
| | (ဃ) ရိုးရိုးစပါး | ၃၆၆၈၀ | ၃၆၀၄၀ | ၁၁၈၇၀၀၃ |
| | (င) နွေစပါး | - | - | - |
| ၃ | ၁၉၈၀-၈၁ | | | |
| | (က) အထူးအထွက်တိုး | ၄၀၀ | ၄၀၀ | ၃၀၅၇၃ |
| | (ခ) အထွက်ကောင်းမျိုး | ၂၃၄၅ | ၂၂၈၄ | ၁၆၀၇၇၆ |
| | (ဂ) ပြည်တွင်းအထွက်တိုး | ၂၂၃၇၄ | ၂၂၀၂၉ | ၈၆၁၃၃၄ |
| | (ဃ) ရိုးရိုးစပါး | ၄၁၉၂၄ | ၄၀၄၂၅ | ၁၄၃၂၄၀၃ |
| | (င) နွေစပါး | - | - | - |
| ၄ | ၁၉၈၁-၈၂ | | | |
| | (က) အထူးအထွက်တိုး | ၅၀၀၀ | ၄၉၉၄ | ၃၆၀၂၁၈ |
| | (ခ) အထွက်ကောင်းမျိုး | ၆၅၇၅ | ၆၄၉၁ | ၄၃၂၇၉၀ |
| | (ဂ) ပြည်တွင်းအထွက်တိုး | ၁၉၁၀၂ | ၁၈၉၁၂ | ၈၈၃၉၂၉ |
| | (ဃ) ရိုးရိုးစပါး | ၃၂၄၈၅ | ၃၁၄၂၉ | ၁၁၅၉၆၁၁ |
| | (င) နွေစပါး | ၁၃၂၀ | ၁၃၁၂ | ၇၃၆၀၃ |
| ၅ | ၁၉၈၂-၈၃ | | | |
| | (က) အထူးအထွက်တိုး | ၇၀၀၀ | ၆၉၈၅ | ၅၆၄၀၇၆ |
| | (ခ) အထွက်ကောင်းမျိုး | ၉၀၀၀ | ၈၉၄၀ | ၆၃၃၇၄၅ |
| | (ဂ) ပြည်တွင်းအထွက်တိုး | ၂၉၀၀၀ | ၁၈၈၃၀ | ၉၈၄၂၈၅ |
| | (ဃ) ရိုးရိုးစပါး | ၂၈၃၉၁ | ၂၇၁၃၅ | ၁၀၈၆၄၆၈ |
| | (င) နွေစပါး | ၂၅၅၀ | ၂၅၀၅ | ၁၄၁၀၃၂ |

## ဘူးသီးတောင်မြို့နယ်၏ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

| စဉ် | သီးနှံအမျိုးအမည် | စိုက်ဧက | အောင်ဧက | အထွက်တင်းပေါင်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၁၉၈၃-၈၄ | | | |
| | (က) အထူးအထွက်တိုး | ၁၀၀၀၀ | ၉၉၆၅ | ၇၄၃၆၈၇ |
| | (ခ) ပြည်တွင်းအထွက်တိုး | ၁၆၂၀၀ | ၁၅၈၇၀ | ၇၀၄၄၆၉ |
| | (ဂ) အထွက်ကောင်းမျိုး | ၉၀၀၀ | ၈၈၉၇ | ၅၆၂၉၃၅ |
| | (ဃ) ရိုးရိုးစပါး | ၂၈၅၃၅ | ၂၇၈၅၀ | ၁၀၆၄၀၈၉ |
| | (င) နှောစပါး | ၁၅၈၅ | ၁၅၇၅ | ၁၁၀၂၁၆ |
| ၇ | ၁၉၈၄-၈၅ | | | |
| | (က) အထူးအထွက်တိုး | ၁၀၀၀၀ | ၉၉၉၄ | ၆၀၂၅၄၆ |
| | (ခ) ပြည်တွင်းအထွက်တိုး | ၁၈၅၀၀ | ၁၈၁၅၅ | ၉၁၃၇၆၄ |
| | (ဂ) အထွက်ကောင်းမျိုး | ၁၅၄၃၅ | ၁၅၀၄၅ | ၆၉၄၄၃၆ |
| | (ဃ) ရိုးရိုးစပါး | ၂၀၅၁၈ | ၂၀၁၀၈ | ၉၄၆၂၅၁ |
| | (င) နှောစပါး | ၁၈၄၅ | ၁၈၄၅ | ၁၁၈၅၁၉ |
| ၈ | ၁၉၈၅-၈၆ | | | |
| | (က) အထူးအထွက်တိုး | ၁၁၀၀၀ | ၁၀၉၈၅ | ၇၀၈၅၇၈ |
| | (ခ) ပြည်တွင်းအထွက်တိုး | ၁၉၀၅၀ | ၁၈၈၆၇ | ၉၇၅၅၇၁ |
| | (ဂ) အထွက်ကောင်းမျိုး | ၁၄၄၇၄ | ၁၄၁၆၄ | ၇၅၁၆၉၉ |
| | (ဃ) ရိုးရိုးစပါး | ၁၉၉၉၉ | ၁၉၇၃၆ | ၈၉၀၈၀၉ |
| | (င) နှောစပါး | ၁၈၅၃ | ၁၈၂၆ | ၁၁၃၁၃၅ |
| ၉ | ၁၉၈၆-၈၇ | | | |
| | (က) အထူးအထွက်တိုး | ၄၀၀၃၂ | ၄၀၀၃၂ | ၂၁၇၉၈၆၄ |
| | (ခ) ပြည်တွင်းအထွက်တိုး | - | - | - |
| | (ဂ) သာမန်အထွက်တိုး | ၁၉၂၇၃ | ၁၉၂၇၃ | ၇၅၂၇၂၉ |
| | (ဃ) အထွက်ကောင်းမျိုး | - | - | - |
| | (င) ရိုးရိုးစပါး | ၁၀၂၅ | ၁၀၂၅ | ၃၃၈၂၅ |
| | (စ) နှောစပါး | ၁၇၇၈ | ၁၇၇၈ | ၁၀၅၇၁၀ |
| ၁၀ | ၁၉၈၇-၈၈ | | | |
| | (က) အထူးအထွက်တိုး | ၁၁၇၃၈ | ၁၁၇၃၈ | ၇၉၀၄၁၇ |
| | (ခ) ပြည်တွင်းအထွက်တိုး | - | - | - |
| | (ဂ) သာမန်အထွက်တိုး | ၃၄၅၁၁ | ၃၄၅၁၁ | ၂၁၆၆၃၂၄ |
| | (ဃ) အထွက်ကောင်းမျိုး | - | - | - |
| | (ဃ) ရိုးရိုးစပါး | ၁၅၄၀၉ | ၁၅၄၁၈ | ၆၃၀၂၇၀ |
| | (င) နှောစပါး | ၂၅၂ | ၂၅၂ | ၅၇၉၂၅ |

**ဘူးသီးတောင်မြို့နယ်ဖြစ်စဉ်သမိုင်း** 

<u>ဘူးသီးတောင်မြို့နယ်၏ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ</u>

| စဉ် | သီးနှံအမျိုးအမည် | စိုက်ဧက | အောင်ဧက | အထွက်တင်းပေါင်း |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁၁ | <u>၁၉၈၈-၈၉</u> | | | |
| | (က) သာမန်အထွက်တိုး | ၂၅၀၅၀ | ၂၅၀၁၅ | ၁၄၅၀၈၇၀ |
| | (ခ) ရိုးရိုးစပါး | ၃၅၇၇၇ | ၃၃၈၇၈ | ၁၆၃၉၃၀၆ |
| | (ဂ) နွေစပါး | ၇၅၀ | ၇၃၀ | ၄၀၂၂၃ |
| ၁၂ | <u>၁၉၈၉-၉၀</u> | | | |
| | (က) သာမန်အထွက်တိုး | ၂၉၅၇၉ | ၂၉၄၇၄ | ၁၆၀၈၃၇၁ |
| | (ခ) ရိုးရိုးစပါး | ၃၁၅၈၆ | ၃၁၄၇၁ | ၁၅၄၁၂၈၅ |
| | (ဂ) နွေစပါး | ၉၉၃ | ၉၉၃ | ၄၈၈၂၃ |
| ၁၃ | <u>၁၉၉၀-၉၁</u> | | | |
| | (က) သာမန်အထွက်တိုး | ၂၅၀၀၀ | ၂၄၉၈၃ | ၁၃၉၉၁၈၄ |
| | (ခ) ရိုးရိုးစပါး | ၃၆၅၃၈ | ၃၆၃၄၆ | ၁၈၀၈၃၇၇ |
| | (ဂ) နွေစပါး | ၁၅၈၅ | ၁၄၁၄ | ၇၁၃၂၂ |
| ၁၄ | <u>၁၉၉၁-၉၂</u> | | | |
| | (က) မိုးစပါး | - | - | - |
| | (ခ) ရေကျနောက်စိုက် | - | - | - |
| | (ဂ) နွေစပါးသီးထပ် | - | - | - |
| | (ဃ) သာမန်အထွက်တိုး | ၂၅၀၀၀ | ၂၄၈၅၈ | ၁၄၁၇၈၁၉ |
| | (င) ရိုးရိုးစပါး | ၃၆၃၀၅ | ၃၅၉၁၃ | ၁၇၅၄၈၅၈ |
| | (စ) နွေစပါး | ၁၀၁၈ | ၁၀၁၆ | ၅၁၂၄၈ |
| ၁၅ | <u>၁၉၉၂-၉၃</u> | | | |
| | (က) မိုးစပါး | ၆၂၅၇၀ | ၆၂၅၇၀ | ၃၂၈၁၀၀၅ |
| | (ခ) ရေကျနောက်စိုက် | - | - | - |
| | (ဂ) နွေစပါးသီးထပ် | ၂၀၀၀ | ၂၀၀၀ | ၁၂၄၃၈၀ |
| | (ဃ) သာမန်အထွက်တိုး | - | - | - |
| | (ဃ) ရိုးရိုးစပါး | - | - | - |
| | (င) နွေစပါး | - | - | - |
| ၁၆ | <u>၁၉၉၃-၉၄</u> | | | |
| | (က) မိုးစပါး | ၅၈၈၉၂ | ၅၈၈၉၂ | ၃၃၅၈၇၃၀ |
| | (ခ) ရေကျနောက်စိုက် | ၄၇၇ | ၄၇၇ | ၂၄၁၅၁ |
| | (ဂ) နွေစပါးသီးထပ် | ၂၆၂၅ | ၂၆၂၅ | ၁၅၆၀၅၆ |
| | (ဃ) သာမန်အထွက်တိုး | - | - | - |
| | (ဃ) ရိုးရိုးစပါး | - | - | - |
| | (င) နွေစပါး | - | - | - |

(ခ) ရောင်းဝယ်ဖောက်ကားခြင်း

ရှေးအခါက ဘူးသီးတောင်မြို့နယ်ရှိ လယ်မြေအားလုံးလိုလိုမှာ ဂရုံမြေပိုင်ရှင်များ၊ လယ်ပိုင်ရှင်ကြီးများက ပိုင်ဆိုင်ခဲ့ကြသည်။ လယ်သမားများမှာ ၎င်းတို့ထံမှ သီးစားခပေးပြီး လုပ်ကိုင်ကြရသည်။ လယ်ပိုင်ရှင်များက သီးစားခတစ်နှစ်လျှင် လယ်တစ်ဧကမှ ဒေသသုံးစပါးတောင်းလေးဆယ်ထိ ကောက်ခံကြသည်။ ထို့ကြောင့် ဤမြို့နယ်မှ ထွက်ရှိသော စပါးများကို စစ်တွေမြို့ပေါ်မှ စပါးကုန်သည်ကြီးများ နာဒါခေါ် ကုလားပွဲစားကြီးများက ၎င်းတို့၏အဝယ်တော်များ စေလွှတ်ကာ ကျေးရွာရောက်ဝယ်ယူလေ့ရှိကြသည်။ လယ်သမားများမှာ ဗဟုသုတခေါင်းပါးခြင်း၊ ဆင်းရဲနိမ့်ကျခြင်း၊ အင်္ဂလိပ်အစိုးရက ကောက်ခံသော အခွန်အကောက်များကို မပေးဆောင်ပါက အဖမ်းခံကြရမည်ကို စိုးရိမ်ခြင်းတို့ကြောင့် စပါးကုန်သည်များ ပေးသမျှ ဈေးဖြင့် ရောင်းကြရသည်။ သို့ဖြစ်၍ လယ်သမားများမှာ လယ်လုပ်သလောက် အကျိုးခံစားခွင့် မရရှိခဲ့ကြချေ။

(ဂ) အစိုးရမှ စပါးဝယ်ယူခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် (၁၉၄၈)ခုနှစ်မှ (၁၉၆၂)ခုနှစ်အထိ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့မှ ဒိုင်ဖွင့်ပြီး စပါးဝယ်ယူခဲ့ပါသည်။ (၁၉၅၂)ခုနှစ်တွင် ကမ္ဘာ့ဆန်ဈေးကျ၍လည်းကောင်း၊ အိန္ဒိယနိုင်ငံက နှစ်စဉ်ဝယ်နေကျထက် လျော့ဝယ်၍လည်းကောင်း စပါးများတောင်ပုံရာပုံ ဖြစ်ခဲ့ရသည်။ တောင်သူလယ်သမားများက အစိုးရ၏ စပါးဝယ်ဈေးကို မက်မောပြီး အမြောက်အများ ရောင်းချခဲ့ကြသည်။ ထို့ကြောင့် ဂိုဒေါင်များ၊ အဆောက်အအုံများ၊ အဆင်သင့်မရှိသေး၍ စပါးများစွာ ပျက်စီးခဲ့ရသည်။ (၁၉၅၃-၅၄)ခုနှစ်တွင် ယာယီဂိုဒေါင်၊ သိုလှောင်ရုံများ၊ အမြဲတမ်းသိုလှောင်ရုံများ ဆောက်လုပ်ပေးခဲ့သည်။

(၁၉၆၃-၆၄)ခုနှစ်မှစ၍ စပါးဝယ်ယူကြိတ်ခွဲရေးကို အစိုးရက ချုပ်ကိုင်ခဲ့သဖြင့် ထိုနှစ်မှစ၍ သိုလှောင်ဒိုင်၊ စက်ဒိုင်၊ ကွင်းဒိုင်ဟူ၍ သတ်မှတ်ဝယ်ယူခဲ့သည်။ (၁၉၆၄-၆၅)ခု ဘဏ္ဍာရေးနှစ်မှစ၍ (၁၉၉၃-၉၄)ခု ဘဏ္ဍာရေးနှစ်အထိ ဘူးသီးတောင်မြို့နယ်တွင် နှစ်အလိုက် စပါးဝယ်ယူရရှိမှုမှာ အောက်ပါအတိုင်း တွေ့ရသည်။

**ဘူးသီးတောင်မြို့နယ်၏ နှစ်အလိုက် စပါးဝယ်ယူရရှိမှုအခြေအနေ**

| စဉ် | ဘဏ္ဍာရေးနှစ်အမည် | လျာထားချက် စပါးတင်းပေါင်း | ဝယ်ယူရရှိသော စပါးတင်းပေါင်း |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
တောဆင်ရိုင်းများ ကျက်စားနေထိုင်ရာဒေသကို သစ်တောစီမံအုပ်ချုပ်မှု ရှုဒေါင့်မှနေ၍ တစ်နိုင်ငံလုံးရှိ သစ်တောများကို ဆင်ဖမ်းကျုံးအကွက်များဖြင့် ပိုင်းခြားသတ်မှတ်ထားရာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်သည် ဆင်ဖမ်းကျုံးအကွက်(၄၁)တွင် ကျရောက်၏။ ဆင်ဖမ်းကျုံးအကွက် (၄၁)တွင် ကျရောက်သော မြို့နယ်များမှာ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ဖြစ်၏။

ရခိုင်ပြည်နယ်တွင်ရှိသည့် တောဆင်ရိုင်းဦးရေ ခန့်မှန်းခြေမှာ အကွက်တစ်ကွက်လျှင် ကောင်ရေ(၅၀)မှ (၁၃၀)ခန့်အထိ ရှိတတ်၏။ ဆင်ဦးရေ တိုးပွားမှုနှုန်းသည် တစ်နှစ်လျှင်(၁၀)ရာခိုင်နှုန်းခန့်ဖြစ်ပြီး ဆင်ဖမ်းရန်အတွက် ထိုတိုးပွားမှုနှုန်း၏ (၉၀)ရာခိုင်နှုန်းကိုသာ ခွင့်ပြု၏။ တနည်းအားဖြင့် အရင်းအနှီးကို မထိခိုက်စေဘဲ တိုးပွားမည့်ဦးရေ ထက်လျော့နည်း၍ ဖမ်းဆီးသွားရန် ဖြစ်သည်။

ဆင်ရိုင်းများ ဖမ်းဆီးခြင်းကို ၁၉၄၁ ခုနှစ် မြန်မာနိုင်ငံ၊ သားငှက်ကာကွယ်ရေးဥပဒေ(၄)နှင့် (၁)အရ သစ်တောဦးစီးဌာနမှ ဆင်ဖမ်းလိုင်စင်ရရှိသူ၊ သို့မဟုတ် အဖွဲ့အစည်းကသာ ဆောင်ရွက်နိုင်သည်။ လိုင်စင်ကို အခွန်တော် (၅၀) ရာခိုင်နှုန်း တစ်နှစ်အတွက် ဖမ်းဆီးရန် ထုတ်ပေး၏။ နှစ်တိုးထပ်မံလိုအပ်လျှင် တစ်နှစ်အတွက်(၂၅)ရာခိုင်နှုန်း ထပ်မံပေးဆောင်ရ၏။ သို့သော်လည်း လိုင်စင်တစ်ခု၏ သက်တမ်းအချိန်ကာလမှာ (၃)နှစ်ထက် မကျော်လွန်ရချေ။

ဆင်ဖမ်းခွင့် လိုင်စင်ရရှိသော သူသည် သစ်တောဦးစီးဌာနမှ (၁၂)နှစ်သတ်မှတ်ပေးထားသော လိုင်စင်စည်းကမ်းစည်းမျဉ်းများအတွင်း၌ အရဆောင်ရွက်ရပြီး စည်းကမ်းဖောက်ဖျက်ကျူးလွန်ပါက အရေးယူအပြစ်ပေးခြင်း ခံရသည်။

ဖမ်းဆီးရမိသော ဆင်ပခုံးအမြင့်(၄)ပေ (၆)လက်မနှင့် အထက်ဆင်တစ်ကောင်လျှင် အခွန်ငွေ(၅၀)ကျပ်ပေးဆောင်ရ၏။ ၎င်းပြင် ဖမ်းဆီးရမိ၍ ယဉ်ပါးရန် လေ့ကျင့်ပြီး အရှင်ကျန်နေသော ဆင်တစ်ကောင်အတွက် နောက်ထပ်အခွန်တော်ငွေကို အောက်ပါအတိုင်း ပေးဆောင်ရသည်။

| ပခုံးအမြင့် | အခွန်တော်ငွေကျပ် |
|---|---|
| (၅)ပေအောက် | မရှိ |
| (၅)ပေမှ (၅)ပေ (၁၀)လက်မအထိ | ၅၀-၀၀ |
| (၆)ပေမှ (၆)ပေ(၁၁)လက်မအထိ | ၁၀၀-၀၀ |
| (၇)ပေမှ (၇)ပေ(၁၁)လက်မအထိ | ၁၅၀-၀၀ |
| (၈)ပေနှင့်အထက် | ၂၀၀-၀၀ |

ဖမ်းဆီးရမသော ဆင်များအနက် အသက်အရွယ်အလွန်အိုလွန်းသော ဆင်များနှင့် ကိုယ်ဝန်အရင့်အမာပါလာသောဆင်များကို ချက်ချင်း သို့မဟုတ် ဘေးရန်ကင်းရှင်းမည့်အချိန်တွင် လွှတ်ပစ်ရသည်။

ဆင်ဖမ်းကျုံးအကွက် အမှတ်(၄၁)မှ ဖမ်းဆီးရမိသော ဆင်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | ဆင်ဖမ်းအကွက်အမှတ် | ခုနှစ် | လိုင်စင်ရသူ အမည် | ဆင်အရေအတွက် မိ | လွတ် | သေ | ကျန် |
|---|---|---|---|---|---|---|---|
| ၁ | မေယု-၄၁ | ၁၉၆၃ - ၆၄ | ဦးတင်လှိုင် | ၇ | ၁ | ၃ | ၃ |
| ၂ | မေယု-၄၁ | ၁၉၆၄ - ၆၅ | သစ်လုပ်ငန်းအဖွဲ့ | ၁၀ | - | ၇ | ၃ |
| ၃ | မေယု-၄၁ | ၁၉၆၅ - ၆၆ | သစ်လုပ်ငန်းအဖွဲ့ | ၆ | - | ၅ | ၁ |
| ၄ | မေယု-၄၁ | ၁၉၈၅ - ၈၆ | ဦးစောဘု | ၅ | - | - | ၅ |
| ၅ | မေယု-၄၁ | ၁၉၈၆ - ၈၇ | ဦးစောဘု | ၇ | - | - | ၇ |
| ၆ | မေယု-၄၁ | ၁၉၈၇ - ၈၈ | ဦးစောဘု | ၆ | - | - | ၆ |
| ၇ | မေယု-၄၁ | ၁၉၈၈ - ၈၉ | ဦးစောဘု | ၄ | - | - | ၄ |
| ၈ | မေယု-၄၁ | ၁၉၉၃ - ၉၄ | ဦးစောရဲဘို | ၁၀ | - | ၂ | ၇ |

**ကိုးကားချက်များ-**

၁။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ တတိယတွဲ၊ စီးပွားရေးကဏ္ဍ(ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ)

၂။ မြို့နယ်သစ်တောဦးစီးဌာန၊ ဘူးသီးတောင်မြို့၏ အခြေခံကိန်းဂဏန်းဖော်ပြချက်

# အခန်း(၆)

# လျှပ်စစ်၊ စက်မှု၊ ဓာတ်သတ္တု

## (က) လျှပ်စစ်ကဏ္ဍ

ရခိုင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကို စစ်မဖြစ်မီကပင် စတင်၍ လိုင်စင်စီစနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းအချိန်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းမှ ပြည်သူ့လုပ်ငန်းဌာနမှ လျှပ်စစ်အင်စပက်တော်၏ အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် ရှိခဲ့သည်။ ၁၉၁၀ ပြည့်နှစ် လျှပ်စစ်အက်ဥပဒေနှင့် ၁၉၃၇ ခုနှစ် လျှပ်စစ်နည်းဥပဒေတို့အရ ထုတ်လုပ်ဖြန့်ဖြူးမှုကို ဆောင်ရွက်ခဲ့ရသည်။ ပြည်သူ့လုပ်ငန်းဌာနမှ လျှပ်စစ်ဌာနခွဲ ကြီးကြပ်မှုအောက်မှ နိုင်ငံတဝှမ်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းကို လုပ်ဆောင်လာရာမှ (၁၉၄၆-၄၇)ခုနှစ် အတွင်း “လျှပ်စစ်ဓာတ်အားပေးရေးဌာန”ဟူ၍ အစိုးရဌာနတစ်ခုအဖြစ် သီးခြားဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယင်းအချိန်က ဆင်းမလားတွင် ရုံးစိုက်နေသော မြန်မာအစိုးရက ဝယ်ယူထားသော စတိုးပစ္စည်း(၄)သန်းဘိုးခန့်မျှကို လျှပ်စစ်ဓာတ်အား ပေးရေးဌာနသို့ လွှဲပြောင်းခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရလျှပ်စစ်ဓာတ်အားပေးရေး ဌာနအနေဖြင့် ဆောင်ရွက်ခဲ့ရာမှ (၁၉၄၈)ခုနှစ် လျှပ်စစ်ဥပဒေအရ (၁၉၅၁)ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့မှစ၍ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုသို့ဖွဲ့စည်းပြီးနောက် အစိုးရလျှပ်စစ်ဓာတ်အားပေးရေးဌာနမှ အလုပ်ဝတ္တရားများနှင့် (၁၉၄၇)ခုနှစ် ရေအားဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး စုံစမ်းမှုအဖွဲ့ဆိုင်ရာ အစိုးရ၏ အလုပ်ဝတ္တရားများကိုလည်း လွှဲပြောင်းယူခဲ့သည်။

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းကို စစ်ဆင်ရေးတစ်ရပ်ပုံစံမျိုး ချမှတ်ပြီး မြို့များတွင် စက်ထိုင်ခြင်း၊ လိုင်းကြိုးဆွဲခြင်း၊ မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းများကို (၂၄)နာရီအတွင်း အပြီးဆောင်ရွက်၍ နေ့ချင်းပေါက် မီးလင်းရေးစနစ်အရ တစ်ပြည်လုံးတွင် တစ်ရှိန်ထိုး တိုးတက်မှုရရှိလာခဲ့သည်။[၁]

ဘူးသီတောင်မြို့တွင်(၁၉၅၇)ခုနှစ်ကစ၍ (၆)ကီလိုဝပ်ပတ္တာစက်တစ်လုံးဖြင့် လျှပ်စစ်မီးစက်တပ်ဆင်ခထဲ့ရာ (၂၄-၄-၅၆)နေ့တွင် စတင်မီးလင်းခဲ့သည်။[၂]

ထိုနောက် ၁၉၅၈ ခုနှစ် နိုဝင်ဘာလတွင် (၁၂)ကီလိုဝပ် အီဆူးဆူးစက်တစ်လုံးနှင့် (၂၂)ကီလိုဝပ်ပါလာ ဖုန်းစက်တစ်လုံးကို တိုးချဲ့တပ်ဆင်ခဲ့သည်။ တဖန်(၂-၂-၆၇)နေ့တွင် (၂၅)ကီလိုဝပ်စကိုဒါ စက်တစ်လုံး ထပ်မံတပ်ဆင်ခဲ့သည်[၃]

ယခုအခါ (၆)ကီလိုဝပ်ပတ္တာစက်(၁၂)ကီလိုဝပ် အီဆူးဇူးစက်နှင့် (၂၂)ကီလိုဝပ်ပါလာဖုံးစက်များမှာ အစားထိုးပစ္စည်းရှားပါးမှုကြောင့် သုံးမရအောင် ပျက်စီးနေပြီးဖြစ်ပါသည်။

(၁၉၇၆)ခုနှစ်တွင် ကျုံးမငေးမှ (၁၂၀)ကီလိုဝပ်=(၁၅၀)ကွေဗ စကိုဒါစက်ကို ဘူးသီးတောင်မြို့သို့ ပြောင်းရွှေ့တည်ဆောက်ခဲ့သည်။(၁၂-၁၂-၈၀)တွင် (၅၀)ကီလိုဝပ်=(၇၅) ကွေဗ စကိုဒါစက်ကို တပ်ဆင်ပေးခဲ့သည်။ ထိုစက်(၂)လုံးဖြင့် ဘူးသီးတောင်မြို့တွင် လျှပ်စစ်ဓာတ်အားပေးလျက် ရှိနေ၏။

(၁၉၉၃)ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် ဘူးသီးတောင်မြို့သို့ (၄၈၆) ကီလိုဝပ်=(၆၀၈)ကွေဗ စကိုဒါတစ်လုံးကို ညောင်တုံးမြို့မှ ရွှေ့ပြောင်းရောက်ရှိနေပြီဖြစ်၏။ သို့ရာတွင် အဆင့်သင့်လည်ပတ်နိုင်သော အခြေအနေသို့ မရောက်သေးပေ။ ဤစက်ကို မြို့သစ်ရပ်ကွက်တွင် ပြောင်းရွှေ့တည်ထောင်ရန် စီစဉ်ထားသည်။ ထို့ပြင် အသုံးမပြုရသေးသော ထရန်စဖော်မာ(၂)လုံးလည်း ရရှိထား၏။

ဘူးသီးတောင်မြို့နယ်တွင် အသုံးပြုလျက်ရှိသော ဓာတ်အားလိုင်းမှာ (၀. ၄၆)ကေဗွီလိုင်းဖြစ်ပြီး အရှည် (၄. ၂၅)မိုင်ရှိ၏။ မီးစက်ဟောင်းမှ မီးစက်သို့ (၁၁)ကေဗီလိုင်းသစ်ဖြင့် ဆက်သွယ်ထားသည်။ ဘူးသီးတောင်မြို့ပေါ်၌ မီတာဓာတ်အားသုံးသူ(၃၀၀)ကျော်ရှိပြီး၊ လမ်းမီး(၁၀၀)ကျော် တပ်ဆင်ထား၏။ မီးစက်၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုအပေါ် မူတည်၍ ထပ်မံတိုးချဲ့ရန် စီစဉ်ထားကြောင်း သိရသည်။

မီးပေးချိန်ကို(၁၉၉၄)ခုနှစ် ဖေဖော်ဝါရီလမှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အတိုင်း သတ်မှတ်ထားရှိသည်။

## (ခ) စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း

(၁၉၂၄)ခုနှစ်တွင် အိန္ဒိယနိုင်ငံအစိုးရ သစ်တောသုတေသနဌာနမှ ရခိုင်ပြည်နယ်အတွင်း စိုင်းဒင်ရေတံခွန်ကို တိုင်းတာခဲ့သည်။ (၁၉၂၄)ခုနှစ် တိုင်းတာရေးအစီရင်ခံစာတွင် ရေအားလျှပ်စစ်ဓာတ်အားကို အကုန်အကျသက်သာစွာနှင့် ထုတ်လုပ်နိုင်ကြောင်းနှင့်ဝါးတောများရှိ၍ စက္ကူပျော့ဖတ်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ကြောင်းတို့ပါရှိသည်။[၁]

ပြည်ထောင်စုမြန်မာနိုင်ငံသည် (၁၉၄၈)ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေးကို ရရှိခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရန်အတွက် စိုးပြင်းခဲ့သည်။ စက်မှုနိုင်ငံထူထောင်ရန်အတွက် လေ့လာရာ၌ ရခိုင်တိုင်း၊ စစ်တွေဒေသတွင်လည်း စက်ရုံများထူထောင်ရန် ကြိုးပမ်းလေ့လာခဲ့ကြောင်း တွေ့ရသည်။ စိုင်းဒင်၊ ကုလားတန်၊ လေးမြို့နှင့် အမ်းဒေသတစ်ဝိုက်တွင် သဘာဝအလျောက် ပေါများလှသော ဝါးတောများ၊ ကျောက်ဖြူဒေသရှိ ပင်လယ်ဆား၊ ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်ဒေသရှိ ထုံးကျောက်၊ ကျောက်တော်၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောဒေသတွင် စမ်းသပ်စိုက်ပျိုး၍ အထူးအောင်မြင်သော ဂုံလျှော်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း ဒေသရှိ သဘာဝ ရွှံ့စေးမြေ စသည့်အခြေခံ သယံဇာတပစ္စည်းများကို အသုံးပြု၍ စက်မှုလုပ်ငန်းများထူထောင်ပြီး စက်ရုံများ တည်ဆောက်ရန် ကြိုးပမ်းလေ့လာခဲ့ကြောင်း တွေ့ရသည်။

(၁၉၅၃)ခုနှစ်တွင် လေ့လာသော "ကေတီအေ"အစီရင်ခံစာအရ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်မြို့နယ် စိုင်းဒင်ဒေသတို့ကို အခြေခံ၍ စက်မှုဒေသထူထောင်ရန် စီမံကိန်းများ ချမှတ်ခဲ့သည်ကို တွေ့ရသည်။ တည်ဆောက်ရန် ရည်ရွယ်ခဲ့သည့် စက်ရုံများမှာ (၁) ဝါးပျော့ဖတ်စက်နှင့် စက္ကူစက်ရုံ (၂) ဂုံနီအိတ်စက်ရုံ (၃) အုတ်နှင့် အုတ်ကြွပ်အမိုးပြား စက်ရုံ (၄) ကာဘိုက်နှင့် တခြားဓာတုဗေဒပစ္စည်းထုတ်လုပ်သည့် စက်ရုံများ(၅)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ ဖြစ်ကြသည်။

စက်မှုနယ်မြေတည်ဆောက်ရန်အတွက် အခြေခံအရေးကြီးသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စိုင်းဒင်ရေတံခွန်အနီးတွင် တည်ဆောက်ကာ စစ်တွေမြို့နှင့် မိုင်(၅၀)ခန့်ဝေးကွာ၍ ဘူးသီးတောင်မြို့နှင့် (၁၀)မိုင်ခန့်ကွာဝေးသည့် စိုင်းဒင်ရေတံခွန်တွင် ရေလှောင်ကန်ဆည်ကြီး တည်ဆောက်၍ ရေအားလျှပ်စစ်ဓာတ်အား ရယူရန်ဖြစ်သည်။ စစ်တွေနှင့် ရခိုင်တိုင်းမြောက်ပိုင်းဒေသများတွင် မဟာဓာတ်အားပေးလိုင်းကြီးများဖြင့် လျှပ်စစ်ဓာတ်အားများကို ဖြန့်ဝေသွားရန်နှင့် ဓာတ်အားခနှုန်း သက်သာစွာဖြင့် ဖြန့်ဝေနိုင်ရန် မျှော်မှန်းခဲ့သည်။

ရေအားလျှပ်စစ်ဓာတ်အားပေးရေးအတွက်(၇၀)ပေမြင့်သော စိုင်းဒင်ရေတံခွန်နှင့် စိုင်းဒင်တောင်ပေါ်ရှိ (၃၅)မိုင်ခန့်ရှည်လျားကျယ်ပြန့်သော ရေခံနယ်မြေများကို အသုံးပြု၍ ရေကာတာကြီးများ တည်ဆောက်ပေးခြင်းအားဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်း၊ သီးထပ်သီးညှပ်၊ စိုက်ပျိုးရေးအတွက် အရေးပါသည့် ဆည်ရေရရှိရေးကိုပါ အကျိုးရှိစွာ ဆောင်ရွက်သွားရန်ဖြစ်သည်။ စစ်တွေနှင့် ရခိုင်တိုင်းမြောက်ပိုင်းဒေသတစ်ဝိုက်တွင် လိုအပ်သော ပြည်သူလူထုသောက်သုံးရေ ဖူလုံရေးကိုပါ ဆောင်ရွက်ပေးရန်ဖြစ်သည်။

စက်ရုံများတည်ဆောက်ခြင်းဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာမည့်အပြင် စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုများမှ ရရှိသော စက္ကူ၊ ဓာတုဗေဒပစ္စည်း၊ ဂုံနီအိပ်၊ အုတ်ကြွပ်နှင့် အမိုးပြားများကို ပြည်တွင်း၌ အသုံးပြုရန်နှင့် ပိုလျှံသော ကုန်ပစ္စည်းများကို နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပင်လယ်ဆိပ်ကမ်းကောင်းဖြစ်သည့် စစ်တွေဆိပ်ကမ်းမှတဆင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်လည်း ရည်ရွယ်သေးသည်။ သို့ရာတွင် ဤရည်ရွယ်ချက်မှား အထမမြောက်ခဲ့ပေ။ အကြောင်းမှာ "ကေတီအေ"အစီရင်ခံစာပါ စက်မှုစီမံကိန်းများကို ရခိုင်ပြည်နယ်တွင် ဆက်လက်အကောင်အထည်မဖော်နိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။[၁]

စိုင်းဒင်ရေတံခွန်သည် (၁၉၅၃)ခုနှစ်နှင့် (၁၉၈၀)ပြည့်နှစ်တိုင်းတာချက်များအရ အမြင့်ပေ(၂၂၀)၊ ရေထုတ်ကျဆက် အနည်းဆုံး(၁၉၁၀)၊ အကျယ်အဝန်း၊ ရေစီးဝင်ဧရိယာ စတုရန်းမိုင်(၃၅၄)၊ ဓာတ်အားအများဆုံး

မဂ္ဂါဝပ်(၇၆. ၅)၊ အနည်းဆုံးမဂ္ဂါဝပ်(၂၄. ၅)ထုတ်လုပ်နိုင်ကြောင်း တွေ့ရသည်။ စိုင်းဒင်ရေတံခွန်၏ ရေရရှိမှုအခြေအနေကို ဘူးသီးတောင်မြို့မှ ရန်ကုန်ရုံးချုပ်သို့ အပတ်စဉ်အစီရင်ခံရသော အခြေအနေတွင် ရှိခဲ့သည်။[၂]

ယခုအခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် စိုင်းဒင်ရေအား လျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

## (ဂ) စက်မှုကဏ္ဍ

(၁) ထွန်စက်နှင့် ရေစုတ်စက်များ

ဘူးသီးတောင်မြို့နယ်တွင် ခရစ်(၁၉၃၂)ခုနှစ်က ဂျာမန်လူမျိုး မစ္စတာစမစ်(Mr. Schmiat) က မြင်းကောင်ရေ(၂၅)ကောင်အားရှိဖော့ဒ်(Ford) ထွန်းစက်တစ်စီးကို ဘူးသီးတောင်မြို့နယ် ဖောင်တော်ပြင်ကျေးရွာသို့ ယူဆောင်ခဲ့သည်။ ထိုထွန်စက်ကို မစ္စတာစမစ်၏သမက် (Mr. herbect. willson) ကိုယ်တိုင်မောင်းနှင့်အသုံးပြုခဲ့ကြောင်း ၎င်း၏ညီဖြစ်သူ ယခု စစ်တွေမြို့ကျေးပင်ကြီးရပ်ကွက်နေ (Mr. H.E. Willsen) ၏ပြောပြချက်အရ သိရပါသည်။ ထိုစဉ်က လင်ဗန်ထည် (Dise Plough) ဖြင့် ဖောင်တော်ပြင်ကွင်း၌ ထွန်ယက်၍ ထယ်ရေးသွက်သွက်၊ ထယ်ရေးညက်ညက် ရရှိသဖြင့် စပါးအထူး တိုးတက်ကောင်းမွန် ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။[၃]

ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီအစိုးရမှ စက်မှုလယ်ယာစီမံကိန်းရေးဆွဲ၍ ချမှတ်ပြီးနောက် မြေယာကျေးလက်ကြီးပွား တိုးပွားရေးကော်ပိုရေးရှင်း (စက်မှုလယ်ယာ)စီမံကိန်းမှ ရခိုင်ပြည်နယ်အတွက် ထွန်စက်(၃၄)စီးဖြင့် စစ်တွေမြို့တွင် ထွန်စက်အဖွဲ့ဖွဲ့စည်းပြီး (၁၉၆၃)ခုနှစ် ဇန်နဝါရီလ(၁၈)ရက်နေ့တွင် ထွန်စက်များ စတင်ရောက်ရှိခဲ့သည်။

၎င်းထွန်စက်များကို ရခိုင်တိုင်း လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီခရိုင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ ကြီးကြပ်ခွဲဝေ၍ (၁၉၆၂-၆၃)ခုနှစ်မှ (၁၉၇၆-၆၈)ဘဏ္ဍာရေးနှစ်အတွင်း ခွဲဝေခဲ့ရာ မေယုနယ်ခြားခရိုင်အတွက် (၄)စီးခွဲဝေ ပေးခဲ့သည်။ မေယုနယ်ခြားခရိုင်တွင် ဘူးသီးတောင်မြို့နယ်နှင့် မောင်းတောမြို့နယ်ပါဝင်၍ (၂)မြို့နယ်အတွက် (၄)စီးဖြစ်ပါသည်။

ထို့နောက် ဟသံ်ာစီမံချက်အရ ပြန်လည်ဝင်ရောက်လာသူများအား နေရာချထားဆောင်ရွက်ရာ၌ ကမ္ဘာ့ကုလသမဂ္ဂမှ ဓာတ်ဆီသုံးဟွန်ဒါလက်တွန်းလယ်ထွန်စက်၊ မြင်းကောင်ရေ(၆)အင်ဂျင်စုစုပေါင်း(၁၉၈)စီးကို အကူအညီပေးခဲ့သည်။ ယင်းဟွန်ဒါစက်(၁၉၈)လုံးကို စက်မှုလယ်ယာဦးစီးဌာနမှ ဘူးသီးတောင်မြို့နယ်၌ပင် နိုင်ငံခြားမှ ရရှိသည့် စက်ပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်ပေးခဲ့သည်။ ၎င်းစက်များကို မောင်းနှင်ရန်အတွက် မောင်တော၊ ဘူးသီတောင်၊ ရသေ့တောင်မြို့နယ်များမှ သင်တန်းသား(၃၀၀)ဦးကို ဘူးသီးတောင်မြို့ လက်တွန်းထွန်စက်လေ့ကျင့်ရေးစခန်း၌ လက်တွေ့သင်တန်းပို့ချပေးခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂမှ ရရှိသည့် ယင်းဟွန်ဒါလယ်ထွန်စက်(၁၉၈)စီးကို တပ်ဆင်ပြီးနောက် သင်တန်းဆင်း၊ စက်မောင်းများနှင့်အတူ မောင်တော ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ် လယ်ယာသမဝါယမအသင်းများကို အောက်ပါဇယားအတိုင်း စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။[၃]

| စဉ် | မြို့နယ်အမည် | လယ်ယာသမဝါယမ အသင်းဦးရေ | ဟွန်ဒါ လက်တွန်းထွန်စက် ဦးရေ | ဟွန်ဒါ ရေထွက် စက်ဦးရေ | မြောင်းဖောက် စက်ဦးရေ |
|---|---|---|---|---|---|
| ၁ | မောင်တော | ၃၄ | ၉၅ | ၉၅ | ၁၉ |
| ၂ | ဘူးသီးတောင် | ၅၅ | ၈၃ | ၁၂ | ၁၇ |
| ၃ | ရသေ့တောင် | ၉ | ၂၀ | ၃ | ၄ |

ယခုအခါ အဆိုပါ စက်ကရိယာများကို ပျက်စီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဘူးသီးတောင်မြို့နယ်၌ စက်မှုလယ်ယာ ဦးစီးဌာနကို ဖွင့်လှစ်နိုင်ခြင်း မရှိသေးချေ။

(၂) ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ

ဘူးသီးတောင်မြို့နယ်တွင် ပုဂ္ဂလိက သစ်ခွဲစက်နှစ်ခုရှိသည်။ ဘူးသီးတောင်မြို့ အမှတ်(၂၂)ရပ်ကွက်ရှိ ဦးစံထွီးအောင်ပိုင် "တက်နေဝင်း"သစ်ခွဲစက်နှင့် အမှတ်(၆)ရပ်ကွက်ရှိ "တက်နေထွန်း"သစ်ခွဲစက်တို့ ဖြစ်ကြသည်။

ထို့ပြင် ပုဂ္ဂလိက ဆန်စက်(၁)လုံး၊ ဟာလာဆန်စက်(၃)လုံး၊ အမှုန့်ကြိတ်စက်(၁)ခု၊ အထွေထွေစက်မှုဒိုင်နမို(၂)ခု ရှိသည်။

(၃) အစိုးရဆန်စက် (ဆန်စက်အမှတ်–၀၃၆)

ဘူးသီးတောင်မြို့နယ်တွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (ကုန်သွယ်လယ်ယာ)ပိုင် ဆန်စက်တစ်လုံးရှိသည်။ ဤဆန်စက်ကို (၁၉၆၁)ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့ရာ (၁၉၆၃)ခုနှစ် စက်တင်ဘာလတွင်း လည်ပတ်နိုင်ခဲ့သည်။ တစ်နေ့လျှင် (၂၅)တန်ကျပါသည်။ ဆန်ဖြူစက်ဖြစ်၍ တည်ဆောက်သည့်တန်ဘိုးငွေကျပ်(၃၅)သိန်းကုန်ကျပါသည်။[၁]

ဤဆန်စက်မှာ စေတီတောင်ရွာနှင့် အမှတ်(၇)ရပ်ကွက်အကြား ကကျဘက်ကံပြင်ကွင်း၊ ဦးပိုင်အမှတ် (ခ/၆၆၊ ၂၆၉-စီ)တွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ(၃. ၈၀)ဧကရှိသည်။ စက်ရုံသည် အလျား(၆၆)ပေ၊ အနံ(၃၇)ပေ၊ အမြင့်(၂၉)ပေရှိ၏။ အခင်းကွန်ကရစ်၊ အမိုးသွပ်ပြား၊ အကာသွပ်ပြားဖြစ်၏။

အင်ဂျင်နှင့်ဘွိုင်လာရုံမှာ အလျား(၄၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့် (၂၀)ပေရှိပြီး အခင်း ကွန်ကရစ်၊ အမိုးသွပ်ပြား၊ အကာသွပ်ပြားဖြစ်၏။ ဆန်စက်တွင် ကော်နစ်အမျိုးအစား၊ အချင်း(၅)ပေ (၆)လက်မ၊ အလျား(၁၈)ပေရှိသော အင်္ဂလန်နိုင်ငံလုပ် ဘွိုင်လာတစ်လုံးရှိရာ မီးပေါင်ချိန်(၁၁၅)ပေါင် အသုံးပြုရ၏။ ထို့ပြင် အင်္ဂလန်နိုင်ငံ ရှူဘီကုမ္ပဏီလုပ်ဆလင်ဒါ အချင်း(၄)လက်မ၊ အထိုး(၃)လက်မ၊ မြင်းကောင်ရေ (၇၆)ကောင်အား ရှိသော အင်ဂျင်တစ်လုံး ပါဝင်၏။ ထိုအင်ဂျင်မှာ တစ်မိနစ်လျှင် (၁၁၆)ပတ် လည်ပတ်၏။

စက်ရုံဘွိုင်လာ ရေလှောင်ကန်မှာ အလျား(၁၈)ပေ (၆)လက်မ၊ အနံ(၁၀)ပေ (၆)လက်မ၊ အမြင့်(၃)ပေ (၇)လက်မ ရှိပြီး ကူဘိုတာအင်ဂျင်၊ မြင်းကောင်ရေ (၅-၆)တစ်လုံးကို ဘွိုင်လာရေတင်ရန် သုံးရသည်။

ဤဆန်စက်၏ ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြုအင်အားနှင့် လက်ရှိအင်အားစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ဘူးသီးတောင်မြို့ (၂၅)တန်ဆန်စက်၏ ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြုနှင့် လက်ရှိအင်အား

| စဉ် | ဝန်ထမ်းအမည် | ရာထူးအဆင့် | ခွင့်ပြု | လက်ရှိ | ပို | လို | လက်ရှိအဆင့် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | <u>စက်လည်ပတ်ရေးဝန်ထမ်း</u> | | | | | | |
| ၁ | စက်ရုံမှူး | ပညာရှင်အဆင့်-၃ | ၁ | ၁ | - | - | စီမံစီးပွား-၂ |
| ၂ | ဒု-စက်ရုံမှူး | ကျွမ်းကျင်-၈ | ၁ | ၁ | - | - | ကျွမ်းကျင်-၇ |
| ၃ | ကြိတ်ဆရာ | ကျွမ်းကျင်-၈ | ၂ | ၂ | - | - | ကျွမ်းကျင်-၃ |
| ၄ | လက်ထောက်ကြိတ်ဆရာ | ကျွမ်းကျင်-၄ | ၂ | ၂ | - | - | ကျွမ်းကျင်-၂ |
| ၅ | အင်ဂျင်မောင်း | ကျွမ်းကျင်-၈ | ၂ | ၂ | - | - | ကျွမ်းကျင်-၁ |
| ၆ | မီးထိုး | ကျွမ်းကျင်-၄ | ၂ | ၂ | - | - | ကျွမ်းကျင်-၁ |
| ၇ | ဆီလောင်း | ကျွမ်းကျင်-၂ | ၂ | ၂ | - | - | ကျွမ်းကျင်-၁ |
| ၈ | ပြာထမ်း | ကျွမ်းကျင်-၂ | ၂ | ၂ | - | ၂ | |
| | | | ၁၄ | ၁၄ | - | ၂ | |

ဘူးသီးတောင်မြို့ (၂၅)တန်ဆန်စက်၏ ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြုနှင့် လက်ရှိအင်အား

| စဉ် | ဝန်ထမ်းအမည် | ရာထူးအဆင့် | ခွင့်ပြု | လက်ရှိ | ပို | လို | လက်ရှိအဆင့် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | <u>စီမံခန့်ခွဲရေးဝန်ထမ်း</u> | | | | | | |
| ၁ | အင်စပက်တော် | ကျွမ်းကျင်-၄ | ၁ | ၁ | - | - | |
| ၂ | ပထမစာရေး | စာရေး-၂ | ၁ | ၁ | - | ၁ | |
| ၃ | စာရင်းကိုင်စာရေး | ကျွမ်းကျင်-၄ | ၁ | ၁ | - | - | |
| ၄ | စတိုမှူး | ကျွမ်းကျင်-၄ | ၁ | ၁ | - | - | |
| ၅ | ဆန်ကြည့်စာရေး | ကျွမ်းကျင်-၂ | ၂ | ၂ | - | - | |
| ၆ | ဂရိုကိုင် | ကျွမ်းကျင်-၂ | ၂ | ၁ | - | ၁ | |
| ၇ | အစောင့် | ကျွမ်းကျင်-၁ | ၂ | - | - | ၂ | |
| | | | ၁၀ | ၇ | - | ၃ | |
| | | စုစုပေါင်း | ၂၄ | ၁၈ | - | ၆ | |

**<u>ကိုးကားချက်များ</u>**

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ဘူးသီးတောင်မြို့ တွေ့ဆုံမေးမြန်းချက်

(ဃ) ရေနံနှင့်ဓာတ်သတ္တု

ဘူးသီးတောင်မြို့နယ်သည် စစ်တွေခရိုင်၌ ပါဝင်သော မြို့နယ်တစ်ခုဖြစ်ခဲ့၏။ စစ်တွေခရိုင်တွင် ဘူမိဗေဒဆိုင်ရာ အသေးစိတ်ရှာဖွေမှု မရှိသေးချေ။ သို့ရာတွင် အစဉ်အလာအရ ရွှေတွင်းများ၊ ငွေတွင်းများ တည်ရှိခဲ့သည်။ မည်သည့်နေရာတွင် တည်ရှိကြောင်း မသိရသေးပေ။[၁]

ကုလားပန်းဇင်းချောင်း၊ မျောက်ရဲကျေးရွာတွင် ရေနံနှင့်ကျောက်မီးသွေးများ တွေ့ရှိရသည်။ သို့ရာတွင် စနစ်တကျ တိုင်းတာစမ်းသပ်ခြင်း မပြုရသေးချေ။ ပြည်သူ့ရေနံလုပ်ငန်းမှ ဘူးသီးတောင်မြို့နယ်တောင်ပိုင်းတွင် ရေနံရှာဖွေရေးကို စမ်းသပ်ခဲ့ကြောင်း သိရသည်။[၂]

ရခိုင်ပြည်နယ်တွင် မြန်မာ့ရေနံကော်ပိုရေးရှင်းမှ ဘူမိဗေဒပညာရှင်များ အသေးစိတ်ဘူမိဗေဒနည်းပညာဖြင့် ကုန်းပေါ်နှင့် ကမ်းလွန်ပြင် စသည်တို့တွင် ရေနံဆီခိုအောင်းနိုင်သည့် ကျောက်များကို စစ်ဆေးခြင်း၊ တိုင်းတာခြင်း၊ တွက်ချက်ခြင်း၊ ဆစ်စမိုက်ဘူမိဗေဒတိုင်းတာခြင်းများဖြင့် အသေးစိတ်တိုင်းတာ၊ တွက်ချက်ချက်များအရ ရခိုင်ကမ်းလွန်ဒေသ ရေနံခိုအောင်းနိုင်သော ဧရိယာစတုရန်းမိုင်(၄၉၁၅)တွင် ကမ်းလွန်နှင့်မြေပြင်ဒေသတို့၌ ရေနံအလျှံအပယ်ရှိသည်ဟု မှန်းဆနိုင်သည်။[၃]

(င) ရွှံ့စေးမြေ

ဘူးသီးတောင်မြို့နယ်တွင် ရွှံ့စေးမြေကို နေရာတကာတွင် တွေ့နိုင်၏။ ရွှံ့စေးမြေကို အုတ်ဖုတ်လုပ်ငန်းနှင့် အိုးလုပ်ငန်းတို့တွင် အသုံးပြုလျက်ရှိကြ၏။ စက်မှုလက်မှုကုန်ကြမ်းအဖြစ် ပြောင်းလဲအသုံးပြုနိုင်သော အခြေခံကုန်ကြမ်းလည်း ဖြစ်၏။[၄]

## အခန်း(၇)

# ပို့ဆောင်ဆက်သွယ်ရေး

## (က) ရေကြောင်းလုပ်ငန်း

ရခိုင်ပြည်နယ်သည် တောတောင်ထူထပ်ပြီး မြစ်ချောင်းများ ပေါများရာဒေသတစ်ခုဖြစ်သဖြင့် တစ်ရွာမှတစ်ရွာ ကူးသန်းသွားလာမှု၊ တစ်မြို့နှင့်တစ်မြို့ ခရီးသည်ပို့ဆောင်မှုနှင့် ကုန်ပစ္စည်းများ ပို့ဆောင်မှုလုပ်ငန်းတို့တွင် ရေလမ်းခရီး ကိုသာ အဓိကအားထားခဲ့ကြရသည်။ ရှေးအခါက ရေလမ်းခရီးသွားလာမှုတွင် လှေ၊ သမ္ဗာန်များကို အသုံးပြုခဲ့ကြရ၏။

ဗြိတိသျှအစိုးရလက်ထက် ခရစ် ၁၈၈၇ ခုနှစ် အစောပိုင်းကာလတွင် အစိုးရက စစ်တွေ-ဘူးသီးတောင်နှင့် စစ်တွေ-ပလက်ဝအနေ့သွား မီးသင်္ဘောလုပ်ငန်းကို တည်ထောင်ခဲ့သည်။ သင်္ဘောလမ်းခရီးတွင် သတ်မှတ်ထားသော နေရာများ၌ ခရီးသည်အတင်အချပြုလုပ်ပေး၏။ သို့ရာတွင် ရွာအားလုံး၌ ရပ်တန့်ပေးခြင်းထိ လိုက်လျောမှုကား မရှိခဲ့ချေ။ သင်္ဘောပြုပြင်စစ်ဆေးရန် ချောင်းဝ၌ သင်္ဘောကျင်း၊ အလုပ်ရုံငယ်တစ်ခုကို တည်ထောင်ခဲ့၏။

ခရစ် ၁၈၈၉ ခုနှစ်တွင် အစိုးရပိုင် မီးသင်္ဘောများမှာ ဟောင်းနွမ်းလာပြီး ခရီးစဉ်ပြေးဆွဲရန် မသင့်တော်သော အခြေအနေသို့ ရောက်လာ၏။ ထို့ကြောင့် မော်လမြိုင်မြို့မှ (Mr. Dawson) ပိုင်ဆိုင်တည်ထောင်သည့် အာရကန် ဖလိုတီလာကုမ္ပဏီ (Arakan Flotilla Company)မှ သင်္ဘောများက အစားထိုးဝင်ရောက်လုပ်ကိုင်ပေး၏။ တချိန် တည်းပင် ဖာရစီလူမျိုးတစ်ဦးကလည်း (Mr. Dawson) နှင့်ယှဉ်ပြိုင်ကာ အမြန်သွားသင်္ဘောလုပ်ငန်းကို တည်ထောင်ခဲ့၏။ သို့ရာတွင် စီမံခန့်ခွဲရေးညံ့ဖျင်းမှုကြောင့် မကြာမီ၌ပင် ပျက်ပြားသွားခဲ့ရသည်။[၁] ထို့နောက် အာရကန်ဖလိုတီလာကုမ္ပဏီမှ စစ်တွေမြို့တွင် အခြေစိုက်လျက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး သင်္ဘောလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင် ခရီးစဉ်အကွာအဝေးမှာ မိုင်(၈၀)ဖြစ်သည်။

စစ်မဖြစ်မီက စစ်တွေမြို့တွင် ရခိုင်တိုင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဗြိတိသျှအရင်းရှင်ကုမ္ပဏီ (အေ. အက်ဖ်. စီ)မှ အောက်ပါရေယာဉ်များကို အသုံးပြုပြေးဆွဲခဲ့သည်။

| ရေယာဉ်အမည် | အမျိုးအစား | အသုံးပြုသည့်ခရီးစဉ် | | |
|---|---|---|---|---|
| ကွဲ့လူး | ၂ထပ် | စစ်တွေ | - | သံတွဲ |
| ကလက | ၂ထပ် | ကျောက်ဖြူ | - | စခန်းမော် |
| ခရိုင် | ၂ထပ် | စစ်တွေ | - | သံတွဲလမ်း |
| တရုပ်ရွာ | ၂ထပ် | စစ်တွေ | - | မာန်အောင် |
| တန်းခိုး | ၁ထပ် | စစ်တွေ | - | ကန်စောက် |
| နပ်စ် | ၂ထပ် | စစ်တွေ | - | တောင်ပြို |
| မိုးဇီ | ၂ထပ် | မောင်တော | - | ဘူးသီးတောင် |
| မာန်အောင် | ၂ထပ် | စစ်တွေ | - | မာန်အောင် |
| မီးဝ | ၂ထပ် | စစ်တွေ | - | ပလက်ဝ |
| စပါးထား | ၂ထပ် | စစ်တွေ | - | ပလက်ဝ |
| ပဒူ | ၂ထပ် | စစ်တွေ | - | ကျောက်တော် |
| ပင်လယ် | ၂ထပ် | ကျောက်ဖြူ | - | သံတွဲ |
| ပိသာ | ၂ထပ် | စစ်တွေ | - | ဘူးသီးတောင် |
| ပုဏ္ဏား | ၁ထပ် | စစ်တွေ | - | မဟာမုနိ |
| လေးမြို့ | ၂ထပ် | စစ်တွေ | - | ပန်းမြောင်း |

၁၉၄၂-ခုနှစ် ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာသောအခါ မြန်မာပြည်မှ အင်္ဂလိပ်တို့ ဆုတ်ခွာသွားရာ၌ အထက်ပါ ရေယာဉ်(၁၅)စီးအနက် တရုပ်ရွာနှင့် ပုဏ္ဏားနှစ်စီးကိုသာ အိန္ဒိယသို့ ယူဆောင်သွားပြီးကာလက သင်္ဘောနှင့် ခရိုင်သင်္ဘော မှအပ ကျန်ရေယာဉ်များအားလုံး နစ်မြုပ်ပျက်စီးခဲ့ရသည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးစအချိန်တွင် ဗြိတိသျှတို့၏ ကက်စ်ဘီအစိုးရက (Indand Water Transport Board)အမည်ဖြင့် အောက်ပါလက်ကျန်ရေယာဉ်(၅)စီးကို စစ်တွေ-

ဘူးသီးတောင်လမ်းနှင့် စစ်တွေ-သံတွဲလမ်းများတွင် အသုံးပြုကာ ခရီးသည်နှင့် ကုန်များကို ပို့ဆောင်ပေးခဲ့သည်။

သင်္ဘောများမှာ ဇီရို၊ ဇာရာ၊ ဇက်-၅၅၊ ဇက်-၅၇၊ ဇက်-၆၃တို့ဖြစ်ကြ၏။ အလားတူပင် ရှောင်ဒရီကုမ္ပဏီသည် စစ်တွေမြို့တွင် စစ်မဖြစ်မီက ခရ်စ်ရှနား၊ မဟာမာယာ၊ စသော တစ်ထပ်သင်္ဘောငယ်သုံးစီးဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို (အေ၊ အက်ဖ်၊ စီ)ကုမ္ပဏီနှင့်အပြိုင် ပြေးဆွဲခဲ့၏။

စစ်ကာလတွင် သင်္ဘောများ နစ်မြုပ်ပျက်စီးခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ရတနာပုံ၊ ရတနာအေး ရေယာဉ်တို့ဖြင့် စစ်တွေ၊ မောင်တောခရီးစဉ်ကို ပြေးဆွဲခဲ့သည်။

၁၉၄၆ ခုနှစ်တွင် (အေအက်ဖ်စီ)ကုမ္ပဏီမှ စစ်အတွင်းက အိန္ဒိယသို့ယူဆောင်သွားခဲ့သော ပုဏ္ဏားသင်္ဘောနှင့် တရုပ်ရွာသင်္ဘောနှစ်စီးအပြင် အိန္ဒိယမှဖြည့်တင်းသော သင်္ဘောများ၊ ဧရာဝတီဖလိုတီလာကုမ္ပဏီကို ပြည်သူပိုင်ပြုလုပ်ပြီး ဖွဲ့စည်းလိုက်သော ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ (ပရသဖ)ရန်ကုန်မှ ငှားရမ်းသော သင်္ဘောများတို့ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၁၉၅၃ ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင် ( အေ၊ အက်ဖ်စီ)ကုမ္ပဏီကို မြန်မာနိုင်ငံအစိုးရက ပြည်သူပိုင် ပြုလုပ်ခဲ့သည်။ ထို့ပြင် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သည် ရခိုင်ပြည်နယ်ရှိ အာရကန်ကေရီယာ ဆင်ဒီကိတ်မှ ရေယာဉ်(၉)စီးကို (၁-၄-၅၄)နေ့တွင် ပြည်သူပိုင် သိမ်းယူခဲ့သည်။

၁၉၅၉ ခုနှစ် မေလ(၁)ရက်နေ့တွင် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့(ရခိုင်တိုင်း ဌာနခွဲ)ကို ပြည်မရှိ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့(ပရသဖ)လက်အောက်သို့ လွှဲပြောင်းလိုက်သည်။

ထို့နောက်(ပရသဖ)ပိုင် သင်္ဘောများဖြင့် စစ်တွေ-ဘူးသီးတောင်ခရီးစဉ်ကို ပုံမှန်ပြေးဆွဲခဲ့သည်။ မူလက လောင်စာဆီရရှိမှုအပေါ် အခြေခံ၍ ရက်သတ္တတစ်ပတ်လျှင် သင်္ဘောရက်(၁)ရက်၊ (၂)ရက် စသည်ဖြင့် ရှိခဲ့၏။ ပြည်သူ့ ကောင်စီခေတ်တွင် သင်္ဘောရက်(၃)ရက်ဖြစ်လာ၏။ သင်္ဘောရက်များမှာ စစ်တွေမှ ဘူးသီးတောင်သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် လာရောက်ပြီး၊ ဘူးသီးတောင်မှ စစ်တွေသို့ အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပြန်ထွက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် စစ်တွေ ဘူးသီးတောင် ခရီးစဉ်ကို ရပ်နားရက်မရှိဘဲ နေ့စဉ် စုန်-ဆန်ပြေးဆွဲပေးလျက်ရှိသည်။

**ဘူးသီးတောင်သင်္ဘောဆိပ်**

ဘူးသီးတောင်သင်္ဘောဆိပ်မှာ မူလက အမှတ်(၃)ရပ်ကွက် (ယခု ဖောင်တော်ဟောင်း)နေရာတွင် တည်ရှိခဲ့၏။ ၁၉၃၆-၃၇ ခုနှစ်ခန့်တွင် မြစ်ကြောင်း ရေတိမ်လာမှုကြောင့် အာရကန်ဖလိုတီလာကုမ္ပဏီမှ သင်္ဘောဆိပ်သို့ ပြောင်းရွှေ့ခဲ့၏။ မကြာမီ ရှောင်ဒရီကုမ္ပဏီပိုင် သင်္ဘောဆိပ်မှာ အမှတ်(၇)ရပ်ကွက်သို့ ရွှေ့ပြန်၏။ ရှောင်ဒရီကုမ္ပဏီပိုင် သင်္ဘောဆိပ်မှာ အမှတ်(၇)ရပ်ကွက် (ပန်းစပါယ်တည်းခိုခန်း)အနီးကွက်လပ်နေရာတွင် ဖြစ်၏။

ပုဂ္ဂလိက ရေယာဉ်များ

စစ်မဖြစ်မီက ရခိုင်ပြည်နယ်တွင် တိုင်းရင်းသားပိုင် ပုဂ္ဂလိကရေယာဉ်များ မရှိခဲ့ချေ။ နောက်ပိုင်းတွင် ပုဂ္ဂလိက ရေယာဉ်များ တဖြည်းဖြည်း ပွားများလာပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လာကြ၏။ ထို့နောက် စစ်တွေ-ဘူးသီးတောင်ခရီးစဉ်တွင် ပုဂ္ဂလိက ရေယာဉ်များ၊ ဝင်ရောက်ပြေးဆွဲပေးခဲ့ကြ၏။ နောက်ပိုင်းတွင် ကူဘိုတာ၊ ယာမာ၊ ဂျင်မာ၊ အင်ဂျင်များ တပ်ဆင်ပြေးဆွဲသော ရေယာဉ်ငယ်များ ပေါ်ပေါက်လာခဲ့၏။ ၎င်းစက်လှေငယ် များဖြင့် တစ်မြို့နယ်မှ တစ်မြို့နယ်သို့လည်းကောင်း၊ မြို့နယ်အတွင်း တစ်နေရာမှ တစ်နေရာသို့လည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပေးကြ၏။

ဘူးသီးတောင်မြို့နယ်တွင် ယခုအခါ ရေယာဉ်ပေါင်း(၄၃)စီးရှိ၏။

ဘူးသီးတောင် စစ်တွေခရီးစဉ်တွင် သင်္ဘောနေ့စဉ်ထွက်လာခဲ့ရာ ပုဂ္ဂလိက ရေယာဉ်များက ခရီးသည်ပို့ဆောင် ခြင်း မရှိတော့ဘဲ ဆောက်လုပ်ရေးပစ္စည်းများ၊ ကုန်စည်များကို သယ်ပို့လျက်ရှိကြ၏။

**<u>ကိုးကားချက်များ</u>**

၁။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ တတိယတွဲ၊ စီးပွားရေးကဏ္ဍ၊
၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အခြေခံကိန်းဂဏန်းများ။
၃။ တွေ့ဆုံမေးမြန်းချက်များ။

## (ခ) ကုန်းလမ်းခရီး

### (၁) မီးရထားလမ်း

ရခိုင်ပြည်နယ်တွင် ၁၉၂၀ ပြည့်နှစ်က မီးရထားလမ်းကို စေီမာတင် ခေါ် အင်္ဂလိပ်ကုမ္ပဏီမှ ဖောက်လုပ်ပြေးဆွဲကြောင်း မှတ်တမ်းတင် တွေ့ရပါသည်။[၁] ထိုမီးရထားလမ်းမှာ ဘူးသီးတောင်မှ မောင်းတောအထိ (၁၄)မိုင်၊ မောင်တောမှ ကညင်ချောင်းထိ (၂)မိုင်၊ စုစုပေါင်း(၁၆)မိုင်ရှည်လျားသည်၊ မီးရထားလမ်းတွင် မီးရထားဘူတာသုံးခု ရှိသည်။ ဘူးသီးတောင်၊ မောင်တော၊ ကညင်ချောင်းဖြစ်သည်။

မီးရထားလမ်းတွင် ဥမင်လှိုင်ခေါင်း(၂)ခုရှိသည်။ တစ်ခုမှာ တစ်ဖာလုံခန့်နှင့် နောက်တစ်ခုမှာ တစ်ဖာလုံထက် လျော့နည်းသည်။ ပြေးဆွဲခဲ့သော ရထားစက်ခေါင်းမှာ ထင်း၊ ကျောက်မီးသွေး၊ ရေနွေးငွေ့စက်ခေါင်းဖြစ်ပြီး တွဲဆိုင်းများမှာ သစ်သားတွဲဆိုင်းများဖြစ်သည်။

၁၉၂၆ ခုနှစ် ဧပြီလ(၂၂)ရက်နေ့တွင် မုန်တိုင်းကျရောက်၍ မောင်တောနှင့် ကညင်ချောင်းအကြား ရထားလမ်းတံတားမှာ ပျက်စီးသွားသည်။ ထိုတံတားပျက်စီးသွားခဲ့ပြီးနောက် ဘူးသီးတောင်မှ မောင်းတောအထိသာ သွားလာနိုင်သည်။ ၁၉၂၈ ခုနှစ်မတ်လခန့်တွင် ရထားသံလမ်းနှင့် ဇလီဖာတုံးများကို သက်ဆိုင်ရာမှ ဖြုတ်ယူသွားခဲ့ပြီး ရထားလုပ်ငန်းကို ပိတ်ပင်လိုက်ကြောင်း သိရသည်။

၁၉၁၄-၁၅ ခုနှစ်က အင်္ဂလိပ်များသည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံကို ရထားလမ်းဆက်သွယ်ရန် လေ့လာခဲ့ကြသည်။ ယင်းလေ့လာချက်အရ ရထားလမ်း(၃)သွယ်ကို အကြံပြုခဲ့သည်။ ၎င်းတို့မှာ စစ်တကောင်းမှပြည်၊ သို့မဟုတ် မင်းဘူးထိဖောက်လုပ်ပြီး စစ်တွေသို့ လမ်းခွဲတစ်ခုထားရန် စစ်တကောင်းမှ စစ်တွေထိ ဖောက်ရန်၊ စစ်တွေမှလမ်းခွဲ၍ ကုလားတန်မြစ်ဝှမ်းသို့ ဆန်တက်ရန်ပင်ဖြစ်သည်။ သို့သော် ထိုအကြံပြုထားသော ရထားလမ်းများမှာ အကောင်အထည်ပေါ်ခြင်းမရှိခဲ့ချေ။[၂] ဘူးသီးတောင် မောင်တော်ရထားလမ်းတွင် ထိန်တောအနောက်ဘက်၌ ရထားတွင် ရေထည့်သည့် စခန်းတစ်ခုထားရှိခဲ့သည်။ ဘူးသီးတောင်မြို့တွင်း၌ အမှတ်(၄)ရပ်ကွက်၊ သပြေကုန်းကျောင်းအနီးမှဝင်၍ အမှတ် (၄)၊ အမှတ်(၅)ရပ်ကွက်များကို ဖြတ်ကာ အမှတ်(၇)ရပ်ကွက်(ယခု သဘော်ာဆိပ်ရှိရာ)သို့ သွား၏။

### (၂) မော်တော်ကားလမ်းများ

#### (က) ဘူးသီတောင်၊ မောင်တောကားလမ်း

မီးရထားသွားလာမှု ရပ်တန့်သွားခဲ့ပြီးနောက် ၁၉၃၆-၃၇ ခုနှစ်လောက်တွင် မီးရထားလမ်းဟောင်းကို အသုံးပြု၍ ကားလမ်းအဖြစ် ပြောင်းလဲသုံးစွဲခဲ့သည်။ ဤလမ်းမှာ ယခင်က ကျောက်ကြမ်းလမ်းအဆင့်တွင် ရှိခဲ့သည်။ တော်လှန်ရေးကောင်စီခေတ်နောက်ပိုင်းတွင် တစ်စတစ်စဖြင့် ကတ္တရာခင်းခဲ့ရာမှ ကတ္တရာလမ်းဖြစ်လာခဲ့၏။ ကားလမ်းခရီးတွင် ဘူးသီးတောင်မြို့တွင်း၌ မေယုလမ်းနှင့် ဗိုလ်ချုပ်လမ်းအတိုင်း ပြောင်းလဲခဲ့သည်။

ဘူးသီတောင် မောင်တောကားလမ်းတွင် ဘူးသီးတောင်မြို့နယ်၌ တံတား(၅၇)ခုရှိသည်။ ယင်းတံတားများ၏ တည်နေရာမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| စဉ် | အမည် | | တည်နေရာ | | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | တံတားအမှတ် | ၁/၁ | ဝိုင် | ၀/၃ | အခြေအနေကောင်း |
| ၂ | ။ | ၂/၁ | ။ | ၀/၆ | ။ |
| ၃ | ။ | ၃/၁ | ။ | ၀/၇ | ။ |
| ၄ | ။ | ၂/၂ | ။ | ၁/၄ | ။ |
| ၅ | ။ | ၂/၂ | ။ | ၁/၆ | ။ |
| ၆ | ။ | ၃/၂ | ။ | ၁/၇ | ။ |
| ၇ | ။ | ၁/၃ | ။ | ၂/၁ | ။ |
| ၈ | ။ | ၂/၃ | ။ | ၂/၄ | ။ |
| ၉ | ။ | ၃/၃ | ။ | ၂/၆ | ။ |
| ၁၀ | ။ | ၁/၄ | ။ | ၃/၄ | ။ |
| ၁၁ | ။ | ၂/၄ | ။ | ၃/၅ | ။ |
| ၁၂ | ။ | ၃/၄ | ။ | ၃/၆ | ။ |
| ၁၃ | ။ | ၁/၅ | ။ | ၄/၅ | ။ |
| ၁၄ | ။ | ၂/၅ | ။ | ၅/၀ | ။ |
| ၁၅ | ။ | ၃/၅ | ။ | ၅/၁ | ။ |
| ၁၆ | ။ | ၁/၆ | ။ | ၅/၁ | ။ |
| ၁၇ | ။ | ၂/၆ | ။ | ၅/၂ | ။ |
| ၁၈ | ။ | ၃/၆ | ။ | ၅/၃ | ။ |
| ၁၉ | ။ | ၄/၆ | ။ | ၅/၄ | ။ |
| ၂၀ | ။ | ၅/၆ | ။ | ၅/၅ | ။ |
| ၂၁ | ။ | ၆/၆ | ။ | ၅/၅ | ။ |
| ၂၂ | ။ | ၇/၆ | ။ | ၅/၅ | ။ |
| ၂၃ | ။ | ၈/၆ | ။ | ၅/၅ | ။ |
| ၂၄ | ။ | ၈/၆ | ။ | ၅/၆ | ။ |
| ၂၅ | ။ | ၁၀/၆ | ။ | ၅/၆ | ။ |
| ၂၆ | ။ | ၁၁/၆ | ။ | ၅/၇ | ။ |
| ၂၇ | ။ | ၁၂/၆ | ။ | ၆/၀ | ။ |
| ၂၈ | ။ | ၁၃/၆ | ။ | ၆/၀ | ။ |
| ၂၉ | ။ | ၁/၇ | ။ | ၆/၁ | ။ |
| ၃၀ | ။ | ၂/၇ | ။ | ၆/၂ | ။ |
| ၃၁ | ။ | ၃/၇ | ။ | ၆/၃ | ။ |
| ၃၂ | ။ | ၄/၇ | ။ | ၆/၃ | ။ |
| ၃၃ | ။ | ၅/၇ | ။ | ၆/၄ | ။ |
| ၃၄ | ။ | ၆/၇ | ။ | ၆/၄ | ။ |
| ၃၅ | ။ | ၇/၇ | ။ | ၆/၇ | ။ |
| ၃၆ | ။ | ၈/၇ | ။ | ၆/၇ | ။ |
| ၃၇ | ။ | ၉/၈ | ။ | ၆/၇ | ။ |
| ၃၈ | ။ | ၁၀/၁၀ | ။ | ၇/၀ | ။ |

| စဉ် | အမည် | | တည်နေရာ | | မှတ်ချက် |
|---|---|---|---|---|---|
| ၃၉ | တံတားအမှတ် | ၁၁/၇ | ဝိုင် | ၇/၀ | အခြေအနေကောင်း |
| ၄၀ | ။ | ၁၂/၇ | ။ | ၇/၀ | ။ |
| ၄၁ | ။ | ၁၃/၇ | ။ | ၇/၀ | ။ |
| ၄၂ | ။ | ၁/၈ | ။ | ၇/၁ | ။ |
| ၄၃ | ။ | ၂/၈ | ။ | ၇/၁ | ။ |
| ၄၄ | ။ | ၃/၈ | ။ | ၇/၂ | ။ |
| ၄၅ | ။ | ၄/၈ | ။ | ၇/၂ | ။ |
| ၄၆ | ။ | ၅/၈ | ။ | ၇/၂ | ။ |
| ၄၇ | ။ | ၆/၈ | ။ | ၇/၃ | ။ |
| ၄၈ | ။ | ၇/၈ | ။ | ၇/၃ | ။ |
| ၄၉ | ။ | ၈/၈ | ။ | ၇/၄ | ။ |
| ၅၀ | ။ | ၉/၈ | ။ | ၇/၄ | ။ |
| ၅၁ | ။ | ၁၀/၈ | ။ | ၇/၄ | ။ |
| ၅၂ | ။ | ၁၂/၈ | ။ | ၇/၅ | ။ |
| ၅၃ | ။ | ၁၂/၈ | ။ | ၇/၅ | ။ |
| ၅၄ | ။ | ၁၃/၈ | ။ | ၇/၆ | ။ |
| ၅၅ | ။ | ၁၄/၈ | ။ | ၈/၀ | ။ |
| ၅၆ | ။ | ၁၅/၁ | ။ | ၈/၀ | ။ |
| ၅၇ | ။ | ၁၆/၈ | ။ | ၈/၀ | ။ |

ဤလမ်းမှာ ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်ရာ ဘူးသီးတောင်မြို့နှင့် မောင်းတောမြို့မှ မော်တော်ကားများ အချိန်မရွေး သွားလာလျှက် ရှိကြ၏။ ဘူးသီးတောင်မြို့နယ်တွင် မော်တော်ယာဉ်ပေါင်း (၃၅)စီးရှိသည်။

## (ခ) ဘူးသီးတောင်၊ တောင်ဘဇာကားလမ်း

ဤလမ်းမှာ အရှည်(၁၀)မိုင်၊ အကျယ်(၂၄)ပေရှိသော လူထုလုပ်အား ပင့်ဆည်ဖို့ထားသည့် မြေသားလမ်း ဖြစ်သည်။ (၄-၁-၉၁)နေ့က စတင်ဖောက်လုပ်ခဲ့ရာ (၃၀-၄-၉၄)နေ့တွင် ပြီးစီးခဲ့သည်။ ဤကားလမ်း၌ တံတားကြီး၊ တံတားငယ်(၁၇)ခု ရှိသည်။ (၂၄-၂-၉၄)နေ့က စတင်အသုံးပြုခဲ့သည်။ တံတားများကို ဆောက်လုပ်ရေးအင်ဂျင်နီယာတပ် (ဂျီအီး)က တာဝန်ယူ တည်ဆောက်ပေးသည်။ လုပ်အားတန်ဘိုးငွေကျပ် သန်းပေါင်း(၁၀. ၃)သန်းကုန်ကျမည့် ငွေကြေးသက်သာခဲ့၏။ ဤလမ်းကို ရာသီမရွေး သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

## (ဂ) လက်ဝဲဇက်–ကျောဉ်တောက်ကားလမ်း

ဤလမ်းမှာ အရှည်(၆)မိုင်(၄)ဖာလုံ၊ အကျယ်(၃၄)ပေရှိသော လူထုအုပ်အား သုံးမြေသားလမ်း ဖြစ်သည်။ (၁-၉-၉၁)နေ့က စတင်ဖောက်လုပ်ခဲ့ရာ (၃၀-၃-၉၂)နေ့တွင် ပြီးစီးခဲ့သည်။ ဤလမ်းတွင် တံတားကြီး၊ တံတားငယ်(၁၄)ခု ရှိသည်။ တံတားများကို ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်(ဂျီအီး)မှ တာဝန်ယူဆောက်လုပ်ပေးသည်။ လုပ်အားတန်ဘိုး ငွေကျပ်သန်းပေါင်း(၃. ၇၄၇၈)သန်း ကုန်ကျမည့် ငွေကြေးသက်သာခဲ့သည်။

(ဃ) ဘူးသီးတောင်–ကျောက်တော်ကားလမ်း

ဤလမ်းမှာ ဘူးသီးတောင်မြို့နယ်တွင် (၃၃)မိုင် (၂)ဖာလုံရှိပြီး လမ်းအကျယ်(၂၄)ပေကျယ်ဝန်းသည့် မြေသားလမ်းဖြစ်သည်။ (၂၉-၁၂-၉၁)နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး (၃၀-၄-၉၂)နေ့တွင် ပြီးစီးခဲ့သည်။ ကားလမ်းတစ်လျှောက် လိုအပ်သော တံတားများကို မဆောက်လုပ်ရသေးချေ။ ယာယီတံတားများပြုလုပ်၍ (၂၅-၂-၉၄)နေ့က စတင်အသုံးပြုခဲ့သည်၊ လုပ်အားတန်ဘိုးငွေကျပ်သန်းပေါင်း(၉. ၁)သန်းကုန်ကျမည့် ငွေကြေးသက်သာခဲ့သည်။ ဤလမ်းကို ရာသီမရွေး သွားနိုင်ရန် စီစဉ်လျှက်ရှိကြောင်း သိရသည်။

(၈) စာတိုက်

ဘူးသီးတောင်မြို့နယ်တွင် အင်္ဂလိပ်အစိုးရလက်ထက်ကပင် စာတိုက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း တွေ့ရသည်။ စစ်တွေမြို့ကို ဗဟိုပြု၍ ဘူးသီးတောင်စာတိုက်နှင့် တောင်ဘဇာစာတိုက်ခွဲကို ထားရှိခြင်းဖြစ်၍ စာပို့စနစ်မှာ မြို့ပေါ်၌ (စာပို့လျှင်) ပို့စမင်မှ တဆင့်ဖြန့်ဝေပြီး အရေးကြီးသောကျေးရွာများသို့ ကျေးရွာစာပို့လုလင်( )မှတဆင့် ပို့ဆောင်ရ၏။ စာတိုက်မှ တဆင့်ငွေပို့လွှာများ ကြေးနန်းငွေ ( )သင်္ဘောဖြင့် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ပို့ဆောင်၏ ထိုမှတဆင့် ကုန်းလမ်းခရီးဖြင့် မောင်တောမြို့သို့လည်းကောင်း၊ မောင်တောမှ ကုန်းလမ်းဖြင့် စစ်တကောင်းခရိုင်( )သို့လည်းကောင်း၊ ပို့ဆောင်ပေး၍ စာတိုက်နှင့်ကြေးနန်းရုံးကို ပူးတွဲဖွင့်လှစ်ခြင်းဖြစ်သည်။

ထိုအချိန်က ဘူးသီးတောင်စာတိုက်ျနှင့် ကြေးနန်းရုံးကို အမှတ်(၃)ရပ်ကွက် (ယခု စိုက်ပျိုးရေးရုံး)အနီးတွင် ထားရှိခဲ့သည်။

စစ်ပြီးခေတ်တွင် အမှတ်(၃)ရပ်ကွက် (ယခု ဦးထွန်းလှနေအိမ်နှင့် ဦးသာထွီးအောင်နေအိမ်ကြား)တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ တော်လှန်ရေးကောင်စီခေတ်တို့ အမှတ်(၆)ရပ်ကွက် ဦးမောင်စိန်ဖြူ နေအိမ်ဘက်)သို့ပြောင်းရွှေ့သည်။ ထို့နောက် ပြည်သူ့ကောင်စီလက်ထက်တွင် ဗျူဟာတောင်ကုန်းအမှတ်(၆)ရပ်ကွက်သို့ ပြောင်းခဲ့၏။ ထိုမှတဆင့် ယခုလက်ရှိနေရာသို့ပြောင်းရွှေ့ခဲ့သည်။

(ဃ) ကြေးနန်း

စစ်ကြိုခေတ်၊ ဗြိတိသျှအစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်၌ ကြေးနန်းဆက်သွယ်ရေးကို မြေပေါ်ကြေးနန်းလိုင်းနှင့် ရေအောက်ကြေးနန်းလိုင်းတို့ဖြင့် ဆက်သွယ်မှုပြုလုပ်ခဲ့သည်။ ဘူးသီးတောင်မြို့နယ်သည် မြေပေါ်ကြေးနန်းဆက်သွယ်ရေးလိုင်းကြောင်း စစ်တွေမှ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောလမ်းကြောင်းမှ စစ်တကောင်း၊ ဒက္ကားမြို့များသို့ ဆက်သွယ်ခဲ့သည်။ ၎င်းလိုင်းကြိုးများမှာ စစ်အတွင်းက ပျက်စီးခဲ့ရ၏။

စစ်ပြီးခေတ်တွင် ပျက်စီးခဲ့သော ကြေးနန်းလိုင်းများကို ပြုပြင်ရန် ခက်ခဲသဖြင့် မြေပေါ်ကြေးနန်းကြိုးများဖြင့် ဆက်သွယ်မည့်အစား (Wireless) ဖြင့် ကြေးနန်းဆက်သွယ်မှုစနစ်ကို ပြန်လည်ထူထောင်ခဲ့သည် (Land Life)စနစ်များ (Wireless Telegraph) ဆက်သွယ်ရေးစနစ်သို့ ကူးပြောင်းသွားခြင်းဖြစ်၏။

၁၉၄၅-၄၆ ခုနှစ်လောက်တွင် ၎င်းစနစ်သည် စစ်လက်ကျန်ပစ္စည်းများကို စက်ကရိယာများနှင့် ထူထောင်ပြီး စစ်တွေမြို့မှ ဘူးသီးတောင်သို့ ဆက်သွယ်မှုရှိခဲ့သည်။[၁]

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဘူးသီးတောင်နှင့် စစ်တွေကြေးနန်းတိုက်ရိုက်ဆက်သွယ်မှု မပြုနိုင်ခဲ့ပေ။ မြေပေါ်လိုင်းဖြင့် မောင်တောမြို့သို့ ပို့ရ၏။ မောင်တောမြို့မှတဆင့် စစ်တွေမြို့သို့ ဆက်ပို့ရ၏။ စစ်တွေမှတဆင့်သာလျှင် မြန်မာပြည်အရပ်ရပ်သို့ ထပ်ဆင့်ပေးပို့ရ၏။ ထိုကာလမှာ ၁၉၇၉-ခုနှစ်ထိ ကြာညောင်းခဲ့၏။

၁၉၇၉-ခုနှစ်တွင် မောင်တောမြို့နယ် ကြိမ်ချောင်းရှိ ကြေးနန်းဆက်သွယ်ရေးစခန်းကို ဘူးသီးတောင်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် (Wireless) စနစ် စတင်ကာ ဘူးသီးတောင်မှ စစ်တွေမြို့သို့ တိုက်ရိုက်ကြေးနန်းဆက်သွယ်နိုင်ခဲ့သည်။

ကြေးနန်းရုံးကို ဘူးသီးတောင်မြို့ အရန်မီးသတ်အဆောက်အဦးတွင် ယာယီရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့ရ၏။ ၁၉၉၁-ခုနှစ်တွင် ၎င်းမြေနေရာ၌ပင် တယ်လီဖုံးကြေးနန်းရုံး(၂)ခု ပူးတွဲလျှက် ငွေကျပ်(၃၄၇၀၀၀ိ/-)တန် အဆောက်အဦးကို

ကံထရိုက်စနစ်ဖြင့် ဆောက်လုပ်ကာ ရုံးဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။

## (င) ရေဒီယိုတယ်လီဖုန်း

ဘူးသီးတောင်မြို့နယ်တွင် ရေဒီယိုတယ်လီဖုန်းစနစ်ကို ၁၉၉၂ ခု ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့၍ ယင်းစနစ်မှာ ဤသို့ဖြစ်သည်။ ဘူးသီးတောင်မြို့ရှိ ရေဒီယိုတယ်လီဖုန်းမှတဆင့် စစ်တွေရေဒီယိုတယ်လီဖုန်း စစ်တွေရေဒီယိုတယ်လီဖုန်းမှ စစ်တွေမြို့နှင့် အဆက်အသွယ်ရရှိသောမြန်မာပြည်အရပ်ရပ်သို့ မြို့များသို့ ဆက်သွယ်နိုင်၏။

ဘူးသီးတောင်မြို့ ရေဒီယိုတယ်လီဖုန်းမှာ (၂၁-၃-၉၄)နေ့နောက်ပိုင်း အဆက်အသွယ် မရှိသလောက်ဖြစ်ခဲ့၏။ ယခုအခါ အရေးပေါ်လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် နေ့စဉ်(၁)နာရီစီ စက်ဖွင့်ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့ရေဒီယိုတယ်လီဖုန်းစခန်းမှာ တစ်ဦးတည်းရုံးဖွင့် ဆောင်ရွက်ရသောစခန်းပင် ဖြစ်သည်။[၁]

## (စ) စကားပြောကြေးနန်း (တယ်လီဖုန်း)

စစ်ပြီးခေတ်ကာလ ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာပြီး မရှေးမနှောင်းတွင် မှ စစ်တွေနှင့်မောင်တောသို့ မြေပေါ်တယ်လီဖုန်းလိုင်းကို တည်ထောင်ခဲ့သည်။ ထိုမှတဆင့် ဘူးသီးတောင်မြို့နှင့် မောင်းတောမြို့အိတ်ချိန်းများကို ၁၉၆၃ ခုနှစ်တွင် တပ်ဆင်ပြီး မြို့တွင်းတယ်လီဖုန်းစနစ်ကို ဖွင့်လှစ်ပေးခဲ့သည်။[၂] မကြာမီ ဘူးသီးတောင်မြို့နှင့် မောင်တော မြို့များသို့ တယ်လီဖုန်းဆက်သွယ်နိုင်ခဲ့၏။ ၁၉၆၅ ခုနှစ်တွင် စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်လိုင်း သစ်သားတိုင် (၂၄၂)တိုင်၊ ပေါ်တေဒေဗျူဇီကြေးကျပ်ကြိုးဖြင့် တည်ဆောက်ပေးခဲ့ရာ သောင်းကျန်းသူများက ဖျက်စီးခြင်းကြောင့် ပျက်စီး ခဲ့ရသည်။

ဘူးသီးတောင်မြို့ တယ်လီဖုန်းအိပ်ချိန်းရုံးကို မူလရဲစခန်းအဆောက်အဦးထဲ၌ ဖွင့်လှစ်ခဲ့၏။ ၁၉၇၄-၇၅ ခုနှစ်ခန့် တွင် ရဲစခန်းဝင်းအတွင်း သီးခြားရုံးဆောက်လုပ်ဖွင့်လှစ်ဆောင်ရွက်ခဲ့၏။ ၁၉၇၈-ခုနှစ် ဒီဇင်ဘာလခန့်တွင် ဘောလုံးကွင်း အနောက်ဘက်အမှတ်(၆)ရပ်ကွက်တွင် ပုဂ္ဂလိက အဆောက်အဦးတစ်ခု ငှားရမ်းဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၉၁- ခုနှစ်တွင် ကြေးနန်းနှင့် တယ်လီဖုန်းအဆောက်အဦးသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ဘူးသီးတောင်မြို့တွင် မြို့တွင်း၌ တယ်လီဖုန်းအလုံးရေ (၅၀)ရှိသည်။

## (ဆ) ဂြိုဟ်ထုဆက်သွယ်ရေးတယ်လီဖုန်း

ဘူးသီးတောင်မြို့ရှိ ဂြိုဟ်ထုဆက်သွယ်ရေးတယ်လီဖုန်းစခန်းမှာ မြန်မာနိုင်ငံအစိုးရနှင့် အကြား စာချုပ်ဖြင့် ဆောင်ရွက်ခဲ့၏။ ၁၉၆၃ ခုနှစ် ဇူလိုင်လ(၂၆)ရက်နေ့တွင် နိုင်ငံခြားငွေကျပ်သန်းပေါင်း(၉. ၃၄၆)သန်းတန်ဘိုးဖြင့် စာချုပ် ချုပ်ဆိုခဲ့၏။ (၁၂-၂-၉၄)နေ့တွင် စတင်တည်ဆောက်ခဲ့ရာ (၄-၃-ဝ၄)နေ့တွင် ပြီးစီးခဲ့၏။ ဘူးသီးတောင် ဂြိုဟ်ထုဆက်သွယ် ရေးစခန်းအတွက် ငွေကျပ်သန်းပေါင်း(၉. ၅၈၉၂၆၀)ကုန်ကျခဲ့၏။ စက်တပ်ဆင်ရာ၌ တရုပ်အင်ဂျင်နီယာ(၁၄)ဦး၊ မြန်မာ အင်ဂျင်နီယာ (၉)ဦးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၏။ ဂြိုဟတုမှတဆင့် ဆက်သွယ်အသုံးပြုပြီး ဂြိုလ်တုငှားရမ်းခမှာ အမေရိကန်ဒေါ်လာ(၅၀၀၀၀၀)ဖြစ်၏။ ၂၀-၃-၉၄ နေ့က စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။ တပ်ဆင်ထားသည့် ချန်နယ်အရေအတွက်မှာ ရပ်ဝေးတိုက်ရိုက်လှည့် တယ်လီဖုန်းလိုင်း (၂)လိုင်း၊ ဘူးသီးတောင်စစ်တွေလက်လှည့် လိုင်း(၂)လိုင်းဖြစ်၏။

အခန်း(၈)

# သမဝါယမလုပ်ငန်း

မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းကို ၁၉၀၄ ခုနှစ် သမဝါယမဥပဒေအရ ၁၉၀၅ ခုနှစ်မှ စတင်ခဲ့သည်။ ယင်းသမဝါယမအက်ဥပဒေအရ ကျေးလက်ငွေစုငွေချေးသမဝါယမအသင်းများကိုသာ ဖွဲ့စည်းနိုင်ခဲ့၏။

ယင်းအသင်းများကို ငွေကြေးအထောက်အကူ ပြုနိုင်မည့်ဘဏ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းများ ဖွဲ့စည်းနိုင်ရန် ၁၉၀၄ ခုနှစ် သမဝါယမအက်ဥပဒေကို ရုတ်သိမ်း၍ ၁၉၁၂ ခုနှစ်မှာ သမဝါယမအက်ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေသစ်အရ ကျေးလက်များတွင်လည်း ငွေစုငွေချေးနှင့် စုပေါင်းရောင်းဝယ်ရေးသမဝါယမအသင်းများကို ဖွဲ့စည်းခဲ့ရာ ဘူးသီး. တောင်မြို့နယ်တွင် မောင်နမနှင့် သေကံခွဆုံသမဝါယမအသင်းများကို ဖွဲ့စည်းခဲ့သည်။

ထို့နောက် ၁၉၂၇ ခုနှစ်တွင် သမဝါယမအက်ဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့၏။ ယင်းအချိန်က သမဝါယမအသင်းများသည် လုပ်ငန်းများ ပျက်စီးယိုယွင်းလာပါက ပေးလျော်ရန် တာဝန်ထည့်ထားခြင်းမရှိသဖြင့် အသင်းများကို စာရင်းရှင်း ဖျက်သိမ်းသည့်အခါ အသင်းသားများပိုင် လယ်၊ ကျွဲ၊ နွား၊ အိုးအိမ် စသည်တို့ကိုပါ စာရင်းရှင်းတာဝန်ခံက သိမ်းယူသည့် အခြေအနေထိ ရောက်ခဲ့သဖြင့် သမဝါယမလုပ်ငန်းကို စိတ်ဝင်စားမှုနည်းပါးရုံမက ကြောက်လန့်သည့် အခြေအနေထိ ဖြစ်ခဲ့သည်။[၁]

ထို့နောက် ၁၉၂၇ ခုနှစ်တွင် သမဝါယမအက်ဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့၏။ ယင်းအချိန်က သမဝါယမအသင်းများသည် လုပ်ငန်းများ ပျက်စီးယိုယွင်းလာပါက ပေးလျော်ရန် တာဝန်ထည့်ထားခြင်းမရှိသဖြင့် အသင်းများကို စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါ အသင်းသားများပိုင် လယ်၊ ကျွဲ နွား၊ အိုးအိမ်စသည်တို့ကိုပါ စာရင်းရှင်း တာဝန်ခံထံက သိမ်းယူသည့် အခြေအနေထိ ရောက်ခဲ့သဖြင့် သမဝါယမလုပ်ငန်းကို စိတ်ဝင်စားမှု နည်းပါးရုံမက ကြောက်လန့်သည့်အခြေအနေထိ ဖြစ်ခဲ့သည်။[၁]

တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ၁၉၇၀-ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေနှင့် ၁၉၇၀ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။[၂]

၁၉၈၁ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်ရှိ အခြေခံစားသုံးသူ သမဝါယမအသင်း မြို့ပေါ်တွင် (၈)သင်း၊ ကျေးရွာအုပ်စုအခြေခံ စားသုံးသူသမဝါယမအသင်းကို ဖွဲ့စည်းခဲ့သည်။ ထို့ပြင် လယ်ယာကုန်ထုတ်သမဝါယမအသင်း (၅၃)သင်း စုပေါင်းကျေးရွာသမဝါယမအသင်း (၂)သင်း၊ စုစုပေါင်း(၅၅)သင်းရှိလာ၏။ ယင်းသမဝါယမအသင်းများတွင် ပိုင်ဆိုင်သည့် လယ်မြေ ၃၁၃၄. ၅၅ ဧကရှိခဲ့၏။ ယင်းအသင်း(၅၅)သင်းကို အသင်းသား (၁၄၃၄)ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

## မြို့နယ်သမဝါယမအသင်း

ဘူးသီးတောင်မြို့နယ် သမဝါယမအသင်းတွင် ဥက္ကဋ္ဌအပါအဝင် အချိန်ပြည့် အမှုဆောင်ကော်မတီဝင်(၉)ဦး၊ အချိန်ပိုင်း အမှုဆောင်ကော်မတီ(၂)ဦးနှင့်၊ မြို့နယ်သမဝါယမကောင်စီဝင်(၁၂၅)ဦးတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ စုစုပေါင်း မတည်ရင်းနှီးငွေမှာ (၃၀-၃-၈၁)နေ့တွင် (၂၂၇၀၄၁၅. ၃၃)ကျပ် ခန့်ရှိသည်။

(၁) ပွဲရုံလုပ်ငန်း

မြို့နယ်သမဝါယမအသင်းလုပ်ငန်းကို မတည်ရင်းနှီးငွေကျပ် (၂၂၇၀၄၁၅. ၃၃)ဖြင့် ၁၉၈၁ ခုနှစ်တွင် မတည်ရင်းနှီး လျှက်ရှိသည်။ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

| | | |
|---|---|---|
| (က) | အထွေထွေစီးပွားရေးလုပ်ငန်းမတည်ရင်းနှီးငွေ | ၁၆၅၃၉၁၀. ၆၀ |
| (ခ) | ကုန်ပဒေသာလုပ်ငန်း | ၁၆၅၂၇၆. ၇၀ |
| (ဂ) | ပွဲရုံလုပ်ငန်း | ၇၁၉၃၅၄. ၉၀ |
| (ဃ) | ချည်ထည်လုပ်ငန်းမတည်ရင်းနှီးငွေ | ၁၇၇၂၁၅. ၆၅ |

(၂) စာချုပ်စာတမ်းများဖြင့် ဆောင်ရွက်ခြင်း

ရန်ကုန် ဗဟိုသမဝါယမအသင်း ကော်မတီမှ ကြီးမှူးလျက် သုံးလတစ်ကြိမ် စာချုပ်ချုပ်ဆို၍ စက်ရုံအလုပ်ရုံများမှာ ဘူးသီးတောင်မြို့နယ်အသင်းသည် လူသုံး၊ အိမ်သုံး၊ အဝတ်အထည်များ အပါအဝင် ပစ္စည်းမျိုးစုံတို့ကို စာချုပ်ချုပ်ဆိုပြီး မြို့နယ်အသင်းမှ တိုက်ရိုက်သွားရောက်ထုတ်ယူလျက် ဖြန့်ဖြူးပေးသည်။ သုံးလတစ်ကြိမ် စာချုပ်ပါ ပစ္စည်းတန်ဘိုးမှာ ပျမ်းမျှ ၂၀၀၀၀ဝိ/-(ကျပ်နှစ်သိန်း)ခန့် ရှိပါသည်။

(၃) သမဝါယမဆေးပေးခန်းလုပ်ငန်း

၎င်းလုပ်ငန်းကို မြို့နယ်သမဝါယမအသင်းမှ ၁၉၈၀ပြည့်နှစ်ကစ၍ စတင်လုပ်ကိုင်ခဲ့ရာ ဆရာဝန်(၁)ဦး၊ သားဖွားဆရာမ(၁)ဦး၊ အရောင်းစျေးသည်(၁)ဦးတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး၊ ဆရာဝန်များမကြာခဏ အပြောင်းအလဲရှိတတ်၍ ပုံမှန်လည်ပတ်မှုမရှိခဲ့ပေ။

မြို့နယ် သမဝါယမဆေးခန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာဝန်များမှာ ဒေါက်တာမြမြအေး၊ ဒေါက်တာစန်းရွှေတို့ဖြစ်ကြ၏။

(၄) ငွေစုငွေချေးသမဝါယမအသင်း

မြို့နယ်တွင် ငွေစုငွေချေးသမဝါယမအသင်း (၃)သင်းရှိခဲ့သော်လည်း ငွေချေးရန်အတွက်သာ ဦးတည်ဆောင်ရွက်ခဲ့ကြသဖြင့် ထင်သလောက်ခရီးမရောက်ခဲ့ကြောင်း တွေ့ရ၏။

(၅) သယ်ယူပို့ဆောင်ရေးသမဝါယမအသင်း

၎င်းမြို့နယ်သမဝါယမအသင်းမှ လူစီးသယ်ယူပို့ဆောင်ရန် မြင်းကောင်ရေ (၁၀)ကောင်အား ကူဘိုတာစက်တပ်ယာဉ်ဖြင့် မြို့နယ်အတွင်း ခရီးသည်များကို သက်သာချောင်ချိစွာ ခရီးစဉ်များ ပြေးဆွဲနိုင်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် သမဝါယမလုပ်ငန်းများ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ယခင်က ဖွဲ့စည်းထားရှိသည့် မြို့နယ်သမဝါယမအသင်း အမှုဆောင်ကော်မတီများကို ဖျက်သိမ်းခဲ့၏။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီး အရာရှိကအဖွဲ့ဝင်အဖြစ်ပါဝင်သော မြို့နယ်သမဝါယမအသင်း အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့ဝင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၂)ဦးပါဝင်သော အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ မှာ အတွင်းရေးမှူး ဖြစ်ခဲ့သည်။

ထို့နောက် ဦးစီးဌာနမှ ပုဂ္ဂိုလ်များ မပါဘဲအရပ်သား အမှုဆောင်များဖြင့် ပြန်ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အဖွဲ့ဝင်(၂)ဦးတို့ဖြစ်ကြ၏။

ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း

၁၉၉၂-ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှာ ဝန်ထမ်းများအား ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းတွင် အစုငွေ ၅၀ဝိ/စီထည့်ဝင်စေလျက် အမှုဆောင်(၉)ဦးပါဝင်သော အဖွဲ့ကို ဖွဲ့စည်းပေးခဲ့၏။

ယခုအခါ ဘူးသီးတောင်မြို့နယ် သမဝါယမအသင်းအနေဖြင့် အုတ်ဖုတ်လုပ်ငန်းမှတပါး အခြားလုပ်ငန်းများရပ်ဆိုင်းနေ၍ မြို့နယ်သမဝါယမအသင်းပိုင် စက်လှေမှာလည်း ဝါးလုပ်ငန်းဦးစီးဌာနသို့ အခကြေးငွေဖြင့် ငှားရမ်းထားရှိသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာသမဝါယမအသင်းများမှာ အသစ်ဖွဲ့စည်းနိုင်ခြင်းမရှိ ဖျက်သိမ်းခြင်းလည်းမရှိသေးဘဲ ယာယီရပ်ဆိုင်းလျက် ရှိပါသည်။

<u>**ကိုးကားချက်**</u>

၁။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ တတိယတွဲ၊ စီးပွားရေးကဏ္ဍ
၂။ ဘူးသီးတောင်မြို့နယ်မှတ်တမ်း၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ဘူးသီးတောင်မြို့
၃။ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစန်းရွှေနှင့် တွေ့ဆုံမေးမြန်းချက်များ

အခန်း(၉)

# အုပ်ချုပ်ရေး

## (က) ရခိုင်ဘုရင်များခေတ်

ရခိုင်ဘုရင်များလက်ထက်တွင် ရခိုင်ပြည်နယ်ကို အုပ်ချုပ်မှုအရ တိုင်းကြီး(၁၂)တိုင်း၊ ဝတီ(၇)ရပ် သတ်မှတ်ခဲ့၏။ ၎င်းပြင် ကျွန်းကြီးများ၊ တောင်စဉ်(၇)ရပ် တောင်ခွင်ဒေသတို့ကို စားကျေးနယ်မြေများ သီးသန့်ထား၍ အုပ်ချုပ်စေခဲ့၏။ ထို့ကြောင့် ၎င်းဒေသတို့သည် ဝတီ(၇)ရပ်အပတွင် ကျရောက်လေသည်။

ဝတီ(၇)ရပ်စကား

| | | |
|---|---|---|
| (၁) | သံတွဲနယ်မြေ | ဒွါရာဝတီ |
| (၂) | မာန်အောင်ကျွန်းတစ်ဝိုက် | မေဃဝတီ |
| (၃) | ရမ်းဗြဲကျွန်းတဝိုက် | ရမ္မာဝတီ |
| (၄) | လေးမြို့မြစ်တလျောက် | ဇေယျဝတီ |
| (၅) | မယူကမ်းတလျောက် | မောရဝတီ |
| (၆) | ဝေသာလီနှင့် သရီချောင်း ရမ်းချောင်းတစ်လျှောက် | သလ္လာဝတီ |
| (၇) | မဟာမုနိကုန်းတော်မှသည် ကျောက်တော်တစ်လျှောက် | ဓညဝတီ |

ဟူ၍ အသီးသီးသတ်မှတ်ထားရှိခဲ့လေသည်။

သို့ဖြစ်ရာ ဘူးသီးတောင်မြို့နယ်သည် မောရဝတီအတွင်း ကျရောက်ကြောင်း တွေ့နိုင်၏။

တိုင်းပြည်နှင့်လူမျိုး၊ မင်းနှင့်ပြည်သူကြည်ဖြူစွာ နေလာကြသောအခါ မင်း၏ကျင့်ဝတ်များကို ဖော်ပြသော ရာဇဝင်နီတိကျမ်းအရ အုပ်ချုပ်သူများက လိုက်နာကြရသည်။ တရားစီရင်မှု၊ အခွန်ကောက်ခံမှု၊ မူးမတ်ပြည်သူလူထုကို လိုက်၍ ချီးမြှောက်မှုတို့ကို လိုက်နာကြရသည်။ ဓလေ့စရိုက်များကို ရိုသေရသော ပါရာကျမ်းများကိုလည်း လိုက်နာကြရ သည်။ လူမှုကျင့်ဝတ်နှင့်ဆိုင်သော လောကသာရ ဆုံးမသြဝါဒတို့ကို လိုက်နာကြရသည်။ နိုင်ငံရပ်ခြားနှင့်ဆက်ဆံရသော ကြောင့် သံတမန်ကျင့်ဝတ်များ၊ အုပ်ချုပ်ပုံထီးနန်းဓလေ့ဆိုင်ရာကျမ်းများ၊ ဘာသာရေးစာပေဆိုင်ရာ ကျမ်းများ၊ ဖြစ်ထွန်းလာခဲ့ရသည်။ ထိုသို့သော ဆိုင်ရာဆိုင်ရာကျင့်ဝတ်တို့က ပဲ့ကိုင်ကြပ်မတ်ခဲ့သည့်အလျောက် တာဝန်ကိုယ်စီထမ်းဆောင်လာနိုင်ခဲ့ခြင်းဖြစ်သည်။ တစတစယဉ်ကျေးမှုဆိုင်ရာ လူမှုဓလေ့စရိုက်များဆိုင်ရာများတို့ကိုလည်း လက်ခံလာခဲ့ရသည့်အလျောက် မွေးဖွားသည်မှ သေသည်အထိ လိုက်နာပြုကျင့်ရသော အစဉ်အလာအယူအဆများဖြစ်ထွန်းခဲ့ရ၏။ ထိုကျင့်ဝတ်များကို အခြေခံ၍ ဥပဒေပြုမှု၊ တရားစီရင်မှု စသော တရားဥပဒေမှ အခြေခံလာ၏။ မြောက်ဦးခေတ်တွင် အဌစတ္တာလီသကျင့်ဝတ်များလည်း ရခိုင်အမျိုးသားတို့ လိုက်နာရန် စည်းမျဉ်းကျင့်ဝတ်များဖြစ်၏။ မဟာပညာကျော်အမတ်ကြီးလက်ထက်အရောက်တွင် အချို့သော တရားစီရင်ပုံ ဖြတ်ထုံးများကို ပြုပြင်လျက် တရားရုံးတို့၌ အစဉ်အလာကျင့်သုံးမြဲ ရှိနေခဲ့ပေ၏။[၁]

မြို့စားနယ်စားများ ခန့်အပ်အုပ်ချုပ်ခဲ့ရာ ဘူးသီးတောင်မြို့နယ်ရှိ စစ်တန်းတင်မြို့၊ စိမ့်ညှင်းပြားမြို့၊ ညောင်ချောင်းမြို့၊ ငကျဉ်တောက်မြို့၊ ငါးကြည်းတောင်မြို့တို့တွင်လည်း မြို့စားများ အသီးသီးခန့်အပ်အုပ်ချုပ်ခဲ့လေသည်။

## (ခ) မြန်မာဘုရင်များခေတ်

ခရစ်၁၇၈၄ ခုနှစ်တွင် အမရပူရပြည့်ရှင် ဘိုးတော်မင်းက ရခိုင်ပြည်နယ်ကို သိမ်းပိုက်ခဲ့ရာမှ ရခိုင်မင်းဆက်ပြတ်တောက်ခဲ့ရ၏။ ထို့နောက် ဘိုးတော်မင်းက ရခိုင်ပြည်ကို မြို့ဝန်များ ခန့်အပ်အုပ်ချုပ်ခဲ့၏။ အုပ်ချုပ်မှုအရ ရခိုင်ပြည်နယ်ကို ဝတီလေးရပ် ပိုင်းခြားသတ်မှတ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရသည်။

| | | |
|---|---|---|
| (၁) | ဓညဝတီ | စစ်တွေဒေသ |
| (၂) | ဒွာရာဝတီ | သံတွဲဒေသ |
| (၃) | ရမ္မာဝတီ | ရမ်းဗြဲဒေသ |
| (၄) | မေဃဝတီ | မာန်အောင်ကျွန်းဒေသ ဟူ၍ဖြစ်၏။ |

ဝတီလေးရပ်တွင် မြို့ဝန်နှင့် မြို့သူကြီးများ ခန့်အပ်အုပ်ချုပ်ခဲ့၏။ မြောက်ဦးမြို့တွင် ဓညဝတီမြို့ဝန်၊ သံတွဲမြို့တွင် ဒွါရာဝတီမြို့ဝန်၊ ရမ်းဗြဲမြို့တွင် ရမ္မာဝတီမြို့ဝန်၊ အမ်းမြို့တွင် မေဃဝတီမြို့ဝန်တို့ ထားရှိခဲ့၏။[၂] ဘူးသီးတောင်မြို့နယ်သည် ဓညဝတီမြို့ဝန်၏အုပ်ချုပ်မှုအပိုင်းအခြားတွင် ကျရောက်၏။ ဓညဝတီမြို့ဝန်သည် မြောက်ဦးမြို့တော်တွင် ရုံးစိုက်၍ ဒေသအုပ်ချုပ်မှုကို ဆောင်ရွက်၏။ အုပ်ချုပ်ရေးအာဏာပိုင် ဓညဝတီမြို့ဝန်အဆက်ဆက်မှာ-

| | | | |
|---|---|---|---|
| (က) | နန္ဒပကျန် | (အေဒီ ၁၇၈၄-၁၇၈၈) | ၄နှစ် |
| (ခ) | အနောက်တိုက်ဝန် | (အေဒီ ၁၇၈၈-၉၀) | ၂နှစ် |
| (ဂ) | ပုသိမ်ဝန်မင်း | (အေဒီ ၁၇၉၀-၉၁) | ၁နှစ် |
| (ဃ) | တိုင်းတားဝန် | (အေဒီ ၁၇၉၁-၉၃) | ၂ နှစ် |
| (င) | မောင်ကျော်လှ | (အေဒီ ၁၇၉၃-၉၅) | ၂နှစ် |
| (စ) | စိန်ဘူး | (အေဒီ ၁၇၉၅-၁၈၁၃) | ၁၀နှစ် |
| (ဆ) | နော်ရထာ | (အေဒီ ၁၈၁၃-၁၉) | ၆နှစ် |
| (ဇ) | မောင်ကြာရိုး တရုပ်ဝန် | (အေဒီ ၁၈၁၉-၂၂) | ၃နှစ် |
| (ဈ) | စံပျော် | (အေဒီ ၁၈၂၂-၂၄) | ၂နှစ် တို့ဖြစ်ကြသည်။[၁] |

မြို့ဝန်အုပ်ချုပ်ရေးကာလမှာ စုစုပေါင်း နှစ်ပေါင်း (၄၀)ကြာညောင်းခဲ့ချေ၏။ ထိုကာလအတွင်း ပြည်တွင်းမငြိမ်မသက်မှု၊ ဆူပူမှုတို့ကြောင့် ရခိုင်ပြည်နယ်မှ လူအများအပြားသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ စိုးမိုးလျက်ရှိရာ အနောက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ကြ၏။ မြန်မာဘုရင်က စိုးတင်စားအဖြစ် ခန့်အပ်ခဲ့သောချင်းပျံသည် ရခိုင်သမ္မတမင်း၏တပ်မှူး၊ ဗိုလ်မှူးတို့နှင့် ပူးပေါင်းသွားကာ မြို့ဝန်တပ်များကို တိုက်ခိုက်၏။ ချင်းပျံတပ်နှင့် မြို့ဝန်တပ်တို့ အပြန်အလှန် တိုက်ခိုက်ရာမှ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီအစိုးရနှင့် မြန်မာမင်းတို့ ပြဿနာဖြစ်ခဲ့ရ၏။ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာမှူးမတ်တို့ ဆောင်ရွက်ခဲ့ရသော မှတ်တမ်းရှိချေ၏။ "မဇ္ဈိမဒေသသွားမှတ်တမ်း"ဟု အမည်တွင်၏။ မောင်တောရှင်မဖြူ စစ်ပွဲမှ စတင်၍ ရခိုင်ပြည်နယ်ကို အင်္ဂလိပ်အစိုးရသည် ကျူးကျော်ခဲ့လေ၏။ ထို့ကြောင့် မြို့ဝန်များ အရေးရှုံးနိမ့်ခံရသဖြင့် ရန္တပိုစာချုပ်အရ အေဒီ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် ရခိုင်ကို အင်္ဂလိပ်တို့ ပိုင်စိုးခဲ့လေ၏။[၂]

ထို့နောက် မြို့ဝန်အုပ်ချုပ်မှုလည်း အဆုံးသတ်ခဲ့ရလေသည်။

## (ဂ) အင်္ဂလိပ်ခေတ်

အေဒီ (၁၈၂၆)ခုနှစ်မှစ၍ တနင်္သာရီ အပါအဝင် ရခိုင်ပြည်နယ်ကို အင်္ဂလိပ်အစိုးရက ဝန်ရှင်တောမင်းကြီး ပိုင်းလေးပိုင်းထား၍ အုပ်ချုပ်ခဲ့၏။ အရေးတော်ပိုင် မဟာဝန်ရှင်တော်မင်းကြီးဆိုလျှင် အိန္ဒိယဘုရင်ခံမင်း၏ အာဏာကို ခံယူလျက် အုပ်ချုပ်ရ၏။ ရခိုင်ပြည်နယ်သည် ဝန်ရှင်တော်မင်းကြီး တစ်ပိုင်ဖြစ်၍ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း (၁၄၅၂၇)ရှိသည်။ မြို့မမှာ စစ်တွေဖြစ်လေသည်။ ထို့ကြောင့် (၁၂-၁၁-၁၈၂၄)ခုနှစ်မှစ၍ (၃-၁၀-၁၈၃၄)ခုနှစ်ထိ စစ်တကောင်းမြို့ဝန် ရောဘတ်ဆင်အစ ဂျီဂျီဟာဗွီအဆုံး မြို့ဝန်အဆက်ဆက်တို့က စစ်တကောင်းမှနေ၍ ရခိုင်ပြည်နယ်ကို အုပ်ချုပ်ခဲ့ကြသည်။ (၇)ဆက်မြောက်အုပ်ချုပ်ရသူ မင်းကြီးဒိတ်သိန်ရှင်သည် (၁၈၃၄)ခုနှစ်တွင် ရခိုင်ပြည်မင်းကြီးဖြစ်လာ၏။ ထိုမင်းကြီးလက်အောက်တွင် အရေးပိုင်၊ ဝန်ထောက်၊ စစ်ကဲ၊ မြို့အုပ်တို့ အဆင့်ဆင့် ခန့်အပ်၍ အုပ်ချုပ်ခဲ့ကြလေသည်။

ရခိုင်ဝန်ရှင်တော်မင်းကြီးပိုင် ရခိုင်ပြည်နယ်တွင် အရေးပိုင်မင်းပိုင် စီရင်စု လေးခုရှိရာ (က) စစ်တွေစီရင်စု၊ (ခ) ရခိုင်မြောက်ပိုင်းစီရင်စု (ဂ) ကျောက်ဖြူစီရင်စု (ဃ) သံတွဲစီရင်စု တို့ဖြစ်၏။

(က) စစ်တွေစီရင်စုတွင် ဝန်ထောက်မင်းပိုင်နယ်(၄)ခုရှိသည်။

(၁) စစ်တွေ (၂) မြို့ဟောင်း (မြောက်ဦး) (၃) ရသေ့တောင် (၄) နတ်မြစ်တို့ ဖြစ်ကြသည်။

(ခ) ရခိုင်မြောက်ပိုင်း စီရင်စုတွင် ဝန်ထောက်မင်းပိုင်ဟူ၍ ရခိုင်ကုန်းတန်းနယ်သာ ရှိသည်။ (စစ်ကဲ၊ မြို့နယ်မင်းတို့ပိုင်နယ်မရှိ)

(ဂ) ကျောက်ဖြူစီရင်စုတွင် အရေးပိုင်မင်းက ကျောက်ဖြူ အမ်း၊ မြေပုံဟူသော စစ်ကဲမြို့အုပ်မင်းပိုင် နယ်သုံးခု

ကို ကြားက ဝန်ထောက်မထားဘဲ အုပ်ချုပ်စီမံပုံရသည်။ သို့သော် ကျောက်ဖြူစီရင်စုမှာပင် ရမ်းဗြဲဝန်ထောက်၊ မင်းပိုင် တနယ်ရှိလျှင် ယင်းတွင် ရမ်းဗြဲ၊ မာန်အောင်ဟူသော စစ်ကဲ၊ မြို့အုပ်မင်းတို့ပိုင် နယ်နှစ်နယ်ရှိသည်။

(ဃ) သံတွဲစီရင်စုတွင် ဝန်ထောက်မင်းပိုင်ဟု သတ်မှတ်မထားဘဲ မြောက်ပိုင်းမြို့နယ်၊ အနောက်ပိုင်းမြို့နယ်၊ အလယ်ပိုင်းမြို့နယ် ဟုစစ်ကဲ၊ မြို့နယ်မင်းတို့ပိုင် မြို့နယ်သုံးခုရှိသည်။

(က) (၁) စစ်တွေဝန်ထောက်မင်းပိုင်နယ်တွင် စစ်ကဲ၊ မြို့နယ်မင်းပိုင်နယ်များမှာ စစ်တွေနှင့် ကျေးလက်နှစ်ခု ဖြစ်သည်။

(၂) မြို့ဟောင်းမင်း ဝန်ထောက်မင်းပိုင်နယ်တွင် စစ်ကဲ၊ မြို့နယ်မင်းပိုင်နယ်များမှာ ဦးရာဇ်တောင်အရှေ့ မြို့ဟောင်း၊ မင်းပြားလုံးစုပင်ဖြစ်၏။

(၃) ရသေ့တောင်ဝန်ထောက်မင်း ပိုင်နယ်တွင် စစ်ကဲ၊ မြို့နယ်မင်းတို့ကိုင်နယ်များမှာ ဦးရာဇ်တောင် အနောက်၊ ကုလားတန်၊ ရသေ့တောင်သုံးခုဖြစ်သည်။

(၄) နတ်(ငတ်)ဝန်ထောက်မင်းပိုင်နယ်တွင် စစ်ကဲမြို့နယ်မင်းပိုင် နတ်မြို့နယ်သာ ရှိသည်။[၁]

ထို့ကြောင့် ဘူးသီးတောင်မြို့နယ်သည် ရခိုင်ဝန်တော်ရှင်မင်းကြီးလက်အောက် စစ်တွေအရေးပိုင် စီရင်စုနယ်တွင် ပါဝင်ပြီး ဝန်ထောက်မင်းပိုင်နယ်လေးခုအနက် ရသေ့တောင်ဝန်ထောက်မင်းပိုင်နက်အတွင်း ကျရောက်ခဲ့လေ၏။

ခရစ်၁၈၉၁ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှစတင်၍ ဝန်ထောက်မင်းပိုင်နယ်နှင့် မြို့အုပ်မင်းပိုင်နယ်များကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့၏။

| နယ်ပိုင်ဝန်ထောက်ပိုင်နယ် | ရုံးစိုက်ရာဒေသ | မြို့နယ် (မြို့ပိုင်နယ်) | ရုံးစိုက်ရာဒေသ |
|---|---|---|---|
| စစ်တွေ | စစ်တွေ | စစ်တွေ | စစ်တွေ |
| | | ပေါက်တော | ပေါက်တော |
| | | မင်းပြား | မင်းပြား |
| ကျောက်တော် | ကျောက်တော် | ကုလားတန် | ကျောက်တော် |
| | | မြို့ဟောင်း | မြို့ဟောင်း |
| | | ဦးရာဇ်တောင် | ပုဏ္ဏားကျွန်း |
| ရသေ့တောင် | ရသေ့တောင် | ရသေ့တောင် | ရသေ့တောင် |
| | | နတ် | မောင်တော |

၁၈၉၂ ခုနှစ်တွင် တိုက်အုပ်သူကြီးများခန့်အပ်ပြီး အခွန်ကောက်ခံမှုစနစ်ကို ရွာသူကြီးမှတဆင့် ကောက်ခံစေ၏။[၂]

၁၉၀၅ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှစ၍ ရသေ့တောင်နယ်ပိုင်ဝန်ထောက်ပိုင်နယ်ကို ဘူးသီးတောင်နယ်ပိုင် ဝန်ထောက်ပိုင်နယ်ကို မကြာမီပြန်လည်ဖွဲ့စည်းပြီး ၁၉၀၆ ခုနှစ်မှစ၍ အောက်ပါအတိုင်း ပြောင်းလဲခဲ့ပြန်၏။

| နယ်ပိုင်ဝန်ထောက်ပိုင်နယ် | မြို့နယ် (မြို့ပိုင်နယ်) |
|---|---|
| စစ်တွေ | စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင် |
| မင်းပြား | ပေါက်တော၊ မင်းပြား |
| ကျောက်တော် | ကျောက်တော်၊ မြို့ဟောင်း |
| ဘူးသီးတောင် | ဘူးသီးတောင်၊ မောင်းတော |

နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်တို့မှာ အုပ်ချုပ်ရေး၊ အခွန်ကောက်ခံရေး အာဏာပိုင်များ ဖြစ်ကြပြီး ဘူးသီးတောင်မြို့ နှင့် မောင်းတောမြို့တွင် တရာမမှုခင်းများ စီရင်ရန် မြို့အုပ်တစ်ဦးစီ ခန့်ထားခဲ့၏။ ထို့နောက် ၁၉၀၆ ခုနှစ် ဘူးသီးတောင် မြို့နယ်အတွက် ရာဇဝန်တရားသူကြီးတစ်ဦး ဖန်တီးခန့်ထားခဲ့ပြန်၏။ ဤသို့အားဖြင့် အင်္ဂလိပ်ခေတ် အုပ်ချုပ်ရေးမှာ ၎င်းတို့ပိုင်စိုးခဲ့သည့်ကာလတလျှောက် တည်ရှိခဲ့လေသည်။[၁]

၁၉၄၀-၄၁ ခုနှစ်တွင် ဘူးသီးတောင်မြို့ပေါ်၌ အမှတ်(၁)မှအမှတ်(၇)ထိ ရပ်ကွက်များ ခွဲပြီးအုပ်ချုပ်ခဲ့သည်[၂]

## (ဃ) ဂျပန်ခေတ်

၁၉၄၂ ခုနှစ်မတ်လ(၂၃)ရက်နေ့ ရခိုင်တိုင်းမြို့တော် စစ်တွေမြို့ကို ဂျပန်တို့စတင်၍ အကြီးအကျယ် ဗုံးကြဲချခဲ့သဖြင့် ဗြိတိသျှအာဏာပိုင် အစိုးရဆုတ်ခွာခဲ့ရာ စစ်တွေလူထုမှာ ခရိုင်အတွင်းရှိ မြို့နယ်နှင့်ကျေးရွာများသို့ အလျှိုလျှိုရှောင်တိမ်းခဲ့ကြလေ၏။ ဤအချိန်တွင် စစ်တွေအရေးပိုင် ဦးဦးကျော်ခိုင်(အိုင်စီအက်စ်)သည် အုပ်ချုပ်ရေးအဖွဲ့တစ်ခုလုံးကို ဘူးသီးတောင်သို့ပြောင်းရွှေ့လျက် စစ်အသွင်ကို ဆောင်ပြီး စစ်ရေယာဉ်(အယ်လယ်လ် ၁၁၀၀)နှင့် ခရိုင်အတွင်းရှိ မြို့နယ်တစ်ခုမှ တစ်ခုသို့ လှည့်လည်အုပ်ချုပ်နေချိန်ဖြစ်၏။ အင်္ဂလိပ်စစ်တပ်မှ ရာဇပုတ်ကုလားစစ်သားများသည် စစ်တွေမြို့တွင် သောင်းကျန်းလျက်ရှိသည်။ ၎င်းတို့မှာ ဒေသခံကုလားများနှင့် ပူးပေါင်း၍ ရခိုင်လူမျိုးများကို သတ်ဖြတ်ကြသည်။ စစ်တွေမြို့ပေါ်မှ စစ်ဘေးစစ်ဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသော ရခိုင်များထံမှ ပစ္စည်းလုယက်ခြင်း၊ ရခိုင်များကို သတ်ဖြတ်ခြင်းများ ပြုလုပ်လာကြ၏။ ယင်းအခြေအနေကြောင့် သိန်းကျော်အောင်နှင့် မောင်ကျော်ယတို့ ခေါင်းဆောင်သော ရခိုင်တပ်ဖွဲ့က ရက်ချောင်းကုလားရွာကို မီးရှို့ဖျက်စီးလိုက်ကြသဖြင့် ကုလား-ရခိုင်အဓိကရုဏ်း စတင်လာခဲ့လေ၏။

ကုလား-ရခိုင်အဓိကရုဏ်းမှာ မြေပုံမြို့နယ်မှတဆင့် မင်းပြားမြို့နယ်လက်မကျေးရွာ၊ ယင်းမှတဆင့် မြို့ဟောင်းမြို့နယ်၊ ကျောက်တော်မြို့နယ်များသို့ ကူးစက်ပျံ့ပွားလာခဲ့၏။ ဤမြို့နယ်များမှ ထွက်ပြေးလွတ်မြောက်လာကြသော ကုလားများသည် ဘူးသီးတောင်မောင်တောဘက်သို့ ရောက်ရှိလာကြပြီး ယင်းမြို့နယ်ရှိ ကုလားများနှင့် ပူးပေါင်းကာ ယင်းဒေသရှိ ရခိုင်လူမျိုးများကို လက်စားချေတုန့်ပြန်ကြသဖြင့် မောင်တောမြို့နယ် နတ်မြစ်အရှေ့ဘက်ခြမ်း၊ အရှေ့ဘက်ခြမ်း၊ ဘူးသီတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် မယူကမ်းတခွင်ရှိ ရခိုင်ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ခံရ၍ နီးစပ်ရာမြို့နယ်များသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ရခိုင်လူမျိုးများစွာအသက် ဆုံးရှုံးကြပြီး ရွာပေါင်းများစွာ ပျက်စီးသွားသည်။ ယင်းသို့ပျက်စီးခြင်းကို ယနေ့အထိ အစားထိုးနလံမထူနိုင်ဘဲ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ရခိုင်ရွာများ မရှိသလောက်ဖြစ်ခဲ့ရ၏။

ထိုစဉ်က စစ်တွေခရိုင်အနှံ့အပြား လှည့်လည်ခရီးသွားနေသော အရေးပိုင် ဦးဦးကျော်ခိုင်သည် ဤမလိုလားအပ်သော လူမျိုးရေးအဓိကရုဏ်းကို ငြိမ်းချမ်းကျေအေးစေရန် ဘူးသီးတောင်မြို့နယ်ရှိ ဂူဒါပြင်ကျေးရွာတွင် စစ်ဘေးဒဏ်ခိုလှုံနေသည့် စစ်တွေမြို့မှ ကုလားသူဌေး မာရကံတင်တီအား ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့လေ၏။ ယင်းသို့ သဘောရိုးဖြင့် ဖိတ်ခေါ်သည်ကို တုန့်ပြန်ခြင်း မရှိခဲ့သဖြင့် ဦးဦးကျော်ခိုင်သည် နောက်တစ်နေ့တွင် ‘ပရိုဂရက်’အမည်ရှိ အစိုးရနှစ်ထပ်သင်္ဘောဖြင့် ဘူးသီးတောင်တွင် စစ်ဘေးဒဏ်ခိုလှုံနေသည့် ဝတ်လုံဦးရွှေသာ (အေ၊ အက်စ်၊ အန်၊ အေတီအန်) ဆန်စက်ပိုင်ရှင် ဦးအကိုင်၊ ရဲဝန်ထောက် ဦးရွှေသာ၊ ရဲအင်စပက်တာ ဦးမောင်စံလှ၊ မြို့ပိုင် ဦးဘတင် စသော ပုဂ္ဂိုလ်များနှင့်အတူ ကုလားလူကြီးများနှင့် ညှိနှိုင်းဆွေးနွေးရန် ဂူဒါပြင်ရွာသို့ ဆင်းလာခဲ့လေသည်။ သို့သော် ထိုရွာသို့ သင်္ဘောဝင်သည်နှင့် အသင့်နေရာယူထားသော ဂူဒါပြင်ရွာမှ ကုလားများအနက် ကာလူအမည်ရှိ ကုလား၏ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဦးဦးကျော်ခိုင်မှာ သင်္ဘောမာလိမ်မှူးအား “အမြန်လှည့်မောင်း”ဟု အမိန့်ပေးခဲ့ပြီး မိနစ်ပိုင်းအတွင်း သင်္ဘောပေါ်တွင် ပွဲချင်းပြီး သေဆုံးခဲ့ရလေသည်။

အရေးပိုင် ဦးဦးကျော်ခိုင် ကွယ်လွန်ပြီးနောက် ဘူးသီးတောင်ရှိ ကရင်တပ်စု ယခင်ဘားမားဖော်လန်တီယာတပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် မြို့ပေါ်မှ လူငယ်များကို စည်းရုံးလျက် စစ်တွေမှ ခရိုင်ဝန်ပြောင်းရွှေ့စဉ်ပါလာခဲ့သော လက်နက်ခဲယဉ်း မီးကျောက်များနှင့် မြို့စောင့်ကာကွယ်ရေးများ ဖွဲ့စည်းကာ လေးဘက်လေးတန်လာ တိုက်ခိုက်သော ကုလားများကို နေ့ရောညပါ အစွမ်းကုန် ခုခံကာကွယ်ခဲ့ကြသည်။

သို့ရာတွင် အင်အားများပြားလှ၍ ဘူးသီးတောင်မြို့နယ်မှာ တနေ့နေ့ကျဆုံးနိုင်စရာရှိသဖြင့် မြို့လုံးကျွတ် လူထုအစည်းအဝေးတစ်ရပ် ကျင်းပ၍ (ဘီအိုင်အေ)တပ်မှူးနှင့် တွေ့ဆုံရန်(၁၀)ဦးကိုယ်စားလှယ်အဖွဲ့ကို ရွေးချယ်ခဲ့လေသည်။ ထိုအဖွဲ့ကို ရှေ့နေ ဦးအောင်ထွန်းဦး၊ ဆရာတော်ဦးဝါသဝ၊ ဆရာကြီးဘိုးမြစိန်တို့ ဦးဆောင်လျက် ဘူးသီးတောင်မြို့မှ “ကရစ်ရှနား”တစ်ထပ်သင်္ဘောဖြင့် စစ်တွေမြို့ရှိ ဘီအိုင်အေ တပ်မှူး ဗိုလ်ရန်အောင်အား သွားရောက်တွေ့ဆုံပြီး မငြိမ်မသက်သော ဘူးသီတောင် အခြေအနေကို တင်ပြကြလေ၏။

ဤတွင် ဗိုလ်ရန်အောင်သည် ဘီအိုင်အေတပ်မှ ဗြိတိသျှကို တိုက်ထုတ်ပြီး စစ်တွေမြို့ကို သိမ်းရန်အဓိကဖြစ်ကြောင်းနှင့် ဖြစ်ပွားဆဲလူမျိုးရေးအဓိကရုဏ်းတွင် ပါဝင်ဆောင်ရွက်ရန် မသင့်ကြောင်းနှင့် ဖြစ်ပွားဆဲ လူမျိုးရေးအဓိကရုဏ်းတွင် ပါဝင်ဆောင်ရွက်ရန် မသင့်ကြောင်း ပြောခဲ့လေ၏။ ဦးအောင်ထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့စိတ်အားငယ်သွားသည်ကို မြင်သော ဗိုလ်ရန်အောင်သည် လူမျိုးရေးအဓိကရုဏ်းပြေငြိမ်းရန်အတွက် နိုင်ငံရေးအရ

စည်းရုံးဖြေရှင်းရန် ရခိုင်တိုင်းရင်းသား အစည်းအရုံးမှ ဦးသာဖလုနှင့် ဦးပညာသီဟ၊ မူဆလင်ဘက်မှ ရွှေနေ ဦးဘိုးခိုင်၊ ဦးယာဆင်တို့ပါဝင်သော ငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းလျက် ရသေ့တောင်မှတဆင့် ဘူးသီးတောင်သို့ စေလွှတ်ခဲ့လေသည်။ ဤအဖွဲ့သည် သုံးရောင်ခြယ်အလံလွှင့်လျက်“ပေါ်”အမည်ရှိ မော်တော်ဘုတ်ဖြင့် ဘူးသီးတောင်သို့ ချီတက်ခဲ့ရာ ဘီအိုင်အေတပ်စုတစ်စုသည်လည်း “ကရစ်ရှနား”သင်္ဘောဖြင့် ချီတက်လာခဲ့၏။

ငြိမ်းချမ်းရေးအတွက် စေ့စပ်ရန် ဘီအိုင်အေမှ ဖွဲ့စည်းပေးသောအဖွဲ့သည် ဘူးသီးတောင်မြို့သို့ရောက်ချိန် ဘူးသီးတောင်မြို့သည် အင်အားကြီးမားသော ကုလားတို့၏ တိုက်ခိုက်မှုကို ခံရလေ၏။ ငြိမ်းချမ်းရေးအဖွဲ့ ဘူးသီးတောင်၌ရှိနေစဉ် ဘီအိုင်အေတပ်မှ ဗိုလ်ရန်အောင်နှင့် ဗိုလ်မျိုးညွန့် ခေါ်ဆောင်သော တပ်စုတစ်စုမှာ ကားများနှင့် မောင်းတောသို့ ချီတက်ပြီး လူထုအစည်းအဝေးကျင်းပရာ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသားစည်းလုံးညီရုံးညီညွတ်ရေးကို အဓိက ထားပြီး တရားဟောခဲ့လေ၏။ တရားပွဲအပြီးတွင် ကုလားများက ထမင်းပွဲနှင့် ဧည့်ခံကာ ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် တပ်စုဗိုလ်နှစ်ဦးအပါအဝင် ဘီအိုင်အေတပ်စုတစ်စုလုံး ကျဆုံးခဲ့ရရှာလေသည်။

အစည်းအဝေးကျင်းပချိန် အခြေအနေကို သုံးသပ်မိသော ဘီအိုင်အေတပ်မှ လမ်းပြအဖြစ် ခေါ်သွားသည့် ယာဉ်မောင်းလွတ်လာသဖြင့် ဘူးသီးတောင်ရှိ တပ်ခွဲမှူး ဗိုလ်ရဲလှအား သတင်းပို့နိုင်ခဲ့လေသည်။ ထို့နောက် ဘူးသီးတောင်မှတဆင့် စစ်တွေမြို့ ဘီအိုင်အေဌာနချုပ်ရှိ ဗိုလ်ရန်အောင်အား သတင်းပို့သောအခါ ဗိုလ်ရန်အောင်သည် အခြေအနေကို စုံစမ်းရန် တပ်ခွဲနှစ်ခုနှင့် ပရိုဂရပ်သင်္ဘောဖြင့် ချီတက်လာရာ ဘူးသီတောင်မြို့နယ်မှ ကုလားများ၏ လာရောက်တိုက်ခိုက်မှုကို ခုခံခဲ့ရလေ၏။

ထိုသို့ကုလားများ လာရောက်တိုက်ခိုက်သည့် ခုခံတိုက်ခိုက်ချိန် ဘူးသီးတောင်ငွေတိုက်ရှိ လက်နက်မျိုးစုံနှင့် အစိုးရဘဏ္ဍာငွေများကို သိမ်းယူလျက် ဘီအိုင်အေတပ်ကို ရုပ်သိမ်းရန် ရန်ကုန်စစ်ရုံးမှ အမိန့်စာရရှိခဲ့လေ၏။ ဗိုလ်ရန်အောင်သည် ဇွန်လ(၂၆)နေ့တွင် ဘူးသီးတောင်မှ တပ်ကို ရုပ်သိမ်းရန် စီစဉ်ရာ မြို့ပေါ်ရှိ လူကြီးများက မြို့ကို ကာကွယ်ရေးအတွက် လက်နက်များပေးရန် (သို့မဟုတ်) မြို့သူမြို့သားများအား လုံခြုံရာ သေကံခွဆုံရွာထိ ပြောင်းရွှေ့ပေးရန် ညှိနှိုင်းတင်ပြလေ၏။ သို့ရာတွင် ဘီအိုင်အေတပ် ဆုတ်ခွာသည်ကို သိကြသော မြို့သူမြို့သားများသည် ရရာအတွင်း ပစ္စည်းများ ယူဆောင်လျက် အောင်ဇေယျသင်္ဘောနှင့် တွဲထားသော အာရ်ကန်ဖလိုတီယာကုမ္ပဏီပိုင် “မီးဝသင်္ဘော”ပေါ်သို့ အလုအယက် တက်ကြ၏။ ဤသင်္ဘောမှာ မသမာသူတို့ ဖောက်ထားသောကြောင့် လူနှင့်ပစ္စည်း တင်ဆောင်စဉ် ဝမ်းပိုက်မှ ရေဒလဟောဝင်ရောက်ပြီး ထိမ်းမနိုင်သိမ်းမရသောလူအုပ်ကြောင့် တိမ်းစောင်းစပြုလာရာ “အောင်ဇေယျ”သင်္ဘောနှင့်ချည်ထားသော ကြိုးကို ဖြတ်လိုက်သဖြင့် မီးဝသင်္ဘောမှာ တမဟုတ်ချင်း နစ်မြုတ်ခဲ့လေ၏။ ထိုသင်္ဘောနှင့်အတူ စစ်ဘေးစစ်ဒဏ်ခိုလှုံရန် ဘူးသီးတောင်မြို့နယ်မှ ပြောင်းရွှေ့လာကြသော ရခိုင်အမျိုးသား(၄၀၀)ခန့် အသက်ဆုံးရှုံးပြီး ရွှေ၊ ငွေ အမြောက်အမြား နစ်မြုပ်ဆုံးရှုံးခဲ့ရ၏။

၁၉၄၂-၄၃ ခုနှစ်တွင် မဟာမိတ်စစ်တပ်များသည် တောင်ဘဇာနှင့် ငကျဉ်တောက်ကျော်လမ်းတို့မှ ဝင်ရောက်လျှက် ဂျပန်စစ်တပ်ရှိသော ဘူးသီးတောင်မြို့ကို တိုက်ခိုက်ရာ ဂျပန်တို့ တွန်းလှန်တိုက်ခိုက်သဖြင့် မဟာမိတ်တပ်သားများ ဆုတ်ခွာသွားခဲ့ရလေသည်။ ဒုတိယအကြိမ် ဒုံးပိုက်မှ ထိုးဖောက်လာသော မဟာမိတ်တပ်သားများကို သစ်ကုတိုးပင်ရင်း စခန်းရှိ ဂျပန်တပ်မတော် ကြာလှအောင် ခေါင်းဆောင်သော မျိုးချစ်ရခိုင်တပ်က တိုက်ခိုက်သဖြင့် မဟာမိတ်တပ်များမှ အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားခဲ့ရလေသည်။ ယင်းအချိန်တွင် အင်္ဂလိပ်နှင့် ဂျပန်တို့က ဘတပြန် ကျားတပြန် အရှုံးအနိုင်မရှိဘဲ တိုက်ခိုက်နေကြစဉ် ဘူးသီးတောင်မြို့နယ်တွင် အစားအသောက်အဝတ်အထည် ကုန်းဈေးနှုန်းများ အလွန်ကြီးမြင့်ခဲ့လေသည်။ အထူးသဖြင့် အထည်အလိပ်ဈေးနှုန်းမှာ အဆပေါင်း(၆၀)၊ ဆီဈေးနှုန်းမှာ အဆပေါင်း(၅၀)၊ ကြက်သွန်ဈေးမှာ အဆပေါင်း(၁၀)နှင့် ကြက်တစ်ကောင်ကို ဂျပန်ရူပီးငွေ (၂၅ဝ)ကျပ်မှ (၃၀၀)ကျပ်အထိ ပေး၍ ဝယ်ယူစားသောက်ခဲ့ကြရလေသည်။

၁၉၄၄ ခုနှစ် ဇန်နဝါရီလလောက်တွင် မဟာမိတ်စစ်တပ်များသည် ဂူပွိကျော်လမ်းမှလည်းကောင်း၊ ဘော်လီဘဇာမှ လည်းကောင်း၊ မြင်းလွှတ်ဥဒေါင်းမှလည်းကောင်း ဘူးသီးတောင်မြို့နယ်အတွင်းသို့ တိုက်စစ်ဆင် ထိုးဖောက်ဝင်ရောက်ခဲ့ရာ ဘူးသီးတောင်မြို့ မီးရထားတောင်ခေါင်းကြီးကို မဟာမိတ်စစ်တပ်များက သိမ်းပိုက်ရရှိလိုက်ပြီး (ဟိခရိစီမန်)အဖွဲ့မှ ဗိုလ်မှူးကြီးတစ်ဦး ကျဆုံးသွားခဲ့လေသည်။ ၎င်းတပ်များနှင့် တိုက်ပွဲဖြစ်ပွားရာတွင် မှန်တောင်တိုက်ပွဲ ငကျဉ်တောက်တိုက်ပွဲ၊ ဂုပွိတိုက်ပွဲများသည် ကြီးကျယ်သော တိုက်ပွဲများဖြစ်ကြသည်။ ယင်းတိုက်ပွဲများအနက် မှန်တောင်တိုက်ပွဲသည် ရခိုင်တိုင်းတွင် နာမည်အကြီးဆုံးတိုက်ပွဲတစ်ပွဲဖြစ်သည်။ ယင်းတိုက်ပွဲတွင် ဂျပန်(၂၀၀၀)ခန့်၊ အင်္ဂလိပ်

(၅၀၀၀)ခန့် ကျဆုံးခဲ့သည်ဟု ခန့်မှန်းရလေသည်။

### (င) နယ်ချဲ့ဆန့်ကျင်ရေးလွတ်လပ်ရေးကြိုးပမ်းမှုကာလ

၁၃၀၀ ပြည့်နှစ်လောက်တွင် ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာ၌ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးတစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။ ယင်းအဖွဲ့သည် ဒို့ဗမာအစည်းအရုံးနှင့် ဆက်နွယ်လျှက် နိုင်ငံရေး အခြေအနေများကို မူတည်ကာ စည်းရုံးလှုပ်ရှားခဲ့ကြသည်။ တိုင်းလုံးဆိုင်ရာ တငိင်းရင်းသားများ အစည်းအရုံးကို သပိတ် တောင်ကျေးရွာ၌ မြို့နယ်ရုံးအဖြစ် ဖွင့်လှစ်ထားရှိပြီး နယ်ချဲ့ဗြိတိသျှအစိုးရ၏မြေယာစနစ်ကို တော်လှန်ဆန့်ကျင်ရေး၊ သီးစားခနှင့် မြေခွန်တော်ဆန့်ကျင်ရေး စသည့်လုပ်ငန်းများကို စည်းရုံးလှုပ်ရှားခဲ့ကြသည်။ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား သည် သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် နယ်ချဲ့ဗြိတိသျှအစိုးရ၏ ကျွန်ပြုအုပ်ချုပ်ရေး ယန္တယားဟူသမျှကို အခွင့်ရတိုင်း ဆန့်ကျင် တော်လှန်ခဲ့ကြသည်။ မြို့နယ်အတွင်း လှည့်လည်ပြီး ဗြိတိသျှအစိုးရ၏ ကျွန်ပြုအုပ်ချုပ်ရေးအပြုအမူများကို ရှုတ်ချခြင်း၊ လှည့်လည်ဟောပြော စည်းရုံးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဘူးသီးတောင်မြို့နယ်အတွင်း တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ လှုပ်ရှားဆောင်ရွက်နေစဉ် မြန်မာ တစ်နိုင်ငံလုံးတွင် သပိတ်တိုက်ပွဲများ ပြင်းထန်လှသောကာလပင်ဖြစ်၏။

ဘူးသီးတောင်မြို့နယ်ရှိ တောင်သူလယ်သမားစုမှာ ဗြိတိသျှနယ်ချဲ့တို့၏ လက်ပါးစေမြေရှင်တို့၏ စိုးမိုးချယ်လှယ် မှုကို အလူးအလိမ့်ခံကြရ၏။ မြေရှင်သူဌေးတို့မှာ ဂရန်မြေများ အမြောက်အများ ပိုင်ဆိုင်ကာ ဘူးသီးတောင်မြို့နယ်ရှိ လယ်ယာမြေအားလုံးကို ဂရန်မြေနှင့် သီးစားချထားသော မြေအဖြစ် ထားရှိခဲ့ကြ၏။ တောင်သူလယ်သမားများမှာ သီးစားမြေများကိုသာ ငှားရမ်းလုပ်ကိုင်ခွင့်ရကြ၏။ လယ်သမားများ၏ ဘဝနေထိုင်စားသောက်မှုအတွက် လယ်ယာမြေများ ကို အလူအယက် ငှါးရမ်းလုပ်ကိုင်ကြရာမှ လယ်ပိုင်ရှင်တို့မှ ဈေးနှုန်းတိုးမြှင့်ငှါးရမ်းခဲ့ကြ၏။ လယ်သမားများမှာ လယ်ပိုင်ရှင် များနှင့် ဂရမ်မြေပိုင်ရှင်တို့အား တစ်ဧကလျှင် သီးစားခဒေသစပါးတောင်း(၄၀)မှ (၅၀)အထိ ပေးကာ ငှါးရမ်းလုပ်ကိုင်ခဲ့ ရ၏။ ထို့ကြောင့် လယ်သမားများမှာ ကြွေးလည်ပင်ခိုက်ကာ ဆင်းရဲမွဲတေမှု၊ အဆင့်အတန်းနိမ့်ကျမှုဒဏ်ကို အလူးအလိမ့် ခံခဲ့ကြရလေသည်။

ဘူးသီးတောင်မြို့နယ်ရှိ တောင်သူလယ်သမားထု တစ်ရပ်လုံးမှာ ဂရမ်းမြေသီးစားစနစ်ဒဏ်ကို မခံနိုင်သည့်အဆုံး ၌ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ ဦးဆောင်၍ ဂရမ်မြေသီးစားစနစ် တိုက်ဖျက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ ကြ၏။

၁၉၃၉-၄၀ ခုနှစ်ခန့်တွင် ဘူးသီးတောင်မြို့နယ် စံဂိုးထောင်ရွာသား ဦးဖြူလှအောင်အား ဂရမ်မြေသီးစား တော်လှန်ရေး လှုပ်ရှားမှုကြောင့် နယ်ချဲ့ဗြိတိသျှအစိုးရက ဖမ်းဆီးကာ ထောင်ဒဏ်(၉)လ ချမှတ်ခဲ့လေသည်။

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမြို့နယ်ဥက္ကဋ္ဌ ဦးစံထွန်းအောင် ခေါင်းဆောင်၍ ဦးဦးသာဇံ (သပိတ်ဟောင်း)၊ ဦးမောင်သာဖြူ စသောမြို့နယ်အမှုဆောင်များက စံဂိုးထောင် ဂရမ်မြေတိုက်ပွဲကို ကျင်းပခဲ့ကြ၏။ ဂရမ်မြေမန်နေဂျာကို မနေနိုင်အောင် ဆန့်ကျင်ကြ၏။

ဗိုလ်အောင်ကျော်နှင့် အာဇာနည်(၁၇)ဦး ကျဆုံးမှုနှင့် ပတ်သက်၍ ဘူးသီးတောင်မြို့နယ်တွင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ ဦးဆောင်ကာ အစိုးရအား ရှုတ်ချပွဲများ မြို့ပေါ်၌ ပြောင်ပြောင်တင်းတင်း ကျင်းပခဲ့ကြ၏။

၁၉၃၉-ခုနှစ်တွင် ဗြိတိသျှအစိုးရက ရခိုင်တိုင်း စိုက်ပျိုးရေးညီလာခံဟု အမည်ပေးထားသော ညီလာခံကြီးတစ်ရပ် ကို ရခိုင်တစ်တိုင်းလုံးမှ ကိုယ်စားလှယ်များနှင့် ကျင်းပလေရာ ညီလာခံသဘာပတိအဖြစ် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား များ အစည်းအရုံး ဘူးသီးတောင်မြို့နယ် ဥက္ကဋ္ဌ ဦးစံထွန်းအောင် ဆောင်ရွက်ခဲ့လေ၏။ သဘာပတိနိဂုံးချုပ် မိန့်ခွန်းတွင် ဗြိတိသျှအုပ်ချုပ်ရေး ပေါ်လစီကို ရှုတ်ချခြင်းနှင့် တောင်သူလယ်သမားတို့၏ ဆင်းရဲတွင်းနက်နဲနေခြင်း၊ ကျန်းမာရေး၊ ပညာရေးတို့၌ အခြားနိုင်ငံများထက် နိမ့်ကျနေခြင်းများကို ထောက်ပြခဲ့ရာ ညီလာခံတက်ရောက်သူ လူထုပရိသတ် သောင်းသောင်းဖျဖျ ထောက်ခံအားပေးမှုကို ရရှိခဲ့လေသည်။ ဗြိတိသျှတို့အား တော်လှန်လိုစိတ် ပိုမိုပြင်းပြလာကာ အစည်းအရုံး၏အင်အား တိုးတက်လာခဲ့သည်။

၁၉၄၂-ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း ဦးစီထွန်းအောင်၊ ရှေ့နေဦးမောင်ညို၊ ကုန်သည် ဦးလှမောင်သာတို့အား မြန်မာ့ကာကွယ်ရေးအက်ဥပဒေပုဒ်မ(၂၆)ဖြင့် ဖမ်းဆီး၍ အိန္ဒိယပြည်သို့ ပို့ဆောင်ခဲ့လေ၏။

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးအဖွဲ့ဝင်တို့မှာ သီးစားနှုန်းထား ပြင်ဆင်ရေးကို ကန့်ကွက်ခြင်း၊

ခရိုင်ဝန်ရှိရာအရာရှိရိပ်သာအား ဝိုင်းဝန်းအော်ဟစ်ဆန္ဒပြခြင်းတို့ ပြုလုပ်ခဲ့ကြလေ၏။

၁၉၄၅- ခုနှစ်တွင် ဦးစံထွန်းအောင်နှင့် ဦးလှမောင်သာတို့အား ဗြိတိသျှအစိုးရက ပြန်လွှတ်ခဲ့လေ၏။ ဦးမောင်ညိုမှာ ဒိန္နာချဲပူရ်အကျဉ်းထောင်၌ ကွယ်လွန်ခဲ့လေသည်။ ဦးစံထွန်းအောင်မှာ ထောင်မှလွတ်ပြီးနောက် (ဖဆပလ)အဖွဲ့ ပြည်သူ့ရဲဘော်အဖွဲ့တို့တွင် ဆက်လက်ပါဝင်ခဲ့လေသည်။

**<u>ကိုးကားချက်များ</u>**

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဘူးသီးတောင်မြို့နယ်ပါတီယူနစ်တွင် ၂၉-၁-၁၉၇၁ ခုနှစ် မျက်နှာစုံညီ အစည်းအဝေးသို့ တင်သွင်းသည့် စည်းရုံးရေးအစီရင်ခံစာ

၂။ ဦးစံထွန်းအောင်၊ ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်

## (၈) စစ်ပြီးခေတ်

ဒုတိယကမ္ဘာစစ်အတွင်း အန္ဒိယနိုင်ငံ ဆင်းမလားမြို့တွင် စစ်ဘေးဒဏ်ကြောင့် တိမ်းရှောင်နေခဲ့ကြသော ဗြိတိသျှအစိုးရမှာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာကာ အုပ်ချုပ်ရေးယန္တယားများကို ပြန်လည်ဆောင်ရွက်ခဲ့ပြန်၏။ သို့ရာတွင် နိုင်ငံရေးနိုးကြားမှု အရှိန်အဟုန်မြင့်မားတိုးတက်လာသော မြန်မာတိုင်းရင်းသားတို့၏ ကြိုးပမ်းမှုကြောင့် အုပ်ချုပ်ရေးကို ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိခဲ့လေ၏။

ထိုကာလအတွင်း ဘူးသီးတောင်မြို့နယ်တွင် ကုလား-ရခိုင်အဓိကရုဏ်းမှတဆက်တည်း တည်ရှိခဲ့သော လက်နက်ကိုင် ကုလားဆိုးများသည် နည်းမျိုးစုံဖြင့် နှောက်ယှက်ဖျက်စီးမှုများ ပြုလုပ်ခဲ့ကြ၏။

၁၉၄၇ ခုနှစ် ကုန်ခါနီးလောက်တွင် စေတီတောင် ကျေးရွာမှ သူကြီးဟောင်းဆူလ်တင်၏ညီ မဟာမိတ်က ဦးဆောင်၍ မူဆလင်လူငယ်များကို လျှို့ဝှက်စွာ စည်းရုံးပြီး မူဂျာဟစ်ပါတီကို ဖွဲ့စည်းကာ လက်နက်များကို လျှို့ဝှက်ထားရှိလေသည်။ ယင်းအချိန်တွင် ဖက်လိပ်ရွာသား ထွန်းအောင်ဖြူသည် ဂျပန်ခေတ်က ရရှိထားသော လက်နက်အချို့နှင့် စံဂိုးထောင်၊ ကွန်ဒိုင်၊ စပါးထားနှင့် အောင်ဇေယျ စသောကျေးရွာများတွင် ရခိုင်အမျိုးသားတို့အား ကာကွယ်လျက်ရှိနေစဉ် မူဂျာဟစ်ပါတီကို ဖွဲ့စည်းနေသော မဟာမိတ်တို့က ဦးထွန်းအောင်ဖြူအား ဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့လေသည်။ ယင်းအစည်းအဝေးကို ဒပြုချောင်းကျေးရွာတွင် စခန်းချ၍ ကျယ်ပြန့်သော လူထုအစည်းအဝေးအဖြစ် ပြုလုပ်ကာ လူအင်အားရရှိရေး၊ ရံပုံငွေရရှိရေး၊ အဖွဲ့၏အလံနှင့် အမည်တပ်ဆင်ရေး၊ ခေါင်းဆောင်များ ရွေးကောက်တင်မြှောက်ရေး စသော အချက်အလက်များကို ဆွေးနွေးဆုံးဖြတ်ကြပြီး အဖွဲ့၏အမည်ကို မူဂျာဟစ်ပါတီဟု ခေါ်တွင်ရန် ဆုံးဖြတ်ခဲ့လေသည်။ ဖက်လိပ်ထွန်းအောင်ဖြူအား အဖွဲ့၏နာယကအဖြစ် တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရမည်ဟူသော သတင်းပြန့်နှံ့လာသောအခါ ဘင်္ဂလီများသည် အချင်းချင်းပူးပေါင်း၍ ပိုမိုလှုပ်ရှားမှုပြုခဲ့ကြ၏။ သူတို့သည် ဗြိတိသျှတို့၏ သွေးထိုးပေးခဲ့သော သီးခြားမူဆလင်ပြည်နယ်ရရှိရန်ဟူသော မျှော်လင့်ချက်မပြည့်မီ မြန်မာနိုင်ငံ လွတ်လပ်ရေးရမည်ဖြစ်ရာ အားထားမှီခိုရမည့်သူ ကင်းမဲ့တော့မည်ဟု ယူဆကြ၍ အထူးစိုးရိမ်ခဲ့ကြသည်။

ထိုသို့ဖြစ်နေချိန် ၁၉၄၇ ခုနှစ် မေလပထမအပတ်အတွင်း ဘောင်းဘီအင်္ကျီနက်ဆင်တူဝတ်ထားသော ဘင်္ဂလီကုလားလူငယ်များသည် ခွဆုံရဲကင်းရှေ့၌ စီတန်းကာ "ပါကစ္စတန်ဇိန္ဒါဘတ်"ဟူသော ကြွေးကြော်သံဖြင့် လမ်းလျှောက်ဆန္ဒပြခဲ့ကြပြန်၏။ ထိုဆန္ဒပြပွဲတွင် မူဂျာဟစ်ကာဆင်းဂိုဏ်းမှ လက်ထောက်ဗိုလ် မူစတာဘီ၊ ခွဆုံရွာသား အာမီဟင်းဇား၏သား အဘူလ်ဟူဆောင်းနှင့် မူဘရက်အာလီ၏သား ကာလာတို့က ခေါင်းဆောင်ကြ၏။ ထိုဆန္ဒပြလှုပ်ရှားမှုကို ရဲကင်းစခန်းမှူး ဦးရွှေဖြူက တားမြစ်ခဲ့သော်လည်း အရေးမမူဘဲ ကြွေးကြော်မြဲ ကြွေးကြော်ခဲ့ကြလေ၏။ ထို့နောက် စေတီတောင်၊ ခွဆုံ၊ ဖုံညိုလိပ် စသော ကျေးရွာများ၌ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်လာကြ၏။

၁၉၄၇ ခုနှစ် မေလ(၃)ရက်နေ့တွင် ရခိုင်တိုင်း ဖဆပလညီလာခံကို ရသေ့တောင်မြို့နယ်တွင် ကျင်းပကြသည်။ ထိုညီလာခံကို ပျက်စေရန် ရသေ့တောင်မြို့နယ် မြောက်ပိုင်းမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်များအား ညီလာခံမတက်ရန်နှင့် ညီလာခံတက်သူကို အပြန်တွင် ငါးပူတင်းစာကျွေးပစ်မည်ဟု ဗိုလ်ဘိုးလှ (ဘိုးထွန်းသိန်း)ဆိုသူက ခြိမ်းခြောက်ခဲ့လေသည်။ ထို့ပြင် ရသေ့တောင်မြို့အနီးသို့လာ၍ မြို့တွင်းသို့အမြောက်နှင့် ပစ်လေသည်။

ဤသည်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာတော်ဦးစိန္တာတို့၏ သဘောထားကွဲလွဲမှု ဂရက်ပင်တည်း။ ဗိုလ်ဘိုးလှသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးစိန္တာတို့ ဆွေးနွေးပွဲ၌ ဝင်ရောက်ပါဝင်ဝေဖန်သူ ဗိုလ်အောင်လင်း၏ ယူဆချက်သာ မှန်သည်ဟု ယူဆ၍ ဖဆပလကို ဆန့်ကျင်လို၏။ ထိုအချိန်က ဗိုလ်ဘိုးလှမှာ ဘူးသီးတောင်မြို့နယ် စစ်ခေါင်းဆောင် ဦးစံထွန်းအောင်၏ လက်အောက်တွင် ရှိနေသေးလေ၏။ ထိုညီလာခံကို ဦးစံထွန်းအောင်ကိုယ်တိုင် တက်ရောက်လေရာ ၎င်းကိုပါ ဆန့်ကျင်ပြီး တပ်ဆွဲထွက်သွား၏။

သို့ရာတွင် ပြည်သူ့ရဲဘော်တပ်မှ တရားဝင် နှုတ်ထွက်သွားသည်ကား မဟုတ်သေးချေ။ ထိုစဉ်ဆန့်ကျင်လှုပ်ရှားစပြုလာသော ဘင်္ဂလီကုလားများကို အားကိုးခဲ့ဟန် တူပေသည်။ မြို့နယ် စစ်ခေါင်းဆောင် ဦးစံထွန်းအောင်သည် သူ၏တပ်ကို ပြန်လည်ရုတ်သိမ်း၍ ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်အရ ပြန်ဝင်ရန်ကြိုးစားမည်ဟု ၁၉၄၇ ခုနှစ် မေလ(၆)ရက်နေ့ ညီလာခံမှတဆင့် မေလ(၈)ရက်နေ့တွင် ခွဆုံကျေးရွာသို့ ထွက်ခွာခဲ့လေသည်။ ခွဆုံမှနေ၍ ဆွေးနွေးရန် ဗိုလ်ဘိုးလှအား ဖိတ်ကြားခဲ့လေ၏။ ထိုနေ့မှာပင် ဗိုလ်ဘိုးလှနှင့် နောက်လိုက်အနည်းငယ်သည် ခွဆုံကျေးရွာသို့ ရောက်လာလေ၏။

ထိုစဉ်က မြို့နယ်စစ်ခေါင်း ဦးစံထွန်းအောင်မှာ ပြည်သူ့ရဲဘော် မြို့နယ်စစ်ခေါင်းဆောင်သာမက ရခိုင်တိုင်း ဖဆပလစစ်ခေါင်းဆောင်လည်း ဖြစ်လေသည်။ သူသည် မိမိတပ်ရှိ လက်အောက်ခံ တပ်ခေါင်းဆောင်များနှင့် အပြန်အလှန် ဆွေးနွေးပြီး ပြည်သူ့ရဲဘော်တပ်သို့ ပြန်ဝင်၍ တပ်ကို ရုပ်သိမ်းရန် သဘောတူညီမှု ရခဲ့လေ၏။

ဗိုလ်ဘိုးလှ၏ တပ်များ ဝင်ရောက်လာမှုကို ခရိုင်ဝန်က လက်ခံယူသွားလေ၏။ သို့ရာတွင် ဗိုလ်ဘိုးလှတပ်မှာ နယ်သို့ဝင်၍ လှုပ်ရှားမှုမရှိ၊ ကျောက်တော်မြို့နယ်သို့ ဝင်သွားသော်လည်း စိတ်မချနိုင်၊ မြို့နယ်တွင် လှုပ်ရှားနေသော ကုလားဆိုးအဖွဲ့နှင့် ပူးပေါင်းသွားပါက အခြေအနေပိုမိုဆိုးလာနိုင်၍ ခြေမြန်တပ်သားများနှင့် အမြန်ခေါ်ခဲ့ရ၏။ ထို့နောက် ၁၉၄၇ ခုနှစ် စက်တင်ဘာ(၁)ရက်နေ့တွင် ဦးစံထွန်းအောင်သည် လက်နက်အပြည့်အစုံဖြင့် ခွဆုံရွာသို့ အလင်းဝင်ရောက်လာခဲ့၏။

မူဆလင်နိုင်ငံရေးလှုပ်ရှားသူတို့မှာ ဦးထွန်းအာင်ဖြူကို ချဉ်းကပ်၍ မူဂျာဟစ်တပ်၏ ဗိုလ်ချုပ်အဖြစ် တင်မြှောက်ကြသည်။ ငွေအင်အား၊ လူအင်အား လက်နက်အင်အားဖြင့် တော်လှန်၍ ပါကစ္စတန်နှင့် ပူးပေါင်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခြင်းဖြစ်လေ၏။ ၎င်းအဖွဲ့သည် ဘူးသီးတောင်မြို့နယ်တစ်ခုလုံးသို့ အနှံ့အပြား စည်းရုံးခဲ့ရာ လူကုံထံ သားသမီးများစွာတို့သည် မူဂျာဟစ်တပ်သို့ ဝင်ရောက်လာကြ၏။ အစိုးရအမှုထမ်းထဲမှ စာရေး ရောရှိတ်၏လှုပ်ရှားမှုကို မသင်္ကာ၍ စစ်တွေသို့ အလုပ်ပြောင်းခဲ့ရာ ရော်ရှိတ်မှာ အလုပ်မှနှုတ်ထွက်ပြီး မူဂျာဟစ်တပ်သို့ ဝင်သွားလေသည်၊

မူဂျာဟစ်စည်းရုံးရေးမှာ တစတစ အင်အားတောင့်တင်းလာရာ မောင်တောမြို့နယ် အလယ်သံကျော်ရွာနေ "ဂျာမေသတ္တာအူလေအသင်း"အတွင်းရေးမှူး ဒူဒူမျာသည် လက်နက်ကိုင်အင်အား (၃၀၀)ခန့်ဖြစ်လာ၏။ ထို့နောက် မူဂျာဟစ်တပ်ဖွဲ့တွင် ဝင်ရောက်ပူးပေါင်းလာလေသည်။ မူဂျာဟစ်တပ်ဖွဲ့တွင် လက်နက်ကိုင်အင်အား (၂၇၀၀)ခန့်ထိ တိုးပွားလာခဲ့ရာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့အား သိမ်းထားရန် စီစဉ်ခဲ့ကြလေ၏။

ထိုအခြေအနေများ ဖြစ်ပေါ်နေချိန်တွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့၌ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ လေသည်။

## (ဆ) ပါလီမန်ခေတ်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့ရာ နိုင်ငံတော်အား (ဖဆပလ) အဖွဲ့က အုပ်ချုပ်ခဲ့၏။ ဘူးသီးတောင်မြို့နယ်တွင် (ဖဆပလ)ဥက္ကဋ္ဌအဖြစ် ဦးစံထွန်းအောင်က ဆောင်ရွက်ခဲ့ရ၏။ ပါလီမန် ဒီမိုကရေစီ ရွေးကောက်ပွဲ၌ ဘူးသီးတောင်မြို့နယ်၊ ဖုံညိုလိပ်ရွာသား မူဆလင်ကုလားလူမျိုး မစ္စတာဘော်ရှောက ပါလီမန် အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ (ဗတလစ)အတွင်းရေးမှူး ဦးမောင်စိန်ဖြူ ဖြစ်သည်။ ထိုသို့ (ဖဆပလ)အင်အား တောင့်တင်းနေချိန် ၁၉၅၅-၅၆ခုနှစ်တွင် ဘူးသီးတောင်မြို့ပေါ်၌ (ရတနည)အဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့လေသည်။ (ရတည) ဥက္ကဋ္ဌအဖြစ် ဦးမောင်ဖြူက ဆောင်ရွက်ခဲ့သည်။ (ရတည)အဖွဲ့မှာ ရခိုင်ပြည်နယ်ရရှိရေးကို အကြောင်းပြု၍ စည်းရုံးလှုပ်ရှားခဲ့လေ၏။

လွတ်လပ်ရေးမရမီကပင် ဖွဲ့စည်းလှုပ်ရှားခဲ့ကြသော မူဂျာဟစ်အဖွဲ့သည် လွတ်လပ်ရေးရပြီးနောက် တစတစ အင်အားတောင့်တင်းလာခဲ့၏။ ၁၉၄၈-ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် ဘူးသီးတောင်နှင့် (၃)မိုင်ခန့်ကွာဝေးသော ဆင်အိုးပြင်ရွာတွင် စတင်၍ မူဂျာဟစ်စခန်း ချလေသည်။ ထိုမှတရွေ့ရွေ့ အရှေ့တောင်နှင့် အနောက်တောင်သို့တပ်များ ဖြန့်ကာ ဘူးသီးတောင်မြို့ကို တဖြည်းဖြည်း ဝိုင်းထား၏။ ထို့နောက် "ပါကစ္စတန်ဇိန္ဒဘတ်"ဟူသော ကြွေးကြော်သံကို မပြတ်တန်း အော်ဟစ်ကြ၏။ အဓိပ္ပါယ်မှာ "ပါကစ္စတန်အခွန့်ရှည်ပါစေ"ဟူ၍ ဖြစ်သည်။ ဘူးသီးတောင်မြို့၏မြောက်ဘက် တည်တည့် ဆင်အိုးပြင်ရွာအနောက်တောင်ဘက် တပ်မင်းချောင်းရွာ အရှေ့ဘက် ကျောက်ရစ်၊ မောင်နှမ ပုလဲတောင်တို့မှ မြို့ထဲသို့ ပစ်ခတ်ကြသည်။ ထိုမှတဖန် ထွန်တိုင်၊ ရွက်ညိုတောင်၊ သိန်တောင်တို့ကို တရွေ့ရွေ့ဆင်းဝိုင်းလာပြီး ကွန်တိုင်ဖက် မှလည်းကောင်း၊ အခြားကျေးရွာများဖက်မှလည်းကောင်း သေနတ်ဖြင့် မြို့တွင်းသို့ ပစ်ခတ်ကြ၏။

ထို့ကြောင့် ၁၉၄၈-ခုနှစ် အောက်တိုဘာလ(၂၆)ရက်နေ့ ဗိုလ်ကြီးလှမောင်ကိုယ်တိုင် တပ်အကူအညီတောင်းရန် စစ်တွေသို့ ထွက်ခွာ၏။ ၎င်းပြန်လာသောအချိန်၌ သင်္ဘောမှာ သိမ်တောင်ရွာမှ အထက်သို့မတက်နိုင်တော့သဖြင့် ပြန်ဆုတ်ကာ ရသေ့တောင်တွင် ညအိပ်ရလေ၏။ ကုလားပန်းဇင်မြစ်ကို ပိတ်ဆို့ထားလိုက်ကြလေ၏။ မြို့သူမြို့သားများမှာ မြို့ပြင်သို့ လုံးဝမထွက်နိုင်ကြချေ။ စားသောက်ရန်ပင် ဆန်အခက်အခဲနှင့် ကြုံလာရ၏။ အရောင်းအဝယ်အားလုံး ရပ်စဲ သွား၏။ ထိုအချိန်တွင် ဥက္ကဋ္ဌ ဦးစံထွန်းအောင်က ၎င်းပိုင်ကျီမှဆန်ကို ဝေငှပေး၍ တနေ့တာစားသောက်ကြရသည်။

ဆန်ရရှိရေးအတွက် သူကိုယ်တိုင် အသက်စွန့်ကာ ကုလားရွာများကို သွားရောက်အလျှခံခဲ့ရ၏။ ၎င်းအား ကူညီသူ(၂)ဦးမှာ ဗိုလ်စိန်ဦးနှင့် ဗိုလ်ကံစိုးတို့ဖြစ်ကြသည်။ ၎င်းတို့မှာ ဦးစံထွန်းအောင် အုပ်ချုပ်သော ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များလည်း ဖြစ်ကြသည်။

ဤသို့ဇတ်မွတ်ကာ အသက်အန္တရာယ်ကို တစ်မြို့လုံး စိုးရိမ်နေရချိန်၌ မြို့ပိုင်၊ ရဲမှူး၊ ဦးစံထွန်းအောင်တို့က မောင်တောတပ်ဖွဲ့သို့ စာရေးဆက်သွယ်အကူအညီတောင်းခံ ခဲ့ရ၏။ ဘူးသီတောင်မြို့နယ်နှင့် မောင်တောမြို့နယ်ကို တပ်မတော်၊ တပ်ရင်း(၅)မှ တာဝန်ယူ၍ ကာကွယ်စောင့်ရှောက် နေခဲ့ကြရ၏။ ဘူးသီးတောင်ရှိ အုပ်ချုပ်ရေးအာဏာပိုင်များ လက်နက်ခဲယမ်းကုန်ခမ်းလုနီးချိန်တွင် လက်ဝဲဒက်ပုဇွန်ချောင်းရွာမှ ဆက်သားတစ်ဦးဖြစ်သူ ဦးရော်ဇော်အာလီ၏ အကူအညီကြောင့် မောင်တောမှ စစ်ကူခေါ်နိုင်ခဲ့ကြ၏။ ထိုအခါမှသာ ကျဆုံးလုဆဲဆဲ ဘူးသီးတောင်မြို့နှင့် မြို့သူမြို့သားတို့၏ အသက်လုံခြုံရေးကို ကာကွယ်နိုင်လေ၏။

ထို့နောက် (ယူအမ်ပီ)ခေါ် တပ်ရင်း(၂၀)မှ တစ်စုတစ်စု ရောက်လာပြီး မူဂျာဟစ်သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက်ခဲ့လေ၏။

မူဂျာဟစ်သောင်းကျန်းမှုမှာ အခိုက်အတန့်အားဖြင့် ငြိမ်သက်ခဲ့ကြသော်လည်း မကြာမီမှာပင် ကျေးရွာလူထုအား မိုက်ကြေးခွဲ၍ ပြန်ပေးဆွဲခြင်း၊ ဗုဒ္ဓဘာသာဘုရားကျောင်းကန်များ၊ ရဟန်းသံဃာများကို မြေလှန်စနစ်ဖြင့် ဖျက်ဆီးခြင်း၊ ႏှင်ထုတ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ရခိုင်အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်း၊ ရခိုင်ကျေးရွာများကို ဖျက်ဆီးခြင်း စသည်ဖြင့် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြန်လေ၏။

မူဂျာဟစ်အဖွဲ့တွင် ကာဆိမ်းဆိုသူမှာ နာမည်ကြီးလာသည်။ ကာဆိမ်းသည် ဘူးသီးတောင်မြို့နယ်၊ သိမ်တောင် ကုလားရွာ(သပြေတော)ရွာဇာတိဖြစ်၏။ မူဂျာဟစ်ပါတီထဲသို့ မဝင်ရောက်မီ တဖက်လိပ်ရွာနေ ဦးကျော်မြနှင့် ဦးငမဲချေတို့ထံတွင် သူရင်းငှါးအဖြစ် လုပ်ကိုင်ခဲ့ဘူး၏။ ထို့နောက် ပင်လယ်ဓားပြမှုဖြင့် ထောင်ကျခဲ့လေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ကာဆိမ်းထောင်မှ လွတ်လာ၏။ ထို့နောက် ဆရာတော်ဦးစိန္တာတပ်ျမှ သေနတ်(၃)လက် ခိုးယူကာ ဘူးသီးတောင်မြို့နယ်သို့ ဝင်ရောက်လာ၏။ လက်နက်အားကိုးဖြင့် ငွေကြေးကောက်ခံခြင်း၊ လက်နက်ဝယ်ယူခြင်း၊ တပည့်စုဆောင်းခြင်းတို့ လုပ်ခဲ့၏။ လူအင်အားနှင့် လက်နက်အင်အားစုဆောင်းမိသောအခါ ဇာခေါ်ကဝါလ်ထံသို့ ဝင်ရောက်ကာ မူဂျာဟစ်ပါတီ၌ ပါဝင်လှုပ်ရှား၏။

တစ်ချိန်တည်းတွင်ပင် ဘူးသီးတောင်မြို့နယ်တောင်ပိုင်း၌ ရခိုင်အမျိုးသား အောင်ထွန်းစိန်ဆိုသူမှာ နောက်ပါတပည့်များနှင့် လက်နက်ကိုင်လှုပ်ရှားလျက်ရှိနေ၏။ ကာဆိမ်း၏လှုပ်ရှားမှုကို ဖြိုခွဲရန် စီစဉ်လျက်ရှိ၏။ မူဂျာဟစ်ပါတီမှ ဗိုလ်ချုပ်အဖြစ် တင်မြှောက်ထားသူ ဖက်လိပ်ရွာသား ထွန်းအောင်ဖြူအား ၎င်း၏အစီအစဉ်ကို လျှို့ဝှက်ညှိနှိုင်းရာမှ သဘောထားကွဲလွဲပြီး ထွန်းအောင်ဖြူအား ဖမ်းဆီးချည်နှောင်ထားခဲ့သည်။ ထွန်းအောင်ဖြူမှာ ထွက်ပြေးလွတ်မြောက်သွားရာ ကာဆိမ်းအား အောင်ထွန်းစိန်က သုတ်သင်ရန် ၎င်းနှင့်ညှိနှိုင်းဆွေးနွေးမှုကို ကာဆိမ်းထံသို့ သတင်းပို့ခဲ့၏။

ထို့နောက် ကာဆိမ်းက အောင်ထွန်းစိန်နှင့် တပည့်များအား ညှိနှိုင်းဆွေးနွေးရန် ဖိတ်ခေါ် ၏။ အောင်ထွန်းစိန်မှာ ထွန်းအောင်ဖြူ၏ သစ္စာဖောက်ထားရှိမှုကို မသိဘဲ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ ထမင်းဖိတ်ကျွေးစဉ် ဖမ်းဆီးရပြီး အောင်ထွန်းစိန်နှင့် နောက်ပါအဖွဲ့ဝင် (၃၀)ဦးတို့အား ပေါက်တောအတွင်းပြင် ရခိုင်ရွာတောင်ဘက်၊ ဆတ်ခတ်တောင်တန်းတွင် ခေါင်းဖြတ်သတ်လိုက်၏။

ထို့ပြင် ကာဆိမ်းသည် ယောက်ဖတော်သူ မူဂျာဟစ်ဗိုလ် ဒူဒူများနှင့် ပူးပေါင်းခဲ့ပြန်၏။ ဒူဒူများအား ကာဆိမ်းက ကိုယ်တိုင်သတ်ပြီး သူ့တပ်တွင်ရှိသောလက်နက် (၂၆)လက်ကို သိမ်းယူခဲ့ပြန်၏။ ကာဆိမ်းသည် ဟာဘီဆိုသူနှင့် ပေါင်းခဲ့လေသည်။ ဟာဘီသည် ကာဆိမ်းအား ယုံကြည်စိတ်ချမှုမရှိ၍ သူ့ခြေလှမ်းကို စောင့်ကြည့်နေစဉ် ဟာဘီ၏နောက်လိုက်များကို ခေါ်ယူကာည ခွဲထွက်ပြန်၏။ ဤသို့ဖြင့် အဖွဲ့(၃)ဖွဲ့မှ ရရှိသော လက်နက်၊ ကောက်ခံရရှိသော ငွေကြေးတို့ကို အသုံးချ၍ ကာဆိမ်းအဖွဲ့သည် မူဂျာဟစ်အဖွဲ့တွင် အင်အားအတောင့်တင်းဆုံး ဖြစ်လာလေသည်။ ၎င်းသည် ဇာဖော်ရ်ကဝါလ်ဦးစီးသော မူဂျာဟစ်အဖွဲ့အား အန်တုလာလေတော့သည်။ ဇာဖောရ်ကဝါလ်သေဆုံးပြီးနောက် ဗိုလ်ရော်ရှိမ်းအုပ်ချုပ်သောအခါ ရောရှိမ်းကို စိမ်ခေါ်လာသဖြင့် မူဂျာဟစ်အဖွဲ့အား ကူညီအားပေးသူတို့မှာလည်း မည်သူ့ကို ကူညီရမှန်းမသိ ဖြစ်လာကာ ပြဿနာဖြစ်လာခဲ့လေတော့သည်။

သို့ဖြစ်၍ ကာဆိမ်းနှင့် ရော်ရှိမ်းတို့နှစ်ဦးတွင် တဦးဦးသေမှ မူဂျာဟစ်အဖွဲ့ကို ပေါင်းစည်းနိုင်မည်ဖြစ်ရာ အချင်းချင်း တိုက်ခိုက်ရန် စီစဉ်ခဲ့ကြလေ၏။ ကာဆိမ်းဂိုဏ်းမှ အင်အားတောင့်တင်းလာပြီး ရော်ရှိမ်းဂိုဏ်းမှအင်အားနည်း

ပါးလာ၏။ ထို့ကြောင့် ကာဆိမ်းဂိုဏ်းမှ တိုက်ခိုက်လာရာ တပ်ပြုတ်သွားမည် မြင်သိလာ၍ ဘူးသီးတောင်မြို့နယ်ရှိ သူဆွေမျိုးများနှင့် နီးစပ်ရာ ဖုံညိုလိပ်ကျေးရွာပတ်ဝန်းကျင်၌ နေထိုင်ရင်း ရော်ရှိမ်းသည် အင်အားဖြည့်တင်းရန် ကြိုးစားလေတော့သည်။

ကာဆိမ်းသည် နိုင်ငံရေးကို အရောင်ပြ၍ ရွာတစ်ရွာမှ ငွေလေးထောင်ကျပ်မှ တစ်သောင်းထိ တောင်းခံသည်။ ငွေမရလျှင် လူကိုဖမ်း၍ အကျဉ်းထားကာ အစာငတ်ထားသည်။ ကာဆိမ်း၌ မယား(၉)ယောက်ထိ ယူထားသည်။ သူ၏မတရားသဖြင့် ကောက်ခံထားသော ငွေကြေးများဖြင့် အင်အားကို တိုးချဲ့ထား၏။ ရော်ရှိမ်းမှာ ဇာဖောရ်ကဝါလ်အား လုပ်ကြံနိုင်၍ မူဂျာဟစ်ခေါင်းဆောင် ဖြစ်လာသော်လည်း ကာဆိမ်း၏ရန်ကို အမြဲစိုးရိမ်နေရလေ၏။ မူဂျာဟစ်(၂)ဖွဲ့အနက် ဘယ်အဖွဲ့တွင် ပါဝင်ရမည်ဟူသော ပြဿနာမှာ မူဆလင်ကုလားအများအပြားဖြစ်လာ၏၊ ကာဆိမ်းသည် လက်နက်အားကိုးဖြင့် မူဆလင်မော်လဝီဆရာများ၏ သမီးပျိုများကိုပါ ဖျက်ဆီးလာ၏။ ထို့ကြောင့် မူဆလင်ကုလားများက ကာဆိမ်းအပေါ် မကြေမနပ်ဖြစ်လာလေတော့သည်။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ မြို့နယ် (ဖဆပလ)ဥက္ကဋ္ဌ ဦးစံထွန်းအောင်က မူဆလင်လူကြီးများ၊ မော်လဝီဆရာကြီးများကို ဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ် ကျင်းပကာ ကာဆိမ်းအား လူထုအင်အားဖြင့် နှိမ်နင်းရန် တင်ပြခဲ့၏။ လူထုကလည်း ကာဆိမ်းအားတိုက်မည်၊ သတ်မည်ဟုဟစ်အော်ကာ ထောက်ခံကြ၏။ စက်တင်ဘာ (၃၀)ရက်နေ့တွင် လူထုက ကာဆိမ်းဂိုဏ်းကို အပြတ်နှိမ်နင်းရန် အဖွဲ့တစ်ဖွဲ့ဖွဲ့၍ ငွေအား၊ လူအား လက်နက်အင်အား စုဆောင်းရန် ဆုံးဖြတ်ခဲ့ကြ၏။

အဖွဲ့တွင် အုပ်ချုပ်ရေးအဖွဲ့နှင့် တိုက်ခိုက်ရေးအဖွဲ့ပါဝင်၏။ ထိုတပ်ဖွဲ့ကို ငြိမ်းချမ်းရေးကော်မတီဟုခေါ်သော အုပ်ချုပ်ရေးအဖွဲ့မှ အုပ်ချုပ်၍ ငွေကြေးလက်နက်ခဲယမ်းများ ရှာဖွေပေးရန်ဖြစ်၏။

ထိုအဖွဲ့၏အစည်းအဝေးတွင် ရဲဌာနအုပ် ဦးမူဟာယမတ်ကိုယ်တိုင် တက်ရောက်အားပေး၍ ခရိုင်ရဲဝန် ဦးခင်မောင်ကိုလည်း အသိပေးထား၏။ ငြိမ်းချမ်းရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ကြ၏။

| | | | |
|---|---|---|---|
| ၁။ | ဦးစံထွန်းအောင် | (ဖဆပလ၊ ဥက္ကဋ္ဌ) | ဥက္ကဋ္ဌ |
| ၂။ | ဦးအဒူဆလင် | မြို့သူကြီး | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးအဘူဘာဆေးရ် | | အတွင်းရေးမှူး |
| ၄။ | ဦးအဒူကာဒေရ် | | တွဲဘက်အတွင်းရေးမှူး |
| ၅။ | ဦးအဒူမာတလောက် | | ငွေထိန်း |
| ၆။ | ဦးနောဇီအာမောက် | (သူကြီး၊ ဝရက္ခကျွန်း) | ကော်မတီ |
| ၇။ | ဦးနီထွန်းအောင်(သူကြီး) | (င/ဖြူရွာ) | ကော်မတီ |
| ၈။ | ဦးရွှေလှ | | ။ |
| ၉။ | ဦးနော်ဆာတာလီ | | ။ |
| ၁၀။ | ဦးအဒူဟာမိတ် (သူကြီး၊ ညောင်ချောင်း) | | ။ |
| ၁၁။ | ဦးအဒူဟာမိတ် (သူကြီး၊ စိမ်းညင်းပြား) | | ။ |
| ၁၂။ | ဦးမာမက်ဆွေယော့ | | ။ |
| ၁၃။ | ဦးတာဖီဇာမာ | | ။ |

ကော်မတီအားလုံးသည် မိမိတို့၏ ဘာသာရေးအရ အထွဋ်အမြတ်ထားရာ ဘုန်းတော်ကြီးနှင့် ဗလီတို့တွင် မိမိ၏အသက်နှင့် စည်းစိမ်ကို စွန့်လွှတ်ဖို့ သစ္စာဆိုကြရန် ဆုံးဖြတ်ကြ၏။

ဗုဒ္ဓဘာသာဝင်များက လမ်းမဆရာတော်ထံတွင် (၅)ပါးသီလခံယူ၍ သစ္စာဆိုကြသည်။ ဦးစံထွန်းအောင်က ရန်ပုံငွေ(၁၀၀)ကျပ်၊ ကျန်ကော်မတီများကလည်း (၁၀၀)ကျပ်စီနှင့် ဦးရွှေလှမှ ငွေ(၅၀)ကျပ်လှူဒါန်း၏။ ဦးနီထွန်းအောင်မှာ သစ္စာဆိုရာ၌လည်းကောင်း၊ အလှူငွေထည့်ဝင်ရာ၌လည်းကောင်း မပါဝင်ခဲ့ပေ။

မူဆလင်ကုလားများက မြို့မဗလီတွင် သစ္စာဆိုကြ၏။ ထို့နောက် တွဲဘက်ခရိုင်ဝန် ဦးခင်မောင်၏အကူအညီဖြင့် ဆင်ပစ်သေနတ်များကို မေတ္တာရပ်ခံတောင်းဆိုရာ သေနတ်(၂၀)ကျော် ရရှိခဲ့၏။ ရန်ပုံငွေစုဆောင်းကာ လက်နက်ဝယ်ရန် ဆုံးဖြတ်ကြ၏။ လက်နက်ကိုင်တပ်ဖွဲ့ကို ရခိုင်လူငယ်(၁၅)ဦး၊ မူဆလင်ကုလားလူငယ်(၁၅)ဦးဖြင့် ဖွဲ့စည်းလိုက်ကြ၏။

လူငယ်များကို အကျင့်စာရိတ္တကောင်းမွန်ကြောင်း လူကြီးလူကောင်းတို့၏ ထောက်ခံချက်ပါရှိမှ ရွေးချယ်ကြ၏။

စတင်ဖွဲ့စည်းပုံမှစ၍ တွဲဖက်ခရိုင်ဝန် ဦးခင်မောင်နှင့် ဌာနာအုပ်ဦးမဟာမတ်တို့က မပြတ်ကြည့်ရှုအကြံပေးကြ၏။

ထိုအစီအစဉ်ကို ကာဆိမ်းကြားရသောအခါ လက်ရွေးစင်နောက်လိုက်(၈၀)နှင့်အတူ ဘူးသီးတောင်မြို့နယ်သို့ ဆင်းလာ၏။ ရခိုင်နှင့်ကုလားကို သွေးခွဲရန် ခွဆုံရွာ၌ ဉပုဒ်စောင့်နေသော ဗုဒ္ဓဘာသာဝင်များအား ဖမ်းဒဆီးခေါ်ဆောင်သွား၏။ သူ၏အကြံအစည်ကို ရိပ်မိသော ငြိမ်းချမ်းရေးအဖွဲ့က ကုလားရခိုင်အဓိကရုဏ်း မဖြစ်ပွားစေရန် အောက်ပါကြေငြာစာတမ်းကို ထုတ်ဝေခဲ့ကြလေ၏။

ဘူးသီးတောင်မြို့နယ် (ဖဆပလ) ဂျမီယတ္တူအူလာမာနှင့် ငြိမ်းချမ်းရေးအဖွဲ့ ပူးပေါင်းထုတ်ဝေသော ကြေငြာစာတမ်း

ဘူးသီးတောင်မြို့နယ်တွင် ဆူပူသောင်းကျန်းနေသော ကာဆိမ်းဂိုဏ်းသည် မကြာမီက ရသေ့တောင်အပိုင် ခွဆုံရွာ၌ ရဟန်းတော်နှင့် ဉပုဒ်သည်များကို ဖမ်းဆီး၍ သတ်ဖြတ်ခဲ့သည်ဟု သိရ၍ မူဆလင်များပါဝင်သော ဘူးသီးတောင်မြို့နယ် လူထုက အထူးဝမ်းနည်းကြေကွဲပါကြောင်း၊ လူမိုက်ကာဆိမ်းအားလည်း အတူရှုတ်ချလိုက်ပါကြောင်း၊

၂။ ထိုသို့ကာဆိမ်းဖမ်းဆီးသတ်ဖြတ်ခြင်းကို မူဆလင်သတ်သည်ဟုစ မူဆလင်ဖမ်းသည်မဟုတ် သောင်းကျန်းသူလူဆိုး ကာဆိမ်းနှင့်နောက်လိုက်များက ပြုကျင့်သည်ဟုသာ ယူဆလိုပါကြောင်း၊ မူဆလင်များ၏ ပရောဂလုံးဝကင်းရှင်းပါကြောင်း၊ မူဆလင်ကုလားသည် မည်သည့်အခါမျှ မီးမွှေးရန်သော်လည်းကောင်း၊ စိတ်ပင်မကူးကြောင်း မူဆလင်လူမျိုးများမှာ ဘူးသီးတောင်မြို့နယ်(ဖဆပလ)အဖွဲ့နှင့် စစ်တွေခရိုင် (ဖဆပလ)အဖွဲ့တို့နှင့် တိုင်းပြည်ရေးတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊

၃။ သောင်းကျန်းသူ ကာဆိမ်းမှာ ဘာသာမရှိသူဖြစ်၍ မူဆလင်အမျိုးသားများအပေါ်တွင်လည်း မိမိအမျိုးသားဟူ၍ သဘောထားသူမဟုတ်၍ မော်လဝီမဟာမတ်ဟာရှိမ်း၊ မော်လဝီဆွေယော့ဒေရ်မန် စသော မော်လဝီများ ဖမ်းဆီးချုပ်နှောင်နှိပ်စက်ခြင်း၊ မော်လဝီရှိကန်ဒေါ်ရ်၏သမီး မတော်ယိုဘာရ်၊ မော်လဝီဆော်ဒူလာ၏သမီး မမိုရီယခါတူ စသော အရွယ်မရောက်သူ မိန်းကလေးများကို ဖမ်းဆီးခြင်း၊ အရွယ်မရောက်သူနှင့် လင်ရှိလင်မဲ့ မူဆလင်အမျိုးသမီးများကို ဖမ်းဆီး၍ မိမိကိုယ်တိုင် မုဒိမ်းကျင့်ခြင်း၊ မိမိ၏တပည့် ဘာသာခြားဟိန္ဒူများအား မုဒိမ်းကျင့်စေခြင်းတို့မှာ မူဆလင်လူမျိုးတို့ စိတ်ပင်မကူးအပ်သော အကျင့်ဖြစ်၍ ကာဆိမ်းနှင့်အပေါင်းပါတို့မှာ မူဆလင်မဟုတ်သောကြောင့် ဤမြို့နယ်အတွင်းရှိ မူဆလင်များ၏ကိုယ်စား ဤစာတမ်းတွင် လက်မှတ်ရေးထိုးသော ဂျမယတ္တူအူလာမာအဖွဲ့က ကြေငြာပါကြောင်း၊

၄။ ထိုမှတပါး ကာဆိမ်းသည် ဗုဒ္ဓဘာသာနှင့် မူဆလင်တို့၏ အကျိုးစီးပွား အသက်အိုးအိမ်တို့ကို မရပ်မနားဖျက်ဆီးခြင်း၊ ဘာသာရေးကျောင်းကန် အဆောက်အဦးများကို ဖျက်ဆီးခြင်းကြောင့် လူထုတစ်ရပ်လုံး၏ အကြီးဆုံးနှင့် အယုတ်မာဆုံးရန်သူဟု ဆုံးဖြတ်ထားကြကြောင်း၊

၅။ ကာဆိမ်း၏အပြစ်ကျူးလွန်မှုကြောင့် ဗုဒ္ဓဘာသာဝင်တို့က မူဆလင်များအပေါ် သံသယဖြစ်မှုကြောင့် လူမျိုးမုန်းတီးရေးမဖြစ်ပေါ်စေရန် ဗုဒ္ဓဘာသာဝင်တို့အား မေတ္တာရပ်ခံပါကြောင်း၊ ခွဆုံရွာ၌ ကျူးလွန်သော ပြစ်မှုမျိုးမှာ ဘူးသီးတောင်မြို့နယ် ငြိမ်းချမ်းရေးအဖွဲ့မှ ကာဆိမ်းနှင့် အလားတူ အခြားဂိုဏ်းများကို အပြတ်အသတ်နှိမ်နင်းရန် သစ္စာဓိဋ္ဌာန်ပြုထားကြောင်း၊ ဘာသာရေးမီးမွှေးလိုက်ခြင်းဖြင့် မူဆလင်များအား မိမိတို့ဖက်သို့ ပါလာအောင် လုပ်လိုက်ခြင်းသာဖြစ်သည်ဟု ဘာသာဝင်ညီအကိုများက သိရှိသွားကြပါရန် မေတ္တာရပ်ခံပါကြောင်း၊

၆။ မည်သို့ပင် ဖြစ်စေကာမူ ဘူးသီးတောင်မြို့နယ် မူဆလင်လူထုသည် ကာဆိမ်းအား ပူးပေါင်းခြင်း၊ ဆက်သွယ်ခြင်း၊ အားပေးခြင်းကို မည်သို့မျှ ပြုလုပ်မည်မဟုတ်ဟု အဓိဋ္ဌာန်ချထားကြောင်း၊

၇။ သို့ဖြစ်ပါသောကြောင့် ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်ဘာသာဝင် နှစ်အုပ်စုစလုံးအပေါ် မေ့ပျောက်မရအောင် ဆိုးသွမ်းကျူးလွန်သော ဘာသာနှစ်ရပ်စလုံး၏ ဘုံရန်သူကို သုတ်သင်နှိမ်နင်းရန် ရခိုင်ပြည်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်အပေါင်းတို့အား လေးမြတ်စွာ နှိုးဆော်လိုက်ပါကြောင်း၊

မှတ်ချက်။ ။ ကာဆိမ်းအား ကူညီသူများမှာ ဘူးသီးတောင်မြို့၊ မောင်းတောမြို့များမှ မူဆလင်များမဟုတ်ဘဲ အရှေ့ပါကစ္စတန်ပြည် ရှူခါပလောင်ရွာနေဟူဆောင်းမတလ်ဘော်၏သမီး မီရ်ကာဆင်းနှင့် ရတ္တနပလောင်ရွာနေမေဂူအာမောက်

ရှိုးဒါးခေါ် မြေပိုင်ရှင်တို့ဖြစ်ပါကြောင်း၊ ၎င်းတို့မှာ မိမိတို့၏စီးပွားရေးကို မှီ၍ ကာဆိမ်းအား ထောက်ပံ့ကူညီနေပါကြောင်းကို ပြည်သူလူထုသိသာစေရန် တင်ပြလိုက်ပါကြောင်း၊

| | | |
|---|---|---|
| (ပုံ) XXXXXXX | (ပုံ) XXXXXXX | (ပုံ) XXXXXXX |
| အဒူဆလင် | အဘူဘာဆေရ် | စံထွန်းအောင် |
| ဒု-ဥက္ကဋ္ဌ | အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| ငြိမ်းချမ်းရေးအဖွဲ့ | ဂျမယတ္တူအူလာမအသင်း | မြို့နယ် ဖ-ဆ-ပ-လအဖွဲ့ |

သို့ရာတွင် ဦးစောခေါင်းဆောင်သော ခရိုင်(ဖဆပလ)အဖွဲ့က ၁၉-၁၀-၅၃ နေ့ကတစ်ကြိမ်၊ ၂၇-၁၀-၅၃ နေ့တွင် တစ်ကြိမ် ကြေငြာချက်စာတမ်း ထုတ်ပြန်သည်။ ထိုဝေဖန် ရှုတ်ချပြီး ငြိမ်းချမ်းရေးအဖွဲ့ကို ဖျက်သိမ်းနိုင်လေ၏။ ထို့နောက် ကာဆိမ်းပြန်ခေါင်းထောင်လာကာ ငြိမ်းချမ်းတေရးအဖွဲ့တွင် ပါဝင်ခဲ့သူများမှာ နှိပ်စက်ကလူပြုမှုများစွာ ခံကြရလေသည်။

ထို့နောက် မူဂျာဟစ်ပါတီမှ ရော်ရှိမ်းသည် မြို့နယ်(ဖဆပလ)ဥက္ကဋ္ဌ ဦးစံထွန်းအောင်မှတဆင့် ဝန်ကြီးချုပ်သို့ တင်သွင်းရန် တောင်းဆိုချက်ပါ စာတစ်စောင်ကို ပို့လာပြန်၏။ ထိုတောင်းဆိုချက်တွင်-

(၁) ရခိုင်တတိုင်းလုံးရှိ မူဆလင်များအားလုံးကို နိုင်ငံတော်အတွင်းရှိ ရခိုင်မူဆလင်များအဖြစ် လက်ခံရန်

(၂) မူဂျာဟစ်များကို အမြဲတမ်းတပ်မတော်တွင် ရခိုင်မူဆလင်သေနတ်ကိုင်တပ်အဖြစ် သီးခြားထားပေးရန်

(၃) အစိုးရဌာနတိုင်းတွင် မူဆလင်များအား အရည်အချင်းအလိုက် ဝင်ခွင့်ပြုရန်

(၄) ဗြိတိသျှအစိုးရကဲ့သို့ မူဆလင်များအား နာမာလ်၊ ရုဂျာ၊ ဟာဂျ်၊ ဖိုခတ်များ လွတ်လပ်စွာခွင့်ပြုရန်၊

(၅) မူဆလင်ကလေးများ ပညာသင်ကျောင်းတိုင်းတွင် အာရ်ဘီဘာသာကို အမြဲတန်းဘာသာတစ်ခုအဖြစ် မြန်မာစာနှင့် တန်းတူသတ်မှတ်ပေးရန်၊

(၆) ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်များတွင် ဆေးရုံကြီးတစ်ရုံနှင့် ဆေးပေးခန်းများကို လိုအပ်သော နေရာများတွင် ဖွင့်လှစ်ပေးရန်

(၇) ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်များတွင် ကောလိပ်ကျောင်းတကျောင်းနှင့် တန်းမြင့်ကျောင်း (၄)ကျောင်း၊ အထက်တန်း အာရ်ဘမာဒရာဆာ(၁) ကျောင်းခွင့်ပြုရန်

(၈) နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်တော်တို့အဖွဲ့အား ရခိုင်တိုင်းရှိ သူပုန်များနှိမ်နင်းရန် လိုအပ်သော ကျည်ဆန်များ ထုတ်ပေးရန်တို့ ပါရှိလေသည်။

သို့ရာတွင် ၁၉၅၄-ခုနှစ် ဒီဇင်ဘာလအတွင်း ဆင်နွှဲသော မုတ်သုန်စစ်ဆင်ရေး၌ တပ်မတော်မှ တိုက်ခိုက်၍ မူဂျာဟစ်သောင်းကျန်းသူ(၂၀၀)ခန့် ကျဆုံးခဲ့လေသည်။ ထို့ပြင် ဘူးသီးတောင်မြို့နယ် မြောချောင်းတိုက်ပွဲ၌ မူဂျာဟစ် (၃၀)ကျော် ကျဆုံးခဲ့၏။ ထို့နောက် မူဂျာဟစ်များသည် အရှေ့ပါကစ္စတန်ဘက်သို့ တိမ်းရှောင်သွားကြ၏။ မူဂျာဟစ်သောင်းကျန်းမှု နှိမ်နင်းရာတွင် ရခိုင်အမျိုးသားမိုက်ခဲ (ဦးရွှေဇံအောင်)မှာ အထူးထင်ရှားသူဖြစ်ခဲ့၏။


**ကိုးကားချက်**

၁။ ဦးစံထွန်းအောင်၊ ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်

၂။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဘူးသီးတောင်မြို့နယ် ပါတီယူနစ်ကော်မတီ၏ ၂၉-၁-၇၀ နေ့စွဲပါ စည်းရုံးရေးအစီရင်ခံစာ

## (ဈ) မေယုနယ်ခြား ခရိုင်အုပ်ချုပ်ရေးခေတ်

မေယုနယ်ခြားခရိုင် အုပ်ချုပ်ရေးခေတ်ကို ၁၉၆၁ ခုနှစ်မေလ(၁)ရက်နေ့တွင် စတင်ခဲ့သည်။ ထိုခရိုင်ကို တပ်ပေါင်းစုမှူး ဒုတိယဗိုလ်မှူးကြီး ရဲခေါင်က တာဝန်ယူခဲ့၏။

မေယုနယ်ခြား ခရိုင်အုပ်ချုပ်ရေးကာလတွင် ဘူးသီးတောင်မြို့နယ် နှင့် မောင်တောမြို့နယ်တို့ကို မြို့နယ်ခွဲ (၃)ခုစီ ခွဲခြားသတ်မှတ်ကာ အုပ်ချုပ်ခဲ့၏။ ယင်းတို့မှာ-

| | |
|---|---|
| (၁) ဘူးသီးတောင်မြို့နယ်ခွဲ<br>(၂) ကျောင်းတောင်မြို့နယ်ခွဲ<br>(၃) စေတီပြင်မြို့နယ်ခွဲ | ဘူးသီးတောင်မြို့နယ် |
| (၄) မောင်တောမြို့နယ်ခွဲ<br>(၅) ကြိမ်ချောင်းမြို့နယ်ခွဲ<br>(၆) အလယ်သံကျော်မြို့နယ်ခွဲ | မောင်းတောမြို့နယ် |

တို့ဖြစ်ကြသည်။

မြို့နယ်ခွဲတစ်ခုတွင် ဗိုလ်(ဖတ်မရ)အဆင့် တစ်ဦးစီကို မြို့နယ်ခွဲအရာရှိ (     )များအဖြစ် အုပ်ချုပ်စေခဲ့၏။

ဘူးသီးတောင်မြို့နယ်ခွဲတွင် ပါဝင်သော ရပ်ကွက်ကျေးရွာအုပ်စုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁ အမှတ်(၁) (အနောက်)ရပ်ကွက်
၂ အမှတ်(၂) (မြို့မ)ရပ်ကွက်
၃ အမှတ်(၃) (မြို့သစ်)ရပ်ကွက်
၄ အမှတ်(၄) (သပြေကုန်း)ရပ်ကွက်
၅ အမှတ်(၅) (တောင်ခြေ)ရပ်ကွက်
၆ အမှတ်(၆) (မြို့သစ်တောင်)ရပ်ကွက်
၇ အမှတ်(၇) (မီးရထားဆိပ်)ရပ်ကွက်
၈ လောင်းချောင်းကျေးရွာအုပ်စု
၉ ငကျပိတောက်ကျေးရွာအုပ်စု
၁၀ ဒါးပိုင်ဆရာကျေးရွာအုပ်စု
၁၁ မောင်ကြီးထောင့်ကျေးရွာအုပ်စု
၁၂ တပ်မင်းချောင်းကျေးရွာအုပ်စု
၁၃ ကျောက်ဖြူတောင်ကျေးရွာအုပ်စု
၁၄ လက်ဝဲတက်ပုဇွန်ချောင်းကျေးရွာအုပ်စု
၁၅ လက်ဝဲတက်ပြင်ရှည်ကျေးရွာအုပ်စု
၁၆ ဘူးသီးတောင်ရွာမကျေးရွာအုပ်စု
၁၇ ကကျဘက်ကံပြင်ကျေးရွာအုပ်စု
၁၈ ကကျိဘက်ကျေးရွာအုပ်စု
၁၉ မြောင်းနားကျေးရွာအုပ်စု
၂၀ အလယ်ချောင်းကျေးရွာအုပ်စု

၂၁ ကင်းချောင်းကျေးရွာအုပ်စု
၂၂ သပိတ်တောင်ကျေးရွာအုပ်စု
၂၃ ဝရကျွန်းကျေးရွာအုပ်စု
၂၄ ဖုံညိုလိပ်ကျေးရွာအုပ်စု
၂၅ လေးမြို့ကျေးရွာအုပ်စု
၂၆ သရက်ပြင်ကျေးရွာအုပ်စု
၂၇ ပြင်ချောင်းကျေးရွာအုပ်စု
၂၈ ကညင်ချောင်းကျေးရွာအုပ်စု
၂၉ ကြာညိုပြင်ကျေးရွာအုပ်စု (ခ)ကင်းတောင်ကျေးရွာအုပ်စု
၃၀ အတွင်းငှက်သေကျေးရွာအုပ်စု
၃၁ ဦးလှဖေကျေးရွာအုပ်စု
၃၂ ရွက်ညိုတောင်ကျေးရွာအုပ်စု
၃၃ ဇီးပင်တောင် (ခ)ကွန်ဒိုင်ကျေးရွာအုပ်စု
၃၄ နန်းရာကုန်းကျေးရွာအုပ်စု
၃၅ ခြင်းသမားကျေးရွာအုပ်စု
၃၆ ပြင်ရှည်(ခ) ကျောက်တောင်ကျေးရွာအုပ်စု
၃၇ သရက္ကင်းမနူးကျေးရွာအုပ်စု
၃၈ ဒပြုချောင်းကျေးရွာအုပ်စု
၃၉ စညင်းဝေကျေးရွာအုပ်စု
၄၀ ဇရာသျှကျေးရွာအုပ်စု
၄၁ ရီးချောင်းပင်လှကျေးရွာအုပ်စု
၄၂ လောင်းယုံကျေးရွာအုပ်စု

ကျောင်းတောင်မြို့နယ်ခွဲတွင် ပါဝင်သော ကျေးရွာအုပ်စုများမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

၁ ဘဒကားကျေးရွာအုပ်စု
၂ ကျောင်းတောင်ကျေးရွာအုပ်စု
၃ တင်းမေကျေးရွာအုပ်စု
၄ ကျွန်းပေါက်ကျေးရွာအုပ်စု
၅ ဝုပ္ပိကျေးရွာအုပ်စု
၆ ပန်းဖဲချောင်းကျေးရွာအုပ်စု
၇ ဇီးတုံကျေးရွာအုပ်စု
၈ ဘဒနာကျေးရွာအုပ်စု
၉ ငရန့်ချောင်းကျေးရွာအုပ်စု
၁၀ ယင်းမကျောငၵ်းတောင်ကျေးရွာအုပ်စု
၁၁ တရဂူကျေးရွာအုပ်စု
၁၂ ခမောင်းချောင်းကျေးရွာအုပ်စု
၁၃ သင်္ဂနက်ကျေးရွာအုပ်စု
၁၄ အုတ်တောင်ကျေးရွာအုပ်စု
၁၅ မီးကျောင်းဈေး ကျေးရွာအုပ်စု
၁၆ အင်းချောင်းကျေးရွာအုပ်စု
၁၇ မီးကျောင်းခေါင်းဆွဲ ကျေးရွာအုပ်စု

စေတီပြင် မြို့နယ်ခွဲကို ဘူးသီးတောင်မြို့နယ်မှ ကျေးရွာအုပ်စု (၂၅)အုပ်စုနှင့် ရသေ့တောင်မြို့နယ်မှ ကျေးရွာအုပ်စု(၃၆)အုပ်စုတို့ကို ပေါင်းစည်းကာ ဖွဲ့စည်းခဲ့သည်။

၁ ဆေးအိုးကျကျေးရွာအုပ်စု
၂ ကျောက်ရန်ကျေးရွာအုပ်စု
၃ ဘုရားပြင်သိန်းတန်ကျေးရွာအုပ်စု
၄ စေတီတောင်ကျေးရွာအုပ်စု
၅ စံကိုးထောင်ကျေးရွာအုပ်စု
၆ စေတောင်ကျေးရွာအုပ်စု
၇ သိုင်းတကုတ်ကျေးရွာအုပ်စု
၈ စပါးထားကျေးရွာအုပ်စု
၉ ခွဆုံကျေးရွာအုပ်စု
၁၀ ကျောက်ဖြူသားသေကံကျေးရွာအုပ်စု
၁၁ ဦးကျော် (ခ)သာစည်ကျေးရွာအုပ်စု
၁၂ ဖိုးခေါင်ချောင်းကျေးရွာအုပ်စု
၁၃ စိမ့်ညင်းပြားကျေးရွာအုပ်စု
၁၄ ဝူဒါပြင်ကျေးရွာအုပ်စု
၁၅ ဖရုံချောင်းကျေးရွာအုပ်စု
၁၆ ဘုရားပြင်အောင်ပကျေးရွာအုပ်စု
၁၇ အထက်ကျွဲချိုမော်ကျေးရွာအုပ်စု
၁၈ သိန်တောင်ပြင်ကျေးရွာအုပ်စု
၁၉ ပြိုင်းတောင်ကျေးရွာအုပ်စု
၂၀ ဒုပြင်ရှည်ကျေးရွာအုပ်စု
၂၁ ကျွဲရိုင်းခတ်ကျေးရွာအုပ်စု
၂၂ ဒုအိုးသည်မကျေးရွာအုပ်စု
၂၃ ပအိုးသည်မကျေးရွာအုပ်စု
၂၄ ပေါက်တောကျေးရွာအုပ်စု
၂၅ ငလှမ်းပြင်ကျေးရွာအုပ်စု

စေတီပြင်မြို့နယ်ခွဲရှိ ရသေ့တောင်မြို့နယ်မှ ကျေးရွာအုပ်စုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁ ဖက်လိပ်ကျေးရွာအုပ်စု
၂ မှန်နီပြင်ကျေးရွာအုပ်စု
၃ ဒိုးဝေချောင်းကျေးရွာအုပ်စု
၄ သိန်တောင် (ခ)သင်္ဂနက်ကျေးရွာအုပ်စု
၅ ရှပ်ပြင်ကျေးရွာအုပ်စု
၆ စေတီပြင်ကျေးရွာအုပ်စု
၇ ပြင်ရှည်ကျေးရွာအုပ်စု
၈ ကျောင်းတောင်ကျေးရွာအုပ်စု
၉ အောက်နန်းရာကျေးရွာအုပ်စု
၁၀ ပေါက်တောကျေးရွာအုပ်စု

၁၁ အထက်နန်းရာကျေးရွာအုပ်စု
၁၂ ခွဆုံကျေးရွာအုပ်စု
၁၃ ဂေညင်ချောင်းကျေးရွာအုပ်စု
၁၄ ကျွန်းပေါ်ကျေးရွာအုပ်စု
၁၅ ရန်အောင်ပြင်ကျေးရွာအုပ်စု
၁၆ ပြာပင်ရင်းကျေးရွာအုပ်စု
၁၇ ခွေးတောက်ချောင်းကျေးရွာအုပ်စု
၁၈ ကုန်တန်းကျေးရွာအုပ်စု
၁၉ မြင်းဖူးကျေးရွာအုပ်စု
၂၀ နတ်ချောင်းကျေးရွာအုပ်စု
၂၁ လောင်းရီချောင်းကျေးရွာအုပ်စု
၂၂ အောင်ဆိပ်ကျေးရွာအုပ်စု
၂၃ ပေါင်းဇားကျေးရွာအုပ်စု
၂၄ သရက်ချောင်းကျေးရွာအုပ်စု
၂၅ ပျာလျောင်း (ခ)လောင်းချောင်းကျေးရွာအုပ်စု
၂၆ ကုလားချောင်းကျေးရွာအုပ်စု

တို့ဖြစ်ကြပါသည်။

မေယုနယ်ခြား ခရိုင်အုပ်ချုပ်ရေးစတင်လာပြီးနောက် ဘူးသီးတောင်မြို့နယ် တောင်ပိုင်း မူဂျာဟစ်ပါတီဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများဖြစ်ကြသော မစ္စတာရှော်ဟူအူလာနှင့် မူစတာကီတို့သည် နောက်လိုက်အဖွဲ့ဝင်ပေါင်း (၂၉၀)နှင့်အတူ လက်နက်ချခဲ့ကြ၏။

၁၉၆၁ ခုနှစ် ဇူလိုင်လ(၄)ရက်နေ့က မူဂျာဟစ်ပါတီ၏လက်နက်ချပွဲ အခန်းအနားသို့ ဗိုလ်မှူးချုပ်အောင်ကြီး ကိုယ်တိုင် တက်ရောက်ခဲ့၏။ ထိုအခမ်းအနားတွင် ဘရင်းဂင်း(၄)လက်၊ စတင်းဂင်း(၇)လက်၊ တော်မီ(၁၀)လက် အမေရိကန်ရိုင်ဖယ်(၂၃)လက်၊ အင်္ဂလိပ်ရိုင်ဖယ်(၆၀)လက်၊ ဂျပန်ရိုင်ဖယ် (၈)လက်၊ ကပ္ပလီရိုင်ဖယ်(၁)လက်၊ နှစ်လုံးပြူး(၄)လက်၊ တစ်လုံးထိုး(၂၆)လက်၊ တော်မီကျည်ဆံ(၇)တောင့်၊ ပွိုင့်(၃၀၃)ကျည်ဆံ (၂၄၈)တောင့်၊ ၉မမ ကျည်ဆံ(၁၀၁၃)တောင့်၊ နှစ်လုံးပြူးကျည်ဆံ (၃၀၉)တောင့်တို့ ပါဝင်လေသည်။

မေယုနယ်ခြား ခရိုင်အုပ်ချုပ်ရေးတွင် ဝန်ကြီးချုပ်ကိုယ်တိုင် စီမံအုပ်ချုပ်၍ မေယုနယ်ခြားခရိုင်ဝန်ကို မောင်တောမြို့၌ ထားရှိခဲ့သည်။ နယ်ခြားဝန်ထောက်ရုံးကို ဘူးသီးတောင်မြို့တွင် ထားရှိကာ ရုံးထိုင်ဆောင်ရွက်စေခဲ့၏။

ထိုကာလအတွင်း ဘူးသီးတောင်မြို့နယ်၌ နယ်ခြားဝန်ထောက်အဖြစ် တာဝန်ယူခဲ့သူ ဗိုလ်ကြီးလဆန်းထူးမှာ လူသိများကျော်ကြားသူတစ်ဦးအဖြစ် ထင်ရှားခဲ့၏။ ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် မေယုနယ်ခြားခရိုင်ကို စစ်တွေခရိုင်သို့ ပြန်ထည့်ခဲ့လေသည်။

## (ဈ) တော်လှန်ရေးကောင်စီခေတ်

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့တွင် နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီက သိမ်းယူခဲ့သည်။ ထိုအချိန်က ဘူးသီးတောင်မြို့နယ်သည် မေယုနယ်ခြားဒေသ အုပ်ချုပ်ရေးကာလပင်ဖြစ်၏။

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ခဲ့ရာ ရခိုင်တိုင်း ကြီးကြပ်ရေးကော်မတီ တိုင်းခွဲ(၁၃)စစ်တွေမှ တာဝန်ရှိသူများ ကြီးကြပ်၍ ဘူးသီးတောင်မြို့နယ်၌ ပါတီဝင်လျှောက်လွှာများ ရောင်းချခြင်း၊ အရန်ပါတီဝင်အဖြစ် စီစစ်ထောက်ခံတင်ပြခြင်း၊ ပါတီမိတ်ဆွေ၊ ပါတီကလပ်စည်းများ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၁၉၆၅ ခုနှစ် မတ်လ(၂၃)ရက်နေ့တွင် စည်းရုံးရေးမှူး ဗိုလ်ကြီး ဦးကျော်၊ အတွင်းရေးမှူး ဦးစောဖြူနှင့် ယူနစ်ကေဒါ(၃)ဦး အဖွဲ့သား(၂)ဦးတို့ဖြင့် ဘူးသီးတောင်မြို့နယ် ပါတီယူနစ်ကို မြို့မရပ်ကွက် ဒေါ်လှစိန်နေအိမ်တွင် ယာယီဖွင့်လှစ်ခဲ့သည်။ ထိုနေရာ၌ (၃)လဖွင့်ပြီးနောက် ဆောက်လုပ်ရေးကော်ပိုရေးရှင်းပိုင် တည်းခိုရိပ်သာသို့ပြောင်းရွှေ့ခဲ့သည်။ တည်းခိုရိပ်သာ၌ (၉)လကြာခဲ့၏။

ထို့နောက် စည်းရုံးရေးမှူး ဗိုလ်ကြီးဦးကျော်မှာ မောင်တောမြို့နယ်သို့လည်းကောင်း၊ အတွင်းရေးမှူး ဦးစောဖြူမှာ ရသေ့တောင်မြို့နယ်သို့လည်းကောင်း၊ ပါတီတာဝန်အရ ပြောင်းရွှေ့သွားကြရသည်။ ဘူးသီးတောင်မြို့နယ် ပါတီယူနစ်တွင် စည်းရုံးရေးမှူး ဗိုလ်ကြီးအောင်ဖြူ ပါတီရေးရာမှူး ယူနစ်ကေဒါ(၅)ဦး၊ ပါတီစာရေး(၂)ဦး၊ ယာဉ်မောင်း(၁)ဦး၊ ရုံးအကူ (၁)ဦးဖြင့် ပါတီလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြလေသည်။

၁၉၆၆ ခုနှစ် စက်တင်ဘာလတွင် ဗိုလ်ကြီးအောင်ဖြူ ဦးဆောင်၍ မြို့နယ်ပါတီယူနစ်ရုံးကို ဆောက်လုပ်ခဲ့သည်။ မြို့နယ်ပါတီယူနစ်တွင် ဗိုလ်ကြီးအောင်ဖြူ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးကျော်သာထွန်း၊ ပါတီရေးရာမှူး ဦးစိုးဝင်း ပါတီယူနစ်ကေဒါ(၃)ဦး၊ ရုံးအုပ်(၁)ဦး၊ ပါတီစာရေး(၁)ဦး၊ ယာဉ်မောင်း(၁)ဦး၊ ရုံးအကူ (၁)ဦးတို့ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

ဘူးသီတောင်မြို့နယ်နှင့် အုပ်ချုပ်မှုကော်မတီအဆက်ဆက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| (၁) | (က) | ဗိုလ်ကြီးမြင့်ဆွေ | ဥက္ကဋ္ဌ |
| | (ခ) | ဦးအောင်မိုး (ထွေ/အုပ်) | အတွင်းရေးမှူး |
| (၂) | (က) | ဗိုလ်ကြီးမောင်သောင်း | ဥက္ကဋ္ဌ |
| | (ခ) | ဦးအောင်တိုး | အတွင်းရေးမှူး |
| (၃) | (က) | ဗိုလ်ကြီးချမ်းငြိမ်း | ဥက္ကဋ္ဌ |
| | (ခ) | ဦးအောင်စိန်ထွန်း(ထွေ/အုပ်) | အတွင်းရေးမှူး |
| (၄) | (က) | ဗိုလ်ကြီးမောင်မောင် | ဥက္ကဋ္ဌ |
| | (ခ) | ဦးအောင်စိန်ထွန်း(ထွေ/အုပ်) | အတွင်းရေးမှူး |
| | (ဂ) | ဦးမောင်ယေ (ကုန်သွယ်လယ်ယာ) | အဖွဲ့ဝင် |
| | (ဃ) | ဦးမောင်ညိုဦး (ရွာမ) | ။ |
| | (င) | ဦးမြသာထွန်း (ရဲထာနာအုပ် အငြိမ်းစား) | ။ |

## (ည) ပြည်သူ့ကောင်စီခေတ်

၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းခဲ့ရာ ဥပဒေ၌ ခရိုင်အဆင့်ကို ဖျက်သိမ်းခဲ့သည်။ ရခိုင်တိုင်းကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့၏။ ဘူးသီးတောင်မြို့နယ်ကို ရပ်ကွက်(၇)ခု၊ ကျေးရွာအုပ်စု(၇၈)အုပ်စုဖြင့် ဖွဲ့စည်းခဲ့သည်။

၁၉၇၄ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် သက်တမ်းကာလတွင် ဘူးသီးတောင်မြို့နယ် ပါတီယူနစ်ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| ၁ | ဗိုလ်ကြီးဘထွေး | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းအောင်ဖြူ | အတွင်းရေးမှူး |
| ၃ | ဦးကျော်စိန် | ကော်မတီဝင် |
| ၄ | ဦးဘိုးထွန်းဦး | ။ |
| ၅ | ဦးမောင်စိန်ဖြူ | ။ |
| ၆ | ဦးကျော်သာနု | အရန်ကော်မတီ |

အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်မှာလည်း ပါတီစည်းကမ်းအရ အရေးယူခံရသဖြင့် ကြားဖြတ်ရွေးချယ်တင်မြှောက်ခဲ့ရသည်။

ဘူးသီးတောင်မြို့နယ် ပါတီစည်းရုံးရေးကော်မတီတွင် အောက်ပါအတိုင်း ပြောင်းလဲဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| ၁ | ဦးဘဦး | ဥက္ကဋ္ဌ |
| ၂ | ဦးအေးလှဖြူ | အတွင်းရေးမှူး |
| ၃ | ဦးနီအောင်ကျော် | ကော်မတီဝင် |
| ၄ | ဦးမာမက်ရှော်ဖီ | ။ |
| ၅ | ဦးဆွေယော့နော်ဘီ | ။ |

**မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးရွှေဇံအောင် (မိုက်ခဲ) | ဥက္ကဋ္ဌ |
| ၂ | ဦးကျော်သာ | အတွင်းရေးမှူး |
| ၃ | ဦးထွန်းယဉ် | အဖွဲ့ဝင် |
| ၄ | ဦးဆူလတန်မောင်မောင် | ။ |
| ၅ | ဦးမောင်စိန်ထွန်း | ။ |

**မြို့နယ်တရားသူကြီးအဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးသာနို့အောင် | ဥက္ကဋ္ဌ |
| ၂ | ဦးဘိုးစိန်ဦး | အဖွဲ့ဝင် |
| ၃ | ဦးမောင်ညိုဦး | ။ |

**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးဦးထွန်းလှ | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းစိန် | အဖွဲ့ဝင် |
| ၃ | ဦးမောင်သာပွင့် | ။ |

ထိုကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအဘူလ်ဟူဆောင်းနှင့် ဦးဘထွေးတို့ ဖြစ်ကြသည်။ ထို့ပြင် ပြည်နယ်ပြည်သူ့ကောင်စီဝင်(၇)နေရာ၊ မြို့နယ်ပြည်သူ့ကောင်စီဝင်(၅၅)နေရာ၊ ရပ်ကွက်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်(၆၂၃)နေရာကို ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။

၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီသက်တမ်းတွင် မြို့နယ်ပါတီယူနစ်ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ခဲ့ကြ၏။

| | | |
|---|---|---|
| ၁ | ဦးဘဦး | ဥက္ကဋ္ဌ |
| ၂ | ဦးအေးလှဖြူ | အတွင်းရေးမှူး |
| ၃ | ဦးဂျောဂျီ | ကော်မတီဝင် |
| ၄ | ဦးအောင်ကျော်ဦး | ။ |
| ၅ | ဦးထွန်းသာလှ | ။ |

မြို့နယ်အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးအောင်ကြီး | ဥက္ကဋ္ဌ |
| ၂ | ဦးစံသိန်းအောင် | အတွင်းရေးမှူး |
| ၃ | ဦးသိန်းမောင် | အဖွဲ့ဝင် |
| ၄ | ဦးဦးစောလှ | ။ |
| ၅ | ဦးထွီးအောင်ဖြူ | ။ |
| ၆ | ဦးမောင်စံကျော် | ။ |
| ၇ | ဦးကျော်သန်း | ။ |

**မြို့နယ်တရားသူကြီးအဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးကျော်ထွန်းရှိ | ဥက္ကဋ္ဌ |
| ၂ | ဦးဘမြိုင် | အဖွဲ့ဝင် |
| ၃ | ဦးဘိုးစိန်ဦး | အဖွဲ့ဝင် |
| ၄ | ဦးဝေစိန် | ။ |
| ၅ | ဦးမောင်ဖြူသီး | ။ |

**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးစံရွှေမောင် | ဥက္ကဋ္ဌ |
| ၂ | ဦးတင်အောင် | အဖွဲ့ဝင် |
| ၃ | ဦးကျော်ဝင်း | အဖွဲ့ဝင် |
| ၄ | ဦးလွန်းမောင် | ။ |
| ၅ | ဦးမောင်ကျော်သိန်း | ။ |

မြို့နယ်ပါတီယူနစ်မှာ ပါတီစည်းရုံးရေးကော်မတီအဖြစ် သတ်မှတ်ခံရသဖြင့် အောက်ပါစည်းရုံးရေးကော်မတီကို ဖွဲ့စည်းခဲ့ရသည်။

| | | |
|---|---|---|
| ၁ | ဦးစောသိန်း | ဥက္ကဋ္ဌ |
| ၂ | ဦးဘမောင် | အတွင်းရေးမှူး |
| ၃ | ဦးထွန်းသာလှ | ကော်မတီဝင် |
| ၄ | ဦးအထွန်း | ကော်မတီဝင် |
| ၅ | ဦးကျန်မောင် | ။ |

ထိုကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောသိန်းနှင့် ဦးလှကျော်အောင်တို့ ဖြစ်ကြသည်။ ပြည်နယ်ပြည်သူ့ကောင်စီ(၇)နေရာ၊ မြို့နယ်ပြည်သူ့ကောင်စီ (၉၅)နေရာ၊ ရပ်ကွက်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ (၇၇၂)နေရာ ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။

၁၉၈၁ ခုနှစ် တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် သက်တမ်းကာလတွင် မြို့နယ်ပါတီယူနစ်ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။

| | | |
|---|---|---|
| ၁ | ဦးစောသိန်း | ဥက္ကဋ္ဌ |
| ၂ | ဦးဘမောင် | အတွင်းရေးမှူး |
| ၃ | ဦးထွန်းသာလှ | ကော်မတီဝင် |
| ၄ | ဦးကျန်မောင် | ॥ |
| ၅ | ဦးအထွန်း | ॥ |

ဦးစောသိန်းမှာ ပါတီစည်းကမ်းအရ အရေးယူခံရသဖြင့် အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့ရသည်။-

| | | |
|---|---|---|
| ၁ | ဦးဘမောင် | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းသာလှ | အတွင်းရေးမှူး |
| ၃ | ဦးကျန်မောင် | ကော်မတီဝင် |
| ၄ | ဦးအထွန်း | ॥ |
| ၅ | ဦးစံရွှေဘော် | ॥ |

အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

<u>မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့</u>

| | | |
|---|---|---|
| ၁ | ဦးစံရွှေမောင် | ဥက္ကဋ္ဌ |
| ၂ | ဦးမောင်စံကျော် | အတွင်းရေးမှူး |
| ၃ | ဦးမောင်ဖြူသီး | အဖွဲ့ဝင် |
| ၄ | ဦးမောင်မြသာ | ॥ |
| ၅ | ဦးသိန်းမောင် | ॥ |
| ၆ | ဦးတင်အောင် | ॥ |
| ၇ | ဦးကျော်မြအောင် | ॥ |

<u>မြို့နယ်တရားသူကြီးအဖွဲ့</u>

| | | |
|---|---|---|
| ၁ | ဦးလှအောင် | ဥက္ကဋ္ဌ |
| ၂ | ဦးကျော်သာ | အဖွဲ့ဝင် |
| ၃ | ဦးလွန်းမောင် | ॥ |
| ၄ | ဦးမောင်ကျော်သိန်း | ॥ |
| ၅ | ဦးဝေစိန် | ॥ |

<u>မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့</u>

| | | |
|---|---|---|
| ၁ | ဦးအောင်ကျော်ဦး | ဥက္ကဋ္ဌ |
| ၂ | ဦးစံအောင်ကျော် | အဖွဲ့ဝင် |
| ၃ | ဦးအောင်ထွန်းဝေ | ॥ |
| ၄ | ဦးဘမြိုင် | ॥ |
| ၅ | ဦးမောင်စောဦး | ॥ |

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောသိန်းနှင့် ဦးလှဖြူတို့ဖြစ်ကြသည်။ ဦးစောသိန်းမှာ ပါတီစည်းကမ်းအရ အရေးယူခံရပြီးနောက် ဗိုလ်မှူးကြီးကောင်းလှဖြူအား ကြားဖြတ်ရွေးချယ်တင်မြှောက်ခဲ့သည်။ ပြည်နယ်ပြည်သူ့ကောင်စီဝင် (၆)နေရာ၊ မြို့နယ်ပြည်သူ့ကောင်စီဝင် (၁၀၃)နေရာ၊ ရပ်ကွက်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် (၈၇၅)ဦးတို့ကို ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။

ဦးလှဖြူသံ ကွယ်လွန်သွားသဖြင့် ဒေါက်တာအေးထွန်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြားဖြတ်ရွေးချယ်တင်မြှောက်ခဲ့ရသည်။

၁၉၈၅ ခုနှစ် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီသက်တမ်းတွင် ဘူးသီးတောင်မြို့နယ်ပါတီယူနစ်ကို အောက်ပါအတိုင်း ရွေးချယ်ခဲ့သည်။

| | | |
|---|---|---|
| ၁ | ဦးဘမောင် | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းသာလှ | အတွင်းရေးမှူး |
| ၃ | ဦးကျန်မောင် | ကော်မတီဝင် |
| ၄ | ဦးအထွန်း | ״ |
| ၅ | ဦးစံရွှေဘော် | ״ |

အာဏာပိုင်အဖွဲ့အစည်း(၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

**မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့**

| | | |
|---|---|---|
| ၁ | ဗိုလ်မှူးကျော်သာထွန်း | ဥက္ကဋ္ဌ |
| ၂ | ဦးမောင်စံကျော် | အတွင်းရေးမှူး |
| ၃ | ဦးကျော်စိန်မောင် | အဖွဲ့ဝင် |
| ၄ | ဦးမောင်မြသာ | ״ |
| ၅ | ဦးမောင်ဖြူသီး | ״ |
| ၆ | ဦးလှထွေး | ״ |
| ၇ | ဦးမောင်စိန်ထွန်း/ဦးမောင်ဦးသာ | ״ |

**မြို့နယ်တရားသူကြီးအဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးလှအောင် | ဥက္ကဋ္ဌ |
| ၂ | ဦးမောင်အေးထွန်း | အဖွဲ့ဝင် |
| ၃ | ဦးကျော်မြအောင် | ״ |
| ၄ | ဦးမောင်ထွန်းဖြူ | ״ |
| ၅ | ဦးကျော်မြအောင် | ״ |

**မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| ၁ | ဦးအောင်ကျော်ဦး | ဥက္ကဋ္ဌ |
| ၂ | ဦးမောင်သိန်းညွန့် | အဖွဲ့ဝင် |
| ၃ | ဦးကျော်သာ | ״ |
| ၄ | ဦးမောင်စောဦး | ״ |
| ၅ | ဦးဦးထွန်းယဉ် | ״ |

မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌ ဦးဘမောင်မှာ ပါတီစည်းကမ်းအရ အရေးယူခံရသဖြင့် အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းခဲ့ရသည်။

| | | |
|---|---|---|
| ၁ | ဦးထွန်းသာလှ | ဥက္ကဋ္ဌ |
| ၂ | ဦးကျန်မောင် | အတွင်းရေးမှူး |
| ၃ | ဦးအထွန်း | ကော်မတီဝင် |
| ၄ | ဦးစံရွှေဘော် | ။ |
| ၅ | ဦးမောင်စိန်ထွန်း | ။ |

ထိုကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဘမောင်နှင့် ဒေါက်တာအေးထွန်းတို့ ဖြစ်ကြသည်၊ ဦးဘမောင်မှာ ပါတီစည်းကမ်းအရ အရေးယူခံရပြီးနောက် ၎င်းနေရာတွင် ဗိုလ်မှူးကြီး သာထွန်းအေး(လေ)အား ကြားဖြတ်ရွေးချယ်တင်မြှောက်ခဲ့ရသည်။ ပြည်နယ်ပြည်သူ့ကောင်စီ(၆)နေရာ၊ မြို့နယ်ပြည်သူ့ကောင်စီ (၁၀၃)နေရာ ကျေးရွာအုပ်စုပြည်သူ့ကောင်စီ(၈၇၅)နေရာ ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။

စတုတ္ထအကြိမ် ပြည်သူ့ကောင်စီ သက်တမ်းကာလ၌ ၁၉၈၈-ခုနှစ် အရောက်တွင် နိုင်ငံတဝှန်းလုံး၌ အရေးအခင်းပေါ်ပေါက်ခဲ့ရာ-(၁၈-၉-၈၈)နေ့တွင် နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်ကြီးစောမောင် ဦးဆောင်သော တပ်မတော်မှ ထိန်းသိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၁၈-၉-၈၈)ရက်စွဲပါ ကြေညာချက်အမှတ်(၂/၈၈) အရ ဗဟို(၂/၈၈)အရ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကို ဖျက်သိမ်းလိုက်ရာ ဤတွင် ပြည်သူ့ကောင်စီခေတ် အဆုံးသတ်ခဲ့ရပါသည်။

ကိုးကားချက်များ

၁။ ဘူးသီတောင်မြို့နယ် ပါတီယူနစ်၏ ၂၉-၁-၁၉၇၁ နေ့က မျက်နှာစုံညီအစည်းအဝေးသို့ တင်သွင်းသည့် စည်းရုံးရေးအစီရင်ခံစာ။

၂။ ဘူးသီတောင်မြို့နယ်မှတ်တမ်း (မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့)(၁၉၈၁)ခုနှစ်။

၃။ ယခင်မြို့နယ်ပါတီယူနစ်အတွင်းရေးမှူး ဦးကျန်မောင်နှင့် တွေ့ဆုံမေးမြန်းချက်များနှင့် ၎င်း၏ကိုယ်ပိုင်မှတ်စုများ။

## (၄) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်၏အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူထားသည့် အားလျော်စွာ ပြည်နယ်/တိုင်းနှင့် မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရေးတို့ကို ဆောင်ရွက်နိုင်ရန် ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များကို ပြည်နယ်တိုင်းနှင့် မြို့နယ်အသီးသီးတွင် ဖွဲ့စည်းကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာအမှတ် ၅/၈၈ ကို (၂၀-၉-၈၈)နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယင်းကြေညာချက်အမှတ် ၅/၈၈အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)တွင် အောက်ပါအတိုင်း တွေ့ရပါသည်။

<u>မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့</u>

| | | |
|---|---|---|
| ၁ | တပ်မတော်အရာရှိ | ဥက္ကဌ |
| ၂ | မြို့နယ်အထွေထွေဦးစီးဌာနမှူး | အဖွဲ့ဝင် |
| ၃ | မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး | ။ |
| ၄ | ဥက္ကဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

ဘူးသီးတောင်မြို့နယ်တွင် တာဝန်ယူခဲ့ကြသော မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၌ တပ်မတော်အရာရှိက ဥက္ကဌအဖြစ် ဆောင်ရွက်ခဲ့သည့်ကာလကို အောက်ပါအတိုင်း တွေ့ရပါသည်။

<u>ဘူးသီးတောင်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့</u>

| | | |
|---|---|---|
| (က) | ဗိုလ်မှူးမောင်အေး | ဥက္ကဌ |
| (ခ) | ဦးချိုထွန်း (ထွေ/အုပ်) | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်မောင်(ပ/ရ)× | ။ |
| (ဃ) | ဦးခင်မောင်(ထွေ/အုပ်ဦးစီး) | အတွင်းရေးမှူး |
| (က) | ဗိုလ်မှူးကျော်သာထွန်း | ဥက္ကဌ |
| (ခ) | ဦးချိုထွန်း | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းမောင် | ။ |
| (ဃ) | ဦးသာစိန် (ထွေ/အုပ်ဒုဦးစီး) | အတွင်းရေးမှူး |
| (က) | ဗိုလ်မှူးဖေဆန်း | ဥက္ကဌ |
| (ခ) | ဦးချိုထွန်း/ဦးခင်ညို | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းမောင်/ဦးခင်မောင်မြင့် | ။ |
| (ဃ) | ဦးသာစိန် | အတွင်းရေးမှူး |
| (က) | ဗိုလ်မှူးအေးကို | ဥက္ကဌ |
| (ခ) | ဦးခင်ညို | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်မြင့် | ။ |
| (ဃ) | ဦးဦးသာစိန် | အတွင်းရေးမှူး |
| (က) | ဗိုလ်မှူးတင့်လွင်လတ် | ဥက္ကဌ |
| (ခ) | ဦးခင်ညို/ဦးအောင်စိုး | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်မြင့် | ။ |
| (ဃ) | ဦးသာစိန် | အတွင်းရေးမှူး |

(က) ဗိုလ်မှူးဇော်ထွန်း — ဥက္ကဋ္ဌ
(ခ) ဦးအောင်စိုး — အဖွဲ့ဝင်
(ဂ) ဦးခင်မောင်မြင့် — ။
(ဃ) ဦးသာစိန် — အတွင်းရေးမှူး
(က) ဗိုလ်မှူးမောင်မောင်စိန်း — ဥက္ကဋ္ဌ
(ခ) ဦးအောင်စိုး — အဖွဲ့ဝင်
(ဂ) ဦးခင်မောင်မြင့်/ဦးထွန်းလှိုင် — ။
(ဃ) ဦးသာစိန်/ဦးသန်းအေးဆွေ — အတွင်းရေးမှူး

ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၂၆-၉-၈၈ရက်စွဲပါ ကြေညာချက်အမှတ်-၇/၈၈ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်နယ်/တိုင်းနှင့် မြို့နယ်များတွင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခဲ့သကဲ့သို့ မြို့နယ်အဆင့်နှင့် ရပ်ကွက်ကျေးရွာအုပ်စုအဆင့်တို့တွင်လည်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်းသင့်ကြောင်း တွေ့ရှိရသဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာခဲ့ပါသည်။

(၁) <u>မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့</u>

(က) တပ်မတော်အရာရှိ — ဥက္ကဋ္ဌ
(ခ) ဒုတိယပြည်နယ်တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
(ဂ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(၂) <u>ရပ်ကွက်ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့</u>

(က) ရပ်ကွက်ကျေးရွာအုပ်စုမှ ကြည်ညိုလေးစားသူအဖွဲ့ဝင် (၃)ဦး
ယင်းအဖွဲ့ဝင်များမှ ဥက္ကဋ္ဌအား မြို့နယ်မှ ရွေးချယ်တာဝန်ပေးအပ်ရန်)
(ခ) ရပ်ကွက်ကျေးရွာအုပ်စုစာရေးတစ်ဦး (အမှုထမ်း)
(ဂ) မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မှ ပါဝင်သူမဖြစ်စေရ။

ရခိုင်ပြည်နယ်ကို စစ်တွေမြို့နယ်စု၊ သံတွဲမြို့နယ်စု၊ ကျောက်ဖြူမြို့နယ်စုဟူ၍ (၃)ခုခွဲကာ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပါသည်။ ဘူးသီးတောင်မြို့နယ်သည် စစ်တွေမြို့နယ်စုတွင် ပါဝင်သော မြို့နယ်တစ်ခု ဖြစ်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၂၆-၉-၈၈ ရက်စွဲပါ ကြေညာချက်အမှတ် ၇/၈၈ အရ ရပ်ကွက်ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပါသည်။ ဘူးသီးတောင်မြို့နယ်တွင် ရပ်ကွက် (၇)ခုနှင့် ကျေးရွာအုပ်စု (၇၈)အုပ်စုရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

တဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၂၈-၉-၉၂)ရက်စွဲ ကြေညာချက်အမှတ် ၁၄/၉၂ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၂၀)ရက်စွဲပါ ကြေညာချက်အမှတ် ၅/၈၈၊ အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ) ဖြင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အတွင်း ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အနာဂါတ်ကာလ စီမံခန့်ခွဲရေးယန္တရားကို မျှော်မှန်း၍ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အလေ့အကျင့် ရရှိနိုင်ရန် အလို့ငှာ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေး လိုက်သည်။

မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ<br>မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ<br>မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>(သို့မဟုတ်) | အတွင်းရေးမှူး |

ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် မြို့နယ်အဆင့် အရာရှိတစ်ဦး

ယင်းကြေညာချက်အရ ပြင်ဆင်ဖွဲ့စည်းခဲ့သော ဘူးသီးတောင်မြို့နယ် ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | ဦးအောင်စိုး | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းလှိုင် | အဖွဲ့ဝင် |
| (ဂ) | ဦးစောသိန်းထွန်း | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းအေးဆွေ/ဦးစောတင်မြင့်<br>ဦးအုန်းမောင်/ဦးဦးသာထွန်း | အတွင်းရေးမှူး |

ထို့နောက်မြို့နယ်စုကို ခရိုင်အဖြစ် ပြောင်းလဲခေါ်ဝေါ်စေခဲ့ပါသည်။ တဖန်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် ဝန်ကြီးဌာန၏ ၁၀-၁၁-၉၂ ရက်စွဲပါစာအမှတ် ၁/၅/အထ(၂)ပါ အမိန့်ကြော်ငြာအရ ဘူးသီးတောင် ခရိုင်တို့ ဖွဲ့စည်းခဲ့ပါသည်။ ဘူးသီးတောင်ခရိုင်တွင်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တော်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် သည် ခရိုင်စိုက်ရာ မြို့နယ်တစ်ခု ဖြစ်လာခဲ့သည်။

ဘူးသီးတောင်ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဘူးသီးတောင်မြို့၌ ၂၉-၁၂-၉၂ နေ့ ရုံးဖွင့်ဆောင်ရွက်ခဲ့ပါသည်။ ဘူးသီးတောင်ခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီးမျိုးတင့် | | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးအောင်လှိုင် | | အတွင်းရေးမှူး |
| (ဂ) | ဦးထွန်းရှိန်/ဦးထွန်းမြင့် | လက်ထောက်ညွှန်ကြားရေးမှူး (ထွေ/အုပ်) | အဖွဲ့ဝင်(၁) |
| (ဃ) | ရဲမှူးမြင့်သိန်း | (ခရိုင်ရဲမှူး) | အဖွဲ့ဝင်(၂) |
| (င) | ဗိုလ်ကြီးခင်ဝင်း | (ရုံးအဖွဲ့တွဲဘက်) | အဖွဲ့ဝင်(၂) |

ထို့နောက် ဒုတိယဗိုလ်မှူးကြီး မျိုးတင့်မှာ တာဝန်အရပြောင်းရွှေ့သွားပြီး ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌတာဝန်ကို ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က ၁၉-၈-၉၄ နေ့စ၍ တာဝန်ယူဆောင်ရွက်လျက် ရှိနေပါသည်။

ဘူးသီးတောင်ခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်။

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အုန်းမြင့် | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးအောင်လှိုင် | အတွင်းရေးမှူး |
| (ဂ) | ဦးမောင်ကြီး | အဖွဲ့ဝင်(၁) |
| (ဃ) | ရဲမှူးမြင့်သိန်း | အဖွဲ့ဝင်(၂) |
| (င) | ဗိုလ်ကြီးခင်ဝင်း (ရုံးအဖွဲ့တွဲဘက်) | - |

ယခုအခါ ဘူးသီးတောင်မြို့နယ်တွင် ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တို့ ဖွဲ့စည်းကာ အုပ်ချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် ရခိုင်ပြည်နယ်တရားရုံး (ဘူးသီးတောင်ခရိုင်)ကို ၁၅-၂-၉၃ နေ့တွင်လည်းကောင်း ဘူးသီးတောင်ခရိုင် ဥပဒေရုံးကို ၁၇-၂-၉၃ နေ့တွင်လည်းကောင်း၊ ဘူးသီတောင်မြို့ပေါ်တွင် ရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ဘူးသီးတောင် ခရိုင်တွင် ခရိုင်အဆင့် ရုံးဖွင့်လှစ်ထားရှိသော ဌာနဆိုင်ရာများမှာ မြေစာရင်းဦးစီးဌာန၊ မြန်မာစိုက်ပျိုးရေးလုပ်ငန်းတို့ ဖြစ်ပြီး ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့ရုံးနှင့် ငါးလုပ်ငန်းဦးစီးဌာနရုံးများကို ခရိုင်အဆင့် ရုံးဖွင့်လှစ်ထားသော်လည်း၊ မောင်တောမြို့ တွင်သာ ရုံးဖွင့်ထားကြောင်း သိရပါသည်။

(က) ရဲစခန်း

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် ၎င်းတို့၏အုပ်ချုပ်ရေးဆိုင်ရာများကို အထောက်အကူပြုစေရန်၊ ရဲစခန်းများကို ဖွင့်လှစ်ခဲ့ကြောင်း တွေ့ရသည်။ ဘူးသီးတောင်မြို့နယ်တွင် ခရာဇ် ၁၉၁၄ ခုနှစ်က ရဲစခန်းကို စတင်တည် ထောင်ဖွင့်လှစ်ခဲ့သည်။

ရဲစခန်းတည်ရှိနေရာမှာ ယခုလက်ရှိ ရဲစခန်းတည်နေရာတွင်ပင် ဖြစ်သည်။ ထိုအချိန်က ရဲစခန်းပုံစံမှာ နှစ်ထပ် ဖြစ်၍ အပေါ်ထပ်တွင် အချုပ်သားများထားပြီး အောက်ထပ်တွင် ရဲစခန်းဖွင့်လှစ်ထားရှိသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၅၂-၅၃ ခုနှစ်တွင် လက်ရှိရဲစခန်းအဆောက်အဦးကို ထပ်မံ တည်ဆောက်ပေးခဲ့သည်။

ဘူးသီးတောင်မြို့နယ်တွင် တိုင်ချက်ရေးဖွင့်နိုင်သော ရဲစခန်းတစ်ခုသာရှိပြီး၊ ရဲကင်းစခန်း(၅)ခုရှိကြောင်း တွေ့ရှိရ ပါသည်။

ဘူးသီးတောင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မှုခင်းများအခြေအနေကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

## ဘုံးသီးတောင်မြို့နယ်ရှိ အမှုကြီးနှင့် အခြားအမှုစာရင်းနှိုင်းယှဉ်ချက်

| စဉ် | ခုနှစ် | လူသတ် | ဓားပြ | လုယက် | လူယက်ရိုက်နှိုး | ပြန်ပြေး | မီးယို့ | မုဒိမ်း | တိရစ္ဆာန်ခိုး | ဖောက်ထွင်း | မတရား | အခြားမှု | မှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁ |
| ၁ | ၁၉၆၃ | ၈ | ၂ | ၁ | ၄ | ၂ | ၃ | ၄ | ၃ | ၇ | ၄ | ၁၆၂ | |
| ၂ | ၁၉၆၄ | ၇ | ၆ | ၄ | ၆ | - | ၂ | - | ၃ | ၁၃ | ၂ | ၁၈၅ | |
| ၃ | ၁၉၆၅ | ၄ | ၅ | - | ၃ | - | - | ၂ | ၄ | ၁၂ | ၁ | ၁၂၀ | |
| ၄ | ၁၉၆၆ | ၃ | ၃ | ၁ | ၄ | - | ၃ | - | ၂ | ၁၂ | ၁၄ | ၁၀၃ | |
| ၅ | ၁၉၆၇ | ၄ | ၃ | - | ၉ | ၁ | ၁ | ၂ | ၄ | ၄ | ၉ | ၁၂၆ | |
| ၆ | ၁၉၆၈ | ၆ | ၄ | - | ၂ | ၁ | - | - | ၅ | ၆ | ၁၂ | ၉၉ | |
| ၇ | ၁၉၆၉ မှ ၁၉၇၃ ထိ | | | | | | | | | | | | ၁၉၆၉ ခုနှစ်မှ ၁၉၇၃ ခုနှ အထောက်အထားမ |
| ၈ | ၁၉၇၄ | ၅ | ၈ | - | - | ၁ | - | - | ၃ | - | - | - | |
| ၉ | ၁၉၇၅ | ၁၄ | ၂၄ | ၃ | - | - | - | ၂ | ၁၀ | ၄ | - | - | |
| ၁၀ | ၁၉၇၆ | ၇ | ၁၅ | ၆ | - | ၁ | - | ၁ | ၅ | ၄ | - | - | |
| ၁၁ | ၁၉၇၇ | ၉ | ၁၁ | ၆ | - | ၁ | - | ၁ | ၃ | ၂ | - | - | |
| ၁၂ | ၁၉၇၈ | ၁၂ | ၄ | - | - | - | - | - | - | - | - | - | |
| ၁၃ | ၁၉၇၉ | ၁၁ | ၆ | ၃ | - | - | - | - | - | ၃ | - | - | |
| ၁၄ | ၁၉၈၀ | ၅ | ၂ | - | - | - | - | ၁ | - | - | - | - | |
| ၁၅ | ၁၉၈၁ | ၅ | ၇ | ၂ | - | - | - | - | ၁ | - | - | ၁ | |
| ၁၆ | ၁၉၈၂ | ၃ | - | - | - | - | - | - | - | - | - | - | |
| ၁၇ | ၁၉၈၃ | ၁၁ | ၂ | - | - | - | - | - | - | - | - | - | |
| ၁၈ | ၁၉၈၄ | ၆ | - | - | - | - | - | - | - | - | - | - | |

ဘုံးသီးတောင်မြို့နယ်ရှိ အမှုကြီးနှင့် အခြားအမှုစာရင်းနှိုင်းယှဉ်ချက်

| စဉ် | ခုနှစ် | လူသတ် | ဓားပြ | လုယက် | လူယက်ရိုးရိုး | ပြန်ပြေး | မီးယို့ | မုဒိမ်း | တိရစ္ဆာန်ခိုး | ဖောက်ထွင်း | မတရား | အခြားမှု |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁၉ | ၁၉၈၅ | ၁၇ | ၃ | - | - | - | - | - | - | ၁ | - | - |
| ၂၀ | ၁၉၈၆ | ၈ | ၁ | - | - | - | - | ၉ | ၅ | - | - | - |
| ၂၁ | ၁၉၈၇ | ၉ | ၁ | - | - | - | - | ၃ | ၆ | - | ၅ | ၂ |
| ၂၂ | ၁၉၈၈ | ၁၄ | ၅ | ၅ | - | - | - | ၂ | ၁၀ | - | ၁ | ၄ |
| ၂၃ | ၁၉၈၉ | ၁၄ | - | - | - | - | - | - | ၇ | - | ၄ | ၈ |
| ၂၄ | ၁၉၉၀ | ၁၀ | ၁ | ၁ | - | - | - | ၁ | ၁၂ | - | ၁ | ၂ |
| ၂၅ | ၁၉၉၁ | ၁၁ | ၂ | ၂ | - | - | - | - | ၉ | - | ၅ | ၂ |
| ၂၆ | ၁၉၉၂ | ၉ | ၁ | ၁ | - | - | - | - | ၁ | - | ၁ | ၅ |
| ၂၇ | ၁၉၉၃ | ၃ | - | ၁ | - | - | - | - | ၁ | - | ၀ | ၁ |
| ၂၈ | ၁၉၉၄ | ၆ | ၁ | - | - | - | - | - | ၅ | - | ၁၆ | ၅ |

(၁) တရားရုံး

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် စစ်တွေခရိုင်တွင် ခရစ် ၁၉၁၄ ခုနှစ်မှစ၍ ရာဇဝတ်တရားရုံးများကို စတင်ဖွဲ့စည်းကြောင်း တွေ့ရသည်။[၁]

ထိုအချိန်မှစ၍ ဘူးသီးတောင်မြို့ပေါ်တွင် တရားရုံးများ တည်ရှိလာပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဘူးသီတောင်မြို့ပေါ်တွင် နယ်ပိုင်ရာဇဝတ်တရားသူကြီး(၁)ဦးနှင့် ၁-ရာဘက် ရာဇဝတ်တရားသူကြီးသည် မြို့နယ်တရားမတရားသူကြီးဖြစ်၍ တစ်လလျှင်(၁၅)ရက် ဘူးသီးတောင်မြို့တွင် ရုံးထိုင်ပြီး မောင်တောမြို့နယ်တွင် (၁၅)ရက်ရုံးထိုင်သည်။ တစ်နှစ်လျှင် ဖြစ်ပွားသော ရာဇဝတ်မှုများ၏ ၅/၉ပုံကို နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ မှစစ်ဆေးပြီး ၄/၉ ပုံကို ၁-ဂ ဘက်တရားသူကြီးက စစ်ဆေးပါသည်။

ထိုအချိန်က တရားရုံးမှာ ဘူးသီတောင်မြို့အမှတ်(၆)ရပ်ကွက်ရှိ ဦးအောင်ပန်းနေအိမ်ကို ငှားရမ်း၍ ရုံးဖွင့်လှစ်ခဲ့ရသည်။ ယခုငွေတိုက်စာရေး အငြိမ်းစား ဦးစံလှအောင်၏ နေအိမ်ပင်ဖြစ်၏။ မေယုနယ်ခြားအုပ်ချုပ်ရေးကာလတွင် နယ်ခြားဝန်ထောက်အဖြစ် ဗိုလ်မှူးတင်ဦးက တာဝန်ယူခဲ့ရသည်။ ၎င်းက ၁၉၆၄ ခုနှစ်အရောက်တွင် ဘူးသီတောင်မြို့နယ် တရားရုံးကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ဘူးသီးတောင်မြို့နယ်တွင် နယ်ပိုင်ရာဇဝင်တရားသူကြီးက စစ်ဆေးခဲ့ရသော မှုခင်းအခြေပြစာရင်းမှာ အောက်ပါအတိုင်း တွေ့ရသည်။

**ရာဇဝတ်ကြီးမှုများ**

| ခုနှစ် | စစ်ဆေးရန်အမှု | စစ်ဆေးပြီးအမှု | လက်ကျန်အမှု |
|---|---|---|---|
| ၁၉၆၇ | ၃၄၃ | ၂၅၉ | ၈၄ |
| ၁၉၆၈ | ၂၅၀ | ၁၄၈ | ၁၀၂ |

ရာဇဝတ်အသေးမှုများ

| ခုနှစ် | စစ်ဆေးရန်အမှု | စစ်ဆေးပြီးအမှု | လက်ကျန်အမှု |
|---|---|---|---|
| ၁၉၆၇ | ၁၃၆ | ၁၀၄ | ၃၂ |
| ၁၉၆၈ | ၁၂၈ | ၇၈ | ၅၀ |

ထို့ပြင် ဘူးသီးတောင်မြို့နယ် ၁-ရာဘက်ရာဇဝတ်တရားသူကြီး၏ အမှုအခြေပြစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

| ခုနှစ် | ဆွဲဆိုသောအမှုများ | စစ်ဆေးပြီးအမှု | လက်ကျန်အမှု |
|---|---|---|---|
| ၁၉၆၂ | ၂၀၉ | ၅၆ | ၁၀၃ |
| ၁၉၆၃ | ၂၃၀ | ၉၇ | ၁၃၃ |
| ၁၉၆၄ | ၂၁၅ | ၁၄၅ | ၇၀ |
| ၁၉၆၅ | ၁၈၅ | ၁၀၂ | ၈၃ |
| ၁၉၆၆ | ၁၀၆ | ၁၀၆ | - |
| ၁၉၆၇ | ၆၇ | ၆၇ | - |
| ၁၉၆၈ | ၈၆ | ၈၄ | ၂ |

၁၉၇၉-၈၀ ခုနှစ်မှ ၁၉၈၇-၈၈ ခုနှစ်အထိ ခွင့်ပြုရန်ပုံငွေများဖြင့် ဘူးသီးတောင်မြို့နယ် တရားရုံးကို တိုးချဲ့ဆောက်လုပ်ခဲ့ရာ အချား(၉၀)ပေ၊ ရှိသောယူ(ယူ)ပုံသဏ္ဍာန် လက်ရှိတရားရုံး အဆောက်အဦးဖြစ်လာခဲ့ပေသည်။

၁၉၇၄-ခုနှစ်မှစ၍ ဘူးသီးတောင်မြို့နယ်တရားရုံးမှ စစ်ဆေးအစီရင်ခံခဲ့သော မှုခင်းအခြေပြမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

<u>ဘူးသီးတောင်မြို့နယ်တွင် ဖြစ်ပွားခဲ့သောအမှုကြီး(၈)မျိုးနှင့် အခြားအမှုစာရင်း</u>

| စဉ် | ခုနှစ် | လူသတ် | ဓားပြ | လုယက် | လူယက်ရိုနှိုးရိုး | ပြန်ပြေး | မုဒိမ်း | ဖောက်ထွင်း | တိရစ္ဆာန်ခိုး | အခြားမှု |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁၉၇၄ | ၁၂ | ၂၅ | ၂ | ၆ | ၂ | ၂ | ၃ | ၉ | - |
| ၂ | ၁၉၇၅ | ၂၂ | ၃၈ | ၄ | ၁၀ | ၁ | ၂ | ၁၇ | ၁၀ | - |
| ၃ | ၁၉၇၆ | ၁၃ | ၉ | ၅ | ၁၂ | - | ၃ | ၆ | ၁၁ | ၈ |
| ၄ | ၁၉၇၇ | ၁၆ | ၁၂ | - | ၆ | - | ၃ | ၆ | ၁၀ | ၃ |
| ၅ | ၁၉၇၈ | ၁၁ | ၅ | ၄ | ၁ | - | ၁ | - | ၃ | ၄ |
| ၆ | ၁၉၇၉ | ၁၃ | ၃ | ၁ | - | - | - | ၁ | ၁ | ၂ |
| ၇ | ၁၉၈၀ | ၅ | ၂ | - | - | - | ၂ | ၃ | ၃ | ၂ |
| ၈ | ၁၉၈၁ | ၆ | ၂ | - | - | - | ၁ | ၂ | ၂ | - |
| ၉ | ၁၉၈၂ | ၃ | ၅ | ၁ | - | - | ၂ | ၆ | ၆ | ၁၀ |
| ၁၀ | ၁၉၈၃ | ၁၀ | ၃ | - | - | - | ၅ | ၈ | ၈ | ၂၅ |
| ၁၁ | ၁၉၈၄ | ၅ | ၁ | - | - | - | - | ၉ | ၉ | ၁၄ |
| ၁၂ | ၁၉၈၅ | ၁၃ | - | - | - | - | ၈ | ၆ | ၆ | ၂၃ |
| ၁၃ | ၁၉၈၆ | ၅ | - | - | - | - | ၆ | ၈ | ၈ | ၇ |
| ၁၄ | ၁၉၈၇ | ၆ | ၂ | - | - | - | ၂ | ၈ | ၈ | ၁ |
| ၁၅ | ၁၉၈၈ | ၅ | ၃ | - | - | - | ၂ | ၁၁ | ၁၁ | ၇ |
| ၁၆ | ၁၉၈၉ | - | ၃ | - | - | - | ၉ | ၄ | ၄ | ၁၅ |
| ၁၇ | ၁၉၉၀ | - | ၄ | - | - | - | ၁၀ | ၁၄ | ၁၄ | ၁၅ |
| ၁၈ | ၁၉၉၁ | ၁ | ၃ | - | - | - | ၃ | ၁၂ | ၁၂ | ၁၂ |
| ၁၉ | ၁၉၉၂ | - | ၃ | - | - | - | ၂ | - | ၄ | ၁၃ |
| ၂၀ | ၁၉၉၃ | - | ၁၀ | - | - | - | - | - | ၇ | ၁၁ |

## ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းရင်းများ

ပြစ်မှုဖြစ်ပွားရခြင်းများနှင့် ပတ်သက်၍ စစ်တွေခရိုင် ရာဇဝတ်တရားသူကြီး (၁၉၁၃)ခုနှစ်၊ နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားချက်မှာ အောက်ပါအတိုင်း တွေ့ရပါသည်။

တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားသော မှုခင်းများမှာ အပြင်းအထန်နာကျင်စေမှုဖြစ်ပြီး၊ အမှုဖြစ်ပွားချိန်မှာ ကောက်ရိပ်သိမ်းပြီး၍ အလုပ်အားလပ်နေစဉ်တွင် အရက်ကို အပြိုင်အဆိုင်သောက်ခြင်း၊ ပွဲလမ်းသဘင်ကျင်းပခြင်းတို့နှင့် ဆက်စပ်သည်။ ထို့ပြင် ပညာမတတ်ခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း နည်းပါးခြင်း၊ ပွဲသို့လာစဉ် ခါးကြားတွင် ဓားထိုး၍ လာတတ်ခြင်းကြောင့် ဖြစ်ရပါသည်။

ဘင်္ဂလီလူမျိုးများနှင့် ပတ်သက်၍ ၎င်းတို့မှာ အမှုဆင်ရန် ဝါသနာပါခြင်း၊ မိမိ၏ရန်သူကို အမှုဆင်စွပ်စွဲကာ တရားရုံးကို အလွယ်တကူ အသုံးချခြင်းကြောင့် ဖြစ်ပွားရပါသည်။[၁]

**<u>ကိုးကားချက်များ</u>**


၁။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ စတုတ္ထတွဲ၊ လူမှုရေးကဏ္ဍ။

၂။ ဘူးသီးတောင်မြို့နယ် တရားရုံး၊ အခြေခံကိန်းဂဏန်းများ။

၃။ ဘူးသီးတောင်မြို့ ရဲစခန်း၏ အခြေခံကိန်းဂဏန်းများ။

၄။ Burma Gazetteer Akyab District Volume A

၅။ ဘူးသီးတောင်မြို့နယ်ဖြစ်စဉ်သမိုင်း၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(၁၉၆၈)ခုနှစ်။

## အခန်း(၁၀)

## အခွန်ကောက်ခံရေး

ဘူးသီးတောင်မြို့နယ်တွင် ရှေးအခါက အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ အခန်း၄၊ (၁)လယ်ယာကဏ္ဍတွင် တစိတ်တဒေသအားဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အခွန်ကောက်ခံမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကောက်ခံခဲ့ပါသည်။ အခွန်ကောက်ခံရာတွင် လယ်မြေအခွန်တော်၊ တောင်ယာခွန်၊ မြို့မြေခွန်ဟူ၍ တွေ့ရပါသည်။ ထိုစဉ်က အခွန်ကောက်ခံရရှိမှုကို အောက်ပါအတိုင်း တွေ့ရပါသည်။

(က) လယ်မြေအခွန်တော်

| ခုနှစ် | စည်းကြပ်ငွေ | ကောက်ခံရငွေ | ချမ်းသာခွင့်ပေးငွေ | ကျန်ငွေ |
|---|---|---|---|---|
| ၁၉၆၃ - ၆၄ | ၃၃၄၇၅၈ | ၃၂၃၁၈၈ | ၆၀ | ၁၅၇၀ |
| ၁၉၆၄ - ၆၅ | ၃၄၁၃၁၆ | ၃၃၄၀၄၆ | ၆၀ | ၇၂၀၉ |
| ၁၉၆၅ - ၆၆ | ၃၄၀၂၁၂ | ၃၃၂၅၄၆ | - | ၇၆၆၅ |
| ၁၉၆၆ - ၆၇ | ၃၉၃၅၁၅ | ၃၀၁၃၆၄ | ၂ | ၉၃၁၄၈ |
| ၁၉၆၇ - ၁၉၆၈ | ၃၉၂၀၀၈ | ၃၄၅၀၅၀ | - | ၄၆၅၉၇ |

(ခ) တောင်ယာခွန်

| ခုနှစ် | စည်းကြပ်ငွေ | ကောက်ခံရငွေ | ချမ်းသာခွင့်ပေးငွေ | ကျန်ငွေ |
|---|---|---|---|---|
| ၁၉၆၃ - ၆၄ | ၁၂၂၈ | ၁၂၀၈ | - | ၂၀ |
| ၁၉၆၄ - ၆၅ | ၉၆၄ | ၇၀၄ | ၁၃၄ | ၁၂၆ |
| ၁၉၆၅ - ၆၆ | ၇၅၆ | ၅၂၀ | ၁၆၃ | ၇၃ |
| ၁၉၆၆ - ၆၇ | ၅၇၅ | ၃၅၇ | ၃၃ | ၁၈၅ |
| ၁၉၆၇ - ၆၈ | ၅၄၃ | ၃၂၇ | - | ၂၁၆ |
| ၁၉၆၈ - ၆၉ | ၃၀၈ | ၆၂ | - | ၂၄၆ |

(ဂ) မြို့မြေခွန်

| ခုနှစ် | စည်းကြပ်ငွေ | ကောက်ခံရငွေ | ချမ်းသာခွင့်ပေးငွေ | ကျန်ငွေ |
|---|---|---|---|---|
| ၁၉၆၃ - ၆၄ | ၁၁၀၆၇ | ၁၁၀၆၇ | - | - |
| ၁၉၆၄ - ၆၅ | ၁၀၈၆၈ | ၁၀၆၃၁ | ၂၃၇ | - |
| ၁၉၆၅ - ၆၆ | ၉၉၆၁ | ၉၇၈၆ | ၁၇၅ | - |
| ၁၉၆၆ - ၆၇ | ၉၉၅၅ | ၉၉၀၄ | ၅၁ | - |
| ၁၉၆၇ - ၆၈ | ၁၀၅၈၂ | ၉၈၇၆ | ၂၉၄ | ၄၁၂ |
| ၁၉၆၈ - ၆၉ | ၁၀၄၆၈ | ၉၁၂၃ | - | ၁၃၄၅ |

ထိုနောက် ဘူးသီးတောင်မြို့နယ်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာနကို ၁၉၇၂-၇၃ ခု ဘဏ္ဍာရေးနှစ်မှစ၍ စတင်ဖွင့်လှစ်ကာ အခွန်(၁၀)မျိုးကို ကောက်ခံခဲ့ပါသည်။ ၎င်းတို့မှာ-

(၁) ကုန်စည်နှင့် ဝန်ဆောင်မှုခွန်
(၂) ဝင်ငွေခွန်
(၃) အမြတ်ခွန်
(၄) ယစ်မျိုးခွန်
(၅) အင်းအိုင်ခွန်
(၆) မြေခွန်အရပ်ရပ်
(၇) ခေတ်သတ္တုခွန်
(၈) အောင်ဘာလေသိန်းထီခွန်
(၉) တာတမံခွန်
(၁၀) တံဆိပ်ခေါင်းခွန် တို့ဖြစ်ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံခဲ့သော အခွန်(၅)မျိုးကို သက်ဆိုင်ရာဌာနများသို့ ပြန်လည်ပြောင်းပေးခဲ့ရသဖြင့် ယခုလက်ကျန်အခွန်(၅)မျိုးကို ကောက်ခံလျက်ရှိပါသည်။ ယင်းအခွန်(၅)မျိုးမှာ

(၁) ကုန်ထုတ်ခွန်
(၂) ဝင်ငွေခွန်
(၃) အမြတ်ခွန်
(၄) အောင်ဘာလေသိန်းထီခွန်
(၅) တံဆိပ်ခေါင်းခွန် တို့ဖြစ်ကြသည်။

ဘူးသီးတောင်မြို့နယ် အခွန်ဦးစီးဌာနမှ နှစ်အလိုက် ကောက်ခံရရှိခဲ့သော အခွန်များကို စာရင်းဇယားအသေးစိတ်မှတ်တမ်းမှတ်ရာအထောက်အထားများ ရှာဖွေမရရှိတော့ကြောင်း သိရပါသည်။

ဘူးသီးတောင်မြို့နယ် ပြည်တွင်းအခွန် ဦးစီးဌာနရုံးမှ ပေးပို့သော အချက်အလက်များအရ အခွန်ကောက်ခံရရှိမှုကို အောက်ပါအတိုင်း တွေ့ရပါသည်။

**နှစ်အလိုက် ပြည်တွင်းအခွန်အရပ်ရပ် ကောက်ခံရရှိမှုအခြေပြဇယား**

| စဉ် | ဘဏ္ဍာနှစ် | ကောက်ခံရရှိမှု | မှတ်ချက် |
|---|---|---|---|
| ၁ | ၁၉၈၈ - ၈၉ | ၃၂၆၃၂၀ | |
| ၂ | ၁၉၈၉ - ၉၀ | ၈၀၇၁၇၈ | |
| ၃ | ၁၉၉၀ - ၉၁ | ၁၀၅၂၆၂၃ | |
| ၄ | ၁၉၉၁ - ၉၂ | ၆၆၉၉၀၂ | |
| ၅ | ၁၉၉၂ - ၉၃ | ၈၀၃၇၇၄ | |
| ၆ | ၁၉၉၃ - ၉၄ | ၉၇၀၂၁၂ | |

**ကိုးကားချက်များ**

၁။ ဘူးသီးတောင်မြို့နယ်ဖြစ်စဉ်မှတ်တမ်း(၁၉၆၇)မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီစာ-၁၃။
၂။ ပြည်တွင်းအခွန်များ ဦးစီးဌာနဘူးသီးတောင်မြို့၏ စာရင်းဇယားအချက်အလက်များ။

# အခန်း (၁၁)

# စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ

ဘူးသီးတောင်မြို့နယ်သည် ယခင်က ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ စီမံအုပ်ချုပ်ခဲ့သော မြို့နယ်ဖြစ်ခဲ့သည်။ ၁၉၇၇- ခုနှစ်မှစ၍ မိမိဝင်ငွေအပေါ် ရပ်တည်သော အဖွဲ့အဖြစ် ပြောင်းလဲလာခဲ့သည်၊ ၁၉၉၄ ခုနှစ် ဇန်နဝါရီလ(၁၁)ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်ကို စည်ပင်သာယာရေးအဖွဲ့ဥပဒေအာဏာ သက်ရောက်သော မြို့နယ်အဖြစ် သတ်မှတ်ခဲ့၏။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ တိုးချဲ့ဖွဲ့စည်းကာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့၏။

## (က) မြို့ပြစီမံကိန်းရေးဆွဲခြင်းလုပ်ငန်း

ဘူးသီးတောင်မြို့နယ်သည် ခရိုင်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြို့တွင်းရှိ လမ်းများအားလုံး ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ရေး၊ ရေပြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ နောင်အနှစ်(၂၀)တွင် တိုးတက်လာမည့် လူဦးရေကို မျှော်မှန်းပြီး၊ မြို့ကွက်သစ်များ တိုးချဲ့ရေး အိမ်သာများ စနစ်တကျ ဆောက်လုပ်ရေး၊ မြို့နှင့်ဈေးသန့်ရှင်းရေး မြို့လူထုများ ကျန်းမာစွာ နေထိုင်နိုင်ရေးတို့ကို မျှော်မှန်းပြီး မြို့ပြစီမံကိန်းလုပ်ငန်းများကို ရေးဆွဲထားရှိပါသည်။

## (ခ) မြို့ရေးပေးရေးလုပ်ငန်း

ဘူးသီးတောင်မြို့တွင် နွေရာသီရေရှားပါးမှုဒဏ်ကို ဖြေရှင်းနိုင်ရန်အတွက် ယခင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီလက်ထက် ၁၉၇၃ ခုနှစ်တွင် အမှတ်(၅)ရပ်ကွက်ရှိ အမှတ် ၂၇၀ အေ (ပြင်းတောင်ကွင်း)ရှိ တောင်ကြားချိုင့်ဝှမ်းများကို ပိတ်စို့ပြီး ရေလှောင်ကန်တစ်ကန် ဆည်ဖို့ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အား လွှဲပြောင်းပေးပြီး အဖွဲ့ရန်ပုံငွေဖြင့် ထိန်းသိမ်းစေသဖြင့် ၁၉၇၄ ခုနှစ်မှ နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်း၊ လိုအပ်သော ရေပိုက်များနှင့် ပိုက်ဆက်ပစ္စည်းများ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ ရေလှောင်ကန်သည် ရေဝပ်ဧရိယာ(၁၅)ဧကရှိပြီး ရေဂါလံသိန်းပေါင်း(၃၂၀)ကို သိုလှောင်ထားနိုင်ပါသည်။

၁၉၈၄ ခုနှစ်အောက်တိုဘာလ(၃)ရက်နေ့မှစ၍ မြို့တွင်းရေပေးသွယ်နိုင်ခဲ့သည်။ ယနေ့ထိ ရပ်ကွက်(၆)ရပ်ကွက်သို့ အများသုံးအုတ်ကန်(၂၈)ကန်နှင့် အိမ်တိုင်ရာရောက် ရေသွယ်မှု(၅၀)ဦးအား ရေးပေးနိုင်ခဲ့ပြီး နှစ်စဉ်တိုးချဲ့ပေးရန် စီစဉ်ထားရှိကြောင်း သိရပါသည်။

တိုးတက်လာမည့် မြို့လူဦးရေကို မျှော်မှန်းပြီး မြို့လူထုသောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် လက်ရှိရေလှောင်ကန်အပြင် နောက်ထပ်ရေလှောင်ကန် အသစ်တစ်ခု ၁၉၉၁ ခုနှစ်တွင် လူထုလုပ်အားဖြင့် ဆည်ဖို့ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့မှ ရေပိုမိုသိုလှောင်နိုင်ရန် ကန်ဘောင်များ အခိုင်အမာ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါရေလှောင်ကန်သည် ရေစစ်ဧရိယာ ၁၂. ၅၀ ဧကရှိပြီး ရေဂါလံသိန်းပေါင်း(၅၀၀) ခန့်သိုလှောင်ထားနိုင်မည်ဖြစ်ပါသည်။

## (ဂ) ကျန်းမာသန့်ရှင်းရေးလုပ်ငန်း

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းရေးလုပ်ငန်းကို သာမန်အဆင့်ဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး အမှိုက်သိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ သို့ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လက်ရှိသန့်ရှင်းရေးဝန်ထမ်းများဖြင့် ရေမြောင်းများ၊ ရေစီးရေလာကောင်းမွန်ရေးကို ဆောင်ရွက်ခြင်း၊ လမ်းဘေးခြုံနွယ်များ၊ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကျန်းမာရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။

(၁) ရေကောင်းရေသန့်များ ရရှိရေး
(၂) ယင်လုံအိမ်သာတည်ဆောက်ရေး
(၃) ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး

(၄) စားသောက်ဆိုင်များ ကြီးကြပ်ရေး

(၅) သားသတ်ရုံ၌ အသားရောင်းလုပ်ငန်းများ ကြီးကြပ်ရေး

(၆) စက်ရုံအလုပ်ရုံများ ကြီးကြပ်ရေးတို့ဖြစ်ပါသည်။

(ဃ) လမ်းမီးပေးရေးလုပ်ငန်း

ဘုးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်၊ လမ်းမီးပေးရေးလုပ်ငန်းကို ယခင်ဘုးသီတောင်မြို့နယ် ပြည်သူ့ကောင်စီ၏ တာဝန်ပေးချက်များအရ ၁၉၈၁-၈၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောင်ရွက်လာခဲ့ပါသည်။ လမ်းမီးခများကို မြို့လူထုထံမှ တစ်အိမ်ထောင်လျှင် တစ်လ ၅၀ပြားနှုန်း ကောက်ခံပြီး ကျသင့်သောမီးခများကို မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းသို့ ပေးချေလျက်ရှိပါသည်။ ယခုအခါ ဘုးသီးတောင်မြို့သည် စည်ပင်သာယာဥပဒေ အာဏာသက်ရောက်လာသဖြင့် လမ်းမီးခွန်ကို တစ်နှစ်ငှားခ ၁%နှုန်းကောက်ခံရန် စီမံဆောင်ရွက်ထားပါသည်။ ဓာတ်အားလိုင်းများ တိုးချဲ့ရေး၊ စနစ်တကျ သွယ်တန်းရေး၊ ဓာတ်အားပိုမိုရရှိရေးတို့ကို မြို့နယ်လျှပ်စစ်ဓာတ်လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိပါသည်။

(င) ဈေးလုပ်ငန်း

ဘုးသီးတောင်မြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေး-၂ဈေးနှင့် ကိုယ်ပိုင်ဈေး ၁၂ ဈေးရှိပါသည်။ ၎င်းတို့မှာ

<u>စည်ပင်သာယာအဖွဲ့ပိုင်ဈေးများ</u>

၁ ဘုးသီးတောင်ဈေး

၂ တောင်ဘဇာဈေး (ယင်းမဈေး)

<u>ကိုယ်ပိုင်ဈေးများ</u>

၁ ဘဒကားဈေး

၂ ပန်ဇီဈေး

၃ ကျောင်းတောင်ဈေး

၄ ထီးလှဈေး

၅ ငကျဉ်တောက်ဈေး(အောင်လံပြင်)

၆ ဖောင်တော်ပြင်ဈေး (ကျွဲအိုးကျိုင်)

၇ ဖုံညိုလိပ်ဈေး

၈ စိမ်းညှင်းပြားဈေး

၉ ညောင်ချောင်းဈေး

၁၀ ပြင်ချောင်းဈေး

၁၁ ဘဒနာဈေး

၁၂ မောင်ကြီးထောင့်ဈေး တို့ဖြစ်ကြသည်။

ဘုးသီးတောင်မြို့မဈေး

ခရစ် ၁၉၀၈ ခုနှစ်တွင် ဘုးသီးတောင်မြို့ကို မြို့အဖြစ် သတ်မှတ်ခဲ့ရာ မြို့ပေါ်တွင် နေ့စဉ်ဈေးတစ်ခု ရှိခဲ့ပါသည်။ ထိုဈေးမှာ ယခုအမှတ်(၂)ရပ်ကွက်၊ အလက(၃)အဆောက်အဦး၏ အနောက်နှင့်မြောက်ဘက် လူနေအိမ်များ နေရာ၌ တည်ရှိခဲ့၏။ ဒုတိယကမ္ဘာစစ်တွင် စစ်ဒဏ်ကြောင့် ဈေးအဆောက်အဦးများ ပျက်စီးခဲ၏။

စစ်ပြီးခေတ် နောက်ပိုင်း ထိုဈေးဟောင်းနေရာတွင် မထားရှိတော့ဘဲ (၇)ရပ်ကွက် မီးရထားဆိပ်သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုဈေးမှာ ယခု ဦးမောင်ကြီးနေအိမ်(နိုင်တည်းခိုခန်း)တည်ရှိရာ အိမ်စဉ်တလျှောက်၌ တည်ရှိခဲ့၏။ ၁၉၅၃ ခုနှစ်လောက် ဈေးအဆောက်အဦး မီးလောင်ပျက်စီးခဲ့ရသည်။ ထို့နောက် လက်ရှိ မြို့မဈေးတည်ရှိရာသို့ ရွှေ့ပြောင်းခဲ့၏။ မူလက ဈေးအဆောက်အဦး အခိုင်ခန့်မှု မရှိခဲ့ပေ။

၁၉၉၁-ခု ဖေဖော်ဝါရီလမှစတင်၍ မြို့အင်္ဂါရပ်နှင့် ညီညွတ်သော ဆိုင်ခန်းများဖြစ်ပေါ်လာစေရေးအတွက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်စေခဲ့ရာ ၁၉၉၁-ခုနှစ် ဩဂုတ်လအတွင်း အောက်ပါအဆောက်အဦးများကို ပြီးစီးနိုင်ခဲ့ပါသည်။

ဆိုင်ခန်းပေါင်း

(၁) ၂၂ ခန်း
(၂) ၂၆ ခန်း
(၃) ၂၅ ခန်း
(၄) ၃၂ ခန်း
(၅) ၃၂ ခန်း

ယခုအခါ မြို့မဈေးတွင် ဈေးရုံ(၁၈)ရုံရှိပြီး ဆိုင်ခန်းပေါင်း (၄၈)ခန်းရှိပါသည်။ ကျန်ရှိသော ဆိုင်ခန်းများကို ခိုင်ခန့်သော အဆောက်အဦး ဖြစ်ပေါ်ရေးအတွက် စီမံဆောင်ရွက်လျက် ရှိပါသည်။ ဘူးသီးတောင်မြို့ပေါ်တွင် နေ့စဉ်ဈေးရှိသော်လည်း တနင်္လာနေ့နှင့် ကြာသပတေးနေ့ကို ဈေးနေ့များအဖြစ် သတ်မှတ်ထားရှိ၏။ ယခုအခါ တပ်ရင်းတပ်ဖွဲ့ မိသားစုများ၏ အားလပ်ရက်တွင် ဈေးဝယ်နိုင်ရန် မျှော်မှန်းပြီး တနင်္လာနေ့အစား တနင်္ဂနွေနေ့ကို ဈေးနေ့အဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။

ဈေးနေ့တွင် ဈေးအတွင်းရှိ ဈေးဆိုင်များအားလုံး ဖွင့်လှစ်ရောင်းချတတ်၏။ ဘူးသီတောင်တစ်မြို့နယ်လုံးရှိ ဈေးဝယ်လိုသူများမှာ ဘူးသီးတောင်မြို့သို့ ဈေးလာရောက်ကြသဖြင့် အကြီးအကျယ်တိုးတက်စည်ကားလျက် ရှိ၏။ ၁၉၈၉ ခုနှစ် ဇွန်လတွင် လက်ရှိဈေး၏ အရှေ့မြောက်ဘက်တွင် တိုးချဲ့ဈေးသစ်ကို ဖွင့်လှစ်တည်ဆောက်ခဲ့ပါသည်။ ယင်းဈေးသစ်တွင် အခိုင်အမာ အဆောက်အဦးမှာ သစ်၊ ဝါးများဖြင့်ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။

အလားတူစွာပင် ဘူးသီးတောင်မြို့နယ်လုံးရှိ စည်ပင်သာယာဈေးနှင့် ကိုယ်ပိုင်ဈေးများတွင်လည်း သက်ဆိုင်ရာဈေးနေ့ရက်များကို သတ်မှတ်ထားရှိ၏။

| **ဈေးအမည်** | **ဈေးနေ့များ** |
|---|---|
| တောင်ဘဇာဈေး (ယင်းမဈေး) | စနေ၊ အင်္ဂါနေ့ |
| စေတီတောင်ဈေး | တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| ညောင်ချောင်းဈေး | စနေ၊ အင်္ဂါနေ့ |
| ဇင်းခါမဈေး | တနင်္လာ၊ ကြာသပတေး |
| ဖုံညိုလိပ်ဈေး | စနေ၊ အင်္ဂါနေ့ |
| စိမ်းညှင်းပြားဈေး | တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| စိုင်းဒင်ဈေး | တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| ဖောင်တော်ပြင်ဈေး | အင်္ဂါ၊ သောကြာ |
| ဂုပီဈေး | ကြာသပတေး၊ ဏနေ |
| ကျောင်းတောင်ဈေး | တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| ဘဒကားဈေး | စနေ၊ အင်္ဂါနေ့ |

တို့ဖြစ်ကြ၏။

(စ) သားသတ်လုပ်ငန်း

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်လုပ်ငန်းလိုင်စင် ၁၁ ခု ရှိပါသည်။ ၎င်းတို့မှာ

၁ မြို့ကွဲ၊ နွား သားသတ်လိုင်စင်
၂ မြို့ဆိတ် သားသတ်လိုင်စင်
၃ မြို့မဝက်သတ် သားသတ်လိုင်စင်

၄ တောင်ဘဖာ၊ ကျွဲ၊ နွား သားသတ်လိုင်စင်
၅ ဖောင်တော်ပြင်ကျွဲ၊ နွား သားသတ်လိုင်စင်
၆ သိန်တောင်ကျွဲ၊ နွား သားသတ်လိုင်စင်
၇ စိမ်းညှင်းပြား ကျွဲ၊ နွား သားသတ်လိုင်စင်
၈ ဖုံညိုလိပ် ကျွဲ၊ နွား သားသတ်လိုင်စင်
၉ ညောင်ချောင်း ကျွဲ၊ နွား သားသတ်လိုင်စင်
၁၀ ညောင်ချောင်းဆိတ် သားသတ်လိုင်စင်
၁၁ စေတီတောင်ကျွဲများ သားသတ်လိုင်စင် တို့ဖြစ်ကြသည်

(ဆ) ကူးတို့လုပ်ငန်းများ

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကူးတို့ ၈ ခု ရှိရာ အဆိုပါကူးတို့များကို လိုင်စင်ချပေးထားပါသည်။ ၎င်းတို့မှာ-

၁ ဘူးသီးတောင်ကူးတို့
၂ ဦးလှဖေကူးတို့
၃ စိုင်းဒင်ကူးတို့
၄ စိုင်းဒင်ကူးတို့
၅ ဖောင်တော်ပြင်ကူးတို့
၆ တောင်ဘဇာကူးတို့
၇ ဘိုကြီးချောင်းကူးတို့
၈ ပြင်လှကူးတို့ တို့ဖြစ်ပါသည်။

(ဇ) အပေါင်ဆိုင်လုပ်ငန်း

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အပေါင်ဆိုင်(၃)ခုရှိရာ နှစ်စဉ်ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချလေ့ရှိပါသည်။ ယင်းတို့မှာ-

(၁) မြို့မအပေါင်ဆိုင်
(၂) တောင်ဘဇာအပေါင်ဆိုင်
(၃) ဖုံညိုလိပ်အပေါင်ဆိုင်တို့ဖြစ်ကြ၏။ အပေါင်ဆိုင်လုပ်ငန်းကို သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိ/မရှိ အခါအားလျော်စွာ ရှောင်တခင် ဝင်ရောက်စစ်ဆေးလေ့ ရှိပါသည်။

(ဈ) အနေးယာဉ်ကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်း

ဘူးသီးတောင်မြို့နယ်တွင် အနေးယာဉ်အဖြစ် ဆိုက်ကားများသာ သွားပါသည်။ အဆိုပါ ဆိုက်ကားများကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၀ပြည့်နှစ် ဇူလိုင်လ၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးနယ်နမိတ်အတွင်း အငှားပြေးဆွဲသည့် ဆိုက်ကားယာဉ်များကို ကြီးကြပ်စီမံခန့်ခွဲရန် စည်းကမ်းများဖြင့် ကြီးကြပ်လျက်ရှိသည်။ စည်းကမ်းမလိုက်နာသော ဆိုက်ကားများကို စည်ပင်သာယာရေးအဖွဲ့ဥပဒေအရ အရေးယူဆောင်ရွက်လျက် ရှိပါသည်။ ယခုလက်ရှိဆိုက်ကားယာဉ်မှာ ၁၂၀ စီးရှိ၍ နင်းသူမှာ ၁၃၀ ဦး ရှိပါသည်။

(ည) တည်းခိုခန်းများ ဖွင့်လှစ်ခြင်းတို့ ကြီးကြပ်ခြင်း။

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တည်းခိုခန်းများ ဖွင့်လှစ်ခြင်း၊ ကြီးကြပ်ခြင်းအတွက် စည်းကမ်းရေးဆွဲခြင်း မရှိသေးသော်လည်း မြို့၏လိုအပ်ချက်အရ တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုထားပါသည်။ ယခုလက်ရှိ ဖွင့်လှစ်ခွင့်ပြုထားသည့် တည်းခိုခန်း(၄)ခုရှိရာ ၎င်းတို့မှာ

(၁) နိုင်တည်းခိုခန်း
(၂) 'သိန်း'တည်းခိုခန်း
(၃) ပန်းစပါယ်တည်းခိုခန်း
(၄) မိသားစုတည်းခိုခန်း တို့ဖြစ်ပါသည်။

အခွန်စည်းကြပ်ကောက်ခံခြင်းလုပ်ငန်း

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အောက်ပါအခွန်အခများကို စည်းကြပ်ကောက်ခံလျက်ရှိပါသည်။

(က) ဘီးခွန်
(ခ) ဘီးကောက်၊ ဈေးကောက်၊ သားသတ်ကောက်
(ဂ) ဈေးဆိုင်ခန်းများ ငှားရမ်းခ၊ မြေနှင့်အဆောက်ငှားရမ်းခ အပေါင်ဆိုင်၊ ကူးတိုးစားသောက်ဆိုင်။
(ဃ) သားသတ်လုပ်ငန်းတို့ ဖြစ်ကြသည်။

**<u>ကိုးကားချက်</u>**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဘူးသီးတောင်မြို့၏လုပ်ငန်းမှတ်တမ်းများ။

## အခန်း(၁၂)

## ပညာရေး

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ရှေးဦးစွာ ဗုဒ္ဓဘာသာထွန်းကားသော ဒေသဖြစ်ခဲ့သည်။ ပုဂံခေတ်မတိုင်မီကပင် ရခိုင်ပြည်နယ်၌ စာပေအရေးအသား ပေါ်ပေါက်ခဲ့သည်။ ပုဂံပြည်သို့ မြန်မာအက္ခရာစာပေများကို ရခိုင်ကတသွယ်၊ သထုံမှတစ်ကြောင်း ယူဆောင်လာခဲ့သည်။[၁] ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာသာသနာနှင့် စာပေယဉ်ကျေးမှုတို့သည် သရေခေတ္တရာ၊ သုဝဏ္ဏဘုံမိခေတ်တို့နှင့် ခေတ်ပြိုင်သော်လည်းကောင်း၊ ထိုခေတ်များထက်စော၍လည်းကောင်း ထွန်းကားခဲ့ကြောင်း တွေ့ရသည်။

ရှေးက ရခိုင်ပြည်၏ စာတတ်မြောက်မှုနှုန်းမှာ (၁၈၂၅)ခုနှစ်မတိုင်မီနှင့် (၁၈၂၆ မှ ၁၈၈၅)ခုနှစ်အကြား ကာလများတွင် မြန်မာနိုင်ငံ၌သော်လည်းကောင်း၊ အရှေ့တောင်အာရှ၌သော်လည်းကောင်း ထိပ်ဆုံးမှ နေခဲ့သည်။[၂]

မြန်မာနိုင်ငံ၌ ထီးပြိုင်နန်းပြိုင်ဘုရင်များခေတ်တွင် ဘုန်းကြီးကျောင်းပညာရေးစနစ်နှင့် များစွာမကွာခြားလှပေ။ ဘုန်းတော်ကြီးကျောင်းများသည် ကျယ်ဝန်းသော အဆောက်အဦးနှင့် ပစ္စည်းပစ္စယစုံလင်သောကြောင့် ကျောင်းသားများကို လက်ခံသင်ကြားနိုင်ခဲ့သည်။ ထိုခေတ်အခါက မင်းမှုထမ်းများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် ဘုန်းကြီးကျောင်းပညာရေးနှင့် လုံလောက်သည်။ သင်ကြားပေးသည့် ဘာသာရပ်မှာ အရေး၊ အဖတ်၊ အတွက် အခြေခံပညာ၊ လောကုတ္တရာစာပေ၊ လောကီပညာရပ်များ ဖြစ်ခဲ့ပေသည်။ အခြေခံပညာ၌ သင်ပုန်းကြီး၊ မင်္ဂလာသုတ်၊ ပရိတ်ကြီး၊ နမက္ကရာအောင်ခြင်းရှစ်ပါး စသည့်ဘာသာရေး စာပေများ၊ လူ့လောက ဆုံးမစာများ၊ လောကနိတိ၊ ရာဇနိတိစသော ကျမ်းဂန်များအထိ သင်ကြားပေးခဲ့သည်။ လောကုတ္တရာစာပေ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများ၊ ကဗျာလင်္ကာ၊ အဘိဓါန် စသည်တို့ဖြစ်၏။ လောကီပညာရပ်များတွင် ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ဂဏန်းကျမ်းနှင့် လက်မှုပညာရပ်များ၊ နှုတ်မှုပညာရပ်များကို သင်ကြားပေးသည်။

ခရစ်(၁၈၂၆)ခုနှစ် အင်္ဂလိပ်၊ မြန်မာပထမစစ်ပွဲအပြီး ရခိုင်ပြည်နယ်သည် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရသည်။ ထိုအချိန်မှစ၍ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို အထောက်အကူပြုသည့် ပညာရေးစနစ် ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်က မြို့များတွင် သာမက ကျေးရွာများတွင်ပါ အတန်းကျောင်း (    )ကို တည်ထောင်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ကိုလိုနီပညာရေးသင်ရိုးမာတိကာကို လက်ခံသည့်ကျောင်းတွင် အောင်ချက်စနစ် ( )ကို ကျင့်သုံးစေခြင်းဖြင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း၊ ကွမ်းထောက်ပံ့ခဲ့သည်။ သို့ရာတွင် ရေရှည်မနှစ်သက်ကြသောကြောင့် ဘုန်းတော်ကြီးကျောင်းများတွင် အတန်းပညာသင်ကြားမှု ဆိတ်သုဉ်းသွားသည်။

ကျေးရွာများရှိ အတန်းကျောင်းတွင် အောင်ချက်စနစ်ကို ကျင့်သုံးခဲ့သည်။ အောင်ချက်စနစ်ဆိုသည်မှာ ကျောင်းသားများ နယ်လှည့်ဆရာက လာရောက်စစ်ဆေး၍ အအောင်ပေးသောစနစ်ဖြစ်သည်။ စစ်ဆေး၍အောင်မြင်သော ကျောင်းသားဦးရေကိုမူတည်၍ အတန်းလိုက် တပည့်ဦးရေနှင့် သတ်မှတ်ပြီး သင်ပြသော ဆရာအား ထောက်ပံ့ပေးသည်။ ယင်းစနစ်သည် ပီတောဒန်အမည်ရှိပုဂ္ဂိုလ်အား ပညာမင်းကြီး စတင်ခန့်သည်အခါ၌ ပျက်ပြားသွားသည်။ ထိုနောက် ဌာနစနစ်(    )ပေါ်ပေါက်လာကာ ပညာမင်းကြီး (    )လည်း ခန့်ထားခဲ့သည်။ ထိုအချိန်မှစ၍ ကျောင်းများကို (၁) အင်္ဂလိပ်စာသင်ကျောင်း (၂) အင်္ဂလိပ်-မြန်မာစာသင်ကျောင်း၊ (၃)တိုင်းရင်းဘာသာကျောင်းဟူ၍ ခွဲခြားဖွင့်လှစ်ခဲ့သည်။

ခရစ် (၁၉၀၇)ခုနှစ်တွင် ဘူးသီးတောင်မြို့ပေါ်၌ မြန်မာစာသင် မူလတန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုကျောင်းမရှိမီက ဆရာကြီး ဦးသူတော်ဖြူ၏ရွာကျောင်း(အိမ်ကျောင်း)၌ ပညာသင်ကြားကြရသည်။ ဦးသူတော်ဖြူ ကျောင်းဖွင့်လှစ်ခဲ့သည့်နေရာမှာ (ယခုအမှတ် ၃-ရပ်ကွက် ဦးမောင်ဖြူကြီးနေအိမ်ရာတွင် ဖြစ်သည်။[၃]

ဘူးသီးတောင်မြို့ပေါ်တွင် (၁၉၀၉)ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် (    )ခေါ် စံပြကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် အမှတ်(၇)ရပ်ကွက် တောင်ကုန်းပေါ်၌ မယ်သီလရှင်ကျောင်းတစ်ခုလည်း ဖွင့်လှစ်ခဲ့သည်။ ယင်းကျောင်းမှာ (၁၀)နှစ်ကျော်ကြာပြီးနောက် မီးလောင်၍ ပျက်စီးခဲ့ရသည်။[၂] (၁၉၁၂)ခုနှစ်တွင် စိန့်အန်ကွန်ဗင့် (အ. ရ ယသည-လနညအ) အင်္ဂလိပ်မြန်မာအလယ်တန်းကျောင်းတစ်ကျောင်းကို ခရစ်ယန်သာသနာပြုအဖွဲ့မှ တည်ထောင်ခဲ့သည်။[၄] ဘူးသီးတောင်မြို့အဖြစ် သတ်မှတ်သောအခါ (၇)တန်းအထိ ပညာသင်ကြားနိုင်သော အလယ်တန်းကျောင်းတစ်ခုကို ဖွင့်လှစ်ပြီးဖြစ်သည်။ ယင်းကျောင်းအဆောက်အဦးမှာ အမှတ်(၃)ရပ်ကွက် (ယခု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)အနီးမြေနေရာတွင် ဖြစ်သည်၊ အလယ်တန်းကျောင်းတွင် စစ်ကြိုခေတ်က ကျောင်းသားအတော်အသင့် တိုးတက်နေပြီး ဖြစ်ကြောင်းတွေ့ရသည်။ အလယ်တန်းကျောင်းတွင် စစ်ကြိုခေတ်က ကျောင်းသားအတော်အသင့်တိုးတက်နေပြီး

ဖြစ်ကြောင်း တွေ့ရသည်။ (၁၉၄၀-၄၁)ခုနှစ်ခန့်တွင် ကျောင်းသား(၃၀၀)အထိ တိုးတက်လာ။ သို့ရာတွင် ဘင်္ဂလီလူမျိုးကျောင်းသားများအနက် ထိုခေတ်က ပညာသင်ကြားဖူးသူများမှာ အောက်ပါကျောင်းသားများသာ ဖြစ်ကြသည်။

(၁) ရှုနာများ (ကကျဘက်ရွာ) နေထိုင်ခဲ့သူ
(၂) အာမီတူဆောင်း(ဘကိုးနားရွာ) နေထိုင်ခဲ့သူ
(၃) ရှာလောမ်(လက်ဝဒက်ပြင်ရှည်ရွာ) နေထိုင်ခဲ့သူ
(၄) အဒူဟာလိမ်(လက်ဝဲဒက်ပြင်ရှည်ရွာ) နေထိုင်ခဲ့သူ
(၅) ရှော်ဖီရော်မန်(တပ်မျှင်းချောင်းရွာ)နေထိုင်ခဲ့သူ
(၆) ဆွေတာဘော်(တပ်မင်းချောင်းရွာ) နေထိုင်ခဲ့သူ
(၇) မဆိဒီ(တပ်မင်းချောင်းရွာ) နေထိုင်ခဲ့သူ
(၈) ကာလာ(နန်းရာကုန်းရွာ) နေထိုင်ခဲ့သူ
(၉) မူဇာဖော့ရ်(ငရန့်ချောင်းရွာ) နေထိုင်ခဲ့သူ
(၁၀) အမည်မမှတ်မိသူ (၁)ဦး၊ (ခွဆုံရွာ)တွင် နေထိုင်ခဲ့သူတို့သာ ဖြစ်ကြောင်း တွေ့ရ၏။

ထိုအချိန်က ကျောင်းအုပ်ဆရာကြီးမှာ ဦးလှထွန်းဦးဖြစ်သည်။ အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင်ကျောင်းဖြစ်ရာ အင်္ဂလိပ်စာကို ဦးကျော်လှဦးက သင်ပြသည်။ ဆရာစုစုပေါင်း (၉)ဦးရှိပြီး အတန်းတစ်တန်းလျှင် ဆရာတစ်ဦးကျ သင်ပြသည်။ အင်္ဂလိပ်စာပြဆရာမှာ သူငယ်တန်းမှစ၍ အတန်းတိုင်းတွင် ပြသရသည်။ ထိုကျောင်းအဆောက်အဦးသည် ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့ရ၏။

စစ်ပြီးခေတ်မတိုင်မီက ဘူးသီးတောင်မြို့နယ်တွင် တည်ရှိခဲ့သော အစိုးရမူလတန်းကျောင်းများမှ ကြာညိုပြင်မူလတန်းကျောင်း၊ သပိတ်တောင် မူလတန်းကျောင်းတို့ ဖြစ်ကြသည်။ (၁၉၄၁-၄၂)ခုနှစ်တွင် ကြာညိုပြင်မူလတန်းကျောင်းကို အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ခဲ့သည်။[၁]

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဘူးသီးတောင်မြို့ပေါ်တွင် အလယ်တန်းကျောင်းအဆင့်ပင်မရှိ ဖြစ်ခဲ့သည်။ ထိုစဉ်က ကျောင်းဖွင့်လှစ်ခဲ့သည့်နေရာမှာ ကကျဘက်ကံပြင်ကျေးရွာအနီး မောင်နီရွာတောင်ကုန်းပေါ်တွင် ဖြစ်သည်။ ထိုကျောင်းရှိ ကျောင်းသားအားလုံးလိုလိုမှာ ဘင်္ဂလီလူမျိုးများ ဖြစ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် နိုင်ငံရေးခေါင်းဆောင် ဦးစံထွန်းအောင်နှင့် ကျောင်းဆရာကြီးများဖြစ်သော ဦးလှထွန်းဦး၊ ဦးသာထွန်းအောင်တို့၏ စီစဉ်မှုကြောင့် ဘူးသီးတောင် မြို့ပေါ်တွင် မူလတန်းကျောင်းတစ်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုစဉ်က ကျောင်းတည်ရှိခဲ့သည့်နေရာမှာ ဘူးသီးတောင်မြို့ အမှတ်(၂)ရပ်ကွက် (ယခု ခဝတရုံးရှေ့ လမ်းတစ်ဘက်မှ ရဲတန်းလျားလူနေအိမ်များ တည်ရှိရာထန်းပင်အောက်)နေရာတွင်ဖြစ်၏။ အဆောက်အဦးမှာ ယာယီအဆောက်အဦးသာဖြစ်၏။ ကျောင်းအုပ်ဆရာကြီးမှာ ဦးဆွေယော့အာမတ်ဖြစ်သည်။ အလယ်တန်းပြဆရာများမှာ ဦးမောင်မောင်ကြီး၊ ဦးကာဆိမ်၊ ဦးဘဦး ဦးဦးသာထွန်းတို့ ဖြစ်ကြသည်။ မူလတန်းပြဆရာများမှာ ဦးမောင်ဘန်း၊ ဦးစိန်အောင်ကျော်၊ ဦးဘိုးခင်၊ ဦးမောင်ကျော်ခိုင်နှင့် ဒေါ်စောသာတို့ ဖြစ်ကြသည်။

ထို့နောက် ၎င်းကျောင်းကို မူလက အလယ်တန်းကျောင်းတည်ရှိခဲ့ရာနေရာသို့ ပြောင်းရွှေ့ခဲ့ပြန်သည်။ ပြန်လည်ဆောက်လုပ်သော အဆောက်အဦးမှာ မြေတိုင်၊ ဝါးထရံကာ သစ်သားတိုင်ဖြစ်သည်။ အဆောင်သုံးခုရှိ၏။ စာသင်ဆောင်နှစ်ခုမှာ အင်္ဂလိပ်အက္ခရာ (အိုင်)ပုံသဏ္ဌာန်ရှိသည်။ ကျောင်းအုပ်ဆရာကြီး ရုံးခန်းမှာ အင်္ဂလိပ်အက္ခရာ(တီ)ပုံသဏ္ဌာန်ရှိသည်။

(၁၉၅၂)ခုနှစ်အရောက်တွင် ထိုကျောင်းကို အလယ်တန်းကျောင်းအဆင့်မှ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ (၁၉၆၁-၆၂)ခုနှစ်တွင် မေယုနယ်ခြားကာလ၌ အမှတ်(၁)ရပ်ကွက်သည် ကျူးကျော်ဝင်ရောက်လာသူတို့၏ နေအိမ်များဖြင့် ပြည့်နှက်ကာ စည်းမဲ့ကမ်းမဲ့ ဖြစ်နေကြ၏။ ထို့ကြောင့် ဘူးသီးတောင်မြို့တွင် တာဝန်ထမ်းဆောင်နေသော နယ်ခြားဝန်ထောက် ဗိုလ်ကြီးလဆန်ထူးနှင့် မြေတိုင်းဌာနမှ မြို့မမြေတိုင်းစာရေး ဦးဘိုးထွန်းဦးတို့က စနစ်တကျအကွက်ချပေးခဲ့ရာကို မြေကွက်၌ အထက်တန်းကျောင်း အဆောက်အဦးမြေနေရာပါ သတ်မှတ်ခဲ့သည်။ အထက်တန်းကျောင်း အဆောက်အဦးကို အောင်ချမ်းသာ ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့သည်။

(၁၉၆၄)ခုနှစ်တွင် မေယုလမ်းရှိ (ယခုမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)နေရာ အဆောက်အဦးမှ လက်ရှိအထက်တန်းကျောင်းနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ အထက်တန်းကျောင်းပိုင်မြေဧရိယာမှာ(၈-၇၈)ဧကရှိပြီး စပါးစိုက်ပျိုး

မြေ(၆)ဧက၊ ကျောင်းအဆောက်အဦးနှင့် အားကစားကွင်းမြေ (၂. ၇၈)ဧကရှိသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် (၁၉၉၀-၉၁) ခုနှစ်က အတွင်းရေးမှူး (၂)နှင့် ဝန်ကြီးများ၏ နယ်လှည့်ခရီးစဉ်တွင် ခွင့်ပြုချက်ဖြင့် (၈)ခန်းတွဲအဆောက်အဦးသစ်ကို တိုးချဲ့ကျောင်းဆောင်သစ်အဖြစ် တည်ဆောက်နိုင်ခဲ့သည်။

ဘူးသီးတောင်မြို့ မြို့မအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ခံဆရာကြီး စုစုပေါင်း(၁၆)ဦးတို့က တာဝန်ထမ်းဆောင်ခဲ့ကြသည်။ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီးများ၏အမည်၊ ပညာအရည်အချင်း၊ တာဝန်ထမ်းဆောင်ချိန်ကာလများကို အောက်ပါအတိုင်း တွေ့ရသည်။

<u>ဘူးသီးတောင်မြို့ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီးများစာရင်း</u>

| စဉ် | ဆရာကြီးအမည် | ပညာအရည်အချင်း | တာဝန်ထမ်းဆောင်ချိန် | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ဦးဆွေယောအာမက် | ဖတ်မရပါ | ၁၉၅၂ | ၁၉၅၅ |
| ၂ | ဦးဖူရုက်အာမတ် | | ၁၉၅၆ | ၁၉၅၇ |
| ၃ | ဦးဆွေယောအာမက် | | ၁၉၅၈ | ၁၉၆၂ |
| ၄ | ဦးဟူဆိန်းကာဆိမ်း | | ၁၉၆၃ | ၁၉၆၄ |
| ၅ | ဦးတင်မောင် | | ၁၉၆၅ | ၁၉၆၇ |
| ၆ | ဦးဘဟိန်း | | ၁၉၆၈ | ၁၉၇၁ |
| ၇ | ဦးခင်မောင်သန်း | | ၁၉၇၂ | ၁၉၇၄ |
| ၈ | ဦးကံကြီးအောင် | | ၁၉၇၄ | ၁၉၇၆ |
| ၉ | ဦးအောင်ထွန်းလှိုင် | | ၁၉၇၆ | ၁၉၈၁ |
| ၁၀ | ဦးစံရွှေမောင် | | ၁၉၈၁ | ၁၉၈၄ |
| ၁၁ | ဦးချမ်းသာ | | ၁၉၈၄ | ၁၉၈၆ |
| ၁၂ | ဦးညိုလှဖြူ | | ၁၉၈၆ | ၁၉၈၉ |
| ၁၃ | ဦးကျော်ခိုင် | | ၁၉၈၉ | ၁၉၉၀ |
| ၁၄ | ဦးထွန်းအောင်ဖြူ | | ၁၉၉၀ | ၁၉၉၁ |
| ၁၅ | ဦးသိန်းမြင့် | | ၁၉၉၁ | ၁၉၉၄ |
| ၁၆ | ဦးဘအေး | | ၁၉၉၄ | ယခုထိ |

**ဘူးသီးတောင်မြို့နယ်စာစစ်ဌာန**

ဘူးသီးတောင်မြို့ပေါ်တွင် အစိုးရအထက်တန်းကျောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း နှစ်အတန်ကြာသည့်တိုင်အောင် စာစစ်ဌာန ဖွင့်လှစ်နိုင်မှုမရှိခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် ဘူးသီးတောင်မြို့နယ်မှ ကျောင်းသူကျောင်းသားများ အနေဖြင့် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ၊ သတ္တမတန်း၊ အဋ္ဌမတန်းအစိုးရစစ်စာမေးပွဲများ၊ စတုတ္ထတန်းစကောလာရှစ်( )နှင့် သတ္တမတန်း စကောလာရှစ်စာမေးပွဲများကို အများအားဖြင့် မောင်တောစာစစ်ဌာနတွင် သွားရောက်ဖြေဆိုကြရသည်။

ကျောင်းသားကျောင်းသူများအနေဖြင့် အခြားနေရာသို့ သွားရောက်ဖြေဆိုရာတွင် စရိတ်ကုန်ကျမှု၊ စာမေးပွဲနီးမှ အနီးကပ်သွားရောက်ကြရမှု၊ တည်းခိုနေထိုင်ရေး အခက်အခဲရှိမှုတို့ကြောင့် များစွာဒုက္ခရောက်ခဲ့ကြရသည်။ ယင်းအခက်အခဲများကြောင့် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြရသော ကျောင်းသားကျောင်းသူများအဖို့ မျှော်မှန်းသလောက်အဆင့်မရောက်နိုင်ခဲ့ကြပေ။

ထို့ကြောင့်ပထမအကြိမ် ပြည်သူ့ကောင်စီသက်တမ်း၌ ဘူးသီးတောင်မြို့နယ် ပါတီယူနစ်စည်းရုံးရေးကော်မတီ၊ မြို့နယ်အလုပ်သမားအစည်းအရုံးမှ ဦးသာနိုးအောင် (ယခု မူလတန်းကျောင်းအုပ်ဆရာကြီး)က ပါတီယူနစ်ဥက္ကဌ ဦးဘထွေးအား ဘူးသီးတောင်မြို့နယ် စာစစ်ဌာနဖွင့်လှစ်ရရှိမှုအတွက် ပြည်သူ့လွှတ်တော်အစည်းအဝေးတင်ပြပေးရန် အဆိုင်ပြုချက် တင်သွင်းခဲ့ပါသည်။ ထို့ပြင် တဘက်မှလည်း ဗဟိုအလုပ်သမားအစည်းအရုံးသို့ ပေးပို့သည် လစဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြတင်ပြခဲ့ပါသည်။ ထို့ကြောင့် (၁၉၇၇)ခုနှစ်တွင် ဘူးသီးတောင်မြို့ အထက်တန်းကျောင်း၌ အပထစာစစ်ဌာန ရရှိဖွင့်လှစ်နိုင်ခဲ့ပါသည်။

**နှစ်စဉ်ပညာရေးတိုးတက်မှုအခြေအနေ**

ဘူးသီတောင်မြို့နယ်တွင် တော်လှန်ရေးကောင်စီခေတ်မှစ၍ နှစ်စဉ်ပညာရေးအခြေအနေတိုးတက်မှု ရှိလာကြောင်း တွေ့ရသည်။ (၁၉၆၈)ခုနှစ်အရောက်တွင် ဘူးသီးတောင်မြို့နယ်၌ အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းကျောင်း (၆၃)ကျောင်းအထိ တိုးတက်လာခဲ့သည်။[၁] နှစ်စဉ်လိုလိုပင် ကျောင်းသစ်များ ဖွင့်လှစ်ခြင်း၊ ဆရာ၊ ဆရာမများ ဖြည့်တင်းခန့်ထားခြင်းများ ရှိခဲ့သည်။

သို့ရာတွင် မြို့နယ်ပညာရေးမှူးရုံးရှိ မှတ်တမ်းများအရ ကျောင်းသစ်များဖွင့်လှစ်မှု၊ ဆရာ၊ ဆရာမများဖြည့်တင်းခန့်ထားမှုကို နှစ်အလိုက် အထောက်အထားပြုစု ထားရှိမှုမရှိခဲ့ကြောင်း တွေ့ရပါသည်။

မြို့နယ်ပညာရေးမှူးရုံးရှိ လက်လှမ်းမှီရာ စုစည်းထောက်ခံရရှိသော စာရင်းဇယားများအရ နှစ်အလိုက် တိုးတက်လာသောကျောင်းများ၊ ဆရာ၊ ဆရာမအင်အား၊ ကျောင်းသား၊ ကျောင်းသူများအခြေအနေကို အောက်ပါအတိုင်း တွေ့ရပါသည်။

<u>ဘူးသီးတောင်မြို့နယ်ပညာရေးအခြေအနေကို နှစ်အလိုက်အခြေပြဇယား</u>

<u>(၁၉၈၈ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ကာလအတွင်း)</u>

| စဉ် | ခုနှစ်၊ ကျောင်းအမည် | ဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျောင်း ပေါင်း | ကျောင်းသား ပေါင်း | ဆရာမ ပေါင်း | |
| ၁ | <u>၁၉၈၈ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၄၂၁ | ၄၁ | |
| | အထက်တန်းကျောင်း | ၅ | ၂၅၆၁ | ၈၆ | |
| | မူလတန်းကျောင်း | ၁၁၅ | ၉၂၉၁ | ၂၀၀ | |
| ၂ | <u>၁၉၈၉ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၂၆၁ | ၃၇ | |
| | အထက်တန်းကျောင်း | ၅ | ၂၉၈၁ | ၈၄ | |
| | မူလတန်းကျောင်း | ၁၁၅ | ၉၄၃၈ | ၂၁၂ | |
| ၃ | <u>၁၉၉၀ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၀၈၀ | ၄၇ | |
| | အထက်တန်းကျောင်း | ၅ | ၁၉၁၆ | ၈၈ | |
| | မူလတန်းကျောင်း | ၁၁၅ | ၈၄၈၃ | ၂၇၈ | |
| ၄ | <u>၁၉၉၁ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၂၉၅ | ၄၈ | |
| | အထက်တန်းကျောင်း | ၆ | ၂၈၅၁ | ၁၀၂ | အလက(၂)တိုးချဲ့ဖွင့်လှစ်သည်။ |
| | မူလတန်းကျောင်း | ၁၂၅ | ၉၄၀၁ | ၂၈၈ | အမက(၁၀)ကျောင်း တိုးချဲ့ဖွင့်လှစ်သည်။ |
| ၅ | <u>၁၉၉၂ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၄၉၅ | ၅၁ | |
| | အထက်တန်းကျောင်း | ၇ | ၃၉၁၀ | ၁၂၆ | |
| | မူလတန်းကျောင်း | ၁၃၆ | ၁၀၀၅၁ | ၃၂၉ | အမက(၁၁)ကျောင်း တိုးချဲ့ဖွင့်လှစ်သည်။ |
| ၆ | <u>၁၉၉၃ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၄၃၇ | ၅၆ | |
| | အထက်တန်းကျောင်း | ၇ | ၃၆၉၃ | ၁၂၅ | |
| | မူလတန်းကျောင်း | ၁၃၆ | ၉၂၁၅ | ၃၁၂ | |
| ၇ | <u>၁၉၉၄ ခုနှစ်</u> | | | | |
| | အထက်တန်းကျောင်း | ၁ | ၁၅၀၄ | ၅၃ | |
| | အထက်တန်းကျောင်း | ၇ | ၄၁၈၆ | ၁၃၇ | |
| | မူလတန်းကျောင်း | ၁၃၆ | ၉၀၁၄ | ၂၉၆ | |

ဘာရ်ဘီစာပေသင်ကြားမှုအခြေအနေ

ဘူးသီးတောင်မြို့နယ်ရှိ ဘင်္ဂလီလူမျိုးတို့သည် အစိုးရကျောင်းများတွင် အတန်းစာသင်ကြားခြင်းအပြင် အာရ်ဘီစာပေကိုလည်း အတန်းစာအဖြစ် သင်ကြားလေ့ရှိကြသည်။ အာရ်ဘီစာပေသင်ကြားမှုကို မော်လဝီများနှင့် အာရ်ဘီစာသင်ပြဆရာတို့က သင်ကြားကြသည်။ သို့ရာတွင် ဘင်္ဂလီလူဦးရေနှင့် နှိုင်းစာကြည့်ပါက အာရ်ဘီစာတတ်မြောက်သူဦးရေ အလွန်နည်းပါးသေးကြောင်း တွေ့ရပါသည်။ ဘူးသီးတောင်မြို့နယ်ရှိ အာရ်ဘီစာပေသင်ကြားမှုဆိုင်ရာ စာသင်ကျောင်းများမှာ အောက်ပါအတိုင်း တွေ့ရပါသည်။

<u>ဘူးသီးတောင်မြို့နယ်ရှိ အာရ်ဘီစာသင်ကျောင်းများစာရင်း</u>

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အာရ်ဘီစာသင်ကျောင်းစာရင်း | | မှတ်ချက် |
|---|---|---|---|---|
| | | ကြီး | ငယ် | |
| ၁ | အမှတ်(၁)ရပ်ကွက် | - | ၂ | |
| ၂ | အမှတ်(၂)ရပ်ကွက် | - | ၂ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | - | |
| ၄ | အမှတ်(၄)ရပ်ကွက် | - | ၂ | |
| ၅ | အမှတ်(၅)ရပ်ကွက် | - | | |
| ၆ | အမှတ်(၆)ရပ်ကွက် | - | ၁ | |
| ၇ | အမှတ်(၇)ရပ်ကွက် | - | - | |
| ၈ | ဘဒကားကျေးရွာအုပ်စု | ၁ | - | |
| ၉ | ကျောင်းတောင်ကျေးရွာအုပ်စု | - | ၃ | |
| ၁၀ | တင်းမေကျေးရွာအုပ်စု | - | ၄ | |
| ၁၁ | ဂုပ္ပီကျေးရွာအုပ်စု | - | ၃ | |
| ၁၂ | ကျွန်းပေါက်ကျေးရွာအုပ်စု | - | ၄ | |
| ၁၃ | ပန်းဖဲချောင်း မျောက်ရဲကျေးရွာအုပ်စု | - | ၁ | |
| ၁၄ | ဇီးတုံကျေးရွာအုပ်စု | - | ၁ | |
| ၁၅ | ငရန့်ချောင်းကျေးရွာအုပ်စု | ၁ | ၈ | |
| ၁၆ | ယင်းမကျောင်းတောင်ကျေးရွာအုပ်စု | - | ၅ | |
| ၁၇ | သင်္ဂနက်ကျေးရွာအုပ်စု | - | ၅ | |
| ၁၈ | မီးကျောင်းဈေးကျေးရွာအုပ်စု | - | ၅ | |
| ၁၉ | ခြင်းသမားကျေးရွာအုပ်စု | ၁ | ၆ | |
| ၂၀ | မီးကျောင်းခေါင်းဆွဲကျေးရွာအုပ်စု | ၁ | ၃ | |
| ၂၁ | ဒါးပိုင်ဆရာကျေးရွာအုပ်စု | ၁ | ၄ | |
| ၂၂ | ကျေဉ်တောက်ကျေးရွာအုပ်စု | - | ၃ | |
| ၂၃ | လောင်ချောင်းကျေးရွာအုပ်စု | - | ၁ | |
| ၂၄ | တပ်မင်းချောင်းကျေးရွာအုပ်စု | ၂ | ၆ | |
| ၂၅ | ကျောက်ဖြူတောင်ကျေးရွာအုပ်စု | - | ၃ | |
| ၂၆ | အင်းချောင်းကျေးရွာအုပ်စု | - | ၂ | |
| ၂၇ | စံညှင်းဝေးကျေးရွာအုပ်စု | ၁ | - | |
| ၂၈ | နန်းရာကုန်းကျေးရွာအုပ်စု | - | ၂ | |
| ၂၉ | ဦးလှဖေကျေးရွာအုပ်စု | ၁ | ၁ | |
| ၃၀ | သရက္ကင်းမနူးကျေးရွာအုပ်စု | - | ၄ | |
| ၃၁ | ဒပြုချောင်းကျေးရွာအုပ်စု | - | ၂ | |
| ၃၂ | ရွက်ညိုတောင်ကျေးရွာအုပ်စု | - | ၂ | |
| ၃၃ | အတွင်ငှက်သေကျေးရွာအုပ်စု | ၁ | ၃ | |
| ၃၄ | လေးမြို့(ခ)ကြာညိုပြင်ကျေးရွာအုပ်စု | - | ၁ | |
| ၃၅ | ကွန်တိုင်ကျေးရွာအုပ်စု | - | ၉ | |
| ၃၆ | လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု | - | - | |
| ၃၇ | လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု | - | ၄ | |

<u>ဘူးသီးတောင်မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများစာရင်း</u>

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | အခြေခံပညာကျောင်းစာရင်း | | မှတ်ချက် |
|---|---|---|---|---|
| | | ကြီး | ငယ် | |
| ၃၈ | ကကျွဘက်ကံပြင်ကျေးရွာအုပ်စု | - | ၁ | |
| ၃၉ | ကကျွဘက်ကျေးရွာအုပ်စု | - | ၄ | |
| ၄၀ | ဘက်ုံးနားကျေးရွာအုပ်စု | - | ၃ | |
| ၄၁ | မြောင်းနားကျေးရွာအုပ်စု | - | ၃ | |
| ၄၂ | အလယ်ချောင်းကျေးရွာအုပ်စု | - | ၃ | |
| ၄၃ | သပိတ်တောင်ကျေးရွာအုပ်စု | - | ၁ | |
| ၄၄ | ရွာမကျေးရွာအုပ်စု | - | ၂ | |
| ၄၅ | မောင်ကြီးထောင့်ကျေးရွာအုပ်စု | ၁ | ၅ | |
| ၄၆ | စိမ့်ညွှန်းပြားကျေးရွာအုပ်စု | ၁ | ၅ | |
| ၄၇ | သေကံခွဲခုံကျေးရွာအုပ်စု | ၁ | ၄ | |
| ၄၈ | ဂုဒါပြင်ကြေးရွာအုပ်စု | - | ၂ | |
| ၄၉ | ဖိုးခေါင်ချောင်းကျေးရွာအုပ်စု | ၁ | ၂ | |
| ၅၀ | ကျောက်ဖြူသားသေကံကျေးရွာအုပ်စု | - | ၂ | |
| ၅၁ | ဆေးအိုးကျကျေးရွာအုပ်စု | ၁ | ၁ | |
| ၅၂ | ဘုရားပြင်သိန်းတန်ကျေးရွာအုပ်စု | - | ၁ | |
| ၅၃ | ဝရကျွန်းကျေးရွာအုပ်စု | ၁ | ၂ | |
| ၅၄ | ကင်းတောင်ကျေးရွာအုပ်စု | ၁ | ၂ | |
| ၅၅ | အထက်ကျွဲကြီးမော် ကျေးရွာအုပ်စု | - | ၁ | |
| ၅၆ | ဘုရားပြင်အောင်ပကျေးရွာအုပ်စု | ၁ | ၆ | |
| ၅၇ | သိန်တောင်ပြင်ကျေးရွာအုပ်စု | - | ၂ | |
| ၅၈ | ပြင်းတောင်ကျေးရွာအုပ်စု | - | ၂ | |
| ၅၉ | ဒုဒိုးသည်မကျေးရွာအုပ်စု | ၁ | ၂ | |
| ၆၀ | ဖရုံချောင်းကျေးရွာအုပ်စု | - | ၁၂ | |
| ၆၁ | စံဂိုးထောင်ကျေးရွာအုပ်စု | - | ၁ | |
| ၆၂ | စေတီတောင်ကျေးရွာအုပ်စု | - | ၁ | |
| ၆၃ | သရက်ပြင်ကျေးရွာအုပ်စု | - | ၁ | |
| ၆၄ | ဖုံညိုလိပ်ကျေးရွာအုပ်စု | ၁ | ၄ | |
| ၆၅ | ကျောက်ရန်ကျေးရွာအုပ်စု | - | ၁ | |
| | စုစုပေါင်း | ၂၂ | ၁၇၉ | |

ဘူးသီးတောင်မြို့နယ်မှ လူရည်ချွန်များ

တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ယခင်က တည်ရှိခဲ့သော စတိုင်ပင်စနစ်ကို ဖျက်သိမ်းပြီး (၁၉၆၃-၆၄)စာသင်နှစ်မှစ၍ ဘက်စုံထူးချွန်သော ကျောင်းသူကျောင်းသားများကို လူရည်ချွန်များအဖြစ် ရွေးချယ်ခဲ့သည်။

ဘူးသီးတောင်မြို့နယ်မှ လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ကြရသူများစာရင်းကို အောက်ပါအတိုင်း တွေ့ရသည်။

ဘူးသီးတောင်မြို့နယ်မှ လူရည်ချွန်များစာရင်း

| စဉ် | ခုနှစ် | ခရိုင် | အတန်း | အမည် | ကျောင်း/လိပ်စာ | |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | |
| ၁ | ၁၉၆၄ | မောင်တော | အဌမတန်း | မူဟာမတ်အာလီ | အထက | ဘူးသီးတောင် |
| ၂ | ၁၉၆၄ | ။ | နဝမတန်း | ကျော်ဖံလှ | အထက | ဘူးသီးတောင် |
| ၃ | ၁၉၆၅ | ။ | သတ္တမတန်း | အာဘူတာယုစ် | အလက | ဘူးသီးတောင် |
| ၄ | ၁၉၆၅ | ။ | သတ္တမတန်း | အာလီဟူဆိန်း | အလက | ညောင်ချောင်း၊ ဘူးသီးတောင် |
| ၅ | ၁၉၆၆ | ။ | သတ္တမတန်း | အာမတ်အာလီ | အလက | ဘူးသီးတောင် |
| ၆ | ။ | ။ | အဌမတန်း | မောင်လှဟန် | အထက | ။ |
| ၇ | ။ | ။ | အဌမတန်း | အာလီဟူဆိန်း | အထက | ။ |
| ၈ | ။ | ။ | နဝမတန်း | မောင်သိန်း | အထက | ။ |
| ၉ | ၁၉၆၇ | ။ | နဝမတန်း | မောင်လှဟန် | ။ | ။ |
| ၁၀ | ၁၉၆၈ | ။ | နဝမတန်း | မောင်ဦးထွန်းစိန် | ။ | ။ |
| ၁၁ | ၁၉၆၉ | ။ | နဝမတန်း | မောင်လှမြင့် | ။ | ။ |
| ၁၂ | ။ | ။ | ဒသမတန်း | မောင်ဦးထွန်းစိန် | ။ | ။ |
| ၁၃ | ၁၉၇၀ | ။ | ဒသမတန်း | မလှယဉ်နု | ။ | ။ |
| ၁၄ | ၁၉၇၁ | ။ | သတ္တမတန်း | ခင်သန်းအေး | ။ | ။ |
| ၁၅ | ။ | ။ | အဌမတန်း | မောင်သိန်းစောထွန်း | ။ | ။ |
| ၁၆ | ၁၉၇၂ | ။ | သတ္တမတန်း | မောင်စန်းရွှေ | ။ | ။ |
| ၁၇ | ။ | ။ | အဌမတန်း | မစောတင် | ။ | ။ |
| ၁၈ | ။ | ။ | နဝမတန်း | သိန်းစောထွန်း | ။ | ။ |
| ၁၉ | ၁၉၇၃ | ။ | သတ္တမတန်း | တင်သန်းရွှေ | ။ | ။ |
| ၂၀ | ။ | ။ | နဝမတန်း | မစောတင် | ။ | ။ |
| ၂၁ | ။ | ။ | ဒသမတန်း | သိန်းစောထွန်း | ။ | ။ |
| ၂၂ | ၁၉၇၄ | ။ | အဌမတန်း | တင်သန်းစိုး | ။ | ။ |
| ၂၃ | ။ | ။ | ဒသမတန်း | မစောတင် | ။ | ။ |
| ၂၄ | ၁၉၇၅ | ။ | | | မရှိပါ | |
| ၂၅ | ၁၉၇၆ | ။ | | | ။ | |
| ၂၆ | ၁၉၇၇ | ။ | | | ။ | |
| ၂၇ | ၁၉၇၈ | ။ | သတ္တမတန်း | မိုဟာမတ်အီလီယာစ် | အလက | တောင်ဘဇာ ဘူးသီးတောင်မြို့နယ် |
| ၂၈ | ၁၉၇၉ | ။ | နဝမတန်း | မသန်းနု | အထက | ဘူးသီးတောင် |
| ၂၉ | ၁၉၈၀ | ။ | | | မရှိပါ | |
| ၃၀ | ၁၉၈၁ | ။ | နဝမတန်း | ဇော်လွင်ဦး | အထက | ဘူးသီးတောင် |
| ၃၁ | ၁၉၈၂ | ။ | | | မရှိပါ | |
| ၃၂ | ၁၉၈၃ | ။ | | | ။ | |
| ၃၃ | ၁၉၈၄ | ။ | သတ္တမတန်း | မိုးကျော်အောင် | အလက၊ | မြို့မ၊ ဘူးသီးတောင် |
| ၃၄ | ၁၉၈၅-၈၇-၈၈ | | ၇-၉-၁၀တန်း | ဦးထင်ကျော် | အထက | ဘူးသီးတောင် |

ဘူးသီးတောင်မြို့နယ်မှ ပညာရေးမှူးများ

ဘူးသီးတောင်မြို့နယ်ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော မြို့နယ်ပညာရေးမှူးများ၏ အမည်၊ ပညာအရည်အချင်း၊ တာဝန်ထမ်းဆောင်ချိန်ကာလမျာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဘူးသီးတောင်မြို့နယ် မြို့နယ်ပညာရေးမှူးများစာရင်း**

| စဉ် | မြို့နယ်ပညာရေးမှူး | ပညာအရည်အချင်း | တာဝန်ထမ်းဆောင်ချိန် | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ဦးကံကြီးအောင် | BA. ED. BED | ၁၉၇၄ | ၁၉၇၆ | |
| ၂ | ဦးအောင်ထွန်းလှိုင် | BSc. BED | ၁၉၇၆ | ၁၉၈၁ | |
| ၃ | ဦးတင်မြင့် | BA. ED. BED | ၁၉၈၁ | ၁၉၈၆ | |
| ၄ | ဦးထွေးဖြူ | - | ၁၉၈၆ | ၁၉၈၆ | |
| ၅ | ဦးညိုလှဖြူ | BA. ED. BED | ၁၉၈၆ | ၁၉၈၆ | |
| ၆ | ဦးအုန်းတင် | - | ၁၉၉၄ | ယနေ့ထိ | |

**ကိုးကားချက်များ**

၁။ ဘူးသီးတောင်မြို့နယ် ပညာရေးမှူးရုံး၏စာရင်းဇယားများ။

၂။ ဘူးသီးတောင်မြို့နယ်၊ မြို့မအထက်တန်းကျောင်း၏မှတ်တမ်းများ။

၃။ အငြိမ်းစားကျောင်းဆရာ ဦးညိုဖုံနှင့် တွေ့ဆုံမေးမြန်းချက်များ။

၄။ မြို့နယ်ဖြစ်စဉ်သမိုင်းပြုစုရေးအဖွဲ့(အဖွဲ့ဝင်) ဦးဘိုးထွန်းဦး၏ ကိုယ်ပိုင်မှတ်စုများ။

၅။ ဦးသာနို့အောင်(မူလတန်းကျောင်းအုပ်ဆရာကြီး)၏ ပြောပြချက်များ။

၆။ ကျောက်တော်မြို့နယ်ဖြစ်စဉ်သမိုင်း (မြို့နယ်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့) ကျောက်တော်မြို့။

## အခန်း(၁၃)

## ကျန်းမာရေး

ဘူးသီးတောင်ဆေးရုံကို (၁၉၀၄)ခုနှစ်တွင် ကုတင်(၁၀)လုံးဆန့်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ဆေးရုံအဆောက်အအုံမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ အဆောက်အအုံပုံစံ၊ အနေအထားမှာ စနစ်တကျ မရှိလှချေ။ (၁၉၁၅)ခုနှစ်တွင် အတွင်းလူနာနှင့်ပြင်ပလူနာအဖြစ် တက်ရောက်ကုသခံယူမှုမှာ ပျမ်းမျှ(၆)ဦးမှ(၃၉)ဦးအထိရှိခဲ့၏။ ထိုနောက်အဆောက်အအုံကို မူလတစ်ထပ်မှ နှစ်ထပ်အဖြစ် တိုးမြှင့်ခဲ့၏။ ဆေးရုံတည်နေရာမှ ယခု ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံအဆောက်အအုံ၏အနောက်ဘက်အဆုပ်ရောဂါ တိုက်ဖျက်ရေးနေရာတွင် ဖြစ်၏။ ယင်းအဆောက်အအုံမှာ (၁၉၂၆)ခုနှစ်တွင် တိုက်ခတ်ခဲ့သော လေမုန်တိုင်းကြောင့် ပျက်စီးခဲ့ရ၏။

လက်ရှိဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကို (၁၉၅၈)ခုနှစ် ဖဆပလအစိုးရလက်ထက်တွင် ကုတင်(၁၆)လုံးဆန့်အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ (၁၉၈၁)ခုနှစ်တွင် ခုတင်(၂၅)လုံးဆန့်အဖြစ် တိုးမြှင့်ခဲ့၏။ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် (၁၉၇၈)ခုနှစ်က ဓာတ်မှန် ( )ရရှိခဲ့သည်။ မူလက ဆေးရုံအလုပ်သမားတစ်ဦးကို စစ်တွေမြို့ ပြည်သူ့ဆေးရုံတွင် ဓာတ်မှန်ဌာနခွဲသင်တန်းတက်ရောက်စေပြီး စတင်သုံးစွဲခဲ့ရသည်။ ထို့နောက် ဓာတ်မှန်ကျွမ်းကျင်သူ (ဒု-ဓာတ်မှန်ရိုက်) တစ်ဦးကို ခန့်ထားခဲ့၏။

ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ၏ဖွဲ့စည်းပုံအင်အားမှာ မြို့နယ်ဆရာဝန်(၁)ဦး၊ မြို့နယ်ကျန်းမာရေးအရာရှိ(၁)ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြု(၂)ဦး၊ ဆေးစပ်ဆရာ(၁)ဦး၊ လူနာခန်း လက်ထောက်(၂)ဦး၊ သန့်ရှင်းရေး(၁)ဦး၊ ရေထမ်း(၁)ဦး၊ ထမင်းချက်(၁)ဦး၊ စာရေး(၁)ဦးတို့ ဖြစ်ကြ၏။

ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဌာနလက်အောက်တွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ အဆုပ်ရောဂါတိုက်ဖျက်ရေးဌာန၊ ရောဂါပိုးသယ်ဆောင်သော ပိုးမွှားကောင်မှတဆင့် ကူးစက်တတ်သော ရောဂါတိုက်ဖျက်ရေးအဖွဲ့(ငှက်ဖျားဌာန) (၁)ခု၊ တိုက်နယ်ဆေးရုံ(၁)ခု ရှိ၏။ ၎င်းတို့၏အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

### (၁) မိခင်နှင့်ကလေးကျန်းမာရေးဌာန

မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံကို(၁၉၇၉)ခုနှစ်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့ရာ (၁၉၈၁)ခုနှစ်တွင် ပြီးစီးခဲ့၏။ မူလက စေတနာ့ဝန်ထမ်းအဖွဲ့အစည်းအဖြစ် ရှိခဲ့ပြီးနောက်ပိုင်းတွင် ကျန်းမာရေးဦးစီးဌာနမှ လွှဲပြောင်းလက်ခံယူခဲ့၏။ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဝန်များမှာ ဒေါက်တာမေကြည် ဒေါက်တာတင်ညွန့်၊ ဒေါက်တာလေးကျော်တို့ဖြစ်၏။ ယခုအခါ ဆရာဝန်နေရာလစ်လပ်လျက် ရှိ၏။ စတုတ္ထအကြိမ်ပြည်သူ့ကောင်စီသက်တမ်းကာလတွင် ကြီးကြပ်(၁)နှစ်ဦးကို တိုးချဲ့ခန့်ထားခဲ့၏။ ဘူးသီးတောင်မြို့ပေါ်၌ မိခင်နှင့်ကလေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်လျက် ရှိကြ၏။

### (၂) ကျေးလက်ကျန်းမာရေးဌာန

ဘူးသီးတောင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန(၆)ခုရှိရာ အောက်ပါအတိုင်းဖြစ်ကြ၏။

(က) ကျောင်းတောင်ကျေးလက်ကျန်းမာရေးဌာန
(ခ) တောင်ဘဇာတိုက်နယ်ကျန်းမာရေးဌာန
(ဂ) ဖောင်တော်ပြင်ကျေးလက်ကျန်းမာရေးဌာန
(ဃ) သပိတ်တောင်ကျေးလက်ကျန်းမာရေးဌာန
(င) ညောင်ချောင်းကျေးလက်ကျန်းမာရေးဌာန
(စ) စေတီတောင်ကျေးလက်ကျန်းမာရေးဌာန

ကျေးလက်ကျန်းမာရေးဌာနတစ်ခုစီတွင် ကျန်းမာရေးမှူး(၁)ဦး၊ ကျန်းမာရေးဆရာမ(၁)ဦး၊ သားဖွားဆရာမ(၅)ဦးစီ ရှိ၏။ ကျန်းမာရေးမှူး ဖွဲ့စည်းပုံအင်အားအပြည့်အစုံရှိသော်လည်း ကျန်းမာရေးဆရာမနှင့် သားဖွားဆရာမများ နေရာလစ်လပ်လျက်ရှိနေ၏။

(၃) တောင်ဘဇာတိုက်နယ်ဆေးရုံ

တောင်ဘဇာတိုက်နယ်ဆေးရုံကို ပထမအကြိမ်ပြည်သူ့ကောင်စီသက်တမ်းကာလမှ စတင်၍ ဆောက်လုပ်ခဲ့ရာ စတုတ္ထအကြိမ် ပြည်သူ့ကောင်စီသက်တမ်းတွင် အပြီးသတ်နိုင်ခဲ့၏။ ထိုနောက် တိုက်နယ်ဆေးရုံဖွင့်လှစ် ကုသခဲ့၏။ တိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာဝန်များမှာ ဒေါက်တာထွန်းလက်အောင်ထွေး၊ ဒေါက်တာပေါ်မြင့်၊ ဒေါက်တာရဲနိုင်ထွန်း၊ ဒေါက်တာလေးကျော်၊ ဒေါက်တာသိန်းထွန်းအောင်တို့ ဖြစ်ကြ၏။ ယခုအခါ ဆရာဝန်ရာထူး လစ်လပ်လျက်ရှိ၏။

(၄) အဆုပ်ရောဂါတိုက်ဖျက်ရေးဌာန

ဘူးသီးတောင်မြို့နယ် အဆုပ်ရောဂါတိုက်ဖျက်ရေးဌာနကို (၁၉၉၁)ခုနှစ် ဇူလိုင်လ(၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဖွဲ့စည်းပုံအင်အားမှာ အဖွဲ့ခေါင်းဆောင်(၁)ဦး၊ လက်ထောက်အဆုပ်ရောဂါစောင့်ရှောက်သူ(၁)ဦး၊ လက်ထောက် စာရင်းထိန်း(၁)ဦး၊ သူနာပြု(၁)ဦး၊ မှန်ဘီလူးကြည့် (၂)ဦးတို့ဖြစ်သည်။ အဆုပ်ရောဂါကုသရေးနှင့် ရောဂါရှာဖွေရေးတို့ကို ဆောင်ရွက်လျက်ရှိ၏။

(၅) ရောဂါပိုးသယ်သော ပိုးမွှားကောင်မှတဆင့် ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့(ငှက်ဖျားရောဂါ)

ဤဌာနကို ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဖွင့်လှစ်ထားရှိပြီး ရောဂါရှာဖွေရေး၊ ကုသရေး၊ ကာကွယ်ရေး ဆိုင်ရာများကို ဆောင်ရွက်ပေးလျက် ရှိနေ၏။ ဖွဲ့စည်းပုံအင်အားမှာ အင်စပက်တော်(၁)ဦး၊ ကြီးကြပ်သူ(၂)ဦး၊ အမြဲတမ်း ဆေးဖြန်းသူ(၃)ဦးတို့ဖြစ်ကြ၏။

(၆) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်

ဤအစီအစဉ်အနေဖြင့် (၁၉၉၃)ခုနှစ်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ သီးခြားယာယီအစီအစဉ်အရ မြို့ပေါ် ရပ်ကွက်များ၊ တပ်ရင်းတပ်ဖွဲ့များတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့၏။ (၁၉၉၄)ခုနှစ်တွင် တစ်မြို့နယ်လုံးတွင် (Regular)ပုံမှန်အစီအစဉ်ဖြင့် တိုးချဲ့ဆောင်ရွက်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက် ရှိနေ၏။ ဒေသလုံခြုံရေး၊ ခရီးလမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် အပြည့်အဝ အကောင်အထည်ဖော်နိုင်မှုမရှိခဲ့ပါချေ။ နေရောင်ခြည်ဓာတ်အားသုံး အအေးစနစ်(Solar System)ကို (၁၉၉၃)ခုနှစ်တွင် (Unicef)အကူအညီဖြင့် တည်ဆောက်ခဲ့ရာ ကာကွယ်ဆေးများကို စနစ်တကျ သိုလှောင်ထိန်းသိမ်းထားရှိနိုင်ခဲ့၏။

ဤအစီအစဉ်မျာ ဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ ကြက်ညှာ၊ ဆုံဆို့ မေးခိုင်၊ ဝက်သက်၊ ပိုလီယို၊ တီဘီတို့ ဖြစ်ကြသည်။

အဖြစ်များသော ရောဂါများ

ဘူးသီးတောင်မြို့နယ်တွင် အဖြစ်အများဆုံးသော ရောဂါများမှာ ငှက်ဖျား၊ တီဘီ၊ ဝမ်းလျှောဝမ်းကိုက်ရောဂါ များ ဖြစ်ကြသည်။ အထူးသဖြင့် ဦးနှောက်သို့ ရောဂါပိုးရောက်ရှိစေတတ်သော (ပီအက်ဖ်)အမျိုးအစား ငှက်ဖျားရောဂါ အဖြစ်များ၏။ ထို့ပြင် ကျန်းမာရေး ဗဟုသုတခေါင်းပါးမှုကြောင့် တီဘီရောဂါများ၊ ဒုတိယအဖြစ်အများဆုံး ဖြစ်နေ၏။ ဘူးသီးတောင်မြို့နယ်တစ်ခုလုံး လူဦးရေအများစုမှာ ဘင်္ဂလီ(ကုလား)များဖြစ်ရာ ကျန်းမာရေးဗဟုသုတ ခေါင်းပါးမှု၊ အစားအသောက်၊ အနေအထိုင်၊ ပတ်ဝန်းကျင်ညစ်ပတ်မှုတို့ကြောင့်ဝမ်းလျှောဝမ်းကိုက်ရောဂါမှာ ဖြစ်ပွားမှုများပြားကြောင်း တွေ့ရသည်။

စရိတ်မျှပေး ကျန်းမာရေးဓာတ်ခွဲခန်း

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ရောဂါရှာဖွေမှုအတွက် ယခင်က အခမဲ့ဆောင်ရွက်ခဲ့ရာမှ ကျန်းမာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးဓာတ်ခွဲ၏ ၉-၆-၉၄ ရက်စွဲပါ စာအမှတ်၊ ၄၆၅/ဓခ/၉၄ အရ စရိတ်မျှပေး ကျန်းမာရေးဓာတ်ခွဲ ခန်းကို ၂၀-၆-၉၄ နေ့ကပင် စတင်ဆောင်ရွက်ခဲ့၏။ ထိုအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဓာတ်ခွဲစမ်းသပ်နှုန်းထားမှာ နောက်ဆက်တွဲဇယား(က)ပါအတိုင်း ဖြစ်ပါသည်။

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့ဘူးသော ဆရာဝန်များမှာ-

| | | |
|---|---|---|
| (၁) | ဒေါက်တာ အာမေရာမတ် | ပထန်းလူမျိုးဆရာဝန် |
| (၂) | ဒေါက်တာ ရာစ်ကုမ္မာ | ဟိန္ဒူလူမျိုးဆရာဝန် |
| (၃) | ဒေါက်တာဘေရာ | ဟိန္ဒူလူမျိုးဆရာဝန် |
| (၄) | ဒေါက်တာအေးထွန်း | |
| (၅) | ဒေါက်တာကျော်လှ | |
| (၆) | ဒေါက်တာကျော်လှစိန် | |
| (၇) | ဒေါက်တာအန်နဝါဟူဆိန်း | ကုလားလူမျိုးဆရာဝန် |
| (၈) | ဒေါက်တာရှားမား | ဂေါ်ရခါးလူမျိုးဆရာဝန် |
| (၉) | ဒေါက်တာကျော်စိန် | |
| (၁၀) | ဒေါက်တာဝင့်ထွေး | |
| (၁၁) | ဒေါက်တာကျော်ဇံလှ | |
| (၁၂) | ဒေါက်တာလှလှသန်း | |
| (၁၃) | ဒေါက်တာတင်မောင်ဦး‘ | |
| (၁၄) | ဒေါက်တာအုန်းမြင့် | |
| (၁၅) | ဒေါက်တာပေါ်မြင့် | |
| (၁၆) | ဒေါက်တာအောင်ခင် | |
| (၁၇) | ဒေါက်တာသိန်းဆွေ | |
| (၁၈) | ဒေါက်တာလေးကျော် | |
| (၁၉) | ဒေါက်တာမြမြမိုး တို့ဖြစ်ကြသည်။ | |

**ကိုးကားချက်များ**

၁။ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဦးလှထွေးနှင့် တွေ့ဆုံမေးမြန်းချက်များ၊

၂။ မြို့နယ်ဖြစ်စဉ်သမိုင်းပြုစုရေးအဖွဲ့၊ အဖွဲ့ဝင် ဦးဘိုးထွန်းဦး၏ မှတ်စုများ၊

**နောက်ဆက်တွဲ(က)**

**စရိတ်မျှပေးကျန်းမာရေးစာတ်ခထွဲခန်း၏ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးမှုနှင့် စစ်ဆေးခနှုန်းများ**

| စဉ် | ရောဂါရှာဖွေစစ်ဆေးမှုအမျိုးအစား | နှုန်း(ကျပ်) |
|---|---|---|

**ဖတ်မရပါ**

အခန်း(၁၄)

## ထူးခြားချက်

## ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီလူမျိုးများ

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ဘင်္ဂါလီမျိုးအများစုနေထိုင်ရာ ဒေသတစ်ခုအဖြစ် ပြောင်းလဲနေသည်။ ဘူးသီးတောင်မြို့နယ်တစ်ခုလုံးတွင် ဘင်္ဂါလီလူမျိုး(၈၃)ရာခိုင်နှုန်း အခြေစိုက်နေထိုင်လျက် ရှိကြသည်။

ထို့ကြောင့် ဤမြို့နယ်သည် ပထဝီနိုင်ငံရေးသဘောအရလည်းကောင်း၊ လူနေမှုသမိုင်းအရလည်းကောင်း၊ လူမှုဆက်ဆံရေးအခြေအနေနှင့် စိတ်နေသဘောထားအရလည်းကောင်း ထူးခြားမှုရှိနေကြောင်း တွေ့ရသည်။

ဘူးသီးတောင်မြို့နယ်တွင် နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးများသည် မိမိတို့ကိုယ်တိုင်က "ရိုဟင်ဂျာ"လူမျိုးများအဖြစ် အမည်ပြောင်းလဲခံယူလို နေကြသည်။ ရိုဟင်ဂျာဟူသော ဝေါဟာရသည် ယခင်ကတည်းက ရှိလာခဲ့သော လူမျိုးအမည်မဟုတ်ဘဲ ဘင်္ဂါလီပညာတတ်အသိုင်းအဝိုင်းမှ တီထွင်လိုက်သော ဝေါဟာရသစ်တစ်ခုသာ ဖြစ်ကြောင်း တွေ့ရသည်။

ဘူးသီးတောင်မြို့နယ်တွင် အခြေစိုက်လျက်ရှိကြသော ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီလူမျိုးများသည် မည်သည့်အချိန်ကပင် ဝင်ရောက်အခြေစိုက်လာကြသည်။ မည်သည့်ဒေသမှ လာရောက်ကြသည်။ မည်သို့သော နည်းလမ်းများဖြင့် ဝင်ရောက်လာကြသည် စသည်ဖြင့် တွေးတောစရာ တသီတတန်းကြီး ဖြစ်ပေါ်စေနိုင်ပါသည်။

အထက်ပါ အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်ရန်အတွက် ရှေးခေတ် ရခိုင်ပြည်သမိုင်း၊ ခေတ်ဟောင်း မြန်မာနိုင်ငံတော်သမိုင်း၊ ခေတ်သစ်မြန်မာနိုင်ငံရေးသမိုင်းတို့ကို လေ့လာကြည့်ရန် လိုအပ်နေကြောင်း တွေ့ရပါသည်။

ရှေးခေတ် ရခိုင်ပြည်သမိုင်းအလိုအရ ရခိုင်ပြည်မြောက်ဦးခေတ်အစပိုင်းတွင် မင်းစောမွန် ရခိုင်ထီးနန်းကို ပြန်လည်ရရှိရန်အတွက် မူဆလင်ဂေါ်ရ်ဘုရင်က ကူညီပေးခဲ့သည်ကို အကြောင်းပြု၍ (အေဒီ ၁၄၃၀)ခုနှစ်တွင် မူဆလင်ဘာသာဝင်များ စတင်ဝင်ရောက်လာကြောင်း တွေ့ရသည်။

ထို့ပြင် ရခိုင်ဘုရင်များက ကျွန်အဖြစ် ဖမ်းဆီးလာသော မူဆလင်ဘာသာဝင်များ၊ မြေဒူးအဆက်အနွယ်များ၊ ကမန်အဆက်အနွယ်များဟူ၍ မူဆလင်ဘာသာဝင်များကို တွေ့ရသည်။

(ခရစ်၊ ၁၇၈၄)ခုနှစ်တွင် အမရပူရပြည့်ရှင် ဘိုးတော်ဘုရားက ရခိုင်ပြည်ကို သိမ်းပိုက်ပြီးနောက် ပြည်တွင်းမငြိမ်မသက်မှု၊ ပုန်ကန်ထကြွမှု၊ မြန်မာဘုရင်စစ်တပ်မှ နှိမ်နင်းအရေးယူမှုတို့ကြောင့်၊ ရခိုင်ပြည်မှ လူအများအပြားသည် ဗြိတိသျှပိုင်နက် အရှေ့ဘင်္ဂလားဒေသသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ သုတေသီ"ကောလစ်"က ရခိုင်ပြည်မှ အိန္ဒိယသို့ ထွက်ပြေးသူ နှစ်သိန်းရှိကြောင်း မှတ်တမ်းတင်ဖော်ပြထားသည်။[၁]

အင်္ဂလိပ်၊ မြန်မာ ပထမစစ်ပွဲအပြီးတွင် ရခိုင်ပြည်အုပ်ချုပ်ရေးမှူး "မစ္စတာပါတင်(ဏအေသည)"က ရခိုင်အကြောင်း အစီရင်ခံစာတွင် ဘိုးတော်ဘုရားလက်ထက် ရခိုင်ပြည်၏လူဦးရေကို ဖော်ပြထားသည်။ ၎င်းကို ကိုးကားကာ ဒေါက်တာ "ဘနာဂျီ" က ဖော်ပြရာ၌ ရခိုင်ပြည်တွင် ဘိုးတော်ဘုရားလက်ထက်က ရခိုင်လူဦးရေ (၆၀၀၀၀)၊ မူဆလင်ဘာသာဝင်ဦးရေ (၃၀၀၀၀)၊ ဗမာက ရခိုင်လူဦးရေ (၆၀၀၀၀)၊ မူဆလင်ဘာသာဝင်ဦးရေ(၃၀၀၀၀)၊ ဗမာ(မြန်မာ) (၁၀၀၀၀)စုစုပေါင်း (၁၀၀၀၀၀)ရှိကြောင်း ရေးသားခဲ့သည်။

ထို့ကြောင့် (ခရစ်၊ ၁၈၂၅)ခုနှစ်ခန့်တွင် ရခိုင်ပြည်နယ်၌ မူဆလင်ဘာသာဝင်ဦးရေ(၃၀၀၀၀)ခန့် ရှိနေသည်ဟု ယူဆနိုင်သည်။

သို့ရာတွင် ကမန်အဆက်အနွယ်နှင့် မြေဒူးအဆက်အနွယ် မူဆလင်ဘာသာဝင်ဦးရေမှာ သံတွဲခရိုင်၌ (ခရစ်၊ ၁၈၅၂) ခုနှစ်တွင် အုပ်စုနှစ်ခုပေါင်း (၁၅၀၀)ခန့်ရှိခဲ့ပြီး (၁၈၇၂) ခုနှစ်တွင် (၁၅၈၇)ဦး၊ (၁၉၀၁)ခုနှစ်တွင် (၃၀၀၀)ဦး၊ (၁၉၁၁)ခုနှစ်တွင် (၃၆၇၆)ဦး ရှိကြောင်း တွေ့ရသည်။[၂]

(ခရစ်၊ ၁၈၂၆)ခုနှစ်တွင် ရခိုင်ပြည်ကို မြန်မာလက်ထဲမှ ဗြိတိသျှက သိမ်းယူခဲ့ပြန်၏။ ဗြိတိသျှပိုင်စတွင် ရခိုင်လူဦးရေမှာ အလွန်နည်းပါးခဲ့သည်။ အုပ်ချုပ်ရေးအသင့်အတင့် တည်ငြိမ်လာသောအခါ အရှေ့ဘင်္ဂလားရောက် ရခိုင်စစ်ပြေးဒုက္ခသည်များသည် မိမိဇာတိရပ်ရွာများသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ (ခရစ်၁၈၃၁ ခုမှ ၁၉၁၁ ခုနှစ်ထိ) စစ်တွေခရိုင်၌ တိုးတက်လာသော လူဦးရေကို မစ္စတာစမတ် (Smart)က အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။[၃]

ဗြိတိသျှအစိုးရလက်ထက်တွင် အုပ်ချုပ်ရသည့်စရိတ်ကို ကာမိစေရန်နှင့် ၎င်းတို့၏အကျိုးစီးပွားအတွက် အခွန်အကောက်များစွာ ရရှိစေရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာခဲ့သည်။

ဗြိတိသျှခေတ် ရခိုင်လူဦးရေတိုးတက်ပုံဇယား

| စဉ် | ခုနှစ် | လူဦးရေ | တိုးပွားသူ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ၁၈၃၂ | ၁၀၈၆၄၅ | - |
| ၂ | ၁၈၄၂ | ၁၃၀၁၃၄ | ၂၁၃၈၉ |
| ၃ | ၁၈၅၂ | ၂၀၁၆၇၇ | ၇၁၆၄၃ |
| ၄ | ၁၈၆၂ | ၂၂၇၂၃၁ | ၂၅၅၅၄ |
| ၅ | ၁၈၇၂ | ၂၇၆၆၇၁ | ၄၉၄၄၀ |
| ၆ | ၁၈၈၁ | ၃၅၉၇၀၆ | ၈၃၀၃၅ |
| ၇ | ၁၈၉၁ | ၄၁၆၃၀၅ | ၅၆၅၉၉ |
| ၈ | ၁၉၀၁ | ၄၈၁၆၆၆ | ၆၅၃၆၁ |
| ၉ | ၁၉၁၁ | ၅၂၉၉၄၃ | ၄၈၂၇၇ |

တောင်သူလယ်သမားများအား မြေလွတ်မြေရိုင်းများကို တိုးချဲ့လုပ်ကိုင်လာစေရန် (၁၈၃၉)ခုနှစ်တွင် ရခိုင်ပြည်ဂရံကြီးနည်းဥပဒေကို ထုတ်ပြန်ခဲ့၏။ ထို့နောက် တံခါးမရှိ ဓားမရှိ စင်ဝင်လူထွက်ပေါ်လစီကို ကျင့်သုံးခဲ့သည်။ အိန္ဒိယအရှေ့ဘင်္ဂလား၊ စစ်တကောင်းမှ ဘင်္ဂလီကုလားများ၊ မဒရပ်နယ်မှ ဆူရိယကုလားများ၊ ရခိုင်ပြည်နယ်သို့ အတားအဆီးမဲ့ဝင်ရောက်ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ရခိုင်ပြည်နယ်သို့ သာမန်အားဖြင့် တစ်နှစ်လျှင် စစ်တကောင်းဒေသမှ ကူလီပေါင်း(၄၀၀၀၀)စစ်တွေခရိုင်သို့ ဝင်ရောက်လေ့ရှိကြောင်း တွေ့ရသည်။

စစ်တွေခရိုင်သို့ နှစ်စဉ်တိုးဝင်လာသော စစ်တကောင်းသားဦးရေကြောင့် လူဦးရေအထူအကျဲကို နောက်ဆက်တွဲ(က)တွင် ဖော်ပြထားပါသည်။[၁]

နောက်ဆက်တွဲ(က)ပါ ဇယားတွင် ဖော်ပြထားသည့်အတိုင်း မြို့နယ်အလိုက် အထူအကျဲဖြစ်ရခြင်း အကြောင်းရင်းကိုလည်း မစ္စတာအာရ်ဘီစမတ် (   )က အောက်ပါအတိုင်း ရှင်းပြထားပါသည်။

(၁၉၀၁)ခုနှစ်မှစ၍ မြို့နယ်အသီးသီး၌ လူဦးရေတိုးပွားမှု ရှိခဲ့သည်။ မောင်တောမြို့နယ်မှာ (၂၁)ရာခိုင်နှုန်းတိုးပွား၍ လူဦးရေ တိုးပွားမှု အများဆုံးမြို့နယ်ဖြစ်သည်။ မြို့ဟောင်း(မြောက်ဦး)မြို့နယ်မှာ (၁၆)ရာခိုင်နှုန်း၊ မင်းပြားမြို့နယ်မှာ (၁၄)ရာခိုင်နှုန်း တိုးပွားသည်။ စစ်တွေမြို့ လူဦးရေကို သန်းခေါင်စာရင်း ကောက်ယူသောအခါ- စစ်တကောင်းသားလူဦးရေအများအပြား ရှိနေချိန်နှင့် တိုက်ဆိုင်ခဲ့သည်။ စစ်တွေမြို့နယ်၏ အမြဲတန်းလူဦးရေမှာ (၂၅၀၀၀)ထက်မကျော်လွန်ကြောင်း ခန့်မှန်းနိုင်၏။ ဧရိယာတစ်မိုင်လျှင် (၂၃၀)ရှိခဲ့သော မောင်တောမြို့နယ်သည် စစ်တွေခရိုင်၌ လူဦးရေအထူထပ်ဆုံး ဖြစ်ပေသည်။ မောင်တောမြို့နယ်၏ နယ်စပ်သည် စစ်တကောင်းဖြစ်သောကြောင့် ၎င်းမြို့နယ်၏ လူဦးရေအများစုသည် စစ်တကောင်းသားများ ဖြစ်ပေသည်။[၂]

ထို့အပြင် လူမျိုးအလိုက် အနည်းအများ ကွာခြားပုံနှင့် ကွာခြားရခြင်း အကြောင်းရင်းကိုလည်း ၎င်းက အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့သည်။

အထက်ပါ လူဦးရေဇယားကို လေ့လာကြည့်လျှင် (၁၉၁၁)ခုတွင် မြန်မာလူဦးရေ သိသိသာသာတိုး၍ ရခိုင်လူဦးရေမှာ လျော့နည်းသွားကြောင်း တွေ့ရပါလိမ့်မည်။ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ မြန်မာစကားပြောသူဦးရေ

**ဗြိတိသျှခေတ်ရခိုင်ပြည်ရှိလူမျိုးများ အနေအထား**

| လူမျိုး | ၁၈၇၂ | ၁၉၀၁ | ၁၉၁၁ |
|---|---|---|---|
| ၂ | ၃ | ၄ | ၆ |
| ဟိန္ဒူ | ၂၂၆၅၅ | ၁၄၄၅၅ | ၁၄၄၅၄ |
| မဟာမေဒင် | ၅၈၂၅၅ | ၁၅၄၀၈၇ | ၁၇၆၄၆၇ |
| ဗမာ (မြန်မာ) | ၄၆၃၂ | ၃၅၇၅၁ | ၉၂၁၈၅ |
| ရခိုင် | ၁၇၁၆၁၂ | ၂၃၀၆၄၉ | ၂၉၀၄၃၂ |
| ရှမ်း | ၃၃၄ | ၈၀ | ၅၉ |
| တောင်တန်းသား၊ ချင်း၊ ခမီး၊ ဒိုင်းနက် | ၃၈၅၇၇ | ၃၅၄၈၉ | ၃၄၀၂၀ |
| အခြား | ၆၀၆ | ၁၃၅၅ | ၁၁၄၆ |
| စုစုပေါင်း | ၂၇၆၆၆၁ | ၄၈၁၆၆၆ | ၅၂၉၉၄၃ |

တိုးလာပြီး၊ ရခိုင်စကားပြောသူဦးရေ လျော့လာသောကြောင့် ဖြစ်သည်ဟု မစ္စတာစမတ်က ဆိုပါသည်။ ရခိုင်လူအရေအတွက် လျော့သည်ဆိုရာ၌ ရခိုင်စကားပြောသူဦးရေ လျော့နည်းခြင်းသာ ဖြစ်၍ လူအရေအတွက် လျော့ခြင်းမဟုတ်ကြောင်းလည်း ရှင်းပြသည်။[၁]

အထက်ပါဇယား၌ မူဆလင်လူဦးရေ တိုးလာခြင်းအကြောင်းရင်းကိုလည်း ၎င်းက ဤသို့သုံးသပ်ပြခဲ့ပါသည်။

"မဟာမေဒင်များသည် (စစ်တွေခရိုင်)(၁၈၇၂)ခုနှစ်တွင် (၅၈၂၅၅)ဦးရှိခဲ့ရာမှ (၁၉၀၁)ခုတွင်ကား (၁၇၈၆၄၇)ဦး တိုးလာပေသည်။ ၎င်းတို့အနက် ယောကျာ်းအများအပြားမှာ အလုပ်ရာသီ၌ စစ်တကောင်းမှ ဝင်လာသူများဖြစ်ကြ၍ ပြန်သွားသူ သန်းခေါင်စာရင်း၌ ပါဝင်ကြလေသည်။ အမှန်အတိုင်း ပြောရလျှင် ရခိုင်ပြည်သားများ မဟုတ်ကြပေ။ ဘူးသီးတောင်မြို့နယ်သည်လည်း စစ်တကောင်းသား ဝင်လာသူများ ကိစ္စ၌ မောင်တောထက် များစွာမလျော့နည်းချေ။ စစ်တကောင်းမှ အသစ်ဝင်လာသူများကို စစ်တွေခရိုင်၏မြို့နယ်တိုင်း၌လိုလို တွေ့ပေလိမ့်မည်။"[၁]

ဤနေရာတွင် အကြောင်းသင့်၍ စစ်တွေခရိုင်သို့ စစ်တကောင်းသား မူဆလင်များ အလုံးအရင်းနှင့် ဝင်လာရသည့်အကြောင်းရင်းကို စီစစ်တင်ပြရလျှင် အခြေခံအချက် (၃)ချက်ရှိကြောင်း တွေ့ရပါသည်။ ပထမအချက်မှာ ဗြိတိသျှအစိုးရက အုပ်ချုပ်ရေးနှင့် စီးပွားရေးကိစ္စများကြောင့် အိန္ဒိယနိုင်ငံသား (ဟိန္ဒူ၊ မူဆလင်)တို့ကို တံခါးမရှိ ဓါးမရှိ ဝင်ထွက်ခွင့်ပြုခဲ့သောကြောင့် စစ်တကောင်းခရိုင်နှင့် နယ်ချင်းစပ်နေသော စစ်တွေခရိုင်သို့ စစ်တကောင်းသားများ အလုံးအရင်း ဝင်လာနိုင်ခြင်းဖြစ်သည်။

ဒုတိယအချက်မှာ စူးအက်တူးမြောင်းဖွင့်သည့်ကိစ္စနှင့် ဆက်နွယ်နေသည့် သမိုင်းပါမောက္ခ ဒေါက်တာကျော်သက်က "မြန်မာနိုင်ငံ၏ စီးပွားရေးလောက ပြောင်းလဲမှုသည် အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းဖွင့်ပြီးသည့်နောက်ပိုင်း (၁၈၇၁)ခုနှစ်မှ စတင်လာသည်ဟု ဆိုရသည်။" ဟု ကောက်ချက်ချပြီး "(မြန်မာနိုင်ငံ၏)အရေးပါ အရာရောက်ဆုံးသော တိုးတက်မှုသည် ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်းမှာ ပြည်ပရောင်းချခြင်း လုပ်ငန်းတို့ပင် ဖြစ်ပေသည်။ ဆန်စပါးတိုးလာရခြင်းနှင့် ပြည်ပရောင်းချမှု တိုးလာရခြင်းတို့သည် စူးအက်တူးမြောင်းဖောက်လုပ်ပြီးမှသာ ကျယ်ပြန့်တိုးတက်လာလေသည်"ဟု ဆိုခဲ့သည်။ ရခိုင်ပြည်တွင်လည်း စပါးစိုက်ပျိုးခြင်းလုပ်ငန်းကို တိုးချဲ့ခဲ့ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးခဲ့သည်။ တောရိုင်းများကို ခုတ်ထွင်၍ လယ်မြေသစ်များကို နှစ်စဉ်တိုးချဲ့လုပ်ကိုင်ခဲ့ကြသည်။ လယ်ယာလုပ်ငန်းအတွက် တောခုတ်ထွင်၊ မြေတူး၊ တာဆည်၊ စပါးရိတ်စသော လုပ်ငန်းများအတွက် အလုပ်ကြမ်းသမားအများအပြား လိုခဲ့ခြင်းကြောင့် လုပ်ခချိုသာသော စစ်တကောင်းသား ကုလားများကို ငှားရမ်းသုံးစွဲခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့မှာ လယ်ယာအလုပ်ရာသီ၌ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ဝင်ရောက်လာသူတို့အနက် အချို့သာပြန်သွားကြ၍ ရခိုင်ပြည်၌ အိုးအိမ်အတည်တကျ နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် စစ်တွေခရိုင်၌ မူဆလင်လူဦးရေ နှစ်စဉ်တိုးလာခြင်း ဖြစ်သည်။

တတိယအချက်မှာ ရခိုင်တို့ပျင်းရိမှု၊ ဝိရိယနည်းမှုကြောင့်ဖြစ်သည်။ ကာယအင်အားဖြင့်လုပ်ရသော လယ်ယာအလုပ်ကြမ်းများသည် အလွန်ပင်ပန်းသော အလုပ်များ ဖြစ်လေသည်။ ရခိုင်တို့က မြေတူး၊ တာဆည်၊ စပါးရိတ်စသော အလုပ်ကြမ်းများကို တတ်နိုင်သမျှ ရှောင်ကြလေသည်။ ထို့ကြောင့် လယ်ယာတိုးချဲ့သူတို့သည် လုပ်ခသက်သာသော စစ်တကောင်းသား ကုလားများကို လိုလိုချင်ချင် ငှားရမ်းခိုင်းစေခဲ့ကြလေသည်။ ဤအချက်သည်လည်း မူဆလင်လူဦးရေ တိုးလာရခြင်း အခြေခံအကြောင်းတစ်ခု ဖြစ်ခဲ့ပါသည်။[၁]

ထိုသို့ စစ်တကောင်းသား မူဆလင်များ နှစ်စဉ်တိုးလာရခြင်းသည် ဒေသခံရခိုင်တို့အဖို့ နောင်ကာလ၌ အန္တရာယ်ကြီး ဖြစ်လာစေနိုင်သည်ဟု ဗြိတိသျှအာဏာပိုင်တို့ သတိပြုမိလာကြသည်။ ထို့ကြောင့် (၁၉၃၉)ခုနှစ်တွင် စုံစမ်းရေးကော်မရှင်တစ်ခုကို ဖွဲ့ကာ စုံစမ်းခိုင်းခဲ့သည်။ ယင်းအဖွဲ့၏အစီရင်ခံစာကောက်နှုတ်ချက်များကို အောက်ပါအတိုင်း တွေ့နိုင်သည်။[၂]

"(၁၉၃၉)ခုနှစ်တွင် မြန်မာပြည် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အိန္ဒိယတိုင်းရင်းသားများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးသည်။ ယင်းကော်မရှင်တွင် မင်းကြီး မစ္စတာဂျိမ်အက်စ်တာက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးတင်ထွဋ်နှင့် မစ္စတာအာရ်ဒီဆိုင်း(ရန်ကုန်တက္ကသိုလ်ပါမောက္ခ)တို့ အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ကြသည်။

ထိုကော်မရှင်အစီရင်ခံစာ အခန်း(၇) စာမျက်နှာ(၄၉)တွင် (၁၉၃၀)ခုနှစ်၌ ကောက်ယူသော သန်းခေါင်စာရင်းများအရ ရခိုင်တိုင်းသို့ ဝင်ရောက်လာသော အိန္ဒိယတိုင်းရင်းသားများစာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| | |
|---|---|
| ရခိုင်တိုင်းလူဦးရေ | ၁၀၀၈၅၃၈ |
| အိန္ဒိယတိုင်းရင်းသားဦးရေ | ၂၁၇၈၀၀ |

ခရိုင်အလိုက် ပျံ့နှံ့နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| စစ်တွေခရိုင် | ၂၁၀၉၉၀ |
| ရခိုင်တောင်တန်းဒေသ | ၅၀၀ |
| ကျောက်ဖြူခရိုင် | ၄၃၂၁ |
| သံတွဲခရိုင် | ၁၉၉၀ |
| စုစုပေါင်း | ၂၁၇၈၀၁ |

စစ်တွေခရိုင်တွင် လူဦးရေ (၆၃၇၅၈၀)ယောက်ရှိသည့်အနက် (၂၁၀၉၉၀)မှာ အိန္ဒိယတိုင်းရင်းသားများ ဖြစ်ကြသည်။ ယင်းစာရင်းအရ စစ်တွေခရိုင်တွင် နေထိုင်သော အိန္ဒိယတိုင်းရင်းသားများမှာ ရခိုင်တစ်တိုင်းလုံးရှိ အိန္ဒိယအမျိုးသားများ၏ (၉၇)ရာခိုင်နှုန်း ဖြစ်ပေသည်။

စစ်တွေခရိုင်အတွင်း၌ ပျံ့နှံ့နေထိုင်သော အိန္ဒိယတိုင်းရင်းသား အမျိုးအနွယ်စာရင်းမှာ နောက်ဆက်တွဲ(ခ)တွင် ဖော်ပြထားပါသည်။

ဆူရိယာကုလားများမှာ အိန္ဒိယတွင် မွေးဖွားကြ၍ အားလုံးလိုလို ယောကျ်ားများဖြစ်ကြသည်၊ စစ်တွေခရိုင်တွင် နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသားများအနက်(၈၈)ရာခိုင်နှုန်းမှာ စစ်တကောင်းသား ကုလားများဖြစ်ကြသည်။ ယင်းအနက် (၈၄)ရာခိုင်နှုန်းမှာ မြန်မာပြည်တွင် မွေးဖွားသူများ ဖြစ်ကြသည်။ ဤစာရင်းအရဆိုလျှင် ပြည်တွင်ဖွားသော စစ်တကောင်းကုလား အမျိုးသမီး(၄မှ ၉၅)ယောက်ရှိပြီးလျှင် အိန္ဒိယတွင်ဖွားသော စစ်တကောင်းကုလား(၁၀၀)ရှိတိုင်း အိန္ဒိယပြည်တွင် ဖွားသောစစ်တကောင်းကုလားအမျိုးသမီး (၂၂ မှ ၂၃)ယောက်အထိ ရှိလေသည်။

(၁၉၃၁)ခုနှစ် သန်းခေါင်စာရင်းအရ စစ်တွေခရိုင်တွင်ရှိသော ကုလားအလုပ်သမား (၇၁၃၀၆)ယောက်ရှိသည့် အနက် (၆၉၄၆)ယောက်တို့မှာ အောက်ပါလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ကြသည်။

| **အလုပ်အကိုင်** | **ဦးရေ** |
|---|---|
| စိုက်ပျိုးရေး | ၄၂၉၄၇ |
| စာရေးစာချီ | ၇၄၄ |
| လက်မှုပညာသည် | ၃၃၄၇ |
| ကျွမ်းကျင်သူနှင့် တဝက်တပျက်ကျွမ်းကျင်သောအလုပ်သမား | ၁၆၄၂၆ |
| ကုန်သည်များနှင့် ကုန်သည်များထံ လုပ်ကိုင်သူများ | ၁၉၉၄ |
| စုစုပေါင်း | ၆၉၄၆၁ |

အထက်ပါ စာရင်းများအနက် ကုလားလူမျိုး(၉၄၄၂)ယောက်မှာ ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများ ဖြစ်သည်။ (၁၂၈၄၈)ယောက်မှာ သူတပါးလယ်ကို လုပ်ကိုင်သူများဖြစ်သည်။ (၁၉၄၃၆)ယောက်မှာ လယ်စာရင်းငှားများ ဖြစ်ကြသည်။ လယ်စာရင်းငှားများအနက် (၅၅၇၀)ယောက်မှာ အိန္ဒိယတွင် ဖွားမြင်သူများ ဖြစ်ကြသည်။

(၁၉၃၁)ခုနှစ် သန်းခေါင်စာရင်းကို (၁၉၃၁)ခုနှစ် ဖေဖော်ဝါရီလ (၂၄)ရက်နေ့၌ ကောက်ယူခဲ့ရာ စပါးရိတ်သိမ်းပြီးချိန်ဖြစ်သည့်အလျောက် အချို့စစ်တကောင်းကုလားတို့မှာ စစ်တွေပတ်ဝန်းကျင်ရှိ ဆန်စက်များသို့ ဝင်ရောက်လုပ်ကိုင်ကြသည်။ တချို့မှာလည်း လှေသမားများအဖြစ် လိုက်ပါလျက် အခြားမြို့ပြကျေးရွာများသို့ သွားရောက်နေကြဆဲအချိန်ဖြစ်၏။

ပြည်သူ့ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်၏ (၁၉၃၀-၃၁)ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားချက်အရ သာမန်အားဖြင့် တစ်နှစ်လျှင် စစ်တကောင်းသား ကူလီပေါင်း(၄၀၀၀၀)ခန့် စစ်တွေခရိုင်သို့ ဝင်ရောက်လေ့ရှိကြောင်း ဖော်ပြပါ

ရှိသည်။

(၁၉၃၁)ခုနှစ် သန်းခေါင်စာရင်းကောက်ချိန်တွင် စစ်တွေခရိုင်အတွင်း၌ အိန္ဒိယတိုင်းရင်းသားယောကျာ်း (လူမျိုးပေါင်းစုံ)(၂၅၁၉၄၅)ယောက်ရှိသည်ဟု ဖော်ပြထားသည်။

(၁၉၃၄)ခုနှစ်တွင် ရခိုင်တိုင်းအတွင်းသို့ ဝင်ရောက်လာသော စစ်တကောင်းကုလားဦးရေမှာ (၂၀၀၀၀) ဖြစ်လေသည်။

အထက်ဖော်ပြခဲ့သော စုံစမ်းရေးကော်မရှင်သည် ရခိုင်တိုင်းမှ ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်(၇)ဦး အပါအဝင် သက်သေ(၈)ဦးတို့ကို စုံစမ်းမေးမြန်းခဲ့ကြသည်။

ယင်းတို့၏တင်ပြချက်မှာ ရခိုင်တိုင်းသို့ နှစ်စဉ်နှစ်တိုင်း စစ်တကောင်းကုလားများ ဤသို့အများအပြား ဝင်ရောက်နေခြင်းမှာ ရခိုင်လူမျိုးအဘို့ မဆိုထားဘိ၊ ရခိုင်တွင် အခြေစိုက်နေထိုင်လျက်ရှိကြသည့် ကုလားလူမျိုးများကပင် မနှစ်မြို့ကြဟုဆိုကြသည်။ ယခုအတိုင်းသာ ရခိုင်သို့ စစ်တကောင်းကုလားများ အဆက်မပြတ် ဝင်လာနေခြင်းကို မတားဆီးခဲ့လျှင် နောင်အနာဂတ်တွင် လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားမည်ကို စိုးရိမ်ရပါသည်ဟုဆိုကြသည်။ သက်သေများအားလုံးက စစ်တကောင်းကုလားများ ဝင်ရောက်မှုကို တားဆီးသင့်ကြောင်း အကြံပြုကြပါသည်။

ရခိုင်တွင်ရရှိသော လယ်ကူလီများမှာ စစ်တကောင်းကုလားများလောက် အပင်ပန်းခံ၊ အလုပ်မလုပ်လိုကြဟု ဆိုပါသည်။ စစ်တကောင်းကုလားများသည် အခကြေးငွေ နည်းပါးသော်လည်း အလုပ်ပိုရ၍လုပ်ကိုင်ကြသည်။ ထို့ကြောင့် ရခိုင်တိုင်းအတွင်း ရှိယင်းစွဲလယ်ကူလီများကို လုပ်ခပေးလိုက်လျှင် စစ်တကောင်းကုလားလုပ်မည့်နေရာများတွင် ယင်းတို့ ဝင်ရောက်လုပ်ကိုင်နိုင်ကြလိမ့်မည် ဆိုပါသည်။

ရခိုင်တိုင်းအတွင်း လယ်ယာရိတ်သိမ်းချိန်၌ စစ်တကောင်းကုလား အလုပ်သမား မည်မျှအလိုရှိသည်၊ မည်မျှ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုသည်ဟု စီမံကိန်းချမှတ် ဆောင်ရွက်သင့်ပါသည်။ အုပ်ချုပ်ရေးပိုင်းမှ ထိုသို့စီမံကိန်းချမှတ်လုပ်ဆောင်လျှင် ရခိုင်တိုင်းသို့နှစ်စဉ် ဝင်ရောက်လာသော စစ်တကောင်းကုလားဦးရေ သိသိသာသာကျဆင်းသွားပေလိမ့်မည်ဟု တင်ပြကြပါသည်။

သက်သေအားလုံးတို့က ရခိုင်တိုင်းသို့ ဝင်ရောက်လာကြသော စစ်တကောင်းကုလားများကို ကန့်သတ်တားမြစ်သင့်ပြီဟု တညီတညွတ်တည်း တင်ပြကြပါသည်။ ဝင်လာမဆဲဖြစ်နေသော ကုလားအုပ်စုများကို ဗြိတိသျှတို့ စိုးရိမ်လာကြပြီး စုံစမ်းရေးပြုလုပ်ခဲ့ရာ၌ ဒုတိယကမ္ဘာစစ်ကြီးကြောင့် မည်သို့မျှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြပေ။

ယင်း၏အကျိုးဆက်အဖြစ် ဒုတိယကမ္ဘာစစ်အတွင်း ကုလား၊ ရခိုင်အဓကရုဏ်း ဖြစ်ပွားခဲ့ရလေသည်။

## ဒုတိယကမ္ဘာစစ်၊ ကုလား၊ ရခိုင်အဓိကရုဏ်း

(က) ဖြစ်ပွားရခြင်း အကြောင်းရင်း

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အဝင်၊ အင်္ဂလိပ်အထွက် ခေတ်ပျက်ကာလ၌ ကြေကွဲဖွယ်ရာ လူမျိုးရေး အဓိကရုဏ်းဖြစ်ခဲ့ရလေသည်။ လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားရခြင်း အကြောင်းရင်းများ၌ ဗြိတိသျှအုပ်ချုပ်သူတို့က ရခိုင်ပြည်သို့ အိန္ဒိယတိုင်းရင်းသားတို့အား တံခါးမရှိ၊ ဓားမရှိဝင်ထွက်ခွင့်ပြုခဲ့ခြင်းသည် အခြေခံအကြောင်းရင်းတစ်ခု ဖြစ်လေသည်။ အခြားအကြောင်းရင်းကြီးတစ်ခုမှာ ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေး နည်းပရိယာယ်ပင် ဖြစ်သည်ဟုဆိုကြသည်။

(၁၉၄၀-၄၁)ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးသည် မြန်မာနိုင်ငံတဝှမ်းလုံးကို တုန်လှုပ်ချောက်ချားအောင် ဖန်တီးခဲ့လေသည်။ ထိုအခါ ရခိုင်တိုင်းသည်လည်း ဖရိုဖရဲဖြစ်လာခဲ့၏။ ပန်းတောင်း၊ တောင်ကုတ်လမ်းမှ ပိတ်၍တက်လာသော အိန္ဒိယတိုင်းရင်းသား စစ်ပြေးတို့၏ ဂယက်၊ စစ်တွေမြို့အထက်သို့ပင့်၍ ရိုက်လေရာ ကုလားပန်ဇင်းမြစ်ဝှမ်းသည် အခြေပျက်လာခဲ့၏။ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောနယ်ရှိ အမျိုးသားများသည် စံကောထဲတွင်ထည့်၍ လိမ့်သော ဇီးဖြူသီးကဲ့သို့ လိမ့်ကြကုန်၏။

ထိုအချိန်က ရခိုင်တိုင်း၌ ဖြစ်ပျက်ခဲ့သမျှတို့သည် မြန်မာပြည်၌ ဖြစ်ပျက်ခဲ့သော နည်းအတိုင်းပင် ဗြိတိသျှတို့ အောင်မြင်စွာ ဆုတ်ခွာသွားချိန်သည် တော်လှန်ရေးသမားတို့အတွက် အချိန်ကောင်းဖြစ်၏။ ထို့ကြောင့် ဗြိတိသျှစစ်ပြေးနှင့် ၎င်းတို့၏အပေါင်းပါတို့သည် မြန်မာပြည်ကို မယုံကြည်ကြချေ။ ထို့ကြောင့် မိမိတို့အောင်မြင်စွာ ဆုတ်ခွာနိုင်လေအောင် စစ်ပြေးဘက်တော်သားတို့သည် တိုင်းရင်းသားအချင်းချင်းကို ရန်တိုက်ပေးခဲ့လေ၏။ ထိုရန်တိုက်ပေးသောနည်းမှာ ဆန်းပြားသောနည်းမဟုတ်ချေ။ ဗြိတိသျှဖက်တော်သားတို့က မြန်မာနိုင်ငံသား မဟုတ်သောသူတို့ကို ကာကွယ်ရေး

အကြောင်းပြ၍ ၎င်းတို့ယူမသွားနိုင်သော လက်နက်တို့ကို ပေးအပ်ခဲ့ခြင်းဖြစ်၏။ ထိုလက်နက်တို့သည် မြန်မာပြည်အား ဗြိုလ်မွှေခဲ့လေသည်။ ဤဥပဒေသအတိုင်း ရခိုင်ပြည်တွင်အိန္ဒိယသို့ အောင်မြင်စွာ ဆုတ်ခွာရသော ဗြိတိသျှဖက်တော်သားတို့သည် လက်နက်အများအပြားကို ရခိုင်အမျိုးသား မဟုတ်သူတို့ထံတွင် အပ်နှံခဲ့၏။[၁]

ထိုအချိန် (၁၉၄၂) ခု မတ်လမှာ အင်္ဂလိပ်စစ်တပ်မှ ရာဇပုတ်ကုလား စစ်သားများ စစ်တွေတွင် သောင်းကျန်းလျက် ရှိနေသည်။ ရာဇပုတ် ကုလားများသည် ဒေသခံကုလားများနှင့် ပူးပေါင်းပြီး ရခိုင်အမျိုးသားများကို သတ်ဖြတ်ကြသည်။ စစ်တွေမြို့ပေါ်မှ ဆရာကြီး ဦးမောင်သာထွန်း၏သားများကိုလည်း သတ်ဖြတ်ကြသည်။[၂]

စစ်တွေမြို့ကို အင်္ဂလိပ်စစ်အုပ်ချုပ်ရေးသို့ ကူးပြောင်းပြီးနောက် ရက်သတ္တတစ်ပါတ်ခန့်ပင် မပြည့်ခဲ့ပေ။ ညဥ့် (၉)နာရီခန့်တွင် ပြင်းထန်သော တံခါးခေါက်သံ ကြားရသောကြောင့် ကျွန်တော်တို့နှစ်ဦး အသဲထိတ်ရတော့သည်။ အိမ်ကိုဓား၊ တုတ်ကိုင်ထားသော ကုလား(၄၀)ခန့် ဝိုင်းထားပြီး ယင်းကုလားများထံတွင် ရိုင်ဖယ်သေနတ်ကိုင်ထားသော ရာဇပုတ်စစ်သား အချို့လည်းပါ၏။ ရာဇပုတ်တပ်ကြပ်နှင့် ရာဇပုတ်စစ်သား (၃)(၄)ဦး သေနတ်ချိန်ရွယ်ပြီး အိမ်ထဲသို့ ဝင်လာသည်၊ ရာဇပုတ်စစ်သားအချို့နှင့် ဒါး၊ တုတ်ကိုင် ကုလားလူမျိုးအချို့က တစ်အိမ်လုံးမွှေနှောက် ရှာဖွေကြသည်။ အိမ်သားများ မသယ်နိုင်သောပစ္စည်းများ၊ အဝတ်အထည်များနှင့်တကွ ကျွန်တော်တို့၏ အဝတ်အထည်များပါမကျန် သူတို့ယူကြသည်။[၃]

အထက်ပါ မှတ်တမ်းများကိုကြည့်လျှင် ဗြိတိသျှတို့သည် မိမိတို့အောင်မြင်စွာ ဆုတ်ခွာနိုင်ရေးအတွက် ရခိုင်အမျိုးသားမဟုတ်သူ ရာဇပုတ်ကုလားများထံ လက်နက်အများအပြား အပ်ခဲ့ပြီး လူမျိုးရေးအဓိကရုဏ်းဖြစ်အောင် လမ်းစဖော်ပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။

## (ခ) ရုတ်တရက်ဖြစ်ရခြင်း အကြောင်းရင်း

ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်းတွင် ကုလား၊ ရခိုင်အဓိကရုဏ်းဖြစ်ရန် ရုတ်တရက်ဖြစ်ရခြင်းအကြောင်းရင်းကို ဤသို့ဖော်ပြထားသည်။

"မြေပုံမြို့နယ် ချောင်းကြီးရွာသူကြီး ညီအစ်ကိုနှစ်ဦးကို ရက်ချောင်းကုလားများက သတ်ဖြတ်ကြသည်။ ယင်းအခြေအနေကြောင့် သိန်းကျော်အောင်နှင့် ကျော်ယတို့ ခေါင်းဆောင်သော ရခိုင်တပ်ဖွဲ့က ရက်ချောင်းကုလားရွာကို မီးရှို့ဖျက်စီးလိုက်ကြသဖြင့် ကုလား၊ ရခိုင်အဓိကရုဏ်း စတင်ခဲ့လေသည်။"[၂]

## (ဂ) အဓိကရုဏ်းဖြစ်ပွားပုံ

"ကုလား၊ ရခိုင်အဓိကရုဏ်းမှာ မြေပုံမြို့နယ်မှတဆင့်၊ မင်းပြားမြို့နယ်လက်မကျေးရွာ၊ ယင်းမှတဆင့် မြို့ဟောင်းမြို့နယ်၊ ကျောက်တော်မြို့နယ်များသို့ ကူးစက်ပြန့်ပွားလာခဲ့သည်။ ဤမြို့နယ်များမှ ထွက်ပြေးလွတ်မြောက်လာသော ကုလားများသည် ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ ရောက်ရှိလာပြီး ယင်းမြို့နယ်များရှိ ကုလားများနှင့် ပူးပေါင်းကာ ယင်းဒေသရှိ ရခိုင်လူမျိုးတို့ကို လက်စားချေထုတ်ပြန်ကြသဖြင့် မောင်တောမြို့နယ် နတ်မြစ်အရှေ့ဘက်ခြမ်း၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် မယူကမ်းတခွင်ရှိ ရခိုင်ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်းခံရ၍ ထွက်ပြေးကြသည်။ ရခိုင်လူမျိုးများစွာ အသက်ဆုံးရပြီး ရွာပေါင်းများစွာ ပျက်စီးသွားသည်။ ယင်းသို့ပျက်စီးသွားခြင်းကို ယနေ့ထိ အစားထိုးနာလန်မထူနိုင်ဘဲ ဘူးသီးတောင်နှင့်မောင်တောမြို့နယ်များတွင် ရခိုင်ရွာများ မရှိသလောက် ဖြစ်ခဲ့ရသည်။"[၃]

ကြေကွဲဘွယ်ရာ လူမျိုးရေးအဓိကရုဏ်းကို စာရင်းချုပ်လိုက်လျှင် ရခိုင်အမျိုးသားတို့အတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုများ ရှိခဲ့လေသည်။

(၁) အဓိကရုဏ်း၌ ရခိုင်လူမျိုး(၂၀၀၀၀)ခန့် အသက်ဆုံးရှုံးရခြင်း၊

(၂) ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်မှ ရခိုင်ရွာများအားလုံးနှင့် ရသေ့တောင်မြို့နယ်မှ ရခိုင်ရွာအချို့ မီးရှို့ဖျက်ဆီးမှုခံခဲ့ရခြင်း၊

(၃) လူသေဆုံး၍ လယ်မြေများကို ပြန်လည်ထူထောင်မည့်သူများ မရှိ ဖြစ်ခဲ့ရခြင်း၊

(၄) စစ်တကောင်းသား ကုလားများ ပို၍များပြားလာပြီး ရခိုင်ရွာများ ပြန်လည်ထူထောင်ရေးမရခြင်းတို့ ဖြစ်ခဲ့ရလေသည်။

ဤကုလား၊ ရခိုင်အဓိကရုဏ်းကာလ၌ ဘူးသီးတောင်မြို့နယ်သည် အနစ်နာဆုံးဖြစ်ခဲ့ရလေသည်။ ဘူးသီတောင်မြို့၌ပင် လူနေအိမ်ခြေဆိတ်သုဉ်း၍ တောစီးခဲ့ရပုံကို ဦးစံထွန်းအောင်က အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"မောင်တောဒုက္ခသည်စခန်းမှ (၁၉၄၅)ခုနှစ် ဒီဇင်ဘာလ(၂၈)ရက်နေ့တွင် ကျွန်တော်တို့အား ဘူးသီးတောင်မြို့သို့ ပြန်ပို့လေသည်။ စစ်ပြေးခေတ် ဘူးသီးတောင်မြို့ပေါ်တွင် လူနေအိမ်ခြေမရှိသလောက်ဖြစ်နေ၏။ မြို့လယ်ဖြစ်သော မြို့မရပ်ကွက်(ယခု မေယုလမ်း)၊ ယခင် ဘူးသီးတောင်၊ မောင်တောလမ်း ဝဲယာရပ်ကွက်များ၊ မြို့သစ် မြောက်ရပ်ကွက်၊ သူဌေးကုန်းရပ်ကွက်၊ သင်္ဘောဆိပ်ဟောင်းရပ်ကွက်၊ ကားလမ်း၊ ကသည်းရွာ၊ အနောက်စုများတွင် အိမ်ခြေလုံးဝမရှိသည့်အပြင် ကိုင်းပင်၊ ကျူပင်များ ပေါက်ရောက်ကာ ခြုံတောစီးလျက် မြို့နှင့်မတူသောကြောင့် ကျွန်တော် မှာကား မှန်းဆလျှင် ဘယ်နေရာသို့ ရောက်နေမှန်းမသိချေ။ မြို့သစ်တောင်ပိုင်း သပြေကုန်းရပ်ကွက်တွင် အိမ်ခြေအ အနည်းငယ်ရှိရာ လက်ချိုး၍ ရေတွက်နိုင်ပါသည်။ ထိုအိမ်(၄-၅)အိမ်မှာလည်း အစိုးရအမှုထမ်း မြေတိုင်းဌာနအရာရှိ နေအိမ်များဖြစ်လေသည်။"[၁]

ထို့ပြင် ဘူးသီးတောင်မြို့နယ်၌ ရခိုင်ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် ကိုယ်တိုင်ဆောင်ရွက်ခဲ့ရပုံ၊ အောင်မြင်မှုမရှိခဲ့ပုံတို့ကိုလည်း အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"ကျွန်ုပ်သည် ရခိုင်ရွာများကို ပြန်လည်အခြေချရန် အစိုးရထောက်ပံ့ရေးဌာနမှ အရာရှိ "မေဂျာဂေါ်ဒိုင်"၏အကူအညီဖြင့် ကြိုးစားဆောင်ရွက်ခဲ့လေသည်။ ကျွန်ုပ်တို့သည် ကုလားပန်ဇင်းမြစ် အောက်ပိုင်းသို့ ရခိုင်သားဦးရေ (၁၀၀၀၀) ကျော်ပို့ခဲ့လေ၏။ အောက်ပိုင်းတွင်လည်း အလိုအလျောက် ပြန်ဝင်လာသူများနှင့် ကျွန်ုပ်တို့ ပို့ပေးသူ ရခိုင်ဦးရေသည် ထိုအထက်ပိုင်း ဦးရေထက် နည်းမည်မဟုတ်ချေ။ ထိုသို့ သူတို့အခြေချ နေထိုင်ခဲ့လေသည်။ ရခိုင်သားကျေးရွာများမှာ အခြေအနေအရ လူနည်းစုဖြစ်နေခြင်း၊ လူအများစုဖြစ်နေသော ရခိုင်တို့မှာ ကျီးလန့်စာစားဖြစ်နေသည်။ မူဂျာဟစ်အမည်ခံများက ခြောက်လှန့်နှင့်ထုတ်သဖြင့် လယ်ယာလုပ်ငန်းများကို စွန့်ပစ်ကာ ကြောက်လန့်တကြား ထွက်ပြေးကြလေသည်။ ထိုသို့ခဏခဏပြေးရသဖြင့် ပို့ထားသူများ၏ ထက်ဝက်မျှပင် မကျန်သလောက် ဖြစ်နေသည်။"[၁]

ဒုတိယကမ္ဘာစစ်ပြီးနောက် အိန္ဒိယပြည် ရှောင်ပူရ်စခန်း၌ ရှိနေသော ကုလားဒုက္ခသည်များသည် ရခိုင်ပြည်သို့ ပြန်ဝင်လာကြရာ ပြန်ဝင်လာသူများအနက် အဓိကရုဏ်းနှင့် မသက်ဆိုင်သူများစွာ ရောနှောပါဝင်လာခဲ့ကြ၏။ ယင်းအကြောင်း စာရေးဆရာ၊ "မောင်ထင်"က အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"ဗြိတိသျှမဟာမိတ်တို့ ဝင်လာသောလမ်းပေါက်အတိုင်း အိန္ဒိယနိုင်ငံမှ လူမျိုးပေါင်းစုံတို့သည် မြန်မာပြည်ထဲသို့ အလုအယက်ဝင်လာကြသည်။ ဆွံ့၊ အ၊ အကျိုး၊ အကန်း၊ နူ၊ ဝဲ စသော သူတောင်းစားလူထုသည်ပင်လျှင် စစ်တကောင်းမှ တဆင့် ရန်ကုန်မြို့ မဂိုလမ်းသို့အရောက် အူယားဖားယား ပြေးဝင်လာကြသည်။ ၎င်းတို့ဝင်လာသောလမ်းကြောင်းကား ကုလားပန်ဇင်းမြစ်ဝှမ်းမှ အစပြုလေသည်။

စစ်တကောင်းအနွယ်တို့သည် ကုလားပန်ဇင်းမြစ်ဝှမ်းသို့ လာသောအခါ နို့စားဆိတ်မတစ်ကောင်ကိုသာ ယူဆောင်ခဲ့ကြသည်။ ၎င်းနှင့်အတူ ရှေးကမြန်မာပြည်တွင် မနေထိုင်ဘူးသော အဆွေအမျိုးတို့လည်း ပါလာကြသည်။ များမကြာမီ ကုလားပန်ဇင်းမြစ်ဝှမ်းဒေသအနောက်ဘက်၌ လယ်မြေ၊ ဥယျာဉ်ခြံ၊ ဆိတ်ခြံတို့သည် စည်ကားသိုက်မြိုက်လာလေသည်။ အရှေ့ဘက်ကမ်းရှိ ရခိုင်တိုင်းရင်းသားတို့ကား စစ်ဘေးစစ်ဒဏ်ကြောင့် ခရုဆံကျွတ်ဖြစ်နေကြရသည်။"[၂]

ဘူးသီးတောင်မြို့နယ် ပြန်လည်ထူထောင်စ (၁၉၄၆)ခုနှစ် အခြေအနေနှင့် စစ်တကောင်းသား ကုလားများ အလုံးအရင်း ခိုဝင်လာကြပြီးနောက် (၁၉၄၈)ခုနှစ် အခြေအနေကို ဦးစံထွန်းအောင်က အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြထားသည်။

"ထိုအချိန် (၁၉၄၆)ခုနှစ်တွင် ကျွန်ုပ်တွေ့ရသော ရွာများမှာ ယခုကဲ့သို့ စည်ပင်ခြင်းမရှိ။ ရှေးက ဈေးရှိခဲ့သော ကကျဘက်ရွာပင်လျှင် လူနေအိမ်ခြေအနည်းငယ်နှင့် ခြောက်ကပ်ကပ်ဖြစ်နေသည်ကို တွေ့ရလေသည်။ ဈေးမှာလည်း ထိုနည်းပင်၊ မစည်ကားချေ။ ဈေးစည်ကားရန်မှာ ဈေးခံရပ်ကွက် စည်ကားရုံနှင့်လည်း မဖြစ်ချေ။ ဈေးမှလက်လှမ်းမှီရာ ကျေးရွာများလည်း စည်ကားရန် လိုပေသည်။

ဘူးသီးတောင်မြို့နှင့် နီးကပ်သော ကကျဘက်၊ ကံကြီးပြင်၊ မောင်နီရွာ၊ အလယ်ချောင်းစသော ရွာများပင်လျှင်၊ အိမ်ခြေ(၃၀)ကျော်မည် မဟုတ်သေးပေ။ ကုလားပန်ဇင်းကျေးရွာများမှာလည်း ထိုနည်းတူပင် ဖြစ်လေသည်။ ရခိုင်ဆို၍ ပြစရာ မရှိသေးသော ထိုအချိန်(၁၉၄၆)ခုနှစ်တွင်ပင် ထိုကျေးရွာများသည် ဤမျှအခြေအနေ ရှိသေးသည်ဖြစ်ပါလျက်

(၁၉၄၈)ခုနှစ်တွင် လူဦးရေတစ်သိန်းနှစ်သောင်းကျော်လာသည်မှာ ဘယ်ပုံဘယ်နည်းနှင့် ဝင်လာကြသည်ကို တွေးရှိက သိနိုင်ပေသည်။ အစိုးရအုပ်ချုပ်ရေး အခြေမကျမီ ခိုးဝင်လာသူများကို ရှိရင်းမူဆလင်များက လက်ခံ၍ ထိုမှတဆင့် စစ်တွေခရိုင် အခြားမြို့နယ်များသို့ပင်လျှင် ပို့နေကြသည်။ ရပ်ရွာသားများမှာလည်း ရခိုင်မရှိစဉ် မူဆလင်သက်သက်ဖြစ်နေရာ သူကြီးများမှာလည်း မူဆလင်သာ ဖြစ်နေပြန်သဖြင့် မိမိပိုင်နက် ကျေးရွာနယ်မြေမှဖြစ်သော သက်သေခံအထောက်အထားပေးကာ ခရီးသွားခွင့်ရှိနေသဖြင့် ဝင်ချင်တိုင်း ဝင်ခဲ့ကြလေသည်။ သူကြီးလုပ်သူက တာဝန်ယူထားရာ အခြားအထောက်အထားရနိုင်ရန် ခက်ခဲလေသည်။[၁]”

## မူဆလင် သီးခြားပြည်နယ် တောင်းဆိုခြင်း

အိန္ဒိယနိုင်ငံရှိ မူဆလင်များက သီးခြားမူဆလင်နိုင်ငံ ထူထောင်ပေးရန် ဗြိတိသျှအစိုးရထံ တောင်းဆိုလှုပ်ရှားကြသည်။ မူဆလင်အများစုရှိသော အိန္ဒိယအနောက်ဘက်ဒေသနှင့် အိန္ဒိယအရှေ့ဘက် ဘင်္ဂလားပြည်နယ် အရှေ့ဘက်ဒေသများကို ပါကစ္စတန်နိုင်ငံအဖြစ် ထူထောင်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဤတောင်းဆိုလှုပ်ရှားမှုသည် မောင်တော ဘူးသီတောင်မြို့နယ်များရှိ စစ်တကောင်းသား မူဆလင်တို့ကို လွှမ်းမိုးခဲ့လေသည်။ (၁၉၄၂)ခုနှစ် ကုလား၊ ရခိုင်အဓိကရုဏ်းကလည်း မောင်တော၊ ဘူးသီးတောင်မြို့နယ်များကို မြန်မာနိုင်ငံမှခွဲထွက်ပြီး အသစ်ဖြစ်ပေါ်လာလတ္တံ့သော အရှေ့ပါကစ္စတန်နှင့် တစ်နိုင်ငံတည်းဖြစ်အောင် ပေါင်းစည်းလိုသော ဆန္ဒကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ပညာတတ်များက စိတ်အားထက်သန်ကြ၏။ ထို့ကြောင့် (၁၉၄၂)ခုနှစ် ကရာချီမြို့တွင် ကျင်းပသော အစ္စလာမ်ညီလာခံ၌ အဆိုတစ်ရပ်အဖြစ် တင်သွင်းခဲ့သည်ဟု အဆိုရှိလေသည်။ ယင်းအကြောင်း သုတေသီခင်ကြီးဖျော်က ဤသို့မှတ်တမ်းတင်ဖော်ပြခဲ့သည်။

"(၁၉၄၂)ခုနှစ်တွင် "ဇူမိယာတူအူမလာ"အသင်း၏ပုဂ္ဂိုလ်တို့သည် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့တို့၌ မူဆလင်ဦးရေများသည့်အတွက် ပါကစ္စတန်နယ်အတွင်း ထည့်သွင်းသတ်မှတ်ပေးရန် ဗြိတိသျှအစိုးရထံ အသနားခံရန် ကြိုးစားခဲ့ကြသေးသည်။ ကြိုးပမ်းခဲ့ပုံမှာ (၁) ရောဟိရ်ကိန်း(ဘီအေ)၊ (၂) အုမွှော်မျှာ (၃) အဒူဘော်ရှော(ဘီအေ) (၄) အဒူခါလိတ်(မော်လဝီ)(၅) နူရာမောက်(ကုန်သည်)(၆) ဟာဘီအူလာနှင့် ဇူမိယာတူအူမလာအသင်း၏အကျိုးတော်ဆောင်များကို ပါကစ္စတန်သို့စေလွှတ်၍ ပါကစ္စတန်ခေါင်းဆောင်တို့နှင့် ဆွေးနွေးကြသည်။ ဤအကြောင်းကို စစ်တကောင်းနယ်ထုတ် "အော်ပြီက္ကောဝါဇ"သတင်းစာတွင် တွေ့မြင်ရသည်။[၁]"

သို့ရာတွင် ဗြိတိသျှအစိုးရသည် အိန္ဒိယပြည်ကြီးကို အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ နိုင်ငံနှစ်ခုခွဲကာ လွတ်လပ်ရေးပေးခဲ့သော်လည်း အရှေ့ပါကစ္စတန်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော မောင်တော၊ ဘူးသီးတောင်ကိုကား မူလအခုတိုင်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ထားခဲ့လေသည်။ မြန်မာနိုင်ငံကိုလည်း (၁၉၄၈)ခုနှစ်တွင် လွတ်လပ်ရေး ပေးခဲ့လေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက် နိုင်ငံရေးအယူအဆ အမျိုးမျိုးကွဲပြားခဲ့ရာမှ အမျိုးသားစည်းလုံးညီညွတ်ရေးပျက်ပြားခဲ့ရာ ပြည်တွင်းစစ်ဖြစ်ခဲ့ရသည်။ နိုင်ငံတဝှမ်းလုံးတွင် ရောင်စုံသူပုန်များ ပေါ်ပေါက်ခဲ့သည်။ ရခိုင်ပြည်နယ်တွင်လည်း အလံနီ၊ အလံဖြူ ပြည်သူ့လွတ်မြောက်ရေး ရဲဘော်ဖြူ စသော သူပုန်အဖွဲ့အစည်းများ ပေါ်ထွက်ခဲ့သည်။

မြေပေါ်၌လည်း ဖဆပလအာဏာပိုင်တို့၏ လုပ်ဆောင်ချက်ကို ရခိုင်ပြည်နယ်လူထုက အားမရခဲ့ချေ။ ထို့ကြောင့် ရခိုင်ပြည်နယ် တောင်းဆိုမှုပေါ်ပေါက်လာသည်။ ၎င်းကို ဖဆပလအစိုးရက ကော်မရှင်ဖွဲ့၍၊ စုံစမ်းစေခဲ့သည်။ ဒေါက်တာဘဦး ခေါင်းဆောင်သော ပြည်နယ်စုံစမ်းရေးကော်မရှင်က ဖဆပလအစိုးရ၏ လိုအင်ဆန္ဒအတိုင်း "ရခိုင်ပြည်နယ် မပေးသင့်ကြောင်း" အစီရင်ခံခဲ့သည်။

ထိုပဋိပက္ခသည် ရခိုင်တိုင်းရင်းသားတို့ကိုသာမက စစ်တကောင်းသား မူဆလင်များကိုပါ ရိုက်ခတ်စေခဲ့သည်။ ၎င်းတို့သည် ဖဆပလအစိုးရက ရခိုင်တို့ကို ပြည်နယ်ပေးလျှင် ငါတို့မူဆလင်များကို ရခိုင်တို့က ဖိနှိပ်မည်။ သို့ဖြစ်၍ ငါတို့အများစုနေသော မောင်တော၊ ဘူးသီးတောင်မြို့နယ်များကိုလည်း သီးခြားမူဆလင်ပြည်နယ် ထူထောင်ပေးရမည် မပေးလျှင် လက်နက်ကိုင် ထကြွတော်လှန်မည်ဟူ၍ ဘင်္ဂလီပညာတတ်တို့က ဒါကာမြို့၌ ပုံနှိပ်သော အင်္ဂလိပ်ဘာသာ ကြေငြာချက်ဖြင့် ရာဇသံတောင်းဆိုခဲ့ကြလေသည်။

ထို့နောက် မူဂျာဟစ်သူပုန်များက လက်နက်ကိုင်ကာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ ရခိုင်တိုင်းရင်းသားတို့ကို နည်းမျိုးစုံဖြင့် နှိပ်စက်ကလူမှု ပြုခဲ့၏။

တဖန် ၁၉၅၁ ခုနှစ် ဇူလိုင်လတွင် မောင်တောမြို့နယ်၊ အလယ်သံကျော်ရွာ၌ အရပ်ရပ် ကိုယ်စားလှယ်များ ပါဝင်သည့် မူဆလင်ညီလာခံကို ကျင်းပကာ တောင်းဆိုချက် (၁၄)ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြခဲ့ကြသည်။ ၎င်းကို ဆီလျော်အောင် ဘာသာပြန်ပြရမည်ဆိုပြါက အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

(၁) ရခိုင်တိုင်းမြောက်ပိုင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းတောင်တန်းများ၊ ကချင်ဒေသများနည်းတူ လွတ်လပ်သော မူဆလင်ပြည်နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းပေးရမည်။ ယင်းပြည်နယ်၌ ပြည်ထောင်စုအစိုးရ၏ ကွပ်ကဲမှုအောက်တွင် ပြည်နယ်စစ်တပ်၊ ပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်လုံခြုံရေးအဖွဲ့များလည်း ထားရှိရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံကာကွယ်ရေးအတွက် အောက်အမှတ်စဉ်(၃)တွင် ဖော်ပြထားသော စည်းကမ်းချက်များနှင့် ကိုက်ညီခဲ့ပါက တစ်ခုတည်းသော လက်နက်ကိုင်တပ်ဖွဲ့ကို ထားရှိနိုင်သည်။

## ရခိုင်တိုင်း၏လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့တွင် မူဆလင်များ အညီအမျှပါဝင်ရေး

(၃) ရခိုင်တိုင်းလက်နက်ကိုင်တပ်ဖွဲ့တွင် တဦးအပေါ် တဦးအပြန်အလှန်ယုံကြည်စိတ်ချရမှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မူဆလင်တို့၏အနေအထားမှာ မဟာဗျူဟာအရ အရေးပါးမှုထောက်ထား၍ မူဆလင် (၅၀%)ပါဝင်ထည့်သွင်းကာ ဖွဲ့စည်းရမည်။

**စစ်တွေသင်္ဘောကို ပူးတွဲကြီးကြပ်မှု**

(၄) စစ်တွေမြို့နှင့် စစ်တွေသင်္ဘောဆိပ်ကို ရခိုင်မြောက်ပိုင်းတွင် လွတ်လပ်သော မူဆလင်ပြည်နယ်နှင့် ရခိုင်တောင်ပိုင်းတို့နှစ်ဦးနှစ်ဘက်တို့နှင့် သက်ဆိုင်သော မြို့နှင့်သင်္ဘောဆိပ်အဖြစ် သတ်မှတ်ရမည်။ ပူးတွဲကြီးကြပ်ရေးမှုအရ မူဆလင်များနှင့် မူဆလင်မဟုတ်သူများ (၅၀%)စီ အညီအမျှ ပူးတွဲ၍ စီမံအုပ်ချုပ်ရမည်။ စစ်တွေမြို့၏ မြို့တော်ဝန်၊ တိုင်းမင်းကြီးနှင့် ဒုတိယတိုင်းမင်းကြီးရာထူးများတွင် မူဆလင်နှင့် မူဆလင်မဟုတ်သူများ၊ အလှည့်ကျတာဝန်ထမ်းဆောင်ရမည်။ ပထဆုံးမြို့တော်ဝန်မှာ မူဆလင်လူမျိုးဖြစ်၍ ဒုတိယမြို့တော်ဝန်မှာ မူဆလင်မဟုတ်သူ ဖြစ်ရမည်။ ဤသို့ဖြင့် နှစ်နှစ်တကြိမ်ကျစီ အလှည့်ကျ အုပ်ချုပ်သွားရမည်။

**ဗဟိုအစိုးရအဖွဲ့တွင် မူဆလင်ဝန်ကြီး ခန့်ထားရေး**

(၅) မြန်မာနိုင်ငံ ဗဟိုအစိုးရအဖွဲ့တွင် ချင်းရေးရာဝန်ကြီး၊ ကရင်ရေးရာဝန်ကြီး၊ ခန့်ထားသကဲ့သို့ ရခိုင်မြောက်ပိုင်းမူဆလင်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦးကို ဗဟိုအစိုးရအဖွဲ့တွင် မူဆလင်ရေးရာဝန်ကြီးအဖြစ် ခန့်ထားပေးရမည်။

**တိုင်းပြုပြည်ပြုလွှတ်တော်နှင့် ရခိုင်မြောက်ပိုင်းမှ မူဆလင်များ**

(၆) ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဌာန်းရန် ဖွဲ့စည်းသော တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရခိုင်မြောက်ပိုင်း မူဆလင်များအား အခွင့်အရေးတရပ်အနေဖြင့် အခြားပြည်နယ်နှင့်တိုင်းများနည်းတူ ကိုယ်စားလှယ်အညီအမျှ စေလွှတ်ခွင့်ပေးရမည်။ ရေးဆွဲမည့်အခြေခံဥပဒေတွင် မူဆလင်များ တောင်းဆိုချက်များကိုလည်း မလွဲမသွေပါသင့်သောအချက်များအနေဖြင့် ထည့်သွင်းပြဌာန်းပေးရမည်။

**ပြည်ထောင်စုဥပဒေပြုလွှတ်တော်**

(၇) ပြည်ထောင်စုမြန်မာနိုင်ငံ အထက်လွှတ်တော်တွင် အခြားပြည်နယ်များနည်းတူ ရခထိုင်မြောက်ပိုင်းမူဆလင်များအား ကိုယ်စားလှယ်အညီအမျှစေလွှတ်ပေးရမည်။ ဥပဒေပြုအောက်လွှတ်တော်တွင်မူ လူဦးရေ အချိုးအစားအလိုက် ကိုယ်စားလှယ်စေလွှတ်ခွင့် ပေးရမည်၊

**လူမျိုးစုံကွန်ဂရက်**

(၈) မြန်မာနိုင်ငံအတွင်းရှိ လူမျိုးအသီးသီးတို့၏ ယဉ်ကျေးမှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထူးသဖြင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ မြင့်မားတိုးတက်လာစေရန်၊ လူမျိုးအသီးသီး လူမျိုးစုအသီးသီးတို့ပါဝင်သော လူမျိုးစု ကွန်ဂရက်ကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင်ပေစေရမည်။ တန်းတူရွယ်တူ ပူးတွဲဆောင်ရွက်ရေးမှုအရ ကွန်ဂရက်ကြီးကို လူမျိုးအသီးသီးက ကိုယ်စားလှယ်အညီအမျှ စေလွှတ်ခွင့်ရှိရမည်။

**အစိုးရဝန်ထမ်းအသီးသီးတွင် ပါဝင်ခွင့်**

(၉) ပြည်ထောင်စု ဗဟိုအစိုးရလက်နက်ကိုင် အဖွဲ့အစည်း အမြဲတမ်းတပ်ဖွဲ့၊ ယာယီအဖွဲ့၊ ရဲအဖွဲ့၊ ပညာရေးဝန်ထမ်းနှင့် တရားရေးဝန်ထမ်းများအပါအဝင် ဗဟိုဝန်ထမ်းအဖွဲ့အစည်းများတွင် မူဆလင်များအား သင့်တင့်မျှတသော

အချိုးအစားအလိုက် ခန့်ထားပေးရန် အာမခံချက် ပေးရမည်။

## ဘာသာရေးလွတ်လပ်ခွင့်၊ ယဉ်ကျေးမှု လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများ တန်းတူရရှိရေး

(၁၀) ကုလသမဂ္ဂအဖွဲ့၊ လူ့အခွင့်အရေးကော်မရှင်၊ လူ့အခွင့်အရေး ပြဌာန်းချက်များ၊ လူနည်းစုများ ကာကွယ်ရေး ပြဌာန်းချက်များ၊ မူဆလင်များအား ဘာသာရေးကိစ္စတွင် လုံးဝလွတ်လပ်ခွင့်ပေးရေး၊ အခြားလူမျိုးများနှင့် တန်းတူရွယ်တူ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများ ရရှိရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အာမခံချက်ပေးရမည်။ ယင်းအခွင့်အရေးများနှင့် စပ်လျဉ်း၍ တရားရုံးများတွင် တရားဆိုင်ခွင့်ရှိစေရမည်။

(၁၁) မူဆလင်များ၏ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဈေးဆိုင်များကို ဖျက်ဆီးခြင်း၊ လုယူခြင်း၊ မတရားသိမ်းယူခြင်းတို့အတွက် ပြန်လည်ပေးအပ်စေခြင်း၊ လျော်ကြေးပေးခြင်းများ ဆောင်ရွက်ပေးရမည်။ မူဆလင်များ၏အကျိုးစီးပွား လွတ်လပ်ခွင့်နှင့် လုံခြုံရေး တန်းတူရည်တူ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးနှင့် မူဆလင်တို့၏သာယာဝပြောရေးတို့အတွက် အာမခံချက်ပေးရမည်။

## ဘာသာရေးဆိုင်ရာ ဥပဒေပညာရှိကြီးများအဖွဲ့အောက်တွင် ကွစီတရားရုံးများ တည်ထောင်ခွင့်

(၁၂) မြန်မာနိုင်ငံတွင် မူဆလင်မိသားစုဥပဒေများအရ ဆုံးဖြတ်ပေးရမည့် မှုခင်းများကို မူဆလင်ဘာသာရေးဆိုင်ရာဥပဒေပညာရှင်ကြီးများအဖွဲ့အောက်တွင် ဖွဲ့စည်းတည်ထောင်ပေးရမည်။ ယင်းတရားရုံးများတွင် မူဆလင်တို့၏ ရှိအိုက်တရားတော်နှင့်အညီ လက်ထပ်ရေးကိစ္စ၊ အမွေဆက်ခံရေးကိစ္စနှင့်စပ်လျဉ်း၍၊ ပေါ်ပေါက်သောအငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ခွင့်အာဏာ ရှိရမည်။

### မူဆလင်ကောင်စီ

(၁၃) မူဆလင်တို့၏လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှုအရေးများနှင့် မြန်မာနိုင်ငံအတွင်းရှိ မူဆလင် ပရဟိတလုပ်ငန်းများ လှူဒါန်းထားသည့် ဘဏ္ဍာပစ္စည်းများ၊ ဗလီများ ဘာသာရေး စာသင်ကျောင်းများ၊ သင်္ချိုင်းမြေများ၊ သင်္ချိုင်းဂူများ၊ အထိမ်းအမှတ်များ ယဉ်ကျေးမှုဆိုင်ရာရုံပုံငွေများ စသည်တို့ကို စနစ်တကျ စီမံကွတ်ကဲနိုင်ရန်အတွက် အစ္စလာမ်ကောင်စီတရပ်ကို ဥပဒေဖြင့် ဖွဲ့စည်းရမည်၊ ထိုကောင်စီကို မူဆလင်ကိုယ်စားလှယ်များနှင့် အူလီမာခေါ မူဆလင်ခေါင်းဆောင်တို့ဖြင့် ဖွဲ့စည်းရမည်။ မူဆလင်ကောင်စီဝင်များဆိုင်ရာ နည်းဥပဒေများကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါဝင်သော မူဆလင်ကိုယ်စားလှယ်များ ဗဟိုဥပဒေပြုလွှတ်တော်နှင့် ယင်းကိစ္စအတွက် ဖိတ်ခေါ်သော မူဆလင် ညီလာခံတို့က ပူးပေါင်းရေးဆွဲရမည်။

(၁၄) (က) အစ္စလာမ်အထက်တန်းကျောင်းများနှင့် ကောလိပ်ကျောင်းများကိုလည်း တည်ထောင်ခွင့်ပြုရမည်။ ထိုကျောင်းများတွင် အာရပီစာပေများ၊ အစ္စလာမ်သမိုင်းနှင့် အစ္စလာမ်ယဉ်ကျေးမှုများကိုလည်း သင်ကြားပေးခွင့်ပြုရမည်။ မူဆလင်တို့၏ ပညာရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရမှ သင့်တင့်မျှတသော ထောက်ပံ့ကြေးများကိုလည်း ရရှိရမည်။

(ခ) မူဆလင်ကျောင်းသားများ၊ တက်ရောက်ပညာသင်ကြားနေသော အစိုးရကျောင်းတွင် မူဆလင်ကျောင်းသားများအား အူရဒူစာပေ၊ အာရဗီစာပေနှင့် အစ္စလာမ်ဘာသာရေးသင်ခန်းစာများကိုလည်း သင်ကြားခွင့်ပြုရမည်။ အူရဒူစာသင်ကျောင်းများကိုလည်း ပိတ်ပင်မည့်အစား တိုးချဲ့ဖွင့်လှစ်ပေးရမည်။

(ဂ) မူဆလင်များအား မိမိတို့၏ကိုယ်ပိုင်ပညာသင်ကျောင်းများ ဘာသာရပ်အားလုံးကို အူရဒူဘာသာဖြင့်သာ သင်ကြားခွင့်ပေးရမည်။ မူဆလင်များအား ယင်းတို့၏ ဆန္ဒသဘောထားမပါဘဲ အခြားစာပေများကို အတင်းအကြပ်မသင်ကြားစေရ၊ မူဆလင်တို့၏ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို ယုတ်လျော့သေးသိမ်စေမှုများကိုလည်း မပြုလုပ်ရ။

အလယ်သံကျော်ညီလာခံမှ တောင်းဆိုချက်များကို ခြုံငုံသုံးသပ်ရလျှင် မူဆလင်ကုလားတို့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းကို မူဆလင်သီးခြားပြည်နယ် တောင်းသည်သာမက၊ ရခိုင်ပြည်တောင်ပိုင်းကိုလည်း ရခိုင်နှင့် ၅၀%နှုန်းစီ အခွင့်အရေးတန်းတူပေးရမည်ဟု တောင်းဆိုထားကြောင်း တွေ့နိုင်ပေသည်။

## ရခိုင်ပြည်နယ်နှင့် ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီများ လှုပ်ရှားမှု

ရခိုင်ပြည်နယ်လူထုသည် ရခိုင်(ဖဆပလ)ခေါင်းဆောင်များကို မကျေနပ်ခြင်း၊ ရှမ်း၊ ကချင်၊ ကရင်၊ ကယားတို့ ကဲ့သို့ ပြည်နယ်အခွင့်အရေးကို ခံစားလိုခြင်းကြောင့် ရခိုင်ပြည်နယ်တောင်းဆိုသော (ရတည)(ရခိုင်တိုင်းရင်းသား ညီညွတ်ရေးပါတီ)ကို (၁၉၆၀)ပြည့်နှစ် ပါလီမန်ရွေးကောက်ပွဲတွင် တခဲနက်ထောက်ခံ မဲပေးခဲ့ကြသည်။ ရတည အမတ်(၈)ဦး အနိုင်ရရှိပြီး ဦးနုခေါင်းဆောင်သော ပြည်ထောင်စုပါတီနှင့် အပေးအယူလုပ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့သည်။ ဝန်ကြီးချုပ်ဦးနုသည် ရခိုင်နှင့်မွန်တို့ကို ပြည်နယ်ပေးပါမည်ဟု ကတိပြုပြီး သိမ်းသွင်းရယူခဲ့ခြင်း ဖြစ်လေသည်။

ရခိုင်ကို ပြည်နယ်ပေးမည်ဟူသော အသံထွက်လာသောအခါ ရခိုင်ပြည်နယ်ရှိ မူဆလင်တို့သည် မကျေမနပ်ဖြစ်ခဲ့ကြသည်။ လှုပ်ရှားထကြွလာကြသည်။ ယခင် အလယ်သံကျော်ညီလာခံ၌ ပါဝင်ခဲ့သော မူဆလင်ခေါင်းဆောင်တို့သည် အသွင်အမျိုးမျိုး ရှိနေခဲ့ကြရာမှ ရခိုင်ပြည်နယ် ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြုလုပ်လာကြသည်။ မြန်မာသတင်းစာ၊ အင်္ဂလိပ်သတင်းစာတို့၌ မူဆလင်တို့အတွက် တောင်းဆိုချက်အများအပြားကို တင်ပြလာကြလေသည်။

ထို့ပြင် မူဆလင်တို့သည် မြန်မာတိုင်းရင်းသားများ မဟုတ်ကြ၍ တိုင်းရင်းသားများသာ ခံစားခွင့်ရှိသော "ပြည်နယ်ရပိုင်ခွင့်"ကို ခံစားခွင့်မရှိကြောင်း သိကြသောအခါ မိမိတို့ကိုယ်ကို "ရခိုင်တိုင်းရင်းသား မူဆလင်များ"ဖြစ်ကြောင်း လိမ်ညာရေးသားတင်ပြလာကြသည်။ ထိုလိမ်ညာတင်ပြသူများအနက် ပါလီမန်အမတ်ဟောင်း မစ္စတာဂဖားမှ စတင်ခဲ့၏။ ၎င်းက အလယ်သံကျော် ညီလာခံ၏ ဆုံးဖြတ်ချက်များကို အားပေးသော သမိုင်းလိမ်ဆောင်းပါးတစ်ခုကို (၂၈-၈-၅၁) နေ့ထုတ် ဂါဒီယန်အင်္ဂလိပ်သတင်းစာ၌ စတင်ရေးသားခဲ့သည်။

ထို့နောက် (၁၀)နှစ်ခန့်အကြာတွင် (၁၉၆၀)ပြည့်နှစ် မေလထုတ် ဂါဒီယန်အင်္ဂလိပ်မဂ္ဂဇင်း၌ အမ်အေတဟိရ် (ဘသာ)က မစ္စတာဂဖားကဲ့သို့ ဘူးသီးတောင်မောင်းတောမြို့နယ်များရှိ စစ်တကောင်းသား ဘင်္ဂလီမူဆလင်များကို ရခိုင်တိုင်းရင်းသား မူဆလင်များဖြစ်ကြလေဟန် လုပ်ကြံဖန်တီးခဲ့ပြန်၏။ ထိုဆောင်းပါးကိုပင် ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်ကလည်း "ရိုဟင်ဂျာလူမျိုးစု ရာဇဝင်အကျဉ်းချုပ်"အမည်ဖြင့် အနည်းငယ်ဖြည့်စွက်ကာ (၁၉၆၀)ပြည့်နှစ် ဒီဇင်ဘာလတွင် ပုံနှိပ်ဖြန့်ချိခဲ့သည်။ ယင်းနောက် မြဝတီ၊ ရှုမဝစသော မြန်မာမဂ္ဂဇင်းများ၌လည်း မောင်သံလွင်နှင့် စာရေးဆရာ မောင်သော်တို့ကလည်း "ရိုဟင်ဂျာများသည် ရခိုင်တိုင်းရင်းသား မူဆလင်များဖြစ်ကြသည်"ဟူ၍ အားဖြည့် အော်ဟစ်ခဲ့ကြသေး၏။

၎င်းတို့၏သမိုင်းလိမ်ဆောင်းပါးများကို ရခိုင်သမိုင်းသုတေသီ ဦးဖော်ဇံ၊ စစ်ကြိုခေတ် ရခိုင်နိုင်ငံရေး ခေါင်းဆောင်ဟောင်း ဦးဘစံ၊ ဗြိတိသျှခေတ်နှင့် လွတ်လပ်ရေးခေတ် ရခိုင်နိုင်ငံရေးခေါင်းဆောင် ဦးစံထွန်းအောင်တို့က ပြန်လည်ချေပသော ဆောင်းပါးများဖြင့် အထောက်အထားအကိုးအကားများစွာ တင်ပြခဲ့ကြလေသည်။

ထိုစဉ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ဗိုလ်ချုပ်ကြီးနေဝင်း(၁၉၆၂)ခုနှစ် မတ်လ(၂)ရက်နေ့က အာဏာသိမ်းမှုကြောင့် အသွင်တစ်မျိုးပြောင်းလဲခဲ့ရသည်။ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ဖွဲ့စည်းရေးသည်လည်း အာဏာသိမ်းမှု လှိုင်းတံပိုးများအောက်၌ နစ်မြုပ်ပျောက်ကွယ်ခဲ့ရလေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းခဲ့၏။ ထို့ကြောင့် မူဆလင်ကုလားတို့၏ နိုင်ငံရေးလှုပ်ရှားမှုများသည်လည်း ငြိမ်ဝပ်ငုပ်လျှိုးခဲ့လေ၏။ မောင်တော၊ ဘူးသီးတောင်မြို့နယ်များရှိ မူဂျာဟင်ကုလားဆိုသူပုန်အဖွဲ့များလည်း တပ်မတော်၏ထိုးစစ်ကြောင့် ပြိုကာ တဘက်နိုင်ငံသို့ တိမ်းရှောင်သွားခဲ့ကြလေသည်။

တော်လှန်ရေးကောင်စီအစိုးရသည် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ"ကို ထူထောင်ပြီး တစ်ပါတီစနစ်ဖြင့် ဆက်လက်အုပ်ချုပ်ခဲ့၏။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးအတွက် (၁၉၇၃)ခုနှစ်တွင် ပြည်သူတို့ထံမှ အကြံဉာဏ်များတောင်းခံခဲ့၏။ ထိုအခွင့်အရေးကို အချက်ကောင်းယူ၍ မြေပေါ်ရှိ မူဆလင်ကုလားတို့က ပြန်လည်ခေါင်းဆောင်လာကြပြန်၏။ ၎င်းတို့သည် ရိုဟင်ဂျာအမည်ခံ မူဆလင်တို့အတွက် အခွင့်အရေးတောင်းသော "ရိုဟင်ဂျာလူမျိုးများက အကြံပေးဆန္ဒပြုသောစာတမ်း"ဟူသောအမည်ပါစာတမ်းတစ်ခုကို တညီတညွတ်တည်း တင်ပြခဲ့ကြသည်။

သို့ရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရသည် မူဆလင်တို့၏ တောင်းဆိုချက်ကို လစ်လျူရှုပြီး ရခိုင်နှင့် မွန်ကို ပြည်နယ်ပေးခဲ့၏။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်ထက်တွင် ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ စစ်တကောင်းသား မူဆလင်တို့ကို ပါတီ၊ ကောင်စီအာဏာပိုင် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ကို ကန့်သတ်ထားခဲ့၏။

သို့ရာတွင် ကုလားလူဦးရေကား တိုးမြဲတိုးနေ၏။ ဒုတိယကမ္ဘာ့စစ်အတွင်း ကုလားရခိုင်အဓိကရုဏ်း ဖြစ်ပွားခဲ့စဉ်က ပျက်စီးခဲ့ရသော ရခိုင်နှင့်တိုင်းရင်းသားကျေးရွာများကို ပြန်လည်ထူထောင်ရေး မပြုလုပ်နိုင်သေးချေ။ ရခိုင်တို့ပိုင်ဆိုင်ခဲ့ကြသော လယ်ယာမြေများမှာ သီးစားလက်ငုတ်အဖြစ် ကုလားတို့၏လက်ထဲ၌ ရှိနေခဲ့လေသည်။

## ၁၉၇၈ ခုနှစ် နဂါးမင်းစီမံချက်နှင့် မူဆလင်တို့၏အခြေအနေ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် အစိုးရသည် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဥပဒေကို ဖောက်ဖျက်ပြီး ပြည်ပမှ နည်းမျိုးစုံဖြင့် ခိုးဝင်လာကြသည့် နိုင်ငံခြားသားများအား စစ်ဆေးဖော်ထုတ်ရန် ရည်ရွယ်ပြီး နဂါးမင်းစီမံချက်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ထိုစီမံချက်အရ စစ်တကောင်းသား ဘင်္ဂါလီမူဆလင်များ အုံလိုက်ကျင်းလိုက် နေထိုင်ကြသော ရခိုင်ပြည်နယ်မြောက်ပိုင်း၌ စတင်ဆောင်ရွက်ခဲ့သည်။

နဂါးမင်းစီမံချက် ပထမအဆင့်ကို စစ်တွေမြို့တွင် စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာ၌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ရခိုင်ပြည်နယ်ဒေသပါတီ၊ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီမှ လမ်းညွှန်ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပူးပေါင်း၍ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များကို ရုတ်တရက်စစ်ဆေးခဲ့သည်။

ဒုတိယအဆင့်ကို ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၌လည်း ဆောင်ရွက်ခဲ့သည်။ ဘူးသီးတောင်မြို့နယ်တွင် (၁၇-၃-၇၈)နေ့မှ (၅-၅-၇၈)နေ့ထိလည်းကောင်း၊ မောင်တောမြို့နယ်တွင်(၈-၅-၇၈)နေ့မှ (၅-၆-၇၈)နေ့ထိလည်းကောင်း ဆောင်ရွက်ခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အင်အား(၄၀၀)တို့က ပြည်သူ့ရဲနှင့် လုံထိန်း(ပြည်သူ့ရဲတပ်ရင်း)တို့အကူအညီဖြင့် တရွာဝင်တရွာထွက် စစ်ဆေးခဲ့ကြသည်။[°]

ယင်းစစ်ဆေးမှုကို ရင်မဆိုင်ရဲကြသော စစ်တကောင်းသား ဘင်္ဂါလီကုလားတို့သည် ကြောက်လန့်တကြားဖြစ်ကာ ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်များမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ ထွက်ပြေးခဲ့သော အိမ်ထောင်စုနှင့်

| စဉ် | မြို့နယ်အမည် | အိမ်ထောင်စုဦးရေ | လူဦးရေ |
|---|---|---|---|
| ၁ | မောင်တော | ၁၂၄၆၉ | ၆၉၈၂၃ |
| ၂ | ဘူးသီးတောင် | ၉၀၁၆ | ၅၃၂၅၄ |
| ၃ | ရသေ့တောင် | ၂၂၄၈ | ၁၃၉၇၈ |
| ၄ | စစ်တွေ | ၉၀၀ | ၅၀၅၃ |
| ၅ | ပေါက်တော | ၈၃၂ | ၂၃၂၂ |
| ၆ | ကျောက်တော် | ၂၃၆ | ၁၂၆၁ |
| ၇ | မြောက်ဦး | ၇၃ | ၃၄၇ |
| ၈ | မင်းပြား | ၁၃၀ | ၅၉၂ |
| | စုစုပေါင်း | ၂၅၉၀၄ | ၁၄၆၆၃၀ |

လူဦးရေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နဂါးမင်းစီမံချက်ကြောင့် ဘင်္ဂလားဒေ့ရှ်တို့ အထိတ်တလန့် ထွက်ပြေးခဲ့ကြသော နိုင်ငံခြားသား မူဆလင်တို့ကို အကြောင်းပြု၍ ရိုဟင်ဂျာအမည်ခံ မူဆလင်တို့၏ မြေအောက်လှုပ်ရှားမှုများမှာ ပြန်လည်ထကြွ ခေါင်းထောင်ကာလာကြသည်။

အာရ်ပီအမ်တ်ဖ် နှင့် အာရ်အိုက်စအို အမည်ခံ မြေအောက်အဖွဲ့အစည်းများက သတင်းစာဂျာနယ်တို့၌ မြန်မာအစိုးရက မူဆလင်တို့ကို မျိုးပြုတ်အောင် သတ်ဖြတ်နေသည်ဟူ၍ အော်ဟစ်ကြသည်။ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ မူဆလင်အိမ်အချို့ကို မိမိတို့ဘာသာ မီးရှို့ဓာတ်ပုံရိုက်ကာ "မူဆလင်ရွာများကို မြန်မာအစိုးရက

မီးရှို့နေပါသည်”ဟူသော ကမ္ဘာ့သတင်းရပ်ကွက်များ၌ မဟုတ်အမှန် လိမ်ညာသတင်း ဖြန့်ခဲ့ကြသည်။

တဘက်နိုင်ငံ ဘင်္ဂလားဒေ့ရှ် အစိုးရက ထွက်ပြေးလာသူများကို မိမိတို့နိုင်ငံသားမဟုတ်၍ လုံးဝတာဝန်မယူကြောင်း ကန့်ကွက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန် မလေးရှားစသော မူဆလင်နိုင်ငံများမှ ထုတ်ဝေသည့် သတင်းစာများကလည်း ဝိုင်းဝန်းအော်ဟစ်ခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂမှ ကြားဝင်ပြီး ထွက်ပြေးသွားသော မူဆလင်တို့ကို ဒုက္ခသည်များအဖြစ် သတ်မှတ်ကာ စားနပ်ရိက္ခာ၊ ဆေးဝါး၊ တည်းခိုအိမ်တို့ဖြင့် ကူညီခဲ့ကြသည်။ ဤပြဿနာကို မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့က ဆွေးနွေးဖြေရှင်းရန်လည်း ကြားဝယ်စေ့စပ်ပေးခဲ့သည်။ ဤသို့ဖြင့် နှစ်နိုင်ငံ အစိုးရခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဟင်္သာစီမံချက်နှင့် မူဆလင်တို့အခြေအနေ

ဟင်္သာစီမံချက်သည် ထွက်ပြေးသွားသူ မူဆလင်များတို့ကို အကြောင်းပြု၍ မြန်မာအစိုးရသည် ဘင်္ဂလားဒေ့ရှ် အစိုးရတို့နှင့် ဆွေးနွေးကြရာ၌ ပေါ်ပေါက်လာသော မြန်မာအစိုးရတို့၏ စီမံချက်တစ်ခုဖြစ်သည်။ ရည်ရွယ်ချက်မှာ နဂါးမင်းစီမံချက်ဖြင့် နိုင်ငံသားများကို ဖော်ထုတ်ခဲ့စဉ်က စစ်ဆေးရေးကို ရင်မဆိုင်ရဲဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသူ မူဆလင်များအား ပြန်လည်လက်ခံရရှိခြင်း ဖြစ်သည်။

ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီချက်တစ်ရပ်ကို ၉-၇-၇၈နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်တွင် ပါဝင်သော အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဘင်္ဂလားဒေ့ရှ်ပြည်သူသမ္မတနိုင်ငံ ယာယီစခန်းများတွင် လက်ရှိခိုလှုံလျက်ရှိသည့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခွင့်ရှိပြီး မြန်မာနိုင်ငံအမျိုးသားများ သက်သေခံကပ်ပြားများ တင်ပြနိုင်သူများနှင့် ၎င်းတို့၏အိမ်ထောင်စုဝင်များအား အစောဆုံးပြန်လည်လက်ခံရန် သဘောတူသည်။ အိမ်ထောင်စုဝင်များဆိုရာ၌ ခင်ပွန်း၊ ဇနီး၊ မိဘ၊ ယောက္ခမ၊ သား၊ သမီး၊ တရားဝင်မွေးစာသမီး၊ မြေးသမက်၊ ချွေးမနှင့် မုဆိုးမညီမများ ပါဝင်ပါသည်။

(ခ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဘူးသူဖြစ်ကြောင်း ဖော်ပြသည့် မြန်မာနိုင်ငံမှ ထုတ်ပေးထားသော အခြားစာရွက်၊ စာတမ်း၊ အထောက်အထားတင်ပြနိုင်သူများနှင့် ၎င်းတို့၏ အိမ်ထောင်စုဝင်များ၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဘူးသူများဖြစ်ကြောင်း သက်သေအထောက်အထားများ၊ ဥပမာ- နေရပ်လိပ်စာနှင့် အခြားအချက်အလက် စသည်တို့ကို တင်ပြနိုင်သူများနှင့် ၎င်းတို့၏အိမ်ထောင်စုဝင်များအား ဒုတိယအဆင့်အနေဖြင့် ပြန်လည်လက်ခံရန် သဘောတူသည်။ အိမ်ထောင်စုဝင်များဆိုရာ၌ ခင်ပွန်း၊ ဇနီး၊ မိဘ၊ ယောက္ခမ၊ သားသမီး၊ တရားဝင်မွေးစားသားသမီး၊ မြေး၊ သမက်၊ ချွေးမ၊ မုဆိုးမ ညီမများ ပါဝင်ပါသည်။

၁၉၇၈ ခုနှစ် ဩဂုတ်လ (၃၁)ရက်နေ့တွင် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ (၂၉)ရက်နေ့ထိ ဟင်္သာစီမံချက်ဖြင့်

| ခုနှစ်၊ လ၊ ရက် | | အိမ်ထောင်စု | လူဦးရေ | | စုစုပေါင်း |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁၉၇၈ ခုနှစ် | ဩဂုတ်လ(၁)ရက် | ၉ | ၃၁ | ၂၇ | ၅၈ |
| ၁၉၇၈ ခုနှစ် | စက်တင်ဘာလ | ၂၀ | ၅၁ | ၅၆ | ၁၀၇ |
| ၁၉၇၈ ခုနှစ် | အောက်တိုဘာ | ၁၆၃ | ၄၇၃ | ၄၄၇ | ၉၂၀ |
| ၁၉၇၈ ခုနှစ် | နိုဝင်ဘာလ | ၂၁၁၉ | ၆၇၃၁ | ၆၉၂၈ | ၁၃၆၅၉ |
| ၁၉၇၈ ခုနှစ် | ဒီဇင်ဘာလ | ၃၂၃၁ | ၁၀၆၅၇ | ၁၀၈၆၆ | ၂၁၅၂၃ |
| ၁၉၇၉ ခုနှစ် | ဇန်နဝါရီလ | ၃၇၁၁ | ၁၂၂၁၄ | ၁၂၂၉၂ | ၂၄၅၀၆ |
| ၁၉၇၉ ခုနှစ် | ဖေဖော်ဝါရီလ | ၃၅၂၃ | ၁၀၈၃၁ | ၁၀၇၆၄ | ၂၁၅၉၅ |
| ၁၉၇၉ ခုနှစ် | မတ်လ | ၄၀၅၇ | ၁၂၅၅၂ | ၁၂၂၇၉ | ၂၄၈၃၁ |
| ၁၉၇၉ ခုနှစ် | ဧပြီလ | ၃၉၆၃ | ၁၂၀၃၄ | ၁၂၀၀၅ | ၂၄၀၃၉ |
| ၁၉၇၉ ခုနှစ် | မေလ | ၄၂၉၅ | ၁၁၈၈၂ | ၁၁၆၅၀ | ၂၃၅၃၂ |
| ၁၉၇၉ ခုနှစ် | ဇွန်လ | ၂၂၄၅ | ၆၁၀၈ | ၆၃၅၈ | ၁၂၄၆၆ |
| ၁၉၇၉ ခုနှစ် | ဇူလိုင်လ | ၁၆၀၈ | ၄၂၆၃ | ၄၁၅၇ | ၈၄၂၀ |
| ၁၉၇၉ ခုနှစ် | ဩဂုတ်လ | ၁၃၄ | ၃၂၆ | ၃၁၉ | ၆၄၅ |
| ၁၉၇၉ ခုနှစ် | စက်တင်ဘာလ | ၄၃၅ | ၉၅၀ | ၁၀၀၀ | ၁၉၅၀ |
| ၁၉၇၉ ခုနှစ် | အောက်တိုဘာ | ၁၈၁ | ၄၀၈ | ၄၂၉ | ၈၃၇ |
| ၁၉၇၉ ခုနှစ် | နိုဝင်ဘာလ | ၂၁၇ | ၅၀၆ | ၅၀၉ | ၁၀၁၅ |
| ၁၉၇၉ ခုနှစ် | ဒီဇင်ဘာလ | ၁၅၉၇ | ၃၄၀၈ | ၃၄၂၇ | ၆၈၃၅ |
| | စုစုပေါင်း | ၃၁၅၀၈ | ၉၃၄၂၅ | ၉၃၅၁၃ | ၁၈၆၉၃၈ |

ပြန်လည်လက်ခံခဲ့သည့် အိမ်ထောင်စုနှင့် လူဦးရေ အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ထွင်ပြေးသူများနှင့် ပြန်ဝင်လာသူများ အရေအတွက်ကို နှိုင်းယှဉ်ကြည့်ပါက ထွက်ပြေးခဲ့သူများမှာ (၁၅၆၉၀)ဦး ဖြစ်ပြီး ပြန်ဝင်လာသူများမှာ (၁၈၆၉၈၆)ဦးဖြစ်သောကြောင့် လူဦးရေ (၃၀၂၇၈)ဦးအပို လက်ခံခဲ့ရကြောင်း သိသာနိုင်ပါသည်။

ဤစီမံချက်သည် တဘက်နိုင်ငံနှင့် ထိပ်တိုက်ပဋိပက္ခဖြစ်မှုကို ရှောင်ရှားနိုင်ခဲ့သော်လည်း တိုင်းရင်းသားအယောင် ဆောင် စစ်တကောင်းသား မူလဆင်များအား လူပိုသုံးသောင်းကျော်အထိ ပြန်လည်လက်ခံရယူမှုမှာ မြန်မာနိုင်ငံအတွက် များစွာ နစ်နာချက်တစ်ရပ် ဖြစ်ပါသည်။

မူဆလင်မြေအောက်လှုပ်ရှားမှု

အထက်ပါ စီမံချက်နှစ်ခုကို အကြောင်းပြု၍ စစ်တကောင်းသား မူဆလင်တို့သည် ရိုဟင်ဂျာမျိုးချစ်တပ်ဦး၊ ( ) ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ အမည်ခံကာ တဘက်နိုင်ငံ၌ ခြေကုတ်စခန်းယူကာ မြေအောက်လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြ၏။

၎င်းအဖွဲ့နှစ်ခုသည် အမည်ကွဲသော်လည်း ဦးတည်ချက်ချင်း တူညီကြ၏။ ၎င်းတို့သည် မိမိကိုယ်ကို ရခိုင်တိုင်းရင်း

သား ရိုဟင်ဂျာလူမျိုး မူဆလင်များအဖြစ် ခံယူပြီး မောင်တော ဘူးသီးတောင်မြို့နယ်များကို ရိုဟင်ဂျာပြည်နယ်ထူထောင်ပေးရမည်ဟု တောင်းဆိုကြ၏။ မြန်မာနိုင်ငံ၏လုံခြုံရေးကို မကြာခဏ ထိပါးနှောက်ယှက်ကာ တည်ငြိမ်အေးချမ်းသာယာမှုကို ဖျက်ဆီးခဲ့ကြ၏။

## အရေးအခင်းကာလအတွင်းမှ မူဆလင်တို့၏လှုပ်ရှားမှုအခြေအနေ

၁၉၈၈ ခုနှစ် ဖြစ်ပွားခဲ့သော အရေးအခင်းကို အကြောင်းပြု၍ ဘင်္ဂလီလေးသောင်းကျော်ခန့်တို့ မောင်တောမြို့အား အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့မှ ဝိုင်းရံပြီး ဓား၊ လှံ၊ လက်နက်မျိုးစုံကိုင်ဆောင်ကာ မောင်တောမြို့ထဲသို့ ဝင်ရောက်ပြီး ရခိုင်အိုးအိမ်များကို ဖျက်ဆီးရန် ကြိုးစားခဲ့ကြ၏။ (၄)မိုင်ရှိ ပြည်သူ့ရဲတပ်ရင်းနှင့် အဆက်အသွယ် မပြုလုပ်နိုင်ရန် တယ်လီဖုန်းကြိုးများကို ကြိုတင်ဖြတ်တောက်ထားကြ၏။ နောက်ထပ် လူအင်အား ထောင်ပေါင်းများစွာတို့လည်း တောင်ပိုင်း၊ မြောက်ပိုင်းဒေသများမှ ချီတက်လာခဲ့ကြဆဲဖြစ်၏။ မြို့ထဲသို့ဝင်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြသော်လည်း မြို့ပေါ်မှ ရခိုင်လူငယ်များ၊ ပြည်သူ့ရဲတပ်များက စုပေါင်းကာကွယ်ခဲ့ကြ၍ အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ကြရခြင်းဖြစ်၏။

၎င်းတို့မှာ ထိုညက မောင်တောမြို့နယ်ရှိ ရခိုင်ကျေးရွာများကို မောင်တောမြို့နှင့် တပြိုင်တည်း ဖျက်ဆီးနိုင်စေရန် မောင်တောမြို့ပေါ်မှ မီးရောင်မြင်လျှင် ၎င်းရွာများကိုပါ ဖျက်ဆီးပစ်ရန် မှာထားပြီးဖြစ်ကြောင်းနှင့် မြို့ပေါ်မှ မီးရောင်မြင်ရမလားဟု ဘင်္ဂလီများက တောင်ကုန်းပေါ်မှ တက်ကြည့်ခဲ့ကြကြောင်း ဘင်္ဂလီနှင့်တွဲ၍ နေထိုင်ကြသော ရခိုင်သားများ ပြောပြချက်အရ သိရပါသည်။

ဤအရေးအခင်းမှာ ၁၉၄၂ ခုနှစ် ကုလားရခိုင်အဓိကရုဏ်း နောက်ပိုင်း အကြီးကျယ်ဆုံးသော လူထုအင်အားပြဆန္ဒကျင်မှုပင် ဖြစ်ပေသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ရိုဟင်ဂျာဆိုင်ရာ သုံးနှုန်းမှုများ

၁၉၈၈ ခုနှစ် စက်တင်ဘာလ(၁၉)ရက်နေ့တွင် နိုင်ငံတော်အာဏာကို ဗိုလ်ချုပ်ကြီးစောမောင် ဦးဆောင်သော တပ်မတော်က ထိန်းသိမ်းတာဝန်ယူခဲ့သည်။ ထို့နောက် နိုင်ငံရေးပါတီအဖွဲ့အစည်းများအား တရားဝင်မှတ်ပုံတင် ရပ်တည်ခွင့် ပေးခဲ့သည်။

ထို့နောက် ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီလူမျိုးများကို ကိုယ်စားပြုသော အမျိုးသားပါတီကို မှတ်ပုံတင်ခဲ့သည်။ ထိုပါတီ၏ “ရခိုင်ပြည်သမိုင်းနှင့် ရခိုင်၊ ရိုဟင်ဂျာတို့၏ဘဝ”အမည်ပါ လက်စွဲစာစောင်၊ အတွဲ(၆)တွင် ရက္ခိုင်နှင့် ရွှင်ဂျာ(ရိုဟင်ဂျာ)လူမျိုးများ၏ သမိုင်းအကျဉ်းချုပ်ဟူ၍ စာ၅-၆ တွင် အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရပါသည်။

၁။ လူတိုင်းသည် မိမိလူမျိုး ထင်ပေါ်ကျော်ကြားခြင်းကို လိုလားကြပါသည်။ ထင်ပေါ်ကျော်ကြားသော လူမျိုးတိုင်းသည် မိမိလူမျိုးတစ်ဦးစီအတွက် အကြီးမားဆုံးသော ဂုဏ်သိက္ခာကြီးတစ်ခု ဖြစ်ပါသည်။ လူမျိုးကို ဗဟိုပြု၍ မျိုးချစ်စိတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ကို ပေါ်ပေါက်စေပါသည်။ ထို့ကြောင့် လူတိုင်းသည် မိမိလူမျိုးအကြောင်းကို ရှင်းရှင်းကြီးသိထားရန် အထူးလိုအပ်ပါသည်။

၂။ အာရှတိုက်အလယ်ပိုင်း ပရီးမီးယား ကုန်းပြင်မြင့်မှ အာရိယံလူမျိုးတို့သည် နောက်ဆုံး ဘီစီ-၁၀၀၀ထိ အိန္ဒိယတိုက်သို့ လှိုင်းလုံးကြီးသဖွယ် တသုတ်ပြီးတသုတ် ဆင်းသက်လာခဲ့ပါသည်။ ထိုစဉ်ကပင် အာရိယံတို့သည် လယ်ယာ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူခြင်းနှင့် လက်မှုအတတ်ပညာတို့ကို ကောင်းစွာကျွမ်းကျင်သူများ ဖြစ်လေသည်။ သူတို့သည် မြင်းစီးစစ်တိုက်ရာတွင် ကျွမ်းကျင်သောလူမျိုးဖြစ်၍ အရှေ့ဘက် မွန်ဂိုလ်ကုန်းမြင့်ဒေသမှ အနောက်ဘက်သို့ မြေထဲပင်လယ် အရှေ့ဘက်အရပ်ဒေသအထိ ပျံ့နှံ့ရောက်ရှိလာခဲ့ကြသည်။

၃။ အာရိယံလူမျိုး စာပေအက္ခရာများကို ဘီစီ-၆၀၀ ခန့်က ၎င်းတို့တီထွင်သည်ဟု သမိုင်းဆရာများက ဖော်ပြပါသည်။ သူတို့ကို အင်ဒိုအာရိယံဟုခေါ်၍ ၎င်းတို့သည် အိန္ဒိယတိုက် ဂင်္ဂါမြစ်အရှေ့ဘက်ရှိ ဘင်္ဂါနယ်သို့လည်း

ရောက်ရှိ လာခဲ့ပါသည်။ ယင်းမှတဆင့် ရခိုင်ပြည်အတွင်းပိုင်းသို့ ရောက်ရှိလာခဲ့ပါသည်။

၄။ ပရိုးမီးယားကုန်းပြင်မြင့်မှတဆင့် ဆင်းသက်လာပြီး ရခိုင်ဘက်သို့ ရောက်ရှိလာသူ အင်ဒိုအာရိယံလူမျိုးထဲတွင် “သူရိယဝံသ”(“နေ”ကို ကိုးကွယ်သောအုပ်စု)နှင့် “စန္ဒဝံသ”(“လ”ကို ကိုးကွယ်သောအုပ်စု)တို့ ပါဝင်သည်။

၅။ ဘီစီ ၅၄၀ တွင် ဗုဒ္ဓမြတ်စွာ ဘုရားပွင့်တော်မူပြီး ဘီစီ ၂၅၀ တွင် အိန္ဒိယပြည်၌ အသောကမင်းလက်ထက်မှစ၍ အိန္ဒိယမြောက်ပိုင်းပုံစံ ဗုဒ္ဓဘာသာနှင့် တောင်ပိုင်းပုံစံ ဗုဒ္ဓဘာသာသည် ရခိုင်ပြည်(ရက္ခပူရ)သို့ ပျံ့နှံ့ရောက်ရှိလာသည်။ ရခိုင်ပြည်ရှိ သူရိယဝံသနှင့် စန္ဒဝံသလူမျိုးအုပ်စုထဲမှ အချို့တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားကြသည်။

၆။ အေဒီ ၅၇၀ တွင် တမန်တော် မိုဟာမက် ပေါ်ထွန်းပါသည်။ အာရေဗီးယားကျွန်းဆွယ် မက္ကာမြို့တော်နှင့် မဒီနာမြို့တို့ကို အခြေခံ၍ အစ္စလာမ်ဘာသာကို တမန်တော်မိုဟာမက်က ဟောကြာတော်မူသည်။ အေဒီ ၇၁၁ တွင် အိန္ဒယပြည်ဆင်းနယ်သို့ အရေဗ်မွတ်ဆလင်များ ဝင်ရောက်လာကြသည်။ ၎င်းနောက် နှစ်ပေါင်း (၂၅၀)ကြာသောအခါ အရေဗ်မွတ်ဆလင်များ၏ အုပ်ချုပ်မှုအောက်သို့ အိန္ဒိယပြည် ကျရောက်သွားခဲ့ရာ ထိုအချိန်မှစ၍ အိန္ဒိယသို့ အစ္စလာမ်သာသနာ ရောက်ရှိလာသည်။

၇။ ခရစ်သက္ကရာဇ် (၁၂၀၆)ခုတွင် ဒတ်အူဒင်ဘုရင်( ) ၏ အုပ်ချုပ်မှုအောက်သို့ အိန္ဒိယတပြည်လုံးကျရောက်သွားရာ အီစ္စလာမ်ဘာသာဝင်ဖြစ်၍ ၎င်း၏အုပ်ချုပ်မှုအောက်တွင် အီစ္စလာမ်ဘာသာသည် အိန္ဒိယတွင် ကောင်းစွာပျံ့နှံ့လာတော့သည်။

၈။ အိန္ဒိယပြည် ဒေလီမြို့ကြီးသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ကြီးကဲ့သို့လည်းကောင်း အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့ကြီးကဲ့သို့လည်းကောင်း၊ အီစ္စလာမ်သာသနာပြန့်ပွားရာ ကမ္ဘာ၏ ဗဟိုအချက်အချာ ဖြစ်လာသည်။ ထိုအချက်ကြောင့် အစ္စလာမ်ဘာသာသည် ဂင်္ဂါမြစ်အရှေ့ဘက် ဘင်္ဂါနယ်ထိ ပျံ့နှံ့လာခဲ့သည်။ ထိုမှတဆင့် ရခိုင်ပြည်အထိ ပျံ့နှံ့လာခဲ့သည်။

၉။ ခရစ်သက္ကရာဇ် (၁၆၀၅)တွင် ကွယ်လွန်သော မဟာအဂ္ဂဘာဘုရင်ကြီး( )လက်ထက်တွင် အီစ္စလာမ်ဘာသာကို အထူးသဖြင့် ပျံ့နှံ့သွားစေခဲ့သည်။ မဟာအဂ္ဂဘာဘုရင်ကြီးသည် ဟိန္ဒူယဉ်ကျေးမှုကို နောက်ခံပြု၍ အီစ္စလာမ်ဘာသာကို ဟိန္ဒူဘာသာနှင့် နီးကပ်သော ဘာသာယဉ်ကျေးမှုတစ်ခု ဖြစ်လာစေရန် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ယင်းသို့ စွမ်းဆောင်မှုကြောင့် အီစ္စလာမ်ဘာသာသည် ဟိန္ဒူယဉ်ကျေးမှုနှင့်အတူ ရခိုင်ကမ်းရိုးတန်းများနှင့် ရခိုင်ပြည်သို့ ရောက်ရှိလာသည်။

၁၀။ ရခိုင်ပြည်သားရိုဟင်ဂျာ (Rohingya)တို့၏ဘာသာမှာ ဗုဒ္ဓဘာသာကဲ့သို့ပင် အိန္ဒိယမှတဆင့် (အိန္ဒိယယဉ်ကျေးမှုကို နောက်ခံထား၍) ပျံ့ပွားလာသောအီစ္စလာမ်ဘာသာ အမျိုးအစားဖြစ်သည်။ အာရပ်မှ ရခိုင်ပြည်သို့ ခုန်ပျံလာ သော အီစ္စလာမ်ဘာသာအမျိုးအစား မဟုတ်ချေ။

၁၁။ ခရစ်သက္ကရာဇ် ၁၆၆၅ ခုနှစ် နောက်ပိုင်းတွင် ရခိုင်ပြည်သား အီစ္စလာမ်ဘာသာဝင်များအနက် လေးကိုင်စစ်သည်တော်များကို ပါရှန်းဘာသာဖြင့် ကမန်(Kaman)ဟု ခေါ်ပြီး၊ ရခိုင်ပြည်သား အစ္စလာမ်ဘာသာဝင်လူမျိုးကိုမူ အာရေဗ်ဘာသာဖြင့် ရိုဟင်ဂျာ( )ဟု ခေါ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်သား အစ္စလာမ်ဘာသာဝင်အုပ်စုတို့ကို (Romingya)လူမျိုးဟုလည်း ခေါ်တွင်လာခဲ့ကြပါသည်။

၁၂။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည်(၁၉၅၄)ခု စက်တင်ဘာလ(၂၅)ရက်နေ့ည (၈)နာရီတွင် (B.B.S) မြန်မာအသံလွှင့် ဌာနမှ မိန့်ခွန်းမြွက်ကြားရာတွင် ရိုဟင်ဂျာလူမျိုးအကြောင်းကို ဖော်ပြခဲ့ဖူးပါသည်။

၁၃။ နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်စဉ်က ဖဆပလဥက္ကဋ္ဌ ဦးဘဆွေသည် (၁၉၅၉)ခု နိုဝင်ဘာလ (၃/၄) ရက်နေ့တွင်(B.B.S) မြန်မာ့အသံလွှင့်ဌာနမှ အလားတူ ရိုဟင်ဂျာလူမျိုးအကြောင်းကို ဖော်ပြခဲ့ဖူးပါသည်။

၁၄။ (၁၉၆၀)ခု နိုဝင်ဘာလ (၁၁)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရိုဟင်ဂျာလူမျိုးအကြောင်းကို ဖော်ပြရေးသားခဲ့သည်။

၁၅။ (၁၉၆၁)ခု ဇူလိုင်လ(၄)ရက်နေ့(မေယုနယ်ခြားဒေသ)လူထုစည်းဝေးပွဲတွင် ဒု/ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီးသည်လည်း ရခိုင်ပြည်သား ရိုဟင်ဂျာလူမျိုး များအကြောင်းကို ဖော်ပြခဲ့ဖူးပါသည်။

၁၆။ (၁၉၆၁)ခုနှစ်မှ (၁၉၆၅)ခု စက်တင်ဘာလ(၃၀)ရက် ညနေ(၅)နာရီခွဲတိုင်း မီတာ(၆၂/၆၈)နှင့် (၂၆၀/၁၇)တို့မှ

တိုင်းရင်းသားလူမျိုးများအပိုင်း၌ ရခိုင်ပြည်သား ရိုဟင်ဂျာလူမျိုးဘာသာစကားဖြင့် ရိုဟင်ဂျာအကြောင်းနှင့် သတင်းဆောင်းပါးများကို အပတ်စဉ်အသံလွှင့်ခဲ့ဖူးပါသည်။ သတင်းဖတ်ရှုပုဂ္ဂိုလ်တစ်ဦးမှာ ဦးဘထွန်း (ဘူးသီးတောင်)ဖြစ်ပါသည်။

၁၇။ အထက်ပါတို့ကို လေ့လာခြင်းဖြင့် ရခိုင်ပြည်သား ရိုဟင်ဂျာလူမျိုးတို့၏ သမိုင်းကို သိနိုင်သည်။ ထို့ကြောင့် ရခိုင်နှင့် ရိုဟင်ဂျာတို့သည် လူမျိုးတူဖြစ်ပါသည်။ လူမျိုးအုပ်စု ကွဲသူများပင် မဟုတ်ပါ။ ဘာသာကွဲသူများသာ ဖြစ်ပါသည်။ သို့ပါ၍ ရိုဟင်ဂျာလူမျိုးတို့ကို ရခိုင်ကုလား၊ ရခိုင်ဘင်္ဂါလီစသည်ဖြင့် တဘက်နိုင်ငံလူမျိုးအမည်ဖြင့် ခေါ်ဝေါ်ခြင်းမပြုရန် တားမြစ်ပါသည်။

ထိုနောက် (၁၉၉၄)ခုနှစ် ဩဂုတ်လထုတ် ကလျာမဂ္ဂဇင်းအမှတ်(၁၁၄)တွင် မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက "ချင်း၊ မြို့နှင့် ခုမိ(မြောက်ရခိုင်)ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ခု ရေးသားခဲ့ရာ ကျမ်းညွှန်းအဖြစ်**(ဖတ်မရ)** ကို ဖော်ပြထားပါသည်။

ထိုဆောင်းပါးပါ ရိုဟင်ဂျာနှင့်ပတ်သက်ပြီး ဖော်ပြချက်ကို အောက်ပါအတိုင်း တွေ့ရပြန်ပါသည်။

"မူဆလင်မင်းကတော့ နတ်မြစ် ( )အရှေ့မယူမြစ် ( )ဒေသက ရိုဟင်ဂျာ ( )ဖြစ်မလားလို့ ဆင်ခြင်မိပါတယ်။ သူတို့ကလည်း အဲဒီအရပ်မှာနေတာ နှစ်ပေါင်း (၁၀၀၀)ထက် မနည်းတော့ဘူးလို့ ပြောလေ့ရှိပါတယ်။ အဲဒီလောက် မရှိပေမင့် ခရစ်(၁၂၀၂)လောက်က ဘင်္ဂလားကို မူဆလင်အယူရှိသူတွေ စတင်ဝင်ရောက်ခဲ့တယ်ဆိုတဲ့အခါ ဖြစ်နိုင်တယ်။ အနှစ်(၈၀၀)ကပေါ့။ တချို့က မူဆလင်ခေါင်းဆောင်ဟာ အဝမင်းရဲ့ မိတ်သဟာဖြစ်တဲ့သဘောကို ဒီကျောက်စာမှာ ရေးမှတ်ခဲ့တယ်လို့ ထင်ပါတယ်။"

မြန်မာသမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ ရေးသားဖော်ပြချက်များသည် ရှေးခေတ်ရခိုင်ပြည်နယ်သမိုင်းနှင့် နှိုင်းယှဉ်လေ့လာကြည့်သည့်အခါ ဆန့်ကျင်ကွဲလွဲမှုများစွာ ဖြစ်ပေါ်နေကြောင်း တွေ့ရပါသည်။ ၎င်း၏ရေးသားချက်မှာ မြန်မာနိုင်ငံသမိုင်းတွင် ကိုးကားစရာ ဖြစ်ပါသည်။ ထို့အတူ အငြင်းပွားစရာလည်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် ၎င်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဓညဝတီခေတ် | ဘီစီ | - ၃၃၂၅ | မှ | အေဒီ | - ၃၂၆ |
| ဝေသာလီခေတ် | အေဒီ | - ၃၂၆ | မှ | အေဒီ | - ၈၁၈ |
| လေးမြို့ခေတ် | အေဒီ | - ၈၁၈ | မှ | အေဒီ | - ၁၄၃၀ |
| မြောက်ဦးခေတ် | အေဒီ | - ၁၄၃၀ | မှ | အေဒီ | - ၁၇၈၄ |

ရေးသားဖော်ပြချက်ကို ရှေးခေတ်ရခိုင်ပြည်နယ်သမိုင်းနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်။

ဟူ၍ တွေ့ရပါသည်။

ဓညဝတီခေတ်ကို ရုပ်ဝတ္ထုအထောက်အထားမရှိသေးဟု သုတေသီတို့က ယူဆကြ၏။ ၎င်းခေတ်ကိုဖယ်၍ ရုပ်ဝတ္ထုအထောက်အထား ခိုင်လုံသော ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့ကိုကြည့်လျှင် ရခိုင်ပြည်သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြောင်းနှင့် အုပ်စိုးသူဘုရင်များမှာ ရခိုင်လူမျိုးများဖြစ်ကြောင်း တွေ့နိုင်ပါသည်။

မြောက်ဦးခေတ်အစပိုင်းတွင် မင်းစောမွန်ကို ရခိုင်ထီးနန်းပြန်လည်ရရှိရန်အတွက် မူဆလင် ဂေါ်ရ်ဘုရင်က အကူအညီပေးခဲ့သည်ကို အကြောင်းပြု၍ အေဒီ ၁၄၃၀ ပြည့်နှစ်တွင် ရခိုင်ပြည်သို့ မူဆလင်ဘာသာဝင်များ စတင်

ဝင်ရောက်ခဲ့သည်။

ထိုနောက် ရခိုင်ဘုရင်တို့သည် ကုလားဘွဲ့ ခံယူခဲ့ကြ၏။ ကုလားဘွဲ့ခံဘုရင်များကို အောက်ပါအတိုင်း

| စဉ် | မူလအမည်ရင်း | စိုးစံကာလ | မူဆလင်ဘွဲ့ | အေဒီ |
|---|---|---|---|---|
| ၁ | နရနူမင်းခရီ | ၁၄၃၃ - ၁၄၅၉ | အလီခင် | ပင်းဝါကိုသိမ်းသည် |
| ၂ | ဘစောဖြူ | ၁၄၅၉ - ၁၄၈၂ | ကလီမာသျှာ | စစ်တကောင်းကိုသိမ်းသည် |
| ၃ | မင်းဒေါလျာ | ၁၄၈၂ - ၁၄၉၂ | မောဥသျှာ | |
| ၄ | ဘစောညို | ၁၄၉၂ - ၁၄၉၄ | မဟာမောက်သျှာ | |
| ၅ | မင်းရန်အောင် | ၁၄၉၄ - ၆(လ) | နောရီသျှာ | |
| ၆ | စလက်သူ | ၁၄၉၄ - ၁၅၀၁ | ဆက်ဘောဒေါလသျှာ | |
| ၇ | မင်းရာဇာ | ၁၅၀၁ - ၁၅၁၃ | ဣလီသျှာ | |
| ၈ | မင်းစောအို | ၁၅၁၅ - ၆(လ) | ဇသသျှာ | |
| ၉ | သဇာတ | ၁၅၁၅ - ၁၅၂၁ | ဣလီသျှာ | |
| ၁၀ | မင်းပါကြီး | ၁၅၃၀ - ၁၅၅၃ | ဇဘောက်သျှာ | ဘင်္ဂါ(၁၂)မြို့ကိုသိမ်း |
| ၁၁ | မင်းဖလောင်း | ၁၅၇၁ - ၁၅၉၃ | သီကွန်ဒါသျှာ | |
| ၁၂ | မင်းရာဇာကြီး | ၁၅၉၃ - ၁၆၀၂ | ဆောလိမ်သျှာ | |
| ၁၃ | မင်းခမောင်း | ၁၆၀၂ - ၁၆၂၂ | ဥသျှောင်သျှာ | |

တွေ့ရသည်။၂

ကုလားဘွဲ့ခံဘုရင်များနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုး တင်ပြခဲ့ကြသည်။ တချို့က ကုလားလက်အောက်ခံအဖြစ်လည်းကောင်း၊ တချို့ကုလားတို့၏ အရှင်သခင်မှန်းသိသာရန် "သျှာဘွဲ့"ခံခြင်းအဖြစ်လည်းကောင်း ယူဆခဲ့ကြသည်။

ဤသည်ကို အခွင့်ကောင်းယူ၍ မဟာမေဒင်မင်းများ၏ လက်အောက်ခံဖြစ်လေဟန် ရာဇဝင်ဆရာအချို့ ရေးသားကြခြင်းမှာ လုံးဝအဓိပ္ပါယ်မရှိချေ။ အချုပ်အခြာ မဟုတ်ဘဲ လက်အောက်ခံတိုင်းပြည်များသာ ဖြစ်နေလျှင် ကမ္ဘာ့ဒင်္ဂါးသမိုင်းအရ သီးခြားတံဆိပ်အမှတ်အသားများဖြင့် ဒင်္ဂါးခတ်နှိပ်ပိုင်ခွင့် မရှိချေ။ သို့သော် မင်းစောမွန်၏သားတော် ခရစ်(၁၄၅၉-၁၄၈၂) ဘစောဖြူလက်ထက်တွင် ခတ်နှိပ်ခဲ့သော ရခိုင်ဒင်္ဂါးကို တွေ့ရခြင်းကပင် ထိုအဆိုမှာ မဟုတ်ကြောင်း ထင်ရှားနေပြီဖြစ်၏။ မဂိုဘုရင် ရှာလီမန်လက်ထက်အရောက်တွင် ရခိုင်သီရိသုဓမ္မရာဇာ (အေဒီ ၁၆၂၂-၁၆၃၈)မင်းနှင့် မသင့်မြတ်ဖြစ်ကြခြင်းကြောင့် မဟာမိတ်ပျက်ခဲ့ကြမှ ကုလားဘွဲ့အမည်ကိုပါ နောင်တွင်မတွေ့ရတော့ပြီဖြစ်၏။၀

မည်သို့ဆိုစေကာမူ ကုလားဘွဲ့(မူဆလင်)ခံဘုရင်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြကြောင်း၊ ၎င်းတို့၏စိုးစံကာလများအတွင်း တည်ဆောက်ခဲ့ကြသော ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အဦးများ၊ ဘုရားစေတီပုထိုးများက ရခိုင်ပြည်အနှံ့ သက်သေခံလျက် ရှိနေပေ၏။

ကုလားဘွဲ့ခံ နရနုမင်းခရီ(အလီခင်)မင်းလက်ထက် အရှေ့ပြည်အင်းဝမင်း နရပတိနှင့် မဟာမိတ်ပြုခဲ့ကြသည်ကို ရခိုင်ရာဇဝင်တွင် ဤသို့ဖော်ပြထား၏။

"နရပတိမင်းကြီးက တစ်သိန်းထိုက်သော ပတ္တမြားလက်စွပ်ကို ပေးတော်မူ၏။ ငါတို့အလီခင်မင်းကလည်း အဘိုးတသိန်းထိုက်သော ပုလဲသွယ်ကို ပေးတော်မူသည်။ မိဖုရားအချင်းချင်းလည်း လက်စွပ်၊ လက်ကျပ်၊ အဝတ်အရုံတို့ကို ဖယ်ကြကုန်၏။ ထိုသို့လဲကြပြီးသော် မင်းနှစ်ပါးတို့သည် ကြည်ကြည်သာသာ ဟောပြောလျက် ရေမြေနိုင်ငံအပိုင်းအခြားကို မှတ်သားပိုင်းခြားတော်မူကြ၏။ မှတ်သားတော်မူသည်မှာ ဖိုးခေါင်တောင်ရိုးအရှေ့ကလည်း ရေကျကို ရတနာပူရအင်းဝနိုင်ငံဖြစ်စေ၊ ဖိုးခေါင်တောင်ရိုးအနောက်ကလည်း ရေကျကို ဓညဝတီရခိုင်နိုင်ငံဖြစ်စေဟု ပိုင်းခြားတော်မူလေ၏။၂

ထို့ကြောင့် အင်းဝမင်းနှင့် မဟာမိတ်ပြခဲ့သည်မှာ ကုလားဘွဲ့ခံ ရခိုင်မင်းသာဖြစ်ကြောင်း တွေ့နိုင်ပေသည်။

ရခိုင်ပြည်နယ်တွင် တွေ့ရှိရသော မူဆလင်ဘာသာဝင်များအနက် ရှေးဦးဝင်ရောက်ခဲ့ကြသော ကမန်၊ ဗမာမူဆလင်၊ စသောသူများနှင့် စစ်တကောင်းဒေသမှ ခိုးဝင်လာသူများဟူ၍ နှစ်မျိုးတွေ့နိုင်ပါသည်။

ကမန်(ခ) မူဆလင်များနှင့် မြေဒူးအဆက်အနွယ် ဗမာမူဆလင်များသည် ဘာသာရေးနှင့်တိုက်ရိုက်ဆက်စပ်သော လူမှုရေးကိစ္စရပ်မှတစ်ပါး၊ ရခိုင်၊ ဗမာတို့နှင့် ကွဲပြားခြားနားခြင်းမရှိချေ။ ကမန်လူမျိုးတို့သည် ရခိုင်စကားပြောဆိုကြပြီး မြေဒူးအဆက်အနွယ် ဗမာမူဆလင်များသည် ဗမာစကားပြောဆိုကြသည်။[၁]

မေယုဒေသ(ဘူးသီးတောင်၊ မောင်တောဒေသ)ရှိ ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီများအနေဖြင့် ကမန်၊ မြေဒူးအဆက်အနွယ် ဗမာမူဆလင်များနှင့် မတူဘဲ သီးခြားဘာသာစကား၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်မှု ကွဲပြားခြားနားကြသည်။

## မယုဒေသရှိ ဘင်္ဂလီများ၏ ထူးခြားချက်

### (၁) အမျိုးသားများ၏ ဝတ်စားဆင်ယင်မှု

မေယုဒေသတွင် နေထိုင်ကြသော ဘင်္ဂလီလူမျိုးအမျိုးသားတို့သည် ရှေးအခါက ဒူတီ(ခေါ်) အဖြူရောင်လုံချည်ကို ဒူးခေါင်းအထိ ဝတ်ဆင်လေ့ရှိကြသည်။ စွပ်ကျယ်ဝတ်လေ့မရှိကြ၊ အနက်ရောင်အင်္ကျီ(လက်တို)ကော်လာမဲ့တွင် အနီရောင်ချည်များဖြင့် လက်နှင့်လည်ပင်း၊ ရင်ဘတ်တို့တွင် ကနုပ်ပန်းဖော်ကာ ဝတ်ဆင်တတ်ကြသည်။ ရင်စေ့ပုံစံဖြစ်၏။

ယခုခေတ် ဘင်္ဂလီအမျိုးသားများမှာ သာမန်အရပ်သားများအနေဖြင့် မြန်မာ၊ ရခိုင်များနည်းတူ ဝတ်ဆင်လာကြသည်။ သို့ရာတွင် တောက်ကျာ ခေါ် ဦးထုပ်တစ်မျိုးကို ဗလီတက်စဉ်ဆောင်းလေ့ရှိကြသည်။ ထို့ပြင် မုတ်ဆိပ်မွေးထားလေ့ရှိတတ်ကြသည်။

မော်လဝီဆရာများမှာ ရခိုင်၊ မြန်မာများကဲ့သို့ လုံချည်ဝတ်လေ့ရှိကြသော်လည်း အင်္ကျီမှာမူ လက်ရှည်ကို ခေါင်းစွပ်(စပို့ချပ်ရင်စေ့ပုံသဏ္ဌာန်)၊ ခြေမျက်စိထိ အရှည်ချကာ ဝတ်တတ်ကြသည်။ ခါးတစ်ဘက်တစ်ချက်တွင် နံဘေးမှ စိပ်ထားလေ့ရှိသည်။ မော်လဝီဆရာအားလုံးလိုလိုမှာ မုတ်ဆိပ်မွေးထားတတ်ပြီး မုတ်ဆိတ်မွေးထားရခြင်းမှာ တမန်တော်မိုဟာမက်က မုတ်ဆိတ်မွေးထားခဲ့သည်ကို အတုယူကာ တမန်တော်အား တိုင်တည်ပြီး အဓိဋ္ဌာန်သဘောထားခြင်းဖြစ်ကြောင်း သိရသည်။

### (၂) အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု

ယခုခေတ်ဘင်္ဂလီအမျိုးသမီးများသည် မြန်မာ၊ ရခိုင်အမျိုးသမီးများ ဝတ်ဆင်သကဲ့သို့ ထပိန်၊ အင်္ကျီဝတ်ဆင်ကြသည်။ ထူးခြားခြင်းမှာ နူမာလ်ခေါ် ခေါင်းခြုံပုဝါခြုံခြင်းနှင့် ဘူရ်ခါခေါ် ကိုယ်ရုံခြုံထည်ကို ဝတ်ဆင်ကြခြင်းပင် ဖြစ်သည်။

ဘူရ်ခါခေါ် ခြုံထည်မှာ တစ်ကိုယ်လုံးဖုံးလွှမ်းစေကာ မျက်စိရှေ့တွင် အပေါက်နှစ်ပေါက် ဖောက်ထားလေ့ရှိသည်။ ထို့ပြင် မောင်ဇာခေါ် ခြေစွပ်လည်း ဝတ်ထားကြသည်။ ခရီးသွားလာသည့်အခါ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ၊ ရာသီဥတုသာယာသည်ဖြစ်စေ၊ အချိန်မရွေး ထီးဆောင်းလေ့ရှိကြသည်။ လမ်းလျှောက်သည့်အခါ လူနှင့်ပက်ပင်းတိုးမိပါက မျက်နှာကို ထီးဖြင့်ကွယ်ထားလေ့ ရှိကြသည်။

ထပိန်ဝတ်ဆင်ရာတွင် အထက်ဆင့်ကို အောက်မှချပြီး မြန်မာ ရခိုင်အမျိုးသမီးတို့နှင့် ပြောင်းပြန်အနေအထားဝတ်တတ်ကြသည်။

လက်ဝတ်ရတနာ ဝတ်ဆင်ရာတွင် နာက်ဖုလ်ခေါ် နှာခေါင်းပွင့်ကို ဝတ်ဆင်တတ်ကြသည်။

ရှောင်ကြဉ်ရသည့် ဓလေ့အနေဖြင့် အမျိုးသမီးများသည် သာမန်အားဖြင့် အကြောင်းထူးမရှိဘဲ အိမ်အပြင်သို့ မထွက်ရ။ အိမ်ပြင်သို့ထွက်လျှင် ဘူရ်ခါခေါ် ခြုံထည်ကို ဝတ်ဆင်ပြီးမှ သွားလာရသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ဘောင်တန်းပြီး အလုပ်လုပ်ခြင်း၊ ဝတ်ပြုခြင်း၊ အသုဘလိုက်ပို့ခြင်းများ မပြုရ။

အမျိုးသမီးများသည် မိမိတို့၏ လင်ယောကျ်ားများနှင့် အတူယှဉ်တွဲပြီး သွားလာလေ့မရှိ။ ခရီးသွားလာရာတွင် ကလေးငယ်များကို အမျိုးသမီးက ချီပိုးသွားလာခြင်းမရှိ။

အစားအသောက်များအနေဖြင့် ပုဇွန်မှအပ သွေးမရှိသော သတ္တဝါများ၊ သေဆုံးနေသောသတ္တဝါများ၏ အသားကို မစားရ။ တိရစ္ဆာန်များကို ကိုယ်တိုင်သတ်ဖြတ်ပြီးမှ စားသောက်တတ်သည်။ သွေးကိုလှဲ့ပစ်တတ်သည်။ အထူးသဖြင့် ဝက်သား၊ ဖားသား၊ လိပ်သား၊ ကဏန်းတို့ကို ရှောင်ကြဉ်လေ့ရှိကြသည်။

မေယုဒေသရှိ ဘင်္ဂလီများ၏ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ အငြိမ်းစား ပါကစ္စတန် သံအမတ်ကြီး ဦးဖေခင်

(မူဆလင်ဘာသာဝင်)က ဤသို့ပြောခဲ့ဘူးသည်။ "ဦးဖေခင် ပါကစ္စတန်အမတ်ကြီးအဖြစ် ရှိနေစဉ် ဘူးသီးတောင်မြို့သို့ ရောက်လာပါသည်။ ဦးဖေခင်ရောက်လာသည့်အကြောင်းကို ကြိုတင်သတင်းပေးထားကြောင်း နယ်ရှိမူဆလင်အမျိုးသား များစွာကြိုဆိုကြပြီးလျှင် အရာရှိများ တည်းခိုရိပ်သာ၌ ကျင်းပသော ဟောပြောပွဲသို့ လူပေါင်းများစွာ တက်ရောက်ကြလေ သည်။ ထိုစဉ်က အမတ်ဖြစ်ခဲ့ဘူးသော ဒေါ်အေးညွန့်၊ ဘူးသီးတောင်၊ မောင်တောဆိုင်ရာ ဂျမိတ္တုအူလေမာအသင်း၏ ဥက္ကဋ္ဌ မစ္စတာဆုလ်တင်အာမက်၏ဇနီးလည်း တက်ရောက်ပါသည်။ ဟောပြောပွဲတွင် ဦးဖေခင်က သူသည် ပါကစ္စတန် သံအမတ်ကြီးဖြစ်ကြောင်း၊ မူဆလင်အမျိုးသားတစ်ဦးလည်းဖြစ်ကြောင်း၊ ဘူးသီးတောင် မောင်တောရှိ ဘာသာတူ မူဆလင် အမျိုးသားများနှင့် တွေ့ဆုံလို၍ တကူးတက လာရောက်ရကြောင်း၊ မူဆလင်များနှင့် တွေ့ဆုံရသဖြင့် ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းနှစ်မျိုးကို ခံစားရပြီး ဘယ်လိုပြောရမှန်းပင်မသိ ဖြစ်နေရကြောင်း၊ ဤနယ်မူဆလင်များ၏ ဝတ်စားဆင်ယင်ပုံ၊ ယဉ်ကျေးမှုနှင့် ဆက်ဆံရေး မလွယ်ကူမှုကြောင့် အထူးဝမ်းနည်းရကြောင်း၊ ယခုစကားပြောရာ၌ပင် တိုက်ရိုက်ဗမာစကား မသုံးရဘဲ စကားပြန်၊ ကြားမှထားကာ ဟောပြောရသဖြင့် သူသည် မြန်မာနိုင်ငံတော်၏ တစ်နေရာသို့ ရောက်နေသည်ဟု မထင်ဘဲ အရှေ့ပါကစ္စတန်ပြည် တစ်နေရာသို့ ရောက်နေသလားဟုပင် သံသယဖြစ်မိပါသည်။"

ဘင်္ဂလီများကို ရခိုင်လူမျိုးတို့က ကုလားဟူ၍သာ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင်က မူဆလင်လူမျိုးဟူ၍ ခေါ်ဆိုသုံးနှုန်းခဲ့ကြပါသည်။ ဗြိတိသျှအစိုးရလက်ထက်က ရေးသားခဲ့သည့် မစ္စတာအာကီစမတ် (Mr. R.B. Smart)၏ (Burma Gazetteer Akyab Dietrict Volume A)တွင် စစ်တွေခရိုင်ရှိ ကုလားများကို မဟာမေဒင် ဟူ၍ မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရပါသည်။ ထိုမှတ်တမ်းတွင် ရခိုင်လူမျိုးတစ်ခုတည်းကိုပင် ရခိုင်သား၊ ရမ်းဗြဲသား၊ ချောင်းသားဟူ၍ ခွဲခြားပြီးမှတ်တမ်းတင်ခဲ့ပါသည်။

အကယ်၍မေယုဒေသတွင် ရိုဟင်ဂျာအမည်ခံ ဘင်္ဂလီလူမျိုးများသာ ရှိမည်ဆိုပါက ရိုဟင်ဂျာလူမျိုးဟူ၍ မုချခွဲခြား မှတ်တမ်းတင်ခဲ့မည်သာတည်း။

ဘင်္ဂလီများသည် မေယုဒေသတွင် အခြေချနေထိုင်လာကြသောအခါ ထိုဒေသတွင် ဘုံဘာသာစကားအဖြစ် သုံးစွဲသော ရခိုင်ဘာသာစကားကို တတ်ကျွမ်းလာကြသည်။ ထိုမှတဆင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိလာကြ သော ဗမာမူဆလင်များကို အတုယူကာ ရခိုင်မူဆလင်ဟူ၍ သုံးနှုန်းလာတတ် ကြပါသည်။

ရခိုင်လူမျိုးတို့သည် အမျိုးသီလကို စောင့်ထိန်းကြသူများဖြစ်ရာ မူဆလင်ဘာသာဝင်များနှင့် လက်ထပ်ထိမ်းမြား လေ့ မရှိကြချေ။ ထို့ကြောင့် ရခိုင်လူမျိုးများမှာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြ၏။ မူဆလင်ဘာသာကိုးကွယ်သက်ဝင်ခြင်း မရှိကြ၍ ရခိုင်မူဆလင်ဟူ၍လည်း မရှိချေ။

မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသူ အမျိုးကောင်းသမီးများသည် ရခိုင်မူဆလင်ဆိုသည်ကို ယုံမှားကာ မေယုဒေသမှ ဘင်္ဂလီများနှင့် အိမ်ထောင်ပြုပြီး ပါလာတတ်ကြသည်။ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များသို့ ရောက်လာကြသည့်အခါမှသာ မိမိတို့၏ယုံမှားသံသယမှာ မှားယွင်းကြောင်း သိမြင်လာကြရသည်။

သို့ရာတွင် တိုင်းရင်းသူအမျိုးသမီးတို့မှာ အစ္စလာမ်ဘာသာသို့ သွပ်သွင်းခြင်းခံရကာ ဘင်္ဂလီအမျိုးသမီးတစ်ဦး ကဲ့သို့ ဝတ်ဆင်ကြရခြင်း၊ ပြုမူနေထိုင်ရခြင်းတို့နှင့် ကြုံတွေ့ကြရသည်။ တချို့မှာ မိဘဆွေမျိုးသားချင်းများနှင့် အဆက် အသွယ်မျှပင် မပြုနိုင်ကြချေ။

ပါတီ၊ ကောင်စီခေတ်တွင် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာများသို့ ကွင်းဆင်းကြစဉ် တိုင်းရင်းသားအမျိုးသမီးတို့က မိမိတို့၏ဖြစ်အင်ကို ရင်ဖွင့်ကြကာ ၎င်းတို့၏မိဘဆွေမျိုးများနှင့် အဆက်အသွယ် ပြုလုပ်ပေးရန် အကူအညီတောင်းခံ တတ်ကြသည်။ သက်ဆိုင်ရာမှ ဆက်သွယ်ပေးမှုကြောင့် မိဘဆွေမျိုးများ ရောက်ရှိလာရာ မိမိအရပ်ဒေသသို့ ပြန်လည် လိုက်ပါတတ်သူများလည်း တွေ့ရတတ်သည်။ တချို့မှာမူ သားသမီးများ၏ သံယောဇဉ်ကြောင့် ပြန်လည်မသွားရောက်နိုင် ကြတော့ချေ။ အလားတူဖြစ်ရပ်များကို ဘူးသီးတောင်မြို့နယ်နှင့် မောင်းတောမြို့နယ်များကို မကြာခဏ ကြုံတွေ့တတ် ကြသည်။

## ရိုဟင်ဂျာဟူသော ဝေါဟာရ၏အဓိပ္ပါယ်

ရိုဟင်ဂျာဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကို "ပထန်လူမျိုးနှင့် ဘင်္ဂလားပြည်မှ ဝင်ရောက်လာကြသူများမှာ အာရဗ်အဆက်အနွယ်ဖြစ်သော "ရိုးဝန်ညာ"လူမျိုးများနှင့် ပေါင်းသင်းနေထိုင်လာခဲ့ကြသည်တွင် "ရိုးဝန်ဂျာ"(ယခုအခေါ် ရိုဟင်ဂျာ)ခေါ် လူမျိုးများ ဖြစ်ပေါ်လာခဲ့လေသည်။ နှစ်ပေါင်းကြာရှည်လာသောအခါ အာရဗ်အဆက်အနွယ်များမှာ

"ရိုးဝန်ဂျာ"ဆိုသော အမည်မှာ ရခိုင်စကားရင်းဖြစ်ရာ "ရွာဟောင်းကကျား"ဟု အဓိပ္ပါယ်ရလေသည်။ ၎င်းမှာသတ္တိရှိသည်၊ ရဲရင့်သည်ဟု ဆိုလိုသည်ဖြစ်ရာ အကြောင်းရင်းမှာ ရခိုင်လူမျိုးများက တိုက်၍မနိုင်သော တလိုင်းလူမျိုးများကို ပထန်လူမျိုးများက တိုက်ထုတ်ပစ်နိုင်သောကြောင့်ပင် ဖြစ်သည်ဟုဆိုလိုပါသည်။[၁]

တဖန် "ခရစ်သက္ကရာဇ် ၁၆၆၅ ခုနှစ်နောက်ပိုင်းတွင် ရခိုင်ပြည်သား အစ္စလာမ် ဘာသာဝင်များအနက် လေးကိုင်စစ်သည်တော်များကို ပါရှန်းဘာသာဖြင့် ကမန်(Kaman)ဟုခေါ်ပြီး ရခိုင်ပြည်သား အစ္စလာမ်ဘာသာဝင် လူမျိုးကိုမူ အာရေဗ်ဘာသာဖြင့် ရိုဟင်ဂျာ (Rohingya)ဟု ခေါ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်သား အစ္စလာမ်ဘာသာဝင် အုပ်စုတို့ကို (Bohingya)ဟုလည်း ခေါ်တွင်လာခဲ့ကြပါသည်။[၂]"

ရိုဟင်ဂျာအမည်ရှိသော လူမျိုးသည် မြန်မာနိုင်ငံတွင်လည်းကောင်း၊ ရခိုင်ပြည်အဖြစ် ထင်ရှားရှိစဉ်ကလည်းကောင်း၊ ကမ္ဘာ့တစ်ဝန်းလုံး၌ ဘယ်တိုင်းပြည်တွင်မှ လည်းကောင်း၊ မရှိခဲ့သောအမည် ဖြစ်ပါသည်။ သူတို့၏အမည်ကို အတင်းဆုတ်ကိုင် ကင်ပွန်းတပ်လာကြသည်မှာ (၁၉၆၀)ခု ပတ်ဝန်းကျင်တွင် ဖြစ်ပါသည်။ သူတို့သည် တိုင်းရင်းသားများဟု အတင်းတောင်းဆို၍ ဤအမည်ခံယူခဲ့လေသည်။ သို့သော် ဤသည်ကား လူမျိုးတစ်မျိုး၏အမည် မဟုတ်ချေ။ မြို့ဟောင်းသားဆိုသော ဂုဏ်ကိုယူလိုကြသူ မူဆလင်အချို့၏နှုတ်မှ ထွက်လာသော စကားမျှသာ ဖြစ်ပေသည်။ ထိုစဉ်က မြို့ဟောင်းမှာ မင်းနေ နေပြည်တော်ဖြစ်၍ ထိုနယ်တွင် လုပ်ကိုင်စားသောက်ကြသူ မူဆလင်အချို့ကား ငါတို့မြို့ဟောင်းသားဟူ၍ ပြောဆိုကြသည်ကို ကြားဖူးကြသော မူဆလင်အချို့က အဓိပ္ပါယ်ကို နားမလည်ဘဲ ရခိုင်ပြည်ရှိ လူတမျိုးပင်ဟု ထွင်လုံးဖြင့် ခံယူလိုက်ခြင်းသာဖြစ်သည်။ သို့သော် ရှေးက မြို့ဟောင်းနယ်သားမှတစ်ပါး မည်သူမျှမသုံးဘဲ (၁၉၆၀)ပတ်ဝန်းကျင်တွင် ကျခါမှ ဤနယ်သားများ ထင်ထင်ရှားရှား ထုတ်ဖော်လာကြလေသည်။ မြို့ဟောင်းကို သူတို့မမြီလိုက်ဘဲ ရိုဟောင်းဖြစ်သွားရာမှ "ရိုဟင်"ဖြစ်လာခြင်း ဖြစ်သည်။[၃]

ထို့ပြင် (In the medieval Bengali Works and အင်္ဂလိပ်စာ ဖတ်မရပါ)

ဟူ၍ တွေ့ရပါသည်။[၂]

သို့ဖြစ်ရာ အလယ်ခေတ် ဘင်္ဂလီစာပေတွင် ရေးသားသည့် ရိုရှန် (ျသျှဉ်ြ) မှ စစ်တကောင်း ဒေသန္တရသုံးစကားဖြင့် "အစား"ကို အစားထိုးကား (Rohang) ဟူ၍ ပြောင်းလဲလာပါသည်။ ဘင်္ဂလီစကားတွင် ဘယ်ရွာသားလဲ= ကွန်ပါရာဂျာ =ရွာသားဟု အဓိပ္ပါယ်ရပါသည်။ အလားတူပင် စစ်တကောင်းသားတို့က ရခိုင်ပြည်ကို ခေါ်ဝေါ်သော ရိုဟမ် (Rohang) တွင် ရိုဟင်+ဂျာ=ရိုဟင်ဂျာ)= ရခိုင်ပြည်သားဟူ၍ အဓိပ္ပါယ်ရှိသည့် ဝေါဟာရပင်ဖြစ်ကြောင်း တွေ့ရပါသည်။

ရိုဟင်ဂျာဟူသော ဝေါဟာရကို လူမျိုးအမည်အဖြစ် ခေါ်ဝေါ်သုံးစွဲလာမည် ဆိုပါက နှစ်ပေါင်းများစွာ ကြာလာသည့်အခါ ဘာသာဗေဒသဘောအရ ပြန်လည်အစကောက်လျှင် ရိုဟင်ဂျာ=ရခိုင်ပြည်သား (တိုင်းရင်းသား)ဖြစ်လာစေရန် ဖန်တီးသော ဝေါဟာရဖြစ်ကြောင်း တွေ့နိုင်ပါသည်။

အချို့ကလည်း ရိုဟင်ဂျာအစား ရွှင့်ဂျာဟူ၍ ခေါ်ဆိုသုံးနှုန်းပြန်ပါသည်။ ရွှင့်ဂျာဆိုသောစကား၏ ရခိုင်အဓိပ္ပါယ်မှာ အိုးအိမ်အတည်တကျမရှိသူ၊ လေလွင့်နေသူ၊ ခြေသလုံးအိမ်တိုင် သွားလာနေသူဟူ၍ အဓိပ္ပါယ်ရပါသည်။

ထို့ကြောင့် ရိုဟင်ဂျာ အမျိုးသားညီညွတ်ရေး (ရမည)အဖွဲ့ချုပ်၊ အမျိုးသားပါတီတို့မှ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် တသီးတခြားစီ ဖြစ်နေသည်ကိုလည်း တွေ့နိုင်ပါသည်။

**ကိုးကားချက်များ**


၁။ ဒေါက်တာကျော်သက်၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း
၂။ ဦးလှထွန်းဖြူ ရခိုင်ပြည်စီးပွားရေးဘဏ္ဍာတိုက်
၃။ မောင်ထင်၊ ရခိုင်ပြည်နယ်အစီရင်ခံစာ၊ မြဝတီမဂ္ဂဇင်း၊ (၁၉၆၀ ခု ဇူလိုင်)
၄။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ဒုတိယတွဲ၊ ရခိုင်ပြည်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့။
၅။ ဘုံပေါက်သာကျော်၊ တော်လှန်ရေးခရီးဝယ်၊ ပထမတွဲ။
၆။ ဦးစံထွန်းအောင်၊ ကိုယ်တွေ့မေယုမြေနှင့် ရိုဟင်ဂျာ (လက်နှိပ်စက်မူ)
၇။ ဦးစံထွန်းအောင်၊ ဘူးသီးတောင်မြို့နယ်သမိုင်းဖြစ်စဉ်။

၈။ ခင်ကြီးဖျော်၊ ရခိုင်ပြည်မှ မူဂျာဟိန်းဟူသည်၊ ရခိုင်တန်ဆောင်နှစ်လည်မဂ္ဂဇင်း၊ (၁၉၅၉-၆၀)

၉။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ စတုတ္ထတွဲ၊ လူမှုရေးကဏ္ဍ၊ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့။

၁၀။ အမျိုးသားပါတီ၊ ရခိုင်ပြည်သမိုင်းနှင့် ရခိုင်ရိုဟင်ဂျာတို့၏ဘဝ၊ လက်စွဲစာစောင်အမှတ်(၆) (၁၉၈၉)ခုနှစ်။

၁၁။ ဒေါက်တာသန်းထွန်း၊ ချင်း၊ မြံုနှင့်ခုမီ(မြောက်ရခိုင်)၊ ကလျာမဂ္ဂဇင်းအမှတ် ၁၁၄၊ (၁၉၉၄ ခုနှစ် ဩဂုတ်လ)။

၁၂။ ဦးစက္ကိန္ဒ(ရခိုင်ပြည်နယ်)၊ ပြည်တွင်မကိုဋ္ဌ်ခေတ်ဦးရာဇ်ဘုရားသမိုင်း။

၁၃။ ထွန်းရွှေခိုင် (စစ်တွေကောလိပ်)ရခိုင်ရှေးဟောင်းမြို့တော်များ၊

၁၄။ နတ်မြစ်စန်းအောင်၊ အရိယန်မှသက်၊ ရခိုင်မျိုးနွယ်ဆင်းသက်လာရခြင်းများ (ရခိုင်တန်ဆောင်မဂ္ဂဇင်း)

၁၅။ ရိုဟင်ဂျာအမျိုးသားညီညွတ်ရေး(ရမည)အဖွဲ့ချုပ်၊ ရိုဟင်ဂျာလူမျိုးစု ရာဇဝင်အကျဉ်းချုပ်(၁၉၆၀ ဒီဇင်ဘာလ)။

၁၆။ ဘုံပေါက်သာကျော်၊ ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီပြဿနာစာတမ်း(၁၉၈၉)ခုနှစ် (လက်နှိပ်စက်မူ)

၁၇။ တွေ့ဆုံမေးမြန်းချက်များ။

၁၈။ ဖတ်မရ

၁၉။ ဖတ်မရ

၂၀။ M.Collis, Arakan's Place in the civilization of the Bay, JBRS, 50th Arriversary Publica tion No-2,

၂၁။ ဖတ်မရ

၂၂။ ဖတ်မရ

၂၃။ ဦးစန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယအုပ်)

**မြိတ်သျှခေတ်ရခိုင်ပြည်လူဦးရေ အထူ၊ အကျဲပြဇယား**

| မြို့၊ မြို့နယ် | ၁၈၉၁ | | | ၁၉၀၁ | | | ၁ | |
|---|---|---|---|---|---|---|---|---|
| | ဧရိယာ | လူဦးရေ | သိပ်သည်းမှု | ဧရိယာ | လူဦးရေ | သိပ်သည်းမှု | ဧရိယာ | ဧ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | |
| စစ်တွေမြို့ | ၆ | ၃၇၉၃၈ | ၆၃၂၃ | ၆ | ၃၅၆၈၀ | ၅၉၄၇ | ၆ | ၂ |
| စစ်တွေမြို့နယ် | ၅၆ | ၁၀၃၉၅ | ၁၈၆ | ၅၆ | ၁၁၇၄၇ | ၂၁၈ | ၅၆ | ၁ |
| ရသေ့တောင်မြို့နယ် | ၁၂၆၉ | ၉၂၉၃၃ | ၇၃ | ၃၆၁ | ၅၃၀၂၀ | ၁၄၇ | ၃၆၁ | ၅ |
| ပုဏ္ဏားကျွန်းမြို့နယ် | ၇၀၄ | ၄၄၇၀၀ | ၆၃ | ၇၀၄ | ၄၉၅၅၅ | ၇၀ | ၇၈၃ | ၅ |
| ပေါက်တောမြို့နယ် | ၄၉၆ | ၄၀၈၇၅ | ၈၂ | ၄၉၆ | ၄၃၃၉၅ | ၈၇ | ၆၅၆ | ၄ |
| မင်းပြားမြို့နယ် | ၄၈၀ | ၃၅၅၀၅ | ၇၄ | ၄၈၀ | ၄၁၆၅၃ | ၈၇ | ၈၉၉ | ၄ |
| ကျောက်တော်မြို့နယ် | ၃၇၀ | ၄၅၁၈၆ | ၁၂၂ | ၃၇၀ | ၅၃၃၀၃ | ၁၄၄ | ၅၆၂ | ၅ |
| မြို့ဟောင်းမြို့နယ် | ၁၃၂၉ | ၄၃၃၆၆ | ၃၃ | ၁၃၂၉ | ၄၉၉၇၈ | ၈၇ | ၅၆၇ | ၅ |
| ဘူးသီးတောင်မြို့နယ် | - | - | - | ၉၀၈ | ၆၀၀၇၈ | ၆၆ | ၇၉၆ | ၆ |
| မောင်တောမြို့နယ် | ၄၂၆ | ၆၅၄၀၇ | ၁၅၄ | ၄၂၆ | ၁၃၂၄၇ | ၁၉၅ | ၄၄၀ | ၁၀ |
| စစ်တွေခရိုင်တစ်ခုလုံး | ၅၁၃၆ | ၄၁၆၃၀၅ | ၈၁ | ၅၁၃၆ | ၄၁၁၆၅၆ | ၉၄ | ၅၁၂၆ | ၅ |

စစ်တွေခရိုင်အတွင်း၌ ပုံ့နှံ့နေထိုင်သော အိန္ဒိယတိုင်းရင်းသား အမျိုးအနွယ်စာရင်း

| လူမျိုးအမည် | ရခိုင်တွင်မွေးဖွားသူ | | | အိန္ဒိယတွင်မွေးဖွားသူ | | | |
|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| စစ်တကောင်းကုလား ဘင်္ဂလီ | ၈၀၆၈၀ | ၇၆၁၅၃ | ၁၅၆၈၃၃ | ၂၄၀၈၉ | ၅၄၀၅ | ၂၉၄၉၄ | ၁၀၄၁၆၉ |
| စစ်တကောင်းသား မဟုတ်သောကုလား | ၅၃၂၀ | ၄၂၇၆ | ၉၅၉၆ | ၅၆၇၈ | ၃၁၂ | ၅၉၉၀ | ၁၀၉၉၈ |
| အိန္ဒူစတန်နီ | ၃၁၁ | ၃၆၆ | ၆၇၇ | ၂၆၄၄ | ၂၆၆ | ၂၉၁၀ | ၂၉၅၈ |
| အူရီယာကုလား | ၁၈ | ၄ | ၂၂ | ၃၇၉၁ | ၆ | ၃၇၉၇ | ၃၀၈၉ |

# အခန်း(၁၅)

# အထွေထွေ

## (က) ဌာနဆိုင်ရာမဟုတ်သော အဖွဲ့အစည်းများ

### (၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

ဘူးသီးတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အလံတင်ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဦးဥတ္တမခန်းမ၌ (၆-၁၀-၉၃)နေ့ ကျင်းပပြုလုပ်ခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဘူးသီးတောင်မောင်တော၊ ရသေ့တောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသားကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ ဘင်ခရာတပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တက်ရောက်ခဲ့ကြ၏။ အခမ်းအနားကို (၄)ဘာသာ ဂုဏ်ထူးရှင် မခင်ချိုမာထွန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဘူးသီးတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို အတွင်းရေးမှူး (၁)ဦး၊ အဖွဲ့ဝင်(၃)ဦးဖြင့် ဖွဲ့စည်းထားရှိ၏။

ရပ်ကွက်ကျေးရွာအုပ်စု (၁)ခုတွင် စည်းရုံးရေးမှူး တစ်ဦး အဖွဲ့ဝင်နှစ်ဦး၊ စုစုပေါင်း(၃)ဦးဖြင့် ဖွဲ့စည်းကာ ဘူးသီးတောင်မြို့နယ်ရှိ ရပ်ကွက်(၆)ရပ်ကွက်၊ ကျေးရွာအုပ်စု (၄၆)အုပ်စုတို့တွင် စည်းရုံးရေးမှူးနှင့်အဖွဲ့ဝင် (၁၅၆)ဦးတို့ဖြင့် ဖွဲ့စည်းထားရှိ၏။

ဘူးသီးတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွင် အသင်းသားအင်အားမှာ (၁၂-၆-၉၄)နေ့ထိ သက်ကြီးအသင်းသား (၃၉၁)ဦး၊ သက်ငယ်အသင်းသား (၅၅၄)ဦး၊ ကျား(၅၅၈)ဦး၊ မ(၃၉၄)ဦး စုစုပေါင်း (၉၅၂)ဦး ရှိနေပြီးဖြစ်၏။

အသင်းကြီးအနေဖြင့် မြို့ပေါ်ရှိ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ လမ်းတံတားများကို အခါအားလျော်စွာ ပါဝင် လုပ်အားပေးခဲ့ကြ၏။

အသင်းကြီးကို ယခုအခါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ရုံးဖွင့်လှစ်ဆောင်ရွက်လျက် ရှိနေ၏။

### (၂) မြို့နယ်အရန် မီးသတ်တပ်ဖွဲ့

ဘူးသီးတောင်မြို့နယ်တွင် အစိုးရမီးသတ်တပ်ဖွဲ့ မရှိသေးပါ၊ အရန်မီးသတ်တပ်ဖွဲ့အဖြစ်သာ ဖွဲ့စည်းဆောင်ရွက် လျက်ရှိခဲ့၏။ သို့ရာတွင် အရန်မီးသတ်တပ်ဖွဲ့ပိုင် အဆောက်အဦး မရှိခြင်း၊ တပ်ဖွဲ့ဝင်များမှာ အသက်အရွယ်ကြီး ရင့်လာခြင်း၊ အခြားမြို့ရွာများသို့ပြောင်းရွှေ့သွားခြင်းတို့ကြောင့် အင်အားယုတ်လျော့လျက် ရှိနေ၏။

ယခင်က မြို့နယ်အရန် မီးသတ်တပ်ဖွဲ့တွင် ဗဟိုမီးသတ်တပ်ဖွဲ့မှ ၁၉၆၉ ခုနှစ်က အခမဲ့ပေးသွားသော (ဂျလို) ခေတ်ဆီ၊ အမျိုးအစား(၄)ယောက်ထမ်းစက်ငယ်တစ်လုံး ရှိခဲ့၏။ ၎င်းစက်မှာ အစားထိုးပစ္စည်းများ ရှားပါးခြင်း၊ အလွန်ဟောင်းနွမ်းနေပြီးဖြစ်ခြင်းတို့ကြောင့် ပြုပြင်သုံးစွဲ၍ မရနိုင်သော အခြေအနေတွင် ရှိနေပြီးဖြစ်သည်။

မြို့နယ်အရန် မီးသတ်တပ်ဖွဲ့အား စနစ်တကျ ပြန်လည်စုစည်းပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် မီးသတ်စက်ငယ်များ ဝယ်ယူသုံးစွဲရန် လိုအပ်နေ၏။

### (၃) မြို့နယ်ကြက်ခြေနီတပ်ဖွဲ့

ဘူးသီးတောင်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ကို ၁၉၆၆ ခုနှစ်တွင် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ (၅)ဦးဖြင့် ဖွဲ့စည်းပြီး တပ်ဖွဲ့ဝင်အင်အား (၆၁)ဦးဖြင့် ဖွဲ့စည်း၊ စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့သည် လှုပ်ရှားမှုအားနည်းခဲ့ပါသည်။

၁၉၈၃-ခုနှစ်တွင် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီကို (၇)ဦး၊ တပ်ဖွဲ့ဝင်အားကို (၁၁၀)ဦးဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံအင်အား

<u>ကျားတပ်ဖွဲ့</u>

| | | | |
|---|---|---|---|
| | အင်အား | ၃၂ | ဦး |
| | တပ်ဖွဲ့မှူး | ၁ | ဦး |
| | ဒုတပ်ခွဲမှူး | ၁ | ဦး |
| | တပ်ခွဲအရာခံဗိုလ် | ၁ | ဦး |
| | တပ်ခွဲတပ်ကြပ်ကြီး | ၂ | ဦး |
| | တပ်စုမှူး | ၁ | ဦး |
| | တပ်စုတပ်ကြပ်ကြီး | ၁ | ဦး |
| | တပ်စုဒုတပ်ကြပ် | ၂ | ဦး |
| | မတပ်ခွဲ | ၅၈ | ဦး |
| | အင်အား | ၁ | ဦး |
| | တပ်ခွဲမှူး | ၁ | ဦး |
| | ဒုတပ်ခွဲမှူး | ၁ | ဦး |
| | တပ်ခွဲအရာခံဗိုလ် | ၂ | ဦး |
| | တပ်ခွဲတပ်ကြပ်ကြီး | ၁ | ဦး |
| (က) | စုမှူး | ၁ | ဦး |
| | စုတပ်ကြပ်ကြီး | ၂ | ဦး |
| | စုဒုတပ်ကြပ်ကြီး | ၂ | ဦး |
| | ဒုဒုတပ်ကြပ် | ၁ | ဦး |
| (ခ) | စုမှူး | ၁ | ဦး |
| | စုတပ်ကြပ်ကြီး | ၁ | ဦး |
| | စုတပ်ကြပ် | ၂ | ဦး |
| | စုဒုတပ်ကြပ် | ၂ | ဦး |

တို့ဖြင့် ဖွဲ့စည်းထားကြပါသည်။

၁၉၈၉ ခုနှစ်တွင် ထပ်မံပြီး မြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင်(၈)ဦးနှင့် တပ်ဖွဲ့ဝင်အင်အားကို (၉၀)ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ မြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့သည် ကြက်ခြေနီလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၁၉၉၃-ခုနှစ်အတွင်း (၁၀)ကြိမ်ခန့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။'

ဤမြို့နယ် ကြက်ခြေနီသူနာပြု တပ်ဖွဲ့တွင် စံပြကြက်ခြေနီအဖြစ် ရွေးချယ်ခံထားရသူ (၁)ဦး၊ မ(၂)ဦးရှိပါသည်။ ကြက်ခြေနီနည်းပြအဖြစ် ကျား(၁)ဦး၊ မ(၁)ဦးရှိပါသည်။ သာမန်သင်တန်းအောင်မြင်ပြီးသူ တပ်ဖွဲ့ဝင်အင်အား (၉၀)ဦးရှိပါသည်။ ၎င်းအနက် ဝန်ထမ်း(၂၀)ဦး၊ အရပ်သား/သူ(၁၁)ဦး၊ ကျောင်းသူ/သား(၅၉)ဦးရှိပါသည်။ ရာသက်ပန်အင်အား (၁၀)ဦး ရှိခဲ့ပါသည်။ ကိုးရီးယားနိုင်ငံလူငယ်များ တွေ့ဆုံပွဲသို့ သွားရောက်ရန်အတွက် ဤသူနာပြုတပ်ဖွဲ့မှ ရဲဘော်(၁)ဦး အား ရန်ကုန်မြို့ စာမေးပွဲဖြေဆိုနိုင်ရန် ပေးပို့စေလွှတ်နိုင်ခဲ့ပါသည်။

၁၉၈၉-ခုနှစ် ၁၉၉၀-ခုနှစ်၊ ၁၉၉၁-ခုနှစ်၊ ၁၉၉၂-ခုနှစ်များတွင် မြို့ပေါ်ရပ်ကွက်များနှင့် ဘူးသီးတောင်တပ်နယ်ရှိ တပ်ရင်းများအား သွားရောက်ပြီး သွေးလွန်တုတ်ကွေးရောဂါ နှိမ်နင်းရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါဆိုင်ရာလုပ်ငန်းများတွင် သက်ဆိုင်ရာတို့နှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းများ မြို့နယ်၌ ကျင်းပပြုလုပ်သော အားကစားပွဲတော်များ၊ တန်ဘိုးကြီးဘုရားပွဲတော်များတွင်လည်း ကျန်းမာရေးလုပ်ငန်းအတွက် ကူညီပါဝင်ဆောင်ရွက်ခြင်းများ တဖက်နိုင်ငံသို့ ထွက်ပြေးသွားသော ဘင်္ဂလီကုလားလူမျိုးများ ပြန်လည်လက်ခံရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း တပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ်ရှိ ကညင်ချောင်းလက်ခံရေးစခန်းမှ ဝင်ရောက်လာသောသူများကို မောင်တောမြို့နယ်မှအပ အခြား

မြို့နယ်များသို့ သွားရောက်မည့်ကုလားများအား ဤမြို့နယ်လက်ခံရေးစခန်းအတွက် နေရာချထားရာတွင်လည်း ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ကူညီခြင်းများ ပါဝင်ခဲ့ပါသည်။

၁၉၉၃- ခုနှစ် ခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး တည်ဆောက်ရေးအဖွဲ့၏ စီစဉ်လမ်းညွှန်မှု မြို့နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် ၁၉၉၃-ခု ဧပြီလတွင် အင်အား(၆၀)ဦးအား ကြက်ခြေနီအခြေခံသင်တန်း ပေးခဲ့နိုင်ပါသည်။

၁၉၉၃-ခု မေလတွင် ခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး တည်ဆောက်ရေးအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် တပ်ဖွဲ့ဝင်အင်အား (၉၀)ဦးအား ကြက်ခြေနီ(သာမန်)သင်တန်းကို ရက်သတ္တ(၂)ပတ် စခန်းချ သင်တန်းဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသင်တန်းမှ တက်ရောက်အောင်မြင်ခဲ့သော တပ်ဖွဲ့ဝင်အင်အား (၉၀)ဦး ကူညီဝတ်စုံများကို ခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး တည်ဆောက်ရေးအဖွဲ့၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုကြောင့် အခမဲ့ပေးအပ်နိုင်ခဲ့ပါသည်။

၁၉၉၃-ခုနှစ်တွင် ရုပ်မြင်သံကြား တပ်ဆင်တိုင်တည်ဆောက်ရေးလုပ်ငန်းတွင် တပ်ဖွဲ့ဝင်အင်အား (၉၀)ဖြင့် လုပ်အားပေး (၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြို့ပေါ်ရှိရပ်ကွက်များနှင့် ဘူးသီးတောင်တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များသို့လည်း သွေးလွန်တုတ်ကွေးရောဂါ နှိမ်နင်းရေးလုပ်ငန်းများ၊ ငှက်ဖျားရောဂါဆိုင်ရာလုပ်ငန်းများနှင့် အခြားကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရာ၌လည်း တပ်ဖွဲ့ဝင်အင်အား (၇၀)ဦးဖြင့် လုပ်ငန်းဆောင်ရွက်မှု (၅)ကြိမ် ရှိခဲ့ပါသည်။

ဘူးသီးတောင်မြို့နယ်၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော လေးမျက်နှာဘုရား တည်ဆောက်ပြုပြင်ရာတွင်လည်း အုတ်၊ သဲ၊ ပြောင်းရွှေ့ခြင်းလုပ်ငန်းတွင်လည်း တပ်ဖွဲ့ဝင်အင်အား (၉၀)ဦးဖြင့် လုပ်အားပေး (၅)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

နေ့ကြီး ရက်ကြီးများတွင် ကျင်းပသော အခမ်းအနားများတွင်လည်း ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့အနေဖြင့် တက်ရောက်ခဲ့ပါသည်။

(နတလ)စီမံကိန်းအရ တည်ရှိသော (နတလ)စံပြကျေးရွာ(၂)ရွာများသို့လည်း သွားရောက်ပြီး တပ်ဖွဲ့ဝင်အင်အား (၄၀)ဦးသည် ပြည်နယ်မှထောက်ပံ့သော အဝတ်အထည်များ ပေးအပ်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၁-၁-၉၄ နေ့မှယနေ့ထိ လှူပ်ရှားမှုအခြေအနေမှာ လေးမျက်နှာဘုရားတည်ဆောက်ခြင်းအတွက် တပ်ဖွဲ့ဝင်အင်အား(၉၀)ဦးသည် အုတ်၊ သဲပြောင်းရွှေ့ခြင်းလုပ်ငန်းအတွက် လုပ်အားပေး(၂)ကြိမ်၊ လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုအခမ်းအနားသို့ ကြက်ခြေနီတပ်ဖွဲ့အနေနှင့် တပ်ဖွဲ့ဝင်များသည် ချီတက်၊ တက်ရောက်ခဲ့ပါသည်။ ၄၆နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးတည်ဆောက်ရေး အဖွဲ့မှ ကြီးမှူးကျင်းပသော အားကစားပြိုင်ပွဲများတွင်လည်း ကျန်းမာရေးလုပ်ငန်းအတွက် တပ်ဖွဲ့ဝင်များသည် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။

### (၄) မြို့နယ်စစ်မှုထမ်းများအဖွဲ့

ဘူးသီးတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ကို ယခင်က မြို့နယ်ပါတီယူနစ်ရုံးတွင် ယာယီဖွင့်လှစ်ခဲ့ကြသည်။ ယခုအခါ ဘူးသီးတောင်မြို့နယ်တွင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အင်အား (၁၁၄)ဦး စည်းရုံးရေးနယ်မြေ(၈)ခုဖြင့် ဖွဲ့စည်းထားရှိပါသည်။

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကို အမှုဆောင်ကော်မတီ(၉)ဦးဖြင့် ဖွဲ့စည်းထားရှိကာ ဥက္ကဋ္ဌတစ်ဦး၊ ဒုဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဘက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး အမှုဆောင်လေးဦးတို့ ပါဝင်ပါသည်။ အမှုဆောင်အဖွဲ့ကို (၅)နှစ်တစ်ကြိမ်ကျစီ ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်ပါသည်။

၁၉၉၂ ခုနှစ်တွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ခဲ့ပါသည်။ စစ်မှုထမ်းဟောင်း၊ အဖွဲ့ပိုင်လက်နှိပ်စက်တစ်လုံး၊ မီးခံသေတ္တာတစ်လုံး ထားရှိခဲ့ပါသည်။

## (ဓ) လူမှုဝန်ထမ်းလုပ်ငန်း

### (၁) အစိုးရအသိအမှတ်ပြု ကိုယ်ထူကိုယ်ထမူကြိုကျောင်း

ဤကျောင်းကို ဘူးသီးတောင်မြို့ အမှတ်(၃)ရပ်ကွက် မင်းထီးလမ်းတွင် ၁၉၈၉ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့ကစ၍ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းဖွင့်စတွင် ဆရာမ(၃)ဦးရှိခဲ့ပါသည်။ ကျောင်းသားကျောင်းသူ (၅၀)ဦးရှိခဲ့ပါသည်။

ကျောင်းသားတစ်ဦးစီထံမှ လစဉ်ကြေး(၅ဝိ/)ကျစီ ကောက်ခံကာ ထိုငွေဖြင့် ခလေးများအား မုန့်ပဲသရေစာများ ကျွေးမွေးခဲ့ပါသည်။

၁၉၉၁-ခုနှစ် ဇန်နဝါရီလ (၂)ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အစိုးရအသိအမှတ်ပြုကျောင်း ဖြစ်လာပါသည်။ သို့ရာတွင် ထောက်ပံ့ကူညီမှု မရှိခဲ့ပါ။ တာဝန်ခံ ဆရာမ (၆၂၅/-၊ အကူဆရာမ (၄၅ဝိ/-)၊ ထောက်ပံ့ခဲ့ပါသည်။

ယခုအခါ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း တာဝန်ခံဆရာမအဖြစ် ဒေါ်မလှဝေ အကူဆရာမအဖြစ် ဒေါ်ခိုင်လှညိုတို့က တာဝန်ယူသင်ကြားပို့ချလျက် ရှိနေပါသည်။

(၂) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ

လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကို ဘူးသီးတောင်မြို့ အမှတ်(၁)ရပ်ကွက်တွင် ဖွင့်လှစ်ပြီး လူငယ်များ လက်ခံသင်ကြားနိုင်ရန် ၂၁-၁၁-၉၄ နေ့က ညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါသည်။

(က) <u>လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကြီးကြပ်ရေးနာယကအဖွဲ့</u>

| | | |
|---|---|---|
| (၁) | ဦးမေဒဒေဝ | ဂန္ဓာရီတောရကျောင်းထိုင်ဆရာတော် |
| (၂) | ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် | မဝတဥက္ကဌ |
| (၃) | ဦးစိန်ခန့်ကျင့် | မဝတဥက္ကဌ |
| (၄) | ဦးအုန်းတင် | မြို့နယ်ပညာရေးမှူး |
| (၅) | ဦးဦးထွန်းစိန် | ရပ်မိရပ်ဖ |

(ခ) <u>လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကြီးကြပ်ရေး အလုပ်အမှုဆောင်အဖွဲ့</u>

| | | | |
|---|---|---|---|
| (၁) | ဦးဦးသာထွန်း | မဝတအတွင်းရေးမှူး | ဥက္ကဌ |
| (၂) | ဦးအောင်ထွန်းကျော် | မန်နေဂျာ ကသလယ်ယာ | အဖွဲ့ဝင် |
| (၃) | ဦးစောသိန်းစိန် | ဦးစီးဌာနမှူး၊ လဝက | အဖွဲ့ဝင် |
| (၄) | ဦးဝင်းမြိုင်သိန်း | ဦးစီးဌာနမှူး၊ သစ်တော | အဖွဲ့ဝင် |
| (၅) | ဦးသိန်းဇော် | မန်နေဂျာ၊ စိုက်ပျိုးရေး | အဖွဲ့ဝင် |
| (၆) | ဦးမြင့်ဦး | ဦးစီးအရာရှိ မြေစာရင်း | အဖွဲ့ဝင် |
| (၇) | ဦးအေးမောင် | အတွင်းရေးမှူး၊ သ/မအသင်း | အဖွဲ့ဝင် |
| (၈) | ဦးမောင်မောင် | ဦးစီးအရာရှိ ပြန်ဆက် | အဖွဲ့ဝင် |
| (၉) | ဦးသောင်းတင် | အခွန်ဦးစီးမှူး | အတွင်းရေးမှူး |

(ဂ) ဘဏ္ဍာရေးနှင့် ရန်ပုံငွေရှာဖွေရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးဦးလှသာ | ဦးစီးအရာရှိ ၊ အကောက်ခွန် | ဥက္ကဋ္ဌ |
| (၂) | ဒုရဲမှူးအောင်မြင့် | ပ/ရတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | ဦးကျော်လွင် | အမှုဆောင်အရာရှိ၊ ဈေးပင် | အဖွဲ့ဝင် |
| (၄) | ဦးအောင်သာ | မန်နေဂျာ၊ ရေကြောင်း | အဖွဲ့ဝင် |
| (၅) | ဦးသန်းဝင်း | မြို့နယ်တရားသူကြီး | အဖွဲ့ဝင် |
| (၆) | ဦးဝင်းမြင့်သိန်း | ဦးစီးအရာရှိ၊ သစ်တော | အဖွဲ့ဝင် |
| (၇) | ဦးမောင်ထွန်းကျော် | မန်နေဂျာ၊ ကုန်သွယ်လယ်ယာ | အဖွဲ့ဝင် |
| (၈) | ဦးမောင်ထွန်းသာ | အင်/ယာ၊ လျှပ်စစ် | အဖွဲ့ဝင် |
| (၉) | ဦးအုန်းတင် | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| (၁၀) | ဦးသန်းအေးဆွေ | ဒုဦးစီးမှူး ထွေ/အုပ် | အတွင်းရေးမှူး |

လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ဖွင့်လှစ်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ(၃)ခုကို အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်။

လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကို အခိုင်အမာ အဆောက်အဦးတစ်ခုရရှိရေးနှင့် နိုင်ငံတော် အသိအမှတ်ပြု ပရဟိတဂေဟာတစ်ခု ဖြစ်ပေါ်လာနိုင်ရေးအတွက် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ သက်ဆိုင်ရာ အထက်အဖွဲ့အစည်းသို့ တင်ပြရန် စီစဉ်ဆောင်ရွက်လျက် ရှိနေပါသည်။

## (ဂ) ဘူးသီးတောင်မြို့နယ်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊

(၁) ခရိုင်အဆင့် ရုံးဖွင့်လှစ်ထားသော ဌာနဆိုင်ရာများ

ဘူးသီးတောင်မြို့နယ်တွင် ခရိုင်အဆင့် ရုံးဖွင့်လှစ်ထားရှိသည့် ဌာနဆိုင်ရာများမှာ-

(က) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ခ) ခရိုင်တရားရုံး(ရခိုင်ပြည်နယ်တရားရုံး ဘူးသီးတောင်ခရိုင်)
(ဂ) ဘူးသီးတောင်ခရိုင်ဥပဒေရုံး
(ဃ) ခရိုင်စာရင်းရုံး
(င) ခရိုင်မြေစာရင်းဦးစီးဌာန
(စ) ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(ဆ) ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့ရုံး
(ဇ) ခရိုင်ရေလုပ်ငန်းဦးစီးဌာန

တို့ ဖြစ်ပါသည်။ ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့ရုံးနှင့် ခရိုင်ရေလုပ်ငန်းဦးစီးဌာနရုံးတို့မှာ ဘူးသီးတောင်မြို့ပေါ်တွင် ရုံးဖွင့်လှစ်ထားခြင်းမရှိဘဲ၊ မောင်တောမြို့တွင်သာ ရုံးဖွင့်ထားပါသည်။

## (၂) မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားရှိသော ဌာနဆိုင်ရာများ

(၁) ဘူးသီးတောင်မြို့နယ်တွင် မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားရှိသော ဌာနဆိုင်ရာများကို ဝန်ကြီးဌာနအလိုက်

(၁) <u>တရားရုံးချုပ်</u>
- (က) မြို့နယ်တရားရုံး

(၂) <u>ရှေ့နေချုပ်ရုံး</u>
- (က) မြို့နယ်ဥပဒေရုံး

(၃) <u>စာရင်းစစ်ချုပ်ရုံး</u>
- (က) မြို့နယ်စာရင်းရုံး

(၄) <u>ပြည်ထဲရေးဝန်ကြီးဌာန</u>
- (က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန
- (ဂ) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့
- (ဃ) သတင်းတပ်ဖွဲ့

(၅) <u>ပညာရေးဝန်ကြီးဌာန</u>
- (က) မြို့နယ်ပညာရေးမှူးရုံး

(၆) <u>ကျန်းမာရေးဝန်ကြီးဌာန</u>
- (က) မြို့နယ်ကျန်းမာရေးဦးစီးဌာန
- (ခ) မြို့နယ်သမဝါယမအသင်း

(၈) <u>လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန</u>
- (က) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
- (ခ) မြို့နယ်မြေစာရင်းဦးစီးဌာန
- (ဂ) ဆည်မြောင်းဦးစီးဌာန

(၉) <u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u>
- (က) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(၁၀) <u>သစ်တောရေးဝန်ကြီးဌာန</u>
- (က) မြို့နယ်သစ်တောဦးစီးဌာန

(၁၁) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
- (က) တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၁၂) <u>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန</u>
- (က) ပြည်တွင်းအခွန်ဦးစီးဌာန
- (ခ) အကောက်ခွန်ဦးစီးဌာန
- (ဂ) မြန်မာ့စီးပွားရေးဘဏ်
- (ဃ) မြန်မာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်

(၁၃) **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့

(၁၄) **ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန**

(က) စကားပြောကြေးနန်း (တယ်လီဖုန်း)

(ခ) ကြေးနန်း (ရေဒီယို)

(ဂ) စာတိုက်

(ဃ) ပြည်တွင်းဂြိုလ်တုမြေပြင်ဆက်သွယ်ရေးစခန်း

(၁၅) **ပြန်ကြားရေးဝန်ကြီးဌာန**

(က) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၆) **ပို့ဆောင်ရေးဝန်ကြီးဌာန**

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(၁၇) **ကုန်သွယ်ရေးဝန်ကြီးဌာန**

(က) မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

(ခ) စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်း

(ဂ) ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်

(၁၈) **စွမ်းအင်ဝန်ကြီးဌာန**

(က) မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(ခ) စိုင်းတင်ရေအားလျှပ်စစ်စီမံကိန်း

(ဂ) မီးစက်တည်ဆောက်ရေးလုပ်ငန်း

(ဃ) ရေနံအရောင်းဆိုင်

စုစည်းဖော်ပြရလျှင် အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

၁ မြို့နယ်တရားရုံး

၂ မြို့နယ်စာရင်းရုံး

၃ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

၄ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး

၅ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ရုံး

၆ သတင်းတပ်ဖွဲ့ရုံး

၇ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး

၈ မြို့နယ်သမဝါယမဦးစီးဌာနမှူးရုံး

၉ မြို့နယ်သမဝါယမအသင်းရုံး

၁၀ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး

၁၁ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးရုံး

၁၂ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး
၁၃ မြို့နယ်သစ်တောဦးစီးဌာနရုံး
၁၄ ပြည်တွင်းအခွန်ဦးစီးဌာနရုံး
၁၅ အကောက်ခွန်ဦးစီးဌာနရုံး
၁၆ မြန်မာစီးပွားရေးဘဏ်ခွဲရုံး
၁၇ မြို့နယ်စည်ပင်သာယာရေးရုံး
၁၈ စကားပြောကြေးနန်းတယ်လီဖုံးရုံး
၁၉ ကြေးနန်း (ရေဒီယို)ရုံး
၂၀ စာတိုက်ရုံး
၂၁ ပြည်တွင်းဂြိုလ်တုမြေပြင်ဆက်သွယ်ရေးစခန်းရုံး
၂၂ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး
၂၃ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး
၂၄ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံး
၂၅ စားသောက်ကုန်နှင့် အဖျော်ယမကာရုံး
၂၆ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရုံး
၂၇ ရေနံအရောင်းဆိုင်ရုံး

ထို့ပြင် ကိုယ်ပိုင်အဆောက်အဦးဆောက်လုပ်ပြီး ရုံးဖွင့်လှစ်လျက်ရှိသော ဌာနဆိုင်ရာများမှာ-

တို့ဖြစ်ကြသည်။ အခြားဌာနဆိုင်ရာများမှာ ပုဂ္ဂလိကပိုင် အဆောက်အဦးများကို ငှားရမ်းပြီး ရုံးဖွင့်လှစ်လျှက်ရှိကြသည်။

## (ဃ) ဘူးသီးတောင်မြို့နယ်ရှိ နိုင်ငံရေးပါတီများ

(၁၉၉၀)ပြည့်နှစ် မေလ(၂၇)ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီသည် အထွေထွေရွေးကောက်ပွဲ

၁ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ
၂ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
၃ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၄ ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ
၅ မေယုဖွံ့ဖြိုးတိုးတက်ရေးကျောင်းသားလူငယ်များအဖွဲ့ချုပ်(အာရ်ကန်)
၆ အမျိုးသားပါတီ
၇ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပါတီ
၈ တိုင်းရင်းသားနွယ်ဖွားပါတီ

တွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြသော နိုင်ငံရေးပါတီများမှာ-

၁ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ
၂ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
၃ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၄ ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ
၅ မေယုဖွံ့ဖြိုးတိုးတက်ရေးကျောင်းသားလူငယ်များအဖွဲ့ချုပ်(အာရ်ကန်)
၆ အမျိုးသားပါတီ
၇ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
၈ အလုပ်သမားစည်းလုံးညီညွတ်ရေးပါတီ
၉ လူငယ်များစည်းလုံးညီညွတ်ရေးပါတီ
၁၀ တောင်သူလယ်သမားစည်းလုံးညီညွတ်ရေးပါတီ
၁၁ မြို့(ခ)ခမီးအမျိုးသားညီညွတ်ရေးပါတီ

ထို့ပြင် ဘူးသီးတောင်မြို့နယ်အတွင်း တည်ရှိခဲ့ကြသော ပါတီများမှာ-

ထို့နောက် နိုင်ငံရေးပါတီများက မိမိတို့၏ သဘောဆန္ဒအလျောက် ပါတီများကို ဖျက်သိမ်းလိုက်ခြင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တို့မှ ပါတီအဖွဲ့အစည်းများကို ဖျက်သိမ်းခြင်းတို့ ရှိခဲ့ပါသည်။

ထို့ကြောင့် ယခုအခါ ဘူးသီးတောင်မြို့နယ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(၂)ခုသာ ရုံးဖွင့်ဆောင်ရွက်မှုရှိနေကြောင်း တွေ့ရပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ယခင် ဘူးသီးတောင်မြို့နယ် ပါတီယူနစ်အဆောက်အဦးတွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဘူးသီးတောင်မြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ဦးအာရောဇ်အာမက်(ခ) မောင်လှအောင်နေအိမ်တွင်လည်းကောင်း ရုံးဖွင့်လှစ်ထားရှိပါသည်။

## (င) ပြေပျော်ရေးလုပ်ငန်းများ

(၁) လူငယ်ဘင်ခရာတပ်ဖွဲ့

ဘူးသီးတောင်မြို့နယ် လူငယ်ဘင်ခရာတပ်ဖွဲ့ကို ၁၉၈၂ ခုနှစ်တွင် မြို့နယ်လမ်းစဉ်စည်းရုံးရေးကော်မတီမှ ဦးစီး၍ ဖွဲ့စည်းပေးခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်ပွားပြီးနောက် အဖွဲ့အစည်းများ ပျက်ပြားသည့်အခါ လူငယ်ဘင်ခရာအဖွဲ့လည်း ရပ်စဲသွားသည်။

၁၉၉၂ ခုနှစ်အရောက်တွင် ဘူးသီးတောင်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသူ ဗိုလ်မှူး မောင်မောင်စန်းက လူငယ်ဘင်ခရာတပ်ဖွဲ့ကို ပစ္စည်းထောက်ပံ့မှုပြုကာ ပြန်လည်တည်ထောင်ပေးခဲ့သည်။

ယခုအခါ လူငယ်ဘင်ခရာတပ်ဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်လက်တွဲကာ၊ လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

## (၂) ရုပ်ရှင်ရုံများ

(က) မြို့မေတ္တာရုပ်ရှင်ရုံ

ဤရုပ်ရှင်ရုံကို ဘူးသီးတောင်မြို့ အမှတ်(၆)ရပ်ကွက်ရှိ ယခု ဦးမောင်ကျော်နု၏အိမ်ရာတွင် (ဂျေဒီဝီလ်ဆင်) ဆိုသူက ၁၉၅၇ ခုနှစ်ခန့်က စတင်တည်ထောင်ခဲ့သည်။ တော်လှန်ရေးကောင်စီခေတ်တွင် ရုပ်ရှင်လုပ်ငန်းများ ပြည်သူပိုင်

သိမ်းပြီးနောက်ပိုင်း အဆိုပါရုပ်ရှင်ရုံမှာ ပျက်ပြားသွားရသည်။

(ခ) ခေတ်သစ်ရုပ်ရှင်ရုံ

ဤရုပ်ရှင်ရုံကို ဘူးသီးတောင်မြို့ အမှတ်(၃)ရပ်ကွက်၊ ရပ်ကွက်သမဝါယမအသင်းဆိုင်နှင့် ဦးကျော်မြနေအိမ်ရာတွင် တည်ရှိခဲ့သည်။ ဦးစံထွန်းအောင်မှ ပိုင်ဆိုင်ခဲ့သည်။ ၁၉၆၀ ခုနှစ်ခန့်က စတင်ပြသခဲ့ပြီး ၁၉၇၀ ခုနှစ်ခန့်တွင် လုပ်ငန်းပျက်ပြားခဲ့ရသည်။

| | | |
|---|---|---|
| (က) | ဦးထွန်းလှကျော်ပိုင် (ကိမ်း)ဗွီဒီယိုရုံ | (၁)ရုံ |
| (ခ) | ဦးဘော်ရှီးပိုင် (အောင်မေတ္တာနှင့် အောင်သစ္စာ) | (၂)ရုံ |
| (ဂ) | ဦးရွှေကျော်ပိုင် (မြတ်နိုးသူ)ဗွီဒီယိုရုံ | (၁)ရုံ |
| (ဃ) | ဦးကျော်သိန်းပိုင်(သိန်းသီရိထွန်း) | (၁)ရုံ |
| (င) | ဦးပေါက်စပိုင်(ချမ်းမြေ့)ဗွီဒီယိုရုံ | (၁)ရုံ |
| (စ) | ဒေါ်မလှရီပိုင်ဗီဒီယိုရုံ | (၁)ရုံ |
| (ဆ) | ဒေါ်မလှဝေပိုင်(ကောင်းမြတ်)ဗီဒီယိုရုံ | (၁)ရုံ |

(၃) ဗွီဒီယိုရုံများ

ဘူးသီးတောင်မြို့နယ်တွင် ယခုအခါ ဗွီဒီယိုရုံပေါင်း (၁၂)ရုံရှိသည်။ မြို့ပေါ်တွင် (၈)ရုံနှင့် ဘူးသီးတောင်မြို့နယ်

| | | |
|---|---|---|
| (က) | တောင်ဘဇာကျေးရာဗွီဒီယိုရုံ | (၁)ရုံ |
| (ခ) | တောင်ဘဇာကျေးရာဗွီဒီယိုရုံ | (၁)ရုံ |
| (ဂ) | ဖုံညိုလိပ်ကျေးရွာဗွီဒီယိုရုံ | (၁)ရုံ |
| (ဃ) | စေတီတောင်ကျေးရွာဗွီဒီယိုရုံ | (၁)ရုံ |

ကျေးရွာများတွင် (၄)ရုံရှိသည်။ ဘူးသီးတောင်မြို့ပေါ်ရှိ ဗွီဒီယိုရုံများမှာ-

တို့ဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဗွီဒီယိုရုံများမှာ

တို့ဖြစ်ပါသည်။

(၄) ခေတ်ပေါ်အပျော်တမ်းတီးဝိုင်း

ဘူးသီးတောင်မြို့ပေါ်တွင် ဝါသနာရှင်လူငယ်များ၏ စုစည်းမှုဖြင့် ခေတ်ပေါ်အပျော်တမ်းတီးဝိုင်းတစ်ခု ဖွဲ့စည်းထားရှိပါသည်။ တီးဝိုင်းအဖွဲ့တွင် ကျား(၁၂)ဦး၊ မ(၈)ဦးပါဝင်သည်။ ထိုတီးဝိုင်းကို ၁၉၉၁ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ၎င်းတီးဝိုင်းအမည်ကို (အေဇက်ယူအောရ်အီး)"အေဇာ"ဟူ၍လည်းခေါ်သည်။ ၎င်းတီးဝိုင်းနှင့် မြို့ပေါ်တွင် အခါအားလျော်စွာ ဖြေဖျော်တီးခတ်လည်း ရှိကြသည်။

## (စ) ပညာပေးရေးလုပ်ငန်း

(၁) အစိုးရစာကြည့်တိုက်

ဘူးသီးတောင်မြို့ပေါ်တွင် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနမှ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော စာကြည့်တိုက်တစ်ခုရှိခဲ့ပါသည်။ မူလက အဆိုပါစာကြည့်တိုက်မှာ နေရာအတိအကျ မရှိခဲ့၍၊ လူနေအိမ်များပေါ်တွင် ငှားရမ်းဖွင့်လှစ်ခဲ့ရသည်။ စာကြည့်တိုက်တွင် ဝန်ထမ်းတစ်ဦး ရှိခဲ့ပါသည်။ ယခုအခါ အဆိုပါစာကြည့်တိုက်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ပြောင်းရွှေ့သွားသည်။

(၂) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပိုင် ရုပ်မြင်သံကြား

ဘူးသီးတောင်မြို့ပေါ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ယူပြီး လူထုပညာပေးအစီအစဉ်အနေဖြင့် ရုပ်မြင်သံကြား နေ့စဉ်ပြသလျှက်ရှိပါသည်။

(၃) ပုဂ္ဂလိက စာအုပ်အငှားဆိုင်များ

ဘူးသီးတောင်မြို့ပေါ်တွင် အများပြည်သူငှားရမ်းဖတ်ရှုလေ့လာနိုင်သော ပုဂ္ဂလိက စာအုပ်အငှားဆိုင် (၃)ဆိုင် ရှိပါသည်။ ၎င်းတို့မှာ

(၁) မျိုးစာပေဆက်ဆံရေး

(၂) နဝရတ်စာပေ

(၃) မြင့်မိုရ်ထွန်းစာပေတို့ဖြစ်သည်။

(၄) သတင်းစာများ

ဘူးသီးတောင်မြို့ပေါ်တွင် အစိုးရမှထုတ်ဝေသော မြန်မာ့အလင်း၊ ကြေးမုံ၊ သတင်းစာများကို တာဝန်ယူဖြန့်ချီပေးသည့်ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦး ရှိပါသည်။ ၎င်းမှတဆင့် သတင်းစာများကို အများပြည်သူများသို့ ဖြန့်ချီရောင်းချလျက်ရှိပါသည်။

## (ဆ) ရခိုင်ရိုးရာယဉ်ကျေးမှုဆိုင်ရာအဖွဲ့များ

(၁) စည်တော်အဖွဲ့များ

ဘူးသီးတောင်မြို့ပေါ်တွင် ရခိုင်ရိုးရာ အစဉ်အလာကို ထိမ်းသိမ်းစောင့်ရှောက်သည့် ရခိုင်မင်္ဂလာစည်တော်အဖွဲ့ နှစ်ဖွဲ့ ရှိပါသည်။ ၎င်းတို့မှာ ဘူးသီးတောင်မြို့၊ အမှတ်(၄)ရပ်ကွက် သပြေကုန်းရပ်ကွက်ရှိ လူငယ်များက ဖွဲ့စည်းတည်ထောင်ထားသည့် "ကုလရက္ခိတရက္ခိုင်စည်တော်"အဖွဲ့နှင့် အမှတ်(၅) တောင်ခြေရပ်ကွက်ရှိ လူငယ်များ ဖွဲ့စည်းထားသည့် "ဗုဒ္ဓပူဇေနိယရွှေဒေါင်းမင်း ရခိုင်မင်္ဂလာစည်တော်"အဖွဲ့တို့ဖြစ်ကြသည်။

အမှတ်(၅) တောင်ခြေရပ်ကွက်ရှိ ဗုဒ္ဓပူဇေနိယ ရွှေဒေါင်းမင်း ရခိုင်မင်္ဂလာစည်တော်အဖွဲ့ကို ၁၃၅၀ ခုနှစ် သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့တွင် မြို့မအေးစေတီကျောင်းတိုက် ဆရာတော် ဦးနန္ဒိသာရအား အမှူးထား၍ ဝါသနာရှင် လူငယ်များက စုပေါင်းတည်ထောင်ခြင်း ဖြစ်သည်။

အမှတ်(၄)သပြေကုန်းရပ်ကွက်ရှိ ကုလရက္ခိတ ရက္ခိုင်မင်္ဂလာစည်တော်အဖွဲ့ကို ၁၉၈၉ ခုနှစ်ခန့်တွင်၊ ဂန္ဓာရီတောရကျောင်းဆရာတော် ဦးမေဒဒေဝအား အမှူးထား၍ ဝါသနာရှင်လူငယ်များက ဖွဲ့စည်းတည်ထောင်ကြခြင်းဖြစ်၏။

အဖွဲ့(၂)ဖွဲ့စလုံးတွင် မင်္ဂလာစည်တော် ငါးလုံးစီရှိကြပါသည်။ ၎င်းစည်တော်များတွင် အဆောင်စည်တစ်လုံးစီနှင့် အရန်စည်တော်(၄)လုံးစီ ပါဝင်ပါသည်။

၎င်းရခိုင်မင်္ဂလာစည်တော်အဖွဲ့များသည် ဘာသာရေး၊ လူမှုရေးဆိုင်ရာပွဲတော်များ၊ အခမ်းအနားများတွင် ပါဝင်တီးခတ်လေ့ရှိကြပါသည်။ အထူးသဖြင့် ရှင်ပြုမင်္ဂလာပွဲ၊ ကထိန်ပွဲ၊ အလှူတော်မင်္ဂလာပွဲများ၊ အခမ်းအနားဖွင့်ပွဲများ၊ အရေးကြီးပုဂ္ဂိုလ်များအား ကြိုဆိုပွဲ စသည့်ပွဲတော်များတွင် တီးခတ်ဖြေဖျော် အသုံးပြုလျက် ရှိနေကြပါသည်။

အမှတ်(၅)ရပ်ကွက်မှ လူငယ်များက တည်ထောင်ထားသော ဗုဒ္ဓပူဇေနိယ ရွှေဒေါင်းမင်း ရခိုင်မင်္ဂလာ စည်တော်အဖွဲ့ပိုင် စည်တော်များမှာ ယခုအခါထအါ ပေါက်လျက်ရှိကြောင်း သိရပါသည်။ ထို့ကြောင့် အမှတ်(၄)ရပ်ကွက်ရှိ လူငယ်များ တည်ထောင်ဖွဲ့စည်းထားသော ကုလရက္ခိတရက္ခိုင်မင်္ဂလာစည်တော်အဖွဲ့သာလျင် အဆင့်သင့်တီးခတ်နိုင်သော အနေအထားတွင် ရှိကြောင်း သိရပါသည်။

(၂) ရိုးရာစပ်ပန်းချီလုပ်ငန်း (ခ) သင်္ဂစာလုပ်ငန်း

ဤလုပ်ငန်းသည် ရှေးအခါက ဘုန်းတော်ကြီးပျံပွဲများတွင် ပြုလုပ်တတ်သော စံကျောင်း၊ စံချိန်၊ လောင်တိုက်များတွင် အနုပညာတစ်ရပ်အဖြစ် အသုံးပြုခဲ့ကြသည်၊

ဘူးသီးတောင်မြို့ပေါ်တွင် ယခင် ဤလုပ်ငန်းကို ကျွမ်းကျင်တတ်ကျွမ်းသူများ ရှိခဲ့ကြသည်။ ဒေါ်အေးမြဦး၏

ဘခင် ဦးစိန်သာထွန်းမှာ ထင်ရှားသူဖြစ်ခဲ့သည်။ ယခုအခါ မြို့ပေါ်၌ အမှတ်(၄)ရပ်ကွက်နေ ဦးမဲမောင်ဆိုသူတစ်ဦးသာ ကျန်တော့၏။ ဘူးသီးတောင်မြို့နယ် အောက်ပိုင်းရှိ ကျေးရွာများတွင်လည်း တတ်ကျွမ်းသူများရှိကြောင်း သိရသည်။ ဤပညာရှင်များသည် ယခုအခါ အသုဘဆိုင်ရာ အခမ်းအနားများတွင် ပါဝင်ကူညီပေးလျက်ရှိကြသည်။